www.burmeseclassic.com




BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

# ပက်ထရစ်ရှေဂေါင်း


## ပုံနှိပ်မှတ်တမ်း

| | | |
|---|---|---|
| စာမူခွင့်ပြုချက် | - | ၇၂၄ / ၂၀၀၄(၇) |
| မျက်နှာဖုံးခွင့်ပြုချက် | - | ၅၀၀၁၆၈၀၅၀၂ |
| ပုံနှိပ်ခြင်း | - | ဒုတိယအကြိမ်၊ အုပ်ရေ (၅၀၀) |
| ထုတ်ဝေသည့်ကာလ | - | ၂၀၀၅ခုနှစ်၊ မတ်လ |
| အတွင်းနှင့် မျက်နှာဖုံးပုံနှိပ် | - | ဇော်ပုံနှိပ်တိုက် (၀၇၁၂၅)<br>အမှတ်(၃၈၆)၊ အင်ကြင်းမြိုင်လမ်း၊<br>သင်္ဃန်းကျွန်းမြို့နယ်၊ ရန်ကုန်။ |
| ထုတ်ဝေသူ | - | ဦးခင်မောင်သန်း (၀၁၄၅၄)<br>သန်းစာပေ<br>အမှတ် (၆၃)၊ ၁-လမ်း၊ ၁၁-ရပ်ကွက်၊<br>တောင်ဥက္ကလာ၊ ရန်ကုန်။ |
| တန်ဖိုး | - | ၁၈၀၀ ကျပ် |
| မျက်နှာဖုံးဒီဇိုင်း | - | မောင်မောင်သိုက် |

## ဖြန့်ချိရေး

မရမ်းတောလင်းစာပေ
အမှတ်(၁၄)၊ ကျောက်ရေတွင်းလမ်း၊
ကျောက်မြောင်း၊ ရန်ကုန်။ ဖုန်း ၅၄၃၂၅၇

မျက်မှန်စာပေ
အမှတ်(၃၆၇)၊ ဗိုလ်ချုပ်အောင်ဆန်းလမ်း၊
ရန်ကုန်။ ဖုန်း ၇၀၀၅၇၉


www.burmeseclassic.com

www.burmeseclassic.com



# ဘိုအိမ်ဟောင်းကြီးမှ အက်သံပါနေသော ခေါင်းလောင်းအိုကြီး

တစ်ခါက ကျွန်ုပ်သည် အိမ်ပွဲစားလုပ်ငန်းဖြင့် လုပ်ကိုင် အသက်မွေးခဲ့ရဖူးပါသည်။

တစ်နေ့သ၌ မိတ်ဆွေအိမ်ပွဲစား တစ်ဦးက ကျွန်ုပ်အား "ကိုအောင်ထွန်း၊ ကြို့ကုန်းဘက်မှာ ရှေးဟောင်းဘိုအိမ်ကြီးတစ်လုံး ရောင်းမယ်လို့ သတင်းကြားတယ်ဗျ၊ နဲနဲလိုက်ကြည့်ပါလား၊ ကျုပ်မှာက ပုဇွန်တောင်ဘက်က အိမ်နှစ်လုံးက တစ်ပြိုင်ထဲ အလုပ်လုပ်နေရတာဆိုတော့ မသွားနိုင်ဘူးလေ"ဟုဆိုသဖြင့် ကျွန်ုပ်လည်း အင်းစိန်ကားလမ်းနံဘေး ကြို့ကုန်းရပ်ကွက်ရှိ ရှေးဟောင်းဘိုအိမ်ကြီးဆီသို့ စျေးစံနည်းနာရန် ရောက်ရှိခဲ့လေ၏။

ဘိုအိမ်ကြီးမှာ ရေညှိများတက်၍နေသဖြင့် တစ်မျိုးတစ်ဖုံအားဖြင့် ခန့်ငြားသကဲ့သို့ရှိလေ၏။ ခြံဝင်းတံခါးတွင် ချိတ်ဆွဲထားသော လူခေါ်ခေါင်းလောင်းကလေးမှာလည်း နှစ်ပေါင်းများစွာ ကြာညောင်းခဲ့ပြီဖြစ်သဖြင့် အနားများပဲ့နေသည့်နေရာတွင်ပဲ့၍ အနည်းငယ်ပင် အက်၍နေပြီဖြစ်၏။

ကျွန်ုပ်သည် လူခေါ်ခေါင်းလောင်းကြိုးကို လှုပ်ရမ်းလိုက်လေ၏။

"ဂလောက်. . . ဂလောက်. . . ဂလောက်. . . ဂလောက်"

ခေါင်းလောင်းသံမှာ ဂလောင်. . ဂလောင် ဟုမမြည်တော့ဘဲ



www.burmeseclassic.com

www.burmeseclassic.com

အက်၍နေသဖြင့် ဂလောက်. . ဂလောက် ဟုသာ မြည်နိုင်ရှာလေတော့၏။

သို့ရာတွင် တစ်စုံတစ်ယောက်မှ ထွက်၍မလာသဖြင့် ခြံတံခါးကို တွန်း၍ကြည့်ရာ ဆွေးမြေ့နေပြီဖြစ်သော ခြံတံခါးသည်လည်း ယိုင်နဲ့နဲ့ဖြင့် ကျိုကနဲမြည်ကာ လှုပ်ရမ်း၍ပွင့်သွားလေ၏။

ကျွန်ုပ်သည် ထိုအချင်းအရာများကို ကောင်းစွာမှတ်သားခဲ့လေ၏။ အဘယ့်ကြောင့်ဆိုသော် ကျွန်ုပ်တို့အိမ်ပွဲစားများအဖို့ ဝယ်သူဖက်က နေရသည့်အခါမျိုး၌ . . .

"တံခါးပျက်နေပြီ၊ ခြံတိုင်တွေကလည်း ဆွေးနေမှပဲ၊ အမိုးသွပ်တွေက ဘယ့်နှဲ့၊ ရေပိုက်ကလည်း ဇကာဖြစ်နေပြီ၊ ပိုက်ခေါင်းတွေက ဝက်အူရစ်တွေက ပြုန်းနေမှပဲ၊ အိမ်သာကလည်း ဇလားအိမ်သာကြီးပဲ၊ အခန်းတွေဖွဲ့ပုံကလည်း ဘုန်းကြီးကျောင်းကျနေတာပဲ"စသည်ဖြင့်လည်းကောင်း၊ လမ်းနှင့်နီးပြန်လျှင်လည်း ဖုံဝင်တယ်၊ ကားသံဆူတယ်ဟူ၍လည်းကောင်း၊ ကျောင်းနှင့်နီးပြန်လျှင်လည်း နားငြီးတယ်ဟူ၍လည်းကောင်း၊ ဝေးပြန်လျှင်လည်း ကျောင်းနဲ့ဝေးတော့ ကလေးတွေအတွက် ကျောင်းတက်ရတာ ခက်တယ်ဟူ၍လည်းကောင်း၊ ဈေးနှင့်နီးပြန်လျှင် နီးပြန်ပြီဟူ၍လည်းကောင်း၊ ဝေးလျှင်လည်း ဝေးပြန်ပြီဟူ၍လည်းကောင်း အပြစ်ကိုပြော၍ ဈေးလျှော့ခိုင်းတတ်လေသည်။

အကယ်၍ ကျွန်ုပ်တို့အိမ်ပွဲစားများသည် ရောင်းသည့်ဘက်မှ နေရသည့်အခါမျိုးတွင် . . .

"သွပ်တွေက လက်ဟောင်းတွေ၊ အခုခေတ် ဒီလိုသွပ်မျိုးကို လိုချင်လို့ ထိုင်ပြီးငိုနေရင်တောင် မရနိုင်တော့ဘူး ဟူ၍လည်းကောင်း ဆောက်ထားတဲ့လက်ရာက ရှေးလက်ရာ၊ ခန့်ငြားတယ်၊ ရှည်ငြိမ်မှုရှိတယ်၊ အခုခေတ်ဆောက်တဲ့ပုံတွေက တယ်ပြီး ကလက်တက်တက်





နိုင်တာ၊ အခုခေတ်အိမ်နဲ့ ရှေးကအိမ်နဲ့ ယှဉ်ပြီးကြည့်မယ်ဆိုရင် ကလေကချေတစ်ယောက်နဲ့ လူကြီးလူ ကောင်းတစ်ယောက်ကို ယှဉ်ပြီးကြည့်ရသလိုပါပဲ ဟူ၍လည်းကောင်း၊ အကယ်၍ စာသင်ကျောင်းနဲ့နီးနေပြန်လျှင် ကျောင်းနဲ့နီးတဲ့အတွက် ကလေးတွေရဲ့ ပညာရေးမှာ ပိုပြီးအဆင်ပြေတယ်ဟူ၍လည်းကောင်း၊ ကျောင်းနှင့်ဝေးနေပြန်ပါက နားအေးပါးအေး နေရာကလေး"ဟူ၍လည်းကောင်း အမျိုးမျိုးအဖုံဖုံ အမွန်းတင်ပြောဆို၍ ဈေးတင်ရပေသည်။

ကျွန်ုပ်သည် ခေါင်းလောင်းအိုကြီးကို ထပ်မံလှုပ်ရမ်းပြီးနောက် ခြံတွင်းသို့ဝင်၍သွားလေ၏။ ထိုသို့ဝင်သွားရာတွင် ခြံကြီးတစ်ခုလုံးကို မျက်စိကစား၍ ကြည့်ရှုမိလေသည်။ ခြံကိုရှင်းမထားသည်မှာ ကြာပြီဖြစ်ကြောင်း သိနိုင်၏။ ချုံများ မြက်ရိုင်းများဖြင့် ဟိမဝန္တာတောကြီးဖြစ်နေသည်ကို တွေ့ရ၏။

ကျွန်ုပ်သည် ခြံကိုအကဲခတ်၍ လျှောက်လာခဲ့ရာ ဘိုအိမ်ကြီး၏ အဝင်တံခါးမကြီးဆီသို့ ရောက်ခဲ့သည့်တိုင်အောင် လူရိပ်လူခြေကို မတွေ့ရသေးပေ။

ထို့ကြောင့် "အိမ်ရှင်တို့" "အိမ်ရှင်တို့"ဟု အသံပေး၍ အိမ်တွင်းသို့ ဝင်လိုက်မိလေ၏။ ဧည့်ခန်း၌ထိုင်၍ တရားမှတ်နေဟန်တူသော အသက်ရှစ်ဆယ်ကျော်အရွယ် အဘွားအိုကြီးတစ်ဦးကို တွေ့ရလေ၏။

ထိုအဘွားအို၏အသားရောင်သည် ဝါဂွမ်းကဲ့သို့ ဆွတ်ဆွတ်ဖြူလှပေ၏။ နှာတံ၊ မျက်ခုံးနှင့်မျက်နှာပေါက်ကျပုံ၊ မေးရိုးသွယ်ပုံတို့ကို ကြည့်ရခြင်းအားဖြင့် ထိုအဘွားအိုကြီးသည် ငယ်စဉ်အခါက ပိုးပန်းသူများ ဝိုင်းဝိုင်းလည်နေမည့် မိန်းမချောတစ်ဦးဖြစ်ခဲ့ကြောင်း ခန့်မှန်းမိပေသည်။

ကျွန်ုပ်သည် ယိုင်နဲ့နဲ့ ခွေးခြေဟောင်းကလေးတစ်လုံးပေါ်သို့ ဝင်၍ထိုင်လိုက်ပြီးလျှင် အိမ်ပွဲစားတို့ထုံးစံအတိုင်း ဧည့်ခန်းကို



www.burmeseclassic.com

www.burmeseclassic.com

အကဲခတ်ကြည့်ရာ အိမ်ထောင်ပရိဘောဂဆိုလို့ တစ်ခုတလေမျှပင် မရှိမှာ အဘွားအိုထိုင်နေသည့် ပက်လက်ကုလားထိုင်အဟောင်းကလေးနှင့် ကျွန်ုပ်ထိုင်နေသည့် ခွေးခြေအဟောင်းကလေးသာလျှင် ရှိပေသည်။

ခပ်လှမ်းလှမ်းတွင်မူ ဖျာကလေးတစ်ချပ်၊ စောင်ကလေးနှစ်ထည်နှင့် ဓာတ်ဗူးအဟောင်းကလေးကို တွေ့ရလေ၏။ ဓာတ်ဗူးဟောင်းကလေး၏အနီး၌မူ ပရုပ်ဆီပုလင်းတစ်လုံးနှင့် ရေနွေးကြမ်းပန်းကန်တစ်လုံးကို တွေ့ရလေ၏။ အဘွားကြီးသည် အသက်ကြီးပြီဖြစ်၍ အိမ်ပေါ် ထပ်သို့မတက်တော့ဘဲ အောက်၌ပင် ဖြစ်သလို အိပ်စက်နေကြောင်း ထင်ရှားပေသည်။ ကျွန်ုပ်သည် ဤသို့လျှင် အသေးစိပ်အကဲခတ်ကြည့်ရှုပြီး ဖြစ်လေ၏။ ထိုအချိန်၌ အဘွားကြီးသည် တရားမှတ်ပြီးပြီဖြစ်၍ မျက်လုံးများကို ဖွင့်လိုက်လေ၏။

"ဘာကိစ္စလဲကွယ်"ဟု ကရုဏာသံကလေးဖြင့် အဘွားကြီးက မေးလေ၏။

"အိမ်ရောင်းမယ် သတင်းကြားလို့ပါ အမေ"ဟု ကျွန်ုပ်က ဖြေလိုက်လေ၏။

"ဟုတ်တယ်လေ၊ မင်းက ဝယ်မလို့လား"

"ဟုတ်ကဲ့ . . . အမေ ဝယ်ထားတုန်းက စာရွက်စာတမ်းတွေ ပြည့်ပြည့်စုံစုံရှိတယ်နော်"ဟု ကျွန်ုပ်ကမေးရာ အဘွားအိုသည် အဓိပ္ပာယ် နားမလည်သကဲ့သို့ ကျွန်ုပ်၏မျက်နှာသို့ လှမ်း၍ကြည့်သဖြင့် ကျွန်ုပ်က . . .

"ဒီလိုပါ . . . ဂရံစာရွက်တို့ ဘာတို့ကို ပြောတာပါ"ဟု ပြောလိုက်မှပင် အဘွားကြီးက . . .

"ရှိပါတယ် . . . ရှိပါတယ်"ဟုဆိုကာ နေရာမှ ထ,လေ၏။

ကျွန်ုပ်လည်း အခန်း၏ အုတ်နံရံများ ကောင်းမကောင်းကို





မျက်စိကစား၍ ကြည့်ရှုလိုက်ရာ အဘွားကြီးထိုင်သော နေရာ၏ မျက်နှာချင်းဆိုင် အုတ်နံရံကြီး၌ ကြီးမားသော ဓါတ်ပုံကြီးတစ်ပုံကို တွေ့ရလေတော့၏။

ဓါတ်ပုံကြီးမှာ လူ၏အရွယ်ခန့်ရှိ၍ ရွှေရောင် ပန်းဘောင်ကြီးလည်း ခန့်ညားစွာ တပ်ဆင်ထားလေ၏။ ဓါတ်ပုံအတွင်းမှလူမှာ အသက်အားဖြင့် ၃၀-အရွယ်ခန့်ရှိ၍ ခန့်ညားသော မြန်မာလူငယ်တစ်ဦးဖြစ်ကြောင်း သိသာနိုင်ပေသည်။ မခို့တရို့ကလေး ပြုံးနေပုံမှာလည်း တစ်စုံတစ်ယောက်ကိုလည်းကောင်း . . .၊ အထူးသဖြင့် လောကကြီးကိုလည်းကောင်း၊ 'စိန်'ခေါ်၍နေဘိသကဲ့သို့ ရှိပေသည်။ ဝတ်ထားသောအင်္ကျီမှာ အစိပ်စိပ်အမွှာမွှာပြဲစုတ်နေ၍ ရင်ဘတ်မှ ကြယ်သီးများပင် မရှိတော့သဖြင့် ရင်ဘတ်ဟာပြဲကြီးဖြစ်၍ နေလေ၏။

ထို့ကြောင့် ရင်ဘတ်နေရာသို့ ကြည့်လိုက်ရာ ရင်ဘတ်မွေးများကို တွေ့ရလေ၏။ ကျွန်ုပ်၏စိတ်၌"အော် . . . သူ့ရဲ့ရင်ဘတ်က အမွေးတွေကို ကြားချင်ရှာပေသကိုး"ဟု အောက်မေ့မိသဖြင့် ထိုရင်ဘတ်မွေးများကို သေချာစွာ ကြည့်ရှုမိပြန်၏။ ထိုသို့ သေချာစွာ ကြည့်မှပင် ရင်ဘတ်မွေးများဟု ကျွန်ုပ်ထင်ခဲ့သည်မှာ မဟုတ်ကြောင်း တွေ့ရလေတော့၏။ ထိုသူ၏ရင်ဘတ်၌ ဆေးမင်ထိုးထားခြင်း ဖြစ်ပေသည်။ ကျွန်ုပ်သည် ထိုဆေးမင်များအား မည်သည့်အရုပ်ဖြစ်သည်ကို သေချာစွာ ကြည့်ရှုပြန်ရာ အရုပ်များမဟုတ်ဘဲ အင်္ဂလိပ်စာလုံးများဖြစ်ကြောင်း တွေ့ရလေ၏။ ထို့ကြောင့် ထိုစာများကိုဖတ်ကြည့်ပြန်ရာ ဖတ်၍မရဘဲ ရှိပြန်၏။ အဘယ့်ကြောင့်ဆိုသော် ထိုစာများ၌ ကို ပြောင်းပြန်၊ အီးပြောင်းပြန်၊ စီပြောင်းပြန်များ ပါ၍နေသောကြောင့် ဖြစ်ပေသည်။

ကျွန်ုပ်၏စိတ်၌"တော်တော်ဆန်းတဲ့ ဓါတ်ပုံပဲ"ဟု မှတ်ချက်ချမိလေ၏။ အဝတ်အစားအစုတ်များဖြင့် ရိုက်ကူးထားသောကြောင့်



www.burmeseclassic.com

www.burmeseclassic.com

ဆိုင်တွင်ရိုက်သော ဓါတ်ပုံမျိုး မဟုတ်ကြောင်းကိုလည်း စဉ်းစားမိလေ၏။ အိမ်ရှင်အဘွားကြီးသည် ၄င်းထိုင်သောနေရာနှင့် တည့်တည့်တွင် ချိတ်ဆွဲထားခြင်းကြောင့် ထိုဓါတ်ပုံတွင်းမှလူနှင့် အဘွားကြီးသည် ခိုင်ခိုင်မာမာ နီးနီးစပ်စပ် ပတ်သက်နေကြောင်းကိုလည်း ကျွန်ုပ်ခန့်မှန်းနိုင်ပေသည်။

အိမ်ထောင်ပရိဘောဂဆို၍ ကုလားထိုင် အစုတ်နှစ်လုံးသာလျှင်ထားရှိသော ဤအိမ်ကြီး၌ ရွှေပန်းဘောင်ကြီးဖြင့် ခန်းနားစွာ ချိတ်ဆွဲခံရသော ဓါတ်ပုံရှင်ကို ကျွန်ုပ်သည် လာရင်းအကြောင်းဖြစ်သော အိမ်အရောင်းအဝယ် ကိစ္စထက်ပင် ပို၍စိတ်ဝင်စားမိလေ၏။

အဘွားကြီးလည်း စာရွက်စာတမ်းများကိုယူ၍ ပြန်ရောက်လာလေတော့၏။ ကျွန်ုပ်သည် အဘွားကြီးထံမှ စာရွက်စာတမ်းများကိုယူ၍ကြည့်မိလေ၏။

မြေခွန်လက်မှတ်ဟောင်းများနှင့် ဂရံစာရွက်များဖြစ်ပေသည်။ ထို့ပြင် မစ္စက်မာဂရက်ဆိုသူ အင်္ဂလိပ်မတစ်ဦးထံမှ မြနှင်းနွယ်ဆိုသည့် မြန်မာအမျိုးသမီးတစ်ဦးက အိမ်ဝယ်ယူကြောင်း ချုပ်ဆိုထားသည့် စာချုပ်ဟောင်းတစ်စောင်ကိုလည်း တွေ့ရလေသည်။ ထိုစာချုပ်မှာ လွန်ခဲ့သောနှစ်ပေါင်း(၅၀)ကျော်က ချုပ်ဆိုခဲ့ကြောင်းကို စာချုပ်ပါ နေ့စွဲများက ဖော်ပြလျက်ရှိပေ၏။

"ပထမတုန်းက ဒီအိမ်ကြီးကို မစ္စက်မာဂရက်က ပိုင်တာပေါ့" ဟု ကျွန်ုပ်ကပြောလိုက်ရာ အဘွားကြီးက . . .

"ဟုတ်ပါတယ် . . . မစ္စတာဖော်စတာနဲ့ မစ္စက်မာဂရက်တို့ ပိုင်တာပေါ့။ ဒါကြောင့် ဒီအိမ်ကြီးကို ရှေးအခါက ဘိုအိမ်ကြီးလို့ ခေါ်ကြတယ်ကွယ်"ဟု ပြောပြလေ၏။

"နောက်တော့ မြနှင်းနွယ်ဆိုတဲ့ မိန်းမတစ်ဦးက ဝယ်လိုက်တာပဲ" ဟု ကျွန်ုပ်က ပြောပြန်ရာ အဘွားကြီးက "မြနှင်းနွယ်ဆိုတာ အမေ





ပေါ့ကွယ်"ဟု ပြောလေ၏။

"အော် . . . မြနှင်းနွယ်တဲ့လား"ဟု ကျွန်ုပ်ကမေးပြီးနောက် နှစ်ပေါင်း ၅၀-ကျော်ဆီသို့ ခန့်မှန်း၍ စိတ်ကူးကြည့်မိလေ၏။ ထိုအချိန်က ဤအဘွားကြီးသည် မြနှင်းနွယ်ဆိုသည့် မဟာဆန်သော အမည်ကလေးဖြင့် လှလှပပ နုနုနယ်နယ် မိန်းကလေးတစ်ဦး ဖြစ်နေမည်ကို မြင်ယောင်မိလေ၏။

"အမေက အခုနေတာ တစ်ယောက်ထဲနော်"ဟု ကျွန်ုပ်က စပ်စုမိလေ၏။

"ဟုတ်ပါတယ် . . . တစ်ယောက်ထဲပါ"

"အိမ်ထောင်ပရိဘောဂတွေလဲ မရှိတော့ပါလား"

"တစ်ယောက်ထဲနေတာဆိုတော့ မလိုပါဘူးကွယ် . . ။ဒါကြောင့် နီးစပ်ရာ ဘုန်းကြီးကျောင်းတွေကို လှူလိုက်ပါပြီကွယ် . . ."

"ဒီဓါတ်ပုံကြီးကတော့ ဧည့်ခန်းထဲမှာ တယ်ပြီး ခန့်တာပဲ၊ ဒါကြီးတစ်ခုပဲ ချန်ထားတယ်ဆိုပါတော့"

"ဟုတ်တယ်ကွဲ့၊ အိမ်အရောင်းအဝယ်ဖြစ်ပြီး ငွေချေပြီး အမေ ဒီအိမ်ကဆင်းသွားမှပဲ ဒီဓါတ်ပုံကို ဖြုတ်ချင်တယ် . . ။ နောက်ဆုံးမိနစ် စက္ကန့်အထိ သူ့ကို ဒီအိမ်ကြီးမှာ နေစေချင်တယ်"

"နေစေချင်တယ် . . . ဟုတ်လား"

"ဟုတ်ပါတယ်၊ ဒီဘိုအိမ်ကြီးဟာ တကယ်ကတော့ သူ့ရဲ့အိမ်ပဲ"

"ဒီလိုဆိုရင် စောစောက စာချုပ်မှာပါတဲ့ မစ္စတာဖော်စတာဆိုတာလား"

"မဟုတ်ပါဘူး၊ သူက အမေရဲ့ခင်ပွန်းပါ"

"ငယ်ငယ်တုန်းက ရိုက်ထားတဲ့ ဓါတ်ပုံပေါ့နော်"

"ဟုတ်တယ် . . . ဟုတ်တယ်၊ ငယ်ငယ်တုန်းက အမေနဲ့ကွဲပြီး ဒီနှစ်လောက်မှာ ရိုက်ထားတဲ့ ဓါတ်ပုံပေါ့"



BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com

ကျွန်ုပ်သည် ဒေါ်မြနှင်းနွယ်ဆိုသည့် အဘွားကြီး၏ အစွဲအလန်း ကြီးပုံကို အံ့ဩသွားလေ၏။ မိမိနှင့် ကွဲကွာသွားသည့် လင်ယောကျာ်း ၏ ဓါတ်ပုံကို ယခုကဲ့သို့ နှစ်ပေါင်းများစွာ တခမ်းတနားချိတ်ဆွဲ၍ ကြည့်ရှုနေပုံကို တွေးမိသဖြင့် သနားလည်းသနားမိလေတော့၏။

"သူက အခုရှိသေးလား အမေ"

"မရှိတော့တာ ကြာပါပြီကွယ် . . . သနားစရာပါ"

"အမေနဲ့ကွဲသွားပြီး . . . နောက်တော့ ပြန်ပေါင်းကြသေ သလားအမေ၊ စပ်စုတယ်လို့တော့ မထင်ပါနဲ့နော်၊ ကျွန်တော်က ဒီဓါတ်ပုံကြီးကို မြင်ရကတည်းက စိတ်ဝင်စားလို့ပါ၊ သူ့ရဲ့မျက်နှာက မဟုတ်မခံ မျက်နှာမျိုးပဲ"

"မှန်လိုက်တာကွယ် . . . တကယ့်ကို မဟုတ်မခံပေါ့၊ အမေ တော့ ပြန်ပြီး မပေါင်းရတော့ပါဘူး၊ မင်းတို့ကတော့ငယ်လို့ သိကြမှ မဟုတ်ဘူးလေ၊ လွန်ခဲ့တဲ့နှစ်ပေါင်း ငါးဆယ်နီးပါးလောက်က သူ့ အကြောင်းဟာ သတင်းစာထဲမှာ ဟိုးလေးတကျော်ကျော် ဖြစ်ခဲ့ တာပေါ့ကွယ် . . .၊ သူဟာ စက်တိုင်တက်သွားရရှာတာကွယ့်"

"စက်တိုင် . . . ဟုတ်လား"

"အေး . . . စက်တိုင် . . . စက်တိုင်ဆိုတာ ကြိုးစင်ပေါ့ကွယ်"

"ဘာမှုနဲ့လဲ အမေ"

"အမှုတွေကတော့ မရေတွက်နိုင်ပါဘူး၊ စက်တိုင်ကတော့ လူသတ်မှုနဲ့ တက်ရရှာတာပါ"

"နာမည်က ဘယ်သူတဲ့လဲ အမေ"

"ပက်ထရစ် ရွှေဂေါင်းလို့ခေါ်တယ်"

"ပက်ထရစ် ရွှေဂေါင်းဟုတ်လား . . . နာမည်ကလဲ ခပ်ဆ ဆန်းပါပဲလား"

"အင်း . . . သူများတွေက အဖေနာမည်ထည့်ကြတယ်၊ သူ





အဘိုးနာမည်ကို သုံးတယ် . . .၊ သူ့အဘိုးက ရွှေဘိုဘက်က လက် ဝှေ့ကျော်ကြီး ဦးရွှေဂေါင်းတဲ့ကွယ့်"

အဘွားကြီးသည် ကျွန်ုပ်မေးသမျှကို ပြောပြီးနောက် မျက်ရည် များကျ၍ လာလေ၏။

ကျွန်ုပ်သည် အိမ်အရောင်းအဝယ်ကိစ္စကို လုံးစဝစိတ်ဝင်စားခြင်း မရှိတော့ဘဲ အမှုပေါင်းများစွာနှင့် ကြိုးစင်တက်သွားရရှာသည့် ပက် ထရစ် ရွှေဂေါင်းဆိုသော သူ၌သာ စိတ်ဝင်စားမိလေတော့၏။

ထို့ကြောင့် ကျွန်ုပ်က သိလိုသည်များကို မေး၏။ အဘွားကြီးက ဖြေ၏။ အဘွားကြီးမှာလည်း ပြောပြချင်သော်လည်း နားထောင်မည့် သူမရှိသဖြင့် မပြောရရှာဘဲ နှစ်ပေါင်းများစွာ အောင်းအည်းခဲ့ရပုံ ရလေ၏။ ကျွန်ုပ်က မေးလိုက် သူကပြောလိုက်နှင့် အချိန်အတော် ကြာသဖြင့် ပြန်ခဲ့ရလေ၏။ ထိုသို့ပြန်ခဲ့ပြီး နောက်တစ်နေ့တွင် ထပ် ၍သွားကာ အဘွားကြီးကို ဆက်၍ပြောခိုင်းပြန်၏။

ဤသို့နှင့်ပင် ပက်ထရစ်ရွှေဂေါင်း၏ ဇာတ်လမ်းကို ပသီပုံပြင် နားထောင်ရသကဲ့သို့(၇)ရက်(၇)လီ ကျောက်မြောင်းမှ ကြို့ကုန်းသို့ သွားရောက်နားထောင်ခဲ့ရလေ၏။ ကျွန်ုပ်သည် အဘွားကြီးထံမှ နားထောင်၍ ပြန်လာသည့်အခါတိုင်း၌ အဘွားကြီး၏ ပြောပြချက် များကို စာရွက်များနှင့် အသေးစိတ် ရေးမှတ်ခဲ့လေ၏။ အဘွားကြီး ၏ တစ်ရက်စာပြောပြချက်များကို အိမ်၌ပြန်၍ရေးမှတ်သောအခါ တွင် ဖူးစကက်စာမျက်နှာပေါင်း လေးဆယ်တိတိရရှိသည်ဖြစ်ရာ (၇)ရက်ပြည့်သောအခါ၌ စာမျက်နှာပေါင်း(၂၈၀)ကျော် သုံးရာ နီးပါး ရရှိလေတော့၏။ ကျွန်ုပ်သည် ထိုစာရွက်များကို စုပေါင်း၍ ပြန်လည်ဖတ်ရှုကြည့်မိရာတွင် အောက်ပါအတိုင်း မှတ်ချက်ချမိလေ တော့၏။

တခါက ပက်ထရစ် ရွှေဂေါင်းဆိုသော လူတစ်ဦးရှိခဲ့ဘူး



www.burmeseclassic.com

www.burmeseclassic.com

လေသည်။ ၎င်းသည် သိမ်မွေ့၏။ ရိုးသား၏။ ယဉ်ကျေး၏။ သစ္စာရှိ၏။ တဖန် ၎င်းသည်ပင် ရိုင်းစိုင်း၏။ ကြမ်းတမ်း၏။ ရက်စက်၏။ သစ္စာမဲ့၏။ အငြိုးအမှတ်ကြီး၏။

၎င်း၏ အဖြစ်အပျက်များသည် ကြည်နူးဖွယ်၊ ဆွတ်ပျံ့ဖွယ်၊ သနားဖွယ်၊ သင်ခန်းစာယူဖွယ် ကောင်းဘိသကဲ့သို့ စိတ်ပျက်ဖွယ်၊ ဝမ်းနည်းဖွယ်၊ ယူကြုံးမရဖြစ်ဖွယ်၊ ရွံရှာဖွယ်၊ ထိတ်လန့်ဖွယ် ရှိလှတော့၏။

ဤ အဖြစ်အပျက်သည်ပင် ကျွန်ုပ်ကလည်း စာရေးဆရာမင်းသိခ် ဟူ၍ဖြစ်လာသည့်အခါ ကာယကံရှင်ဖြစ်သော ဒေါ်မြနှင်းနွယ်လည်း မရှိတော့သည့် အခါမျိုး၌ ‘ပက်ထရစ် ရွှေဂေါင်း’ဟူသော အမည်ဖြင့် ဝတ္ထုကြီးတစ်ပုဒ် ဖြစ်လာလေတော့သတည်း။

|စာရေးသူ|



## ကိုပုညနှင့်တွေ့ဆုံခြင်း

တစ်နေ့သ၌ အကောင်းစားဥရောပဝတ်စုံကို ဝတ်ဆင်ထားသည့် လူငယ်တစ်ဦးသည် ရန်ကုန်ကွမ်းခြံဘူတာကြီး၏ စင်္ကြံနံပလက်ဖောင်းပေါ်၌ လျှောက်၍လာလေ၏။ ၎င်း၏ဘေးဘယ်ညာမှလည်းကောင်း၊ နောက်မှလည်းကောင်း၊ လိုက်ပါပို့ဆောင်ကြသောလူများနှင့် ပြည့်နှက်လျက်ရှိလေ၏။ လိုက်၍ပို့ကြသောလူများမှာလည်း များသောအားဖြင့် အရာရှိကတော်များဖြစ်ကြောင်းကို ၎င်းတို့၏အဝတ်အစားများနှင့် ၎င်းတို့၏ဟန်ပန်အမူအရာများက ဖော်ပြလျက်ရှိပေသည်။

ထိုလူငယ်အမည်ကား “ပက်ထရစ်”ဟူ၍ ဖြစ်ပေသည်။ ၎င်းသည် မြန်မာအမျိုးသမီးကြီးတစ်ဦးနှင့် မစ္စတာဖော်စတာခေါ် မျက်နှာဖြူရာဇဝတ်ဝန်တစ်ဦးတို့၏ တစ်ဦးတည်းသောသားဖြစ်ပေသည်။

“ပက်ထရစ် . . . ရော့ဟော့ . . . လမ်းမှာသောက်သွားဖို့”ဟု ၎င်း၏သူငယ်ချင်း ပီတာသန်းဖေဆိုသူက ဘီယာတစ်ပုလင်းကိုပြလျက် ခြင်းတောင်းတစ်လုံး၌ ထည့်လိုက်လေ၏။

“ဟော့ . . . ပီတာ၊ ဘီယာချည်းပဲလားကွ၊ အမြည်းမပါဘူးလား” ဟု မိုက်ကယ်ဆိုသောလူငယ်က ဝင်၍ပြောလိုက်ရာ၊ ပီတာသန်းဖေတာ . . .

“မင်းလို အသုံးမဝင်တဲ့ကောင်များ အောင့်မေ့နေသလား ဆောဒီမှာ အမဲသားကြော်တွေပါတယ်ကွ”ဟု ပြောလိုက်လေ၏။


www.burmeseclassic.com

www.burmeseclassic.com



ပက်ထရစ်မှာ မျက်နှာဖြူတစ်ဦးနှင့်မြန်မာတစ်ဦးမှ ပေါက်ဖွားလာသည်ဆိုသော်လည်း ရုပ်ရည်မှာ ကပြားတစ်ဦး၏ရုပ်ရည်မျိုးမဟုတ်ဘဲ မြန်မာပီသ,လှပေ၏။ အနီးစပ်ဆုံးဆိုရပါမူ ထိုခေတ်က ကျော်ကြားခဲ့သည်ဆိုသော ဘိုင်စကုတ်မင်းသား ခင်မောင်ရင်နှင့် ခပ်ဆင်ဆင်တူပြီး အရုပ်အမောင်းမှာမူ ခင်မောင်ရင်ထက်ပင်မြင့်၍ နှုတ်ခမ်းမွှေးသဲ့သဲ့ထားခြင်းကြောင့် မြန်မာပီပီသသ,ချောမောခန့်ညားသော လူငယ်တစ်ဦးဟု ဆိုရပေမည်။

"ပက်ထရစ်က သိပ်ချောတာပဲ. . ."ဟု တစ်ယောက်သော မိန်းကလေးက ပြောလေ၏။

"ခန့်တာပါဟယ်"ဟု တစ်ယောက်က ဆိုပြန်၏။

"ချောချော ခန့်ခန့်ဟယ်၊ နင်တို့နဲ့မဆိုင်ပါဘူး၊ ပက်ထရစ်က ငါ့ကို မျက်စိကျနေတာပါ"ဟု တစ်ယောက်က ဝင်၍ပြောရာ မိန်းကလေးများသည် "ဝေါ"ကနဲ ရယ်မောကြလေ၏။

ထိုမိန်းကလေးများမှာ ပက်ထရစ်အား လိုက်၍ပို့ကြသော အရာရှိကတော်များ၏ သမီးများဖြစ်ကြပေသည်။

"ဒေါ်သိန်းရယ် . . . မစ္စတာဖော်စတာရဲ့သားကလေးက ရုပ်ကလဲချော၊ သူ့အဖေကလဲ ဘိုအစစ်ဆိုတော့ ကျွန်မတော့လေ သမီးကလေးနဲ့ စိတ်ကူးကြည့်မိတယ်. . ."ဟု ပြောလိုက်ရာ ဒေါ်သိန်းဆိုသောမိန်းမကြီးက မျက်လုံးပြူးလျက် . . .

"ဒီလိုစိတ်ကူးမျိုးတော့ လူတိုင်းစိတ်ကူးတတ်ပါတယ် ဒေါ်သိန်းရယ် တစ်ခုသိထားဖို့ကတော့ သူ့အမေ မာဂရက်နဲ့ကျွန်မက ကျောင်းနေဘက်တွေရှင့်. . ."ဟု ဒေါ်သိန်းက ပြန်၍ပြောလိုက်ရာ ဒေါ်သိန်းရွှေမှာ မဲ့ရွဲ့သွားလေ၏။

ပက်ထရစ်၏ပစ္စည်းများကို သူ၏ရဲရွှေတော်များက မီးရထားတွဲပေါ်သို့ တင်လေ၏။ ထိုအချိန်၌ မိန်းကလေးတစ်ယောက်က





အခြားမိန်းကလေးတစ်ယောက်အား . . .

"ကြည်ကြည်ရေ . . . ပီတာသန်းဖေညီမက ပက်ထရစ်ကို တိုဘက်ချောင်ကို ခေါ်သွားလေရဲ့"ဟု ပြောလေ၏။

"ပီတာသန်းဖေမှာ ညီမကသုံးယောက်တောင်ဟဲ့၊ အကြီးကို ပြောတာလား၊ အလတ်ကို ပြောတာလား၊ အငယ်ဆုံးကို ပြောတာလား"ဟု ကြည်ကြည်ဆိုသောမိန်းကလေးက ပြန်၍မေးလေ၏။

"အငယ်ဆုံးကို ပြောတာဟဲ့"

"အော် . . . ဒီကောင်မလား၊ သူကတော့ လွန်ပါတယ်"ဟု ပထမမိန်းကလေးကပြောလိုက်ရာ ကြားမှမိန်းကလေးတစ်ယောက်က . . .

"ညည်းတို့ ဝင့်လိုက်လိမ့်မယ်နော်"ဟု ပြောလေ၏။

"ဘယ်လိုဝင့်မျိုးလိုက်မှာလဲ စိန်စိန်ရယ်"ဟု ကြည်ကြည်ဆိုသော မိန်းကလေးက ပြောလေ၏။

စိန်စိန်က . . .

"ကိုယ့်ကလဲ့ကျလည်း အပြောခံရမယ့်ဝင့်မျိုးပေါ့ ကြည်ကြည်ရဲ့"ဟု ပြောလေ၏။

"ပက်ထရစ်နဲ့ အပြောခံရမယ့်ဝင့်လား၊ အဲဒီဝင့်မျိုးဆိုရင် အခုပဲ လိုက်,လိုက်ချင်ပါရဲ့"ဟု ကြည်ကြည်ကပြောလိုက်ရာ မိန်းကလေးများသည် ဝါးကနဲ ရယ်မောကြပြန်၏။

ဤသို့လျှင် အရာရှိများ၏သမီးများသည် မစ္စတာဖော်စတာ၏သား ပက်ထရစ်ဟူသော လူငယ်ကလေးအတွက် အရွှန်းဖောက်၍ ပြောဆိုနေကြသကဲ့သို့ ယောက်ျားကလေးများမှာလည်း . . .

"ပက်ထရစ်ကတော့ ရုပ်ကလည်းချော၊ ဘိုသားကလည်းဖြစ်၊ အဆိုအတီး၊ ရေကူး၊ လက်ဝှေ့ ဘယ်ကစမ်းစမ်း၊ ညာက စမ်းစမ်း ဆိုတော့ ကောင်မလေးတွေရဲ့ ပါးစပ်ဖျားမှာ ပက်ထရစ် ပက်ထရစ်နဲ့



www.burmeseclassic.com

www.burmeseclassic.com



တထစ်ထဲထစ်နေတော့တာပဲ၊ မိုက်ကယ်တို့များကြတော့ ဘယ်အသေကောင်မကမှ ဆေးဖော်ကြောဖက်တောင် မလုပ်ဘူး"ဟု မိုက်ကယ်ဆိုသောလူငယ်ကပြောလိုက်ရာ ပီတာသန်းဖေဆိုသောလူငယ်က . . .

"မင်းကို ဘယ်ကောင်မက အရေးလုပ်မှာလဲကွ၊ မင်းနာမည်က မိုက်ကယ်ဆိုပေမယ့် မင်းကိုယ်ထဲမှာ အင်္ဂလိပ်သွေး တစ်စက်ပါရဲ့လား"ဟုပြောလိုက်ရာ မိုက်ကယ်က . . .

"ထားပါတော့ကွာ . . . မင်းကရော မြန်မာအစစ်ဖြစ်ရဲ့သားနဲ့ ဘာကြောင့် ပီတာသန်းဖေ ဖြစ်ရတာတုန်း"ဟု ပြောလျှင် ပီတာသန်းဖေက ရှက်ကိုးရှက်ကန်းနှင့် . . .

"တို့အဒေါ်ယောက်ျားက ဘိုအစစ်ကွ"ဟု ပြောလိုက်ရာ လူငယ်များသည် ဝေါကနဲ ရယ်မောကြပြန်၏။ ထိုအချိန်၌ မန္တလေးသို့ထွက်မည့် ရထားကြီးမှာလည်း စတင်၍ထွက်ခွာနေပြီဖြစ်သဖြင့် အရာရှိကတော်တစ်ဦးက . . .

"ဟဲ့ ဟဲ့ . . . လုပ်ကြပါဦး၊ ရထားထွက်နေပြီ၊ ပက်ထရစ်ရော"ဟု အလန့်တကြားအော်လိုက်လျှင် . . .

မိန်းကလေး၊ ယောက်ျားကလေး၊ မိန်းမကြီးတို့မကျန်အောင် "ပက်ထရစ် . . . ပက်ထရစ်"ဟု ဝိုင်းဝန်းခေါ်ဝေါ်ကြလေတော့၏။

ရန်ကုန်ဘူတာကြီး၌ ဤသို့လျှင် လူတစ်ဦး၏အမည်ကို လူအများက အလန့်တကြား တစ်ပြိုင်နက်တည်း အော်ဟစ်ခေါ်ဝေါ်လိုက်သောအသံမျိုးမှာ ကြုံတောင့်ကြုံခဲသောဖြစ်ရပ်ကြီးတစ်ခုဟု ဆိုနိုင်ပေသည်။ မဆီမဆိုင်သူများကပါ ရောရောင်နောက်လိုက်လုပ်၍ "ပက်ထရစ် . . ပက်ထရစ်"ဟု ဝိုင်းဝန်းအော်ဟစ်ကြသဖြင့် မျက်နှာဖြူ ရုံပိုင်ချုပ်ပင်လျှင် သူ၏ရုံးခန်းမှထွက်၍ ကြည့်ရှုပြီးနောက် . . .

"ဝှပ်သဟဲ . . . ပက်ထရစ်"ဟု မြည်တွန်တောက်တီးခြင်း ဖြစ်လေတော့၏။





ပက်ထရစ်မှာမူ ၎င်းအား မရမကခေါ်၍ စကားပြောနေသော ပီတာသန်းဖေ၏အကြီးအငယ်ဆုံး ရှယ်လီအား . . .

"ဟိုမှာ ရထားထွက်နေပြီ"ဟုဆိုကာ စကားစ,ကို ဖြတ်အတင်းဖြတ်လျက် မိမိစီးရမည့်တွဲဆီသို့ရောက်အောင် ပြေးရှလေတော့၏။ ပက်ထရစ်အား လိုက်လံပို့ဆောင်ကြသောသူများက . . .

"ပက်ထရစ် ပြေး . . ပြေး"ဟု ဝိုင်း၍အော်ဟစ် အားပေးကြလေ၏။

ပက်ထရစ်သည် သွက်လက်စွာဖြင့် တွဲရှိရာသို့ ပြေး၍လိုက်လေ၏။ လူအများကလည်း ရင်တထိတ်ထိတ်ဖြင့် လှမ်း၍အောင်ဟစ် အားပေးကြလေ၏။

ဘောင်းဘီရှည်ဝတ်ထားသော ပက်ထရစ်၏ ခြေလှမ်းကျဲကြီးများဖြင့် ပြေးလွှားနေပုံမှာ မြင်ရသူများအဖို့ တစ်မျိုးတစ်ဖုံ ကြည့်၍ကောင်းနေလေ၏။ ရထားမှာ အရှိန်ကောင်းစွာရနေပြီဖြစ်သဖြင့် ပက်ထရစ်အဖို့ ၎င်းလိုက်ပါစီးနင်းရမည့်တွဲဆီသို့ မီနိုင်ရန် မဖြစ်နိုင်တော့ကြောင်း ရိပ်စားမိသည့်အခါ၌ မီရာတွဲကိုဖမ်းဆွဲ၍ သွက်လက်စွာ ခုန်တက်လိုက်လျှင် . . .

"ဟေး . . . ပက်ထရစ်၊ ဟီးရိုးကွ . . . ဟီးရိုး"ဟု လိုက်၍ပို့ကြသောသူများက တစ်ပြိုင်တည်း အော်ဟစ်သြဘာပေးလိုက်ရာ ရန်ကုန်ဘူတာကြီးတစ်ခုလုံး ဆူညံပွက်လောရိုက်၍ သွားလေတော့၏။

ပက်ထရစ်က ရထားတွဲလက်ကိုင်တန်းကို ခိုလိုက်မိသည့်အခါ၌ ၎င်း၏ပရိသတ်အား လက်ကိုဝှေ့ယမ်း၍ နှုတ်ဆက်သွားလေ၏။

ရုံပိုင်ချုပ်ကလည်း ရုံးခန်းတွင်းမှ ထွက်လာပြန်၍ . . .

"ဝှပ် ဟက်ပင်း ဘက်လက်ဒီ ဒန်မက်ရှ်"ဟု ဆဲဆိုကာ ပြန်၍ဝင်သွားလေတော့၏။

မိန်းကလေးများကမူ "ပက်ထရစ်က သိပ်တော်တာပဲ"ဟု ချီးမွမ်း



www.burmeseclassic.com

www.burmeseclassic.com


ကြလေသော၏ ရထားမှာလည်း လိုက်ပါပို့ဆောင်သူများ၏ မြင်ကွင်းမှ ပျောက်ကွယ်သွားပြီဖြစ်ရာ လိုက်ပါပို့ဆောင်သူများသည်ပက်ထရစ်အကြောင်းကို တစ်ဦးနှင့်တစ်ဦး အလုအယက်ပြောဆို၍ ပြန်သွားကြလေတော့၏။

ပက်ထရစ်သည်လည်း ရှေ့ဘူတာရောက်မှပင် မိမိတွဲရှိရာသို့ ပြောင်းရွှေ့မည်၊ ယခုမူ ဤတွဲ၌ပင် လိုက်ရပေတော့မည်ဟု စိတ်၌ ကြံစည်ကာ တွဲပေါ်သိုတက်မည့်အပြုတွင် တွဲအတွင်း၌ရေးထားသော အောက်ပါအမိပ္ပာယ်ရသည့် အင်္ဂလိပ်စာတန်းကို တွေ့မြင်ရလေတော့၏။

## ဘုရင်ခံစီးနင်းရန် သီးသန့်တွဲ

ထိုအခါကျမှပင် ပက်ထရစ်သည် မိမိတက်မိခဲ့သောတွဲကို ဂရုတစိုက် ကြည့်မိလေတော့၏။ တစ်တွဲလုံး အဖြူရောင်သုတ်ထားပြီးလျှင် လွန်စွာသားနားသပ်ရပ်သော ထိုင်ခုံအချို့ကို တွေ့ရလေ၏။ တွဲပေါ်၌လည်း လူတစ်ယောက်မှမရှိသည့်အဖြစ်ကို ရိပ်မိလေတော့၏။ ပက်ထရစ်သည် တွဲပေါ်သို့တက်လိုက်လေ၏။ ထို့နောက် ဘောင်းဘီအိတ်အတွင်းမှ ငွေအစစ်ဖြင့်ပြုလုပ်ထားသော ဗူးကလေးကိုထုတ်ကာ စီးကရက်တစ်လိပ်နှိုက်ယူ၍ မီးညှိလိုက်လေ၏။ ပက်ထရစ်စိတ်၌ "ငါသည် လူ့ဘဝ၌ ကံကောင်းသူဖြစ်ပေသည်။ ယခုကဲ့သို့ မှားယွင်း၍ တက်မိသော မီးရထားတွဲသည်ပင်လျှင် ဘုရင်ခံစီး ရထားတွဲ ဖြစ်နေခြင်းသည် အကြောင်းမဲ့ဖြစ်သည်မဟုတ်၊ ကံကောင်းသောသူ၊ ဘုန်းရှိသောသူဖြစ်ခြင်းကြောင့် သမာဒေဝတွေပင်လား၊ တမန်တော်နတ်သားတွေပင်လား မပြောတတ်၊ တစ်ဦးဦးက ဖန်တီးပေးခြင်း ဖြစ်တန်ရာသည်"ဟု စိတ်ကြီးဝင်မိသည့်အခိုက်၌ . . .

"ဘုရင်ခံတွဲ စီးပြီးသွားဖို့ ငါတစ်ယောက်မှာပဲ ဘုန်းကံရှိတယ်လို့ အောင့်မေ့မိတာ၊ အခုအတိုင်းဆို မဟုတ်တော့ဘူးပေါ့"ဟူသော အသံတစ်သံထွက်ပေါ်လာသဖြင့် တွဲထောင့်ဆီသို့ လှည့်၍ကြည့်လိုက်ရာ ပြတင်းပေါက်ဘောင်ပေါ်၌ ခြေထောက်ကိုတင်လျက် နောက်မှီဆိုဖာကိုမှီကာ ဆေးပြင်းလိပ်တိုကိုခဲပြီး မျက်စိကိုမဖွင့်ဘဲ ငိုမ်ခံ၍နေသော သူတောင်းစားတစ်ဦးပမာ စုတ်ပြတ်နေသည့် အဝတ်အစားများကို ဝတ်ဆင်ထားသော လူတစ်ယောက်အား တွေ့မြင်ရလေတော့၏။

ပက်ထရစ်ကလည်း မိမိက စိတ်ကြီးဝင်မည် ကြံရုံမျှရှိသေးသည့် အချိန်၌ လူ့အောက်ကလူဟု ခေါ်ဆိုရမည့် စုတ်စုတ်နုတ်နုတ် လူတစ်ယောက်က မိမိနှင့်ပခုံးချင်းယှဉ်၍ ဘုန်းကံရှိသည့်အလား ပြောဆိုလိုက်ခြင်းကြောင့် စိတ်၌အောင့်သက်သက်ဖြစ်၍ သွားလေတော့၏။

"အညစ်အကြေးကောင်ပါလား"ဟု ထိုသူက မျက်စိမှိတ်လျက်မှ ပြောလေ၏။

"အောင်မာ. . . သူတောင်းစားကများ ငါ့ကို အညစ်အကြေးကောင်တဲ့"ဟု ပက်ထရစ်က ရေရွတ်လိုက်ပြီးနောက် ထိုသူရှိရာသို့ ပြေးသွားပြီးလျှင် ထိုသူ၏မျက်နှာကို ဗယ်ညာလက်သီးဖြင့် တရစပ် ထိုးလေတော့၏။

ထိုသူမှာ ခေါင်းကိုအနည်းငယ်မျှ လှုပ်ရုံကလေး ရှောင်တိမ်းပြီးနောက် ပက်ထရစ်၏ရင်ဘတ်အား ခြေထောက်ဖြင့် တွန်းကန်ကလေး ကန်လိုက်ရာ ပက်ထရစ်သည် နောက်သို့လန်၍ ဖင်ထိုင်လျက် လဲလေတော့၏။

"မရဘူး အန္တ . . . မရဘူး၊ မင်းက အန္တ၊ ငါက တိက္ခ၊ တိက္ခ ဆိုတာက ထက်မြက်တာကိုပြောတာ၊ အန္တ ဆိုတာက နုလပိန်းတုံး



www.burmeseclassic.com

www.burmeseclassic.com

ဖြစ်တာကို ပြောတာ၊ မင်းရဲ့တိုက်ခိုက်မှု ပရိယာယ်စစ်ဗျူဟာက မှားနေတယ်ကွ။ မင်းက ဥသဘဗျူဟာလို့ခေါ်တဲ့ နွားသိုးတို့ရဲ့ ဗျူဟာနဲ့ တိုက်ခိုက်တာကိုး"ဟု မျက်စိကိုမဖွင့်ဘဲ ဆေးပြင်းလိပ်သောက်မပျက်ဘဲ ပမာမခန့်ပြောလိုက်ရာ ပက်ထရစ်လည်း လဲနေရာမှထ၍ ၄င်းဆီသို့ပြေးလာပြီးလျှင် ထိုးကြိတ်ပြန်လေ၏။

ထိုသူက မျက်လုံးပင်ဖွင့်မကြည့်ဘဲ ၄င်း၏ဗယ်လက်ကို လက်သီးဆုပ်လျက် ဆန့်တန်းလိုက်ရာ ပက်ထရစ်၏မျက်နှာဆီသို့ တည့်တည့်မတ်မတ် ထိ၍သွားသောကြောင့် ပက်ထရစ်သည် မျက်လုံးများပြာဝေ၍လဲကျကာ နှာခေါင်းမှသွေးများ စီးကျလာလေတော့၏။

"အန္တကောင် . . . နလပိန်းတုံး၊ လက်ငှေ့လည်း မထိုးတတ်ပဲနဲ့" ဟု ထိုသူကပြောပြန်ရာ ပက်ထရစ်သည် လူးလဲထ၍ ထိုသူအား ခြေထောက်ဖြင့် ခုန်၍ကန်ပြန်၏။ ထိုသူသည် ခုန်၍ကန်လိုက်သော ပက်ထရစ်၏ခြေထောက်ကို ဖမ်းကိုင်၍ ရထားပြတင်းပေါက်တံခါးဖြင့် ညှပ်ထားပြီးလျှင် ပက်ထရစ်၏ရင်ဝပေါ်၌လည်း ဖနောင့်ဖြင့် နင်းထားကာ . . .

"မလှုပ်နဲ့ အန္တ . . . လှုပ်လိုက်ရင် ငါ့ရဲ့ဖနောင့်က မင်းရဲ့ဘဝင်ကို ဆောင့်နင်းလိုက်သလိုဖြစ်သွားရင် တစ်ခါထဲ ဘဝင်မြင့်နေတဲ့ မင်းဟာ ဘဝင်ကျသွားလိမ့်မယ်၊ အဲဒီလို ဘဝင်ကျသွားရင် ဥသမာတေဇောလို့ခေါ်တဲ့ မင်းရဲ့ကိုယ်ငွေ့တွေပျောက်ပြီး ဇီရဏတေဇော၊ ဒဟတေဇော၊ သံတပ္ပနတေဇောဆိုတဲ့ သဘောတွေဟာ သူ့သဘောသူဆောင်လာလိမ့်မယ်၊ အဲဒီအခါမှာ မင်းရဲ့အသက်ဇီဝိန်ဟာ မင်းရဲ့ခန္ဓာကိုယ်ကနေ အိမ်ရှင်နဲ့မတည့်တဲ့ အိမ်ငှားဟာ နှာရှိမဆိုင်း ရက်မဆိုင်းဘဲ အိမ်ပြောင်းရသလို တစ်ခါတည်း ပြောင်းသွားရလိမ့်မယ်။ အဲဒါကို သေတာလို့ခေါ်တာပဲ၊ နလပိန်းတုံး၊ မင်းဟာ ပညာလည်း မတတ်ဘဲကို တယ်ပြောရခက်ပါလား . . . ကျွတ် . . . ကျွတ်"ဟု





ထိုသူက ပြောလိုက်လေ၏။

ပက်ထရစ်မှာမူ နာကြင်လွန်းသဖြင့် တအင်းအင်း တအဲအဲနှင့် ညည်းညူနေရှာလေ၏။

"ဟေ့ကောင် နလပိန်းတုံး . . . မင်းဟာ မျက်နှာဖြူကပြား ကောလိပ်ကျောင်းသားနဲ့တူပါရဲ့။ ဒါကြောင့် အသုံးမကျ ဖြစ်တော့တာကိုး"ဟု ထိုသူကပြောလိုက်ရာ ပက်ထရစ်က အောက်မှနေ၍ တအင်းအင်း တအဲအဲနှင့် အော်ဟစ်ညည်းညူနေရာမှ . . .

"ငါလို ရာဇဝတ်ဝန်ထောက်သား ကောလိပ်ကျောင်းသားကိုများ မင်းလိုသူတောင်းစားက"ဟု ကြုံးဝါးလိုက်ရာ ထိုသူက . . .

"ဟား . . . ဟား . . . ဟား . . . ဟား . . . ငါက သူတောင်းစားပဲထားပါတော့။ မင်းလို တောင်မရောက် တောမရောက်ကောင်ကို မပြောနဲ့ကိုယ့်လူ . . .။ **BETTER A LIVING BEGGER THAN A BURIED EMPEROR** တဲ့ကွ"ဟု ပြောလိုက်လေ၏။

ထိုအင်္ဂလိပ်စကား၏အဓိပ္ပာယ်မှာ သေနေသော ဘုရင်ဧကရာဇ်မင်းထက် အသက်ရှင်လျက်ရှိသော သူတောင်းစားက ပို၍တန်ဖိုးရှိပေသည် ဟူ၍ဖြစ်ပေသည်။ ထို့နောက် ထိုသူက ဆက်၍ပြောပြန်လေ၏။

"သူများ ခြေထောက်အောက်ကို ရောက်နေတဲ့ မင်းလိုကောင်ထက် သူများရင်ဘတ်ပေါ်ကို ခြေထောက်တင်နိုင်တဲ့ ငါလိုလူက ပိုပြီးဟန်ကျတယ်ဆိုရင် မင်းအနေနဲ့ ငြင်းမလား နလပိန်းတုံးဟီ . . . ဟိ၊ ဒီတစ်ခါတော့ ကောလိပ်ကျောင်းသားပေါက်စ မနူးမနပ်စကောစက ကလေးတစ်ယောက်အနေနဲ့ ချမ်းသာပေးလိုက်မယ်"

ထိုသူသည် အထက်ပါအတိုင်း ပြောပြီးနောက် သူ၏နေရာ၌ထိုင်၍ ဆေးပြင်းလိပ်ကိုခဲကာ မျက်စိကိုမှိတ်လျက် ဇိမ်ချကျ


www.burmeseclassic.com

www.burmeseclassic.com


နေလေတော့၏။

ထိုအခါ၌ ပက်ထရစ်လည်း လဲ၍နေရာမှထပြီးလျှင် ထိုသူအား ထမ်း၍ ထိုးကြိတ်ဦးမည်ဟုကြံသော်လည်း အေးဆေးစွာထိုင်၍ နေသော ထိုသူကိုမြင်လျှင် ငါနှင့်ထိုးကြိတ်ဖို့ကိစ္စလောက်ကို ဤသူသည် ရေးကြီးခွင်ကျယ်လုပ်၍ စဉ်းစားဖွယ်ရာမလိုအောင်ပင် သူ၌ ထိုးကြိတ်မှုအတတ်ပညာနှင့်ပတ်သက်၍ ပြည့်စုံလှပေတကား။ ယခုတစ်ကြိမ်၌ အကယ်၍ ငါကတိုက်ခိုက်ခဲ့ပါမူ အသက်ကိုပင် ချမ်းသာပေးကောင်းမှ ပေးတော့မည်ဟု စိတ်၌တွေးရင်း ငြိမ်၍ထိုင်နေလေတော့၏။

ထို့နောက် ၎င်း၏စိတ်၌ "ငါသည် ဟိုက်စကူးနေစဉ်ကပင် ငွေဖလား၊ ငွေစလွယ် စသည်တို့ကို မကြာခဏ ဆွတ်ခူးခဲ့သော ဘောက်ဆင်ချန်ပီယံတစ်ဦးဖြစ်ပါလျက် ဤသူ အစုတ်ပလုပ်ကို အဘယ်ကြောင့် နိုင်အောင်မထိုးသတ်နိုင်ရသနည်း"ဟု တွေးမိသည့်တစ်ခဏ၌ မိမိကိုယ်ကိုမိမိ မကျေမနပ်ဖြစ်ကာ ကုလားထိုင်နောက်မှီအား လက်သီးဖြင့် တဒိုင်းဒိုင်း ထိုးလေတော့၏။

"ဟဲ. . . ဟဲ. . . နလပိန်းတုံးက ဘောက်ဆာသမားနဲ့တူတယ်။ ဗယ်နှစ်ချက် ညာတစ်ချက် ဝမ်းတူးထိုးလိုက်ပုံက မဆိုးဘူး"ဟု ထိုသူက မျက်စိမဖွင့်ဘဲ ပြောလိုက်လေ၏။

"ဟုတ်တယ် . . . ကျုပ်ဟာ ဟိုက်စကူးမှာရော ကောလိပ်မှာရော ဘောက်ဆာချန်ပီယံ ရဖူးတယ်။ ကြိုးဝိုင်းထဲမှာ ကျုပ်ရဲ့လက်သီးစာမိသွားလို့ နှာနှပ်ယူရတဲ့လူတွေ မနည်းတော့ဘူး"ဟု ပက်ထရစ်က ပြောလိုက်လေ၏။

"ကြိုးဝိုင်းထဲမှာတော့ ကိုယ့်လူက ချန်ပီယံပဲ၊ အပြင်မှာတော့ ကျုပ်ရဲ့ခြေထောက်အောက်မှာ ဟဲဟဲ. . . ဒါကို သဘောပေါက်စမ်းပါ။ စာသင်ခန်းဆိုတာ ကျဉ်းကျဉ်းကလေး။ လောကကြီးက





အကျယ်ကြီး။ သိပ်ကွာတယ်. . . သိပ်ကွာတယ်ကိုယ့်လူ။ ကိုယ့်လူက ကောလိပ်ကျောင်း ကျဉ်းကျဉ်းကလေးထဲက လက်ဝှေ့သမား နဲ့နဲ့ တလေးအပေါ် ဗိုလ်စွဲတာနဲ့ လောကကြီးတစ်ခုလုံးမှာ တွေ့တဲ့လူကို လက်သီးစာကျွေးနိုင်မယ်လို့ ထင်နေတာကိုး။ မရဘူး ကိုယ့်လူ. . . မရဘူး။ အေးအေးဆေးဆေးထိုင်ပြီး ဘုရင်ခံစီးတဲ့ရထားတွဲပေါ်မှာ ငြိမ်ရှိရှိလိုက်စမ်းပါကိုယ့်လူ။ ကျုပ်က ကိုယ့်လူကို အညစ်အကြေးကောင်လို့ ခေါ်လိုက်လို့ သိပ်ပြီးစိတ်ဆိုးသွားတာကိုး၊ ဟဲ. . . ဟဲ စိတ်မဆိုးပါနဲ့ ကိုယ့်လူရ၊ ကျုပ်ကို ဘုရင်ခံစီးတဲ့တွဲပေါ်မှာ တွေ့လိုက်ရတော့ ကိုယ့်လူရဲ့စိတ်ထဲမှာ မနာလိုဖြစ်သွားတယ်၊ အမျက်ထွက်သွားတယ်၊ သဝန်တိုသွားတယ်၊ ကျုပ်ကို ရထားပေါ်မှာ မလိုက်စေချင်တဲ့စိတ်တွေ ဖြစ်ပေါ်သွားတယ်၊ မလ တရားတွေ . . . ကျုပ်ပြောတာမရှင်းရင် ဥဒ္ဒကဝိဘင်းပါဠိတော်မှာ ကြည့်ပေတော့၊ ကျုပ်က ဒါကြောင့် ကိုယ့်လူကို အညစ်အကြေးကောင်လို့ ခေါ်လိုက်တာ"ဟု ထိုသူက ပြောလိုက်လေ၏။

ပက်ထရစ်လည်း ထိုသူအား သေချာစွာကြည့်ပြန်၍ "ဒီလူက စာတတ်ပေတတ် သူတောင်းစားပေပဲ"ဟု စိတ်၌အောင့်မေ့မိလေ၏။

"ကျုပ်လဲ ကိုယ့်လူကို ရန်မမူဘူး၊ ကိုယ့်လူလဲ ကျုပ်ကို ရန်မမူနဲ့၊ အေးအေးဆေးဆေး သွားကြရအောင်ပါ။ (ကမ်းမွန် တိတ်ယူဝါဆိ) ထိုင်စမ်းပါ"ဟု အင်္ဂလိပ်လိုပြောလိုက်ရာ ပက်ထရစ်၏စိတ်၌ "သူတောင်းစားက အင်္ဂလိပ်လိုလဲ တတ်သကိုး"ဟုအံ့ဩကာ ပါးစပ်အဟောင်းသားဖြစ်၍ နေပြန်၏။

"ဘာလဲ . . . ကိုယ့်လူက၊ ကျုပ်လို အစုတ်အနုတ်တစ်ယောက်က အင်္ဂလိပ်စကားပြောလို့ အံ့ဩနေတာလား၊ ဟား . . . ဟား ဘာဆန်းလို့လဲ၊ အင်္ဂလိပ်စကားက သင်ရင်တတ်တာပေါ့၊ ကျုပ်လို အစုတ်အနုတ်ပဲဖြစ်ဖြစ်၊ ကိုယ့်လူလို အရာရှိသားပဲဖြစ်ဖြစ် သင်ရင်


www.burmeseclassic.com

www.burmeseclassic.com



တတ်တာပေါ့"ဟု ထိုသူက ပြောလိုက်လေ၏။

"သင်ရင်တော့ တတ်တာပေါ့ဗျာ၊ ခင်ဗျားလိုလူတစ်ယောက်က အင်္ဂလိပ်စကား သင်ထားတယ်ဆိုတာကတော့ အံ့ဩစရာပါပဲ"ဟု ပက်ထရစ်က ပြောလိုက်လေ၏။

"ကျုပ် လေ့လာထားတဲ့ အတတ်ပညာထဲမှာ အင်္ဂလိပ်စကား ပြောတဲ့ အတတ်ပညာရယ်၊ စက်ဘီးစီးတဲ့ အတတ်ပညာရယ်၊ မော်တော်ကားမောင်းတဲ့ အတတ်ပညာရယ်ဟာ အလွယ်ကူဆုံး ပညာတွေပါပဲ"ဟု ထိုသူက ပြောလေ၏။

"အခက်ဆုံးပညာထဲက ဘယ်လိုပညာမျိုး သင်ဖူးပါသလဲ"ဟု ပက်ထရစ်က မေးလေ၏။

"အခက်ဆုံးပညာက လိမ်တဲ့ပညာ၊ အဲဒါက လူမှုဝိဇ္ဇာပညာ တစ်မျိုးပဲ၊ သင်လို့မရဘူး၊ သင်တဲ့ကျောင်းလဲ မရှိဘူး၊ ကောလိပ်လဲ မရှိဘူး၊ အလွန်ခက်ခဲတဲ့ပညာပေါ့ ကိုယ့်လူ. . ."ဟု ထိုသူက ပြောလေ၏။

"လိမ်တဲ့ပညာ . . . ဟုတ်လား"

ပက်ထရစ်သည် အံ့အားသင့်စွာဖြင့် ပြန်၍မေးလိုက်လေ၏။

"အေး . . . လိမ်တဲ့ပညာဟာ အခက်ဆုံး၊ အဖိုးတန်ဆုံးပဲကွ"

"အဖိုးလည်း တန်တယ် . . . ဟုတ်လား"ဟု ပက်ထရစ်က ပြန်၍ မေးလိုက်လေ၏။

"ကဲ . . . မင်းကို ငါမေးမယ်၊ အခု မင်းကျောင်းနေရင် နောက်ဆုံးမှာ ဘယ်ထိတတ်မလဲ. . ."ဟု ထိုသူက မေးလိုက်လေ၏။

"စာမေးပွဲ ဆက်တိုက်အောင်သွားရင် နောက်ဆုံးနှစ်ကျော် ကြာတဲ့အခါမှာ ကျုပ်ဟာ ဘီအေတစ်ယောက်ဖြစ်မယ်"ဟု ပက်ထရစ်က ပြောလေ၏။

"ကဲ. . . ကောင်းပြီ၊ ကိုယ့်လူကို မေးမယ်၊ အဲဒီ ဘီအေဆိုတဲ့ ပညာကို အင်္ဂလိပ်အစိုးရကဖြစ်စေ၊ တစ်ခြားသူ တစ်ဦးဦးကဖြစ်စေ လခပေးပြီး မခိုင်းစေပဲနဲ့ အဲဒီပညာကို အသုံးချတတ်ပါ့မလား"ဟု ထိုသူက မေးလိုက်လေ၏။ ပက်ထရစ်က အနည်းငယ်စဉ်းစား၍ တွေဝေနေလေ၏။

ထိုသူက . . .

"မစဉ်းစားပါနဲ့ ကိုယ့်လူ၊ အဲဒီပညာနဲ့ လခ,စားသာမလုပ်ရင် အသက်မွေးဖို့ မလွယ်ကူပါဘူး၊ သူ့ကို သုံးလို့ရတဲ့နေရာတော့ရှိတယ်၊ မင်္ဂလာဆောင်ရင် နာမည်နဲ့တွဲပြီး ထည့်ဖို့ရယ်၊ သေတဲ့အခါမှာ မှတ်တိုင်မှာ ရေးဖို့ရယ်၊ ပြီးတော့ မြန်မာလိုပြောလို့ ရရက်သားနဲ့ အင်္ဂလိပ်စကားလေးညှပ်ပြီး ပြောဖို့ရယ်၊ လူရှေ့မှာ အင်္ဂလိပ် သတင်းစာ အင်္ဂလိပ်ဂျာနယ်စာအုပ်ကို ခပ်ကြွားကြွားကိုင်ဖို့ရယ် လောက်တော့ အသုံးဝင်ပါတယ်"ဟု ပြောဆိုရယ်မောလေတော့၏။

"ခင်ဗျားကတော့ ကျုပ်တို့လို အထက်တန်းစား အရာရှိ အရာခံ တွေကို နှိမ်ဖို့မွေးလာတဲ့လူ ထင်ပါရဲ့"ဟု ပက်ထရစ်ကပြော၍ သူ၏ စီးကရက်ဗူးကလေးကိုထုတ်ကာ စီးကရက်ကိုနှိုက်၍ မီးညှိရှိုက်ဖွာ လိုက်လေ၏။

"ဒီလိုလဲ မဟုတ်ပါဘူး ကိုယ့်လူရာ၊ ကျုပ်ဟာ စိတ်ထဲရှိတာကို ဘွင်းဘွင်းပြောတတ်လို့ပါ၊ ကိုယ့်လူနဲ့ ကျုပ်နဲ့ အခန့်မသင့်လို့ ဖြစ်ကြ တာကကို မေ့ပစ်လိုက်ပါ၊ ကျုပ်နာမည်လည်း မှတ်ထားပေါ့၊ ပုညလို့ ခေါ်ပါတယ်"ဟု ထိုသူက အေးဆေးစွာ ပြောလေ၏။

"ကျုပ်ကိုလည်း မှတ်ထားပါ၊ ကျုပ်နာမည် ပက်ထရစ်လို့ ခေါ်ပါတယ်၊ ရာဇဝတ်ဝန်ထောက် မစ္စတာဖော်စတာရဲ့သားပါ"ဟု ပက်ထရစ်က ပြောလိုက်လေ၏။

"အော် အော် . . . မစ္စတာဖော်စတာဆိုတာ အရင်က တခြား သူကြီး လုပ်ဖူးတယ်မဟုတ်လား၊ သူ့မိန်းမက မစ္စမာဂရက်[illegible]"ဟု

www.burmeseclassic.com



ပရမ်းတလင်းစာပေတိုက်

www.burmeseclassic.com

ထိုသူကပြောလိုက်ရာ ပက်ထရစ်က . . .

"ခင်ဗျားက ကျုပ်ရဲ့ ဒက်ဒီနဲ့ မာမီတို့ကို သိနေတာကိုး"ဟု ပြန်၍ပြောလိုက်လေ၏။

"သိတာပေါ့ကွာ သိတာပေါ့"ဟု ထိုသူက ပြောလေ၏။

ဤသို့နှင့်ပင် မီးရထားလည်း ပဲခူးဘူတာသို့ ဆိုက်ရောက်လေတော့၏။ ပက်ထရစ်သည် ကိုပုညခေါ် စုတ်နုတ်နုံချာလှသော ထိုသူအား နှုတ်ဆက်၍ မိမိတွဲရှိရာသို့ ပြောင်းရွှေ့သွားလေတော့၏။

ကိုပုညလည်း ပက်ထရစ်ကျောပြင်အား ကြည့်၍ . . .

"အင်း . . . မျက်နှာဖြူ မစ္စတာဖော်စတာနဲ့ ရွှေဘိုသူမြန်မာမ, စစ်စစ် မစ္စမာဂရက်ရဲ့သား မြန်မာတစ်ပိုင်း အင်္ဂလိပ်တစ်ပိုင်း ဗုံမဟုတ် ပတ်မဟုတ်တဲ့ လူသေးလူမွှားကလေး ပက်ထရစ် ငါနဲ့တွေ့လိုက်တာဟာ မင်းအဖို့တော့ ထန်းလျက်ခဲ ခွေးရက်ခံရသလို ပုံစံမပျက်ဘဲ လုံးပါး,ပါးဖို့ အစပြုတာပါပဲ၊ မင်းဘဝအဆုံးရဲ့အစကို စတင်ခြင်း ဖြစ်လိမ့်မယ်ဟေ့"ဟု အဓိပ္ပာယ်ရသော အောက်ပါအင်္ဂလိပ်စကားကို ပြောလိုက်လေတော့သတည်း။

**"IT IS THE BEGING OF THE END"**



## မော်လမြိုင်သူနှင့် ဒေါ်မာဂရက်

တစ်နေ့သ၌ မော်လမြိုင်မှရန်ကုန်သို့ ခုတ်မောင်းလာသော ရထားတွဲပေါ်တွင် အသက်အရွယ်အားဖြင့် သုံးဆယ်ခန့်ရှိ၍ ရုပ်ရည်မှာ ချောသည်ဟုမဆိုနိုင်သော်လည်း အသားဖြူခြင်း၊ မျက်လုံး မျက်ဖန်ကောင်းခြင်း၊ ကိုယ်လုံးကိုယ်ပေါက်လှပခြင်း၊ အထူးသဖြင့် မို့မောက်သော တင်သားရှိခြင်းတို့ကြောင့် ဖွင့်၍မပြောပါပဲလျက် မော်လမြိုင်သူတစ်ဦးဖြစ်ကြောင်း သိသာနိုင်သည့် မိန်းမတစ်ဦးနှင့် အသက်ငါးဆယ်ကျော် မိန်းမကြီးတစ်ဦးတို့သည် မျက်နှာချင်းဆိုင် ထိုင်လျက် လိုက်ပါလာခဲ့ကြလေ၏။

အသက်ငါးဆယ်ကျော်မိန်းမကြီးက မော်လမြိုင်သူရေဆေးငါးကြီးအား တစ်ချက်မျှကြည့်ပြီးလျှင် ဆက်လက်၍ကြည့်ရှုခြင်းမပြုဘဲ အင်္ဂလိပ်မများ ဈေးဝယ်ရာ၌ ကိုင်လေ့ရှိသော သစ်သားကိုင်းတတ် ပတ္တူလက်ဆွဲအိတ်အတွင်းမှ အင်္ဂလိပ်ဝတ္ထုစာအုပ်တစ်အုပ်ကို ဖတ်ရှုနေလေ၏။ ထိုသို့ ဖတ်ရှုနေရာမှ စီးကရက်သံဗူးကိုထုတ်ကာ စီးကရက်ကို ဆင်စွယ်စွပ်တံဖြင့်စွပ်၍ လက်၌ဟန်ပါပါညှပ်ကာ စီးကရက် သောက်ပြန်၏။

ထိုမိန်းမကြီးအား မော်လမြိုင်သူကကြည့်၍ အကဲခတ်ပြီးနောက် "ဘိုကတော်ကြီး ဖြစ်မှာပါပဲ"ဟု စိတ်တွင်းမှ မှတ်ချက်ချလေ၏။ အဒေါ်ကြီးကမူ မည်သူတစ်စုံတစ်ယောက်ကိုမျှလည်း စိတ်ဝင်စား


www.burmeseclassic.com

www.burmeseclassic.com

ခြင်းမရှိ ကြည့်လည်း မကြည့်၊ မိမိနှင့် အဖက်တန်သည်ဟုလည်း ထင်မှတ်ပုံမရသည့်အလျောက် အင်္ဂလိပ်စာရေးဆရာကြီး ဆာဝါတာစကော့ရေးသည့် "အဆောင်လက်ဖွဲ့"အမည်ရှိသော ဝတ္ထုဦးသာစိတ်ကို နှစ်မြှုပ်လျက် ဖတ်ရှုနေလေ၏။

ရထားသည် ဘူတာတစ်ခုသို့ဆိုက်လျှင် ဈေးသည်များက ပြတင်းပေါက်အနီးသို့လာရောက်၍ အော်ဟစ်ရောင်းချသဖြင့် ခရီးသည်များသည် သူ့ထက်ငါ အလုအယက် ဝယ်ယူစားသောက်ကြလေ၏။

ထိုအခါ၌ အဒေါ်ကြီးနှင့်မော်လမြိုင်သူရှေ့ရှိ နေရာလပ်မှ လာရောက်၍ ပြတင်းပေါက်တွင် ဈေးဝယ်ကြသဖြင့် အဒေါ်ကြီး၏ခြေထောက်နှင့်မော်လမြိုင်သူ၏ခြေထောက်ကို ခရီးသည်များက တိုက်မိကြလေ၏။ ထိုသို့ တိုက်မိသည့်အခါ၌ မြန်မာဆန်သော မော်လမြိုင်သူက ကိုယ်ကလေးရို့၍ ပေးသော်လည်း၊ ဘိုဆန်သော အဒေါ်ကြီးကမူ သူ၏ခြေထောက်ကိုတိုက်မိသည့်အတွက် "ဒမ်မစ်ရှ်" "ဘလယ်ဒီ" စသည်ဖြင့် အင်္ဂလိပ်ဘာသာ ဖေတော့ မောင်တော့ များဖြင့် ဆဲဆိုရေရွတ်လေ၏။

မီးရထားထွက်သွားသည့်အခါ၌ ခရီးသည်များလည်း မိမိတို့ဝယ်ခြမ်းခဲ့သော အစားအသောက်များကို စားကြလေ၏။ ထိုအခါ၌ မော်လမြိုင်သူက သူ၏ကြိမ်ခြင်းအတွင်းမှ ဓာတ်ဘူးကိုထုတ်၍ ကော်ဖီကိုငှဲ့လေ၏။ ထိုသို့ ကော်ဖီကိုငှဲ့နေစဉ် ဘိုဆန်သောအဒေါ်ကြီးကို လှမ်း၍ကြည့်လိုက်ရာ အဒေါ်ကြီးနှင့် အကြည့်ခြင်းဆုံမိသွားသဖြင့် ကော်ဖီခွက်ကို အဒေါ်ကြီးဘက်သို့ထိုးပေးရင်း . . .

"ကော်ဖီသုံးဆောင်ပါဦး အန်တီ"ဟု ချိုသာသောအသံဖြင့် ပြောလိုက်ရာ ဘိုဆန်သောအဒေါ်ကြီးက . . .





"နိုး သင့်(ကျေးဇူးတင်ပါတယ်၊ မသောက်ပါရစေနဲ့)"ဟု အင်္ဂလိပ်ဘာသာဖြင့် ပြန်၍ပြောလေ၏။ ထိုအခါ၌ မော်လမြိုင်သူက . . .

"အန်တီ နေမပူဘူးလား၊ တံခါးကလေး ပိတ်ပေးပါရစေလား" ဟုပြော၍ အဒေါ်ကြီး၏ကိုယ်တစ်ခြမ်းပေါ်သို့ နေရောင်ကျရောက်နေခြင်းမှ ကာကွယ်စေရန်အတွက် ကော်ဖီခွက်ကိုချ၍ တံခါးကို ပိတ်ပေးလိုက်ရာ ဘိုဆန်သောအဒေါ်ကြီးက . . .

"မင်းရဲ့ကြင်နာမှုအတွက် ကျေးဇူးတင်ရမှာပါပဲ"ဟု အင်္ဂလိပ်လို ပြောပြန်လေ၏။

ဤသို့နှင့်ပင် ဘိုဆန်သောအဒေါ်ကြီးနှင့် မော်လမြိုင်သူတို့သည် ခင်မင်ရင်းနှီးသွားကြလေ၏။ ထိုသို့ ခင်မင်ရင်းနှီးသွားသောအခါ၌ ဘိုဆန်သောအဒေါ်ကြီးက မြန်မာမကျ အင်္ဂလိပ်မကျစကားဖြင့်ပင် ပြောဆိုလေ၏။

"လောင်းလောင်းအဂိုးကတော့ အထက်တန်းကျတဲ့လူတွေအတွက် စပါယ်ရှယ်တွဲတွေပါတယ်ကွယ့်၊ အခုတော့ အဲဒီတွဲတွေ မပါတော့ အိုးပင်းတိုအောလ် ဖြစ်သွားပြီပေါ့ကွယ်။ ဒါပေမယ့် ယူတို့လို ယဉ်ကျေးတဲ့လူနဲ့ ထိုင်ခုံချင်း မျက်နှာချင်းဆိုင် လာပြီးကျတာကတော့ ဘုရားသခင်ရဲ့ အလိုတော်အတိုင်းပေါ့ကွယ်"ဟု အဒေါ်ကြီးက ပြောလေ၏။

မော်လမြိုင်သူကလည်း . . .

"ဟုတ်ပါရဲ့ အန်တီ၊ နွယ်ကတော့ သက်ကြီးရွယ်ကြီးတွေနဲ့ လမ်းခရီးမှာဆုံဆည်းလို့ ပြုစုခွင့်ရတာကိုပဲ ဝမ်းမြောက်ဝမ်းသာ ဖြစ်ရပါတယ်"ဟု ချိုသာသောအသံကလေးဖြင့်ပြောရာ အဒေါ်ကြီးက . . .



www.burmeseclassic.com

www.burmeseclassic.com

"ယူ့နာမည်က နွယ်တဲ့လား"ဟု စပ်စုလိုက်လေ၏။

မော်လမြိုင်သူက သူ၏သွားဖြူဖြူများကို ပေါ်သည်အထိ ပြုံးလိုက်လေ၏၊

"ဟုတ်ပါတယ်၊ မြနှင်းနွယ်ပါ"ဟု ပြန်၍ဖြေလိုက်ပြီးနောက် ပြုံးလိုက်ပြန်၏။ မြနှင်းနွယ်၏စိတ်၌ ဤအဒေါ်ကြီးကား လွန်စွာမှပင် ဘိုဆန်သောအဒေါ်ကြီး ဖြစ်ပေသည်။ ထို့ကြောင့် ဘို(အင်္ဂလိပ်)တို့၏ထုံးစံအတိုင်း ကြားတွင် "အင်ထရိုဂျူ"ခေါ် မိတ်ဆက်ပေးမည့်သူ မရှိပါက မိမိနှင့်သိကျွမ်းခြင်းမရှိသူအား အဖက်လုပ်၍ စကားပြောမည့်သူမဟုတ်ကြောင်း ရိပ်မိလေ၏။ သို့ရာတွင် ယခုအခါ၌ "ယူ့နာမည်က နွယ်တဲ့လား"ဟု မေးမြန်းစပ်စုလိုက်ခြင်းအတွက် မြနှင်းနွယ်သည် ဝမ်းသာ၍သွားလေ၏။ စပ်စုခြင်းအလုပ်မှာ မြန်မာဆန်ခြင်းတစ်မျိုးဖြစ်ပေရာ ဘိုဆန်သောအဒေါ်ကြီးတစ်ဦး၏ သဏ္ဍာန်၌ မြန်မာဆန်သောအမူအရာများ ပေါ်ပေါက်လာခြင်းကို မြနှင်းနွယ်အနေနှင့် ဝမ်းသာမိခြင်း ဖြစ်ပေသည်။

"ယူနေတော့ မော်လမြိုင်မှာပဲလား"ဟု ဘိုဆန်သောအဒေါ်ကြီးက ထပ်၍စပ်စုပြန်၏။

"ဟုတ်ပါတယ်၊ နွယ်က မော်လမြိုင်မှာပဲနေပါတယ်၊ ဖေဖေကတော့ ရန်ကုန်မှာပါ၊ နွယ့်မှာ မေမေမရှိတော့ပါဘူး၊ ဒါကြောင့် နွယ့်မေမေအရွယ် အဒေါ်ကြီးတွေကိုတွေ့ရင် နွယ်ကသိပ်ပြီး ဝမ်းသာတာ"

"နွယ့်ရဲ့ဒယ်ဒီက ဘယ်မှာလုပ်ပါသလဲ"ဟု ဘိုဆန်သော အဒေါ်ကြီးက မြန်မာဆန်လိုက်ပြန်၏။

"ဖေဖေက ရန်ကုန်မှာ ပွဲရုံရှိပါတယ်၊ တစ်လ, တစ်ခါနှစ်ခါ လောက်တော့ နွယ်က ဖေဖေ့ဆီလာတတ်ပါတယ်"

"ရန်ကုန်စတေရှင်မှာတော့ နွယ့်ဒယ်ဒီ လာကြိုနေမှာပေါ့"ဟု အဒေါ်ကြီးက မေးပြန်၏။

"ဟုတ်ကဲ့ရှင့်၊ ဖေဖေလာကြိုနေမှာပါ"

"အေး . . . ယူကလည်း ဒယ်ဒီလာကြိုနေမယ်၊ အိုင်ကလည်း ဘက်ထရစ်က လာကြိုနေမယ်၊ ဘက်ထရစ်ဆိုတာက အန်တီ့သားလေးပါ ယူကလည်း ဒယ်ဒီနဲ့တွေ့ချင်လှပြီ၊ အန်တီကလည်း သားကလေးနဲ့ တွေ့ချင်လှပြီ။ အေး . . . ယူတို့ အိုင်တို့ ဝီးမင်းတွေဟာ တစ်ဦးမဟုတ် တစ်ဦးကို သံယောဇဉ်တွယ်နေကြရတာလား"ဟု အဒေါ်ကြီးက ပြောပြန်၏။

"အန်ကယ်က လာမကြိုဘူးလား"ဟု မြနှင်းနွယ်က မေးလိုက်ရာ အဒေါ်ကြီးက . . .

"မရှိရှာတော့ဘူးကွယ်၊ အန်တီ့ဒါလင်က ရာဇဝတ်ဝန်တစ်ဦးပေါ့ကွယ်"ဟုပြောရင်း မိမိခင်ပွန်းသည်အား သတိရလာသဖြင့် ချက်လုံးများရီဝေကာ မျက်ရည်များ စို့၍လာပြီးလျှင် နဖူးနှင့်ပခုံးစွန်းများကို ကြက်ခြေခတ်သဏ္ဍာန် လက်ဖြင့်တို့၍ ခရစ်ယာန်ဘုရားမှိုင်းနည်းအတိုင်း ရှိခိုးလိုက်လေ၏။

ဤသို့နှင့်ပင် မော်လမြိုင်သူ မြနှင်းနွယ်နှင့် ဘိုဆန်သောအဒေါ်ကြီးတို့သည် မော်လမြိုင်ရထားပေါ်၌ ရင်းနှီးခဲ့ကြလေ၏။ ဘိုဆန်သောအဒေါ်ကြီး၏အမည်မှာ ဒေါ်မာဂရက်ဟု သိရလေ၏။

ရန်ကုန်ကွန်းခြံဘူတာသို့ရောက်လျှင် မြနှင်းနွယ်မှာလည်း ဖခင်ဖြစ်သူက လာရောက်ကြိုနေသဖြင့် ဒေါ်မာဂရက်ကြီးအား နှုတ်ဆက်ကာ ရထားပေါ်မှဆင်းခဲ့လေ၏။





မရမ်းတာလင်းစာပေတိုက်

www.burmeseclassic.com

www.burmeseclassic.com



"ယူကတော့ ယူဒက်ဒီလာလို့ အိုကေသွားပြီ၊ အိုင်ကတော့ ဝက်ထရစ်သဖူးကို စောင့်ရဦးမယ်"ဟု ဒေါ်မာဂရက်ကြီးက အင်္ဂလိပ်တစ်ခွန်း၊ မြန်မာတစ်ခွန်းဖြင့် ပြောဆိုလိုက်သဖြင့် မြနှင်းနွယ်က ပြုံးလိုက်မိသေးတော့၏။

📖 📖 📖





## ဘိုအိမ်ကြီးကို ဝယ်ပြီ

အထက်ပါအဖြစ်အပျက် ဖြစ်ခဲ့ပြီးနောက် တစ်နှစ်ကျော်ကျော်ခန့် ကြာသည့်အခါ၌ အင်းစိန်၊ ကြို့ကုန်းရပ် ကားလမ်းအနီးရှိ လွန်စွာခန်းနားသော ဘိုအိမ်ကြီးတစ်အိမ်ရှေ့တွင် မော်တော်ကားလေးတစ်စီးသည် လာ၍ရပ်လေ၏။ ကားပေါ်မှ လုံးကြီးပေါက်လှ မိန်းမတစ်ဦးသည် ခြံတံခါးဝဆီသို့ လျှောက်သွားပြီးနောက် လူခေါ် ခေါင်းလောင်းကြိုးကို လှုပ်ရမ်းလိုက်လေ၏။ ထိုသို့ လှုပ်ရမ်းပြီးနောက် အိမ်၏ပတ်ဝန်းကျင် အခြေအနေကို အကဲခတ်ကြည့်ရှုလေ၏။

ထိုအိမ်ကြီးမှာ ခြံဝင်းကျယ်ကြီးအတွင်း၌ ခန့်ညားစွာ ဆောက်လုပ်ထားခြင်း ဖြစ်ပေသည်။ ခြံဝင်းအတွင်း၌ စိုက်ပျိုးထားသော သရက်၊ ပိန္နဲ၊ အုန်း၊ စိန်ပန်း စသောအပင်တို့၏ အရိပ်များမှာလည်း ကြီးတစ်ခြံလုံးနှင့် အိမ်ကြီးကို ကောင်းစွာအရိပ်ရစေရုံမျှမက လမ်းပေါ်သို့ပင် အရိပ်ရစေသဖြင့် အင်းစိန်ဈေးသို့ ဈေးရောင်းသွားကြသော ဈေးသည်များနှင့် အင်းစိန်ဘူတာသို့သွားကြသော ခရီးသည်များသည် ထိုအိမ်ကြီး၏ အရှေ့လမ်းပေါ်၌ အရိပ်ခိုနားလေ့ရှိကြလေ၏။ ထိုသို့ နားနေစဉ်၌လည်း အိမ်ကြီးဆီမှ အင်္ဂလိပ်ဓာတ်ပြားဖွင့်သံကိုဖြစ်စေ၊ ပီယာနိုတီးသံကိုဖြစ်စေ၊ ကြားရတတ်မြဲ မြည်သည့်အပြင် တစ်ခါတစ်ရံ၌ အိမ်သားအချင်းချင်း တစ်ဦးနှင့်



www.burmeseclassic.com

www.burmeseclassic.com



တစ်ဦး ဘိုလိုပြောဆိုသံကိုပါ ကြားရတတ်သဖြင့် ထိုပတ်ဝန်းကျင်မှ လူများက ထိုအိမ်ကြီးအား **"ဘိုအိမ်ကြီး"**ဟု ခေါ်ဝေါ်ကြလေ၏။

ခြံဝတွင်ရပ်လျက် တောင်မြောက်လေးပါးကို ကြည့်ရှုလျက် ရှိသော မိန်းမပျိုက လူခေါ်ခေါင်းလောင်းကြိုးကို လှုပ်ပြန်လေ၏။ ထိုအခါကျမှပင် ကရင် အစေခံမကလေးတစ်ဦး ထွက်လာပြီးလျှင် ခြံပြင်မှမိန်းမပျိုအား "ဘာလဲ"ဟု မေးလေ၏။ မိန်းမပျိုက . . .

"အိမ်ရှင်နဲ့ တွေ့ချင်လို့ပါ"ဟုပြောလိုက်ရာ အစေခံကရင်မ ကလေးသည် ပြန်၍ထွက်သွားပြီးလျှင် သရက်ပင်အောက်တွင် ကြိမ်ကုလားထိုင်ကြီးပေါ်၌ ထိုင်လျက် အင်္ဂလိပ်မဂ္ဂဇင်းစာအုပ်ကို ဖတ်လျက်ရှိသော အိမ်ရှင် ဒေါ်မာဂရက်အား . . .

"အိမ်ရှင်နဲ့ တွေ့ချင်လို့"ဟု ကရင်သံဝဲဝဲကလေးဖြင့် ပြောလိုက် ရာ ဒေါ်မာဂရက်က . . .

"သူ ဘယ်သူပါလိမ့်၊ အိုးဟဲလ်"ဟု အင်္ဂလိပ်ဘာသာဖြင့် ရေရွတ် ညည်းတွားလိုက်ပြီးနောက် အစေခံမကလေးအား ခြံတံခါးကိုဖွင့် ပေးရန် ပြောလိုက်လျှင် အစေခံမကလေးလည်း ခြံတံခါးဖွင့်ပေး၍ မြနှင်းနွယ်အား ဒေါ်မာဂရက်ထံသို့ ခေါ်၍လာလေ၏။

ဒေါ်မာဂရက်သည် မြနှင်းနွယ်အား ခြေဆုံးခေါင်းဆုံး ကြည့် ပြီးနောက် . . .

"အိုး . . . ယူလပ်ဗလီဝဲ မြနှင်းနွယ်၊ အိုင် မှတ်မိပြီ . . . မှတ်မိ ဆေးအဘောက် တစ်နှစ်လောက်က မော်လမြိုင်ကနေ ရထားအတူ တွဲစီးခဲ့ကြတဲ့ မြနှင်းနွယ်၊ အိုင်နိုး . . . သိပြီ . . . မြနှင်းနွယ်၊ တိတ် ယူဝါဆိ . . . ထိုင်ပါ . . . ထိုင်ပါ"ဟုဆိုကာ မြနှင်းနွယ်အား ၎င်း ရှေ့မှ ကြိမ်ဖြင့်ပြုလုပ်ထားသော ထိုင်ခုံကလေးတစ်ခုကို ညွှန်ပြလေ၏။





မြနှင်းနွယ်သည် ထိုင်လိုက်ပြီးနောက် ဒေါ်မာဂရက်ကြီးကို အကဲခတ် ကြည့်ရှုလိုက်လေ၏။

လွန်စွာဟောင်းနွမ်း၍ ပေါက်ပြဲနေသော ကြိမ်ကုလားထိုင်ကြီး ပေါ်၌ ထိုင်လျက် သူ၏ခြေထောက်များကို ခွေးခြေပုကလေးပေါ်၌ တင်ထားသည်ကို တွေ့ရလေ၏။

မြနှင်းနွယ်၏မျက်လုံးများသည် ဒေါ်မာဂရက်၏ခြေထောက်များ ဆီသို့ ရောက်၍သွား၏။ ဒေါ်မာဂရက်၏ ခြေထောက်များသည် ရောင်ကိုင်း၍ နေလေ၏။ အနီး၌လည်း စီးကရက်တိုကလေးပေါင်း များစွာကိုလည်း တွေ့ရ၏။ သံဗူးမှာ အကောင်းစား မြင်းတံဆိပ် စီးကရက်သံဗူးဖြစ်သော်လည်း ထည့်ထားသည့်စီးကရက်များမှာ ဘိန်းစားတန်းမှ ဘိန်းစားများ လိပ်၍ရောင်းသော အပေါစား စီးကရက်များ ဖြစ်ပေသည်။

အနီးတွင် ချ၍ထားသော အင်္ဂလိပ်မဂ္ဂဇင်းစာအုပ်များကို ကြည့်လိုက်မိပြန်ရာ လောလောလတ်လတ်ထုတ်သော စာအုပ်များ မဟုတ်ဘဲ နှစ်အတော်ကြာက ထုတ်ဝေခဲ့သော စာအုပ်ဟောင်းများ ဖြစ်ကြောင်း တွေ့ရပြန်၏။

မြနှင်းနွယ်သည် ဘိုအိမ်ကြီးပေါ်၌ ကြွေရရမ္မဲတေလျက်ရှိသော ဒေါ်မာဂရက်ကြီး၏အဖြစ်ကို ရိပ်မိသွားလေ၏။

"ယူက လာလည်တာလား"ဟု ဒေါ်မာဂရက်ကြီးက ပြောလေ၏။

"မဟုတ်ပါဘူး အန်တီ၊ ဝတ်လုံတစ်ယောက်ဆီက သတင်းကြား လို့ လာခဲ့တာပါ၊ တကယ်လို့ နွယ်ကြားတဲ့သတင်းများ မှားသွားရင် တော့ နွယ့်ကို စိတ်မဆိုးပါနဲ့"ဟု မြနှင်းနွယ်က စကားအစပျိုးလိုက် လေ၏။



www.burmeseclassic.com

www.burmeseclassic.com



"ဝုပ်နယူးစ် . . . ဘာသတင်းလဲ"ဟု ဒေါ်မာဂရက်ကြီးက ပြောလေ၏။

"ဒီလိုပါ . . . ဒီအိမ်ကြီးကို ရောင်းမယ်လို့ သတင်းကြားလို့ပါ"

"ရှူး . . . ရှူး . . ." ဒေါ်မာဂရက်ကြီးသည် သူ၏ပါးစပ်၌ လက်ညှိုးကိုထောင်လျက်သား ကပ်၍ "တိုးတိုး"ဟူသော သင်္ကေတကို ပြပြီးလျှင် ဘေးဘီကိုကြည့်လေ၏။ ထိုသို့ကြည့်ပြီးနောက် . . .

"ယူကြားတဲ့ နယူးစ်က အမှန်ပဲ၊ ရောင်းချင်ပါတယ်၊ မရောင်းခင်မှာ ကြွေးရှင်တွေကြားသွားရင် အိုင် ဒုက္ခရောက်မှာစိုးလို့၊ ပလိစ် တိုးတိုးပြောပါ"ဟု ဆိုလေ၏။

"ဘယ်လောက်နဲ့ရောင်းမှာလဲ"ဟု မြနှင်းနွယ်က မေးပြန်ရာ ဒေါ်မာဂရက်ကြီးက . . .

"ဖော်တီးသောင်ဇင် . . .၊ လေးသောင်းခေါ်ထားတယ်၊ သာတီးဖိုက်သောင်ဇင် ရရင်လဲ အိုင်ကတော့ရောင်းမှာပဲ"ဟု ပြောလေ၏။

"ဈေးတော့ မဆစ်တော့ပါဘူး၊ သုံးသောင်းခွဲဆိုရင် နွယ်ဝယ်ပါ့မယ်"

"ယူက မော်လမြိုင်မှာမနေဘဲ ရန်ကုန်မှာ နေတော့မလို့လား"ဟု ဒေါ်မာဂရက်က မေးပြန်၏။

"ဟုတ်ကဲ့ . . . နွယ့်ဖေဖေဆုံးသွားပြီး၊ နွယ်က ပွဲရုံလုပ်ငန်းတွေ လုပ်နေရတယ်၊ ဒါကြောင့် ရန်ကုန်မှာနေဖို့ အိမ်ရှာရတာ . . .၊ ကုလားဝတ်လုံ မစ္စတာကစ္စနားကပြောလို့ ဒီအိမ်ကြီးရောင်းမယ်ဆိုတာ သိတာပါ၊ အန်တီ့အိမ်မှန်းလည်း မသိပါဘူး"ဟု မြနှင်းနွယ်ကပြောရာ ဒေါ်မာဂရက်က ဘိန်းစားစီးကရက်ကိုထုတ်၍ သောက်ပြီးနောက် . . .





"ဒါလင်က စိတ်ကြိုက်ဆောက်သွားတာ၊ ဒီအိမ်ပုံစံက အင်္ဂလန်မေပဲယားကွာတာက အိမ်တွေရဲ့ပုံစံမျိုး"

"အန်ကယ်က ဘိလပ်သွားတာကိုး"

"ဘိလပ်သွားတာ မဟုတ်ဘူး၊ ဘိလပ်သားမှ ဘိလပ်သားအစစ်၊ စွေတာဖော်စတာတဲ့၊ ရာဇဝတ်ဝန်ပေါ့၊ အိုင်တို့က ဘိုကတော်အစစ်၊ ဘိုကတော်ဆိုတာ အိုင်တို့ကိုခေါ်မှ မှန်တယ်၊ တစ်ချို့က ဘိလပ်သား မဟုတ်ဘဲ အိုင်းရစ်ချ်တွေ၊ အင်ဂလိုအင်ဒီးယန်းတွေနဲ့ယူပြီး ဘိုကတော်လို့ အခေါ်ခံနေကြတာ"ဟု ဒေါ်မာဂရက်က ဘိလပ်သားကို ယူ၍ ဘိုကတော်ဖြစ်ခဲ့ရခြင်းကို ဂုဏ်ယူဝင့်ကြွားစွာ ပြော၍နေလေ၏။

မြနှင်းနွယ်သည် ဘိုကတော် ဒေါ်မာဂရက်ကြီးကိုကြည့်၍ ရယ်လည်းရယ်ချင်၊ သနားလည်း သနားမိလေ၏။

"အိမ်ဝယ်မယ့် ယူ့ကိုတော့ ဒီည ဒင်နာပေးရမယ်"ဟု ဒေါ်မာဂရက်ကြီးကပြောလျှင် မြနှင်းနွယ်က ထမင်းမစားလိုကြောင်း တပျာကယာ ငြင်းရလေ၏။ ထိုအခါ၌ ဒေါ်မာဂရက်က . . .

"အိမ်ထဲကို သွားရအောင်"ဟုဆိုကာ အနီးရှိခေါင်းလောင်းကလေးကို ကောက်ယူ၍ "ဂလောင် . . . ဂလောင်"ဟု ခေါက်လိုက်ရာ အစေခံမကလေးသည် အပြေးကလေးရောက်၍ လာလေ၏။

"အထဲကို ပို့စမ်းပါ"ဟု အင်္ဂလိပ်လိုပြောလိုက်ရာ အစေခံမကလေးက ဒေါ်မာဂရက်ကြီးအား ချိုင်းမှနေ၍တွဲကာ အိမ်တွင်းသို့ ခေါ်သွားလေ၏။ မြနှင်းနွယ်လည်း အနီးမှလိုက်ပါသွားရလေ၏။

အိမ်တွင်း၌ကား ဟောင်းနွမ်းပျက်စီးလျက်ရှိသော အိမ်ထောင်ပရိဘောဂများကိုလည်းကောင်း၊ ပေါက်ပြဲလျက်ရှိသော ကော်ဇော



www.burmeseclassic.com

www.burmeseclassic.com



ကြီးနှင့် ဟိုတစ်ကွက် ဒီတစ်ကွက်ဆိုသလို အကွက်ကြီးများဖြစ်၍ နေသည့် အိမ်နံရံကြီးကိုလည်းကောင်း ကြည့်၍ အထည်ကြီးပျက် ဘိုကတော်တစ်ဦး၏အဖြစ်ကို မြနှင်းနွယ်သည် သနားခြင်း ဖြစ်မိလေတော့၏။

မြနှင်းနွယ်သည် အနည်းငယ်မျှ ပြောဆိုပြီးနောက် . . .

"နက်ဖြန်ကို စာချုပ်ရေးခဲ့ပါ့မယ် အန်တီ၊ ငွေလည်း ချေပါ့မယ်" ဟု ပြောဆိုကာ ထ၍ပြန်မည်အလုပ်၌ ဘိုကတော်ကြီးက . . .

"ကော်ဖီသောက်ပါဦး"ဟု ဆိုသဖြင့် ပြန်၍ထိုင်ရလေ၏။ ဘိုကတော်ကြီးသည် အစေခံမကလေးအား ကော်ဖီဖျော်ရန် ခိုင်းလိုက်သဖြင့် အစေခံမကလေးသည် နံနက်ကကျန်သော ကော်ဖီကို အနည်းငယ်နွေး၍ ယူလာလေ၏။

ထိုအချိန်၌ အိမ်ပေါ်ထပ်မှ လူရွယ်တစ်ဦး ပြေး၍ဆင်းလာရာ မြနှင်းနွယ်အနီးသို့ ရောက်လာလေ၏။ ထိုအခါ၌ မြနှင်းနွယ်က ထိုလူရွယ်အား ဖြတ်ကနဲ ကြည့်လိုက်မိလေ၏။ နက်ပြာရောင် ဘောင်းဘီရှည်ကို ဝတ်ထား၍ ကိုယ်အထက်ပိုင်းကို ဗလာကျင်း၍ထားသည့် အသက်နှစ်ဆယ်ကျော်အရွယ်ခန့်ရှိ ကြေးနီရောင်အဆင်းရှိသော ချောမောလှပသည့် လူရွယ်က ဘိုကတော်ကြီးအား . . .

"မာမီ"ဟု ခေါ်လိုက်ရာ ဘိုကတော်ကြီးက အင်္ဂလိပ်ဘာသာဖြင့် . . .

"ပက်ထရစ်နဲ့ မိတ်ဆက်ပေးရဦးမယ်"ဟု ပြောပြီးနောက် မြနှင်းနွယ်ဘက်သို့လှည့်ကာ အင်္ဂလိပ်တစ်ပိုင်း ဗမာတစ်ပိုင်းစကားဖြင့် အောက်ပါအတိုင်း မိတ်ဆက်ပေးလေ၏။

"မိုင်ဆန်း ပက်ထရစ် . . . ပက်ထရစ် ဟောဒီ စစ်စတာကြီးက





မြနှင်းနွယ်တဲ့၊ ပွဲရုံပိုင်ရှင်၊ မော်လမင်းက၊ မာမီနဲ့ လပ်စ်ယီးယား တုန်းက ရထားအတူစီးခဲ့တာ"

ပက်ထရစ်ဟုခေါ်သည့် လူရွယ်ကလည်း မြနှင်းနွယ်နှင့် သိကျွမ်းရခြင်းအတွက် ဝမ်းမြောက်ဝမ်းသာရှိကြောင်းပြောလျှင် မြနှင်းနွယ်က မြန်မာဘာသာဖြင့်ပင် ဝမ်းမြောက်ကြောင်း ပြန်၍ပြောလေ၏။

ထို့နောက် မြနှင်းနွယ်သည် ဘိုကတော်ကြီးတိုက်ကျွေးသော ကော်ဖီကိုသောက်လေ၏။ ကော်ဖီသောက်ရင်းနှင့်ပင် ကော်ဖီပန်းကန်ကို အကာအကွယ်ယူ၍ မြနှင်းနွယ်သည် ပက်ထရစ်ကို ခိုး၍ကြည့်လေ၏။

ဘိုကတော်ကြီးနှင့်လည်း မတူ၊ အဖေဘိလပ်သား၏ အသွေးအရောင်မျိုးလည်း မပါဘဲ၊ မြန်မာပီသ,လှသော အသားရောင်သည် မြနှင်းနွယ်၏မျက်စိထဲ၌ စွဲထင်၍သွားလေ၏။

ကိုယ်လုံးကိုယ်ပေါက် ဖြောင့်စင်း၍ ခြေဆန်လက်ဆန် ရှည်သွယ်ခြင်းသည် ကြည့်ကောင်းလှပေ၏။ ပက်ထရစ်၏ ကျယ်ပြန့်သော မေးရိုး၊ ပိရိစေ့စပ်လှသော နှုတ်ခမ်း၊ မြန်မာပီသ၍ ကြည့်ကောင်းလှသော မျက်လုံးမျက်ဖန်တို့ကြောင့် မြနှင်းနွယ်သည် ပက်ထရစ်နှင့် ဘိုကတော်ကြီးကို ဆက်စပ်ကြည့်မိလေ၏။

ဘိုကတော်ကြီးမှာ ဘိုဆန်သော်လည်း ပုအိုက်အိုက်နှင့် အရုပ်ဆိုးလှသည်ဖြစ်ရာ ပက်ထရစ်သည် အမေတူမဖြစ်ကြောင်း သေချာလှပေသည်။

တဖန် ပက်ထရစ်သည် မြန်မာပီသ,သော ရုပ်ရည်ရှိခြင်းကြောင့် သူ၏ဖခင် ဘိလပ်သား မစ္စတာဖော်စတာနှင့်လည်း တူသည်မဟုတ်ကြောင်း မြနှင်းနွယ်က တွေးမိလေ၏။



www.burmeseclassic.com

www.burmeseclassic.com

မြနှင်းနွယ်က ကော်ဖီကိုဆက်၍မသောက်ဘဲ ပန်းကန်ကိုချ၍ ကိုင်ထားသဖြင့် ပက်ထရစ်က . . .

"မမ . . . ကော်ဖီကို ပေါ့ပေါ့ကြိုက်ပါသလား၊ ပြင်းပြင်းကြိုက်ပါသလား"ဟု အင်္ဂလိပ်လို မေးလိုက်လေ၏။

၎င်း၏မိခင် ဘိုကတော်ကြီးသည် ညွှန်သည်လူစိမ်းအား အင်္ဂလိပ်စကားဖြင့်မပြောလျှင် မကြာခဏဆူတတ်သောကြောင့် ပက်ထရစ်သည် ဤသို့အင်္ဂလိပ်ဘာသာဖြင့် ပြောရခြင်းဖြစ်လေသည်။ မြနှင်းနွယ်၏စိတ်၌လည်း တစ်ဘက်လူက အင်္ဂလိပ်လိုပြောနေပါလျက် အင်္ဂလိပ်လိုမပြောဘဲ မြန်မာလိုချည်းပြောနေလျှင် အရွဲ့တိုက်သလို ဖြစ်၍နေမည်စိုးသဖြင့် လွန်စွာအထက်တန်းကျသော လေယူလေသိမ်းဖြင့် . . .

"မမက နဲနဲအချိုကြိုက်တယ်၊ ဒါကြောင့် ဒီကော်ဖီဟာ အတော်ပါပဲ"ဟုပြောလိုက်ရာ ပက်ထရစ်ကပြုံး၍ နှုတ်ဆက်ပြီးနောက် ဘိုကတော်ကြီးဘက်သို့လှည့်ကာ . . .

"မာမီ . . . ကျွန်တော် တော်မီတို့ဆီသွားဦးမယ်"ဟုဆိုကာ အခန်းတွင်းသို့ဝင်၍ အဝတ်အစားလဲလေ၏။

များမကြာမီ၌ပင် ဘောင်းဘီအဖြူ၊ ကုတ်အကျီအဖြူ၊ ရှူးဖိနပ်အဖြူတို့ကို သေသပ်ကျနစွာဝတ်ဆင်၍ အင်္ဂလိပ်ရုပ်ရှင်မင်းသား ဗလင်တီနို၏ဆံပင်မျိုးကို သေသပ်စွာဖြီး၍ထွက်လာသော ပက်ထရစ်ကိုမြင်လျှင် မော်လမြိုင်သူ အပျိုကြီးမြနှင်းနွယ်သည် "မိန်းမတို့ ကြွေ ရွှေပေးမရ"ဟူသော စကားပုံကိုရိုက်ချိုး၍ ပက်ထရစ်အား ခိုး၍ခိုး၍ကြည့်ရာမှ ပြောင်ပြောင်တင်းတင်းပင် ကြည့်လေတော့၏။ ထိုသို့ကြည့်ပြီးနောက် "တယ်ပြီး ကြည့်ကောင်းတဲ့လူပါလား"ဟု စိတ်တွင်းမှ ချီးကျူးလိုက်မိပြီး ဖြစ်လေ၏။





ပက်ထရစ်သည် မိခင်ဖြစ်သူ ဘိုကတော်ကြီးနှင့် မြနှင်းနွယ်အား နှုတ်ဆက်ကာ လေကလေးချွန်၍ အပြင်သို့ထွက်သွားလေတော့၏။ ပက်ထရစ် ခြံပြင်ရောက်သည်အထိ ပက်ထရစ်၏နောက်ကျောကို မိခင်ဖြစ်သူ ဘိုကတော်ကြီးက ကြည့်၍နေလေ၏။ မော်လမြိုင်သူ အပျိုကြီးကလည်း ဘိုကတော်ကြီးကဲ့သို့ပင် ပက်ထရစ်၏ ကျယ်ပြန့်သော ကျောပြင်ကြီးကိုကြည့်၍ နေလေ၏။

"ပက်ထရစ်က သူ့ဒက်ဒီရဲ့သွေးလဲမပါဘူး၊ အိုင်ရဲ့သွေးလည်း မပါဘူး၊ ဂရင်းဖားသားရဲ့ သွေးပဲပါတယ်၊ သိပ်ပြီး မြန်မာဆန်တယ်၊ ဘိုဆန်အောင် မနဲလုပ်ထားရတာ၊ အိုင်တို့ဒယ်ဒီက နှုတ်ခမ်းမွေး ကားကားကြီးနဲ့ တကယ့်ဗမာကြီး၊ ရွှေဘိုသား မြေပိုင်ရှင်ကြီး . . . အန်တီငယ်ငယ်က ခရစ်ယာန်သီလရှင်ကျောင်းမှာနေတယ်၊ ခရစ်ယာန်ထဲဝင်ခဲ့ပြီး မစ္စတာဖော်စတာနဲ့ လက်ထပ်လိုက်တော့ ရွှေဘိုသား ဒယ်ဒီကြီးဟာ အလွန်ပဲစိတ်ဆိုးပြီး သမီးအဖြစ် အသိအမှတ် မပြုတော့ပါဘူး၊ ဟောဟိုချိတ်ထားတဲ့ဓာတ်ပုံဟာ ဒယ်ဒီ့ပုံပေါ့၊ ဦးရွှေဂေါင်းလို့ ခေါ်တယ်"ဟု ဘိုကတော်ကြီးက အခန်းနံရံ၌ ချိတ်ထားသောဓာတ်ပုံကို ညွှန်ပြသဖြင့် မြနှင်းနွယ်ကကြည့်လိုက်ရာ ရောင်တစောင်းထုံး၍ အပေါ်ပိုင်းဗလာကျင်းကာ ထိုး[illegible] မင်ကြောင်များပြည့်နှက်လျက် ခါးထောက်၍ရပ်နေသော ခန့်ညားသည့် မြန်မာယောကျ်ားတစ်ဦး၏ပုံကို တွေ့ရလေ၏။

"ပက်ထရစ်နဲ့ တူရဲ့မဟုတ်လား၊ ဘားမိစ်ဘောက်ဆင်ပွဲမှာ ဒယ်ဒီငယ်ငယ်ကရိုက်ထားတဲ့ ဖိုတို၊ ဒယ်ဒီက ဘားမိစ်ဘောက်ဆာကွယ့်၊ ပက်ထရစ်က ဂရင်းဖားသား သွေးပါတယ်၊ မြန်မာဆန်တယ်၊ အဲဒီအချက်ပဲ ပက်ထရစ်နဲ့ အိုင်နဲ့ မကြာခဏရန်ဖြစ်နေကြရတာ၊



www.burmeseclassic.com

www.burmeseclassic.com

ခုတော့ သူလဲအတော့်ကို ဘိုဆန်လာပါပြီ”ဟု ဘိုကတော်ကြီးက ပြောလေ၏။

“အန်တီတို့ ဒီအိမ်ကြီးဆောက်တာ ကြာပြီနော်”ဟု မြနှင်းနွယ်က ပြောလိုက်ရာ ဘိုကတော်ကြီးက . . .

“ဆောက်တာကတော့ ကြာပါပြီ၊ ဒါပေမယ့် ဒါလင်က မန္တလေး ပြောင်းလိုက်၊ ပြင်ဦးလွင် ပြောင်းလိုက်၊ ရေနံချောင်းပြောင်းလိုက်နဲ့ ဒီမှာ နေရတယ်ကို မရှိပါဘူးကွယ်။ ဒါလင်ဟာ မသေခင်သုံးနှစ်လောက်မှာပဲ ဒီအိမ်ကြီးမှာ ကောင်းကောင်းနေရတော့တယ်၊ ပက်ထရစ် ကောလိပ်ရောက်တော့ အိုင်တို့က မန်းဒလေး(မန္တလေး)မှာ နေကြတယ်။ ဒီအိမ်ကြီးက ပိတ်ထားတာ။ ပက်ထရစ်ကလည်း ဟိုစတယ်မှာပဲ နေတာ. . .။ ဟောလီးဒေးဆိုရင် မန္တလေးကိုပြန်လာတယ်။ တစ်ခါတလေ ဂရင်းဖားသားကြီးရှိတဲ့ ရွှေဘိုကိုသွားလည်တယ်။ သူ့ကိုတော့ ဂရင်းဖားသားကြီးက စကားပြောတယ်။ ရွှေဘိုရောက်တာနဲ့ မြန်မာဆန်အောင် လုပ်လိုက်တာပဲ။ ထမင်းစားရင် လက်နဲ့ စားခိုင်းတယ်၊ ဇွန်း ခက်ရင်း သုံးခွင့်မပြုဘူး၊ အင်္ဂလိပ်လို မပြောရဘူး၊ ယောင်ပြီး တစ်ခွန်းပြောမိရင် ခေါင်းကို တစ်ချက်ထိုးတယ်၊ အဲဒီ [illegible] အိမ်ပြန်ရောက်လာရင် ပက်ထရစ်ကို သူ့ဒက်ဒီက မြန်မာလို မပြောရဘူး၊ ပြောမိရင် မုန့်ဖိုးထဲက ဖိုင်းအဖြစ် တစ်လုံးကို ပိုက်ဆံ တစ်ပြားနှုန်းနဲ့ဖြတ်တယ်”ဟုပြောရာ မြနှင်းနွယ်သည် မြန်မာဆန်သော အဘိုးဖြစ်သူဦးရွှေဂေါင်းနှင့် ဘိုဆန်သော မစ္စတာ ဖော်စတာတို့၏ကြားတွင် ဟိုလိုပုံသွင်းလိုက်၊ သည်လိုပုံသွင်းလိုက်နှင့် ပုံအမျိုးမျိုးအသွင်းခံနေရသော ပက်ထရစ်၏အဖြစ်ကို တွေးမိရင်း ပက်ထရစ်အပေါ်၌ ကရုဏာသက်မိလေတော့၏။





မြနှင်းနွယ်သည် အတော်အတန်အချိန်ကုန်သည်အထိ စကားပြောပြီးနောက် ဘိုကတော်ကြီးအား ပြန်ရန်နှုတ်ဆက်လျှင် ဘိုကတော်ကြီးက . . .

“ယူ့ကိုပြောချင်တာကတော့ ယူ ဒီအိမ်ကြီးကို ဝယ်မယ်ဆိုတဲ့အကြောင်း ဘယ်သူ့ကိုမှ လေသံမဟ,ဖို့ပါပဲ . . .။ အိုင်ရဲ့ကြွေးရှင်တွေများ ဒီသတင်းကိုကြားရင်တော့၊ အိုင်တော့ ငရဲပြည်ကို တစ်ခါထဲရောက်သွားမှာပဲ”ဟု တောင်းပန်ရာ မြနှင်းနွယ်က မည်သူ့ကိုမျှ အသိပေးမည်မဟုတ်ကြောင်း ဝန်ခံလေ၏။

“ဝယ်ပြီးပြီးချင်းတော့ အိုင်တို့သားအမိကို နေရာဖယ်မခိုင်းပါနဲ့ဦး. . .၊ အိမ်ကြီးရောင်းလိုက်ရပြီဆိုတာ ပက်ထရစ်သိရင် အလွန်ဝမ်းနည်းသွားလိမ့်မယ်။ အဲဒါကိုပဲ စိုးရိမ်တာပါ”ဟု အင်္ဂလိပ်ဘာသာဖြင့် တောင်းပန်ပြောဆိုလိုက်ရာ မြနှင်းနွယ်ကလည်း ပြောင်းရွှေ့နိုင်ရန် အချိန်လုံလုံလောက်လောက်ပေးမည်ဖြစ်ကြောင်း ပြော၍ ဘိုကတော်ကြီးအားနှုတ်ဆက်ကာ ပြန်လာခဲ့ပြီးလျှင် နောက်တစ်နေ့၌ ကုလားရှေ့နေ မစ္စတာကစ္စနားကိုခေါ်ယူ၍ ကြို့ကုန်း၊ အင်းစိန်လမ်းကွေ့အနီးရှိ “ဘိုအိမ်”ကြီးကို အပြီးအပိုင်ငွေချေ၍ ဝယ်ယူလိုက်လေတော့သတည်း။

❧ ❧ ❧



www.burmeseclassic.com

www.burmeseclassic.com

## သွားတိုက်ဆေးဗူးဖြစ်ဖို့ ကံတရားပါလာသူ

ပက်ထရစ်သည် ဝင်ဒါမီယာရှိ သူငယ်ချင်းဖြစ်သူ စက်ရှင်တရားသူကြီး ဦးဘသန်း၏သား တော်မီဘသန်း၏ တီးပါတီခေါ် လက်ဘက်ရည်သောက်ပွဲသို့ ရောက်ရှိသွားလေ၏။ တော်မီဘသန်း၏ တီးပါတီမှာ တော်ရုံသင့်ရုံကျင်းပသည့် အခမ်းအနားမျိုးမဟုတ်ဘဲ တီးဝိုင်းနှင့် တပင်တိုင်အက,ကလေးပါ ထည့်သွင်းထားသည့်အပြင် မြန်မာအကကို ကြည့်လိုသော ဘိုများနှင့် လူကြီးလူကောင်းများကိုပါ ဖိတ်ကြားထားသည်ဖြစ်ရာ စည်စည်ကားကားနှင့် သိုက်သိုက်မြိုက်မြိုက်ရှိလှပေသည်။

ပက်ထရစ်ရောက်သွားသည်နှင့် တပြိုင်နက် တော်မီဘသန်းနှင့် ၎င်း၏ညီမများဖြစ်ကြသော ရှယ်လီ၊ တိုင်နီ၊ ကယ်လီတို့က လှိုက်လှိုက်လှဲလှဲ ကြိုဆိုကြလေ၏။

ပက်ထရစ်အား စားပွဲဝိုင်းတစ်ဝိုင်းဆီသို့ တော်မီဘသန်းက ပို့လိုက်လေ၏။ ထိုစားပွဲဝိုင်း၌ကား ယစ်မျိုးဝန်ထောက်ဦးဘဘာ၊ ဝန်ထောက်ကတော်နှင့် ဦးဘဘာ၏ တစ်ဝမ်းကွဲတူမ ခင်မမထို သည်လည်း ရှိလေသည်။

မရမ်းတလင်းစာပေတိုက်

www.burmeseclassic.com

www.burmeseclassic.com

ဦးဘာဘာသည် ပက်ထရစ်၏ဖခင် မစ္စတာဖော်စတာ လက်အောက်၌ အမှုထမ်းဖူးသည်ဖြစ်ရာ ပက်ထရစ်ကို ကောင်းစွ သိလေ၏။

"ပက်ထရစ်တို့ရုပ်ရည်ကတော့ ဘိုင်စကုတ်မင်းသား ဗလင်တီ ရှုံးလောက်ပါရဲ့၊ ဒါပေမယ့်"ဟုဆိုကာ စကားကိုရပ်ထားလေ ထိုသို့ စကားရပ်လိုက်ခြင်းမှာ ဝန်ထောက်ကတော်ကြီးက စားပွဲ အောက်မှနေ၍ ဝန်ထောက်ကြီး၏ပေါင်တွင်းကြောကို လိမ်၍ဆွဲလို သောကြောင့် ဖြစ်၏။

"အန်ကယ်က ဘာဖြစ်လို့ ကျွန်တော့်ကို ကဲ့ရဲ့ချင်ရတာလဲ" ပက်ထရစ်ကမေးလိုက်ရာ ဝန်ထောက်ကြီးက . . .

"ကဲ့ရဲ့တာမဟုတ်ပါဘူး မောင်ရာ၊ မောင့်ရုပ်ရည်မျိုးနဲ့ ဘွဲ့က ရမယ်ဆိုရင် ဘယ်လောက်ကောင်းမလဲလို့ ပြောတာပါ"ဟုဆိုလေ

"အန်ကယ်တောင် ၇-တန်းအောင်ရုံနဲ့ ဟိုလူ့ မျက်နှာချိုသွေ ဒီလူ့ မျက်နှာချိုသွေးနဲ့ ယစ်မျိုးဝန်ထောက် ဖြစ်လာသေးတာ ကျွန်တော်က အိုင်အေ ဂျူနီယာတန်းတောင် ရောက်ခဲ့သေးတာ ဆိုတော့ အန်ကယ့်လို အစိုးရအလုပ်များလုပ်ရင် အန်ကယ်ထ တိုးတက်ဖို့ အပုံကြီးရှိပါတယ်"ဟု ပက်ထရစ်ကပြောလိုက်ရ ဝန်ထောက်ကြီးမှာ အရိုက်ကိုအထိုးခံရသည့်အလား ငြိမ်၍ကျသွ လေတော့၏။

ထိုအခါ၌ ဝန်ထောက်ကတော်ကြီးသည် စကားစ,ကိုဖြတ် သဖြင့် . . .

"ပက်ထရစ်နဲ့ မိတ်ဆက်ပေးရဦးမယ်၊ ဟောဒါ မင်းအန်ကယ် တူမ ခင်မမတဲ့၊ ခင်မမရေ ဟောဒါက ကွယ်လွန်သူ ရာဇဝတ်





စ္စတာဖော်စတာနဲ့ မစ္စက်မာဂရက်တို့ရဲ့ တစ်ဦးတည်းသောသားကြီး ဖြရသ ပက်ထရစ်တဲ့"ဟု မိတ်ဆက်ပေးလိုက်ရာ ခင်မမသည် နိုးမတန်မဲ့ လက်ကိုကမ်းလိုက်သဖြင့် ပက်ထရစ်က လက်ကိုပြန်၍ တမ်းပြီးလျှင် လက်ဆွဲနှုတ်ဆက်ကြလေ၏။

"ခင်က အန်ကယ်ဦးဘာဘာရဲ့ တစ်ဝမ်းကွဲတူမဆိုပေမယ့် ဆွေမျိုးကနဲလေတော့ ဦးလေးအရင်းလိုပါပဲ. . . ဟောဒီဒေါ်ဒေါ် ကိုလည်း အဒေါ်အရင်းလိုပဲ သဘောထားရပါတယ်၊ ဒေါ်ဒေါ် တလည်း မကြာခဏ ပက်ထရစ်. . . ပက်ထရစ်နဲ့ မိတ်ဆွေဖြစ်ချင် နေတုန်း အခုလိုတွေ့ရတာ ဝမ်းသာပါတယ်"ဟု ခင်မမက မျက်နှာ ထားချိုချိုကလေးနှင့် ပြောလေ၏။

"ကျွန်တော်ကလည်း မိတ်ဆွေဖြစ်ရတာ ဝမ်းသာပါတယ်"ဟု ပက်ထရစ်က ပြန်၍ပြောလျှင် ခင်မမက . . .

"ပက်ထရစ်နဲ့ခင်တို့က ဘာသာချင်းမတူပေမယ့် အခုလိုမိတ်ဆွေ ဖြစ်ကြတာကတော့ ဘဝ ဘဝကချဘူးတဲ့ ရေစက်. . .၊ ပန္နက်ဘူးတဲ့ သစ္စာလို့ ဆိုရမှာပါပဲ"ဟု ပြောလိုက်ရာ ပက်ထရစ်က . . .

"ခင်က ဘယ်ဘာသာကို ကိုးကွယ်လို့လဲ"ဟု ပြန်၍မေးလိုက် လေ၏။

"ခင်က ဗုဒ္ဓဘာသာလေ"ဟု ခင်မမက ပြန်၍ပြောလျှင် ပက်ထရစ်က . . .

"အဲဒီလိုဆို တော်ပါသေးရဲ့ဗျာ၊ ကျွန်တော်က ခင်ရဲ့ဘိုဆန်ဆန် လက်ဆွဲနှုတ်ဆက်ပုံကိုကြည့်ပြီး ငါရဲ့မိတ်ဆွေသစ်ဖြစ်တဲ့ခင့်ကိုတော့ ဓမ္မစကြာတို့၊ မေတ္တာသုတ်တို့၊ ခန္ဓသုတ်၊ မောရသုတ်တို့၊ ရတနသုတ် တို့စတဲ့ ပရိတ်ကြီး ဆယ့်တစ်သုတ်ကို သင်ပြပေးရတော့မှာလို့



www.burmeseclassic.com

www.burmeseclassic.com



အောင်မြင်နေတာ . . . အခုတော့ တော်သေးတာပေါ့”ဟု ပြောလို
ရာ ခင်မမတို့ စကားကိုချက်ကျကျ ပြန်၍ချေပတတ်သော ပက်ထ
အား ပို၍သဘောကျသွားလေတော့၏။ ထို့နောက်တွင်က
လက်ဖက်ရည် မုန့်များ လာရောက်ချပေးသဖြင့် သောက်သုံးကြ
နောက် တပင်တိုင်အက,ဘက်သို့လှည့်၍ အားပေးကြည့်ရှုကြရလေ

ခင်မမသည် ပက်ထရစ်အနီးသို့ကပ်၍ မင်းသမီးကလေ
အက,ကောင်းကြောင်း လက်ကလေးများ ပျော့ပြောင်းကြောင်း
စကားမရှိ စကားရှာ၍ ပြောဆိုနေရုံမျှမက ပက်ထရစ်က စီးကရ
သောက်ရန် ပါးစပ်၌တေ့လိုက်သည့်အခါတွင် အနီးရှိမီးခြစ်ကိုယူ
မီးခြစ်၍တို့ပေးခြင်း စသော လွန်စွာလိုက်လျောသည့် အမူအရ
မျိုးကို ပြလေ၏။ ဝန်ထောက်ကြီးမှာလည်း ခင်မမကို မကြာမကြ
မျက်စောင်းထိုး၍ ကြည့်လေ၏။

ငှင်းတို့၏စားပွဲများနှင့် များစွာမဝေးလှသော စားပွဲတွင်က
မိန်းမလေးယောက်တို့သည် တပင်တိုင်အက,ကိုမကြည့်ဘဲ ပက်ထ
နှင့် ခင်မမတို့ကို ကြည့်ရှုနေကြကုန်၏။

“ဟော့ . . . ကြိုင်ကြိုင်၊ ဟိုဟာမက အခုမှတွေ့ရတဲ့သူ
စီးကရက်မီး တို့ပေးလား ဘာလားနဲ့၊ သူနဲ့ နှစ်ပေါင်းနှစ်ဆယ
လောက်က ညားထားတဲ့လင်ကျနေတာပဲ”ဟု မိန်းမငယ်တစ်ဦးက
ပြောလျှင် ကြိုင်ကြိုင်ဆိုသောမိန်းမက . . .

“အို . . . နုနုက ဒီကောင်မကို မသိဘူးလား၊ ဒီကောင်မက
ခင်မမတဲ့၊ သူ့အဖေနဲ့အမေ မစားရက် မသောက်ရက်စုထားတဲ့ငွေက
အမွေရလိုက်တယ်လေ . . .၊ သူ့အမေနဲ့အဖေက တစ်နှစ်ထဲမှာ
နှစ်ယောက်လုံး ဆုံးသွားကြတာဆိုတော့ အမွေတွေနဲ့ သူ့ငွေးမဖြ





ပြီး ကဲထရိုက်တာလိုလို၊ ကုမ္ပဏီပိုင်ရှင်လိုလို ဂိုက်မျိုးဖမ်းပြီး
နေတာပဲ၊ ယောက်ျားတွေနဲ့တွဲလိုက်တာကလဲ ဟောတစ်ယောက်
ဟာတစ်ယောက်ပဲ”ဟု ပြောပြန်လေ၏။

“သူက ယောက်ျားမယူဘူးလား”ဟု တစ်ယောက်ကမေးပြန်ရာ
ကြိုင်ကြိုင်ဆိုသောမိန်းမက . . .

“ဒီကောင်မျိုးက ယောက်ျားတစ်ယောက်ကို လင်မှတ်မှတ် သား
မှတ်မှတ် ဘယ်ယူပါ့မလဲ၊ ယောက်ျားယူလိုက်ရင် အခုလို လွတ်လွတ်
လပ်လပ် ဘယ်လိုလုပ်ပြီး နေလို့ရမှာလဲ၊ အခုတော့ အပျိုဆိုတဲ့
နာမ်လည်းရှိသေး”ဟု ပြောလိုက်ရာ နုနုဆိုသောမိန်းမက . . .

“ကြိုင်ကြိုင်ကတော့ ပြောလိုက်ရင် ပြစ်ပြစ်နှစ်နှစ်ပဲ”ဟု
ဆိုလေ၏။

“ဒီကောင်မမျိုးကတော့ ပြစ်ပြစ်နှစ်နှစ်ပြောရမယ်ဟေ့၊
ဒီကောင်မက တူအရွယ် သားအရွယ် ယောက်ျားမျိုးလေးတွေနဲ့
တွေ့ရင် သူကပစ္စည်းနဲ့ဖျားယောင်းပြီး လင်လုပ်တာပဲ၊ အခုလဲ
ဆိုချောချောကောင်လေးဟာ ငါသိပါတယ် . . .၊ ရာဇဝတ်ဝန်ကြီးရဲ့
သား ပက်ထရစ်ကလေးပါ၊ ဒီကောင်လေးတော့ ဒုက္ခပါပဲ”ဟု
ပြောလိုက်ရာ ကျန်မိန်းမတစ်ဦးက . . .

“ဘာဒုက္ခလဲ ကြိုင်ကြိုင်ရယ်”ဟု မေးလိုက်သဖြင့် ကြိုင်ကြိုင်
ဆိုသောမိန်းမက . . .

“ဒီကောင်မက ကောင်လေးတွေကို သွားတိုက်ဆေးဗူးလို
သဘောထားတာ၊ ညှစ်လို့ရသမျှညှစ်ပြီး ညှစ်လို့မထွက်တော့တဲ့အခါ
မှာ ဗူးခွံကိုလွှင့်ပစ်သလို လွှင့်ပစ်လိုက်တာ၊ သူနဲ့တွဲဖူးတဲ့ကောင်လေး
တွေဟာ သူနဲ့ခွာလိုက်တာနဲ့ ပိန်လိန်ပြီး သူ့အို သူ့နာရှုပ် ပေါက်သွား



www.burmeseclassic.com

www.burmeseclassic.com

[illegible] ပြောလိုက်ရာ ကျန်သောသူများက ဝါးကနဲ ဝိုင်း

[illegible]ကြလေတော့၏။

"ဒီလိုဆိုလဲ ကြိုင်ကြိုင်ရယ် ပက်ထရစ်ဆိုတဲ့ကောင်လေးနဲ့သိရ

[illegible]လိုက်ပါ။ ကောင်လေးခမျာ သွားတိုက်ဆေးဗူးကလေ

ဖြစ်သွားပါဦးမယ်"ဟု နုနုကပြောလိုက်လျှင် ကြိုင်ကြိုင်က . . .

"သတ္တဝါတစ်ခု ကံတစ်ခုပေါ့ နုနုရယ်၊ သူ့ကံကိုက သွားတိုက်

ဆေးဗူးဖြစ်ဖို့ပါလာရင် ဘယ်လိုမှ ကယ်လို့မရပေဘူးအေ့"ဟု

သံဝေဂသံပါပါနှင့် ပြောလေ၏။

[illegible] [illegible] [illegible]



## တစ်သက်မမေ့နိုင်သော မာဗလာ

မော်လမြိုင်မြို့အစွန်ပိုင်း လမုတန်းဟူသော ရပ်ကွက်ရှိ ဓနိထောင်အိမ်ကလေးတစ်အိမ်၌ မိန်းမကြီးတစ်ဦးသည် ပုတီးစိပ်နေရင်း ၎င်း၏သားသမီးများကို ဆူပူကြိမ်းမောင်း၍ နေလေ၏။

သားသမီးများဟုဆိုရာ၌ သားသမီးသုံးယောက်ရှိပေသည်။ အသက်သုံးဆယ်ခန့်ရှိ မောင်မင်းမောင်ဆိုသော သားတစ်ယောက်၊ အသက်နှစ်ဆယ်ခန့်ရှိ မြရှင်ဆိုသော သမီးကလေးတစ်ယောက်နှင့် မြကျင်ဟူသော အသက်တစ်ဆယ့်ရှစ်နှစ်အရွယ် သမီးကလေးတစ်ယောက် ရှိပေသည်။ ထိုသားသမီးသုံးယောက်အနက် သမီးအလတ်ဖြစ်သူ မမြရှင်မှာ ဇာတ်သဘင်ကို ဝါသနာပါလွန်းသဖြင့် များမကြာမီရက်အတွင်းကပင် မော်လမြိုင်မြို့သို့ လာရောက်က, ပြသော စိန်ပသီကလေးဇာတ်အဖွဲ့အပြန်၌ မိဘများကို အသိမပေးဘဲ တိတ်တဆိတ် လိုက်ပါသွားခဲ့ပြီဖြစ်၏။

ထိုအဒေါ်ကြီး၏အမည်မှာ ဒေါ်လှရင် ဟူ၍ဖြစ်ပေသည်။ ဒေါ်လှရင်၏ခင်ပွန်းဖြစ်သူ ဦးလူကလေး ဆိုသူမှာလည်း တရားရုံး၌ ရှေ့ဖတ်စာရေးအလုပ်ကို လုပ်ကိုင်သူဖြစ်သော်လည်း အသုံးအစွဲကြီးသူဖြစ်ခြင်းကြောင့် ၎င်းရှာဖွေသောငွေမှာ ၎င်းကိုယ်တိုင် သုံးစွဲ၍ပင် မလောက်နိုင်အောင်ရှိသဖြင့် သားအကြီးဆုံးဖြစ်သူ မင်းမောင်


www.burmeseclassic.com

www.burmeseclassic.com

အာ အသက်နှစ်ဆယ်အရွယ်ကပင် ပွဲရုံများ၌ အလုပ်ဝင်၍လုပ်ကာ မိသားစုတောင်လုံးကို ရှာဖွေကျွေးခဲ့ရလေသည်။ မင်းမောင်သည် မင်းကိုယ်ဉာဏ်ကောင်းသူဖြစ်ခြင်းကြောင့် ကျောင်းနေစဉ်က တစ်နှစ်တစ်တန်းအောင်ခဲ့၍ (၁၀)တန်းကို နှစ်ချင်းပေါက် အောင်သော်လည်း ဖခင်၏ကိုယ်စား အိမ်ထောင့်တာဝန်ကို ထမ်းဆောင်ပေးနေရရှာသဖြင့် ပညာဆက်လက်ဆည်းပူးခွင့် မရရှာသူဖြစ်၏။

ဦးလူကလေးမှာ မြင်းပွဲဝါသနာပါသူဖြစ်သဖြင့် တစ်ပတ်တစ်ခါဆိုသလို ရန်ကုန်သို့တက်၍ မြင်းလောင်းခြင်း ပြုလေ၏။ မြင်းပွဲနိုင်လာသည့်အခါများ၌ ၎င်း၏မိန်းမဒေါ်လှရင်အား မျက်နှာလုပ်လိုသောကြောင့် လုံချည်၊ အင်္ကျီစ,ကလေးများ ဝယ်လာတတ်သော်လည်း ဒေါ်လှရင်က "လောင်းကစားလုပ်လို့ရတဲ့ပိုက်ဆံနဲ့ ဝယ်ပေးတာ မလိုချင်ဘူး"ဟုဆိုကာ အိမ်သာတွင်းထဲသို့ ချပစ်သဖြင့် ဦးလူကလေးသည် ဝယ်မပေးဝံ့ဘဲ ရှိလေ၏။ သားသမီးများကိုလည်း ဒေါ်လှရင်က "နင်တို့အဖေ မြင်းလောင်းလို့ရတဲ့ပိုက်ဆံနဲ့ ဝယ်ပေးတဲ့ ပစ္စည်းကို မယူရဘူး"ဟူ၍ အမိန့်ထုတ်ထားသဖြင့် သားသမီးများမှာ ဖခင်က ဝယ်ပေးသော်လည်း မယူဝံ့ဘဲ ရှိကြလေ၏။

ဦးလူကလေးမှာ သားသမီးများကို ပေးစရာရှိလျှင် ခိုး၍ ပေးရသကဲ့သို့ သားသမီးများထံမှ အထူးသဖြင့် သားကြီးမင်းမောင်ထံမှ တောင်းလိုလျှင်လည်း ခိုး၍တောင်းယူရလေ၏။

လမုတန်းရပ်ကွက်အတွင်း၌ ဦးလူကလေးနှစ်ယောက်ရှိပေရာ တစ်ယောက်သော ဦးလူကလေးမှာ လွန်စွာစကားပြော ဘုကျသူဖြစ်သဖြင့် "ဘုလူကလေး"ဟု ခေါ်ဝေါ်ကြပြီးလျှင် မင်းမောင်တို့၏ ဖခင် ဦးလူကလေးကိုမူ "မြင်းလူကလေး"ဟူ၍ ခေါ်ဝေါ်ကြလေ၏။





ဦးလူကလေး၏အိမ်ကိုလည်း "မြင်းလူတကလေးအိမ်"ဟုပင် ခေါ်ဝေါ်ကြလေ၏။

မင်းမောင်သည် မိခင်ဖြစ်သူ ဒေါ်လှရင်၏ အကြောင်းမဲ့ ဆူပူကြိမ်းမောင်းခြင်းကိုခံပြီးနောက် အိမ်ရှေ့ရှိ စံပယ်ပင်ကလေးအနီးတွင် ပက်လက်ကုလားထိုင်ချလျက် ၎င်း၏ဟွန်းတယောကိုထိုး၍ နေလေတော့၏။

လူခြေတိတ်စပြုပြီဖြစ်သော ညအချိန်လည်းဖြစ်ပြန် လ,မင်းကြီးကလည်း ထိန်ထိန်သာလျက်ရှိပြန်၊ မင်းမောင်၏ ငြိမ့်ညောင်းသော တယောလက်သံကလည်း ကောင်းပြန်၊ ပြန်သုံးပြန် ညီညွတ်သောကြောင့် ကြားရသူအပေါင်းသည် အလွမ်းဓာတ်ခံရှိသူဖြစ်ပါက အော်ကြီးဟစ်ကျယ် မငိုမိသည့်တိုင်အောင် ကြိတ်၍ "ရှိုက်"မိမည်မှာ အမှန်ပင်ဖြစ်ပေသည်။

ထိုအချိန်၌ ဘုံပြတ်(မြင်းလှည်း)တစ်စီးသည် မင်းမောင်တို့ အိမ်ရှေ့သို့ရောက်လာပြီးလျှင် မိန်းမတစ်ဦး ဆင်း၍လာလေ၏။

"မမနွယ်ကြီး"ဟုအော်ဟစ်ကာ မြကျင်က အိမ်ပေါ်မှပြေး၍ ဆင်းလာပြီးလျှင် ထိုမိန်းမကို အိမ်ဆီသို့ခေါ်ခဲ့လေ၏။ ထိုမိန်းမကား မော်လမြိုင်သူ မြနှင်းနွယ်ဖြစ်ပေသည်။ မြနှင်းနွယ်သည် အိမ်ပေါ်သို့ မတက်မီ မင်းမောင်အနီး၌ ခေတ္တရပ်လိုက်ပြီးလျှင် စက္ကူထုပ်ကလေး တစ်ထုပ်ကို မင်းမောင်အား ပေးရင်း . . .

"ဟဲ့ . . . မင်းမောင်၊ ရိုးကုမ္ပဏီရောက်တုန်းက မာဖလာကလေး နှီးကစ်ထဲမှာပြထားတာကိုတွေ့လို့ နင့်ကိုသတိရတာနဲ့ ဝယ်လာခဲ့တာ၊ ည . . . ညမှာ နင်က တယောထိုးတယ်မဟုတ်လား၊ အဲဒီမာဖလာကလေးကို လည်ပင်းမှာပတ်ပြီးထိုးရင် လည်ပင်းကိုလေမတိုက်ဘူး၊


www.burmeseclassic.com

www.burmeseclassic.com



အအေးသက်သာမှာပေါ့ဗျာ"ဟုဆိုကာ မြကျင်နှင့်အတူ အိမ်ပေါ်သို့တက်၍ သွားလေ၏။

မင်းမောင်သည် စက္ကူအိတ်အတွင်းမှ မာဖလာကလေးကို ထုတ်၍ကြည့်လိုက်ရာ နက်ပြာရောင်ပေါ်တွင် သာလိကာမျက်လုံးအရွယ်အဖြူပျောက်ကလေးများပါသည့် ပိုးမာဖလာကလေးဖြစ်ကြောင်း တွေ့ရလေ၏။ မာဖလာကလေးကို ရင်ဘတ်ပေါ်တွင် အစ,နှစ်စကို ချလျက် ဂုတ်ပေါ်၌ တင်လိုက်လေ၏။ ထို့နောက် တယောကို မထိုးသေးဘဲ စဉ်းစားနေမိလေ၏။

"ရှိုးကစ်ထဲမှာပြထားတဲ့ မာဖလာကလေးကို မြင်ရတဲ့အခါမှာငါ့ကို သတိရတယ်ဆိုပဲ၊ မိန်းမတစ်ယောက်ဟာ ယောကျ်ားတစ်ယောက်ကို သတိရတယ်ဆိုတာ ရိုးရိုးတော့ မဖြစ်နိုင်ပေဘူး၊ ဒီမာဖလာကလေး ပေးလိုက်တာကိုက မင်းမောင် နင့်ကိုငါချစ်တယ်လို့ ပြောလိုက်တာများလား၊ မိန်းကလေးဆိုတော့လည်း အပြောရခက်နေရှာတယ်နဲ့တူပါရဲ့"ဟု မင်းမောင်က တွေးကြည့်မိရာမှအစ မင်းမောင်သည် မြနှင်းနွယ်နှင့် စိတ်ကူးထဲတွင် ချစ်ကြိုက်၍သွားကြလေ၏။ ထိုသို့ ချစ်ကြိုက်သွားပြီးလျှင် စိတ်ကူးထဲ၌ပင် မင်္ဂလာဆောင်လိုက်ပြန်၏၊ ထို့နောက် စိတ်ကူးထဲ၌ပင် မြနှင်းနွယ် ကိုယ်ဝန်ရလာပြန်၏။ ဗိုက်ကြီးတကားကားဖြစ်နေသော မြနှင်းနွယ်က ဒူးရင်းသီးစားချင်သည်ဆို၍ မင်းမောင်က ဒူးရင်းသီးခွဲရပြန်၏။ ထို့နောက် စိတ်ကူးထဲ၌ပင် ကလေးသည် တဖြည်းဖြည်းကြီး၍လာပြီးလျှင် ကျောင်းသို့ပို့ရပြန်၏။ ထို့နောက် ကလေးမှာ ယောကျ်ားကလေးဖြစ်သဖြင့် ကလေးကိုရှင်ပြုရပြန်၏။ ကလေး ရှင်ပြုစဉ်အခါ၌ မြနှင်းနွယ်က ရှင်လောင်းအမေအဖြစ်နှင့်၊ မင်းမောင်က ရှင်လောင်း





အဖေအဖြစ်ဖြင့် ရှင်လောင်းကိုဆံချသည့်အခါ၌ ပိတ်ဖြူကို တစ်ယောက်တစ်ဖက်စီကိုင်လျက် ဆံချသည့်ဆံပင်များကို ခံယူကြရလေ၏။

ထို့နောက် မြနှင်းနွယ်က "မောင်ရယ် . . . သားသားကို ရှင်ပြုရင်း မောင်ပါ ပဉ္စင်းတက်လိုက်ပါလား"ဟုပြောရာ မင်းမောင်က. . .

"ပဉ္စင်းတော့ တက်ချင်ပါရဲ့ နွယ်ရယ်. . . မောင်က နွယ်နဲ့ခွဲပြီး မအိပ်ချင်ဘူး"ဟု ပြောလိုက်ရာ မြနှင်းနွယ်က "ဒါကတော့ မောင်က ပိုလွန်းပါတယ်၊ ညကျတော့လည်း နွယ်အနားမှာ အိပ်တာမှမဟုတ်ဘဲ၊ ခြံထဲသွားပြီး တယောထိုးနေတာပဲ မဟုတ်လား"ဟု ပြောလိုက်ပြန်၏။

မင်းမောင်သည် စိတ်ကူးထဲတွင် မြနှင်းနွယ်နှင့် ချစ်ကြိုက်ရုံမျှမက မြနှင်းနွယ်နှင့်အိမ်ထောင်ကျကာ ကလေးပင် ရှင်ပြုလိုက်ပြီဖြစ်လေတော့၏။ ထိုအချိန်၌ အိမ်ပေါ်ထပ်မှ ဝဲကနဲ ရယ်လိုက်သံကြားသဖြင့် မင်းမောင်၏စိတ်ကူးအတွင်းမှ ရှင်ပြုအလှူမင်္ဂလာကြီးမှာ ဖြုတ်ကနဲလန့်ဖျပ်၍ ပျောက်ချင်းမလှ ပျောက်ကွယ်၍သွားရလေတော့၏။

မြနှင်းနွယ်လည်း အိမ်ပေါ်သို့ရောက်လျှင် ဒေါ်လှရင်အတွက် သရက်ထည်လုံချည်၊ မြကျင်အတွက် အင်္ကျီစနှင့် ရေခဲ တရုတ်မျက်နှာချေထုပ်၊ ဦးလူကလေးအတွက် ဆေးတံသောက်ဆေးဗူး စသည်တို့ကို လက်ဆောင်ပေးရာ ဒေါ်လှရင်က . . .

"ငါ့တူမကြီးကတော့ စေတနာကလည်း ကောင်း၊ ပစ္စည်းကလည်း ရှိဆိုတော့ အခုလို ပေးလိုက်၊ ကျွေးလိုက်၊ လှူလိုက်နဲ့ ဒေါ်ဒေါ်ဖြင့် ကျေးဇူးတွေ ဘယ်လိုဆပ်ရမှန်းတောင် မသိတော့ပါဘူး"ဟု ပြောလေ၏။



www.burmeseclassic.com

www.burmeseclassic.com

**ဒေါ်ဒေါ်ရယ်**. . . နွယ်က တစ်စိမ်းမှမဟုတ်ဘဲ၊ မင်းမောင်နဲ့ **[illegible]** ငယ်ငယ်ကတည်းက နော်မန်ကျောင်းမှာ ကျောင်းနေဘက်၊ **ပြီးတော့ ဦးလေး** ဦးလူကလေးဆိုတာလည်း ဖေဖေ့ရဲ့လက်ဆွဲတော် **ကြီး** မဟုတ်လား"ဟု ပြန်၍ပြောလိုက်လေ၏။

မြနှင်းနွယ်သည် လက်ဆောင်များပေးပြီးသည့်အခါ၌ ပြန်မည်ပြုသည့်အခါတွင် မင်းမောင်နှင့်မြကျင်တို့က မြင်းလှည်းဆီသို့ လိုက်၍ပို့ကြလေ၏။

လရောင်အောက်တွင် မာဖလာပျောက်ကလေးကို လည်ပင်း၌ ပတ်လျက် နဖူးပေါ်သို့ ဆံပင်ကလေးများ ခပ်ဝိုင်းဝိုင်းကျနေသော အသားဝါ၍ အရပ်အမောင်းကောင်းပြီး ယောကျ်ားပီသလှသည့် မင်းမောင်ကိုကြည့်ကာ မြနှင်းနွယ်က . . .

"မင်းမောင်ရယ်၊ နင်ဘာဖြစ်လို့ တရုတ်ပွဲရုံမှာ အလုပ်လုပ်နေတာလဲ၊ ဘိုင်စကုတ်ထဲ ဝင်ပါလား၊ နင့်ရုပ်နဲ့ဆိုရင် အခု နာမည်ကြီးနေတဲ့ မင်းသားတွေ ထမင်းတောင် ငတ်ကုန်မယ်"ဟု နောက်ပြောင်လိုက်လေ၏။

"ဒါနဲ့ နေပါဦး နွယ်၊ မနေ့က ကုလားဝတ်လုံကြီး မော်လမြိုင်လာလို့ ငါနဲ့တွေ့တယ်၊ ဖေဖေနဲ့ပတ်သက်ပြီး အဲဒီဝတ်လုံကြီးနဲ့ ခင်နေတာ ကြာပါပြီ၊ သူကပြောတယ်၊ နင်က အင်းစိန်ဘက်မှာ တိုက်တစ်လုံးဝယ်လိုက်တယ်ဆို"ဟု မင်းမောင်က မေးလေ၏။

"အေး . . . ဟုတ်တယ်၊ ငွေချေပြီးပါပြီ၊ ဒါပေမယ့် အရင်အိမ်ရှင်က မပြောင်းသေးဘူး၊ သူတို့ပြောင်းမှ အဲဒီတိုက်ကြီးကို ပြင်ပြီး ဆေးတွေဘာတွေ ပြန်သုတ်ရဦးမယ်"ဟု မြနှင်းနွယ်က ပြောလေ၏။

"ဒီမော်လမြိုင်မှာလဲ တိုက်ရှိသားနဲ့ ဘာဖြစ်လို့ တိုက်ထပ်ပြီး





ဝယ်တာလဲဟယ်"ဟု မင်းမောင်ကမေးရာ နွယ်က . . .

"ရန်ကုန်ကပွဲရုံကို အမြဲသွားနေရတာဆိုတော့ ရန်ကုန်မှာ တစ်လှည့်၊ မော်လမြိုင်မှာတစ်လှည့်နေမယ် စိတ်ကူးတာပဲ"ဟု ပြောလိုက်ရာ မင်းမောင်က . . .

"နင်တစ်ယောက်ထဲ ဘယ်လိုလုပ်ပြီး ရန်ကုန်မှာ တိုက်ကြီး တစ်လုံးနဲ့ နေမှာလဲ"ဟု ပြောလေ၏။

"တစ်ယောက်ထဲ မဟုတ်ဘူးလေ၊ အသောင်းလဲ ပါမှာပေါ့"ဟု မြနှင်းနွယ်ကပြောရာ မင်းမောင်က . . .

"နွယ်ရယ် နင်က နင့်အသောင်းကိုများ အားကိုးလိုက်တာဟယ်၊ အသောင်းက ယောကျ်ားမဟုတ်၊ မိန်းမ,မဟုတ်ကြီးကို အရေးအကြောင်းဆိုရင် နင်ဘယ်နှယ်လုပ်မလဲ"ဟု ပြောပြန်ရာ မြနှင်းနွယ်က . . .

"အားကိုးလောက်တဲ့ ယောကျ်ားပီပီသသ တစ်ယောက်တော့ ရောက်လာမှာပေါ့ဟယ်"ဟုပြော၍ ရယ်မောကာ ဘုံပြတ်ပေါ်သို့ တက်သွားပြီး နှုတ်ဆက်လက်ပြလိုက်လျှင် ဘုံပြတ်လည်း "ချလွင်ခလောက် . . . ချလွင်ခလောက်"ဟူသော ခြုသံနှင့်မြင်းခွာသံ ရောနှော၍ဖြစ်ပေါ်စေလျက် မောင်းနှင်သွားလေတော့၏။

ဘုံပြတ်ကလေး လရောင်အောက်တွင် ဝေး၍ဝေး၍ ပျောက်ကွယ်သွားသည်အထိ မင်းမောင်တို့မောင်နှမက ငေးကြည့်၍ ရပ်နေကြလေ၏။

မင်းမောင်သည် ထိုညက တစ်ညလုံး တယောထိုး၍နေလေ၏။ ချမ်းအေးလှသော်လည်း မြနှင်းနွယ်၏ မာဖလာကလေးကြောင့် နွေးထွေးလျက်ရှိပေသည်။ မာဖလာကလေးခြုံ၍ နွေးထွေးသည်ကို



www.burmeseclassic.com

www.burmeseclassic.com

**ခင် မြနှင်းနွယ်ကိုယ်တိုင်** လာ၍ဖက်ပေးထားသည်ဟု စိတ်ထဲ၌ **အောက်မေ့မိသေးတော့၏။**

မင်းမောင်သည် လရောင်အောက်တွင် လှချင်တိုင်း လှ၍နေသော မြနှင်းနွယ်အား မေ့မရနိုင်အောင် ရှိလေ၏။

"အားကိုးလောက်တဲ့ ယောကျ်ားပီပီသသတစ်ယောက်တော့ ရောက်လာမှာပေါ့"ဟူသော မြနှင်းနွယ်စကားသည်လည်း မင်းမောင်၏ရင်တွင်းဝယ် ဘောင်ဘင်ခပ်လျက် ရှိလေတော့၏။



## ပက်ထရစ် အစစ်မဟုတ်

မော်လမြိုင်မြို့ အရှေ့ပိုင်လမ်းရှိ လွန်စွာကျယ်ပြန့်သောခြံကြီးအတွင်း နှစ်ထပ်ကျွန်းအိမ် မည်းမည်းခန့်ခန့်ကြီး၏ မီးဖိုချောင်တွင် အသက် ၃၅နှစ်ခန့်အရွယ်ရှိ ယောကျ်ားကြီးတစ်ယောက်သည် ရှပ်အင်္ကျီကို လက်မောင်းအရင်းအထိ လိပ်၍တင်ထားလေ၏။ မန်ကျည်းစေ့ကွက်လုံချည်ကိုလည်း ယောကျ်ားများ ပုဆိုးဝတ်သကဲ့သို့ ချက်အောက်တည့်တည့်၌ ချည်နှောင်ခြင်းလည်းမဟုတ်၊ မိန်းမများ ထဘီဝတ်သကဲ့သို့လည်း ခါးတွင်ပတ်၍ နံဘေး၌အစသတ်သည့် ဝတ်ပုံမျိုးလည်းမကျဘဲ ထဘီဝတ်သည့်ပုံစံနှင့် ပုဆိုးဝတ်သည့်ပုံစံ ကြားထဲတွင် ပုံမကျ ပန်းမကျ ဝတ်ထားလေ၏။ ဆံပင်ကိုလည်း နောက်တွဲထုံး၍ ထား၏။ မျက်နှာ၌လည်း သနပ်ခါးများ ဖုံ၍နေအောင် လိမ်းကျံထားပြန်၏။ ထိုယောကျ်ားကြီး၏ ဝတ်စားဆင်ယင်ပုံကို ကြည့်ရုံနှင့်ပင် မိန်းမလျာကြီးဖြစ်ကြောင်း သိသာနိုင်ပေသည်။ ထိုမိန်းမလျာကြီး၏အမည်မှာ ကိုသောင်းဖြစ်သော်လည်း မိန်းမလျာဖြစ်ခြင်းကြောင့် "အသောင်း"ဟုပင် ခေါ်ဝေါ်ကြလေ၏။

၎င်းမိန်းမလျာ အသောင်းသည် မြနှင်းနွယ်မိခင်၏ မောင်ဖြစ်သောကြောင့် မြနှင်းနွယ်၏ဦးလေးဖြစ်သော်လည်း မိန်းမလျာ


www.burmeseclassic.com

www.burmeseclassic.com



ဖြစ်နေသည့်အတွက် မြနှင်းနွယ်၏ အဒေါ်ဟုဆိုလျှင်လည်း ဆိုနိုင်ပေသည်။

မိန်းမရှာအသောင်းသည် ကြွေပန်းကန်ကြီးများကို အဝတ်ဖြင့်သုတ်ရင်း အနီးရှိမိန်းမတစ်ဦးနှင့် စကားပြော၍ နေလေ၏။

“ပွဲကတော်ကြီးက နွယ့်အတွက် စိန်ဘီး လာပြတာတော့ ဟုတ်ပါရဲ့၊ အိမ်ကဟာမက အခုတလော စိန်ကို စိတ်မဝင်စားဘူး ပွဲကတော်ကြီးရဲ့”ဟု မိန်းမရှာအသောင်းက မိန်းမအစစ်ထက်ပင် မိန်းမဟန်လုပ်၍ ပွဲကတော်ကြီးအား ပြောလိုက်ရာ ပွဲကတော်ကြီးက . . .

“နွယ်က ခုတလော စိန်ကိုစိတ်မဝင်စားဘူးဆိုရင် နီလာကြီးတစ်ကုံး ရှိပါသေးတယ်၊ လာပြီး ပြရဦးမယ်”ဟု ပြောလေ၏။

“နီလာလဲ မဟုတ်ဘူး ပွဲကတော်ကြီးရဲ့”ဟု မိန်းမရှာအသောင်းက မဲ့ကာရွဲ့ကာ ပြောပြန်ရာ ပွဲကတော်ကြီးက . . .

“နီလာမကြိုက်ရင် ပတ္တမြားလက်ကောက်ကလေး ပြရဦးမှာပေါ့”ဟု ဆိုပြန်၏။

“ပတ္တမြားလဲ မဟုတ်ဘူး၊ နီလာလဲ မဟုတ်ဘူး ပွဲကတော်ကြီးရေ့ အိမ်ကကောင်မ အခုတလော စိတ်ဝင်စားနေတာက “ပက်ထရစ်” တဲ့ “ပက်ထရစ်”၊ သူမှာ ရန်ကုန်က ပြန်ရောက်လာကတည်းက ပြောလိုက်ရတဲ့ ပက်ထရစ်အကြောင်း၊ နားကို ပူနေတာပဲ”ဟု မိန်းမရှာအသောင်းကပြောလျှင် ပွဲကတော်ကြီးက ပက်ထရစ်ဆိုသည်မှာ ပြင်သစ်မှ ကာရက်ရွှေဖြင့်ပြုလုပ်သော ပဲရစ် လက်ဝတ်ရတနာတစ်မျိုးဟု ထင်မှတ်၍ . . .

“ပက်ထရစ်ကတော့ အပြင်ဘမ်းကတော့ လှပါရဲ့၊ အစစ်မဟုတ်တော့ အရှည်သဖြင့် ဘယ်လိုလုပ်ပြီး စွဲမက်နိုင်ပါ့မလဲ အသောင်းရယ်”ဟု ပြောလိုက်လေ၏။





ထိုအခါ၌ မိန်းမရှာအသောင်းသည် ရန်ကုန်မှ ပက်ထရစ်ဆိုသူ၏ အကြောင်းကို ပွဲကတော်ကြီးသည် အတွင်းကျကျ သိထားသူဟု ထင်မှတ်မိပြန်၏။ အသောင်း၏စိတ်၌ ပွဲကတော်ကြီးသည် ရန်ကုန်သို့လည်း မကြာခဏသွား၍ ယခုကဲ့သို့ပင် သူဌေးအိမ်များ၊ မင်းကတော် စိုးကတော်အိမ်များသို့ ဝင်ထွက်၍ ရတနာပစ္စည်းများ ပြသ၍ရောင်းချနေသည်ဖြစ်ရာ ပက်ထရစ်ဆိုသူ၏အကြောင်းကို သိနေခြင်းမှာ ဖြစ်တန်ရာသည်ဟု တွေးမိလေ၏။

“ပက်ထရစ်က အစစ်မဟုတ်ဘူးလား”ဟု မိန်းမရှာအသောင်းက ထပ်၍မေးလိုက်ပြန်၏။

“ဘယ်ကလာ အစစ်ဖြစ်ရမှာလဲ အသောင်းရယ်၊ ခဏဘမ်းသာယာမှုတော့ ရပါရဲ့၊ ဒါပေမယ့် အစစ်လိုတော့ ဘယ်ကလာ တန်ဖိုးရှိမှာလဲ”ဟု ပွဲကတော်ကြီးကလည်း ပြန်၍ပြောပြန်ရာ မိန်းမရှာအသောင်း၏စိတ်၌ ပက်ထရစ်ဆိုသည့်သူမှာ မြနှင်းနွယ်မျက်စိကျလာသော ယောကျ်ားဖြစ်ပါလျက် ယခုအခါတွင် ပွဲကတော်ကြီးက အစစ်မဟုတ်ဟု အခိုင်အမာပြောဆိုနေပုံထောက်လျှင် ပက်ထရစ်သည် ယောကျ်ားအစစ်မဟုတ်ဘဲ ယောကျ်ားစိတ်ပေါက်နေသော မိန်းမတစ်ယောက်၊ တစ်နည်းဆိုရပါမူ ယောကျ်ားရှာတစ်ယောက်သာလျှင် ဖြစ်ရပေမည်ဟု ထင်မှတ်လိုက်လေ၏။

“အော်. . . ဒီကောင်မက ဒီအတုကို ဒါလောက် စွဲလန်းလာတာကိုး”ဟု မိန်းမရှာအသောင်းက တစ်ကိုယ်တည်း ရေရွတ်သကဲ့သို့ ပြောလိုက်ရာ ပွဲကတော်ကြီးက . . .

“သူကလဲ အတုလို့သာဆိုရတယ်၊ တချို့နေရာမှာ အစစ်နဲ့ ခွဲမရဘူး”ဟု ပြောလိုက်ရာ မိန်းမရှာအသောင်းက . . .



www.burmeseclassic.com

www.burmeseclassic.com



"တော်ပါ. . . နားရှက်ပါတယ်၊ သူပဲ ဂယနဏာသိတယ်"ဟု ပြောလိုက်ရာ ပွဲကတော်ကြီးက . . .

"ဟုတ်ပါတယ်၊ ရှက်စရာကောင်းပါတယ်၊ အနွယ့်ကိုသာ နားချပေးပါ၊ ယူမယ့်ယူလဲ အစစ်ကိုသာယူပါလို့"ဟု ပြောလိုက်လေ၏။ ထိုအချိန်၌ပင် မြနှင်းနွယ်သည် အိမ်သို့ပြန်ရောက်လာရာ အသောင်းကမြင်လျှင် . . .

"လာပြီ ဟိုမှာ၊ ငရဲပန်းကို ရွှေပန်းထင်တဲ့ကောင်မ"ဟု ပြောကာ မဲ့ရွဲ့၍ အနီးရှိဆေးပေါ့လိပ်ကိုကောက်၍ မီးညှိလိုက်လေ၏။

မြနှင်းနွယ် အိမ်တွင်းသို့ရောက်၍ ၎င်း၏အခန်းသို့ဝင်မည်အလုပ်တွင် မိန်းမရှာအသောင်းက . . .

"ဟဲ့ မိနွယ် လာစမ်းပါဦး"ဟု ခေါ်လိုက်လေ၏။

"အသောင်းကလဲ လာမှာပေါ့၊ အကျီလဲလိုက်ပါရစေဦး"ဟု ပြန်၍ပြောလျှင် အသောင်းကစိတ်ဆိုးလျက်၊ "နောက်မှလဲ၊ လာဆိုလာစမ်းပါ၊ ဒီမှာ အရေးကြီးတယ်"ဟု ဆိုသဖြင့် နွယ်လည်း ၎င်းတို့အနီးသို့ ခပ်သုတ်သုတ်လျှောက်လာခဲ့လေ၏။

"ကဲ. . . အချိန်မီ သိရပေလို့သာပေါ့၊ နို့မို့ဆိုရင် မခက်ပါလား ကျော်မကောင်း ကြားမကောင်းတော်"ဟု အသောင်းက မိန်းမကြီးတစ်ဦးလေသံဖြင့်ပြောလိုက်ရာ မြနှင်းနွယ်က . .

"ဘာလဲ အသောင်းရယ်၊ ဘာတွေဖြစ်ကုန်လို့လဲ"ဟု ပြန်၍မေးရလေ၏။

"ဘာဖြစ်ရမှာလဲ၊ ညည်းပါးစပ်က တရစ်ထဲရစ်၊ တထစ်ထဲထစ်နေတဲ့ ပက်ထရစ်လေ၊ ကောင်းကြသေးရဲ့လား"ဟု အသောင်းက ပြောပြန်၏။





"ဟင်. . . ပက်ထရစ် ဘာဖြစ်လို့လဲဟင်၊ အသောင်း ဘယ်ကကြားတဲ့သတင်းလဲ"ဟု မြနှင်းနွယ်က ထိတ်ထိတ်ပျာပျာနှင့် ပြန်၍မေးလေတော့၏။

"ပက်ထရစ် ဘာဖြစ်ရမှာလဲ၊ ပက်ထရစ်ဟာ အစစ်မဟုတ်ဘူး၊ အတု အတုတော်ရေ့"ဟု အသောင်းက ပြောပြန်၏။

"ဟင်. . . အတု၊ ဘယ်လိုအတုလဲ အသောင်းရယ်"ဟု မြနှင်းနွယ်က မျက်လုံးကလေး ကလည်ကလည်ဖြင့် ပြန်၍မေးလေ၏။

"ဟောဒီမှာ ပွဲကတော်ကြီးက ပြောနေတာ၊ အစစ်မဟုတ်ဘူးတဲ့"ဟု မိန်းမရှာအသောင်းက ပြောပြန်လေ၏။

"နွယ်တော့ ဘာမှနားလည်ဘူး၊ ပက်ထရစ်ဟာ ပက်ထရစ်ပေါ့၊ ဘယ်လို အတုဖြစ်ရမှာလဲ အသောင်းရယ်"ဟု မြနှင်းနွယ်က စိတ်ပျက်စွာ ပြောလိုက်လေ၏။

"ကဲ. . . ပွဲကတော်ကြီး ပြောလိုက်စမ်းပါတော်၊ တော်ကလဲ ပါးစပ်ကို သော့ခတ်ထားတာ ကျနေတာပဲ"ဟု မိန်းမရှာအသောင်းကပြော၍ ကိုယ်ကို တစ်ဘက်သို့လှည့်လိုက်လေ၏။

"ဒါကတော့ ဘာပြောစရာရှိလဲ အသောင်းရယ်၊ အတုမှန်းနွယ်လဲ သိပြီးသားပဲဥစ္စာ၊ ဒါလောက် အ,တဲ့ န,တဲ့ မိန်းကလေးမှမဟုတ်ဘဲ"ဟု ပွဲကတော်ကြီးကပြောလိုက်ပြန်ရာ မြနှင်းနွယ်အဖို့ ပို၍ပင် စဉ်းစားရကြပ်သွားလေတော့၏။

"ပက်ထရစ်ဟာ အတု၊ အဲဒါကို နွယ်က သိပြီးသားဟုတ်လား ပွဲကတော်ကြီး၊ နွယ်တော့ ရှုးတောင်ရှုးချင်လာပြီ"ဟု ပြော၍ နွယ်သည်ခေါင်းကိုကုတ်ကာ ခြေကိုဆောင့်လိုက်တော့၏။

"အေး. . . ရှင်းပြီလား မိနွယ်၊ လည်လွန်းတဲ့ဘီး ချိုးသင့်မယ်၊



www.burmeseclassic.com

www.burmeseclassic.com

အခု အချိန်မီသိလို့သာပေါ့။ နို့မို့ရင် မိန်းမချင်း မင်္ဂလာဆောင်နေရတော့မှာ"ဟု မိန်းမရှာအသောင်းက ပြောလေ၏။

"အော်. . . ပက်ထရစ်ဟာ ယောကျ်ားအစစ်မဟုတ်ဘူး၊ မိန်းမက ယောကျ်ားယောင်ဆောင်ထားတဲ့ ယောကျ်ားရှာတစ်ယောက်လို့ ပြောတာလား"ဟု မြနှင်းနွယ်က ပြန်မေးလိုက်လျှင် မိန်းမရှာအသောင်းက . . .

"အေး. . . ဟုတ်တယ်၊ နင့်ပက်ထရစ်ဟာ ယောကျ်ားမဟုတ်ဘူး၊ မိန်းမ မိန်းမ၊ ငါတော့ မိန်းမစင်စစ်ဖြစ်ပါလျက် ယောကျ်ားစိတ်ပေါက်နေတဲ့ မိန်းမထီးတွေကို အားကြီးရွံတယ်၊ မုန်းလဲ အားကြီးမုန်းတယ်"ဟု ပြောလေ၏။

"အသောင်းရယ် မိန်းမနဲ့ယောကျ်ားဟာ မြင်တာနဲ့သိပါတယ်၊ ကဲ. . . နွယ်ပြောမယ်၊ အသောင်းဟာ မိန်းမလို ဘယ်လောက်ပဲ ပြင်ပြင်၊ ဘယ်လောက်ပဲ ဝတ်ဝတ်၊ မိန်းမ,မဟုတ်ဘူး၊ ယောကျ်ားဟာ ယောကျ်ားပဲမဟုတ်လား၊ မြင်တာနဲ့ကို မိန်းမအစစ်မဟုတ်ဘူး၊ မိန်းမရှာဆိုတာ လူတိုင်းသိပါတယ်"ဟု မြနှင်းနွယ်ကပြောလိုက်ရာ အသောင်းသည် ၎င်းအား မိန်းမရှာဟု ပြောဆိုလိုက်ခြင်းအတွက် စိတ်ဆိုးလွန်းသဖြင့် ဆေးပေါ့လိပ်တိုကို ဆေးလိပ်ခွက်တွင် ထိုးချေရင်း . . .

"ပိန္နဲပင်ကို ဆွဲမထည့်ပါနဲ့၊ ညည်းအကောင် ယောကျ်ားရှာဖြစ်တာနဲ့ ငါ့ကိုဆွဲမထည့်နဲ့၊ မိန်းမရှာဆိုတာ ညည်းသိထားဖို့ကတော့ ဘုရားဟော မောင်မဥ္စကဇာတ်တော်ထဲမှာပါတယ်၊ ရှေးကလည်း ရှိတယ်၊ အခုလည်း ရှိတယ်၊ နောက်ကိုလည်း ရှိဦးမှာပဲ၊ အေး. . . ယောကျ်ားရှာဆိုတာကတော့ ဘုရားဟောထဲမှာမပါဘူး၊ သက်သက်ထွင်ပြီးလုပ်တာ၊ ထွီ. . . ငါတော့ ရွံပါရဲ့၊ မိန်းမ,မဟုတ် ယောကျ်ားမဟုတ်နဲ့"ဟု ပြောလေ၏။





"နေစမ်းပါဦး၊ ပွဲကတော်ကြီးက ပက်ထရစ်ကို ယောကျ်ားအစစ်မဟုတ်ဘူးလို့ ဘယ်လိုလုပ်ပြီး ပြောနိုင်သလဲ"ဟု မြနှင်းနွယ်က ခပ်ငေါက်ငေါက်မေးလိုက်ရာ ပွဲကတော်ကြီးက . . .

"အောင်မယ်လေးတော် ဘုန်းကြီးအမူရှာပတ်ဆိုတာလို မလုပ်စမ်းပါနဲ့၊ ငါပြောတဲ့စကားမှာ မိန်းမရှာလဲ မပါဘူး၊ ယောကျ်ားရှာလဲ မပါဘူး၊ ဘုရားပေးပေး ကျမ်းပေးပေးပါတော်"ဟု ပြောလိုက်လျှင် မိန်းမရှာအသောင်းက . . .

"ရှင် စကားကို ဇလောင်းဇလဲမလုပ်နဲ့၊ ရှင်ပဲ စောစောတုန်းက ပက်ထရစ်ဟာ အစစ်မဟုတ်ပါဘူးဆို၊ အခုမှ ဘာမပြောပါဘူးလဲ၊ ကျုပ်တို့ တူအရီးကြားမှာလာပြီး ရန်မတိုက်ပါနဲ့"ဟု ဆိုလေ၏။

"ရှင်ပြောတဲ့ ပက်ထရစ်ဆိုတာက ဘာလဲ"ဟု ပွဲကတော်ကြီးက ပြန်၍မေးရာ မိန်းမရှာအသောင်းက . . .

"အောင်မယ် ရှင်က မုန်လာဥလုပ်မယ်မကြံနဲ့၊ ပက်ထရစ်ဆိုတာ မိနွယ်ဝယ်ခဲ့တဲ့ ရန်ကုန်ကတိုက်ပိုင်ရှင်ရဲ့သား၊ ဘိုကပြား၊ မိနွယ်စိတ်ဝင်စားလာတဲ့ ဘိုကပြား၊ ရှင်ဘာပြောမလဲ"ဟု ပြောလိုက်လေ၏။

"ရှင့်တူမကြိုက်တဲ့ ဘိုကပြားလဲ ကျုပ်မသိဘူး၊ ကုလားကပြားလဲ ကျုပ်မသိဘူး၊ ကျုပ်ပြောတာက မြင်သစ်က ကာရက်ရွှေနဲ့လုပ်တဲ့ ပဲရစ် လက်ဝတ်လက်စားကိုပြောတာ၊ ပက်ထလစ်ဆိုတာ အဲဒီ မြင်သစ်ရွှေနဲ့လုပ်တဲ့ လက်ဝတ်လက်စားအောင့်မေ့လို့ အစစ်မဟုတ်ဘူးလို့ပြောတာ၊ ရှင့်ဟာရှင် မိန်းမရှာဖြစ်တိုင်း အတုဆိုတာနဲ့ ယောကျ်ားရှာ၊ မိန်းမရှာလို့ ကိုယ့်ဟာကိုယ် ထင်ချင်ရာထင်ပြီး



www.burmeseclassic.com

www.burmeseclassic.com

ပြောချင်ရာပြောတာတွေကို သက်ာရှင်းဖို့လာတာမဟုတ်ဘူး၊ စိန်ရောင်းဖို့လာတဲ့မိန်းမ"ဟု ဆိုကာ ပွဲကတော်ကြီးလည်း သူ၏သားရေအိတ်ကိုဆွဲ၍ စိတ်ဆိုးမာန်ဆိုးဖြင့် ထသွားလေတော့၏။

"ရှင်တို့လို စိန်ပွဲစားယောင်ယောင်၊ ကျောက်ပွဲစားယောင်ယောင်ဟာတွေပဲ အိမ်ပေါက်စေ့လျှောက်ဝင်၊ ဟိုကစကား ဒီပို့၊ ဒီကစကား ဟိုပို့နဲ့ ရှုပ်ရှုပ်ရှက်ရှက်၊ ရှင်က စိန်ရောင်းတယ်ဆိုတာနဲ့ ကျုပ်က ရှင့်ကို အထင်ကြီးရမှာလား၊ စိန်ရောင်းရအောင် ရှင့်မှာ စိန်ဘယ်နှစ်ပြီသားရှိလို့လဲ၊ မရောင်းမဖြစ်လို့ ဝမ်းနာခေါင်းကိုက်ဖြစ်တဲ့လူဆီက စိန်နားကပ်အစုတ်ပလုပ်ကလေး ယူလာ၊ စိန်ဘီး အနာအဆာကလေး ယူလာ၊ ရွာတစ်ကာ ထီးတစ်လက်နဲ့လှည့်နေရတဲ့ ထီးဖြူဖိနပ်ပါး ပွဲစားပ,မွှားကို ဂရုစိုက်ရမှာလား၊ ပွဲစားဟာ ပွဲစားပေါ့၊ စိန်ကုန်သည် လုပ်ချင်သေးတယ်"ဟု မိန်းမရှာအသောင်းက ရန်တွေ့လိုက်ရာ ပွဲကတော်ကြီးမှာ တစ်စုံတစ်ရာ ပြန်လည်ပြောဆိုနိုင်ခြင်းမပြုဘဲ အရောင်လွင့်၍ ဖြူရော်ရော်ဖြစ်နေပြီဖြစ်သော ၎င်း၏ထီးကို ကောက်ယူ၍ . . .

"မိန်းမအစစ်ထက်တောင်ယုတ်တဲ့ မိန်းမရှာမ၊ ယောက်ျားထီးမ" ဟုဆိုကာ ထွက်သွားလေတော့၏။ မြနှင်းနွယ်မှာမူ ပွဲကတော်ကြီးကို လည်း စိတ်မဆိုး၊ ၎င်း၏ဦးလေး မိန်းမရှာအသောင်းကိုလည်း စိတ်မဆိုးသည့်အပြင် "ပက်ထရစ်"နှင့် "ပဲရစ်" များယွင်း၍ဖြစ်ပွား ရသော မိန်းမရှာနှင့်မိန်းမအစစ်တို့၏ ရန်ပွဲကိုကြည့်ကာ ရယ်မော နေလေ၏။

"ထီးဖြူဖိနပ်ပါး ပွဲစားအစုပ်ပလုပ်မ"ဟု အသောင်းက လှမ်း၍ ပြောလိုက်လေ၏။





ပွဲကတော်ကြီးလည်း အိမ်ဝသို့ရောက်သည်အထိ တတွတ်တွတ် ရေရွတ်ပြောဆိုပြီးနောက် အိမ်ဝသို့ရောက်လျှင် အသောင်းဘက်သို့ လှည့်ကာ နောက်ဆုံးနှုတ်ဆက်သောအနေနှင့် . . .

"ဟဲ့ . . . ကမြင်းထီး၊ ရိုးတိုးရားတားမလုပ်နဲ့၊ နယ်လှည့်ပြီး ပွဲစား လုပ်နေတာ၊ နင့်လို ဖားတစ်ပိုင်း ငါးတစ်ပိုင်းမကို ကြောက်နေမယ် ထင်သလား"ဟု ပြောဆို၍ ထွက်သွားလေတော့၏။

မိန်းမရှာအသောင်းကလည်း ထိုင်လျက်နေရာမှ ထ၍ မိန်းမ ထဘီကို မ,သကဲ့သို့ တင်ပါးပေါ်သို့ လုံချည်ကိုမ,၍တင်ရင်း . . .

"ကမြင်းထီးက ဗိုက်မကြီးဘူး၊ နင့်သမီးသာ လင်ကောင်မပေါ်ဘဲ ဗိုက်ကြီးလို့ ကော့ကရိတ်မှာသွားပြီး ဖျက်ချရတာ ငါမသိဘူးမှတ် သလား"ဟု ပြောလိုက်လေ၏။

ပွဲကတော်ကြီးလည်း အရှိက်ကိုအထိုးခံရသည့်အလား သုတ်သီး သုတ်ပျာနှင့် လစ်ပြေးလေတော့၏။ ထိုအခါ၌ မိန်းမရှာအသောင်း သည် ပွဲကတော်ကြီးနာလောက်သော အလုံးတစ်လုံးကိုရှာ၍ ထပ်မံ ဆဲမည်အပြုတွင် မီးဖိုတွင်းမှ စိန်ကြည်ဆိုသည့် အိမ်ဖော်ကောင်မလေး ထွက်လာပြီးလျှင် . . .

"အန်တီသောင်း ဟင်းချိုအိုးဆူပြီ၊ ဘာလုပ်ရမလဲ"ဟု မေးလိုက် ရာ အသောင်းသည် ပွဲကတော်ကြီးအားပြောဆိုရန် အားယူထား သည့်စကားများသည် စိန်ကြည်၏ကျယ်လောင်သောအသံကြောင့် လွင့်ပျောက်၍သွားသည်ဖြစ်ရာ စိန်ကြည်ဘက်သို့လှည့်၍ . . .

"တယ် . . . ဒီမှာ ဘာဖြစ်နေသလဲမကြည့်ဘူး၊ ဟင်းချိုအိုးဆူတာ လာပြောနေ၊ အရိပ်သုံးပါးနားမလည်တဲ့ ဘိုင်းဒါမ"ဟု အော်ငေါက် လိုက်လေ၏။



www.burmeseclassic.com

www.burmeseclassic.com

ထိုအခါ စိန်ကြည်သည် အသောင်းဘက်သို့လှည့်ကာ "အန်တီသောင်းပဲ ဟင်းချိုအိုးဆူရင် လာပြောဆို"ဟု ပြန်၍ပြောလိုက်ရာ အသောင်းသည် . . .

"သွားစမ်း. . . သွားစမ်း၊ ငါလာမယ်၊ နင်လုပ်တာနဲ့ ဟိုထီးဖြူဖိနပ်ပါးမကြီးကို နာအောင် ပြောမလို့ဟာတောင် မပြောဖြစ်တော့ဘူး"ဟုဆိုကာ စိန်ကြည်၏ခေါင်းကို ခေါင်ကနဲခေါက်၍ မီးဖိုတွင်းသို့ ဝင်၍သွားလေ၏။

မိန်းမရှာအသောင်းက ပွဲကတော်ကြီးအား နောက်ဆုံးစကားတစ်ခွန်း မပြောဖြစ်လိုက်သော်လည်း ပွဲကတော်ကြီးကမူ ထိုအချိန်မှစ၍ တစ်အိမ်တက်ဆင်းဆိုသလို မြနှင်းနွယ်သည် ရန်ကုန်၌ တိုက်ဝယ်ထားကြောင်း၊ တိုက်သာလျှင် ဝယ်သည်မဟုတ်၊ တိုက်ပိုင်ရှင် ဘိုကပြား ပဲထလစ်ကိုပါ ဝယ်ယူ၍ လင်လုပ်တော့မည်ဖြစ်ကြောင်း လှည့်လည်ပြောဆိုခဲ့ရာ ထိုသတင်းသည် မော်လမြိုင်မြို့ မျက်နှာကြီးပိုင်း၌ တောမီးပမာ ပျံ့နှံ့သွားလေတော့သတည်း။

ꩤ ꩤ ꩤ



## တစ်သက်တာမမေ့နိုင်သော လုံပေါက်ကလေး

အထက်ပါ အဖြစ်အပျက်များဖြစ်ပျက်ခဲ့ပြီး တစ်လခန့်အကြာတွင် မော်လမြိုင်ရှိ မြနှင်းနွယ်၏အိမ်၌ ဘုရားကိုးဆူ အလှူတစ်ခု ျင်းပရန်အတွက် ပြင်ဆင်၍နေကြလေ၏။ ထိုသို့ ပြင်ဆင်နေကြသည့် လူများအထဲတွင် မြင်းလှကလေး၏သား မင်းမောင်နှင့် ၎င်း၏ ဖြစ်သူ မြကျင်တို့သည် အထူးသဖြင့် ပင်ပန်းကြသူများ ဖြစ်ပေသည်။

မိန်းမရှာအသောင်းက မြကျင်အား တစ်အိမ်လုံး အကြိုအကြား ျန် အမှိုက်လှဲခိုင်း၏။ ပြီးလျှင် ဗီရိုထဲတွင် သိမ်းထားသော တ်ပန်းကန်များကိုထုတ်၍ ဆပ်ပြာရေနွေးနှင့် ဆေးခိုင်း၏။ းပြီးလျှင် စားပွဲခင်း လက်သုတ်ပဝါများကို မီးပူထိုးခိုင်း၏။ က်သွန် သင်ခိုင်း၏။ ရေတ်သီး ထောင်းခိုင်း၏။ ငါးပိကြော်ခိုင်း၏။ ျင်မှာ ပေါင်နှစ်ချောင်း စေ့၍မနေအောင် လုပ်ပေးရရှာလေ၏။

ထို့အတူ မင်းမောင်ကိုလည်း ထင်းပေါက်ခိုင်း၏။ အပေါ်ထပ်သို့ ထမ်းခိုင်း၏။ ခြံရှင်းခိုင်း၏။ ဆန်အိတ်များ သယ်ခိုင်း၏။ ခြံထဲ င် မြေပေါက်ခိုင်း၏။ ဒန်ပေါက်ချက်ရန် မီးဖိုလုပ်ခိုင်း၏။ ်းမောင်မှာလည်း ချွေးတစ်လုံးလုံးနှင့် လုပ်နေရလေ၏။



www.burmeseclassic.com

www.burmeseclassic.com

**မင်းမောင်တစ်ယောက်** မြနှင်းနွယ်၏အိမ်၌ ချေးတစ်လုံးလုံးမှ
**အအားလပ်**ရအောင် အလုပ်လုပ်နေရသကဲ့သို့ မော်လမြိုင်မြို့ပေါ်
လူကုံတန်သားများ၊ သူဌေးသားများနှင့် လူပျိုလူလွတ်ဖြစ်ကြသေ
မြို့ပိုင်၊ ယစ်မျိုးအရာရှိ၊ ပုလိပ်အရာရှိတို့သည်လည်း ဘိလိယ
ခုံများ၊ စားသောက်ဆိုင်များ၊ သဟာယကလပ်များ၌ မအားလ
နိုင်အောင် ရှိကြလေ၏။ ၎င်းတို့ မအားလစ်နိုင်အောင် ရှိကြသေ
အကြောင်းမှာ ၎င်းတို့အချင်းချင်း အောက်ပါအတိုင်း ပြောဆိုနေ
ရသောကြောင့်ဖြစ်၏။

မြနှင်းနွယ်ယူမယ့် ပက်ထရစ်ဆိုတဲ့ကောင် လာမယ်ဆိုပဲ၊ မြနှ
နွယ်ကို ငါ့အဖေက ငါနဲ့ပေးစားဖို့ သူ့အဖေမသေခင်က သွားပြေ
ပေးဖူးတယ်၊ အဲဒီတုန်းက သူ့အဖေက မပေးစားနိုင်ဘူး။ သူ့သမ
ကလေး အပျိုဘဝနဲ့နေပါရစေဦး ဘာညာနဲ့ပြောလွှတ်လိုက်တယ
ဟော အခု သူ့သမီးက ဘိုကပြားကိုယူတော့မယ်၊ ဟဲ ဟဲ သူယူမ
ဘိုကပြားနဲ့ ငါနဲ့ ဘယ်သူကသာတယ်ဆိုတာ သူ့ရဲ့ဘုရားကိုးဆူမှ
လူချင်းယှဉ်ပြရမှာပဲ"ဟု သူဌေးသားပိန်သေးကပြောလျှင် ပွဲကတေ
ကြီးသား တင်ထွေးက . . .

"မြနှင်းနွယ်ကို ငါက တစ်ခါတုန်းက ချစ်ရေးဆိုဖူးတယ်
အဲဒီတုန်းက သူက ငါ့ကို မတူသလိုလို မတန်သလိုလိုနဲ့ မင်းပြေ
သလိုပဲ၊ ငါလဲ သူ့အကောင် ဘိုမဟုတ် မြန်မာမဟုတ်နဲ့ ဘယ်သူ
သာတယ်ဆိုတာ ပြရမှာပဲ"ဟု ပြောပြန်၏။

သူဌေးသားများသည် အထက်ပါအတိုင်း ပြောဆိုနေကြသကဲ့
ကုလားဒိန်မြို့ပိုင်မင်း လူပျိုသိုး မောင်ငွေတိုးကလည်း . . .

"ကျုပ်နဲ့ပေးစားဖို့ အဘိုးကြီးကို သွားပြောတုန်းက သူ့သမီး





မြန်မာစစ်စစ်နဲ့မှ ပေးစားချင်တယ်တဲ့၊ ဟော. . . အခုတော့ ဘိုကပြား
ပက်ထရစ်နဲ့ဖြစ်နေပြီ၊ ကျုပ်နဲ့ ပက်ထရစ်ဟာ ဘယ်သူက မြန်မာရုပ်
ပေါက်တယ်ဆိုတာကို ဘုရားကိုးဆူနေ့ကျမှပဲ မြနှင်းနွယ်ကို ပြရမှာ"
ဟုပြောလိုက်ရာ ရှေ့နေကလေး မောင်ရွှေထွန်းက . . .

"ဟာဗျာ. . . မြို့ပိုင်မင်းကို သက်သက်နှိမ်တာလိုက်တာပါ၊
တကယ်တော့ မြို့ပိုင်မင်းရဲ့နှာခေါင်းကိုမကြည့်ရင် မြို့ပိုင်မင်းဟာ
မြန်မာစစ်စစ်တစ်ယောက်ဆိုတာ ဘယ်သူမှမငြင်းနိုင်ပါဘူး၊ အဲ အဲ
နှာခေါင်းတစ်ခုကဖြင့် ဘင်္ဂလားပုံပေါက်နေလေရဲ့"ဟု မြှောက်သလိုလို
နှိမ်သလိုလို စကားမျိုးကိုပြောလေ၏။

ထို့နောက် သူတို့သည် ဘုရားကိုးဆူ၌ ပက်ထရစ်ထက်ပို၍
ဒိတ်ဆိုက်ကျကျ ဝတ်ဆင်ရန်အတွက် ရန်ကုန်သို့သွားရောက်ကာ
ဝတ်အင်္ကျီ၊ ဘောင်းဘီတို့ကို အမြန်ကြေးပေး၍ ချုပ်လုပ်ကြလေ၏။
လည်စည်း၊ နက်တိုင်များ၊ ရှူးဖိနပ်များ၊ စီးကရက်ထည့်သော
ဗူးအကောင်းစားများကို ဝယ်ယူကြလေ၏။

ဤသို့လျှင် မော်လမြိုင်ရှိ လူကုံတန် မျက်နှာကြီးသားသမီး
လူပျိုများနှင့် အရာရှိလူပျိုများသည် အလုပ်ရှုပ်လျက်ရှိကြလေတော့
သတည်း။

မြကျင်နှင့် လူရိုးကြီးမင်းမောင်မှာလည်း မိန်းမရှာအသောင်း
နိုင်းစေသမျှကို မညည်းမညူ လုပ်ကိုင်လျက်ရှိလေ၏။ မင်းမောင်
သည် နေပူကျဲကျဲကြီးအောက်၌ မြေတွင်းရှိ မညီမညာဖြစ်နေသော



www.burmeseclassic.com

www.burmeseclassic.com



မြေကမူများကို ပေါက်တူးတစ်လက်ဖြင့် လိုက်၍ဖြိုနေရလေ
နေ့လည်တစ်ချက်ထိုးကာနီး၌ မိန်းမရှာအသောင်းက . . .

ဇလုံပေါက်ထဲတွင် ထမင်းကြမ်းခဲထည့်၍ ထမင်းပေါ်၌ ငါ
ရည် အနည်းငယ်ဆမ်းကာ စိန်ကြည်အား . . .

"ဟဲ့ . . . စိန်ကြည်၊ ခြံထဲက မင်းမောင်ကို သွားပေးလိုက်စ
ဟု ခိုင်းလိုက်လေ၏။

ထိုအချိန်၌ မြနှင်းနွယ်လည်း အပြင်မှဈေးဝယ်ပြီး၍ပြန်လာ
မင်းမောင်မြေညှိနေသည်ကိုတွေ့လျှင် မင်းမောင်ရှိရာသို့ သွ
ရောက်၍ . . .

"နေပူလိုက်တာ မင်းမောင်ရယ်၊ နောက်မှလုပ်တာပေါ့၊ နားပါဦ
ဟုပြောရာ မင်းမောင်က . . .

"ပြီးကာနီးပါပြီ အနွယ်ရယ်"ဟု ပြောကာ ကမူကို ပေါက်တ
ဖြင့် ဆက်၍ပေါက်နေ၏။

ထိုအချိန်၌ စိန်ကြည်ရောက်လာပြီးလျှင် မင်းမောင်အ
"ရော့"ဟုဆိုကာ ဇလုံကို ထိုး၍ပေးလိုက်သဖြင့် မင်းမောင်လည်
ဇလုံကို လှမ်း၍ယူလိုက်လေ၏။

မြနှင်းနွယ်သည် ဇလုံတွင်းသို့လှမ်း၍ကြည့်လိုက်ရာ ထမင်းကြ
ခဲပေါ်တွင် ငါးပိရည်ကို ဖြစ်သလိုဆမ်းလျက်ထားသည်ကိုမြင်လျ
လွန်စွာ စိတ်မကောင်းဖြစ်၍ သွားလေတော့၏။

"စိန်ကြည်၊ ဒါဘာလုပ်တာလဲ"ဟု မြနှင်းနွယ်က အသံမာမာဖြ
မေးလိုက်ရာ. . .၊ စိန်ကြည်က "ထမင်းကျွေးတာလေ"ဟု ပြန်
ပြောလေ၏။

"ထမင်းကျွေးတာ ဒီလိုကျွေးရသလား၊ ဟင်းလဲမပါ,ပါလာ





တော့ အပေါ်ကိုခေါ်ပြီး ကျွေးမှပေါ့"ဟု မြနှင်းနွယ်ကပြောလေ၏။

"အန်တီသောင်းက အပေါ်မှာမကျွေးရဘူး ဆိုလို့ပါ"ဟု
ကြည်က ပြန်၍ဖြေလေ၏။

"ရပါတယ် အနွယ်ရယ်၊ ဘယ်မှာပဲစားစား ရပါတယ်၊ တစ်ခြား
မဟုတ်ဘဲ"ဟု မင်းမောင်က ဝင်၍ပြောလေ၏။

မြနှင်းနွယ်သည် စိတ်ဆိုးမာန်ဆိုးဖြင့် အိမ်ပေါ်သို့တက်၍
ပြီးလျှင် မိန်းမရှာအသောင်းအား . . .

"အသောင်း၊ မင်းမောင်ကို ထမင်းကျွေးတာ ဘယ်လိုလုပ်ပြီး
တာလဲ"ဟုပြောရာ အသောင်းက . . .

"ဘယ်လိုကျွေးရမလဲ၊ ဒီလိုပဲ ကျွေးတာပေါ့၊ ငါက သွားပြီး
ပေးရမှာလား"ဟု ပြန်၍ပြောလေ၏။

"ခွံ့ကျွေးဖို့ပြောတာမဟုတ်ဘူး၊ ဇလုံပေါက်ထဲမှာ ထမင်းကြမ်းခဲ
ည့်ပြီး ငါးပိရည်ဆမ်းပေးတာ လူကိုကျွေးတာမဟုတ်ဘူး အသောင်း
"ဟု မြနှင်းနွယ်ကပြောလျှင် အသောင်းက . . .

"ညည်းက ဘယ်လိုကျွေးချင်လို့လဲ၊ ညည်းကြိုက်သလိုကျွေး၊
တော့ ငါကြိုက်သလို ကျွေးလိုက်တာပဲ၊ ဒီလို အလုပ်ကြမ်းသမား
ဘုရင်ခံလိုတော့ ဧည့်မခံနိုင်ပါဘူးတော်"ဟု ပြောလိုက်ရာ
င်းနွယ်လည်း ဦးလေးဖြစ်သူ မိန်းမရှာအသောင်းအား တစ်စုံ
ရာပြောဆိုခြင်း မပြုဘဲ . . .

"ဟဲ့ . . . စိန်ကြည်"ဟုဆိုကာ ထမင်းစားပွဲ၌ စားပွဲခင်း,ခင်းလျက်
ပန်းကန်ပြားကြီးများ၊ ကြွေဟင်းသောက်ပန်းကန်ကြီးများချကာ
မျှဟင်းများကို ခပ်စေပြီးလျှင် မိမိကိုယ်တိုင် ခြံထဲသို့ဆင်း၍
မောင်ကို ထမင်းစားခေါ်လေ၏။ မင်းမောင်က . . .



www.burmeseclassic.com

www.burmeseclassic.com



"ဆောင်တောပဲ အနွယ်ရယ်၊ ဒီမှာပဲ စားပါရစေ"ဟု ငြင်းဆ
သမြင့် အတင်းလက်ကိုဆွဲ၍ ခေါ်လေ၏။ မိန်းမရှာအသောင်းသည
မြနှင်းနွယ်က မင်းမောင်ကိုလက်ကိုဆွဲ၍ ထမင်းစားခေါ်နေပုံ
ပြတင်းပေါက်မှကြည့်လျက် မဲ့ရွဲ့နေလေ၏။

မြနှင်းနွယ်လည်း အသောင်းက မဲ့ရွဲ့ပြနေသည်ကို မခံ
သဖြင့် . . .

"မင်းမောင် . . . နင်အပေါ်မှာမစားရင် ထမင်းပွဲ အောက်
ချနိုင်းလိုက်မယ်၊ ငါလဲ ထမင်းမစားရသေးဘူး"ဟုဆိုကာ မြနှင်းနွ
သည် စိန်ကြည်အား အော်၍ခေါ်ပြီးလျှင် အပေါ်၌ပြင်ပြီးဖြစ်သေ
ထမင်းပွဲကို စားပွဲဝိုင်းတစ်ခုဖြင့် အောက်၌ပြောင်း၍ပြင်ဆင်
အမိန့်ပေးလိုက်လေ၏။ ထိုသို့ပြင်ဆင်ခိုင်းရာ၌ သစ်ပင်ရိပ်အော
တွင် ကော်ဇောတစ်ချပ်ကိုပါ ခင်းခိုင်းပြီးမှ ထမင်းစားပွဲကို ကော်ဇေ
ပေါ်၌ ပြင်ဆင်ခိုင်းခြင်းဖြစ်၏။

အောက်၌ ထမင်းပွဲပြင်ပြီးသည့်အခါတွင် မင်းမောင်အ
အတင်းဆွဲ၍ ထိုင်ခိုင်းပြီးလျှင် "ဒီမှာစားစမ်းပါ၊ ငါလည်းစားမှာ
ဟုဆိုလေ၏။ မင်းမောင်သည် ထမင်းစားပွဲ၌ ဝင်၍ထိုင်သော်လည
လက်တွင်း၌ ထမင်းကြမ်းခဲထည့်၍ထားသော ဇလုံပေါက်ကြီး
ကိုင်လျက်သားရှိနေသဖြင့် မြနှင်းနွယ်က မင်းမောင်၏လက်မှ ဇ
ပေါက်ကိုဆွဲယူ၍ ခြံထောင့်သို့လွှင့်ပစ်လိုက်လေ၏။

မင်းမောင်၏လက်တွင်းမှ ဇလုံပေါက်လည်း ခြံထောင့်၌ မဖိ
မစင်ဘဲ တယ်လျက်သား သွား၍ကျလေ၏။

"ကဲ . . . မင်းမောင်၊ စားလေ"ဟုဆိုကာ မြနှင်းနွယ်သည
မင်းမောင်အား လက်ဆေးစေပြီးလျှင် မင်းမောင်ရှေ့ရှိ ထမ





န်းကန်အတွင်းသို့ ဟင်းများခပ်ထည့်လေ၏။ မိမိအတွက်လည်း
င်းများထည့်၍ မိမိကိုယ်တိုင်လည်း စားလေ၏။

မင်းမောင်လည်း "အနွယ် နင်ကတော့ ဇွတ်တရွတ်ပဲ"ဟုဆိုကာ
ထမင်းစားလေ၏။

မြနှင်းနွယ်သည် ကြက်သားဟင်းပန်းကန်အတွင်းမှ အသည်း
တ်ကလေးကိုဆယ်၍ "ငါကတော့ ဒါမျိုးနေ့တိုင်းစားနေရတာပဲ၊
ဒါမျိုး စားရရှာမှာမဟုတ်ဘူး"ဟု စိတ်၌တွေးရင်း မင်းမောင်၏
န်းကန်အတွင်းသို့ ထည့်ပေးလေ၏။

"ဟယ် . . . နင်စားပါ အနွယ်ရယ်"ဟုဆိုကာ မင်းမောင်က
မြနှင်းနွယ်ပန်းကန်အတွင်းသို့ ပြန်၍ထည့်ပေးလေ၏။

"ငါက နင်စားစေချင်လို့ပါ မင်းမောင်ရယ်"

"ငါကလဲ နင်စားစေချင်လို့ပေါ့ အနွယ်ရယ်"

"ငါက နေ့တိုင်းစားနေရတာ၊ နင်က နင်တို့အိမ်က လူများ
တော့ ကြက်သားဟင်းချက်တယ်ပဲထားဦး၊ အသည်းကလေးစားရဖို့
ခက်တယ်မဟုတ်လား၊ ဒါကြောင့် နင့်ကိုစားစေချင်တာ"ဟု မြနှင်းနွယ်
ကပြောရာ မင်းမောင်က . . .

"ဒါကြောင့် ငါက နင့်ကိုစားစေချင်တာပေါ့၊ ငါက မစားရတာ
များတော့ မစားချင်ပါဘူးဟယ်၊ ကြက်သားဟင်းဆိုရင်လဲ လည်
ချောင်းရိုးနဲ့ ခြေထောက်ရိုးလောက်ရရင် ထမင်းနှစ်ပန်းကန်တော့
စားနိုင်တာပါပဲ၊ နင်ကတော့ ဟင်းမကောင်းရင် ထမင်းစားနိုင်မှာ
မဟုတ်ဘူး၊ ဒါကြောင့် အဲဒီအသည်းကလေးကို နင်စားပါလို့ပြောတာ"
ဟု ရှင်းပြလေ၏။

"ဟင့်အင်း . . . စကားရှေ့မနေနဲ့၊ ငါက စားစေချင်လို့ ကျွေးတာ



www.burmeseclassic.com

www.burmeseclassic.com



စားမှ"ဟု နှုတ်ခမ်းကလေးစူ၍ပြောလိုက်ရာ မင်းမောင်က . . .

"ဒီလိုဆိုရင် တရားသဖြင့်ဖြစ်သွားအောင် နင်ကငါ့ကိုမရွံ့ဘူး
ဆိုရင် တစ်ယောက်တစ်ဝက်စားကြမယ်"ဟု ပြောလေ၏။

"နင့်ကို ငါက ဘာကြောင့်ရွံ့ရမှာလဲ၊ ရော့ . . . နင့်လက်
တစ်ဝက်ဝက်ပြီးပေး"ဟုဆိုကာ အသည်းဖတ်ကလေးကို မင်းမောင်
ထမင်းပန်းကန်အတွင်းသို့ ပြန်၍ထည့်လေ၏။ မင်းမောင်လည်း
အသည်းဖတ်ကို လက်ဖြင့်တစ်ဝက်စီဖဲ့ကာ တစ်ဝက်ကို မြနှင်းနွယ်
ပန်းကန်အတွင်းသို့ ထည့်လိုက်လေ၏။

"တော်တော်ကြင်နာနေကြတယ်၊ တွေ့ဖူးပေါင်တော်၊ ဟင်း
တစ်ဖတ်က ယက်ကန်းလွန်းကျနေတာ၊ ဟိုပန်းကန်နဲ့ ဒီပန်းက
ကူးနေလိုက်တာ"ဟု အသောင်းက အပေါ်မှအော်၍ပြောလိုက်ရာ
မင်းမောင်ကရှက်၍ မျက်နှာကြီးနီမြန်းသွားသော်လည်း မြနှင်းနွယ်က
တခစ်ခစ်ရယ်မော၍ နေလေ၏။

မင်းမောင်လည်း ထမင်းစားနေရင်းမှ ခြံထောင့်သို့ကြည့်လိုက်ရာ
မိမိအတွက်ထည့်ပေးလိုက်သော ဇလုံပေါက်ကလေးရှိရာသို့
တစ်ဘက်ခြံမှ ခွေးတစ်ကောင်သည် ခြံကိုတိုး၍ဝင်လာပြီးလျှင်
"ညံ့လှချည်လား"ဟု ပြောဆိုလိုက်ဘိသည့်အလား ဇလုံပေါက်
အတွင်းမှထမင်းကိုနမ်း၍ ဝင်ပေါက်မှပြန်၍ တိုးထွက်သွားသည်ကို
တွေ့မြင်ရလေ၏။ ထိုမြင်ကွင်းကို မြနှင်းနွယ်လည်း မြင်တွေ့ရသည်
ဖြစ်ရာ မြနှင်းနွယ်က အိမ်ပေါ်ပြတင်းပေါက်တွင်ရပ်၍ မိမိတို့အား
ကြည့်နေသော မိန်းမရှာအသောင်းအား အောက်မှနေ၍ . . .

"အသောင်း . . . မြင်ရဲ့မဟုတ်လား၊ ခွေးဝဲစားတောင်မှ
အသောင်းထည့်ပေးတဲ့ထမင်းကို မစားနိုင်ဘူး၊ ရွံ့လို့ထွက်သွားပြီ"ဟု





တော်ဟစ်ပြောလိုက်ရာ မိန်းမရှာအသောင်းလည်း မေးငေါ့၍
တင်းပေါက်တံခါးကို "ဂျိုင်း"ကနဲ ပိတ်လိုက်လေတော့၏။

ထမင်းစားပြီးနောက် မြနှင်းနွယ်က ထောပတ်ငှက်ပျောသီးကို
ခွံ့ခွာ၍ မင်းမောင်အားပေးလေ၏။ ထို့နောက် ရေနွေးကြမ်းနှင့်
နုတ်ယို၊ ဒူးရင်းယိုတို့ကို ကျွေးပြန်လေ၏။ မင်းမောင်လည်း
နှင်းနွယ်ကျွေးသမျှကို စားပြီးနောက် မော်လမြိုင် ကွမ်းသီးဖက်
ပေါ့လိပ်ကိုမီးညှိ၍ ဖွာလေ၏။

"အနွယ် နင်က ရန်ကုန်က ပွဲရုံကိုသွားလိုက် မော်လမြိုင်က
မ်ကို ပြန်လာလိုက်နဲ့ စိတ်ပူစရာကြီးဟယ်"ဟု မင်းမောင်က
လိပ်မီးခိုးများကိုမှုတ်ထုတ်ရင်း ပြောလိုက်လေ၏။

"နောက်ဆိုရင် မော်လမြိုင်ကို ပြန်လာဖို့မလိုဘူးလေဟယ်၊
ကုန်မှာ တိုက်ဝယ်ပြီးပြီပဲ"ဟု မြနှင်းနွယ်က ပြန်၍ပြောလေ၏။

"အေးလေ၊ ရန်ကုန်ကတိုက်မှာလဲ နင်နဲ့အသောင်း နှစ်ယောက်
ဆိုတော့ စိုးရိမ်စရာပေါ့ဟယ်"ဟု မင်းမောင်ကပြောပြန်လေ၏။

"ဒီအတွက်လား၊ ငါ့ကို စောင့်ရှောက်ဖို့ ယောကျ်ားတစ်ယောက်
တော့ ယူရမှာပေါ့ဟယ်"

"ယောကျ်ားယူမယ်"

"အေးလေ ယူရမှာပေါ့၊ မိန်းကလေးဆိုတာ ယောကျ်ားမယူဘဲ
လာနေလို့ ကောင်းတာမှမဟုတ်ဘဲ"

"နင် ဘယ်သူ့ကိုယူမှာလဲဟင်"

"အချိန်တန်တော့ နပိန်ကန်လိမ့်မပေါ့ဟယ်၊ ဘာပဲဖြစ်ဖြစ်လေ၊
ယူတဲ့ယောကျ်ားဟာ ယောကျ်ားပီပီသသ၊ အရုပ်အမောင်း
ကောင်းကောင်း၊ ကျားဆိုမှ ကျားဆိုတဲ့ဂိုက်မျိုး ဖြစ်ရမှာပေါ့ဟယ်၊



www.burmeseclassic.com

www.burmeseclassic.com

မျက်နှာမှာ ပေါင်ဒါကလေး မသိမသာပွတ်လို့ ရေမွှေးကလေးဆွတ်
အကျီအရောင်နုနုကလေးတွေ၊ အပွင့်ကလေးတွေဝတ်လို့ ကနွဲ့က
နိုင်တဲ့လူမျိုးကိုတော့ ဆိုကြားမင်းရဲ့သားဖြစ်ပစေ မယူနိုင်ဘူ
မိန်းမရှာပုံပေါက်တဲ့ယောကျ်ားများ ငါ့ဦးလေးအသောင်းကိုမြင်တာ
စိတ်ကုန်ပါဟယ်"ဟု မြနှင်းနွယ်ကပြောရာ မင်းမောင်၏စိတ်
ယောကျ်ားမီပီသသ အရုပ်အမောင်းကောင်းကောင်း၊ ကျားဆို
ကျားဆိုလောက်တဲ့ ပုံစံမျိုးဆိုတာ ငါ့ကိုစောင်းပြီးပြောတာဖြစ်
ပါပဲ"ဟု တွေးမိသည့်အခါ၌ မြေကြီးပေါက်၊ ထင်းခွဲ၊ ဆန်အိတ်ထ
ပေးခဲ့ရသော ပင်ပန်းမှုများသည် လုံးဝလွင့်စင်ပျောက်ကွယ်
ရင်ထဲတွင်အေးမြခြင်းမက အေးမြသွားလေတော့၏။

"နေအေးမှ အလုပ်လုပ်ပါဟယ်၊ နေပူထဲမှာ အလုပ်လုပ်နေတ
ငါမကြည့်ရက်ပါဘူး"ဟု ပြောဆို၍ မြနှင်းနွယ်သည် အိမ်ပေါ်
တက်၍သွားလေ၏။

မင်းမောင်သည် ဆေးလိပ်သောက်ရင်း ခြံထောင့်တွင် ခွေးမ
သည့်ဇလုံပေါက်ကလေးနှင့် ထမင်းကြမ်းခဲကလေးကိုကြည့်က
၎င်း၏စိတ်၌ . . .

"မိန်းမရှာကြီးအသောင်း ငါ့ကိုဇလုံပေါက်နဲ့ ထမင်းထည့်ကျွေ
အခုလို အနွယ်နဲ့အတူ ထမင်းလက်ဆုံစားရတာပဲ၊ ဒီလို ထမ
လက်ဆုံစားရလို့လဲ အနွယ်က ငါ့ကို ချစ်နေကြောင်း ခိုင်ခိုင်လုံ
သိရတာပဲ"ဟုတွေးရင်း ဇလုံပေါက်နှင့်ထမင်းကြမ်းခဲကလေးကို
ကျေးဇူးတင်မိလေတော့၏။

⁂ ⁂ ⁂



## ဘုရားကိုးသူ အလှူည

နေဝင်စအချိန်မှစ၍ မြနှင်းနွယ်၏ ခြံကြီးတစ်ခုလုံးနှင့် အိမ်ကြီးတစ်ခုလုံးအား မီးရောင်စုံများဖြင့် ထိန်ထိန်ညီးလျက်ရှိပေ၏။ မုခ်တွာမဘက်မှ အငှားလိုက်သော မီးအင်ဂျင်စက်တစ်လုံးငှားရမ်းကာ ထွန်းညှိထားခြင်းဖြစ်၏။

မော်လမြိုင်မြို့တွင် မြနှင်းနွယ်တစ်အိမ်တည်းသာ သီတင်းကျွတ်သျှက်ရှိလေ၏။ ရောက်ရှိလာကြကုန်သော ဧည့်သည်များကို တီးဝိုင်းဖြင့် ဖျော်ဖြေလျက်ရှိပေသည်။

မြနှင်းနွယ်သည် ဇာအကျီအဖြူရောင်၊ အနားတတ် မန္တလေးပိုးအဖြူရောင်ထဘီ၊ ဖိနပ်အဖြူရောင်၊ ပန်းအဖြူရောင်တို့ဖြင့် မီးရောင်စုံအောက်တွင် လှ၍နေလေ၏။

မြနှင်းနွယ်အား ပိုးပမ်းဖူးရုံမျှမက လူကြီးချင်းပင် တီးခေါက်ပြောဆိုကြည့်ဖူးသည့် သူဌေးသားပိန်သေးသည် နက်ပြာရောင်ကုတ်အကျီ၊ နက်ပြာရောင်ဘောင်းဘီ၊ နက်တိုင်နှင့် ဝင်၍လာလေ၏။ အရေးတကြီး ချုပ်လုပ်ရသော အဝတ်အစားများဖြစ်သောကြောင့် အသားမကျဘဲရှိရုံမျှမက ဘောင်းဘီမှာလည်း အတော်ကလေးရှည်နေသဖြင့် သုံးလေးခေါက်‚ခေါက်၍ထားရသကဲ့သို့ ကုတ်အကျီ



www.burmeseclassic.com

www.burmeseclassic.com



မှာလည်း သူတစ်ပါး၏အကျီကို ငှား၍ဝတ်လာသကဲ့သို့ ၄င်းနှင့် မတော်ဘဲ ရှိလေ၏။

"ကိုပိန်သေး၊ ခင်ဗျားအဖေရဲ့အဝတ်အစားတွေ ဝတ်လာတာ များလားဗျာ၊ ခင်ဗျားနဲ့လဲ မတော်ပါလား"ဟု ရှေ့နေရွှေထွန်းက ပြောလိုက်ရာ ပိန်သေးက ကုတ်အကျီအတွင်းမှ ဘောက်ချာစာရွက် ကိုထုတ်၍ပြရင်း . . .

"ဒီနေ့မှ ရိုးကုမ္ပဏီက ရွေးခဲ့တာကွ"ဟု ပြောလေ၏။

ထိုအချိန်၌ ပွဲကတော်ကြီးသား တင်ထွေးလည်း သက္ကလပ် ကုတ်အကျီ၊ သက္ကလပ်ဘောင်းဘီဖြင့် ဝတ်၍လာပြန်၏။

၄င်း၏အကျီမှာလည်း ၄င်းနှင့်မတော်ဘဲ လွန်စွာကြပ်၍နေသဖြင့် တင်ထွေးကိုကြည့်ရသည်မှာ ကျိုက်ထိုဘူတာတွင်ရောင်းသော ကောက်ညှင်းထုပ်နှင့် တူလှတော့၏။

ထို့နောက်တွင် ကုလားဒိတ်မြို့ပိုင် ဦးငွေတိုးသည် ပြောင်ပြောင် လက်လက်နိုင်လှသော ဘောင်းဘီ၊ အကျီ၊ မန်းကီးဂျက်ကတ်ခေါ် မျောက်အကျီတို့နှင့် ဝင်၍လာလေ၏။

မြို့ပိုင်ဦးငွေတိုး၏ အဝတ်အစားများမှာ ပြောင်လက်လွန်းသည် ဖြစ်၍ ရှေ့နေရွှေထွန်းက "မျက်စိကိုလက်ဝါးဖြင့်အုပ်ရင်း . . .

"ကျုပ်သာ ပက်ထရစ်ဆိုရင် မြို့ပိုင်မင်းရဲ့ အဝတ်အစားကို မြင်တာနဲ့ မြနှင်းနွယ်ကိုလက်လွှတ်ပြီး နောက်ဆုတ်ပေးလိုက်မှာပဲ မြို့ပိုင်မင်းနဲ့တော့ မယှဉ်တော့ဘူး၊ မျက်စိကျိန်းမခံတော့ဘူး"ဟု မြှောက်သလို နှိမ်သလိုလိုစကားကို ပြောပြန်၏။

မြို့ပိုင်ဦးငွေတိုးမှာလည်း လူပေါတစ်ယောက်ဖြစ်သည့်အား လျော်စွာ ရှေ့နေရွှေထွန်း ငေါ့၍ပြောသည်ကို အမှန်တကယ် ထင်မှတ်၍ . . .





"ခင်ဗျား သိပ်ပြီးပညာရှိတယ်"ဟု အင်္ဂလိပ်ဘာသာဖြင့် ပြောလေ၏။

ထို့နောက် မုဆိုးဖို ယစ်မျိုးအရာရှိ တစ်ခုလပ် ပုလိပ်အရာရှိများ ဆက်တိုက်ဝင်လာပြီးနောက် ဘဲဥသူဌေးသား၊ ဒူးရင်းသီးသူဌေးသား၊ ဆီသူဌေးသား၊ ဆန်သူဌေးသား၊ ခြောက်ပြားတန်ပစ္စည်း တိုလီမိုလီ အလေးများရောင်းချသည့် ဆိုင်ပိုင်ရှင် ခြောက်ပြားတန်သူဌေးသား သည်တို့သည် ဥရောပဝတ်စုံများကိုယ်စီနှင့် ရောက်ရှိလာကြကုန်၏။

၄င်းသူဌေးသားများနှင့် တစ်ခုလပ်၊ မုဆိုးဖို လူပျိုသိုးအရာရှိ များသည် မြနှင်းနွယ်၏အရိပ်အခြည်ကို အကဲခတ်၍နေကြလေ၏။ မြနှင်းနွယ်သည်လည်း တစ်စုံတစ်ယောက်ကို မျှော်လင့်၍နေသကဲ့သို့ ခြံဝသို့ မကြာမကြာ လှမ်းမျှော်ကြည့်ရှု၍နေလေ၏။

ဧည့်သည်ပရိသတ်များအား ညစာအဖြစ် ဒန်ပေါက်၊ ရေခဲမုန့် သည်များဖြင့် ဧည့်ခံကျွေးမွေးထားရာ မြနှင်းနွယ်သည် စားပွဲခုံ များသို့ တစ်ခုချင်းသွားရောက်၍ "သုံးဆောင်ပါရှင် လိုတာကိုလည်း အမိန့်ရှိပါ"ဟု ပြောဆိုခဲ့ရာ . . .

လူပျိုသိုး၊ လူပျိုဟိုင်း၊ တစ်ခုလပ်၊ မုဆိုးဖိုတို့၏စားပွဲသို့ရောက်လျှင် ကုလားဒိန် မြို့ပိုင်မင်းဦးငွေတိုးက . . .

"ဟဲလို မြနှင်းနွယ်၊ ရန်ကုန်ကဧည့်သည်များ ဖိတ်ထားသေး သလား"ဟု မေးမြန်းလေ၏။

"ဟုတ်ကဲ့ . . . ကျွန်မမိတ်ဆွေ ဒေါ်မာဂရက်နဲ့ သူ့ရဲ့သား ပက်ထရစ်ကိုတော့ ဖိတ်ထားပါတယ်။ ဒေါ်မာဂရက်ဆိုတာ ရာဇဝတ် ဝန် မစ္စတာဖော်စတာရဲ့ဇနီးလေ"ဟု မြနှင်းနွယ်က ပြောဆိုနေဆဲတွင် ခြံဝမှ ပက်ထရစ်ဝင်လာသည်ကိုမြင်လျှင် "ဟော . . . ဟိုမှာ ပြောတုန်း



www.burmeseclassic.com

www.burmeseclassic.com



ဆိုတုန်း ရောက်လာပြီ၊ ဟိုမှာ ပက်ထရစ်"ဟုဆိုကာ မြနှင်းနွယ်လည်း ပက်ထရစ်ထံ ပြေးသွား၍ ကြိုဆိုလေ၏။

"ဟော့ကောင် ပိန်သေး၊ မင်းပြောတော့ ဘိုကပြားဆို၊ ဟိုမှာ ဝင်လာတဲ့ကောင်က မင်းလောက်တောင်မှ ဘိုရုပ်လဲမပေါက်ပါလား" ဟု တင်ထွေးကပြောလိုက်လျှင် အားလုံးက . . .

"ဟုတ်ပါရဲ့ဗျာ"ဟု ထောက်ခံကြလေ၏။ မြို့ပိုင်ဦးငွေတိုးကမူ

"ဘိုရုပ်မပေါက်တာကို ကျုပ်က မအံ့ဩပါဘူးဗျာ. . .၊ ပက်ထရစ် ဆိုတဲ့ကောင်က ဘောင်းဘီမဝတ်ဘဲ ချည်လုံချည်၊ ပင်ဖြူတိုက်ပုံ ပိန်းတန်းဖိနပ်နဲ့လုပ်လာတော့ ဒီက ငွေတိုးဆိုတဲ့ကောင်က အဖိုးတန် ဘောင်းဘီတွေ၊ ကုတ်အင်္ကျီတွေ၊ လည်စည်းတွေလုပ်လာရတာ အရှုံး ဖြစ်ကုန်တော့တာပေါ့။ ကျုပ်မှာဖြင့် ဒီကိုမလာခင် ၇-ရက်လောက် ကတည်းက ဒီအဝတ်အစားတွေနဲ့ အချိုးကျအောင် ရိဟာဇယ် လုပ်ထားရထား၊ သွားပါလေရော ကျွတ်. . . ကျွတ်"ဟု ပြောဆို ညည်းညူလိုက်ရာ ကျန်သူများက ရယ်မောကြလေ၏။

"မြို့မှိုင်မင်းကလည်း ညံ့တာပဲ၊ မြို့ပိုင်မင်းလိုလူက ဒီလို ဟာဖ်ကတ်ခ်(ကပြား)တစ်ယောက်ကို ပြိုင်တယ်ဆိုတာ ရွှေဟသာမင်း ကနေ ကျီးမည်းကိုသွားပြီး ပြိုင်သလိုဖြစ်နေတာပေါ့"ဟု ရှေ့နေ မောင်ရွှေထွန်းကပြောလိုက်ရာ မြို့ပိုင်မင်းဦးငွေတိုးမှာ အထူးပင် သဘောကျလျက် . . .

"မော်လမြိုင်သားထဲမှာ ကိုယ့်လူတစ်ယောက်ပဲ ကျုပ်ရဲ့အရည် အချင်းကို လေ့လာမိပုံရတယ်"ဟု ပြောလိုက်လေ၏။

ထိုအချိန်၌ မြနှင်းနွယ်သည် ပက်ထရစ်ကိုကြိုဆိုလျက် ခေါ်လာ လေ၏။





"အဲဒါပေါ့. . . မြနှင်းနွယ်နဲ့ ယူမလိုလို သတင်းထွက်နေတဲ့ ပက်ထရစ်ဆိုတာ"ဟု မိန်းမချင်း လက်တို့၍လည်းကောင်း၊ မေးငေါ့၍ လည်းကောင်း ပြကြကုန်၏။

ပက်ထရစ်သည် အများမျှော်လင့်သကဲ့သို့ ဥရောပဝတ်စုံကို ဝတ်၍မလာဘဲ ပင်ဖြူတိုက်ပုံနှင့် ချည်ချောလုံချည်ကလေးကို သပ်သပ်ယပ်ယပ်ဝတ်၍လာသဖြင့် မြနှင်းနွယ်မျက်စိ၌ တစ်မျိုး တစ်ဖုံ ကြည့်၍ကောင်းနေလေ၏။

"ဘောင်းဘီဝတ်နေကျလူကို လုံချည်နဲ့တွေ့ရတော့ နွယ့်မျက်စိ ထဲမှာ တစ်မျိုးပဲ"ဟု မြနှင်းနွယ်က ပြောလိုက်ရာ ပက်ထရစ်က. . .

"ဘုရားကိုးဆူဆိုတော့ ပုဆိုးနဲ့လာမှ သင့်တော်မယ်ထင်လို့ပါ" ဟု ပြန်၍ဖြေလေ၏။

"အန်တီက ဖိတ်ထားရက်သားနဲ့ ဘာဖြစ်လို့မလာတာလဲ"ဟု မြနှင်းနွယ်ကမေးရာ ပက်ထရစ်က . . .

"မာမီ ခြေထောက်နာနေလို့ပါ၊ မမဆီကို သိပ်ပြီးလာချင်ပါတယ်" ဟု ပြောလေ၏။

မြနှင်းနွယ်သည် ပက်ထရစ်အား မြို့ပိုင်မင်း ဦးငွေတိုးတို့၏ စားပွဲသို့ခေါ်ဆောင်သွားပြီးလျှင် မိတ်ဆက်ပေးလေ၏။

"ပက်ထရစ်. . . ဟောဒါက မြို့ပိုင်မင်း ဦးငွေတိုးတဲ့၊ ဟောဒါက ကိုပိန်သေး၊ ဟောဒါက ကိုတင်ထွေး၊ ဟောဒါက ကိုဝင်းနိုင်၊ ဟောဒါက ရှေ့နေကလေး ကိုရွှေထွန်း၊ ဟောဒါက ယစ်မျိုးအရာရှိကလေး ကိုမောင်ကို၊ ဟောဒါက ပုလိပ်အရာရှိ ကိုလှမောင်" စသည်ဖြင့် မြနှင်းနွယ်က မိတ်ဆက်ပေးပြီးနောက် "ဟောဒါက ကွယ်လွန်သူ ရာဇဝတ်ဝန် မစ္စတာဖော်စတာ၊ မစ္စက်မာဂရက်တို့ရဲ့သား ပက်ထရစ် ဖြစ်ကြောင်း မိတ်ဆက်ပေးလျှင် ရှေ့နေကလေး ကိုရွှေထွန်းက. . .



www.burmeseclassic.com

www.burmeseclassic.com



"မစ္စတာဖော်စတာ၊ မစ္စက်မာဂရက်တို့ရဲ့သား ပက်ထရစ်ဆိုတော့ ဘိုအစစ်တွေပေါ့နော်"ဟု ကလိလိုက်လေ၏။

"မဟုတ်ပါဘူးခင်ဗျာ၊ ကျွန်တော့်မိခင်က ငယ်စဉ်က အင်္ဂလိပ်ကျောင်းမှာနေလို့ နာမည်က မစ္စက်မာဂရက်ရယ်လို့ ခေါ်နေကြပေမယ့် အမှန်ကတော့ ရွှေဘိုသူ မြန်မာအမျိုးသမီးအစစ်ပါခင်ဗျ၊ ဖခင်ကတော့ အင်္ဂလိပ်လူမျိုးပါ၊ ဒါကြောင့် ကျွန်တော့်ကို ကပြားတစ်ယောက်လို့ ဆိုနိုင်ပါတယ်"ဟု ပက်ထရစ်က ခြေငံစွာ ပြန်၍ ဖြေလိုက်လေ၏။

ထိုအချိန်၌ မြနှင်းနွယ်ကလည်း တစ်ခြားစားပွဲဧည့်ခံရန် ထွက်သွားလေပြီဖြစ်၏။

"ကပြားဆိုတာ ကြက်များမှာတော့ အဖိုးတန်ပါတယ်၊ စစ်တာကောင်းနဲ့ တညင်နဲ့များ စပ်ပြီး ကပြားဖြစ်ကြတဲ့ကြက်ဟာ တွန်လိုက်ရင် အသံလည်းအော်င်တယ်၊ အလုံးအရပ်လည်းကောင်းတယ်"ဟု ရှေ့နေမောင်ရွှေထွန်းက ပြောပြန်၏။

ထိုအခါ၌ ကုလားဒိန်မြို့ပိုင် ဦးငွေတိုးက ...

"တော် တော်၊ ကပြားတွေကိုတော့ ထိခိုက်မယ့်စကား မပြောနဲ့၊ ကျုပ်ကလည်း ကုလားမြန်မာ ကပြားတစ်ယောက်ပေပဲ"ဟု ပြောလိုက်ရာ ...

ရှေ့နေမောင်ရွှေထွန်းက ...

"မြို့ပိုင်မင်းရယ် ကုလားကပြားလို့မပြောပါနဲ့၊ နှာခေါင်းမြင်တာနဲ့ ဘင်္ဂလားနှာခေါင်းဆိုတာ သိပါတယ်"ဟု ပြောလိုက်ပြန်လေ၏။ ထိုအခါ၌ ကုလားဒိန်မြို့ပိုင်မင်းက အောက်ပါအင်္ဂလိပ်စကားတို့ ပြောလိုက်လေ၏။





၎င်းပြောသောစကားမှာ အင်္ဂလိပ်အစစ်များပြောသောစကားမဟုတ်ဘဲ၊ အင်္ဂလိပ်စာတတ် ဘာဘူကုလားများပြောလေ့ရှိသည့် ဘာဘူအင်္ဂလိပ်ရှိခေါ် ရိုးရိုးသုံးရမည့်စကားလုံးနေရာ၌ ဧရာမစကားလုံးကြီးများ ထည့်သွင်းပြောဆိုသော အင်္ဂလိပ်စကားမျိုးဖြစ်၏။ မြို့ပိုင်မင်း ပြောလိုသည်မှာ "မောင်ရွှေထွန်း ဒီနေရာက ထွက်သွားပါ၊ မသွားရင် လက်သီးနဲ့ထိုးရပါလိမ့်မယ်"ဟူ၍ ဖြစ်ပေသည်။ ယခု ၎င်းပြောသောအင်္ဂလိပ်စကားမှာမူ "သင်၏ရုပ်ခန္ဓာကို အမြန်ဆုံး ဒီနေရာက ပြောင်းရွှေ့ရွှေ့လျားပေးပါ၊ သို့တည်းမဟုတ်ပါက သင်၏အသက်ဇီဝိန်ရှည်ကြာခြင်းသည် ကမ္ဘာမြေကြီး၏ ဆွဲငင်အားဆီသို့ ရောက်သွားပေလိမ့်မည်"ဟု ဘာသာပြန်ရန် ရှိပေတော့၏။

"ဘယ်လိုလဲ ပက်ထရစ်၊ ကျုပ်ပြောတဲ့ အင်္ဂလိပ်စကား ကောင်းရဲ့လား၊ ခင်ဗျားက ဘိုအစစ်ရဲ့သားဆိုလို့ မေးတာပါ"ဟု မြို့ပိုင်မင်း ဦးငွေတိုးက ခပ်လှောင်လှောင်လေသံဖြင့် ပက်ထရစ်ကိုမေးလိုက်ရာ ပက်ထရစ်က ...

"အင်္ဂလိပ်အစစ်ပြောတဲ့ စကားမျိုးမဟုတ်ဘူး၊ စိတ်ကြီးဝင်နေတဲ့ ကုလားလူမျိုးတစ်မျိုးပြောတဲ့ စကားပဲ"ဟု မျက်နှာထားတည်တည်ဖြင့် ပြောလိုက်လေ၏။ မြို့ပိုင်မင်းလည်း ပါးစပ်ပိတ်၍ သွားလေတော့၏။

ထိုအခါ၌ မြနှင်းနွယ်ကို ပိုးပန်းဖူးသော မုဆိုးဖို ပုလိပ်အရာရှိ ကိုလှမောင်က ပက်ထရစ်အား မလိုတမာစိတ်ထားဖြင့် ရန်စလိုသည်ဖြစ်သောကြောင့် အောက်ပါအတိုင်း ပြောလေ၏။

"စိတ်တော့မဆိုးပါနဲ့ ပက်ထရစ်၊ ကျုပ်တို့ မြန်မာစကားပုံမှာရှိတဲ့ စကားကလေးကတော့ ခင်ဗျားတို့ ကပြားတွေအတွက် နစ်နာစရာ



www.burmeseclassic.com

www.burmeseclassic.com



ပါပဲ၊ ဘာတဲ့ . . . အိမ်တန်းလျား၊ ရေလက်ကြား၊ လူကပြားတဲ့။ မနေအပ်၊ မသွားအပ်၊ မပေါင်းအပ်တာတွေကို ပြောတာပါ။ ဒါပေမယ့် ကျုပ်ကတော့ ကပြားပဲဖြစ်ဖြစ်၊ အစစ်ပဲဖြစ်ဖြစ် ပေါင်းသင်းတတ်ပါတယ်"

"အင်း . . . စကားပုံဆိုလို့ ပြောရဦးမယ်၊ အဲဒီစကားပုံကလည်း မြန်မာစကားပုံပါပဲ၊ ခင်ဗျားတို့လို ပုလိပ်တွေအဖို့ အတော်ကလေး နစ်နာဖို့ရှိပါတယ်။ ဘာတဲ့ . . . ယောက်ျားဖျင်း ပုလိပ်၊ မိန်းမဖျင်း ကွီတ် ဆိုလားပါပဲ၊ ကျုပ်ကလည်း ပုလိပ်ပဲဖြစ်ဖြစ်၊ ကွီတ်ပဲဖြစ်ဖြစ် သူ့နေရာနဲ့သူ အသုံးဝင်တာမို့ အပေါင်းအသင်းလုပ်ပါတယ်"ဟု ပက်ထရစ်က ပြန်၍ပြောလိုက်ရာ မြနှင်းနွယ်ကို ပိုးပန်းဖူးသောသူများသည် ပက်ထရစ်အား လွယ်လွယ်ကူကူနှင့် အနိုင်ကျင့်၍ ရမည်မဟုတ်ကြောင်း ရိပ်မိကြလေတော့၏။ စကားနှင့်နှိမ်လျှင် စကားနှင့် ပြန်၍ချေပ,သကဲ့သို့ လက်ဖြင့်ကျူးလွန်ပါမူ လက်တုန့်ပြန်မည့်သူဖြစ်ကြောင်း ရိပ်မိကြလေ၏။

မိန်းမရှာအသောင်းသည် ပက်ထရစ်အနီးသို့ မရောင်မလည်နှင့် လာရောက်ကြည့်ရှုပြီးလျှင် အိမ်ပေါ်သို့ပြန်၍တက်သွားပြီးနောက် ငှင်းနှင့်ရင်းနှီးသော အထည်သည်မိန်းမတစ်ဦးအား . . .

"အိမ်ကဟာမက စွဲစွဲလမ်းလမ်းဖြစ်နေတဲ့လူဆိုလို့ သွားကြည့်တာပါ မသန်းရယ်၊ ပြောတော့ ဘိုကပြားတဲ့၊ လူပုံက အညာက လေ့ထိုးသမားကျနေတာပဲ"ဟု ပြောလေ၏။

ထိုအချိန်၌ မြနှင်းနွယ်လည်း မျက်နှာ၌ချွေးများစို့လာသဖြင့် မျက်နှာကို တို့ပတ်ရိုက်ရန်အတွက် အိမ်ပေါ်သို့ တက်လာလေ၏။ မြနှင်းနွယ်ကိုမြင်လျှင် မိန်းမရှာအသောင်းက . . .





"ဟဲ့ . . . အနွယ်၊ ညည်းအကောင်က ဘိုကပြားလဲဆိုသေးရဲ့၊ သူ့ပုံပန်းက အညာသားပုံပါလား၊ မေးစမ်းလည်း ကြည့်ပါဦး၊ ညည်းအကောင် ဘိုကပြားကို၊ အေ ဘီ စီ ဒီကလေးများကော တတ်ရဲ့လားလို့"ဟု ပြောလိုက်ရာ မြနှင်းနွယ်က . . .

"အသောင်းကလည်း ဘာတွေလျှောက်ပြောနေတာလဲ၊ အင်္ဂလိပ်လိုမတတ်ဘဲ နေပါ့မလား၊ သူတို့အိမ်မှာက မြန်မာလိုတောင် ပြောကြတာမဟုတ်ဘူး၊ ပြီးတော့ သူလည်း ကောလိပ်မှာ အိုင်အေအထိတော့ တက်ခဲ့ဖူးတာပဲ ဥစ္စာ၊ အသောင်းတို့ကတော့ တစ်ဖက်သားကို နှိမ်ဖို့ဆိုရင် ပထမတန်းပဲ"ဟု ပြောလေ၏။

"အင်း . . . ကိုယ်ထင်ရင် ခုတင်ခြေလေးချောင်း ဆိုတဲ့စကားဟာ သိပ်မှန်တယ်၊ မိနွယ်တို့မျက်စိထဲမှာ အညာသား ဘိုကပြားဟာ နတ်သားကလေးကိုလှပြီးနေပ..ါပဲ"ဟု မိန်းမရှာအသောင်းက ပြောပြန်လေ၏။

"ဒါပေါ့ အသောင်းရယ်၊ လူဆိုတာ ကိုယ့်မျက်စိနဲ့ကိုယ် ကြည့်ရတာမဟုတ်လား၊ အသောင်းမျက်စိနဲ့ မလှပေမယ့် နွယ့်မျက်စိမှာတော့ လှချင်လှနေမှာပေါ့"ဟု မြနှင်းနွယ်က အရွဲ့တိုက်၍ပြောလေ၏။

"လှပါ့တော် . . . လှပ၊ ငါ့သမီးတော်လှ . . . တော်လှဆိုပြီး ယောက်မမြင်းစီးထွက် ဆိုတာမျိုးမဖြစ်ရင် ပြီးတာပါပဲ"ဟု အသောင်းက ပြောလျှင် မြနှင်းနွယ်က . . .

"ယောက်မက ရိုးရိုးမနေဘဲ ခြေလေးချောင်းပေါက်လာရင်တော့ မြင်းလုပ်ပြီးစီးရမှာပဲ အသောင်းရေ့ တစ်သက်လုံးတော့ အပျိုကြီး လုပ်ပြီး မနေနိုင်ဘူး"ဟု မျက်နှာကို တို့ပတ်ရိုက်ရင်း ပြောလိုက်လေ၏။



www.burmeseclassic.com

www.burmeseclassic.com

ထို့နောက် မြနှင်းနွယ်သည် ဆက်လက်၍ ဧည့်ခံရန်အတွက် ခြံတွင်းသို့ ဆင်း၍သွားလေ၏။

ခြံတွင်းသို့ရောက်လျှင် ဆက်လက်ဧည့်ခံလေ၏။ ထို့နောက် ဒန်ပေါက်ထမင်းအိုးဆီသို့ လောက်ငှခြင်းရှိ,မရှိ မြနှင်းနွယ်က သွားရောက်ကြည့်ရှုရာ သစ်သားရေစည်ပိုင်းကြီးအနီးတွင် ဆောင့်ကြောင့်ထိုင်လျက် စားပြီးသားပန်းကန်များကို ဆေးကြောနေသည့် မင်းမောင်ကိုမြင်လျှင် မြနှင်းနွယ် စိတ်မကောင်းဖြစ်၍ သွားလေ၏။

"ဟယ် . . . ပန်းကန်ဆေးဖို့လူ မရှိဘူးလား မင်းမောင်ရယ်၊ နင်က ဘာကြောင့် ဒါတွေလုပ်နေရတာလဲ၊ ခက်တော့တာပဲ၊ ဟိုမှာ ပိန်သေးတို့၊ ဝင်းနိုင်တို့ ရောက်နေကြပြီလေ၊ နင်လဲ အဲဒီဝိုင်းမှာ ဝင်စားပါလားဟယ်"ဟု မြနှင်းနွယ်ကပြောရာ မင်းမောင်က . . .

"နေပါစေဟယ်၊ ငါက တစိမ်းဧည့်သည်မှမဟုတ်ဘဲ၊ လုပ်စရာရှိတာ ဝင်ပြီးလုပ်ရမှာပေါ့၊ ဒန်ပေါက်လာကြည့်တာလား၊ ဟိုမှာ သုံးအိုးရှိသေးတယ်၊ နင့်ဘာသာ ဧည့်ခံစရာရှိတာသာ ဧည့်ခံစမ်းပါဟယ်"ဟု ပြောလေ၏။

မြနှင်းနွယ်သည် မင်းမောင်၏ နှိမ်နှိမ်ချချနေတတ်သော စရိုက်ကိုသိသဖြင့် ဆက်လက်ပြောဆိုခြင်းမပြုဘဲ စိတ်မကောင်းစွာနှင့်ပင် ခြံရှေ့သို့ထွက်၍ လာခဲ့လေ၏။

ထိုနေ့ညက ဧည့်သည်များသည် ည(၁၀)နာရီထိုးမှပင် တဖြည်းဖြည်း စဲ၍သွားလေ၏။ ည(၁၂)နာရီလောက်တွင်မူ အိမ်သားများနှင့် ကူညီလုပ်ကိုင်ပေးသော လူရင်းများသာလျှင် ကျန်လေတော့၏။ လူစိမ်းဧည့်သည်ဆို၍ ပက်ထရစ်သာလျှင် ကျန်လေတော့၏။ ပက်ထရစ်မှာမူ နံနက်မိုးလင်းမှပင် ပြန်၍ရမည်ဖြစ်သောကြောင့် မြနှင်းနွယ်တို့၏အိမ်၌ မိုးလင်းသည်အထိ နေရမည်ဖြစ်၏။





ဘုရားကိုးဆူ ဆရာကြီးသည် သီရိမာအမွှန်း ရွတ်လိုက်၊ ရှင်မောဂ္ဂလန်အမွှန်း ရွတ်လိုက်နှင့် ဘုရားခန်း၌ အလုပ်ရှုပ်လျက် ရှိပေသည်။

ပက်ထရစ်ကမူ ဘုရားစင်သို့လာ၍ ဘုရားကန်တော့ပြီးလျှင် ဝရန်တာသို့ထွက်၍ လေတိုက်ခံနေသဖြင့် မြနှင်းနွယ်က အီးဇီးချဲ ယားခေါ် ပက်လက်ကုလားထိုင်ကြီးတစ်လုံးကို ချပေးရင်း . . .

"ပက်ထရစ် အိပ်ချင်ရင် ဟောဒီအခန်းထဲမှာ အိပ်ယာပြင်ပြီးသားပဲ၊ ဝင်အိပ်နော်"ဟု ပြောလေ၏။

"မအိပ်သေးပါဘူး မမနွယ်၊ အော် . . . မမကို အဲဒီလိုပဲခေါ်မယ်နော်"ဟု ပက်ထရစ်ကပြောလိုက်ရာ မြနှင်းနွယ်က . . .

"ခေါ်ပါ ပက်ထရစ်ရယ်၊ ဒါနဲ့ နေစမ်းပါဦး၊ မိုးပေါ်က လ,မင်းကြီးကိုကြည့်ပြီး ဘာတွေလွမ်းနေတာလဲ"ဟု မေးလိုက်လေ၏။

"မလွမ်းပါဘူး မမနွယ်၊ မာမီကို သတိရလို့ပါ၊ မာမီက ခြေထောက်နှစ်ဖက်စလုံး နာနေတာဆိုတော့ စိုးရိမ်လို့ပါ"ဟု ပက်ထရစ်က ပြန်၍ ပြောလိုက်လေ၏။

မြနှင်းနွယ်လည်း ပက်ထရစ်နှင့်စကားပြောရင်း ခြံတွင်းသို့ငုံ့၍ ကြည့်လိုက်ရာ၊ ကုလားထိုင်များ၊ စားပွဲခုံများကို တစ်ယောက်တည်း သိမ်းဆည်းသယ်ပိုးလျက်ရှိသော မင်းမောင်ကိုမြင်ရလျှင် မြနှင်းနွယ်၏ စိတ်၌ . . .

"အော် . . . မင်းမောင် . . . မင်းမောင်၊ ဘယ်တော့ပဲကြည့်လိုက် ကြည့်လိုက် သူ့မှာထမ်းနေ၊ ပိုးနေ အလုပ်လုပ်နေတာချည်းပါပဲ၊ ငြိမ်ငြိမ်ကလေးထိုင်နေတာကို မတွေ့ရဘူးပါလား၊ သနားစရာ ကောင်းလိုက်ပါဘိ"ဟု တွေးမိလေ၏။


www.burmeseclassic.com

www.burmeseclassic.com

ဘုရားကိုးဆူဆရာကြီးနှင့် မလှမ်းမကမ်းလောက်တွင်မူ ရွှေပုဇွ
ခြောက်နိုင်းချင်းနှင့် သုတ်ထားသော လက်ဖက်ခွက်ကိုဗဟိုပြုလျ
မိန်းမသုံးလေးယောက်နှင့် မိန်းမရှာအသောင်းသည် ဟောင်ဖွ
ဟောင်ဖွာ ပြောဆိုလျက်ရှိပေ၏။ ထိုစကားဝိုင်း၌ကား ရွှေနေ
မောင်ရွှေထွန်းလည်း ပါရှိပေသည်။

မြနှင်းနွယ်သည် ပက်ထရစ်နှင့်စကားပြောနေရာမှ ဘုရားခန်
ဆီသို့လာခဲ့ရာ မိန်းမဝိုင်း၌ ရွှေနေမောင်ရွှေထွန်းကိုမြင်လျှင်. . .

"အလို. . . ရွှေနေကြီး မပြန်သေးပါလား"ဟု ပြောလိုက်ရ
မောင်ရွှေထွန်းက . . .

"မပြန်သေးဘူး နွယ်ရေ၊ အန်တီသောင်းတို့ဆီက ဗဟုသုတ
ဆည်းပူးမလို့ နေရစ်ခဲ့တာ"ဟု ပြောင်စပ်စပ်မျက်နှာနှင့် ပြန်၍
ပြောလေ၏။

"ဟဲ့. . . မောင်ရွှေထွန်းရဲ့၊ ငါတို့ဆီက ဗဟုသုတဆည်းပူးလို
တရားရုံးမှာ အသုံးချလို့ရတဲ့ ဗဟုသုတမျိုးရမှာမဟုတ်ဘူး၊ ငါတို
မိန်းမတွေဆိုတာ အချင်းချင်းတွေ့ရင် ကလေးမွေးတဲ့အကြောင်း
မီးယပ်အကြောင်း၊ သားအိမ်စောင်းတဲ့အကြောင်း၊ သွေးလွန်တဲ့
အကြောင်း၊ သွေးဆုံးတဲ့အကြောင်းလောက် ပြောကြတာ"ဟု မိန်းမရှာ
အသောင်းက မိန်းမကြီး၏ဟန်ပန်ဖြင့်ပြောရာ မောင်ရွှေထွန်းက. . .

"အဲဒါကြောင့် ဆည်းပူးချင်တာပေါ့၊ အန်တီသောင်းရယ်၊ အဲ
ဗဟုသုတတွေက ဥပဒေစာအုပ်ထဲမှာ ဖတ်လို့တွေ့နိုင်တာတွေမှ
မဟုတ်ဘဲ၊ တကယ်ပြောတာဗျာ၊ အန်တီသောင်းဟာ ရုပ်ကလည်
မိန်းမရုပ်၊ ပြောတာဆိုတာ လုပ်တာကိုင်တာ ချက်တာပြုတ်တာ
ဘာမှ ပြောစရာမရှိဘူး၊ တကယ့်မိန်းမတစ်ယောက်ထက်တောင်





သာပါသေးတယ်၊ ပြောစရာဆိုလို့ တကယ့်မိန်းမအစစ်မဟုတ်တာပဲ
ရှိတယ်၊ တကယ့်မိန်းမအစစ်သာဆိုရင် ကျွန်တော်လေ ဘယ်မိန်းမမှ
မယူဘူး၊ အန်တီသောင်းကို ယူမယ်"ဟု ပြောလေ၏။

"အောင်မယ်. . . မိန်းမအစစ်မဟုတ်လို့တဲ့၊ ဘယ်နေရာမှာ
မိန်းမနဲ့ပြိုင်ရမလဲ၊ အချက်အပြုတ်မှာ ပြိုင်မလား၊ အလျှော်အဖွပ်မှာ
ပြိုင်မလား၊ လင်ကို ပြုစုတဲ့နေရာမှာ ပြိုင်မလား၊ အတွေ့အထိမှာ
ပြိုင်မလား"ဟု မိန်းမရှာအသောင်းကပြောရာ ရွှေနေမောင်ရွှေထွန်း
က . . .

"လည်ပင်း ဇလုပ်မှာပြိုင်မယ်ဗျာ၊ မိန်းမအစစ်က ဇလုပ်မရှိဘူး၊
အန်တီသောင်းက ဇလုပ်ရှိတယ်"ဟု ပြောလိုက်ရာ မိန်းမရှာ
အသောင်းသည် ငေါငေါကြီးထွက်နေသော သူ၏လည်ပင်းဇလုပ်ကို
ယောင်၍ လက်ဖြင့်စမ်းသပ်လိုက်ရင်း . . .

"ရွှေနေစုတ်၊ သေရင်တောင် ရှာထွက်သေမယ့်ကောင်"ဟု
ကျိန်ဆဲလိုက်ရာ စကားဝိုင်းတစ်ဝိုင်းလုံး ပတ်တုတ်၍မရအောင်
ရယ်မောကြလေ၏။

ဘုရားကိုးဆူဆရာကြီးပင်လျှင် ၎င်း၏ ဆိုလက်စ,အမွှန်းကို
ဆက်၍ မဆိုနိုင်ဘဲ ရယ်မောလေတော့၏။

"ဟောတော့. . . ကိုးဆူဆရာကပါ မရွတ်မဖတ်ဘဲ ရယ်နေတယ်၊
ကြား,မကြားဘူးပေါ်တော်"ဟု မိန်းမရှာအသောင်းက မဲ့ရွဲ့၍
ပြောလိုက်ရာ ဘုရားကိုးဆူဆရာကြီးက . . .

"စိတ်မရှိပါနဲ့ ငှါတူရယ်၊ အဲ အဲ. . . ငှါတူမရယ်၊ ဦးလေး ဘုရား
ကိုးဆူဆရာလုပ်လာတာ အနှစ် ၄၀ ကျော်ပါပြီ၊ အမွှန်းရွတ်တုန်း
တစ်ခါမှမရယ်မိဘူးပါဘူး၊ ဒီတစ်ခါတော့ ရယ်ချင်လွန်းလို့ ရယ်မိ



www.burmeseclassic.com

www.burmeseclassic.com


ပါတယ်၊ ဟား ဟား ဟိုသူငယ်ကလည်း ပြောတတ်ပါ့ဗျာ၊ ဟား ဟား တော့ အားရပါးရ ရယ်မောလေရာ စကားဝိုင်မှ မိန်းမများသာမဟုတ်ဘဲ မြနှင်းနွယ်ပါ ခွက်ထိုးခွက်လန် ရယ်မောလေတော့၏။

ထိုအခါ၌ မိန်းမရှာအသောင်းသည် ဘုရားကိုးဆူ ဆရာကြီး အား . . .

"သေခါနီး သချိုင်းမျက်စောင်းထိုးနေတဲ့ အဘိုးကြီးက ဝင်ပြီး လျှောင်လားပြောင်လားနဲ့"ဟု ရန်တွေ့လိုက်ရာ ဘုရားကိုးဆူ ဆရာကြီး က . . .

"သေခါနီးတာနဲ့ ရယ်ချင်တာနဲ့ မဆိုင်ဘူး သူငယ်မ၊ အဲ အဲ သူငယ်ထီးရဲ့၊ ဟဲ ဟဲ ရယ်စရာတွေ့ရင် ရယ်ချင်တာဟာ သဘာဝ ကိစ္စ၊ မူလကိစ္စ"ဟုဆိုကာ ကြေးစည်ကို နှောင်ကနဲထုလိုက်ရာ ကြေးစည်သံက ရယ်သံများကို လွှမ်းမိုး၍သွားလေတော့၏။

"ကဲ ကဲ တရားနာပရိသတ်တို့ အခုရွတ်မှာကတော့ မောင်မဥ္ဇက အမွှန်းပဲ"ဟု အစချီကာ ဘုရားကိုးဆူ ဆရာကြီးသည် ကြေးစည်ဖြင့် ပတ်တုပ်၍ ဇာတ်တော်လာ မိန်းမရှာမောင်မဥ္ဇကအမွှန်းကို စတင်၍ ရွတ်လေတော့၏။

"လူလည်ကြီး သူလဲ ဝ,အောင်ရယ်ပြီးရော ကြေးစည်ထုပြီး ဆက်ရွတ်နေပြီ၊ ကျန်တဲ့လူရယ်ဖို့ အချိန်မပေးတော့ဘူး"ဟု ရှေ့နေ မောင်ရွှေထွန်းက ပြောလိုက်လေ၏။

အိမ်ပေါ်၌ တဝါးဝါးရယ်မောနေချိန်၌ ခြံတွင်းဝယ် မြကျင်သည် မင်းမောင်၏ရှေ့တွင် တရှုံ့ရှုံ့ငိုကြွေး၍ နေလေ၏။

"ဟဲ့ မြကျင်၊ အိမ်က ဘာဖြစ်လို့ပြန်လာတာလဲ၊ ညကြီးမိုးချုပ်" ဟု မင်းမောင်ကမေးလျှင် မြကျင်က . . .



"အစ်ကို့ကို လာခေါ်တာ"ဟု ဆိုလေ၏။

"အေးလေ ငါပြန်ခဲ့မှာပေါ့၊ ဒီမှာ ခုံတွေသိမ်းနေတယ်လေဟယ်၊ ပြီးပါပြီ လာမှာပေါ့"ဟု မင်းမောင်က ပြောလေ၏။

"မဟုတ်ဘူး၊ အဖေ မြင်းနိုင်လို့ အရက်တွေမူးပြီး မြောင်းထဲ တာ ခေါင်းကွဲသွားတယ်၊ အခု ဆေးရုံမှာ၊ ဒေါက်တာက တော်တော် းတယ်၊ မြကျင်ကို အစ်ကိုတို့ပွဲရုံက အပုကလေး(တရုတ်အပု လေး)က လာပြောတာ၊ အမေမသိအောင် အစ်ကို့ကို လာပြီး ပြောတာ"ဟု ပြောဆို၍ တရှုံ့ရှုံ့ငိုလေ၏။

"အေး. . . ဒီလိုဆိုရင် ဆေးရုံကို ငါလိုက်သွားမယ်၊ နင့်ကို အိမ်မှာ ပို့ထားခဲ့မယ်"ဟုဆိုကာ ထွက်မည်ဟုခြေလှမ်းလိုက်သည့်အခါ၌ သည့်အချိန်က ရောက်နေသည်မသိရသော မြနှင်းနွယ်က. . .

"မင်းမောင်. . . စက်ဘီးယူသွားလေ၊ ပြီးတော့ ဆေးရုံရောက်လို့ ပြီး အခြေအနေဆိုးရင် ငါ့ကိုအကြောင်းကြားဦး"ဟု ပြောလိုက် မင်းမောင်က အံ့အားသင့်လျက် "အေး"ဟုဆိုကာ ဆင်ဝင် ာက်မှ စက်ဘီးကိုယူလျက် မြကျင်အား ကယ်ရီယာ၌ထိုင်စေ၍ မြန်နင်းသွားလေ၏။

"အဖေက သိပ်ပြီးခက်တာပဲ အစ်ကိုရယ်"ဟု မြကျင်က မောင်အားပြောရာ မင်းမောင်က . . .

"ဟဲ့ ကောင်မလေး ငရဲကြီးမယ်၊ အဖေဆိုတာ အပြစ်တင်ရမယ့် မဟုတ်ဘူး၊ သူ့ဘာသာ ဘာပဲလုပ်လုပ် မပြောရဘူး၊ အဖေက ာ အရက်ကြိုက်ရတဲ့အထဲ မြရှင်လည်းထွက်သွား၊ အမေနဲ့လဲ ည့်ဆိုတော့ ပိုပြီးသောက်တာပေါ့ဟယ်၊ အဖေက သနားဖို့ ာင်းပါတယ်"ဟု စက်ဘီးနင်းရင်း ပြောလေ၏။


www.burmeseclassic.com

www.burmeseclassic.com

"အဖေက သနားစရာကောင်းပါတယ်ဆိုတော့ အမေက သနား
စရာ မကောင်းဘူးလား"ဟု မြကျင်ကမေးလိုက်လေ၏။

"အမေလဲ သနားဖို့ကောင်းတာပေါ့ဟယ်၊ အဖေက မြင်းကလေး
လောင်းလိုက်၊ အရက်ကလေး သောက်လိုက်နဲ့နေလို့ စိတ်ဆင်း
နေရတဲ့အထဲ မြရှင်ကထွက်သွားတော့ အမေ့မှာ စိတ်အဆင်းရဲကြီး
ဆင်းရဲနေရတာ မဟုတ်လား"ဟု မင်းမောင်က ပြန်ပြောလေ၏။

"ဒီလိုဆိုရင် မြရှင်ကိုပဲ အပြစ်တင်ရမှာပဲ အစ်ကို"ဟု မြကျင်
က ပြောပြန်၏။

"မြရှင်ကို ဘာလို့အပြစ်တင်ရမှာလဲဟယ်၊ သူက အဖေက
မြင်းလောင်းလိုက်၊ အရက်သောက်လိုက်နဲ့ ငါ့ရဲ့လုပ်စာတစ်ခုထဲကို
ထိုင်ပြီးစားနေတာ သူလဲ ဘယ်စိတ်ချမ်းသာပါ့မလဲ၊ ပြီးတော့ မြရှင်က
အဆို အက ဝါသနာပါတယ်မဟုတ်လား၊ ဒီတော့ သူဝါသနာပါတဲ့
အလုပ်နဲ့ ကြီးပွားအောင်လုပ်မယ်ဆိုပြီး ထွက်သွားရှာတာပဲ၊ ဘာဖြစ်
လို့ အပြစ်တင်ရမှာလဲကွယ်"ဟု မင်းမောင်က ပြန်ပြောလေ၏။

"ဒီလိုဆိုရင် မြကျင်ကိုတော့ အပြစ်တင်စရာ ရှိမှာပေါ့"

"နင့်ကိုလဲ ဘာလို့ အပြစ်တင်ရမှာလဲ၊ နင့်မှာ အမေကိုလဲ ကူညီ
ပြီး အိမ်အလုပ်လုပ်ရ၊ အဖေ့အတွက် ပူရ၊ မြရှင်အတွက် ပူရနဲ့
နင်လဲ သနားစရာကောင်းတာပါပဲ"ဟု မင်းမောင်ကပြောလိုက်ရာ
မြကျင်က . . .

"ဒီလိုဆိုရင် အစ်ကို့ကိုပဲ အပြစ်တင်ရမှာပေါ့"ဟုပြောလေ၏။

"ဟဲ့ ငါ့ကိုလဲ ဘာလို့အပြစ်တင်ရမှာလဲ၊ ငါ့မှာ အသက်ငယ်ငယ်
(၁၀)တန်း အောင်ပါရက်နဲ့ မိဘကဆင်းရဲလို့ ကောလိပ်ကို ဆက်
မသွားနိုင်ဘဲ တစ်အိမ်လုံးကို ရှာဖွေကျွေးနေရတဲ့ အစ်ကိုကြီးကိုများ





နင်က အပြစ်တင်ချင်သေးသလား မြကျင်ရယ်"ဟု မြကျင်က
နောက်မှ တခစ်ခစ်ရယ်ရင်း . . .

"အစ်ကို့မှာ အပြစ်တော့ရှိပါတယ်"ဟု ဆိုလေ၏။

"ဘာအပြစ်များလဲ မြကျင်ရယ်၊ ငါသိသလောက်တော့ ဒီအသက်
ဒီအရွယ်အထိ အပြစ်လုပ်မိတယ်လို့ မထင်ပါဘူး"

"အစ်ကို့အပြစ် အစ်ကိုမသိဘူးလား"

"ဟင့်အင်း . . . မသိပါဘူး"

"အစ်ကို မမနွယ်ကို ကြိုက်နေတယ်မဟုတ်လား"

"နင့်ကို ဘယ်သူပြောသလဲ"

"မြကျင် သိတာပေါ့"

"အေး . . . စိတ်ထဲကတော့ ကြိုက်မိသလား မဆိုနိုင်ပါဘူး
မြကျင်ရယ်၊ ဒါဟာ အပြစ်လို့ဆိုရင်တော့ ဝန်ခံရမှာပဲ"

"ကြိုက်မိသလား မဆိုနိုင်ဘူးလို့ မပြောပါနဲ့၊ အစ်ကို ကြိုက်နေ
ပါတယ်၊ ဒါ အပြစ်ပေါ့ အစ်ကိုရယ်၊ စိတ်ထဲက ကြိုက်နေတာဟာ
အပြစ်ပေါ့၊ မမမြနှင်းနွယ်ကလည်း အစ်ကို့လိုပဲ စိတ်ထဲကနေ အစ်ကို့
ကိုကြိုက်နေတာ၊ သူကတော့ မိန်းကလေးဆိုတော့ ကျွန်မကြိုက်နေ
ပါတယ်လို့ အစ်ကို့ကို ဘယ်လိုလုပ်ပြီး ပြောမလဲ၊ ဒါကို အစ်ကိုက
သိရက်နဲ့ မမနွယကို ပါးစပ်က ချစ်ပါတယ်. . . ကြိုက်ပါတယ်လို့
မပြောတာဟာ ကြွေရှင်မိန်းကလေးတစ်ယောက်ကို နှိပ်စက်တာပဲ"

"တော်စမ်း မြကျင်၊ နင်မြှောက်ပေးတာနဲ့ လျှောက်ပြီးလုပ်မယ်
များ မှတ်နေသလား၊ ငါက နင့်အရင် ထမင်းစားတာပါ၊ ဟော. . .
ဆိုမှာ ဆေးရုံရောက်ပြီ"ဟုဆိုကာ မင်းမောင်က စကားစ,ကို
ဖြတ်လိုက်လေ၏။


www.burmeseclassic.com

www.burmeseclassic.com



မြနှင်းနွယ်တို့အိမ်၌ကား ရွှေနေမောင်ရွှေထွန်းသည် မိန်းမရှာ အသောင်းအား မိုးစင်စင်လင်းသည်အထိ နောက်ပြောင်ကျီစယ် နေသဖြင့် မြနှင်းနွယ်တို့သည် မအိပ်ချင်ရှိကြလေ၏။

ပက်ထရစ်မှာမူ အိုးဇီးခွဲယားကြီး၌ တမှေးမျှမှေးပြီးလျှင် နံနက် မိုးလင်းသည်နှင့် မြနှင်းနွယ်အား နှုတ်ဆက်ကာ မုတ္တမဘက်သို့ ကူး၍ ပြန်သွားလေတော့၏။

ဘုရားကိုးဆူဆရာကြီးလည်း ဂြိုဟ်ကြီးကိုးလုံးကိုပင့်စဉ်က စိတ်ရှည်လက်ရှည် လက်ာပတ်တမ်းများဖြင့် ပင့်ခဲ့သော်လည်း နံနက် မိုးလင်း၍ ဂြိုဟ်ကြီးများကို ပြန်ပို့သည့်အခါ၌ တက်သုတ်ရိုက်၍ တနင်္ဂနွေဂြိုဟ်မင်း နေရင်း၌ာန ပြန်ကာကြွ၊ တနင်္လာဂြိုဟ်မင်း နေရင်း၌ာန ပြန်ကာကြွဟု ဒလမန်းကြမ်း ပြန်၍ပို့ပြီးလျှင် ၎င်းကိုယ်တိုင် လည်း သေတ္တာကလေးအတွင်းသို့ ၎င်း၏ပစ္စည်းများကိုထည့်ကာ ပိုက်ဆံတောင်း၍ ကပျာကယာ ပြန်၍သွားလေတော့၏။

"ကိုးဆူဆရာနှယ်တော်. . . ဆပ်ပြာသည်လင်ပျောက်ကျနေ တာပဲ"ဟု မိန်းမရှာအသောင်းကပြောရာ ဘုရားကိုးဆူဆရာကြီး က . . .

"ကိုယ့်ဝမ်းနာ ကိုယ်သာသိ ဆိုသလိုပါပဲတူမကြီးရယ် ဟဲ. . . ဟဲ" ဟု ပြော၍သွားသေး၏။

ရွှေနေမောင်ရွှေထွန်းကမူ ကိုးဆူဆရာကြီးအား . . .

"ဂြိုဟ်တွေကိုတော့ ဆရာကြီးက ပြန်ပို့ခဲ့ပြီးပြီ၊ ဆရာကြီးကို ကျွန်တော်က ပြန်ပြီးပို့လိုက်မယ်၊ ကိုးဆူဆရာကြီး ချာမပီးခင် လာရင်း ၌ာန ပြန်ကာကြွ"ဟု ပြောလိုက်ရာ ဘုရားကိုးဆူဆရာကြီးက မောင်ရွှေထွန်းကိုကြည့်၍ . . .





"မဟုတ်မှလွဲရော ဒါ မင်းလက်ချက်ပဲဖြစ်မယ်"ဟုပြော၍ သွား လေ၏။

ထိုအခါ မိန်းမရှာအသောင်းက အဓိပ္ပာယ်နားမလည်သဖြင့် မောင်ရွှေထွန်းအား . . .

"ဘာလဲဟဲ့၊ နင်တို့ဟာက၊ မဟောသဓာနဲ့ အမရာ စကားပြော သလိုကျနေတာပဲ"ဟု ဆိုလေ၏။

"မဟုတ်ဘူး အန်တီသောင်းရယ်၊ ကျွန်တော်က တစ်ညလုံး အိပ်ရေးပျက်တယ်ဆိုပြီး မနက်ကို ဝမ်းနှုတ်မလို့ ဝမ်းနှုတ်ဆေးပြား လေးနှစ်ပြားကို ကောဖီခွက်ထဲမှာ ပျော်အောင်ထည့်ထားတာ၊ ဘုရားကိုးဆူဆရာကြီးက ဘာမပြောညာမပြောနဲ့ သူ့အတွက် ကော်ဖီ ဖျော်ထားတာမှတ်ထင်ပြီး သောက်လိုက်တာ၊ အောင့်မေ့လို့ ယူပြီးမော့လိုက်တာဗျို့၊ အဲဒီဆေးက မနေနိုင်အောင် ဝမ်းကိုရစ်ပြီး နာတာ၊ အဘိုးကြီးတော့ အိမ်ရောက်ပဲ့မလား မသိဘူး" ဟု ပြောလိုက်ရာ မိန်းမရှာအသောင်းက . . .

"နင်က တမင်တကာလုပ်တာမဟုတ်လား၊ အဘိုးကြီးကို ဒုက္ခရောက်အောင်"ဟု ဆိုလေ၏။

"တမင်လုပ်တာတော့ မဟုတ်ဘူး၊ ဒါပေမယ့် အခုလို အဘိုးကြီး ဒုက္ခရောက်သွားတာတော့ ဝမ်းသာပါရဲ့၊ ဘယ့်နှယ်ဗျာ၊ ညတုန်းက အန်တီသောင်းကို သူက တဟားဟားနဲ့ လှောင်ပြီးရယ်နေလိုက်တာ၊ ကျွန်တော်က မခံချင်ဘူး"ဟု မောင်ရွှေထွန်းကပြောလိုက်ရာ မိန်းမရှာ အသောင်းက . . .

"အေး. . . ဟုတ်တယ်၊ အခုလောက်ဆိုရင် ကိုးဆူဆရာကြီး လမ်းမှာတင် ဝမ်းတော်လားနေလောက်ပြီ ဟွန်း"ဟု ပြောဆိုကာ မိန်းမဆန်ဆန် မေးကိုငေါ့လိုက်လေ၏။



www.burmeseclassic.com

www.burmeseclassic.com



ဤသို့နှင့်ပင် မြနှင်းနွယ်၏ လူကုံတန်ဘုရားကိုးဆူအလှူသည် အိုးနင်းခွက်နင်းနှင့် ပြီးဆုံးခဲ့လေတော့သတည်း။

❀ ❀ ❀

အရေးပိုင်ကုန်းရှိ မြနှင်းနွယ်တို့အိမ်၌ မိုးလင်း၍ အလှူပွဲပြီး ရုပ်သိမ်းလိုက်သည့်အခါတွင် လမုတန်းရှိ မင်းမောင်တို့၏အိမ် ကလေး၌ အသုဘအခမ်းအနား စတင်လေတော့၏။

မင်းမောင်၏ဖခင် မြင်းလှကလေးခေါ် ဦးလှကလေးမှာ အရက် မူး၍ မြောင်းထဲသို့ ဇောက်ထိုးကျခဲ့သောဒဏ်ရာနှင့် ဆေးရုံ အသက်ကုန်သွားလေတော့၏။

မြကျင်မှာ ရှိုက်၍ရှိုက်၍ ငိုနေလေ၏။ မြကျင်တို့အမေ ဒေါ်လှ မှာ ငိုကြွေးခြင်းမပြုသော်လည်း ငယ်စဉ်ကပေါင်းသင်းခဲ့သော ငယ်လင် ငယ်မယားဖြစ်ခြင်းကြောင့် စိတ်မကောင်းဖြစ်နေပုံရ

“လူမိုက်ဇာတ် သိမ်းသွားပြီရှင်”ဟုသာ ဧည့်သာများကို ပြော နေ၏။ မင်းမောင်သည် အိမ်ကလေး၏ရှေ့တွင် ဝါးလုံးတိုင်များ စိုက်က၁ ကလဖျင်းထိုးခြင်း၊ ဖျာခင်းခြင်းများကို ပြုလုပ်နေ မင်းမောင်အလုပ်လုပ်သော တရုတ်ကုန်စုံဆိုင်မှ တရုတ်အပုကလေး ရောက်လာပြီးလျှင် ငွေနှစ်ဆယ်ကျပ် ကူငွေအဖြစ် ထည့်၍သွားလေ မင်းမောင်သည် ဖခင်ကြီးအား သင်္ဂြိုဟ်ရန်အတွက် ငှင်းစုထားသော ငွေသုံးဆယ်နီးပါးကိုထုတ်၍ အပုကလေး၏ငွေနှင့်ပေါင်း မည်သို့မည်ပုံ သင်္ဂြိုဟ်ရမည်ကို ဇယားချ၍နေလေ၏။





မင်းမောင်သည် စာရွက်တစ်ရွက်ပေါ်၌ ကုန်ကျမည့်စရိတ်ကို တွက်ကြည့်နေ၏။

| | |
|---|---|
| အသုဘလှည်းငှားခ | ၅/- ကျပ် |
| သချိုင်းမှ စဏ္ဍာလများနှင့် တွင်းတူးခ | ၁၀/- ကျပ် |
| အသုဘခေါင်း | ၁၅/- ကျပ် |
| (၇)ညအတွက် | |
| အောက်လင်းမီး ၂-လုံး ငှားခ+ရေနံဆီဖိုး | ၁၅/- ကျပ် |
| စုစုပေါင်း | ၄၅/- ကျပ် |

ရက်လည်ဆွမ်းသွတ်ရန် ငွေ ၅-ကျပ်သာလျှင် ကျန်တော့သည့် အဖြစ်ကို စဉ်းစားရင်း စိတ်မသက်မသာဖြစ်၍ နေလေ၏။

ထိုအချိန်၌ နောက်မှရောက်လာသော မြနှင်းနွယ်သည် မင်းမောင်၏လက်တွင်းမှ စာရင်းစာရွက်ကို ဆွဲယူ၍ . . .

“နင်ကလည်း တစ်ကောင်ကြွက်ကျနေတာပဲ မင်းမောင်ရယ်၊ ငါတစ်ယောက်လုံးရှိနေတာကို နင် သတိမရဘူးလား၊ ဦးလေးရဲ့ အသုဘစရိတ်အားလုံးကို ငါ တာဝန်ယူတယ်၊ ဟိုမှာ. . . နို့ဆီတွေ၊ သကြားတွေ ဝယ်လာခဲ့ပြီ၊ လာတဲ့ဧည့်သည်ကို ဘယ်လောက်လာလာ လက်ဖက်ရည်ဖျော်တိုက်မယ်၊ ဘယ်သူ့ဆီကမှ ကူငွေလက်မခံနဲ့တော့၊ အားလုံး ငါ့တာဝန်ယူတယ်”ဟု ပြောလိုက်ရာ မင်းမောင်သည် မျက်စပ်အဟောင်းသားနှင့် မြနှင်းနွယ်ကိုကြည့်၍ ကျေးဇူးတင်မဆုံး ဖြစ်၍နေလေ၏။

ထိုသို့ ကျေးဇူးတင်၍နေရင်း မင်းမောင်၏စိတ်ထဲ၌ . . .

“အနွယ် စိုက်ထားတဲ့ငွေတွေကို စာရင်းလုပ်ထားပြီး တဖြည်းဖြည်း တော့ ပြန်ပြီးဆပ်မှကောင်းမယ်”ဟု တွေး၍နေလေ၏။



www.burmeseclassic.com

www.burmeseclassic.com


"ကျေးဇူးတင်လိုက်တာ အနွယ်ရယ် . . . ဒါပေမယ့် . . . မင်းမောင်က စကားစ,လိုက်သည်တွင် မြနှင်းနွယ်က . . .

"ဘာ ဒါပေမယ့်လဲ၊ နင်ပြောမှာ ငါသိတယ်၊ ကုန်ကျသမျှ ပြန်ပြီးဆပ်ပါရစေဆိုတာ မဟုတ်လား မင်းမောင်"ဟုပြောလိုက် မင်းမောင်က . . .

"အေး. . . ဟုတ်တယ် အနွယ်"ဟု ဆိုလေ၏။

"ဘာဟုတ်တာလဲ. . . နင်က ငါ့ကို သူစိမ်းလိုဆက်ဆံ မင်းမောင်"ဟု မြနှင်းနွယ်ကပြောလိုက်မှပင် မင်းမောင်သည် ငြိ နေရလေ၏။ မြနှင်းနွယ်သည် အသုဘအိမ်၌ တစ်နေ့လုံးလိုလို မင်းမောင်တို့မိသားစုကို အားပေးစားပြောရှာလေ၏။

ညပိုင်းသို့ရောက်လျှင် ရှေ့နေမောင်ရွှေထွန်းသည် ဖဲထုပ်နှစ် ကို လက်တွင်ကိုင်လျက် ရောက်ရှိလာလေ၏။ ထို့နောက် ဖဲ ဖြစ်အောင် ဖန်တီး၍ပေးလေ၏။ ထို့ကြောင့် အသုဘအိမ်မှာ ဆူ ညံညံ စည်စည်ကားကား ရှိလေ၏။

ထိုအချိန်မှပင် မြနှင်းနွယ်သည် အိမ်သို့ပြန်သွားရာ မိန်း အသောင်းက . . .

"ညည်းနဲ့တော်. . . တစ်နေကုန်တစ်နေခန်း မသာအိမ်သွာ ရတယ်လို့၊ ယောက္ခမမသာ ကျနေတာပဲ"ဟု ပြောလေ၏။

"အို. . . အသောင်းကလဲ၊ မင်းမောင်တို့ခမျာမှာ အားငယ် ရှာတာ၊ အားပေးရမှာပေါ့ အသောင်းရယ်၊ ပြီးတော့ မင်းမော မိသားစုက နွယ့်ကို အားကိုးကြတယ်မဟုတ်လား"ဟု မြနှင်းနွယ် ပြန်၍ပြောလေ၏။

"ဒီလိုဆိုလဲ ဘာလို့ပြန်လာသေးသလဲတော်၊ ရက်လည်





ပြန်လာရောပေါ့"ဟု မိန်းမရှာအသောင်းကပြောရာ မြနှင်းနွယ်က. . .

"မှန်တာပေါ့ အသောင်းရယ်၊ ရေမိုးချိုး၊ ထမင်းစားပြီးရင် တစ်ခေါက် ပြန်သွားရဦးမယ်"ဟု အရွဲ့တိုက်၍ ပြောလေ၏။

"သွား. . . သွား. . . ညည်းပါ မြင်းလှကလေးနဲ့ သချိုင်းကုန်းမှာ ရောပြီးမြှုပ်လိုက်ရရင် သာတောင်ကောင်းဦးမယ်"ဟု စိတ်ဆိုးမာန်ဆိုးနှင့်ပြောလိုက်ရာ မြနှင်းနွယ်သည် တခစ်ခစ်ရယ်မောရင်း ရေချိုးခန်းသို့ ဝင်သွားလေတော့သည်။

အသုဘအိမ်၌ကား ရှေ့နေမောင်ရွှေထွန်းသည် အကောက်ခွက်ကိုကိုင်၍ . . .

"အကောက်တော့ မှန်မှန်ထည့်ကြနော်၊ ခင်ဗျားတို့ထည့်တဲ့ အကောက်က မသာရှင်က ယူမှာမဟုတ်ဘူး၊ ခင်ဗျားတို့ကို ညဉ့်နက်ပိုင်းရောက်ရင် ပဲလိပ်ဝယ်ပြီး ကျွေးဖို့"ဟုပြောရာ ဖဲသမားတစ်ဦးက "မဟုတ်တာ ကိုရွှေထွန်းရာ၊ မင်းမောင်တို့က ဆင်းရဲပါတယ်ကွာ၊ အသုဘစရိတ်ကလေးကာမိအောင် အကောက်ပိုက်ဆံကို သူတို့ကို ပေးလိုက်ပါ"ဟု ပြောလေ၏။

"အသုဘစရိတ်အတွက် ပူမနေနဲ့၊ မြနှင်းနွယ်က အားလုံးတာဝန်ယူပြီးသွားပြီ။ အကောက်ပိုက်ဆံကို ခင်ဗျားတို့ကိုပဲ ကျွေးရမယ်"ဟု မောင်ရွှေထွန်းက ပြောလေ၏။

"ဒီလိုဆိုလဲ ကောင်းပါလေရဲ့ကွာ၊ အေး. . . တစ်ခုပြောရဦးမယ်၊ ပွဲစားကြီးသမီး မြနှင်းနွယ်က မင်းမောင်ကို သံယောဇဉ် တော်တော်ရှိပုံရတယ်ကွ"ဟု ဖဲသမားကပြောလိုက်ရာ မောင်ရွှေထွန်းက . . .

"အဲဒါ ကျုပ်မသိဘူး၊ ကျုပ်သိတာက ခင်ဗျား စောစောက တစ်လှည့်စားထားတာ အကောက်မထည့်ရသေးဘူး၊ အကောက်



www.burmeseclassic.com

www.burmeseclassic.com

အရင်ထည့်ပြီးမှ ကျန်တဲ့စကားပြောပါ"ဟု ဆိုလိုက်ရာ ဖဲသမားများသည် ဝါးကနဲ ရယ်မောကြလေတော့၏။

မောင်ရွှေထွန်းသည် ညဥ့်နက်ပိုင်း၌ ဖဲသမားများထံမှ အကောက်ရသောပိုက်ဆံဖြင့် ဖဲသမားများကို ပဲလိပ်ဝယ်၍ ကျွေးလေ၏။ အသုဘရက်လည်သည်အထိ မောင်ရွှေထွန်းက ဖဲသမားများကို လာရောက်ပြုစုနေလေ၏။ ခဏတဖြုတ်သာလျှင် ပြန်၏။

မြနှင်းနွယ်မှာလည်း မောင်ရွှေထွန်းကဲ့သို့ပင်ဖြစ်၏။ အိမ်သို့ ပြန်၍ ရေချိုး၏၊ တရေးတမော အိပ်၏။ ထို့နောက် အသုဘအိမ်သို့ ပြန်ရောက်လာ၏။ ရက်လည်ဆွမ်းသွတ်၍ ရေစက်ချပြီးမှပင် အိမ်သို့ စိတ်ချလက်ချ ပြန်လေတော့၏။

မိန်းမရှာအသောင်းမှာမူ မြနှင်းနွယ် ပြန်ရောက်လာသည်နှင့် တစ်ပြိုင်နက် . . .

"ညည်းနဲ့တော် အံ့ပါရဲ့၊ ကိုယ်နဲ့ အဆင့်အတန်းတူတဲ့အိမ်လဲ မဟုတ်ဘဲနဲ့ ခုနစ်ရက် ခုနစ်လီ သွားနေတာများ ကိုယ့်ဂုဏ်ကိုမှ ကိုယ်မထောက်ပါလား"ဟု ဆူလေတော့၏။

"အသောင်းရယ်. . . မင်းမောင်ဟာ ငယ်ငယ်လေးကတည်းက မောင်နှမလို နေလာကြတာပဲ၊ သူ့ကိစ္စဟာ ကိုယ့်ကိစ္စပေါ့၊ သူ့အပူဟာ ကိုယ့်အပူပေါ့"ဟုလောက်သာ ပြန်ပြောလေ၏။

ညနေပိုင်းသို့ရောက်လျှင် မြနှင်းနွယ်သည် မင်းမောင်တို့အိမ်သို့ တစ်ခေါက်ရောက်ရှိလာပြန်၍ မင်းမောင်တို့မိသားစုနှင့် စကားထိုင်ပြောပြီးလျှင် နက်ဖြန်၌ ရန်ကုန်ပွဲရုံတွင် ကုန်စာရင်းနှင့် ငွေစာရင်းများကိုစစ်ဆေးရန် ရန်ကုန်သို့သွားမည်ဖြစ်ကြောင်း ပြောဆိုနှုတ်ဆက်၍ ပြန်ခဲ့လေ၏။





မြနှင်းနွယ်ပြန်သွားပြီးနောက် ရွှေနေမောင်ရွှေထွန်း ရောက်လာပြီးလျှင် မင်းမောင်တို့သားအမိအား စိတ်ပြေလက်ပျောက် ဖြစ်စေရန်အတွက် ရယ်စရာများပြော၍ ညဥ့်နက်မှပင် ပြန်၍သွားလေတော့သတည်း။



www.burmeseclassic.com

www.burmeseclassic.com

## မသာမင်းသမီး

မြနှင်းနွယ်သည် ရန်ကုန်သို့ရောက်သည့်နေ့မှစ၍ ပွဲရုံစာရင်းများကို ကြည့်ရှုစစ်ဆေးခြင်း၊ ကုန်အမှာစာများ လက်မှတ်ထိုးခြင်း၊ နယ်ပွဲရုံများသို့ ကုန်ကြွေးလက်ကျန်များ ဖော်ပြ၍ ကြွေးတောင်းစာများ ရေးသားခြင်း စသော လုပ်ငန်းများနှင့် တစ်ပတ်လုံး အလုပ်ရှုပ်လျက်ရှိခဲ့ရာ ပက်ထရစ်တို့အိမ်ဘက်ဆီသို့ တစ်ခေါက်တလေမျှ မရောက်ခဲ့ပေ။

ထိုသို့ အလုပ်များနေခဲ့ရာမှ ရန်ကုန်ရောက်သည့် ရှစ်ရက်မြောက်သောနေ့၌ ပရိုက်ဗိတ်တိုင်စီကားတစ်စီး ငှားရမ်း၍ ပက်ထရစ်တို့အိမ်သို့ ထွက်၍လာခဲ့လေ၏။

ဒေါ်မာဂရက်ကြီးသည် မြနှင်းနွယ်ကိုမြင်လျှင် "နေကောင်းရဲ့နော်၊ အလှူကို မလာနိုင်တဲ့အတွက် ခွင့်လွှတ်ပါနော်"စသည့် အဓိပ္ပာယ်ရသည့် အင်္ဂလိပ်စကားများဖြင့် မြနှင်းနွယ်ကို နှုတ်ဆက်လေ၏။

ပက်ထရစ်လည်း မြနှင်းနွယ်၏အသံကိုကြားလျှင် အိမ်ပေါ်မှ ပြေးဆင်းလာပြီးနောက် . . .

"မမနွယ်"ဟု အားရဝမ်းသာ နှုတ်ဆက်လေ၏။

မြနှင်းနွယ်ကလည်း သူငယ်ချင်းတစ်ဦး၏ဖခင် သေဆုံးသဖြင့် အစစအရာရာ ကူညီနေရသောကြောင့် ရန်ကုန်သို့မရောက်နိုင်ခဲ့ကြောင်း၊ ရန်ကုန်သို့ ရောက်ပြန်သည့်အခါ၌လည်း ပွဲရုံ၌ အလုပ်များ



www.burmeseclassic.com

www.burmeseclassic.com

လုပ်နေသဖြင့် တစ်ပတ်လုံး ခြေချုပ်ကျနေရကြောင်းတို့ကို ပက်ထရစ်အား ပြောပြလေ၏။

ထို့နောက် ဒေါ်မာဂရက်က မြနှင်းနွယ်အား လွန်စွာကျဲ၍ လွန်စွာ အရသာမရှိသော ကော်ဖီဖြင့် ဧည့်ခံရင်း မြနှင်းနွယ်အား မိမိသည် မစ္စတာဖော်စတာရှိစဉ်က မည်သို့မည်ပုံ သုံးစွဲခဲ့ပုံ၊ မင်းကတော် စိုးကတော်များထဲတွင် "ဘို"အစစ်၏ကတော် ဖြစ်ခြင်းကြောင့် မည်သို့မည်ပုံ ဂုဏ်ရှိခဲ့ပုံတို့ကို မြိန်ရည်ရှက်ရည် ပြောပြနေလေ၏။

ထို့နောက် ပက်ထရစ်လည်း စန္ဒရားဆီသို့လာရောက်၍ စန္ဒရား တီးနေသဖြင့် မြနှင်းနွယ်သည် ဒေါ်မာဂရက်၏စကား၌ စိတ်မဝင်စားဘဲ ပက်ထရစ်၏ စန္ဒရားသံ၌သာ စိတ်ရောက်နေလေ၏။

ပက်ထရစ်သည် အင်္ဂလိပ်သီချင်းတပုဒ်ကို တီး၍နေရာမှ မြန်မာ သီချင်းကြီးတပုဒ်ကို ကူးပြောင်း၍တီးသဖြင့် မြနှင်းနွယ်က . . .

"ပက်ထရစ်က မြန်မာသီချင်းလဲ တီးတတ်သကိုး"ဟု ပြောလိုက်ရာ ပက်ထရစ်ပြုံး၍ ခေါင်းညိတ်ပြပြီးလျှင် . . .

"တီးတတ်ပါတယ် မမနွယ်၊ ဘယ်သီချင်း နားထောင်ချင်သလဲ တီးပြမယ်လေ"ဟု ပြောလေ၏။

"ပက်ထရစ်ကြိုက်တာပဲ တီးပါ၊ မမနွယ်ကတော့ နားထောင် မှာပါပဲ"ဟုပြောလျှင် ပက်ထရစ်က . . .

"ဝိဇ္ဇာတောလား တီးပြမယ်"ဟု ပြောလေ၏။ ထိုအခါ၌ ဒေါ်မာ ဂရက်က . . .

"တောလား ဝုပ် . . . တောလား"ဟု ဝင်၍မေးလေ၏။

"တောလားဆိုတာ တောထဲကို သွားတဲ့အကြောင်းပေါ့ မာမီ ရယ်"ဟု ပက်ထရစ်ကပြောလျှင် ဒေါ်မာဂရက်က . . .





"ယူရပ်ဗစ်ရှ် . . . တောလားဆိုတာ ဂျန်ဂဲလ်ကိုပြောတာ၊ မြို့မှာ နေတဲ့သူက ဂျန်းဂဲလ်ကိုသွားတာကို နားထောင်ရမှာလား၊ အင်္ဂလိပ် သီချင်းတီးပါ"ဟု မြန်မာအင်္ဂလိပ် ကပြားစကားဖြင့် ပြောလေ၏။

"မာမီ့အတွက် အင်္ဂလိပ်သီချင်းတစ်ပုဒ်၊ မမနွယ်အတွက် မြန်မာသီချင်းတပုဒ် တီးပြမယ်လေ"ဟု ပက်ထရစ်ကပြောရာ ဒေါ်မာဂရက်က . . .

"နိုးနိုး ဘိုအိမ်မှာ ဘိုသီချင်း တီးစမ်းပါ ပက်ထရစ်ရယ်"ဟု ဆိုကာ ထိုင်ရာမှ မတ်တပ်ရပ်လိုက်စဉ်၌ပင် "အိုး . . . ဂေါ့ဒ်"ဟု ယောင်ယမ်းအော်ဟစ်ကာ ခွေလဲကျသွားသဖြင့် မြနှင်းနွယ်လည်း "လုပ်ကြပါဦး"ဟု အော်ဟစ်ကာ ဒေါ်မာဂရက်ထံသို့ ပြေး၍ သွားလေ၏။ ပက်ထရစ်လည်း ၎င်း၏မိခင်အား ပြေး၍ပွေ့ထား လေ၏။ ဒေါ်မာဂရက်မှာ သတိမေ့မြော၍ နေလေ၏။

အိမ်ဖော် ကရင်မကလေးလည်း မီးဖိုတွင်းမှ ပြေး၍ထွက်လာ ပြီးလျှင် တစ်ဖက်ခြံမှ ဆရာဝန်ကြီး နယာဆင်းကို ပြေး၍ခေါ်လေ၏။

မုတ်ဆိတ်မွေး ဗလဗျစ်နှင့် ပန်ချာပီဆရာဝန်ကြီး နယာဆင်း ရောက်လာသည့်အခါ၌ ဒေါ်မာဂရက်သည် လုံးဝအသက်ပျောက် သွားပြီဖြစ်လေ၏။

ဆရာဝန်ကြီးက ခေါင်းကိုခါ၍ ခရစ်တော်၌ အနားယူ အိပ်ပျော် သွားရှာပြီဖြစ်ကြောင်း အင်္ဂလိပ်ဘာသာဖြင့် ယဉ်ကျေးစွာ ပြောပြ လိုက်သည့်အခါမှပင် ပက်ထရစ်သည် ၎င်း၏မိခင်ကြီး သေဆုံး ကြောင်း ခိုင်ခိုင်လုံလုံ သိရသဖြင့် ၎င်း၏မျက်နှာသည် ညှိုးချုံး၍ သွားလေတော့၏။ ပက်ထရစ်သည် လွန်စွာဝမ်းနည်းပြီး ကြေကွဲခြင်း ဖြစ်၍နေ၏။ သို့ရာတွင် မျက်ရည်မကျဘဲ တင်း၍ခံနေ၏။



www.burmeseclassic.com

www.burmeseclassic.com

**မြှင်းနွယ်မှာ** မိန်းမသားဖြစ်သည့်အလျောက် ဝမ်းနည်းစရာ **တွေ့ရှောင်** အောင့်၍မနေနိုင်ဘဲ မျက်ရည်များ ယိုစိမ့်၍လာလေ တော့၏။

ပက်ထရစ်သည် အိမ်ဖော်မလေးအား ခုတင်တစ်လုံး ဆင်စေ၍ ဒေါ်မာဂရက်၏အလောင်းကို ခုတင်ပေါ်၌တင်ထားပြီးနောက် ဒေါ်မာဂရက်၏အိပ်ခန်းဆီသို့ သွားရောက်ကာ ခေါင်းအုံးအောက်မှ သော့ကိုယူပြီး ဆွဲအံများကိုဖွင့်၍ ငွေကိုရှာလေ၏။ မိခင်ကြီး သဂြိုလ် ရန်အတွက် ငွေကို ရှာဖွေနေခြင်းဖြစ်၏။

ပက်ထရစ်၏စိတ်တွင် ၎င်း၏မိခင်ကြီး၌ ငွေများရှိနေသေးသည် ဟူ၍ ထင်မှတ်နေ၏။ ပက်ထရစ်သည် ယခု အသက်အရွယ်အထိ အလုပ်တစ်စုံတစ်ရာ မလုပ်ရဘဲ၊ ထမင်းစားလိုက်၊ ပေါင်မုန့် ထောပတ်သုတ် စားလိုက်၊ ပါတီသွားလိုက်၊ စန္ဒရားတီးလိုက်နှင့် နေထိုင်ခဲ့ရာ ၎င်း၏စိတ်၌ ဖခင်ဖြစ်သူ မစ္စတာဖော်စတာ မရှိသည့် နောက် အနည်းငယ်မျှ ချို့ငဲ့သည်ဆိုရုံကလေး ချို့ငဲ့သည်မှအပ ၎င်း၏မိခင်၌ ငွေများစုမိဆောင်းမိ ရှိထား၍သာ ဤသို့လျှင် မပူ မပင် စားသောက်နေနိုင်ခြင်းဖြစ်သည်ဟု ထင်မှတ်နေလေ၏။

အမှန်စင်စစ်မူ ဒေါ်မာဂရက်သည် လွန်စွာ ဘိုဆန်သကဲ့သို့ လွန်စွာမှလည်း အသုံးအဖြုန်းကြီးသည်ဖြစ်ရာ စိန်ရွှေစသော အတွင်း ပစ္စည်းများ ကုန်သည့်အပြင် အကြွေးများယူ၍ သုံးစွဲရုံမျှမက ဘိုအိမ် ကြီးကိုပင် ပက်ထရစ်မသိအောင် မြနှင်းနွယ်အား ရောင်းချခဲ့သည့် အဖြစ်ကို ပက်ထရစ်သည် မသိရှာခဲ့ပေ။

ဒေါ်မာဂက်ကလည်း ပက်ထရစ်အား အဖြစ်မှန်ကို ဖွင့်၍ ပြောလိုက်ပါက ပက်ထရစ်သည် တစ်စုံတစ်ခုသောအလုပ်ကို ဝင်၍





လုပ်ကိုင်တော့မည်ကိုသိ၍ မပြောခဲ့ခြင်းဖြစ်ပေသည်။ သားဖြစ်သူ ပက်ထရစ်သည် အဖြစ်မှန်သိပါက ရုံးတစ်ရုံးရုံး၌ ရရာအလုပ်ကို ဝင်၍လုပ်မည်ကို မကြည့်ရက်ပေ။

ဘိုသားအစစ်အား ကပြားများနှင့် မြန်မာများက ခိုင်းစေကြ သည်ကို ဒေါ်မာဂရက်သည် မကြည့်ရက်နိုင်ပေ။ ထို့ကြောင့် မိမိ နေ့ရှိသည့်အခါ၌ ပက်ထရစ်အနေနှင့် ဘာပဲဖြစ်ဖြစ်၊ မိမိရှိစဉ်တွင် မိမိမျက်စိအောက်၌ ပက်ထရစ်အား အလုပ်မလုပ်စေရအောင် မိမိ ခံ့နေသည့်အဖြစ်ကိုလည်းကောင်း၊ ကြွေးတင်နေသည့်အဖြစ်ကို လည်းကောင်း အတတ်နိုင်ဆုံး ဖုံးဖုံးဖိဖိ လုပ်ထားခဲ့ပေသည်။

ပက်ထရစ်သည် ဆွဲအံတစ်ခုအား သော့ဖွင့်၍ဆွဲလိုက်ရာ အတွင်းမှ ငွေချေးထားသော စာချုပ်ပေါင်းနှစ်ဆယ်ကျော်ကို တွေ့ရ လေ၏။

ပက်ထရစ်သည် စာချုပ်များကို ဖတ်ကြည့်ပြီးနောက် လွန်စွာ အံ့ဩ၍နေလေ၏။ ထို့နောက် ဒေါ်မာဂရက်၏ မွေ့ယာကို လှန်၍ ကြည့်ရာ ပိုက်ဆံငါးမတ်နှင့် စာတစ်စောင်ကို တွေ့ရလေ၏။

ထိုစာကို ဖတ်၍ကြည့်ပြန်ရာ ကုလားတစ်ဦးထံမှစာဖြစ်ကြောင်း တွေ့ရ၏။ ထိုစာ၏အဓိပ္ပာယ်မှာ အိမ်ထောင်ပရိဘောဂများကို ကြွေးဖြင့်အပ်မည်ဆိုသည်ကို အမြန်ဆုံးအပ်ရန် ကြွေးတောင်း ထားသောစာဖြစ်ကြောင်း တွေ့ရလေတော့၏။

ပက်ထရစ်သည် ကြွေးစာချုပ်များ ကြွေးစာရင်းများကို ကြမ်းပြင် ပေါ်၌ဖြန့်ကျဲလျက် စာရွက်စာတမ်းများ၏အလယ်၌ ငူငူကြီး ထိုင်၍ နေလေ၏။

ပက်ထရစ်၏စိတ်၌ မိခင်ကြီးအား မည်သို့မည်ပုံ သဂြိုလ်ရမည်



www.burmeseclassic.com

www.burmeseclassic.com

ကို တွေးရင်း စိတ်ညစ်၍နေလေ၏။ ထိုအချိန်၌ နောက်မှရောက်၍ နေသော မြနှင်းနွယ်က . . .

"ပက်ထရစ်ရယ် ဘာမှမပူပါနဲ့ကွယ်၊ မင်းမာမီရဲ့ အသုဘကို မမ သင်္ဂြိုလ်ပေးပါ့မယ်"ဟုဆိုကာ စာရွက်စာတမ်းများကို ကောက် ယူ၍ ဆွဲအံအတွင်း၌ထည့်၍ ပေးလေ၏။

"ကဲ. . . ပက်ထရစ်ရေ အသုဘကိစ္စစီစဉ်ဖို့ မမနွယ် သွားလိုက် ဦးမယ်၊ အိမ်အောက်ထပ်မှာ သွားပြီးနေလိုက်ဦး"ဟုဆိုကာ မြနှင်းနွယ် လည်း ပက်ထရစ်အနီးမှခွာ၍ ၄င်းအိမ်မှထွက်လာပြီးလျှင် ၁၄-လမ်း ရှိပွဲရုံသို့ပြန်လာကာ ငွေကိုယူ၍ ဒေါ်မာဂရက်ကြီးအတွက် "ခေါင်း" မှာယူရန် သင်္ချိုင်းကုန်းရှိ စန္ဒာလများထံသို့သွားရောက်ကာ ထိပ်ပိုင်း ကားကား အောက်ပိုင်းရှူးရှူး ထောင့်အားဖြင့် ခြောက်ထောင့်ပါသည့် အင်္ဂလိပ်ခေါင်းတစ်လုံးကို ဈေးကြီးပေး၍ မှာယူခဲ့လေ၏။

ထို့နောက် မြနှင်းနွယ်သည် ပက်ထရစ်ထံသို့ ပြန်၍လာရာ ပန်းဆိုးတန်း၌ တိုက်ပုံအင်္ကျီအနက် တကားကားနှင့် လမ်းလျှောက် နေသော ရွှေနေမောင်ရွှေထွန်းကိုတွေ့သဖြင့် ကားကိုရပ်စေပြီး လျှင် . . .

"ကိုရွှေထွန်း"ဟု ခေါ်လိုက်လေ၏။

"အလို. . . မြနှင်းနွယ်ပါလား"

"ကိုရွှေထွန်း အခု ဘယ်ကိုလာတာလဲ"ဟု မြနှင်းနွယ်ကမေးရာ မောင်ရွှေထွန်းက . . .

"ငါလိုက်ပေးတဲ့အမှုသည် အမှုရှုံးလို့ ထောင်ကျသွားပြီလေ ဟယ်"ဟု ဆိုလေ၏။

"အဲဒါ ထောင်ဝင်စာသွားတွေ့မလို့လား"ဟု မြနှင်းနွယ်က မေးရာ မောင်ရွှေထွန်းက . . .





"ဘယ်ကလာ ထောင်ဝင်စာ သွားတွေ့ရမှာလဲ၊ ရှေ့နေခ ကျန် သေးတယ်ဟ၊ မရသေးလို့ လာပြီးတောင်းတာ"ဟု ဆိုလေ၏။

"အော်. . . အမှုရှုံးလို့ ထောင်ကျရမယ့်လူက ရှင့်ကို ရှေ့နေခ ပေးရမှာလား"ဟု မြနှင်းနွယ်ကပြောလိုက်ရာ မောင်ရွှေထွန်းက ရယ်လေ၏။ ထို့နောက် မြနှင်းနွယ်က . . .

"ကိုရွှေထွန်းမပြန်သေးရင် နွယ့်ကို တစ်ခုကူညီပါလား"ဟု ပြောလေ၏။

"ဘာကို ကူညီရမှာလဲ"

"ကျွန်မမိတ်ဆွေ ပက်ထရစ်ရဲ့အမေ ဒေါ်မာဂရက်ဆိုတာ ဆုံးလို့ အသုဘကိစ္စ ကူညီနေရတယ်၊ ရှင်လဲ မော်လမြိုင်ပြန်ဖို့ အရေးမကြီးသေးရင် ကျွန်မနဲ့အတူ ကူညီပေးပါဦးရှင်"

"ဖဲဝိုင်း အကောက်ကောက်ပေးရမှာလား"

"ဖဲဝိုင်းတော့ မရှိပါဘူး၊ သူတို့အိမ်က ဘိုအိမ်ရှင့်"

"ဘိုက ဖဲမရိုက်ဘူးလား . . . ဟ"

"ကဲပါရှင်၊ ကူညီမှာလား"

"ပက်ထရစ်ဆိုတာ နင်တို့အိမ်က ဘုရားကိုးဆူကိုလာတဲ့ ဘို အညာသားကို ပြောတာမဟုတ်လား"

"ဟုတ်တယ်၊ လူတစ်ဖက်သားကို ကဲ့ရဲ့လိုက်တာ ဘိုအညာသား တဲ့၊ သူကတော့ လှလွန်းလို့"ဟု မြနှင်းနွယ်က ပြောလိုက်ရာ မောင် ရွှေထွန်းက ရယ်မောရင်း . . .

"စိတ်မဆိုးပါနဲ့ မစ္စပက်ထရစ်ရယ်"ဟု ပြောလိုက်သဖြင့် မြနှင်းနွယ်က . . .

"ရှင်နော် . . . လူကို မဦးမချွတ်"ဟု ပြောလိုက်လေ၏။



www.burmeseclassic.com

www.burmeseclassic.com

"ကဲပါ. . . မသာမင်းသမီး မြနှင်းနွယ်ရေ၊ မင်းမောင်အဖေ မသာမှာ နင်နဲ့ငါနဲ့ ပင်ပန်းလို့မှ အမောမပြေသေးဘူး မ တစ်လောင်း လာပြန်ပြီ၊ တတ်နိုင်ဘူးလေ၊ နင်နဲ့ပတ်သက်နေတော့ ကူညီရမှာပေါ့"ဟု ဆိုသဖြင့် မြနှင်းနွယ်သည် မောင်ရွှေထွန်း ကားပေါ်သို့တင်၍ ဘိုအိမ်ကြီးဆီသို့ ခရီးဆက်ခဲ့လေတော့၏။



## မောင်ရွှေထွန်း၏စီမံပုံ

ပက်ထရစ်သည် မိခင်ကြီး၏အလောင်းကို လှပအောင်ပြင်ဆင်၍ နေလေ၏။ မိခင်ကြီးမရှိသည့်နောက် ဤအိမ်ကြီး၌ မိမိတစ်ယောက် တည်း ဆက်လက်၍ နေထိုင်ရမည့်အရေးကိုတွေး၍ စိတ်မကောင်း ဖြစ်နေမိလေ၏။

ထိုအချိန်၌ပင် မြနှင်းနွယ်နှင့် ရွှေနေမောင်ရွှေထွန်းသည် ရောက်ရှိလာကြလေတော့၏။ ပက်ထရစ်သည် ရွှေနေမောင်ရွှေထွန်း ကိုမြင်လျှင် ကောင်းစွာမှတ်မိသည်ဖြစ်၍ . . .

"ကိုရွှေထွန်း ပါလာတာကိုး၊ ကျေးဇူးတင်လိုက်တာဗျာ"ဟု မောင်ရွှေစွာနှုတ်ဆက်လေ၏။

"အနွယ်နဲ့တွေ့လို့ ခင်ဗျားမာသာကြီး ဆုံးတယ်လို့ပြောပြီး ကျုပ်ကိုခေါ်လာတာနဲ့ပ လိုက်လာခဲ့တာ၊ အသုဘ စည်စည်ကားကား ဖြစ်ဖို့ကတော့ ကျုပ်တာဝန်ပဲထားလိုက်ပါ ပက်ထရစ်"ဟု မောင် ရွှေထွန်းက ပြောလိုက်ရာ ပက်ထရစ်က . . .

"ဟုတ်ကဲ့. . . ကျေးဇူးတင်ပါတယ်၊ တော်ကြာလောက်ဆိုရင် တော့ မာမီတို့ ခရစ်ယာန်ဘာသာဝင်တွေနဲ့ "ချပ်ချ်"က ဘရာသာ ကြီးတွေ လာကြလိမ့်မယ်ထင်ပါရဲ့"ဟု ပြန်၍ပြောလေ၏။



www.burmeseclassic.com

www.burmeseclassic.com



"ဒါနဲ့ နေပါဦး ပက်ထရစ်၊ ခင်ဗျားမာသာကြီးအတွက် ငိုတဲ့လူ မတွေ့ရပါလား"ဟု မောင်ရွှေထွန်းက မေးလေ၏။

"ဒီအိမ်မှာက လူများများစားစား ရှိတာမှမဟုတ်ပဲ၊ ကျွန်တော် အိမ်ဖော် ကရင်မလေးပဲ ရှိတာပဲ ကိုရွှေထွန်း"ဟု ပက်ထရစ် ပြောလေ၏။

"ဒီလိုဆိုရင်လဲ ဒီကရင်မကလေးကိုခေါ်ပြီး ငိုခိုင်းထားဗျ မသာအိမ်ဆိုတာ ငိုတဲ့လူမရှိရင် တစ်မျိုးကြီးပဲဗျ"ဟု မောင်ရွှေထွ ကပြောလိုက်ရာ ပက်ထရစ်က "သူလဲ မာမီ့အတွက် စိတ်မကောင်း ငိုပါတယ်၊ အခုတော့ မီးဖိုထဲမှာ အလုပ်လုပ်နေပါတယ်"ဟု ပြောလေ ၏။

"ပက်ထရစ် ခင်ဗျားကရော ခင်ဗျားမာသာကြီးအတွက် မ ဘူးလား"ဟု မောင်ရွှေထွန်းက မေးမြန်းရာ မြနှင်းနွယ်က အား သောလေသံဖြင့် . . .

"အို . . . ကိုရွှေထွန်းက ဘာတွေလျှောက်မေးနေတာလဲ" ဝင်၍ ဟန့်တားလိုက်လေ၏။

"မာမီ့အတွက် ပြောမပြနိုင်လောက်အောင်ကို ဝမ်းနည်းနေ တယ် ကိုရွှေထွန်း၊ ဒါပေမယ့် ကျွန်တော်က ဘာဖြစ်လို့လဲမသိဘူး မျက်ရည်မထွက်ဘူး၊ ငိုလို့လဲ မရဘူး၊ ဒါပေမယ့် ကျွန်တော့်ဝမ်း မှာတော့ ငိုနေတာပါပဲ"ဟု ပက်ထရစ်က ပြန်ပြောလေ၏။

"စိတ်မဆိုးပါနဲ့ဗျာ၊ ကျုပ်က အသုဘဆိုရင် ငိုတဲ့လူနဲ့ဘာနဲ့ ကောင်းမယ်လို့ ထင်လို့ပါ၊ ငိုမယ့်လူမရှိတော့ တစ်မျိုးကြီးပေါ့ဗျာ" ဟုဆိုကာ မောင်ရွှေထွန်းသည် ဦးခေါင်းကိုကုပ်လေ၏။ ထို့နောက် ပက်ထရစ်ကိုကူညီ၍ လုပ်ကိုင်ပေးလေ၏။





မြနှင်းနွယ်မှာလည်း အိမ်ဖော်မလေးအား ပိုက်ဆံပေး၍ နို့ဆီ၊ သကြား၊ လက်ဖက်ခြောက်၊ ကိတ်မုန့် စသည်များဝယ်ရန် ဈေးသို့ လွှတ်လိုက်လေ၏။

တအောင့်မျှအကြာတွင် မောင်ရွှေထွန်းသည် အပြင်သို့သွားဦး ည်ဆိုကာ ထွက်၍သွားလေ၏။

ပက်ထရစ်တို့၏အိမ်၌လည်း ဧည့်သည်များသည် တဖွဲဖွဲ ရောက်ရှိလာကြလေ၏။

ခရစ်ယာန် ဘုရားရှိခိုးကျောင်းမှလည်း ရောက်လာပြီးလျှင် ခရစ်ယာန်မလေ့ထုံးစံနှင့်သင်္ဂြိုလ်ရန် စိုင်းပြင်းလျက်ရှိကြလေ၏။

ခရစ်ယာန်ဘာသာဝင်များသည် ကျမ်းစာအုပ်ကလေးများ တကိုင်ကိုင်နှင့် ဟိုတစ်စုဒီတစ်စုဆိုသလို ရှိနေကြ၏။ အချို့က ခြံထဲ တွင်ထိုင်လျက် အချို့က အိမ်ထဲတွင်နေကြလေ၏။

ဒေါ်မာဂရက်၏အသုဘ၌ တစ်ဦးနှင့်တစ်ဦး ဘိုလိုမေးကြ၊ ဘိုလို နှုတ်ဆက်ကြ၊ ဘိုလို ပြောကြ၊ ဘိုလို ဝမ်းနည်းလိုက်နှင့် ဘိုသံ များ ဆူညံလျက်ရှိကြလေ၏။ တစ်နည်းဆိုရပါမူ လွန်စွာဘိုဆန်သော မိန်းမကြီးတစ်ဦး၏ နောက်ဆုံး ဘိုဆန်ခြင်းဟု ဆိုနိုင်ပေသည်။

ထိုသို့ ဘိုသံများ ဆူညံနေစဉ်၌ပင် ရွှေနေမောင်ရွှေထွန်းသည် ဟောင်းနွမ်းသောအဝတ်အစားများ ဝတ်ဆင်ထားသည့် မိန်းမ တစ်ဦးနှင့် ခြံတွင်းသို့ ဝင်၍လာလေ၏။

ထို့နောက် မောင်ရွှေထွန်းသည် ထိုမိန်းမအား ဒေါ်မာဂရက်၏ အလောင်းအနီးသို့ ခေါ်သွားပြီးလျှင် . . .

"ကဲ . . . ဟောဒါပဲ"ဟု ပြောလေ၏။

"ရှေ့နေကြီး . . . နာမည်လေး ပြန်ပြောပါဦး၊ ကျွန်မ မေ့သွား လို့ပါ"ဟု ထိုမိန်းမက မေးလေ၏။



www.burmeseclassic.com

www.burmeseclassic.com



"မာဂရက်. . . မာဂရက်"ဟု မောင်ရွှေထွန်းကပြောလိုက်လျှင် ထိုမိန်းမသည် စတင်၍ငိုလေတော့၏။

"အောင်မယ်လေး . . . မာဂလက်ရေ . . . မာဂလက်ရေ . . . ဘောလုံးလေး မကန်တော့ဘူးလား"ဟု ထိုမိန်းမကပြော၍ ငိုလေ၏။

"ဟော့. . . မာဂလက်ဆိုတာ မိန်းမကြီး၊ ဘယ်ကလာ ဘောလုံးကန်ရမှာလဲ၊ နင့်အမေကလွှား တဲ့မှပဲ၊ ပြီးတော့ မှတ်ထားဦး၊ သိပ်ပြီး ဘိုဆန်တဲ့ မိန်းမကြီးဗျ"

"သိပါပြီတော်. . . သိပါပြီ၊ အောင်မယ်လေး မာဂလက်ကြီးရေ မာဂလက်ကြီးရဲ့၊ ပေါင်မုန့်ထောပတ်သုတ်ကလေး စားပါဦးတော့ လား၊ ဘဲရီးဂွဒ်. . . ရက်စ်. . . အောရိုက်ကလေး ပြောပါဦးတော့ လား၊ အီး. . အီး. . အီး. . "ဟု ချွဲချွဲပြစ်ပြစ်ဖြင့် ငိုလေတော့၏။

မြနှင်းနွယ်နှင့် ပက်ထရစ်လည်း ထိုမိန်းမကြီးကိုကြည့်၍ အဓိပ္ပာယ်နားမလည်ပဲ ရှိကြလေ၏။ ဘုရားရှိခိုးကျောင်းမှ ခရစ်ယာန် ဘုန်းတော်ကြီးများနှင့် ခရစ်ယာန်ဘာသာဝင်များလည်း ထိုမိန်းမကြီး ကိုကြည့်၍ ခပ်ကြောင်ကြောင်ဖြစ်၍ နေကြလေ၏။

"ကိုရွှေထွန်း သူက ဘယ်ကလဲ၊ ဘယ်သူလဲ"ဟု မြနှင်းနွယ်က မောင်ရွှေထွန်းကို မေးလေ၏။

"အင်းစိန်သင်္ချိုင်းကုန်းက ရှာခဲ့ရတာ အနွယ်ရေ၊ အဲဒါ ငိုချင်း သည်လေ"ဟု မောင်ရွှေထွန်းက ပြောလေ၏။

"ငိုချင်းသည်. . . ဟုတ်လား"ဟု မြနှင်းနွယ်က ပြန်၍မေးလေ၏။

"အေး. . . ဟုတ်တယ်၊ ငိုချင်းသည် အခုခေတ်မှာ ရှားသွားပြီ၊ လက်ကျန် နည်းနည်းပါးပါးပဲ ရှိတော့တယ်၊ ငိုချင်းသည်ဆိုတာ မသာမှာ အငှားငိုတဲ့လူပေါ့ဗျာ၊ ရှေးတုန်းကတော့ ငိုချင်းသည်





ဆိုတာ ရွာစဉ်လှည့်ပြီး အသုဘအိမ် ရှာတယ်၊ တွေ့ရင် ဝင်ပြီး ငိုတော့တာပဲ၊ ငိုတာမှ ကြားရတဲ့လူအပေါင်း နားမခံသာအောင် ငိုတာ၊ အဲဒီလိုငိုတဲ့အခါမှာ နားငြီးတဲ့လူက အငိုတိတ်အောင် ငိုချင်း သည်ကို ပိုက်ဆံပေးရတယ်၊ ပိုက်ဆံပေးရင် ငိုချင်းသည်က ခဏ အငိုတိတ်တယ်၊ ပြီးရင် ပြန်ပြီးငိုတာပဲ"ဟု မောင်ရွှေထွန်းက ရှင်းပြ လေ၏။

"မာဂလက်ရေ. . . မာဂလက်ရဲ့၊ ဘဲလီး ဆောလီး ငှက်ပျောသီး လေး ဘာလေး ပြောပါဦးလား. . . မာဂလက်ရဲ့၊ ပုလင်းတူ ဗူးဆို့ တွေ ရောက်ကုန်ပြီလေ၊ ထပြီ ကြည့်ပါဦးတော့လား၊ အီး. . အီး. . အီး. . "ဟု ငိုချင်းသည်က ပြော၍ ငိုပြန်လေ၏။

"ကိုရွှေထွန်း. . . ရှင်ငိုချင်းသည် လုပ်ပုံကတော့ မဟုတ်တော့ဘူး၊ အသုဘအိမ်မှာ ရယ်စရာကြီးဖြစ်နေပြီ၊ မာဂရက်ရဲ့ မိတ်ဆွေ သိုတွေလဲ အူကြောင်ကြောင်မျက်နှာနဲ့ ငိုချင်းသည်ကိုကြည့်နေကြပြီ" ဟု မြနှင်းနွယ်ကပြောရာ မောင်ရွှေထွန်းက . . .

"ငါလဲ ကောင်းမလားလို့ လုပ်တာပဲဟယ်၊ အခုလိုဖြစ်ကုန်တာ တော့ ငါလဲ မတတ်နိုင်တော့ဘူး"ဟု ပြောလေ၏။

"အောင်မယ်လေး မာဂလက်ရဲ့. . . သေတ္တာထဲက ဂါဝန်တွေ ထုတ်ပြီ ဝတ်ပါတော့လား၊ ညော့သည်တွေ ရောက်နေပြီလေ၊ ဒန့်စ် ပါတော့လား အီး. . အီး. . အီး. . "ဟု ငိုချင်းသည်က ငိုပြန်၏။

"ဒုက္ခပါပဲ ကိုရွှေထွန်းရယ်၊ ရှင့် ငိုချင်းသည်ကို ကြည့်ပြီးလုပ်ပါဦး၊ ဘိက်ကရတွေ ငိုနေပြီ၊ ပက်ထရစ်ကို အားနာစရာ"ဟု မြနှင်းနွယ်က ပြောလေ၏။

ထိုအခါ၌ ဘိုကြီးတစ်ဦးသည် မြနှင်းနွယ်နှင့် မောင်ရွှေထွန်းတို့ အနီးသို့လာပြီးလျှင် အင်္ဂလိပ်ဘာသာဖြင့် . . .



www.burmeseclassic.com

www.burmeseclassic.com



"သူက ဘယ်သူလဲ"ဟု မေးလေ၏။

မောင်ရွှေထွန်းမှာ "ငိုချင်းသည်"ဟု ပြောလိုသော်လည်း အင်္ဂလိပ် စကားဖြင့် ငိုချင်းသည်ဟူသောစကားကို ပြော၍မတတ်သဖြင့် "ကရိုင်းရင်းဂဲလ်" (ငိုနေသောမိန်းကလေး)ဟု ပြောလိုက်လေ၏။

"ငိုနေတာတော့ မှန်ပါတယ်၊ ဘယ်က လာသလဲ၊ သေဆုံးသူ မာဂရက်နဲ့ ဘာတော်သလဲ"ဟု ဘိုကြီးကဆက်လက်မေးမြန်းရာ မောင်ရွှေထွန်းကပင် . . .

"အခကြေးငွေနှင့် ငိုပေးသူဖြစ်ကြောင်း" ပြောပြရာ ဘိုကြီးသည် လွန်စွာ စိတ်ဝင်စားသည့်အလျောက် ၄င်း၌ပါ၍လာသော ကင်မရာ ဖြင့် "ငိုချင်းသည်"ကို ဓာတ်ပုံရိုက်လေတော့၏။

ငိုချင်းသည်မှာလည်း ဓာတ်ပုံရိုက်ကြောင်းသိလျှင် အမူအရာ အမျိုးမျိုးလုပ်၍ ငိုလေတော့၏။

ထို့နောက် ဒေါ်မာဂရက်၏အလောင်းကို ခရစ်ယာန်သင်္ချိုင်းသို့ သယ်ဆောင်၍ သင်္ဂြိုလ်ကြလေ၏။ ခရစ်ယာန်ဘာသာဝင်များက ဆုတောင်းခြင်း ပြုလုပ်ကြလေ၏။ ထိုအချိန်၌ ငိုချင်းသည်အား ငိုကြွေးခြင်းမပြုရန်အတွက် ပိုက်ဆံပေး၍ ချော့ထားရလေ၏။

ဤသို့နှင့် ဘိုဆန်လှသော ရွှေဘိုသူ ဒေါ်မာဂရက်ကြီး၏ နောက်ဆုံးခရီးကား ရွှေနေမောင်ရွှေထွန်း၏ကောင်းမှုကြောင့် အိုးနင်းခွက်နင်းနှင့် အပြီးတိုင်ခဲ့လေတော့သတည်း။

□ □ □





နောက်တစ်နေ့ နံနက်စောစောလောက်တွင် မြနှင်းနွယ်သည် (၁၄)လမ်းပွဲရုံမှ ဘိုအိမ်ကြီးဆီသို့ ထွက်လာခဲ့လေ၏။

မြနှင်းနွယ်သည် ဘိုအိမ်ကြီးကို မိမိအနေနှင့် အပြီးအပိုင် ဝယ်ယူပြီးကြောင်း ပက်ထရစ်အား မပြောရက်ပဲ ရှိလေ၏။ ဒေါ်မာဂရက်ကြီးကလည်း မသေမီ၌ . . .

"ပက်ထရစ်ကို အိမ်ရောင်းတဲ့အကြောင်း အန်တီတော့ အသိ မပေးချင်သေးဘူး၊ ဒီအိမ်ကြီးရောင်းလိုက်ပြီဆိုတာသိရင် နေစရာ မရှိတော့ဘူးထင်ပြီး သိပ်ပြီး ဝမ်းနည်းသွားလိမ့်မယ်၊ အန်တီ သေသွား ရင်တော့ သူ့ကောင်းကောင်းဒုက္ခဖြစ်ပြီ၊ ပက်ထရစ်ဟာ သိပ်ပြီး သနားစရာကောင်းတယ်"ဟု ပြောဖူးသောစကားကြောင့် မြနှင်းနွယ် သည် ဘိုအိမ်ကြီးကိုဝယ်ပြီးကြောင်း ပက်ထရစ်ကိုပြောရန် ဝန်လေး လျက်ရှိလေ၏။

ပက်ထရစ်မှာလည်း မိမိ၌ ငွေတစ်ပြားမျှမရှိသေးသော်လည်း ဘိုအိမ်ကြီးတစ်လုံးကိုမူ ပိုင်ဆိုင်လျှက်ရှိသေးသည်ဟု အထင်ရောက် လျှက် ရှိလေ၏။

မြနှင်းနွယ်သည် ပက်ထရစ်နှင့်ပတ်သက်၍လည်းကောင်း၊ ဘိုအိမ်ကြီးနှင့် ပတ်သက်၍လည်းကောင်း တစ်လမ်းလုံးစဉ်းစား လာခဲ့ရာ တိကျသောအဖြေကိုမရဘဲ ရှိလေ၏။

ဤသို့နှင့် ဘိုအိမ်ကြီးဆီသို့ ရောက်၍လာလေ၏။

ခြံတံခါး ပွင့်လျက်သားတွေ့ရသဖြင့် မြနှင်းနွယ်၏စိတ်၌ တစ်စုံ တစ်ခု ထူးထူးခြားခြား ဖြစ်၍နေပြီဟု သိလိုက်လေ၏။ မြနှင်းနွယ် သည် ခြံတွင်းသို့ ခပ်ဆိုင်းဆိုင်းကလေး ဝင်လိုက်လေ၏။

ဘိုအိမ်ကြီးအတွင်း၌ကား ဆူညံဆူညံအသံများ ကြားရသဖြင့် မြနှင်းနွယ်၏စိတ်၌ "ဘာများ ဖြစ်တာပါလိမ့်"ဟု မတွေးတတ်အောင်



www.burmeseclassic.com

www.burmeseclassic.com



ရှိသဖြင့် ခပ်သုတ်သုတ်ကလေး လျှောက်သွား၍ ဘိုအိမ်ကြီးအတွင်းသို့ ဝင်လိုက်ရာ ဧည့်ခန်းတွင် မိန်းမနှစ်ယောက်နှင့် ယောကျ်ား လေးယောက် စုစုပေါင်း လူခြောက်ယောက်က ပက်ထရစ်ကိုဝိုင်းလျက် ပက်ထရစ်က အလယ်မှထိုင်ကာ ၎င်းတို့အား အသနားခံသော မျက်နှာနှင့် ကြည့်ရှုနေလေ၏။

"ဒီမှာ ကိုယ့်လူ၊ ကိုယ့်လူအမေ ဒေါ်မာဂရက်ကြီး ယူထားတဲ့ ဆန်၊ ဆီ၊ ဆား၊ နို့ဆီ၊ ကော်ဖီမှုန့်ဖိုး သုံးနှစ်စာရှိတယ်၊ အဲဒါကို အရင်ဆပ်ပါ၊ ငါက ကြွေးရှင်ထဲမှာ အရင်ဆုံးရောက်လာတဲ့လူ ဆိုတော့ ငါ့ကို အရင်ဆပ်ပါ"ဟု လူတစ်ယောက်က ပြောလေ၏။

"ဟုတ်ပါတယ်၊ မာမီယူခဲ့တဲ့ကြွေးတွေဟာ ကျွန်တော့်မှာ တာဝန် ရှိပါတယ်၊ ဒါပေမယ့် အခုတော့ ကျွန်တော့မှာ ကြွေးဆပ်ဖို့မပြောနဲ့ ဒီမနက်စာတောင် ဘယ်လိုစားရမယ်မသိပါဘူးဗျာ"ဟု ပက်ထရစ်က ပြောလိုက်ရာ ကြွေးရှင်မိန်းမက ပြောလေ၏။

"ဒီမှာရှင့်၊ မာမီတွေ ပါပီတွေ ကျွန်မတို့ကို လာပြောမနေနဲ့ ရှင့်အမေ ဒေါ်မာဂရက် အတိုးနဲ့ယူထားတဲ့ငွေ စုစုပေါင်း အတိုးရော အရင်းပါ သုံးထောင်ရှိတယ်"ဟု မိန်းမတစ်ဦးက ပြောလေ၏။

"ဟုတ်မှာပါ၊ ဒါပေမယ့် ကျွန်တော် ပြောပါရစေလားဗျာ၊ အခု တော့ ကျွန်တော့်မှာ တစ်ပြားမှမရှိတာ ဘယ်လိုလုပ်ဆပ်မလဲ"ဟု ပက်ထရစ်က အသနားခံလိုက်လေ၏။

"အမေကြီး သေပြီဆိုပြီး ကြွေးကိုတော့ ယီးတီးယားတားနဲ့ မဆပ်ဘဲ နေမယ်မကြံနဲ့၊ လူလယ်ခေါင်မှာ ပါးဆွဲရိုက်မယ်၊ နာမည် လဲ မှတ်ထား၊ မလှတဲ့၊ ကြွေးယူတဲ့လူကို ပါးချတဲ့နေရာမှာ နှစ်ယောက် မရှိဘူး"ဟု အောက်တန်းကျသူတို့၏ စိတ်ဓာတ်အတိုင်း မပေးနိုင်မှု





သိလျက်နှင့် ဒွတ်အတင်း တောင်းလေ၏။ ရိုင်းစိုင်းသော စကား ဖြင့်လည်း ပြောလေ၏။ မြနှင်းနွယ်သည် ပက်ထရစ်ကို လွန်စွာ သနား၍သွားလေ၏။ ထို့ကြောင့် ဧည့်ခန်းအတွင်းသို့ ဝင်၍သွားလေ၏။

ပက်ထရစ်၏ အကျပ်အတည်းကို မိမိအနေဖြင့် ကူညီရန် ဆုံးဖြတ်လိုက်လေသည်။ မြနှင်းနွယ်ဝင်လာလျှင် ကြွေးသမားများက ၎င်းတို့ကဲ့သို့ပင် ကြွေးရှင်ထင်မှတ်၍ ဝိုင်းဝန်းကြည့်ရှုကြလေ၏။

"ရှင်က ဘယ်ကလဲ၊ လူတစ်ယောက်ကို ဒီလို ပါးရိုက်မယ်၊ နားရိုက်မယ်နဲ့ ရိုင်းရိုင်းစိုင်းစိုင်း ပြောရသလား"ဟု မြနှင်းနွယ်က ကြွေးရှင် မလှအား မျက်နှာကိုစေ့စေ့ကြည့်၍ ပြောလေ၏။

ထိုအခါ၌ ကြွေးရှင်မလှကလည်း မြနှင်းနွယ်အား အခိုးထွက် သော မျက်လုံးနှင့်ကြည့်ကာ . . .

"ညည်းက ပက်ထရစ်မယားလား"ဟု ပြောလိုက်လေ၏။

"လူကို သေသေချာချာကြည့်ပြီးမှ စကားပြောပါ၊ ဘယ်လိုအစား ဆိုတာလဲ ရှင် အကဲခပ်နိုင်ရဲ့ မဟုတ်လား"ဟု မြနှင်းနွယ်က ဣန္ဒြေရရ ပြန်၍ ပြောလိုက်လေ၏။

ထိုအခါ၌ ကြွေးရှင်ယောကျ်ားတစ်ယောက်က မြနှင်းနွယ်အား . .

"ဒီမှာ . . ဒီမှာ . . ကျုပ်တို့က ကြွေးလိုချင်တာ၊ ခင်ဗျားတို့ ဘယ်အတန်းအစားဆိုတာ ကြည့်ဖို့လာတာမဟုတ်ဘူး၊ ဒီအိမ်ကြီးကို အမြန်ဆုံးရောင်းပါ၊ ရောင်းပြီးရင် ကျုပ်တို့ကို အမြန်ဆုံးဆပ်ပါလို့ ပက်ထရစ်ကို ပြောချင်တာပဲ"ဟု ပြောလေ၏။

ထိုအခါ ကျန်လူများကပါ . . .

"ဟုတ်တယ်"ဟု ဝိုင်း၍ထောက်ခံလေ၏။ ထိုအခါ မြနှင်းနွယ်က ဣန္ဒြေရရနှင့်ပင် အောက်ပါအတိုင်း ပြောလိုက်လေ၏။



www.burmeseclassic.com

www.burmeseclassic.com



"ရှင်တို့ အမြန်ဆုံး ထွက်သွားကြပါ၊ ဒီအိမ်ဟာ ဒေါ်မာဂရက်ရဲ့ အိမ်လဲ မဟုတ်ဘူး၊ ကျွန်မ ဝယ်ထားတာ ခြောက်လလောက်ရှိပြီ၊ ဟောဒီမှာ စာချုပ် (ပိုက်ဆံအိတ်အတွင်းမှ စာချုပ်ကို ထုတ်ပြလေ၏) ရှင်တို့ ကြွေးရှိတယ်ဆိုတိုင်း ပက်ထရစ်က မဆပ်နိုင်ဘူး၊ ဒေါ်မာဂရက်ရဲ့ ဒိုင်ယာရီမှာ ပြန်ကြည့်မယ်၊ ကြွေးစာချုပ်တွေ ပြန်ကြည့်မယ်၊ အဲဒီထဲမှာ ပါတဲ့လူတွေကို တစ်ပြားမကျန်ဆပ်မယ်၊ အဲဒီထဲမှာ မပါရင် တစ်ပြားမှာမဆပ်ဘူး၊ မကျေနပ်ရင် ဆိုင်ရာကပြော၊ အခု လောလောဆယ်တော့ ရှင်တို့ ဒီအိမ်က ထွက်သွားကြပါ၊ ထွက်မသွားရင် ရှင်တို့ကို ပိုင်နက်ကျူးလွန်မှုနဲ့ တရားစွဲရပါလိမ့်မယ်"

မြနှင်းနွယ်၏ စကားအဆုံး၌ ကြွေးရှင်များကလည်း တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်ကာ မျက်လုံးချင်း တိုင်ပင်ကြလေ၏။

"ဒီလိုဆိုရင် ကြွေးစာရင်းတွေ အခုကြည့်ပေးပါ"ဟု တောင်းဆိုလေတော့၏။ ထို့ကြောင့် မြနှင်းနွယ်က ပက်ထရစ်အား ကြွေးစာချုပ်များနှင့် ဒေါ်မာဂရက်၏ဒိုင်ယာရီကို ယူခဲ့ရန် စေခိုင်းလိုက်လေ၏။

ပက်ထရစ်လည်း အိမ်ပေါ်ထပ်သို့ တက်သွားကာ ဒေါ်မာဂရက်၏အခန်းတွင်းမှ ကြွေးစာချုပ်များနှင့် ဒေါ်မာဂရက်၏ဒိုင်ယာရီကို ယူ၍ လာခဲ့လေ၏။

ကြွေးရှင်များရှေ့မှောက်၌ပင် ဒေါ်မာဂရက်ကြီး၏ စာအုပ်များကို ရှာဖွေဖတ်ရှုရာ ငါးယောက်သောသူတို့မှာ အမှန်တကယ် ကြွေးရှင်များဖြစ်ကြောင်း တွေ့ရသဖြင့် မြနှင်းနွယ်က ၎င်း၏ (၁၄)လမ်း ပွဲရုံသို့ လာရောက်ယူရန် ပြောလေ၏။ မလှဟူသော ကြွေးရှင်မိန်းမမှာမူ ကြွေးစာရင်းတွင် မတွေ့ရှိမှုမက ဒေါ်မာဂရက်ကြီး၏ ဒိုင်ယာရီ၌ အောက်ပါအမိန့်ဟယ်ရသော အင်္ဂလိပ်စာကို ဖတ်ရှုရလေ၏။





မလှဆိုသော ငွေတိုးချေးသူမိန်းကလေးအား ဘုရားသခင်က အပြစ်ဒဏ်ခတ်လိမ့်မည် ဖြစ်၏။

၎င်းမိန်းကလေးသည် ယူသောကြွေးထက်ပို၍ စာရင်း မှတ်တတ်သောကြောင့် ကျွန်ုပ်သည် ၎င်း၏ကြွေး အားလုံး ကို အပြီးအပိုင်ပေးဆပ်၍ ၎င်းနှင့် လမ်းဖြတ်လိုက်ပြီ။

မာဂရက်

မြနှင်းနွယ်သည် အထက်ပါစာကို ဒိုင်ယာရီတစ်နေရာ၌ ဖတ်ဆိုက်ပြီးနောက် ကြွေးရှင်မလှအား . . .

"ရှင့်ကြွေး တစ်ပြားမှမရှိဘူး၊ ရှင်ဟာ စာရင်းပိုပြီး မှတ်တတ်တဲ့အတွက် ရှင့်ဆီကို ကြွေးမယူတော့ဘူးလို့ ဒေါ်မာဂရက်က သူ့ဒိုင်ယာရီမှာ ရေးသွားတယ်၊ ရှင်က ဘာပြောချင်သေးသလဲ"ဟု ပြောလိုက်ရာ ကြွေးရှင်မလှက . . .

"ညည်းနဲ့ဘာဆိုင်လို့လဲ"ဟု ပြန်၍အပြောတွင် စကားမျှပင် မဆုံးသေးသည့်အချိန်၌ မြနှင်းနွယ်က "ဒါ ဆိုင်တယ်"ဟုဆိုကာ ပါးကို ဖြန်းကနဲ ရိုက်ချလိုက်လေသည်။

မလှလည်း မြနှင်းနွယ်အား ပြန်လှန်ရိုက်နှက်ရန် စိတ်ကူးရှိသော်လည်း မြနှင်းနွယ်၏ ခန့်ညားသော ဥပမိရုပ်ကြောင့်လည်းကောင်း၊ ပြည့်ဖြိုးသော ကိုယ်လုံးကိုယ်ထည်ကြောင့် လည်းကောင်း၊ အနည်းငယ် ရွံ့တွန့်တွန့် ရှိသည့်အထဲတွင် မြနှင်းနွယ်က . . .

"ကောင်းကောင်းထွက်သွားရင် သက်သာမယ်၊ လိမ်လည်မှုနဲ့ ထောင်ကျသွားချင်သလား"ဟူသော ဝံ့ကြွားသည့် အမိန့်ပေးသံကြောင့် လက်တုန့်မပြန်ဘဲ ထွက်သွားလေတော့၏။



www.burmeseclassic.com

www.burmeseclassic.com



ကျန်သောကြွေးရှင်တို့မှာလည်း ၎င်းတို့၏ကြွေးများ ရကြတော့မည်ဖြစ်၍ မြနှင်းနွယ်အား ပြုံးပြုံးနှင့် မျက်နှာချိုသွေးကြလေတော့၏။ ကြွေးရှင်တစ်ဦးကမူ . . .

"ကျွန်တော့်လဲ မှတ်ထားပါဗျာ၊ ကျွန်တော့်နာမည် မောင်ဘိုးစိန်ပဲ-ဟဲ၊ စကားပုံကတော့ ကြွေးတင်ရင် ရှင်ဘုရင်ဆပ်တဲ့၊ အခုတော့ ကြွေးတင်ရင် နောက်အိမ်ရှင်ဆပ်လို့ ဆိုရမလားတောင် ဖြစ်နေပါပြီ" ဟု လွန်စွာချိုသောမျက်နှာနှင့် ပြောလေ၏။

ကျန်သောကြွေးရှင်များမှာလည်း မောင်ဘိုးစိန်ကဲ့သို့ပင် မြနှင်းနွယ်အား အမျိုးမျိုးအဖုံဖုံ ကျေးဇူးတင်စကားပြောကာ ပြန်သွားကြလေတော့၏။ ကြွေးရှင်များ ပြန်သွားသည့်အခါ၌ ပက်ထရစ်က . . .

"မမနွယ်ရယ် . . . မာမီ အိမ်ရောင်းသွားတာကို ကျွန်တော် မသိပါဘူး၊ ကောင်းပါတယ်လေ၊ ဒီအိမ်ကြီးကို တခြားလူလက်ထဲ ရောက်တာထက်စာရင် မမနွယ်လက်ထဲရောက်တာ တော်သေးတာ ပေါ့"ဟု ပြောလေ၏။

"မဟုတ်ပါဘူး ပက်ထရစ်ရယ်၊ မမနွယ်က ပက်ထရစ်ကို ဖယ် မခိုင်းပါဘူး၊ နေချင်သလောက် နေနိုင်ပါတယ်"ဟု မြနှင်းနွယ်က ပြန်၍ ပြောလေ၏။

"အင်း . . . မမနွယ်စိုက်ပြီးဆပ်ထားတဲ့ ကြွေးတွေကိုလည်း တစ်နေ့ကျွေ့ ပြန်ဆပ်ပါ့မယ်"

"မဟုတ်ပါဘူးကွယ်၊ ခုကြွေးကလဲ ဘယ်လောက်မှ ရှိတာမဟုတ် ပါဘူး"ဟု မြနှင်းနွယ်က ပြောလေ၏။

"ကဲလေ ဒါတွေထားလိုက် ါတော့၊ အိမ်ဖော်မလေးကိုတော့ သူ့ရွာ ပြန်ပို့ပေးဖို့ မမနွယ်ပဲ တာဝန်ယူလိုက်ပါ"ဟု ပက်ထရစ်က ပြောလျှင် မြနှင်းနွယ်က . . .





"ပက်ထရစ်က ဘယ်ကိုသွားမှာလဲ"ဟု မေးလေ၏။

"အခုမှ အစိုးရအလုပ် ဝင်လုပ်ရင်လဲ အလုပ်ရဖို့ စောင့်ရဦးမယ် မမ၊ အဲဒီတော့ ကျွန်တော်တော့ ဒီလိုစိတ်ကူးတယ်၊ စိတ်ကူးတယ်ဆိုတာ မနေ့ကတည်းက စိတ်ကူးထားတာပါ၊ ပြည်မှာ မာမီရဲ့ ညီမတစ်ဝမ်းကွဲ ရှိတယ်၊ သူတို့က မော်တော်ကားစက်ရော၊ မော်တော်ကား အင်ဂျင်ရော၊ စက်မီးအင်ဂျင်ရော ပြင်တဲ့ ဝပ်ရှော့ တစ်ခုလုပ်ထားတယ်၊ ဝပ်ရှော့အလုပ်ဆိုတာက ခုခေတ်မှာ လူတိုင်း ဆပ်တဲ့အလုပ် မဟုတ်သေးဘူး၊ အဲဒီအလုပ်ကို ဝင်ပြီးလုပ်ရင် ကျွန်တော့်အနေနဲ့ ကြီးပွားဖို့လမ်း ရှိတယ်မဟုတ်လား မမနွယ်၊ အဲဒီတော့ ကျွန်တော် ပြည်ကိုသွားမယ်လို့ စိတ်ကူးတာပါပဲ"ဟု ပက်ထရစ်က ပြောပြလေ၏။

မြနှင်းနွယ်မှာ မိမိကလည်း အပျို၊ ပက်ထရစ်မှာလည်း လူပျို လူလွတ်ဖြစ်နေသဖြင့် "မသွားပါနဲ့၊ မမနဲ့ပဲ နေပါ"ဟု တားရန်မှာ အခက်ဖြစ်၍ နေလေ၏။ ထို့ကြောင့် . . .

"ပက်ထရစ် သွားချင်သပဆိုရင် သွားပါလေ၊ ဟိုမှာ အဆင် မပြေရင်တော့ မမနွယ်ကို အကြောင်းကြားလိုက်ပေါ့၊ မမနွယ် ကူညီမှာပေါ့ ပက်ထရစ်ရယ်"ဟု ဆိုလေ၏။ မြနှင်းနွယ်လည်း ပက်ထရစ်နှင့် အတော်အတန်ကြာသည်အထိ စကားပြောပြီးနောက် ပွဲရုံကို ပြန်ခဲ့လေ၏။

နောက်တစ်နေ့တွင် မြနှင်းနွယ်၏ပွဲရုံသို့ ဒေါ်မာဂရက်၏ ကြွေးရှင်များ မိုးမလင်းမီကပင် ရောက်ရှိလာကြကုန်တော့၏။ မြနှင်းနွယ်လည်း တစ်ယောက်ပြီးတစ်ယောက် ကြွေးများကို ရှင်းပေး လေ၏။ မြနှင်းနွယ် ကြွေးရှင်းနေသည့်အချိန်၌ ပက်ထရစ်သည်



www.burmeseclassic.com

www.burmeseclassic.com



ငှင်း၏ အကျီ၊ ဘောင်းဘီများကိုယူ၍ ပေငါးဆယ်ရှိ အကျီဟောင်
ဝယ်သော တရုတ်ဘိန်းစားများထံတွင် လာရောက် ရောင်းချ
လေ၏။ တရုတ်ဘိန်းစားများမှာလည်း ပက်ထရစ်၏ အကျီ ဘောင်းဘ
များကို အဆမတန် ဈေးနှိမ်ပေးလေ၏။ အကျီ(၃)ထည် ဘောင်းဘ
(၃)ထည် ရောင်းရသည့်ငွေမှာ သုံးဆယ်သာဖြစ်၏။ တရုတ်ဘိန်းစာ
များက တစ်ထည်လျှင် ၅/-နှုန်းနှင့် ဈေးဖြတ်၍ ပေးလိုက်လေ၏

ပက်ထရစ်လည်း အဝတ်အစားထည့်သောသေတ္တာကလေးက
လက်၌ဆွဲလျက် တရုတ်ဘိန်းစားများထံမှ ရရှိခဲ့သော ငွေသုံးဆယ်
ကိုင်ကာ ကွမ်းခြံဘူတာဆီသို့ စိတ်ပျက်လက်ပျက်ဖြင့် ထွက်
သွားလေတော့၏။

မြနှင်းနွယ်လည်း ကြွေးသမားများကို ကြွေးရှင်းပြီးနောက်
တက်စီကားတစ်စီးကိုခေါ်ကာ ပက်ထရစ်တို့၏ ဘိုအိမ်ကြီးဆီသ
ထွက်လာခဲ့လေ၏။ ဘိုအိမ်ကြီးသို့ရောက်လျှင် အိမ်ဖော်မကလေးက
တွေ့ရလေ၏။

"ဟဲ့ ပက်ထရစ်ကော"ဟု မြနှင်းနွယ်ကမေးလျှင် အိမ်ဖော်
လေးက . . .

"မနက်က သေတ္တာတစ်လုံးဆွဲပြီး ထွက်သွားတာပဲ"ဟု ပြောလေ၏

"နင့်ကို ဘာမှာသွားသေးသလဲ"

"ကျွန်မကို မမက တောကိုပြန်ပို့ပေးလိမ့်မယ်လို့ ပြောသွား
တယ်၊ ပြီးတော့ မမလာရင် ပေးဖို့ဆိုပြီး စာတစ်စောင်လည်
ပေးသွားတယ်"ဟုဆိုကာ အိမ်ဖော်မကလေးက ပစ်ထရစ်ပေးခဲ့သော
စာကို ပေးလေသည်။ မြနှင်းနွယ်လည်း အိမ်ဖော်မလေးထံမှ စာ
ရလျှင် ကပျာကယာဖောက်၍ ဖတ်ရှုရာ ပက်ထရစ်ရေးခဲ့သော
အောက်ပါစာကို တွေ့ရလေတော့၏။





မမနွယ်

အိမ်ဖော်မလေးကို ပြန်ပို့ပေးလိုက်ပါ၊ ကျွန်တော် ပြည်
ကိုသွားပါပြီ၊ မမနွယ်လာတဲ့အထိ မစောင့်နိုင်တာကို
ခွင့်လွှတ်ပါ၊ မမနွယ်မျက်နှာကိုမြင်ရင် ကျွန်တော့်ရင်ထဲမှာ
ငိုချင်သလိုကြီးပဲ၊ ဒါကြောင့် မမနွယ်ကို အတွေ့မခံတော့ပဲ
ဇွတ်မှိတ်ပြီး ထွက်သွားတာပါ၊ ပက်ထရစ်ဆိုတဲ့ ကပြား
ကောင်လေးက သိပ်ပြီး ရိုင်းတာပဲလို့တော့ မထင်ပါနဲ့
မမနွယ်ရယ်၊ တစ်နေ့တော့ မမနွယ်နဲ့ ပြန်တွေ့ချင်သေး
တယ်၊ ဒါကြောင့် မမနွယ်ကို တစ်ခါထဲ နှုတ်မဆက်သေး
ပါဘူး။

နဲ့တားဆေးဝွဒ်ဘိုင်
ပက်ထရစ်

မြနှင်းနွယ်သည် ပက်ထရစ်၏စာကိုဖတ်ပြီးနောက် "သူ့မှာ
ထမ်းစရိတ်မှ ပါပါရဲ့လား" "လမ်းမှာ ထမင်းဆာရင် ဒုက္ခပါပဲ"
"သူ့အဒေါ်ဝမ်းကွဲဆိုတာကရော သူ့ကို လက်ခံပါ့မလား၊ လက်မခံ
ရင် သူဘယ်ကိုသွားပါ့မလဲ" စသည့်အတွေးများသည် မြနှင်းနွယ်၏
ရင်တွင်း၌ ဒလစပ်ဖြစ်ပေါ်၍ လာသည်ဖြစ်ရာ စာရွက်ကိုင်ထား
သော မြနှင်းနွယ်၏လက်သည် တဆတ်ဆတ်တုန်၍ နေလေ၏။
ထို့အတူ မြနှင်းနွယ်၏ အသည်းနှလုံးတို့သည်လည်း တဖျတ်ဖျတ်
တုန်၍ နေသည်ဖြစ်ရာ မျက်ရည်တို့သည် ပါးပြင်ပေါ်သို့ တစ်လိမ့်
လိမ့်လိမ့်၍ ဆင်းလာလေတော့သတည်း။



www.burmeseclassic.com

www.burmeseclassic.com

## ဒုတိယအကြိမ်တွေ့ခြင်း

ဘူတာရုံသို့ ပက်ထရစ်ရောက်သည့်အချိန်တွင် ပြည်သို့ထွက်မည့် ရထားသည် ထွက်ရန် ဥသြဆွဲ၍ နေပြီဖြစ်၏။ ပက်ထရစ်သည် ရထားလက်မှတ်ကို ကပျာကယာဝယ်၍ ရထားဆီသို့ ပြေးသွားသည့် အချိန်၌မှ ရထားသည် စတင်၍ ထွက်ခွာခုတ်မောင်းနေပြီဖြစ်၏။

ပက်ထရစ်သည် ခြေလှမ်းကျဲကြီးများဖြင့် လွှားကနဲ လွှားကနဲ ပြေး၍နေလေ၏။ ရထားမှာလည်း အရှိန်ရ၍လာပြီဖြစ်သဖြင့် ရှူးရှူး တရှဲရှဲမြည်ကာ ပြေးသွားနေ၏။

ပက်ထရစ်သည် မှီရာ မီးရထားတွဲလက်ကိုင်ကို ဖမ်း၍ဆွဲကာ လိုက်မိလေ၏။ ထိုအခါကျမှပင် ပက်ထရစ်သည် "ဟင်း"ကနဲ သက်ပြင်းချနိုင်လေ၏။

ပက်ထရစ်တက်မိသည့်တွဲမှာ လွန်စွာလူရှင်းသောတွဲ ဖြစ်ပေသည်။ တစ်တွဲလုံးမှာမှ ချစ်တီးကုလားနှစ်ယောက်၊ ဈေးသည် သုံးယောက်သာ ပါလေ၏။

"ကျက်သရေအပေါင်း ခညောင်းပါစေ ပက်ထရစ်"ဟု တစ်စုံတစ်ယောက်က နောက်တီးနောက်တောက်လေသံဖြင့် နှုတ်ဆက်လိုက်သဖြင့် ပက်ထရစ်သည် လွန်စွာ အံ့အားသင့်၍ သွားလေ၏။



www.burmeseclassic.com

www.burmeseclassic.com

"အရင်တစ်ခါတုန်းက အခုလိုပဲ မင်းဟာ မီးရထားကို မ
မကာမ်းနဲ့ ပြေးပြီးလိုက်ခဲ့တယ်၊ အဲဒီတုန်းက မင်းနဲ့မီးရထားနဲ့ အပြေ
ပြိုင်ကြတာကို ပက်ထရစ်ကွ. . . ပက်ထရစ်နဲ့ အားပေးကြတဲ့လူ
ဟောဟို ပလက်ဖောင်းပေါ်မှာ မနည်းပါဘူးကွာ၊ ဟဲ. . ဟဲ အဲ
တုန်းက မင်းအဖေ မစ္စတာဖော်စတာကြီး ရှိသေးတာကိုး၊ သူ
ရာထူးလဲ ရှိပြန်၊ မျက်နှာဖြူအစစ်လဲ ဖြစ်ပြန်ဆိုတော့ သူ့သားဖြစ်
မင်းကို လူတွေက ဝိုင်းပြီးသြဘာပေးကြတာပေါ့၊ အဲဒီတုန်းက
မင်းဟာ သွေးနထင်ရောက်ပြီး ဘဝင်မြင့်မယ်ကြံလို့ ငါက ဆုံးမခဲ့
သေးတယ်လေ၊ ဟော အခုတော့ မင်းကို အားပေးမယ့်လူဆို
ခွေးတစ်ကောင်၊ ကြောင်တစ်မြီးတောင်မှ မရှိတော့ဘူး၊ မင်းဟာမင်
ရထားမီမီ မမီမီ ဘယ်သူကမှ ဂရုမစိုက်ကြတော့ဘူး၊ အဲဒါ
မမ္မတာသဘောကွ မောင်ပက်ထရစ်ရ"ဟု လူကြီးတစ်ယောက်
ပယ်ပယ်နယ်နယ် ပြောနေလေ၏။

ပက်ထရစ်သည် ထိုလူကြီးကို သေသေချာချာ ကြည့်လိုက်မိလေ
၏။ မြင်ဖူးသလိုလိုရှိသဖြင့် ပက်ထရစ်သည် မျက်မှောင်ကြုတ်၍
စဉ်းစားလိုက်လေ၏။

"ဟော့ မောင်ပက်ထရစ်၊ ဘိလပ်သား မစ္စတာဖော်စတာနဲ့ ရွှေ
သူ မာဂရက်တို့ရဲ့သား မောင်ပက်ထရစ်၊ ငါ့ကို မမှတ်မိဘူးလာ
ဟား . . ဟား . . ပုညလေကွာ . . ဟား . . ဟား . . "ဟု ထိုလူကြီး
ရယ်မောလိုက်မှပင် တစ်ခါက မိမိနှင့်အတူတကွ ရထားတွဲ တစ်တွဲ
ဆုံခဲ့မိကြသည့် ထူးဆန်းသော လူဆိုးလူပေကြီးဖြစ်ကြောင်း မှတ်မိ
သွားလေတော့သည်။

"မှတ်မိပြီ . . မှတ်မိပြီ . . စိတ်မဆိုးပါနဲ့ဗျာ"ဟု ပက်ထရစ်
ပြန်၍ပြောလိုက်ရာ ထိုသူက . . .





"ဟဲ . . ဟဲ . . မင်းကြည့်ရတာ အရင်တစ်ခေါက်နဲ့မတူဘူး၊
ညိုးနည်း ယဉ်ကျေးလာပြီ၊ ကိုယ့်လူတော့ ဒုက္ခဆိုတဲ့ မိတ်ကောင်း
ဆွေကောင်းနဲ့ ပေါင်းဖော်စ ပြုနေပြီမှတ်တယ်"ဟု ပြောလေ၏။

"ကိုပုည . . . ဟာဗျာ ကိုပုံလို့ပဲ အတိုကောက်ခေါ်မယ်ဗျာ"ဟု
ပက်ထရစ်ကပြော၍ မိမိဘာသာ သဘောကျ၍ ရယ်မောပြီးနောက်. .

"ကိုပုံလဲ အရင်နဲ့မတူဘူး၊ အတော့်ကို ပြောင်းလွဲနေပါလား"ဟု
ပြောလေ၏။

အရင်တခါ မင်းနဲ့တွေ့တုန်းက ထောင်က လွတ်လာကာစလေ
ကွာ၊ အဲဒီတုန်းက မင်းက ငါ့ကို သူတောင်းစားကြီးမှတ်ပြီးနေတာ
ဟုတ်လား"ဟု ကိုပုညက ပြောလေ၏။

"မဟုတ်ဘူးလား"ဟု ပက်ထရစ်က ပြန်မေးလေ၏။

"ဘယ်ကလာ ဟုတ်ရမှာလဲကွ"ဟု ကိုပုညက ပြန်ပြောလေ၏။

"ကိုပုံ အခု ဘာလုပ်နေတာလဲ"

"မင်းရှေ့မှာထိုင်ပြီး ရထားစီးနေတယ်လေ"

"မဟုတ်ပါဘူး၊ အသက်မွေးဝမ်းကျောင်း အလုပ်ကို မေးတာပါ"

အခု လောလောဆယ်မှာတော့ လူလိမ်အလုပ် လုပ်နေတယ်ကွ၊
သုတ္တိရှိရှိလိမ်တဲ့ ပညာမှာတော့ ငါလဲ ပါရဂူမြောက်တဲ့ လူပဲကွ"

"လူလိမ် ဟုတ်. . ဟုတ်လား"ဟု ပက်ထရစ်က ပြန်၍မေးပြန်၏။

"ဟုတ်ပါတယ်၊ မင်းကလဲ လူလိမ်ဆိုတာနဲ့ အံ့သြသွားလိုက်တာ၊
သေမင်းနဲ့ တွေ့လိုက်ရတာ ကျနေတာပဲ"

"လူလိမ်ဆိုတာ ဘယ်ကောင်းမလဲဗျာ၊ လူလိမ်ဆိုတာ သိရတော့
ကျွန်တော် သိပ်ပြီး အထင်သေးသွားမိတယ်"ဟု ပက်ထရစ်က
ပြောရာ ကိုပုညက . . .


www.burmeseclassic.com

"အဲဒါ ဘာဖြစ်လို့လဲ"ဟု ပြန်၍ မေးလေ၏။

"ဘာဖြစ်လို့လဲဆိုတော့ ကျွန်တော်က အမှန်ကိုကြိုက်တယ်၊ အမှန်ပဲပြောတယ်၊ လိမ်တာကိုမုန်းတယ်၊ ဒါကြောင့်ပဲ"ဟု ပက်ထရစ်က ပြောလျှင် ကိုပုညက . . .

"အေး . . . ငါလဲ အမှန်တရားကိုပဲ မြတ်နိုးတယ်၊ အမှန်တရား ဆိုတာ အင်မတန် အဖိုးတန်တဲ့ အရာဖြစ်တယ်ကွ"ဟု ပြောလေ၏။

"ဒါဖြင့်ရင် ခင်ဗျား ဘာဖြစ်လို့ လူလိမ်ဖြစ်နေရတာလဲ"ဟု ပက်ထရစ်က ပြန်၍မေးလေ၏။ သို့ရာတွင် ကိုပုညက . . .

"လိမ်ချင်လို့ပေါ့ကွာ"ဟု ပြောလေ၏။

"ကိုပုံကတော့ အဆန်းပဲ"ဟု ပက်ထရစ်က ပြောလိုက်လေ၏။ အမှန်စင်စစ် ပက်ထရစ်အဖို့ ... ပြော ... ညီ စကားကို မယုံ ပေ။ ဤမျှ ပွင့်ပွင့်လင်းလင်း ပြောဆိုတတ်သောလူသည် မည်သည့် နည်းနှင့်မျှ လူလိမ်မဖြစ်နိုင်ဟုလည်း ... ယုံကြည်၍ထားလေ၏။

"... ပါတော့ဗျာ၊ ခင်ဗျား ... လိမ်တာကို လူတွေကလဲ ယုံကြည် ကြတာပဲလားဗျာ"ဟု ပက်ထရစ်က ပြန်၍မေးလေ၏။

"သက်စ်ရိုက်၊ ဒါ မှန်တယ်၊ ဒီမေးခွန်းက မေးသင့်တဲ့ မေးခွန်း" ဟု ကိုပုညက ပြောလေ၏။

ထို့နောက် ကိုပုညက အခြားစကားသို့ လွှဲပြောင်းပြောလေတော့၏။ ပက်ထရစ်လည်း ကိုပုညနှင့်အတူထိုင်၍ စကားတပြောပြောနှင့် စီးနင်းလိုက်ပါခဲ့ရသဖြင့် မိမိ၏ လောလောဆယ် ဒုက္ခများကို မေ့လျော့၍ နေခဲ့လေ၏။

ပက်ထရစ်နှင့် ကိုပုညသည် မြည်ဘူတာသို့ ရောက်မှပင် လမ်းခွဲ ခဲ့ကြလေတော့၏။ လမ်းခွဲကာနီး၌ ကိုပုညက ပက်ထရစ်အား အောက်ပါအတိုင်း ပြော၍သွားလေ၏။





"ပက်ထရစ်ရေ နောက်တစ်ခါ တွေ့ကြသေးတာပေါ့၊ အဲဒီအခါ ...ရင်တော့ မင်းနဲ့ငါ မခွဲချင်တော့ဘူး၊ အကြာကြီး စကားပြောချင် ...ယ်၊ ဖြစ်နိုင်ရင် ဒေါင်းတံဆိပ်ဖတ်စာထဲက ဆင်၊ မျောက်၊ ခါ ...တ္တဝါတွေ အဆွေခင်ပွန်းဖွဲ့ပြီး ညောင်ပင်ကြီးတစ်ပင်မှာ မှီခိုနေကြ ...လို ငါတို့လဲ အဆွေခင်ပွန်းအဖြစ် လက်တွဲချင်ပါတယ်ကွာ"

www.burmeseclassic.com

## ရန်ပေါ်ပြီ

ပက်ထရစ်သည် ကိုပုညနှင့်လမ်းခွဲပြီးနောက် တစ်ကြိမ်သာ တွေ့ဖူးသော အဒေါ်ဖြစ်သူကို ရှာဖွေခဲ့ရာ ညနေပိုင်းသို့ရောက်မှပင် တွေ့ရလေ၏။ အဒေါ်ဖြစ်သူက ကောင်းစွာမမှတ်မိသဖြင့် . . .

"ကျွန်တော် ပက်ထရစ်ပါ။ ဒေါ်မာဂရက် ရဲ့ သားပါ အန်တီ"ဟု ပြောပြမှ အဒေါ်ဖြစ်သူက . . .

"အော် . . . မိမာရဲ့ သားကိုး၊ အေးလေ . . . မင်းတို့အမေ မိမာ ဆိုလဲ မာဂရက်ဖြစ်ပြီး ဘာဝပြောင်းသွားကတည်းက တစ်ခါလား မြင်တွေ့ဖူးတာပဲ၊ အဲဒီတုန်းက မင်းမှ ငယ်ငယ်ကလေးရှိသေးတာပဲ၊ ထဲ . . ကဲ နေစမ်းပါဦး၊ အခု မင်းက ဘယ်ကိုလာတာလဲ"ဟုမေးရာ ပက်ထရစ်သည် အတော်ပင် အဖြေရကျပ်၍သွားလေ၏။ သို့ရာတွင် မှတ်မိတ်၍ပင် အောက်ပါအတိုင်း ဖြေခဲ့ရလေ၏။

"ကျွန်တော် အန်တီနဲ့ နေမလို့ လာခဲ့တာပါ၊ မာမီလဲ တနေ့ကပဲ ဆုံးပါတယ်၊ မာမီဆုံးတဲ့အခါမှာ ကျွန်တော့်မှာ ဆွေမျိုးလဲမရှိ၊ နေစရာလဲ မရှိတာနဲ့ အန်တီတို့ဝပ်ရှော့မှာ ဝိုင်းလုပ်ဝိုင်းစား နေမလို့ လာခဲ့တာပါ"ဟု ခေါင်းငုံ့၍ ပြောလိုက်လေ၏။

**မလှမ်းတလင်းစာပေတိုက်**

www.burmeseclassic.com

www.burmeseclassic.com

"နေပါဦး၊ မင်းက အိုင်အေအထိ သင်ခဲ့ဖူးတယ်မဟုတ်လား"ဟု အဒေါ်ဝမ်းကွဲဖြစ်သူက မေးလေ၏။

"ဟုတ်ပါတယ်၊ ဒါပေမယ့် လခစားအလုပ် လျှောက်နေရင် ကြာဦးမှာ၊ လောလောဆယ် အဒေါ်တို့ဝပ်ရှော့မှာ ဝိုင်းလုပ်ဝိုင်းစား နေရတာက ပိုပြီးကောင်းမယ်ထင်လို့ပါ"ဟု ပက်ထရစ်က ပြောလိုက် ရာ ပက်လက်ကုလားထိုင်ပေါ်၌ထိုင်၍ သတင်းစာဖတ်နေသော အဒေါ့်ယောက်ျားဖြစ်သူ ကိုဟန်စိန်က . . .

"ငါ့ဆီမှာ အလုပ်လုပ်ရင်တော့ အပိုးကျိုးဖို့ လိုတယ်ဟေ့၊ ဘိုလိုလို၊ မြန်မာလိုလို ပုံမကျပန်းမကျ ဆိုရင်တော့ ငါနဲ့မဖြစ်ဘူး"ဟု အာဏာသံပါပါနှင့် ပြောလိုက်လေ၏။

ပက်ထရစ်သည် ကောင်းကောင်းမွန်မွန် လုပ်မည့်အကြောင်း အသနားခံလိုက်မှပင် ကိုဟန်စိန်က . . .

"ကဲ . . မင်းအကျႌတွေချွတ်ပြီး ဟောဒီအင်ဂျင်စက်ကြီးက သံချေးတွေ ခြစ်ပေတော့၊ အဲဒါပြီးရင် ဟောဟိုသံပြားကို ဟိုက ပေပေါ်မှာတင်ပြီ ဟိုမှာထောင်ထားတဲ့ ငါးပေါင်တူနဲ့ထုပြီး ဖြန့်ပေ တော့"ဟု ဆိုသဖြင့် ပက်ထရစ်လည်း ခရီးရောက်မဆိုက် ဆိုသလိုပင် အကျႌချွတ်၍ သံချေးများကို ဓားမဟောင်းတစ်လက်ဖြင့် တဂျစ်ဂျစ် ခွာရလေတော့၏။

ပက်ထရစ် အလုပ်လုပ်နေပုံကိုကြည့်၍ ဦးဟန်စိန်က . . .

"မတရား ခိုင်း၊ အစားကို မဝလင်စာကလေး ကျွေး၊ အိပ်ချိန်လဲ နည်းနည်းပဲ ပေး၊ ဒီကြားထဲက ဆူလိုက်ဆဲလိုက်ဆိုရင် မင်းတူ ပြေးမှာ ပါကွာ"ဟု ၎င်း၏မိန်းမအား ပြောလိုက်လေ၏၊ ၎င်း၏မိန်းမက . . .

"ဒီလိုတော့ မလုပ်ပါနဲ့ရှင်၊ သူ့ခမျာ အားကိုးလို့လာရှာတာ"ဟု ကန့်ကွက်လိုက်ရာ ဦးဟန်စိန်က . . .





"ငါတို့ မြန်မာတွေ ဘိုအိမ်ရောက်သွားရင်လဲ ဒီလိုပဲ မတရား အနိုင်ကျင့်ခံရတာပဲ၊ သူတို့ကို သခင်လို့တောင် ခေါ်ရသေးတယ်ကွ" ဟု ပြန်၍ပြောလေ၏။

၎င်းတို့လင်မယားသည် ပက်ထရစ်ကို အကြောင်းပြု၍ ဆက်လက်ငြင်းခုံ ပြောဆိုနေကြလေ၏။ ပက်ထရစ်မှာမူကား အင်ဂျင်စက်ကြီးအား သံချေးများခြစ်ပြီးနောက် တစ်ပဲထု သံပြား သိမ်လိမ်ကောက်ကောက်ကြီးကို ငါးပေါင်တူကြီးဖြင့် တဝွမ်းဝွမ်း ထု၍ နေလေတော့သတည်း။



www.burmeseclassic.com

www.burmeseclassic.com

## ဟောင်ဟောင်ဦးနှင့် တွေ့ဆုံခြင်း

မြနှင်းနွယ်မှာမူ ပက်ထရစ်ထွက်သွားပြီး ရက်များစွာမကြာမီပင် ဘိုအိမ်ကြီးအား စတင်ပြုပြင်လေ၏။ သမံတလင်း ပေါက်နေသောနေရာများကို ပြန်၍ ဖာခြင်း၊ အိမ်ကြီးတစ်ခုလုံးအား ဆေးပြန်သုတ်ခြင်း၊ ပရိဘောဂအသစ်များ ဝယ်ယူခြင်း စသော အလုပ်များကို နေ့ခြင်းညခြင်း ပြုလုပ်ခဲ့လေ၏။

ပက်ထရစ်၏အိပ်ခန်း၌လည်း ခုတင်၊ စာရေးစားပွဲ၊ မှန်ဗီရို စသည်များ အသစ်ဝယ်၍ ထားလေ၏။ အကယ်၍ ပက်ထရစ် သာ မိမိ၌ နေစရာမရှိပါ၊ နေပါရစေဟု လာရောက်ပြောဆိုပါမူ သူက မည်သို့ထင်ထင် ပက်ထရစ်အား နေခွင့်ပေးလိုက်မည်ဟု မြနှင်းနွယ်က ဆုံးဖြတ်ထားပြီးဖြစ်သဖြင့် ပက်ထရစ်၏အိပ်ခန်း၌ ပရိဘောဂများ အသစ်ဝယ်၍ ထည့်ထားခြင်း ဖြစ်ပေသည်။

မြနှင်းနွယ်သည် ဘိုအိမ်ကြီးကို ပြုပြင်ပြီးနောက် မော်လမြိုင်သို့ ခေတ္တပြန်၍ သွားလေ၏။ မြနှင်းနွယ် မော်လမြိုင်သို့ရောက်ပြီး နောက်တစ်နေ့၌ပင် ကုလားသူဌေး ဗိုက်ပူနှင့် ကုလားသူဌေးကတော် စန်းခင်(မြန်မာအမျိုးသမီး)တို့၏အိမ်မှ အိမ်တက်မင်္ဂလာ ဖိတ်ကြားစာတစ်စောင် ရရှိသဖြင့် မြနှင်းနွယ်လည်း ထိုကုလား သူဌေး လင်မယားအိမ်သို့ သွားရောက်ခဲ့လေ၏။



www.burmeseclassic.com

www.burmeseclassic.com



ထိုအိမ်၌ကား မိမိသိကျွမ်းရင်းနှီးပြီး မော်လမြိုင်မြို့ပေါ်မှ မျက်နှာကြီးပိုင်းလူများကို တွေ့ရလေ၏။

သို့ရာတွင် မြနှင်းနွယ်ထိုင်မိသောစားပွဲ၌ကား မြနှင်းနွယ်နှင့် သိကျွမ်းသူဆို၍ မော်လမြိုင်မြို့မှ စက်သူဌေးကတော် တရုတ်ကပြား တစ်ဦးသာလျှင် ပါရှိလေ၏။ စားပွဲခုံမှာ လေးယောက်ပိုင်းဖြစ်သော အထက်ပါ တရုတ်ကပြားမတစ်ဦးအပြင် မြန်မာအမျိုးသမီးတစ်ဦး နှင့် မျက်နှာခပ်ပြားပြား ယောကျ်ားတစ်ဦးကိုပါ တွေ့ရလေ၏။

ထိုအချိန်၌ သူဌေးဗိုက်ပူကတော် မစန်းခင်သည် မြနှင်းနွယ် ထံသို့ ရောက်လာပြီးလျှင် . . .

"မြနှင်းနွယ်ရေ . . အတော်ပဲကွယ်၊ မိတ်ဆက်ပေးရဦးမယ် ဟောဒါက မမရဲ့မိတ်ဆွေ နုနုတဲ့၊ ဟောဒါကတော့ စက်သူဌေးကြီး ဦးကိုမြင့်ရဲ့ တစ်ဦးတည်းသောသား ကိုမောင်မောင်ဦးတဲ့၊ ဟဲ . . ကိုမောင်မောင်ဦး ဟောဒါ ခင်တို့နဲ့ ညီမအရင်းလိုပါပဲ၊ မြနှင်းနွယ် တဲ့၊ သူဌေးမကလေးပါပဲ"ဟု မိတ်ဆက်ပေးလေ၏။

"တွေ့ရတာ ဝမ်းသာပါတယ် မြနှင်းနွယ်၊ မော်လမြိုင်သူတွေ ချောတယ်၊ လှတယ်၊ အသားအရေ ကောင်းတယ်ဆိုတဲ့စကားတွေ ဟာ မြနှင်းနွယ်ကို ရည်ညွှန်းပြီးပြောတဲ့ စကားဖြစ်ပါလိမ့်မယ်"ဟု မောင်မောင်ဦးကပြောလိုက်ရာ မြနှင်းနွယ်သည် ပါးချိုင့်ကလေးများ ပေါ်သည်အထိ ပြုံးရယ်၍ . . .

"သိပ်လဲ မမြှောက်ပါနဲ့ရှင်"ဟု ပြန်၍ပြောလိုက်လေ၏။

"မြှောက်တာ မဟုတ်ပါဘူး၊ မြနှင်းနွယ်က တကယ်ကိုလှတာပါ" ဟု နုနုဆိုသော မိန်းကလေးကပါ ဝင်၍ပြောလေ၏။

"ဒါပေမယ့်ဗျာ . . တစ်ခုတော့ သတိပေးပါရစေ၊ မဦးမချွတ်





ပြောတယ်လို့ မထင်ပါနဲ့၊ ဟောဒီက မခင်စန်းတို့လဲ အပျိုတုန်းက ရှိတာပါပဲ၊ ဒါပေမယ့် ဗိုက်ရွဲရွဲကုလားကြီးနဲ့ အိမ်ထောင်ကျလိုက် တော့ သူ့အလှတွေဟာ အဟောသိကံ ဖြစ်ကုန်တော့တာပဲ။ အလှ ဆိုတဲ့ပစ္စည်းဟာ အလှကို မြတ်နိုးတတ်တဲ့ အလှကြိုက်တတ်တဲ့ လူဆီ ကိုရောက်မှ တန်ဖိုးရှိတာကလား"ဟု မောင်မောင်ဦးက ပြောပြန် လေ၏။

"ကိုမောင်မောင်ဦးနော် . . ခင့်ကို ဒီလိုတော့ မစ,ပါနဲ့၊ ကျွန်မက ဗိုက်ပူကို ဘာကြောင့်ယူလိုက်ရတယ်ဆိုတာ ရှင်အသိဆုံးမဟုတ်လား" ဟု မစန်းခင်က နှုတ်ခမ်းကလေးစူ၍ ပြောလိုက်လျှင် မောင်မောင်ဦး က တဟဲဟဲ ရယ်မောရင်း . . .

"သိပါတယ် . . ခင်ရယ် . . ဗိုက်ပူကိုမယူရင် ဗိုက်ပူထက်သာ တာကို ရနိုင်ပါလျက် ဗိုက်ပူကိုမှ ယူလိုက်တာဟာ ဗိုက်ပူအနေနဲ့ ကောင်းတာတစ်ခုတော့ရှိမှာပေါ့လေ"ဟု ပြောလိုက်ရာ မစန်းခင်က မောင်မောင်ဦးအား "ဟွန်း"ဟုဆိုကာ မျက်စောင်းထိုး၍ ထွက်သွား လေတော့၏။

ထို့နောက်တွင်ကား မောင်မောင်ဦးသည် မြနှင်းနွယ်အား အားမရှိ စကားရှာ၍ ပြောဆိုခြင်း၊ မြှောက်ပင့်ခြင်းတို့ကို အားတမ်း ပြုလုပ်လေ၏။

"မြနှင်းနွယ်တဲ့ . . . နာမည်ကလေးကလဲလှ၊ လူကလဲလှဗျာ၊ မြနှင်းနွယ်ဆိုတဲ့ နာမည်ကလေးနဲ့ မြနှင်းနွယ်ရဲ့ရုပ်ရည်ကလေးဟာ ပန်းခြင်ထဲက ဥစ္စာစောင့်မချောချောကလေးကို ပြေးပြီး မျက်စိထဲ မြင်မိအောင်ကို လှနိုင်ပါပေ့ဗျာ"ဟု မောင်မောင်ဦးကပြောလိုက်ရာ နုနုဆိုသောမိန်းမက . . .



www.burmeseclassic.com

www.burmeseclassic.com



“ဥစ္စာစောင့်ဆိုတာ သရဲတစ်မျိုးပဲ၊ မြနှင်းနွယ်ကို သရဲမကလေး
လို့ ပြောချင်တာလား ဟီဟိ”ဟု ဝင်၍ပြောလေ၏။

“မြနှင်းနွယ်ဟာ သရဲမကလေးမကလို့ ဘီလူးမကလေး
လူယောင်ဆောင်လာတာပဲ ဖြစ်စမ်းပါစေနုနုရယ်၊ ကျုပ်ကိုများ အ
ဘီလူးမကလေးက စားပစ်ချင်လို့ ဘယ်ကိုပဲခေါ်ခေါ် ကျုပ်ကတော့
မကြောက်နိုင်ပေါင်ဗျာ၊ ခေါ်တဲ့ဆီ လိုက်မှာပဲ”ဟု မောင်မောင်ဦး
ပြောပြန်လေ၏။

“လင်အစ်ဘလိုင်း ဆိုတာ ဒါမျိုးပေါ့”ဟု နုနုက ပြောလေ၏

“ဘလိုင်းပဲဖြစ်ဖြစ်၊ ဘလက်ပဲဖြစ်ဖြစ်၊ ယောက်ျားပေါင်း တစ်သိ
တစ်သောင်းကို ခေါ်မေး၊ မြနှင်းနွယ်ဟာ လှသလား မလှဘူးလား
အားလုံးက လှပါတယ်လို့ ဝန်ခံကြမှာချည်းပဲ နုနုရဲ့”ဟု မောင်မောင်
က ပြောလေ၏။

မြနှင်းနွယ်လည်း မောင်မောင်ဦးနှင့်တွေ့မှပင် “ငါ့
တော်တော်လှတဲ့ မိန်းမပါလား”ဟု စိတ်၌တွေးမိလေတော့၏။

အမှန်စင်စစ် ထိုမောင်မောင်ဦးဆိုသူကား သူဌေးသား လူ
တစ်ဦးသာလျှင် ဖြစ်ပေသည်။ မိန်းကလေးများကို မြှောက်ပင့်
လည်းကောင်း၊ ဆင်းရဲသောမိန်းကလေးများဖြစ်မူ မက်လောက်သေ
လက်ဆောင်ပစ္စည်းများပေး၍လည်းကောင်း၊ ချဉ်းကပ်ကာ အရှုံ
ဖျက်ဆီးတတ်သော အကျင့်ပျက် ယောက်ျားယုတ်တစ်ဦးသာလျှ
ဖြစ်ပေသည်။ တစ်ခါ၌ ဆင်းရဲသော်လည်း ၎င်းအနေနှင့် ချဉ်းကပ်
မရသော မိန်းကလေးတစ်ဦးအား ကားတင်၍ဖျက်ဆီးဖူးသော်လည်း
၎င်း၏ဖခင်က အမှုမဖြစ်အောင် ပုလိပ်မင်းကြီးအား ငွေကိုရှ
လာဘ်ထိုးခဲ့ခြင်းကြောင့် (၃၇၆)ဘေးမှ သီသီကလေး လွတ်မြော





ခဲ့ရသူ ဖြစ်ပေသည်။ ဖျက်ဆီးခြင်းခံရသော မိန်းကလေးမှာ
ရှက်လွန်း၍ အဆိပ်သောက်ကာ မိမိကိုယ်ကို အဆုံးစီရင်သွားရှာ
လေ၏။

အရက်၊ ဖဲ၊ ဂျင်၊ မြင်းပွဲ၊ မိန်းမ စသည့် စာရိတ္တပျက်စေသော
အရာမှန်သမျှကို မောင်မောင်ဦးသည် ဝါသနာပါ၏။

သို့ရာတွင် ဇရပ်၊ တန်ဆောင်း၊ ကျောင်းကန်ဘုရားတို့၌
မောင်မောင်ဦး၏အမည်သည် ရှေ့ဆုံးက ပါ၍နေ၏။ အဘယ့်ကြောင့်
ဆိုသော် ၎င်း၏ဖခင်ကြီး စက်သူဌေးကြီးသည် ဇရပ်လှူလှူ၊ ကျောင်း
လှူလှူ၊ “စက်သူဌေး ဦးကိုမြင့်၊ သူဌေးကတော် ဒေါ်တင်မေတို့၏
သား မောင်မောင်ဦး ကောင်းမှု”ဟူ၍ ကဗျည်းထိုးမြဲ ဖြစ်သော
ကြောင့်တည်း။

မြနှင်းနွယ်တို့၏စားပွဲနှင့် မလှမ်းမကမ်းလောက်တွင်ရှိသော
စားပွဲမှ လူလေးယောက်တို့သည်ကား မြနှင်းနွယ်တို့စားပွဲကို
ကြည့်လျက် အောက်ပါအတိုင်း ပြောဆိုနေကြလေ၏။

“ဟေ့ . . . သိန်းမောင်၊ ဟိုစားပွဲကကောင်ကို ငါတော့ မြင်ဖူး
သလိုလိုပဲကွ”ဟု တစ်ယောက်သောသူကမေးရာ သိန်းမောင်ဆိုသူက. .

“မင်းကလဲကွာ၊ မစန်းခင် ကုလားဗိုက်ပူနဲ့ မညားခင်က အဲဒီ
ကောင်နဲ့ ဖြစ်တာပေါ့ကွ၊ ကလေးတောင်မှ ဖျက်ချရသေးတာပဲ”ဟု
ပြန်၍ ပြောလေ၏။

“အေး ဟုတ်ပြီ . . . ဟုတ်ပြီ၊ မှတ်မိပြီ သူ့နာမည်က”ဟု ထိုသူက
ဆက်၍ပြောရာ သိန်းမောင်ဆိုသူက . . .

“သူ့နာမည်က မောင်မောင်ဦးတဲ့၊ စက်သူဌေးသား လူရှုပ်ပေါ့
ကွာ တခါက ကောင်မလေးတစ်ယောက်ကို ကားတင်တာ ဒီကောင်



www.burmeseclassic.com

www.burmeseclassic.com



ပေါ့ကွ၊ မိဘ ပိုက်ဆံချမ်းသာတာနဲ့ လျှောက်ပြီးရမ်းနေတဲ့ ခွေးမျိုး ကွာ၊ အခုတွဲလာတဲ့ နုနုဆိုတဲ့ ကောင်မက ဒီကောင့်ရဲ့ အပျော်မယား ပွဲစားပေါ့ကွာ၊ ဒီကောင်မက မရှိဆင်းရဲတဲ့ မိန်းကလေးတွေ မောင်မောင်ဦး ခြေတော်တင်ဖို့ ရှာရှာပေးတယ်ကွ"ဟု ပြောရာ ဘမှန်ဆိုသောသူက ...

"ဟုတ်မှလဲလုပ်ပါ သိန်းမောင်ရယ်"ဟု ဆိုလေ၏။

"ဟုတ်လို့ ပြောတာပေါ့ကွ၊ မောင်မောင်ဦးမှာ မယားငယ် မှိုလိုပေါက်နေတာပဲ၊ အဲဒီမယားငယ်တွေရဲ့ မောင်တွေအစ်ကိုတွေ ကလဲ ငြိမ်လို့ မောင်မောင်ဦးကို မော်ပြီးတောင် မဖူးဝံ့ဘူး မောင်မောင်ဦးရဲ့ မယားငယ်မိအေးဆိုတဲ့ ကောင်မဟာ လင်ကြီးရှိ နဲ့ လင်ကြီးကိုပစ်ပြီး ဒီကောင်ဆီမှာ မယားငယ်ဖြစ်နေတာ၊ အဲ မိအေးကို ငါက ကောင်းကောင်းသိတယ်၊ သူ့အစ်ကို သိန်းတို သိန်းစိုးကိုလဲ သိတာပဲ၊ ရာဇဝတ်အုပ်ဖြစ်နေတဲ့ မောင်အေးခိုင်ကို သိတာပဲ"ဟု သိန်းမောင်ကပြောရာ ဘမှန်က ...

"ဒီလိုနွားကျတဲ့ မောင်တွေအစ်ကိုတွေရှိလို့လဲ မောင်မောင် တို့လို လူယုတ်မာတွေ သောင်းကျန်းဝံ့တာပေါ့ကွာ"ဟု ပြောလေ၏

မောင်မောင်ဦးမှာကား မြနှင်းနွယ်အား အလှအိမ်၌ မြော ပင့်ရုံနှင့် မကျေနပ်သေးပဲ မြနှင်းနွယ် ပြန်သွားသည့်အခါ၌ နုနု "လိုက်၍ လည်ပါရစေ"ဟု ဆိုကာ မြနှင်းနွယ်နောက်သို့ နုနု မောင်မောင်ဦးတို့သည် လိုက်ပါသွားကြလေတော့၏။





မြနှင်းနွယ်၏အိမ်သို့ ဇွတ်လိုက်၍လာကြသော ဇွတ်လိုက် ဧည့်သည်များ ဖြစ်ကြသည့် နုနုနှင့် မောင်မောင်ဦးအား မြနှင်းနွယ် က မိန်းမရှာအသောင်းနှင့် မိတ်ဆက်ပေးလေ၏။

"အသောင်း ... ဟောဒါ ရန်ကုန်က စက်သူဌေးသား ကိုမောင်မောင်ဦးတဲ့"ဟု မြနှင်းနွယ်က ပြောလိုက်ကာမျှနှင့်ပင် မိန်းမရှာအသောင်းက"ထိုင်ကြပါဦးရှင်"ဟု ဆိုကာ မီးဖိုတွင်းသို့ဝင်၍ စိန်ကြည်အား ကော်ဖီဖျော်ရန် မုန့်များပါယူခဲ့ရန် ပျာပျာသလဲ စေခိုင်းလေတော့၏။

စိန်ကြည်က ကော်ဖီပန်းကန်များ ယူလာသည့်အခါ၌လည်း မိန်းမရှာ အသောင်းက ...

"သုံးဆောင်ကြပါရှင်၊ ဒီဘက်က ညီမက နာမည် ဘယ့်နှယ်ခေါ်ပါ သလဲ"ဟု ပြုံးရွှင်သောမျက်နှာနှင့် မေးလေ၏။

"နုနုလို့ခေါ်ပါတယ်၊ မောင်မောင်ဦးနဲ့ နုနုနဲ့က မောင်နှမ တစ်ဝမ်းကွဲပါ"ဟု နုနုက သွက်လက်စွာ ဖြေလေ၏။

"မောင်မောင်ဦးတဲ့၊ နာမည်က တယ်လဲခန့်တာပဲ၊ မဟာသွေးထဲ က မျိုးလားကွယ်"ဟု အသောင်းက ပြောလေ၏။ မိန်းမရှာ အသောင်းသည် သူဌေးသားမောင်မောင်ဦးအား လွန်စွာအထင်ကြီး နေပြီဖြစ်၏။

နုနုကလည်း မောင်မောင်ဦး၏ဖခင် ဦးကိုမြင့် မည်မျှချမ်းသာ ကြောင်း မောင်မောင်ဦးအနေနှင့် မည်မျှသုံးနိုင်စွဲနိုင်ကြောင်းကို မရှည်ရက်ရှည် ပြောပြနေလေ၏။

မောင်မောင်ဦးကလည်း မြနှင်းနွယ်အား ကြာသမားတို့၏ထုံးစံ အတိုင်း နှာသံကလေး မတိုးမကျယ်နှင့် မြနှင်းနွယ်၏အလှကို ားနေလေ၏။



www.burmeseclassic.com

www.burmeseclassic.com

ဤသို့နှင့်ပင် ကုလားပိုက်ပူ၏မိန်းမ မစန်းခင်ကြောင့် သူဌေးသား လူယုပ်မာ မောင်မောင်ဦးနှင့် မိန်းမလယ်နုနုတို့သည် မြနှင်းနွယ်နှင့်လည်းကောင်း၊ မိန်းမရှာအသောင်းနှင့်လည်းကောင်း ရင်း ခြင်းအဖြစ်သို့ ရောက်ရှိသွားလေတော့၏။

မောင်မောင်ဦးမှာလည်း နေ့စဉ်နေ့တိုင်းလိုလိုပင် မြနှင်းနွယ်၏ အိမ်သို့ အလည်အပတ် ရောက်ရှိခဲ့လေ၏။ ထိုသို့ အလည်ရောက် သည့်အခါတိုင်း၌လည်း မိန်းမရှာ အသောင်းအတွက် လက်ဆောင် တစ်ခုခု ပါလာတတ်မြဲ ဖြစ်လေ၏။

မိန်းမရှာ အသောင်းမှာလည်း မောင်မောင်ဦး ရောက်ရှိလာ ခြင်းမရှိသေးပါက မောင်မောင်ဦးတစ်ယောက် မလာသေးပါလား ဟူ၍ ပြောဆိုကာ မျှော်လင့်နေတတ်ဘိသကဲ့သို့ အနွယ့်အားလည်း "မောင်မောင်ဦးဆိုတဲ့ သူငယ်ကလေးဟာ သူဌေးသား လူယဉ်ကျေး ကလေး၊ ပညာကလဲတတ်၊ ဉစ္စာကလဲပေါ ဆိုတာ ဒါမျိုးပေါ့" မကြာခဏ ပြောတတ်လေ၏။

အိမ်သို့ မောင်မောင်ဦး ရောက်လာသည့်အခါများ၌လည်း မိန်းမရှာအသောင်းသည် ပျာပျာသလဲနှင့် ဧည့်ခံတတ်လေ၏ လိုအပ်သည်ထက်ပို၍ မျက်နှာသာပေးလာ၏။ ထို့ကြောင့် စားနေ ကြောင်ပါးဖြစ်သော မောင်မောင်ဦးသည် အတင့်ရဲ၍ လာလေ၏

မြနှင်းနွယ်ထိုင်သည့်အနီးသို့ ဝင်ထိုင်ခြင်း၊ မြနှင်းနွယ်၏ တစ်ဘက်သို့တိုးသွားလျှင် လိုက်၍ကပ်ထိုင်ခြင်း၊ မထိတထိစကား များပြောခြင်း စသည်တို့ကို ပြုလုပ်လာလေတော့၏။

တစ်နေ့သ၌ မြနှင်းနွယ်သည် ပွဲရုံစာရင်းများ လုပ်နေစဉ် မောင်မောင်ဦး ရောက်၍လာလေ၏။ ထိုသို့ ရောက်လာပြီးလျှင်





မြနှင်းနွယ်၏ နောက်မှရပ်ကာ စားပွဲပေါ်မှစာရင်းများကို မြနှင်းနွယ်၏ နောက်မှမိုး၍ ကြည့်လေ၏။ မောင်မောင်ဦး၏ အပြုအမူမှာ မြနှင်းနွယ်အား ပိုင်စိုးပိုင်နင်း ရှိလှပေ၏။

"ကိုမောင်မောင်ဦး ဟိုမှာ ထိုင်ပါရှင့်"ဟု မြနှင်းနွယ်က အသံအမာဖြင့် ပြောလိုက်လေ၏။

"နွယ့်ကို မောင်မောင် ဘယ်လောက် ချစ်နေတယ်ဆိုတာ ပြောပြဖို့ လိုသေးသလား နွယ်ရယ်"ဟု မောင်မောင်ဦးက နှာသံအလေးဖြင့် ပြောလိုက်လေ၏။

"ရှင် ဟိုမှာထိုင်ပါလို့ ပြောနေတယ် မဟုတ်လား"ဟု မြနှင်းနွယ်က မျက်နှာထားတည်တည်ဖြင့် ပြောလိုက်ရာ မောင်မောင်ဦးက. .

"အသောင်းလဲ ဈေးသွားနေတယ်၊ စိန်ကြည်လဲ လမုတန်းက သူ့အဒေါ်အိမ်ကို သွားတယ်၊ ဒီအိမ်ကြီးထဲမှာ နွယ်နဲ့မောင်မောင်တို့ နှစ်ယောက်ထဲ လွတ်လွတ်လပ်လပ် တွေ့နိုင်အောင် ဖူးစာရေးနတ်မင်းက ဖန်တီးပေးထားတဲ့ ချစ်ခွင့်ချစ်ရေးကြီးကို လက်မလွှတ်နိုင်ပေါင်" ဟုဆိုကာ မြနှင်းနွယ်၏ ပခုံးနှစ်ဘက်ကို ဆတ်ကနဲ ကိုင်လိုက်လေ၏။

မြနှင်းနွယ်လည်း မောင်မောင်ဦးအား"ဒါ ဘာလုပ်တာလဲ"ဟု ဆိုကာ ဆောင့်၍တွန်းလိုက်ရာ မောင်မောင်ဦးသည် နောက်သို့ လန်၍သွားလေ၏။

"မောင်မောင် ချစ်လို့ပါကွယ်"

"ဘာချစ်လို့ပါလဲ၊ မျက်နှာကိုက အငမ်းမရနဲ့၊ ဒီလိုလုပ်လို့ရမယ့် မိန်းမမျိုး မှတ်နေသလား"ဟု မြနှင်းနွယ်က ပြောလိုက်ရာ မောင်မောင်ဦးက စိတ်ဆိုးမာန်ဆိုးဖြင့် တောက်တစ်ချက်ခေါက်၍ မြနှင်း



www.burmeseclassic.com

www.burmeseclassic.com


နွယ်အားဖက်ရန် ရှေ့သို့တိုး၍လာရာ မြနှင်းနွယ်က ဆွဲအံကိုဆွဲဖွင့်၍ သေနတ်ကို နှိုက်ယူလိုက်ပြီးနောက် . . .

"ရှေ့တိုးယင် မောင်းဖြုတ်ချလိုက်မယ်၊ အခုထွက်သွားပါ"ဟု ပြောလိုက်ရာ မောင်မောင်ဦးသည် အံကိုကြိတ်၍. . .

"ငါကြံယင် မရတဲ့ကောင်မဆိုတာ မရှိဘူး၊ မောင်မောင်ဦး အကြောင်း သိရမယ်ဟေ့"ဟု ဆိုကာ ထွက်သွားလေ၏။ အိမ်ဝသို့ ရောက်လျှင် ဈေးမှပြန်၍လာသော မိန်းမရှာအသောင်းနှင့် တွေ့၍ လေတော့၏။ ထိုအခါ၌ အသောင်းက . . .

"မောင်မောင်ဦး ပြန်တော့မလို့လား၊ မောင်မောင်ဦး ကြိုက်တတ်တဲ့ ဒူးရင်းယိုကလေး ဝယ်လာတယ်လေ၊ ရေနွေးကြမ်းနဲ့ မြည်းသွားပါဦး"ဟု ပြောရာ စိတ်ဆိုးနေသော မောင်မောင်ဦးက . . .

"ဖယ်စမ်းပါ၊ ဒီ မိန်းမရှာက တစ်မျိုး"ဟု ပြောဆို၍ ထွက်သွားလေ၏။ မိန်းမရှာအသောင်းကလည်း မိမိက စေတနာနှင့် ပြောသည်ကို ယခုကဲ့သို့ မိုက်မိုက်ရိုင်းရိုင်း ပြောသွားသော မောင်မောင်ဦးကိုကြည့်ကာ မျက်နှာကိုမဲ့၍ . . .

"စေတနာကို ဝေဒနာထင်တဲ့ကောင်. . . ဟင်း" ဟု ဆိုကာ အိမ်တွင်းသို့ ဝင်ခဲ့လေတော့၏။ အိမ်တွင်းသို့ရောက်လျှင် သေနတ်ကိုင်၍ ရပ်နေသော မြနှင်းနွယ်ကို မြင်လျှင် . . .

"ဟဲ့. . . အနွယ်. . . လက်ထဲမှာလဲ ခြောက်လုံးပြူးကြီးနဲ့ ဘာဖြစ်ကြတာလဲ"ဟု ထိတ်ထိတ်ပျာပျာနှင့် မေးလေ၏။

"ခွေးတစ်ကောင်ကို ပစ်မလို့ပါ အသောင်း"ဟု ဣန္ဒြေရရ ပြန်၍ ပြောလေ၏။

"ဘယ်ကခွေးကို ပစ်မှာလဲ၊ ဟိုဘက်ခြံက ခွေးကိုလား၊ မလုပ်ပါနဲ့ အနွယ်ရယ်"ဟု အသောင်းက ပြန်၍ ပြောလေ၏။

"မဟုတ်ဘူး၊ ရန်ကုန်ကခွေးကို"ဟု အနွယ်က ပြောပြန်၏။

"ရန်ကုန်မှာ ခွေးသောင်းကျန်းသလား၊ ဒါပေမယ့် အနွယ်ရယ်. . တော်သလင်းလဆိုတော့ ခွေးတွေ မိတ်လိုက်တဲ့လပဲ၊ အပြစ်တင်လို့ ဘယ်ရမလဲကွယ်"ဟု အသောင်းက ဆိုပြန်၏။

"အဲဒီခွေးက တော်သလင်းရော သီတင်းကျွတ်ရော တန်ဆောင်မုန်းရော အို. . . (၁၂)လလုံး သောင်းကျန်းတဲ့ခွေး"ဟု အနွယ်ကပြော၍ သေနတ်ကို ဆွဲအံတွင်းသို့ ဂျောက်ကနဲထည့်လိုက်လျှင် မိန်းမရှာအသောင်းက မည်သူ့ကို ဆိုလိုကြောင်း ရိပ်မိသွားပြီး ဖြစ်ရာ . . .

"သိဘီ. . . သိဘီ"ဟု ပြော၍ ခေါင်းတဆတ်ဆတ် ညိတ်လိုက်လေတော့သတည်း။



www.burmeseclassic.com

www.burmeseclassic.com


## လမင်းကြီးကို မျှော်ရသလို

မြနှင်းနွယ်သည် ရန်ကုန်သို့ရောက်သည့်အခါ (၁၄)လမ်းရှိ ပွဲရုံတွင် မနေတော့ဘဲ ဘိုအိမ်ကြီးသို့ ပြောင်းရွှေ့ခဲ့လေတော့၏။ အဖော်ရှိသဖြင့် မော်လမြိုင်အိမ်မှ စိန်ကြည့်ကို ခေါ်ယူခဲ့လေ၏။

ဘိုအိမ်ကြီး၌ စတင်နေစဉ်အတွင်း မြနှင်းနွယ်သည် ဒေါ်မာဂရက်ကြီးနှင့် ပက်ထရစ်ကို သတိရမိလေ၏။ သို့ရာတွင် ခြောက်လခန့်နေထိုင်မိသောအခါ၌မူ မေ့လျော့၍သွားလေတော့၏။

တစ်နေ့သ၌ မြနှင်းနွယ်သည် ပြည်မြို့ရှိ ခေတ္တရာပွဲရုံမှ ရရန်ရှိသော ကုန်ဖိုးငွေများကို အကြိမ်ကြိမ်စာရေး၍ တောင်းခဲ့သော်လည်း ၎င်းပွဲရုံမှ ပေးဆပ်ခြင်းမပြုသဖြင့် ကိုယ်တိုင် ပြည်မြို့သို့ ကြွေးတောင်းရန် ထွက်ခဲ့လေတော့၏။ မြနှင်းနွယ်သည် ပြည်သို့ ရောက်လျှင် ခေတ္တရာပွဲရုံသို့သွားရောက်၍ ကြွေးစာရင်းများကို ပြကာ ကြွေးတောင်းရာ ခေတ္တရာပွဲရုံပိုင်ရှင် ဦးအေးကြူဆိုသူက မိမိအနေနှင့် ခရီးထွက်နေသောကြောင့် ဤသို့ဖြစ်ရခြင်းအတွက် စိတ်မကောင်းကြောင်း၊ နောက်နောင်တွင် ဤသို့မဖြစ်စေရပါဟူ၍ အမျိုးမျိုးအဖုံဖုံ တောင်းပန်သည့်အပြင် မြနှင်းနွယ်အားလည်း ချက်ချင်းမပြန်သေးဘဲ ပြည်မြို့နှင့်အနီး ပတ်ဝန်းကျင်ရှိဘုရားများကို လိုက်ပို့ပါရစေဟုဆိုကာ အတင်းဆွဲ၍ ထားလေ၏။

**မရမ်းတလင်းစာပေတိုက်**

www.burmeseclassic.com

www.burmeseclassic.com

ထို့ကြောင့် မြနှင်းနွယ်လည်း ပြည်မြို့၌ ဘုရားဖူးရန် နေရလေ၏။ ဦးအေးကြူ၏မိန်းမမှာလည်း လွန်စွာသဘောကောင်းသည်ဖြစ်ရာ မြနှင်းနွယ်နှင့် နာရီပိုင်းအတွင်းလောက်တွင်ပင် ခင်မင်၍သွားလေ၏။ ၎င်းကပင် ဘုရားများသို့ လိုက်၍ပို့လေ၏။

ပြည်သို့ရောက်ပြီး သုံးလေးရက်လောက်တွင် မြနှင်းနွယ်သည် ပက်ထရစ်အား တွေ့လိုတွေ့ငြား ရှာဖွေလိုသည်ဖြစ်၍ မိမိတစ်ယောက်တည်း မြင်းလှည်းငှားကာ ထွက်ခဲ့လေ၏။ မြင်းလှည်းသမားအား မီးစက်နှင့် မော်တော်ကားပြင်သော ဝပ်ရှော့များသို့ပို့ပေးရန် ပြောသဖြင့် မြင်းလှည်းသမားက တစ်ခြားဝပ်ရှော့များကို မသိကြောင်း ကိုဟန်စိန်ဝပ်ရှော့ကိုသာလျှင်သိကြောင်း ပြောဆို၍ ခေါ်ဆောင်သွားလေ၏။

မြင်းလှည်းသမားသည် သူ၏မြင်းကို ငေါ်ချီတစ်လှည့် ချော့ချီတစ်ခါ မောင်းနှင်လာခဲ့ပြီးနောက် ခရီးအတော်အတန် ရောက်ခဲ့လျှင် "ဒါ ကိုဟန်စိန် ဝပ်ရှော့ပဲ"ဟု ပြောသဖြင့် မြနှင်းနွယ်က လှမ်း၍ ကြည့်လိုက်ရာ လူတစ်ယောက်သည် အင်ဂျင်စက်၏ အစိတ်အပိုင်းကြီးတစ်ခုကို မနိုင့်တနိုင်နှင့် မယူကာ ဝပ်ရှော့ရှေ့၌ ချလိုက်သည်ကို တွေ့ရလေ၏။ ထိုအချိန်၌ ဝပ်ရှော့အတွင်းမှ လူတစ်ယောက် ထွက်လာပြီးလျှင် . . .

"ဟေ့ကောင် . . ဒီမှာချရသလားကွ၊ အထဲကို တစ်ခါထဲ ယူခဲ့ပါလား"ဟု ဆူပူကြိမ်းမောင်းလေ၏။

"မဟုတ်ပါဘူး ဦးလေးရာ၊ ဒါကြီးကို ကျွန်တော် သယ်ပြီးလာတာ အဝေးကြီးကပါ၊ ဆက်ပြီး မသယ်နိုင်တော့လို့ ခဏကလေး ချလိုက်တာပါ"ဟု ပစ္စည်းသယ်လာသူက ပြန်၍ပြောလေ၏။





ထိုအချိန်၌ မြနှင်းနွယ်တို့၏မြင်းလှည်းသည်လည်း အနီးသို့ ရောက်လာပြီဖြစ်၏။

"မင်း ငါ့ကို ဆင်ခြေမပေးနဲ့၊ ခွေးမသား ကပြားစုတ်"ဟု ဆိုကာ ဆိုင်တွင်းမှထွက်လာသူလူကြီးက ပစ္စည်းသယ်၍လာသောသူအား ဆက်ဖြင့်ရိုက်ရန် ရွယ်လိုက်လေ၏။

"ဦးလေးရယ် ကျွန်တော် ထမင်းလဲ မစားရသေးဘူး၊ ဒါကြီးကို ထမ်းနားက သယ်လာရတာပါ၊ ခဏကလေး အောက်ကိုချတာကို စိတ်မဆိုးပါနဲ့"ဟု လူငယ်ကပြောလိုက်ရာ လူကြီးက . . .

"ဆိုးတယ်ကွာ . . ဆိုးတယ်၊ ခွေးမျိုး ဘိုမဟုတ် မြန်မာမဟုတ်"ဟု ဆိုကာ ပါးကို ဖြန်းကနဲ၊ ဖြန်းကနဲ ရိုက်လိုက်လေတော့၏။ ထိုအချိန်၌ မိန်းမကြီးတစ်ဦးသည် ဝပ်ရှော့အတွင်းမှ ပြေးထွက်လာပြီးလျှင် လူငယ်၏ရှေ့မှ ကာ၍ရပ်ကာ . . .

"ကိုဟန်စိန်၊ ရှင်ဟာ နည်းနည်းကလေးမှ မတရားဘူး၊ ရှင့်သားသမီးဆိုရင် ရှင်ဒီလိုလုပ်မလား၊ ဒါ တစိမ်းမဟုတ်ဘူး၊ ကျွန်မ တူရှင့်၊ ကျွန်မတူ"ဟု ရန်တွေ့လေ၏။

မြင်းလှည်းပေါ်မှ မြနှင်းနွယ်လည်း ထိုအဖြစ်အပျက်ကိုကြည့်၍ ကြေကွဲဝမ်းနည်းမိလေ၏။ အရိုက်ခံရသောလူငယ်ကား အဝေးက မြင်တွေ့စဉ်က မှတ်မိခြင်းမရှိသော်လည်း အနီးသို့ရောက်သည့်အခါ၌ ပက်ထရစ်ဖြစ်ကြောင်း တွေ့မြင်ရသောကြောင့် မြနှင်းနွယ်၏စိတ်၌ လွန်စွာ သနား၍သွားလေ၏။

"ပက်ထရစ်တစ်ယောက် သနားပါတယ်၊ ဒုက္ခ တော်တော် ရောက်နေရှာတာပဲ၊ ထမင်းကလေးစားရဖို့ ပင်ပန်းလိုက်တာ၊ သူ့ခမျာ အရိုက်အနှက်တောင် ခံနေရရှာပါလား၊ အင်း . . . နေပါဦးမှာ



www.burmeseclassic.com

www.burmeseclassic.com



ဘယ်လောက်များ လုပ်နေရရှာသလဲ မသိပါဘူး၊ အသားတွေတော
မည်းလို့၊ ငါတောင် မြင်မြင်ခြင်း မမှတ်မိပါလား"ဟု မြနှင်းနွယ်သ
စိတ်တွင်းမှပြောဆို၍ နေလေ၏။ ထို့နောက် မြနှင်းနွယ်
မြင်းလှည်းသမားအား ...

"မြင်းလှည်းဆရာကြီး၊ အဲဒီဝပ်ရှော့ရှေ့မှာ မရပ်ပါနဲ့၊ ဆက်
မောင်းသွားပါ"ဟုဆိုသဖြင့် မြင်းလှည်းသမားလည်း မရပ်တော့
ဆက်၍မောင်းသွားလေ၏။ မြနှင်းနွယ်က ပက်ထရစ်သည် ယခု
သူတစ်ပါး အငြိုအငြင်ခံနေရစဉ် မိမိတွေ့မြင်သွားသည်ကို သိ
သွားပါက ရှက်သွားရှာပေလိမ့်မည်ဟု တွေးမိသောကြောင့် မြင်းလှည်း
ကိုမရပ်စေဘဲ ဆက်၍မောင်းသွားစေခြင်း ဖြစ်ပေသည်။

အတော်အတန် ခရီးရောက်သည့်အခါ၌ မြင်းလှည်းဆရာကြီးက
"ဘယ်ကိုမောင်းရမှာလဲ"ဟုမေးရာ မြနှင်းနွယ်က ...

"ရွှေဆံတော်ဘုရားကို ပို့ပေးပါ"ဟု ပြောသဖြင့် မြင်းလှည်း
ဆရာကြီးက ရွှေဆံတော်ဘုရားသို့ ပို့၍ပေးလေ၏။

ဘုရားသို့ရောက်လျှင် မြနှင်းနွယ်က စာရွက်တစ်ရွက်ထုတ်၍
အောက်ပါအဓိပ္ပာယ်ရသောစာကို အင်္ဂလိပ်ဘာသာဖြင့် ရေးလေ၏။

> **ပက်ထရစ်**
>
> မမ ရွှေဆံတော်ဘုရားပေါ်က စောင့်နေတယ်၊ လာခဲ့ပါ။
>
> မမနွယ်

ထိုသို့ရေးပြီးနောက် မြင်းလှည်းဆရာကြီးအား ...





"ဒီစာကို စောစောက ဝပ်ရှော့ကိုသွားပြီး အင်္ကျီမဲ့လာတဲ့ လူကို ပေးပါ၊ သူ့နာမည် ပက်ထရစ်လို့ခေါ်ပါတယ်၊ ပြီးတော့ သူ့ကို မြင်းလှည်းနဲ့ ဒီကိုခေါ်လာခဲ့ပါ"ဟုဆိုကာ စာနှင့်တကွ ငါးကျပ်တန် တစ်ရွက်ကိုပါ ပေးလိုက်လေ၏။

မြနှင်းနွယ်လည်း ရွှေဆံတော်ဘုရား ကုန်းတော်ပေါ်သို့တက် ကာ ဧရာဝတီမြစ်သို့ ငေးစိုက်ကြည့်နေယင်း ပက်ထရစ်နှင့် ပတ် သက်၍ တွေးတောစဉ်းစားနေလေ၏။ မြနှင်းနွယ်သည် မည်မျှကြာ ကြာ တွေး၍နေသည် မသိ၊ နောက်မှနေ၍ ပက်ထရစ်က ...

"မမနွယ်"ဟု ခေါ်လိုက်မှပင် ဖြတ်ကနဲလန့်၍ လှည့်ကြည့်လိုက် လေ၏။ ဆီချေးများ ပေကျံလျက်ရှိသော အင်္ကျီဘောင်းဘီများနှင့် အသားများမည်းလျက်ရှိသော ပက်ထရစ်ကိုမြင်လျှင် မြနှင်းနွယ် သည် လွန်စွာမှ သနား၍သွားလေ၏။

"ပက်ထရစ်၊ အလုပ်အကိုင် အဆင်ပြေရဲ့လားကွယ်"ဟု မြနှင်း နွယ်က မေးလိုက်လေ၏။

"အဆင်ပြေပါတယ် မမနွယ်"

"ပက်ထရစ်ရယ်၊ မြင်လိုက်ရတာ မမနွယ်ဖြင့် ရင်ထဲမှာ ဆို့သွား တာပဲ၊ တော်တော်ကလေး ပင်ပန်းနေတယ်နဲ့တူတယ်"

"မမနွယ်ရယ် ဒီလိုပေါ့၊ ပင်ပန်းတယ် မဟုတ်ပါဘူး"ဟု ပြော လေ၏။

မြနှင်းနွယ်၏ စိတ်တွင်း၌ ပက်ထရစ်ကို သနားလွန်းသဖြင့် မိမိနှင့် တပါတည်း ခေါ်၍သွားရန် ဆုံးဖြတ်လိုက်မိလေ၏။

သို့ရာတွင် မိမိကသနား၍ ခေါ်ပါသည်ဆိုလျှင်ပက်ထရစ်သည် လိုက်မည်မဟုတ်ကြောင်း စဉ်းစားမိလေ၏။ ထို့ကြောင့် မိမိ၌အကူ



www.burmeseclassic.com

www.burmeseclassic.com



အညီလိုသဖြင့် အကူအညီတောင်းသည့် အနေနှင့်ခေါ်မှပင် လိုက်မည်ဖြစ်ကြောင်းကိုလည်း စဉ်းစားမိလေ၏။ ထို့ကြောင့် . . .

"ပက်ထရစ်ရယ်၊ မမနွယ်ကို ကူညီပါဦးကွယ်"ဟု မြနှင်းနွယ်က ပြောလိုက်လေ၏။

"ဘာကို ကူညီရမှာလဲ မမနွယ်၊ ကျွန်တော်ကူညီနိုင်တာဆိုရင် ကူညီဖို့အသင့်ပါပဲ"ဟု ပက်ထရစ်က ပြန်၍ပြောလေ၏။

"မမနွယ် ပြည်ကိုလာတာ ဒီကိစ္စပါပဲ"

"ပြောပါဦး မမနွယ်"

"မမနွယ်ရဲ့ ပွဲရုံအလုပ်တွေက သိပ်များတယ်ကွယ်၊ နယ်တွေက ကုန်ကြွေးတွေ လိုက်တောင်းဖို့ဆိုတာကလဲ မမနွယ်အနေနဲ့ လိုက်တောင်းရမယ်ဆိုရင်လဲ မိန်းမသားဆိုတော့ မသင့်တော်ဘူးကွယ်"

"ရပါတယ် မမနွယ်"

"ရပါတယ်မလုပ်နဲ့၊ အခုကို မမနွယ်နဲ့ တပါတည်းလိုက်ခဲ့ရမှာဖြစ်မယ်၊ ကဲ. . . ကဲ မင်းရဲ့အန်တီတို့ အန်ကယ်တို့ကို ပြန်ပြီးအကျိုးအကြောင်း ပြောခဲ့၊ ပြီးရင် ခေတ္တရာပွဲရုံကို လာခဲ့ပေတော့"ဟု မြနှင်းနွယ်ကပြော၍ ပက်ထရစ်ကို လွှတ်လိုက်လေ၏။ ပက်ထရစ်ထွက်သွားသည့်အခါ၌ မြနှင်းနွယ်သည် မိမိစီစဉ်လိုက်သည့်ကိစ္စမှာ သင့်တော်ခြင်းရှိမရှိ ပြန်၍စဉ်းစားမိပြန်၏။ ဆွေမျိုးမတော်သည့် ယောကျ်ားကလေးတစ်ဦးအား အိမ်ပေါ်သို့ ခေါ်တင်သည့်ကိစ္စမှာ လူကဲ့ရဲ့ဖွယ်ရာ ဖြစ်၍နေမည်လားဟု တွေးမိသည့်အခါ၌ ရင်တွင်းဝယ် လေးလံ၍လာလေ၏။ သို့ရာတွင် နောက်ဆုံး၌ မြနှင်းနွယ်သည် မိမိဘာသာ တစ်ကိုယ်တည်း အောက်ပါအတိုင်း ရေရွတ်၍ အားတင်းလိုက်ရလေတော့၏။

မရမ်းတလင်းစာပေတိုက်



"ဘယ်သူကပဲ ကဲ့ရဲ့ ကဲ့ရဲ့ မတတ်နိုင်ဘူးလေ၊ သူ့ခမျာ ဒါလောက် ဒုက္ခရောက်နေတာ ကယ်ဆယ်ရမှာပဲ၊ လူဆိုတာကတော့ ကဲ့ရဲ့ချင်တဲ့လူ ကြံဖန်ပြီး ကဲ့ရဲ့နေမှာပဲ မဟုတ်လား"

မြနှင်းနွယ်သည် ခေတ္တရာပွဲရုံသို့ ပြန်ခဲ့ရာ ကိုအေးကြူ၏ မိန်းမက. . .

"နွယ်ရယ်. . . တစ်ယောက်ထဲ ဘယ်များ ထွက်သွားတာလဲကွယ် အဒေါ်တို့ကဖြင့် စိတ်ပူလိုက်တာ၊ညည်းဦးလေး ကိုအေးကြူကလဲ အဒေါ်ကိုဆူလိုက်တာ မပြောပါနဲ့တော့"ဟု ဆီး၍ ပြောလေ၏။

"မဟုတ်ပါဘူး ဒေါ်ဒေါ်၊ နွယ်ရဲ့မိတ်ဆွေ ဒေါ်မာဂရက်ရဲ့သား ပက်ထရစ်ဆိုတာကို သွားပြီးရှာတာပါ၊ သူ့ကို ပွဲရုံမှာ ခိုင်းမလို့ပါ"ဟု မြနှင်းနွယ်က ပြောရာ ဦးအေးကြူ မိန်းမက. . .

"တွေ့ခဲ့ရဲ့လား"ဟု ပြန်၍ မေးလေ၏။

"တွေ့ခဲ့ပါတယ် ဒီကိုလာဖို့ ပြောထားတယ်၊ နွယ်လဲ ဒီညနေပဲ ပြန်မယ်ဒေါ်ဒေါ်"ဟု မြနှင်းနွယ်က ပြောရာ အဒေါ်ကြီးက. . .

"ချက်ချင်းကြီးပါလား"ဟု အံ့အားသင့်စွာ ပြောလေ၏။

"ဟုတ်ပါတယ်၊ ပွဲရုံကို ဒီတိုင်း ပစ်ထားရတာမဟုတ်လား၊ ပက်ထရစ်ကိုခေါ်ပြီး မြစ်ဝကျွန်းပေါ်ဘက်ကို လွှတ်ရဦးမှာဒေါ်ဒေါ်ရဲ့"ဟု ပြောဆိုကာ မြနှင်းနွယ်သည် ၄င်း၏ပစ္စည်းများကို သိမ်းဆည်းလေတော့၏။

ညနေပိုင်းသို့ အရောက်တွင် ပက်ထရစ်သည် အဝတ်အစားဟောင်းဟောင်းနွမ်းနွမ်းကလေးများနှင့် လွယ်အိတ်ကလေးတစ်လုံးကို လွယ်ကာ ရောက်ရှိလာလေတော့၏။

ပက်ထရစ်ရောက်လာသည့်အခါ၌ ရထားထွက်ချိန် နီးကပ်နေပြီဖြစ်သဖြင့် ဘူတာသို့ ထွက်ခဲ့ရလေ၏။ မြနှင်းနွယ်နှင့် ပက်ထရစ်

မရမ်းတလင်းစာပေတိုက်

www.burmeseclassic.com

www.burmeseclassic.com

တို့ကို ဦးအေးကြူတို့လင်မယားက ဘူတာအထိ လိုက်၍ပို့လေ၏

ဦးအေးကြူ၏မိန်းမက ပက်ထရစ်ကို မကြာမကြာ အကဲခ
ကြည့်ရှုလေ၏။ အကဲခပ်ရုံမျှနှင့် မကျေနပ်ဘဲ ဦးအေးကြူကို
မျက်နှာရိပ် မျက်နှာကဲဖြင့် ပက်ထရစ်ကို ပြလေ၏။ ရထားပေါ်
မြနှင်းနွယ်တို့ရောက်ရှိပြီး များမကြာမီ၌ပင် ရထားသည် စတ
ထွက်ခွာခြင်းပြုလေ၏။

ဦးအေးကြူ၏ မိန်းမက မြနှင်းနွယ်အား . . .

"နွယ်ရေ လာခဲ့ဦးနော်"ဟု ပြောလိုက်လေ၏။ မြနှင်းနွ
ကလည်း . . .

"အလုပ်နဲ့မဟုတ်ဘဲ အေးအေးဆေးဆေး တစ်ခေါက်လာ
မယ် ဒေါ်ဒေါ်ရေ"ဟု ပြန်၍ ပြောသွားလေ၏။

ရထားထွက်သွားသည့် အခါ၌ ဦးအေးကြူ၏ မိန်းမက
ဦးအေးကြူအား . . .

"ရှင့်ကို ကျုပ်က မျက်နှာရိပ် မျက်နှာကဲနဲ့ ပြနေတာ ရှင်
မတွေ့ဘူး"ဟု ပြောလေ၏။

"ဘာကို ပြတာလဲ"ဟု ဦးအေးကြူက ပြန်၍ ပြောလေ၏။

"အနွယ်ခေါ်လာတဲ့ ကောင်ကိုလေ"

"ဒါ တွေ့သားပဲ၊ နင် ပြမှလားဟဲ့"

"မြင်တော့ မြင်တာပေါ့၊ အကဲခပ်ဖို့ပြတာ"

"ဘာကို အကဲခပ်ဖို့ ပြတာလဲ"

"ပွဲရုံမှာခိုင်းဖို့ အနွယ်ခေါ်သွားတဲ့ ကောင်ကလဲ အရပ်ထောင်
ထောင်မောင်းမောင်း၊ လူကချောချော၊ ခိုင်းဖို့မှ ဟုတ်ရဲ့လား"

"ခိုင်းဖို့မဟုတ်ရင် ဘာလုပ်ဖို့ ရှိလို့လဲကွ"





"အောင်မယ်လေးတော်၊ ထူလိုက်တဲ့ လူနဲ့တော်၊ ခိုင်းဖို့မဟုတ်ဘဲ
ဆင်လုပ်ဖို့များလားလို့ တော်ရေ"

"ဒါလဲ ကောင်းတာပေါ့ကွာ၊ အေး နင်ပြောမှ စဉ်းစားမိတယ်၊
သူတို့နှစ်ယောက် ရွေ့သွားနောက်လိုက် ညီသားပဲဟဲ့"

"လက်စသတ်တော့ အနွယ်က ကြွေးတောင်းရင်း လင်ရှာထွက်
လာတာကို၊ အံ့ပါရဲ့တော်"

"သူ့ဟာသူ လင်ပဲရှာရှာ . . . ဆင်ပဲရှာရှာ နင်က ဘာဖြစ်လို့
ကြားထဲက မကျေမနပ် ဖြစ်နေရတာလဲ"ဟု ဦးအေးကြူက အံ့ဩ
သော မျက်နှာထားနှင့် ၎င်း၏မိန်းမအား မေးလိုက်ရာ ၎င်း၏
မိန်းမက. . .

"လင်ရှာရဲတဲ့ကောင်မကို သိထားရင် သတိထားရမယ်တော့၊
တော်တော်ကြာ ရှင်တို့လို ခေါင်းဖြူစွယ်ကျိုးကြီးတွေကိုပါ လင်လုပ်
ချင်လို့ခေါ်သွားရင် ပါသွားမှာစိုးလို့တော့"ဟု ပြောလိုက်လေ၏။

"ဒါတော့ နင် သက်သက်ယုတ်မာတာ၊ တစ်ဘက်သားကို
ဟုတ်မှန်း မဟုတ်မှန်း မသိဘဲ စွပ်စွဲတယ်၊ ပြီးတော့ ငါ့ကို အကြောင်းမဲ့
နှမ်းလုပ်၊ နင်တို့လို မိန်းမတွေဟာ စိတ်တိုတဲ့ ယောကျ်ားနဲ့တွေ့ရင်
အသတ်ခံရတာ၊ ဒီကနေ့ပဲ သတင်းစာထဲမှာပါတယ်၊ အမေရိကန်မှာ
မိန်းမက ယောကျ်ားကို ရှင်ဟာအသုံးမကျတဲ့လူပဲလို့ ပြောမိတာနဲ့
ယောကျ်ားကစိတ်ဆိုးပြီး ရိုက်သတ်လိုက်တယ်ဆိုတဲ့သတင်း ပါလာ
တယ်၊ သေတဲ့ မိန်းမဟာ နင့်လိုမိန်းမမျိုးပေါ့"ဟု ဦးအေးကြူက
ပြောလိုက်မှပင် ၎င်း၏မိန်းမလည်း ငြိမ်၍သွားလေတော့သတည်း။



www.burmeseclassic.com

www.burmeseclassic.com

# ဘိုအိမ်ကြီးသို့ ပြန်ရောက်ပြီ

ပက်ထရစ်သည် မိမိငယ်စဉ်က နေထိုင်ခဲ့သည့် အိမ်ကြီးသို့ ပြန်ရောက်သည့်အခါ၌ မိခင်ကြီးကို လွန်စွာသတိရမိလေ၏။ အတွင်းသို့မဝင်သေးဘဲ ခြံဝမှနေ၍ အိမ်ကြီးကို ကြည့်၍နေလေ၏။ မိခင်ကြီး ထိုင်လေ့ရှိသည့် ပိန္နဲပင်ရင်းကို လှမ်း၍ကြည့်လိုက်ရာ သစ်သားခုံကလေးကို တွေ့ရလျှင် . . .

"မာမီထိုင်တဲ့ခုံကလေး ရှိပါသေးလား"ဟု စိတ်၌တွေးမိလေ၏။ ပက်ထရစ်သည် ခြံတံခါးဝ၌ ငူငူကြီးရပ်ကာ ဘိုအိမ်ကြီးကို စိမ်းစိမ်းကြည့်၍နေလေ၏။

"ပက်ထရစ် ဝင်လေ"ဟု မြနှင်းနွယ်ကပြောလိုက်မှပင် ပက်ထရစ်သည် သက်ဝင်လှုပ်ရှား၍ လာလေတော့၏။

"မမက ဆေးတွေပြန်သုတ်လိုက်တယ်နော်"ဟု ပက်ထရစ်က မြနှင်းနွယ်အား မေးလိုက်လေ၏။

"အေး . . ဆေးတွေလည်း ပြန်သုတ်လိုက်တယ်၊ ပြီးတော့ ပျက်တဲ့ နေရာတွေလည်း ပြန်ပြီးပြင်လိုက်တယ်"ဟု မြနှင်းနွယ်က ပြန်၍ပြောလေ၏။

အိမ်ပေါ်သို့ရောက်သည့်အခါ၌ ပက်ထရစ်၏အခန်းကို သော့ဖွင့်ပေးရင်း မြနှင်းနွယ်က . . .



www.burmeseclassic.com

www.burmeseclassic.com

"ပက်ထရစ်ရဲ့အခန်းကိုလဲ ဘယ်သူမှမအိပ်ဘူး၊ ပက်ထရစ်လာ အိပ်ရအောင် အဆင်သင့်လုပ်ထားတယ်"ဟု ပြောလိုက်လေ၏။

ပက်ထရစ်သည် အခန်းတွင်းသို့ ဝင်သွားပြီးနောက် . . .

"ဟုတ်တယ် မမ၊ ကျွန်တော်နေခဲ့တဲ့ အခန်းပဲ၊ စားပွဲခုံ ခုတင်တွေ အသစ်ဖြစ်နေတာကလွဲပြီး ကျွန်တော် ထားတဲ့အတိုင်း မမနွယ်"ဟု ပြောလိုက်လေ၏။

ပက်ထရစ်သည် အိမ်အောက်သို့ဆင်း၍လာပြန်ရာ ယခင် မိမိ စန္ဒရားထားသောနေရာတွင် စန္ဒရားအသစ်တစ်လုံးကို တွေ့ ပြန်သဖြင့် . . .

"ဒီနေရာမှာ ကျွန်တော်လဲ စန္ဒရားထားခဲ့တယ်၊ မမနွယ်က ဒီနေရာကို စန္ဒရားထားဖို့ သဘောကျတာကိုး"ဟုဆိုကာ စန္ဒရား ဆီသို့ လျှောက်သွားလေ၏။ ထို့နောက် စန္ဒရားအဖုံးကို ဖွင့်မည် လုပ်ပြီးနောက် မဖွင့်သေးဘဲ ရှေ့တည့်တည့်မှန်ရံကို ကြည့်လိုက်ရာ မြနှင်းနွယ်၏ဓာတ်ပုံကို တွေ့ရပြန်သဖြင့် . . .

"ကျွန်တော်လဲ ကျွန်တော့်ဓာတ်ပုံကို ဒီနေရာမှာ ချိတ်ခဲ့တာပဲ မမနွယ်ကလဲ ဒီနေရာမှာ ဓာတ်ပုံချိတ်ဖို့ စိတ်ကူးမိတာကိုး"ဟု ပြော၍ လှေကားအတက်အဆင်းအနီးသို့ လှမ်း၍ကြည့်လိုက်ရာ သစ်သားပန်းအိုးကလေးကိုတွေ့ရသဖြင့် ပက်ထရစ်က ပြုံးလိုက် လေ၏။

"အဲဒီနေရာမှာတော့ မမနွယ်နဲ့ ပက်ထရစ်နဲ့ စိတ်ကူးချင်း မတူ တော့ဘူးပေါ့ ဟုတ်လား"ဟု မြနှင်းနွယ်က မေးလိုက်လေ၏။

"မဟုတ်ပါဘူး မမနွယ်၊ အဲဒီ ပန်းအိုးကလေးနေရာမှာ ကျွန်တော်က ခွေးခြေပုကလေး ထားခဲ့တယ်၊ ကျွန်တော်ဖိနပ်စီးတဲ့





အခါမှာ ထိုင်ဖို့ ပြီးတော့ အဲဒီခွေးခြေပုကလေးမှာ မာမီက မကြာခဏ ထိုင်လေ့ရှိပါတယ်၊ အဲဒီမှာထိုင်ပြီး ကျွန်တော်စန္ဒရားတီးတာကို နားထောင်တယ်လေ"ဟု ပက်ထရစ်ကပြောလေ၏။

"အန်တီမာဂရက်ဟာ အဲဒီခုံမှာထိုင်ပြီး ပက်ထရစ် စန္ဒရား တီးတာကို နားထောင်တယ် ဟုတ်လား"ဟု မြနှင်းနွယ်က မေးလေ၏။

"ဟုတ်ပါတယ် မမနွယ်"

"ဟောဒီ ဆိုဖာကြီးကနေ ထိုင်ပြီးနားထောင်ရင် ပိုပြီးတောင် နီးသေးတယ်မဟုတ်လား"ဟု မြနှင်းနွယ်က မေးလေ၏။

"အဲဒီ ဆိုဖာကြီးကထိုင်ပြီး နားထောင်ရင် နီးတော့ နီးတာပေါ့၊ ကျွန်တော့်မျက်နှာကို မမြင်ရလို့ဆိုပြီး မာမီက အဲဒီခွေးခြေပုကလေး မှာမှ သွားပြီးထိုင်တာ"ဟု ပက်ထရစ်က ပြောလေ၏။

ထို့နောက် မြနှင်းနွယ်သည် ပက်ထရစ်အတွက် အင်္ကျီအဝတ် အစားများ ချုပ်လုပ်ရန်အတွက် ရန်ကုန်မြို့တွင်းရှိ ဆိုင်ကြီးများသို့ ခေါ်သွား၍ ပက်ထရစ်လိုချင်သော အဆင်အသွေးများကို ရွေးချယ် စေကာ အင်္ကျီဘောင်းဘီများ အပ်နှံခဲ့လေသည်။

နံနက်စာကို ရန်ကုန်မြို့အတွင်းရှိ အလတ်စားဟိုတယ်ကလေး၌ပင် စားသောက်ကြသည်။ နံနက်စာ စားပြီးသည့်ခါ၌လည်း ပက်ထရစ်အတွက် လိုအပ်သော ကော့စမစ်ခေါင်းလိမ်းဆီတောင့်၊ ဘီး၊ ရေမွှေး၊ ကိုယ်လိမ်းပေါင်ဒါ၊ ရှူးဖိနပ် စသည်များ ဝယ်ယူနေရ သဖြင့် ညနေလောက်မှပင် နှစ်ယောက်သား ဘိုအိမ်ကြီးသို့ ပြန်ရောက် လာကြလေ၏။

ညပိုင်းသို့ရောက်လျှင် ပက်ထရစ်သည် မြို့တွင်းရှိ ပိန္နဲပင် အောက်သို့ သွားရောက်နေထိုင်လေ၏။ ပက်ထရစ်သည် ခိုင်


www.burmeseclassic.com

www.burmeseclassic.com

ဖြစ်သူအား လွမ်းဆွတ်သတိရလျက် ရှိပေသည်။ မြနှင်းနွယ်သည် ပက်ထရစ်အနီးသို့ ရောက်ရှိလာပြီးလျှင် ပက်ထရစ်အား စိတ်ချွေ လက်ပျောက်ရှိစေရန်အတွက် ရောက်တတ်ရာရာများကို ပြောဆို နေလေ၏။ ထိုသို့ ပြောဆိုပြီးနောက် နှစ်ယောက်သား အိမ်တွင်းသို့ ဝင်၍ လာကြလေ၏။ အိမ်တွင်းသို့ရောက်လျှင် မြနှင်းနွယ်က . . .

"ပက်ထရစ်ရယ်၊ စန္ဒရားတီးပါလားကွယ်"ဟု ပြောသဖြင့် ပက်ထရစ်သည် စန္ဒရားအဖုံးကိုဖွင့်၍ လက်ကိုစမ်းသည့်သဘောဖြင့် ခလုပ်ကလေးများကို ခပ်သွက်သွက်နှိပ်လိုက်လေ၏။

မြနှင်းနွယ်လည်း လှေကားအတက်အဆင်းအနီးရှိ ခွေးခြေ ကလေး၌ ဝင်၍ထိုင်လိုက်လေ၏။

"ဟော . . ဒီပန်းအိုးလေး ဘယ်ရောက်သွားပြီလဲ၊ ပန်းအိုးနေရာ မှာ ထိုင်ခုံကလေးရောက်နေပြီကိုး"ဟု ပက်ထရစ်က ပြောလိုက် လေ၏။

"ပက်ထရစ်ကပြောတာပဲ၊ ဒီနေရာမှာ ခုံကလေးရှိတယ်ဆို"ဟု မြနှင်းနွယ်ကပြောလိုက်ရာ ပက်ထရစ်က . . .

"ဟုတ်တယ်၊ အဲဒီထိုင်ခုံကလေးမှာ မာမီကထိုင်ပြီး ကျွန်တော် စန္ဒရားတီးတာကို နားထောင်တယ်"ဟု ပြောလေ၏။

"တီးပါ ပက်ထရစ်ရယ်၊ မမနွယ်ကလဲ မင်းရဲ့မာမီထိုင်တဲ့ နေရာ လေးမှာထိုင်ပြီး နားထောင်မှာပါ"ဟု မြနှင်းနွယ်ကပြောလျှင် ပက်ထရစ်က ကျေနပ်စွာပြုံး၍ . . .

"ဟုတ်တယ်၊ မမကလဲ ကျွန်တော့်အဖို့ မိခင်တစ်ယောက် ရသလို ပါပဲ၊ မမရဲ့ ကြင်နာမှုတွေဟာ မိခင်တစ်ဦးရဲ့ ကြင်နာမှုမျိုးလို့ ဆိုနိုင် ပါတယ်"ဟု ပြောလေ၏။





"ပက်ထရစ်ရဲ့ မာသာကြီး မရှိတဲ့နောက် မမက ပက်ထရစ်ရဲ့ မာသာကလေးပေါ့ကွယ်"ဟု မြနှင်းနွယ်က မခို့တရို့ကလေး ပြော လိုက်လေ၏။

"ဟုတ်တယ် မာသာ"ဟု ပက်ထရစ်ကပြောရင်း သဘောကျစွာ ရယ်မောလိုက်လေ၏။ ထိုသို့ ရယ်မောပြီးနောက် . . .

"မာမီ ဘာတီးရမလဲ၊ အဲ အဲ ယောင်လို့ . . မမနွယ် ဘာတီး ရမလဲဟင်"ဟု ပက်ထရစ်က မေးလိုက်လေ၏။

"မင်း သဘောကျတာ တီးပါ"

ပက်ထရစ်သည် ပပဝင်းသီချင်းကို စတင်၍ တီးလေ၏။ အဆို ပိုင်းသို့ရောက်လျှင် သူ၏အသံဝါကြီးနှင့် ဝင်၍ဆိုလေ၏။ သီချင်း ဆိုရင်းနှင့်လည်း မြနှင်းနွယ်ကို လှမ်း၍လှမ်း၍ ကြည့်လေ၏။ မြနှင်းနွယ်ကလည်း ပါးချိုင့်ကလေးပေါ်သည်အထိ ပြုံး၍ နားထောင် နေလေ၏။ ပြီးဆုံးသွားသည့်အခါ၌လည်း "ပက်ထရစ်က မြန်မာ သီချင်းလဲ ရသကို"ဟု ပြောလိုက်ရာ ပက်ထရစ်က . . .

"မမကလဲ ကျွန်တော်က မြန်မာပဲဥစ္စာ၊ ပြီးတော့ အင်္ဂလိပ်သီချင်း ကို သိပ်ပြီးကြိုက်တာမဟုတ်ဘူး၊ မြန်မာသီချင်းတီးရင် မာမီကဆူလို့ ပေါ့၊ မာမီမရှိတဲ့အခါ ကျွန်တော်ကတော့ ယိုးဒယားတွေ ကြိုးတွေ ခွဲတွေပဲ တီးတာပါပဲ"ဟု ပြောလေ၏။

"ဟုတ်ပါရဲ့ကွယ်၊ မင်းရဲ့မျက်နှာက ဘိုနဲ့တူတဲ့အချက် တစ်ချက်မှ တော့ မတွေ့ပါဘူး၊ မင်းက မြန်မာပီသပါတယ်"ဟု မြနှင်းနွယ်က ပြောလေ၏။

ပက်ထရစ်သည် ထိုနေ့မှစ၍ ပြည်မြို့ ဦးဟန်စိန်ဝပ်ရှော့ ကြည်မှ မြနှင်းနွယ်၏ နတ်ပြည်သို့ ပြန်လည်ရောက်ရှိခဲ့ပြီ ဖြစ်လေ တော့၏။


www.burmeseclassic.com

www.burmeseclassic.com

နောက်နေ့များ၌လည်း မြနှင်းနွယ် ပွဲရုံသို့သွားသောအခါ ပက်ထရစ်သည် အိမ်၌ကျန်ရစ်ခဲ့ပြီးလျှင် ပန်းပင်ရေလောင်းခြင်း ခြံအတွင်းမှ အမှိုက်များ ရှင်းလင်းခြင်း၊ ဓာတ်စက်ပြင်ခြင်း၊ ပျက် သောမီးခလုပ်များ ပြင်ခြင်း၊ မီးခြစ်၌ ဓာတ်ဆီထည့်ခြင်း၊ ကျော မရှိလျှင် ကျောက်ထည့်ခြင်း၊ ဆေးမသုတ်ရသေးသော ခြံဝင်းတို များအား ဆေးသုတ်ခြင်း စသော တောက်တိုမယ်ရ အလုပ်က များကိုလုပ်ရင်း အချိန်ကုန်ခဲ့ရလေ၏။

အခါတိုင်းဆိုလျှင် မြနှင်းနွယ်သည် ပွဲရုံမှပြန်ရောက်လာသ အခါ၌ ခြံဝမှနေ၍ "စိန်ကြည်ရေ"ဟု ခေါ်မြဲဖြစ်သော်လည်း ယ အခါ၌မူ "ပက်ထရစ်" "ဟဲလို ပက်ထရစ်"ဟု အသံစာစာကလေး အော်ခေါ်တတ်လေသည်။

ပက်ထရစ်လည်း ထိုအသံကို တစ်နေ့လုံးလိုလို စောင့်ဆိုင်း နားစွင့်ခဲ့သည်ဖြစ်ရာ ခေါ်သံကြားသည်နှင့် တစ်ပြိုင်နက် "ကမ်း (လာပါပြီ)"ဟု ပြန်၍အော်ပြီးလျှင် ပြေးလာကာ မြနှင်းနွယ် လက်တွင်းမှ စာရင်းစာအုပ်များနှင့် အခြားသောပစ္စည်းများကိုယူ မြနှင်းနွယ်နှင့်အတူ ခြံဝမှနေ၍ အိမ်ဘက်ဆီသို့ စကားတပြောပြော နှင့် လျှောက်လာတတ်မြဲ ဖြစ်ပေသည်။

"ပက်ထရစ်လို့ မမခေါ်လိုက်တဲ့အသံကလေးကို ကြား ကျွန်တော် တစ်နေ့လုံး ပျင်းပျင်းရိရိနဲ့ စောင့်နေခဲ့ရတာ၊ ကမ္ဘာ လူတွေဟာ လမင်းကြီးကို မျှော်လင့်စောင့်စားခဲ့ရရှာတာကို ကိုယ်ချင်းစာတတ်တော့တယ် မမရယ်"ဟု ပက်ထရစ်ကပြောလျှ မြနှင်းနွယ်က ...

"အောင်မာ ပက်ထရစ်ကလဲ အလာကြီးပါလား"ဟု ပြန်၍ပြော လိုက်လေ၏။





"အလာကြီးမဟုတ်ပါဘူး၊ ကျွန်တော် မြန်မာကြီးပါ မမ၊ ကျွန်တော် တို့ မြန်မာယောကျ်ားတွေရဲ့ စိတ်ဓာတ်ဟာ ဥရောပတိုက်သား ဆိုယောကျ်ားတွေလို ပေါ့ပျက်ပျက်မဟုတ်ဘူး၊ လေးလေးနက်နက် ရှိတယ်၊ တစ်ခုခုကို စွဲလန်းမိရင် အတော့်ကို စွဲလန်းတတ်ပါတယ် မမ"

"အောင်မာ . . ပက်ထရစ် ဒီနေ့ စကားတွေတတ်နေပါလား၊ ကဗျာလင်္ကာဆရာကြီး ကျနေတာပဲ"

"ကဗျာလင်္ကာမတတ်တဲ့လူကို အချစ်နဲ့ တို့ကြည့်စမ်းပါ၊ ချက်ချင်းကို ကဗျာလင်္ကာဆရာကြီး ဖြစ်သွားလိမ့်မယ်လို့ နပိုလီယံက ပြောတယ်၊ သိပ်မှန်တဲ့စကားပဲ"

"တော် တော် . . ဒါကြောင့် မင်းရဲ့မာမီ မာဂရက်ကြီးက မင်းကို ပက်သရစ် သဖူးလ်(ပက်ထရစ် အရူး)လို့ ခေါ်တာပဲ၊ ကဲကဲ အဝတ် အစားလဲတော့၊ ဆပ်ကပ်လက်မှတ် ဝယ်ခဲ့ပြီ၊ သွားကြည့်ရအောင်" ဟု မြနှင်းနွယ်က စကားစ ဖြတ်လိုက်လေ၏။

ထို့နောက်တွင်ကား မြနှင်းနွယ်နှင့် ပက်ထရစ်တို့သည် ညစာ ထမင်း စားသောက်ကြပြီးနောက် ဂျူဗလီဟောတွင်ပြသသည့် ဆပ်ကပ်ပွဲသို့ သွားရောက်ကြလေတော့၏။



www.burmeseclassic.com

www.burmeseclassic.com

## ဘိုနာမည်နှင့် မြန်မာလက်သီး

မြနှင်းနွယ်နှင့် ပက်ထရစ်တို့သည် နောက်ကျမှရောက်ရှိသွားလေရာ အရင်ရောက်နှင့်သူများက ၎င်းတို့နှစ်ယောက်ကို ဂရုစိုက်ကြည့်ရှုမိကြလေ၏။ ထိုသို့ကြည့်ရှုမိကြသည့်အနက်မှ တစ်ယောက်သောသူက တောက်တစ်ချက်ခေါက်၍ . . .

"တောက် . . ဒီကောင်မကိုမြင်ရတာ ကေဝဋ်ပုဏ္ဏား မှန်ကြည့်တိုင်း အမာရွတ်ကိုမြင်ရလို့ မပျော်သဘောကို မကျေမနပ် ဖြစ်ခဲ့ရသလိုပဲ"ဟု ကြိမ်းဝါးလိုက်လေ၏။

ထိုသူကား စက်သူဌေး မောင်မောင်ဦး ဖြစ်လေ၏။

"မောင်မောင် . . . ဘယ်သူ့ကို ကြိမ်းနေတာလဲ"ဟု အနီးမှမိန်းမတစ်ဦးက မေးလေ၏။

"ဟို . . ကောင်မကိုပါ"ဟု မောင်မောင်ဦးက ပြောလေ၏။

"အော် . . သူနဲ့တွဲလာတာ ပက်ထရစ်ပါလား"ဟု ထိုမိန်းမက ပြောလေ၏။ ၎င်းမိန်းမမှာ ပက်ထရစ်နှင့် ပီတာသန်းဖေတို့၏ ဗီးပါတီ၌တွေ့ဆုံဖူးသော သူဌေးသမီး မိန်းမချောပ် ခင်မမဆိုသူဖြစ်၏။

"ခင်က ဟိုကောင့်ကို သိသလား"ဟု မောင်မောင်ဦးကမေး၏။ ခင်မမက . . .

**မချမ်းတလင်းစာပေတိုက်**

www.burmeseclassic.com

www.burmeseclassic.com



"သိတာပေါ့ ကိုကိုဦးရယ်၊ ရာဇဝတ်ဝန် မစ္စတာဖော်စတာ မစ္စက်မာဂရက်ရဲ့ သားလေ"ဟု ပြန်၍ပြောလိုက်လေ၏။

"ရွှေ . . ဟုတ်ပြီ . . ဟုတ်ပြီ . . ဒီကောင်မက ကြို့ကုန်းဘက် တိုက်တစ်လုံး ဝယ်ထားတယ်၊ အဲဒီတိုက်ဟာ ဘိုတစ်ယောက်ရဲ့တို ဆိုတာကိုတော့ ကြားလိုက်မိရဲ့"ဟု မောင်မောင်ဦးက ပြောလို လေ၏။

"ခင်က ပက်ထရစ်ကိုပဲသိတာ ကိုကိုရဲ့၊ ဟိုမိန်းမကို မသိဘူး" ဟု ခင်မမက ပြောပြန်လေ၏။

"ဟိုမိန်းမရဲ့နာမည်က မြနှင်းနွယ်တဲ့၊ မော်လမြိုင်က သူဌေး သမီး၊ အခုတော့ မိဘတွေမရှိတော့ဘူး၊ သူကိုယ်တိုင် သူဌေးမ ဖြစ် ပြီ၊ သိပ်ပြီးကြီးကျယ်တဲ့ကောင်မ၊ ကိုကိုတော့ ဒီကောင်မကို ချိုးပ ချင်တာ"ဟု မောင်မောင်ဦးက ပြောလေ၏။

"ကောင်မကို ချိုးပစ်ချင်တာလား၊ လိုချင်တာလား ကိုကိုရယ်" ဟု ခင်မမက ရယ်သံသဲ့သဲ့ကလေးဖြင့် မေးလေ၏။

"မဟုတ်ဘူး၊ ချိုးကို ချိုးချင်တာ၊ ဒါပေမယ့် မလွယ်ဘူး ခင်ခင်ရဲ့" မောင်မောင်ဦးကပြောရင်း သောက်လက်စ စီးကရက်ကို အောက် ချ၍ ခြေဖြင့်နင်းချေလိုက်လေ၏။

"ကိုကို့အနေနဲ့ မလွယ်ဘူးလို့ပြောတာ ဒီမိန်းမတစ်ယောက် ရှိသေးတယ်၊ တော်တော်ထူးတဲ့မိန်းမပဲ"ဟု ခင်မမက ပြန်၍ပြော လေ၏။

"ဟုတ်တယ်ခင်ရဲ့၊ ဒီကောင်မကို ချိုးဖို့က အကွက်ချပြီးစီစ ရမယ်၊ အဲဒီအကွက်ထဲမှာ ခင့်ကိုလည်း အသုံးပြုရမှာပဲ၊ ကိုကို့ ကူညီမယ်မဟုတ်လား"ဟု မောင်မောင်ဦးကမေး၍ ခင်မမ၏မျက်နှာ





ငုံ့စောင်းကြည့်ရင်း အကဲခပ်လိုက်လေ၏။

"ကိုကိုက ရှေ့ကသွားရင် နောက်ကလိုက်မယ့် ကြင်ဘက်တော် လေးပါ ဘုရား"ဟု ခင်မမက ပြန်၍ပြောလိုက်ရာ မောင်မောင်ဦး ကုလားထိုင်လက်ရမ်းကို ဗျန်းကနဲ လက်ဖြင့်ပုတ်၍ "ကြိုက်ပြီ၊ မှ ကိုကိုက လက်တွဲချင်တာ"ဟု ပြောလိုက်လေ၏။

မြနှင်းနွယ်နှင့် ပက်ထရစ်တို့သည် ၄င်းတို့၏ ထိုင်ခုံနေရာကို ယ်ကူစွာရှာဖွေတွေ့ရှိသဖြင့် ထိုင်ကြလေ၏။

မောင်မောင်ဦးမှာလည်း မြနှင်းနွယ်နှင့် ပက်ထရစ်ကို မကြာ ကြာ လှမ်း၍ကြည့်ပြီးလျှင် မည်သို့မည်ပုံ ဒုက္ခပေးရမည်ကို ဉ်းစားနေလေ၏။

ဆပ်ကပ်ပွဲပြီး၍ ပြန်ကြသောအခါ၌ မိန်းမများသည် အပေါ့ ပါးသွားရန် အိမ်သာဘက်ဆီသွားကြလေ၏။ မြနှင်းနွယ်လည်း များနည်းတူ သွားလေ၏။ ပက်ထရစ်သည် စီးကရက်တစ်လိပ်ကို ညှိရှိုက်ဖွာရင်း မြနှင်းနွယ်ကို စောင့်၍နေလေ၏။

မြနှင်းနွယ်လည်း အိမ်သာဘက်ဆီမှ ပြန်လာပြီးလျှင် တိုင်စီ တစ်စီးကို ငှားရမ်းလေ၏။ ထိုအချိန်၌ သူဌေးသား မောင်မောင်ဦး ည် မြနှင်းနွယ်ထံသို့ ရောက်လာပြီးလျှင် မဆိုမခန့်မျက်နှာနှင့် . . .

"ဟဲ . . ဟဲ . . မြနှင်းနွယ်မှတ်တယ်၊ နွယ့်ကိုတော့ မောင်မောင် ဦးတ သတိရလျက်ပါဗျာ၊ ဟဲ . . ဟဲ . . နွယ်ရဲ့ လက်ကတုံး ကောင်ငေး ကောင်လေးရော ဘယ်ရောက်သွားပြီလဲ၊ သတိထား ဘ်၊ ဒီလိုကောင်လေးတွေက ပိုက်ဆံဝါလား မိန်းမကြီးတွေကို ပ်ချွဲပြီး သူတို့တကယ်စွဲတဲ့ အပျိုမဒမ်းကလေးတွေနောက် ပါသွား တ်ကြတာ"ဟု ပြောလေ၏။



www.burmeseclassic.com

www.burmeseclassic.com

"ရှင် . . အခုထွက်သွားပါ၊ ရှင့်မျက်နှာကို မကြည့်ချင်ဘူး"
မြနှင်းနွယ်က ပြောလိုက်လျှင် သူဌေးသားမောင်မောင်ဦးက . .

"အင်းပေါ့လေ . . ငါးစိမ်းမြင်ရင် ငါးကင်ပစ်တယ်ဆိုတာ ဒါ
ပေါ့၊ အခုတော့ မောင်မောင်တို့က အပစ်ပယ်ခံတော့မှာပေါ့"
ကြားရသူအပေါင်း တစ်မျိုးတစ်မည်ထင်မှတ်သွားစေနိုင်သေ
စကားမျိုးကို မောင်မောင်ဦးက ပြောလေ၏။

"ရှင် လွန်ပြီနော်၊ သွားပါ၊ ရှင်နဲ့ ကျွန်မနဲ့လဲ ဘာမှဖြစ်
ကြတာ မဟုတ်ဘူး၊ ရှင်က စော်ကားဖို့ကြံလို့ မောင်းထုတ်လိုက်တာ
ရှိတယ်၊ အခုတော့ ရှင်ပြောပုံက ရှင်နဲ့ပဲ သမီးရည်းစား ဖြစ်
သလိုလို၊ ဒါပဲပြောမယ်၊ သွားမလား မသွားဘူးလား"ဟု မြနှင်းနွယ်
ဒေါနှင့်မောနှင့် ပြောလိုက်သည့်အချိန်လောက်မှာပင် ပက်ထ
သည် မြနှင်းနွယ်ထံသို့ လျှောက်၍လာလေ၏။

BURMESE CLASSIC .com

မောင်မောင်ဦးသည် ပက်ထရစ်ကိုမြင်လျှင် မခိုးမခန့်
ခြေဆုံးခေါင်းဆုံး ကြည့်လေ၏။ ထိုသို့ ကြည့်ပြီးနောက် . . .

"မြနှင်းနွယ်ရဲ့အချစ်တော် ပက်ထရစ်ဆိုတာ မှတ်တ
ဟဲ . . ဟဲ၊ နာမည်ကတော့ ဘိုနာမည်၊ အပိုင်ကြံတာကျ
မော်လမြိုင်သူ"ဟု ပြောလေ၏။ မောင်မောင်ဦးသည် စကာ
ဆက်ရန်ရှိသေးသော်လည်း ထိုစကား၌ပင် ရပ်လိုက်ရလေ
အဘယ့်ကြောင့်ဆိုသော် . . .

"နာမည်က ဘိုနာမည်၊ လက်သီးက မြန်မာလက်သီး"ဟု ဆို
မောင်မောင်ဦး၏မေးစေ့အား လက်သီးဖြင့် ထိုးလိုက်သောကြေ
ဖြစ်၏။ မောင်မောင်ဦးသည် ဒရီးဒယိုင်နှင့် နောက်သို့လန်၍ လဲ
သွားလေ၏။ ထိုအခါ၌ ပက်ထရစ်အား မြနှင်းနွယ်က . . .





"ပက်ထရစ် သွားမယ်"ဟုဆိုကာ မော်တော်ကားပေါ်သို့ တက်
ဖြင့် ပက်ထရစ်လည်း လိုက်၍တက်သွားလေ၏။ အလိုက်သိသော
တ္တစီဒရိုင်ဘာလည်း စက်ကုန်ဖွင့်၍ မောင်းထွက်သွားလေတော့၏။

မောင်မောင်ဦးလဲကျနေသည့်နေရာသို့ ခင်မမကြီးရောက်လာပြီး
ာင်မောင်ဦးအား ဆွဲထူရင်း . . .

"ကိုကို ဘယ်လိုဖြစ်တာလဲ"ဟု မေးလေ၏။

"ချော်လဲတာပါ ခင်ရယ်"ဟု မောင်မောင်ဦးက ပြန်၍
လေ၏။

"ဖြစ်မှ ဖြစ်ရလေ ကိုကိုရယ်"ဟု ခင်မမကပြော၍ မောင်မောင်ဦး
တင်ပါး၌ ပေကျံလျက်ရှိသော ဖုံမှုန့်များကို လက်ဖြင့် တဖုံးဖုံး
၍ပေးလေ၏။

"တောက် . . တစ်နေ့ သိမယ်"ဟု မောင်မောင်ဦးက ကြိမ်းဝါး
တ်လျှင် ခင်မမက . . .

"ချော်လဲတာ ဘယ်သူ့ကို ကြိမ်းနေတာလဲ"ဟု မေးလေ၏။

"ခလုပ်တိုက်ပြီ လဲတာကွ၊ ဟောဟိုက ငုတ်က ကိုကိုသွားမယ့်
းမှာ ကိုးလိုးကန့်လန့်နဲ့ ခလုပ်တိုက်အောင်လုပ်တာပဲ၊ အဲဒီခလုပ်
ကြိမ်းနေတာ"ဟု မောင်မောင်ဦးက ပြောလိုက်ရာ ခင်မမက. . .

"အော် . . ကိုကိုကလဲ လမ်းပေါ်ကခလုပ်နဲ့များ ရန်ဖြစ်နေရ
လား"ဟု ပြော၍ တခစ်ခစ် ရယ်မောလိုက်လေ၏။ ထိုအချိန်၌
င်းနွယ်တို့၏ကားကလေးမှာလည်း ပြည်လမ်းပေါ်၌ တရိပ်ရိပ်
နေလေ၏။

"ပက်ထရစ်ရဲ့လက်သီးက တယ်ပြီး ပြင်းပါလား၊ ဟို . . လူယုတ်
တော့ တစ်ခါထဲ ဖင်ထိုင်ရက်ကျသွားတော့တာပဲ"ဟု မြနှင်းနွယ်
ပြောလေ၏။



www.burmeseclassic.com

www.burmeseclassic.com

"ဒါတောင်မှ ဘယ်ဝိုက်လက်သီးပဲ ရှိသေးတယ်မမ၊ ညာ
လက်သီးဆိုရင် ဒီလူ ဆေးရုံရောက်သွားနိုင်တယ်"ဟု ပက်ထရ
ပြန်၍ပြောလိုက်ရာ မြနှင်းနွယ်က . . .

"အန်တီမာဂရက်ကတော့ ပြောဖူးတာပဲ၊ ပက်ထရစ်တို့ရဲ့အ
ဦးရွှေဂေါင်းဟာ ရွှေဘိုသား လက်ဝှေ့သမားကြီးဆိုပဲကွယ့်၊ ပက်ထ
က ဘမျိုးဘိုးတူဆိုသလို လက်ဝှေ့သမားများ ဖြစ်နေဦးမှာလား
ပြောဆို၍ တခစ်ခစ် ရယ်မောနေလေတော့သတည်း။



## ချစ်ဝိဟာန်

မော်လမြိုင်မြို့ လူကုံတန်ပိုင်း၌ကား မြနှင်းနွယ်၏အကြောင်းကို ပြောဆိုနေကြလေ၏။ ပက်ထရစ်ဆိုသောကောင်လေးနှင့် တိတ်တဆိတ် ညားနေပြီဟူ၍လည်းကောင်း၊ ပက်ထရစ်ကို ငွေနှင့်ပေါက်၍ ယူလိုက်ပြီ ဟူ၍လည်းကောင်း ပြောဆိုနေကြလေ၏။

မြနှင်းနွယ်၏ ဦးလေးဖြစ်သူ မိန်းမရှာအသောင်းကလည်း . . .

"ဒီကောင်မနဲ့တော် လင်ရှားလွန်းလို့ ဘိုမဟုတ် ကုလားမဟုတ်တဲ့ကောင်ကိုမှ လင်တော်ချင်သတဲ့"ဟု တပြစ်တောက်တောက် ပြောဆိုနေလေ၏။

ဘိုအိမ်ကြီးတွင်ရှိသော မြနှင်းနွယ်နှင့် ပက်ထရစ်တို့သည်ကား တစ်စထက်တစ်စ ရင်းနှီးသည်ထက် ရင်းနှီး၍ လာကြလေ၏။

တစ်နေ့သ၌ မြနှင်းနွယ်သည် မော်လမြိုင်သို့ ခေတ္တပြန်၍သွားရာ မိန်းမရှာအသောင်းက မြနှင်းနွယ်ကို မြင်လျှင်မြင်ခြင်း . . .

"ဘယ်လိုလဲ၊ လင်အသစ်စက်စက်ကလေးနဲ့ ပျော်ရဲ့လား"ဟု ဆီး၍မေးလိုက်ရာ မြနှင်းနွယ်က လွန်စွာစိတ်ဆိုး၍ သွားလေ၏။

"အသောင်း၊ နွယ့်ကို ဒီလိုတော့ မပြောပါနဲ့"ဟု ပြန်၍ပြောလိုက်ရာ မိန်းမရှာအသောင်းက . . .



www.burmeseclassic.com

www.burmeseclassic.com



"ငါပြောတာက နည်းသေးတယ်၊ မော်လမြိုင်မြို့တစ်မြို့ ပြောနေကြတာက ဒီထက်တောင်မှ များသေးတယ်၊ ညည်းနဲ့ ပက်ထ နဲ့ ညားနေကြပြီလို့ ပြောနေကြတာ၊ ကုလားမယား မိစန်းခင် ဆိုရင် ညည်းကို ဗိုက်ကြီးနေပြီလို့တောင် ပြောနေတာ"ဟု ဒေါ် မောနှင့် ပြောလိုက်လေ၏။ ထိုအခါ၌ မြနှင်းနွယ်သည် အသ တဆတ်ဆတ် တုန်၍လာသည်အထိ စိတ်ဆိုးလေတော့

ထို့နောက် . . .

"ဒီလို ထင်နေကြသလား၊ ထင်နေကြရင်လဲ ယူလိုက်ကြရုံ ဟု ပြောဆိုကာ ရန်ကုန်သို့ ချက်ချင်းပြန်၍ လာလေတော့၏။

ထိုအခါ၌ကား ဘိုအိမ်ကြီးတွင် ပက်ထရစ်သည် ဖျား၍နေ ၏။ ဖျားရသည့်အကြောင်းမှာလည်း မြေအတွင်းရှိ ချုံများကို မိုး ကြီးထဲတွင် မနေမနား ခုတ်ထွင်ရှင်းလင်းခဲ့သောကြောင့်ဖြစ်

စိန်ကြည်က ပက်ထရစ်အား ကွမ်းရွက်ရည်နှင့် ငန်းဆေး တိုက်လေ၏။ သို့သော် အဖျားမကျဘဲ ရှိလေ၏။

"ဘယ်နေ့ကစပြီး ဖြစ်တာလဲ"ဟု မြနှင်းနွယ်က မေး

BURMESE CLASSIC .com

စိန်ကြည်က . . .

"မသွားတဲ့နေကစပြီး ဖြစ်တာပဲ၊ မိုးရေထဲမှာ မြေကိုရှင်းတ မြေထဲက ကမူတွေကို ပေါက်တူးနဲ့ဖြိုပြီး မြေညှိနေယ်၊ ကျွန်မက မလု ပြောပါတယ်၊ ဒါပေမယ့် ကိုပက်ထရစ်က နင်ဘာသိလို့လဲ၊ သူ အိမ်မှာ နေတယ်ဆိုတာ အလုပ်ကို ကျေပွန်အောင် လုပ်ရမယ် နင်လဲ ငါ့လိုပဲ သူများအိမ်မှာနေရတာပဲ၊ အဲဒီတော့ အလုပ် မခိုမကပ် လုပ်ပါတဲ့၊ ကျွန်မကိုလဲ ကြမ်းတိုက်ခိုင်းတယ်၊ သူလဲ မ မနေ အလုပ်လုပ်တာ အအေးမိပြီး ဖျားတာပေါ့"ဟုပြောလျှင် မြ နွယ်သည် စိတ်မကောင်းဖြစ်၍ သွားလေ၏။





မြနှင်းနွယ်၏စိတ်၌ "အော် . . . ပက်ထရစ်တစ်ယောက်ဟာ နားစရာကောင်းပါလား၊ သူ့ခမျာ မျက်နှာရအောင် အလုပ်လုပ် တာပဲ"ဟု အောက်မေ့လေ၏။ ထို့ကြောင့် မြနှင်းနွယ်သည် ခင်းစိန်ထောင်မှဆရာဝန်ကိုခေါ်၍ ပက်ထရစ်ကို ပြသပေးလေ၏။

ထောင်ဆရာဝန်လည်း ပက်ထရစ်အား ဆေးတစ်လုံး ထိုးပေး၍ သောက်ဆေးအနည်းငယ်ပေးပြီးလျှင် မြနှင်းနွယ်ထံမှ ငွေတစ်ရာ တောင်း၍သွားလေ၏။

ညနေပိုင်းသို့ရောက်လျှင် မြနှင်းနွယ်ကိုယ်တိုင် ဆန်ပြုတ်ပြုတ်၍ တ်ထရစ်ကို ဆန်ပြုတ်တိုက်လေ၏။

"ပက်ထရစ်ရေ . . . ဆန်ပြုတ်လေး သောက်လိုက်ပါဦး"ဟု နှင်းနွယ်က ဆန်ပြုတ်ပန်းကန်လေးကိုကိုင်လျက် ပက်ထရစ်အနီးသို့ ရာက်လာပြီးလျှင် ပြောလေ၏။

"မသောက်ချင်ပါဘူး မမနွယ်"ဟု ပက်ထရစ်က ပြန်၍ပြောရာ နှင်းနွယ်က . . .

"သောက်လိုက်ပါ ပက်ထရစ်ရယ်၊ အစာမစားရင် အဖျားက ပြီးကြာနေလိမ့်မယ်၊ မမ မှုတ်ပြီးတိုက်ပါ့မယ်ကွယ်၊ သောက်လိုက် ဦး"ဟု ပြောလေ၏။

ပက်ထရစ်လည်း မငြင်းတော့သဖြင့် မြနှင်းနွယ်က ဆန်ပြုတ်ကို န်းဖြင့်ခပ်၍ မှုတ်ပေးပြီးလျှင် ပက်ထရစ်ကို တိုက်လေ၏။

"မမရဲ့စေတနာကို ကျွန်တော် ဘယ်လိုကျေးဇူးဆပ်ရမယ်တောင် သိတော့ပါဘူး မမရယ်"ဟု ပက်ထရစ်က ပြောလေ၏။

"မမရဲ့စေတနာကို စေတနာနဲ့ပဲ ကျေးဇူးဆပ်ပေါ့ကွယ်"ဟု နှင်းနွယ်က ပြောလေ၏။



www.burmeseclassic.com

www.burmeseclassic.com

"ကျွန်တော်တော့လေ မမကို ရှင်းရှင်းပဲ ဖွင့်ပြောတော့မယ် ကျွန်တော်နဲ့ မမဟာ ဘာမှမတော်စပ်ပဲနဲ့ အခုလို နီးနီးကပ်က နေရတာ ကျွန်တော့်စိတ်ထဲမှာ တစ်မျိုးချည်းပဲ"ဟု ပက်ထရစ်က ပြောလေ၏။

"ဘယ်လို တစ်မျိုးချည်းပဲလဲကွယ့်"ဟု မြနှင်းနွယ်ကပြောရာ ပက်ထရစ်က ...

"ပြောရမှာ ရှက်စရာကြီးပါ မမရယ်"ဟုပြော၍ ခေါင်း ငုံ့ထားလိုက်လေ၏။

"မင်းပြောမှာ ငါသိပါတယ်၊ အိုးချင်းထား အိုးချင်းထိ၊ ကြိုးချ ထား ကြိုးချင်းငြိဆိုတဲ့သဘောပေါ့"ဟု မြနှင်းနွယ်ကမေးရာ ပက်ထရစ်က ...

"မမနွယ်က ဘာမှမဖြစ်ပေမယ့် ကျွန်တော့်ရင်ဘတ်ထဲမှာ တစ်မျိုးကြီးပဲ၊ နွေးသလိုလို ပူသလိုလိုချည်းပဲ၊ အရင်က မဖြစ် ပါဘူး၊ မိန်းမတွေနဲ့ တွဲပြီး ကခဲ့ဖူးတာပဲ၊ ဘာမှ မဖြစ်ဘူး၊ အခု ဖြစ်လာတဲ့ ရောဂါတစ်မျိုးပဲ၊ နယူဒီစီး(ရောဂါသစ်)လို့ ပြောရမှာပဲ" ဟု ပြောလေ၏။

"အဲဒီရောဂါကို မြန်မြန်ကုမှဖြစ်မယ် ပက်ထရစ်ရေ၊ အဲဒီရော က မကုရင် သေတတ်တယ်"ဟု မြနှင်းနွယ်က မခို့တရို့ မျက်နှာ နှင့် ပြောလေ၏။

"ဘာဖြစ်လို့လဲ မမ"ဟု ပက်ထရစ်က ပြန်၍မေးပြန်၏။

"အော် ... ပက်ထရစ်ရယ်၊ အချစ်ရောဂါ၊ ထိုအနာကား မြန်စွာကုမှ ချမ်းသာရာရ၏။ နောက်ကျသောအခါ ထိုအနာသည် ကုရာနတ္ထိ ဆေးမရှိလို့ ရှေးလူကြီးတွေ





ားတယ်"ဟု မြနှင်းနွယ် က ပြုံးပြုံးလေးနှင့်ပြောလိုက်ရာ ်ထရစ်က ...

"ကျွန်တော့်ရောဂါက အချစ်ရောဂါပေါ့ မမနွယ်"ဟု ဆိုလေ၏။

"ဟုတ်တာပေါ့ရှင်၊ (လင်ဆစ်) အချစ်ရောဂါမှ အချစ်ရောဂါ စ်ပေါ့"ဟု မြနှင်းနွယ်ကပြောလိုက်ရာ ပက်ထရစ်က ...

"ဟုတ်မှာပါ ကျွန်တော်လေ မမကိုချစ်နေပြီထင်တာပဲ"ဟု ပြောလေ၏။

"ဩ ... ခုထိအောင် ထင်တုန်းပဲလား"ဟု မြနှင်းနွယ်က ပြော က်ရာ ပက်ထရစ်က ...

"ထင်တာမဟုတ်ပါဘူး၊ ချစ်နေတာပါ"ဟုပြော၍ မြနှင်းနွယ်၏ က်ဖျားလေးကို ကိုင်လိုက်လေတော့၏။

"ဟင်းနော် ... လူမမာက လူမမာလိုနေ"ဟု မြနှင်းနွယ်က ပြောလိုက်ပြန်၏။

"ဟုတ်တယ် မမနွယ်၊ ကျွန်တော်ဟာ လင်ဆစ်ဖြစ်နေတဲ့ လူမမာ စ်ယောက်ပါ၊ မမနွယ်က ဒေါက်တာမကြီးလုပ်ပြီး အဲဒီရောဂါကို ဆေးပါတော့"ဟု ပက်ထရစ်က ပြောလေ၏။

"တော်တော်တတ်တယ်၊ မင်းဘက်က နာနေပါဦးမယ် ကိုရွှေ က်ထရစ်ရေ"ဟု မြနှင်းနွယ်က ပြောလေ၏။

"ခုမှတော့ မထူးပါဘူး မမရယ်၊ ကျွန်တော် နာချင်နာပါစေ"ဟု က်ထရစ်က ပြောပြန်ရာ မြနှင်းနွယ်က ...

"လူအ,ကလေး အောက်မေ့နေတာ၊ လူလည်ကလေးပါလား"ဟု ပြောလေ၏။

"ဒီထက်လည်တဲ့အကြောင်း သိချင်ရင် ဒီမှာကြည့်"ဟုဆို


www.burmeseclassic.com

www.burmeseclassic.com

**ပက်ထရစ်**သည် မြနှင်းနွယ်၏လက်တွင်းမှ ဆန်ပြုတ်ပန်းကန်
**ယူ၍** စားပွဲပေါ်သို့တင်လိုက်ပြီးလျှင် မြနှင်းနွယ်အား သိမ်း
ပွေ့ဖက်ကာ နမ်းရှုံ့လိုက်လေတော့၏။

မော်လမြိုင်သူ အပျိုကြီးမြနှင်းနွယ်မှာ ပက်ထရစ်၏ ရင်
ထဲဝယ် မလှုပ်နိုင် မရုန်းနိုင်ပဲ တဟင်းဟင်း တဟဲဟဲနှင့် ချစ်
များ မြုံကြွလျက်နေလေတော့၏။

ဤနေရာ၌ မြနှင်းနွယ်အား အညာလွှယ်သူ မိန်းကလေး
အပြစ်တင်လိုက တင်နိုင်ပေသည်၊ သို့ရာတွင် မိန်းမနှင့်ယောက်
တို့၏ သဘာဝ၌ ဆွေးမျိုးတော်စပ်ခြင်းမရှိပါက သနားခြင်းစိ
ရိုးရိုးချစ်ခြင်းစိတ်သို့ ကူးပြောင်းနိုင်ပြီး ထိုရိုးရိုးချစ်သောစိ
တဆင့်တက်ကာ ကာမဂုဏ်နှင့်စပ်သော ဆန်းဆန်းချစ်ခြင်းစိတ်
ကူးပြောင်းနိုင်ပုံကို သဘောပေါက်သောသူတို့သည် မြနှင်းနွယ်ကို
မဟုတ်ပဲ ပက်ထရစ်ကိုပါ အပြစ်တင်ကြလိမ့်မည် မဟုတ်ပေ။

ဤသို့နှင့်ပင် မြနှင်းနွယ်နှင့် ပက်ထရစ်တို့သည် ရိုးရိုးတန်းတ
ခင်မင်သူများအဖြစ်မှ ချစ်သူတို့၏အဖြစ်သို့ ကူးပြောင်းသွား
လေတော့၏။

ပက်ထရစ်က စန္ဒရားတီးလိုက်၊ မြနှင်းနွယ်က လိုက်၍ဆိုလို
ပက်ထရစ်က မြနှင်းနွယ်၏ လက်ဖျားကလေးကို ကိုင်လိုက်၊ မြနှ
နွယ်က ပက်ထရစ်၏မျက်နှာကို စိမ်းစိမ်းကြည့်လိုက်၊ တစ်ဦး
တစ်ဦး ဖက်လိုက်ကြ၊ ရယ်မောလိုက်ကြနှင့် နေခဲ့ကြရာ ဘိုအိမ်
သည် ချစ်ဗိမာန်ကြီး ဖြစ်၍သွားလေတော့သတည်း။



## ထမင်းချက်ရောဘတ် ရောက်လာခြင်း

မြနှင်းနွယ်နှင့် ပက်ထရစ်တို့သည် အင်းစိန်လမ်းမကြီးပေါ်ရှိ ဘိုအိမ်ကြီးခေါ် ချစ်ဗိမာန်ကြီးအတွင်း၌ အတိုင်းမသိ ပျော်မြူးနေကြသည့်အချိန်၌ မော်လမြိုင်မြို့ရှိ မြနှင်းနွယ်၏အိမ်၌ကား မိန်းမရှာအသောင်းသည် တဖြစ်တောက်တော် မြည်တွန်တောက်တီးလျက် ရှိလေ၏။

ထိုအချိန်၌ အသောင်းရှိရာသို့ ရှေ့နေမောင်ရွှေထွန်း ရောက်လာပြီးလျှင် . . .

"အန်တီသောင်း တစ်ယောက်ထဲ ဘယ်သူ့ကိုဒေါပွနေတာလဲ" ဟု မေးလေ၏။

"မိနွယ်ကို ဒေါပွနေတာပေါ့၊ မင်း မသိဘူးလား၊ ပက်ထရစ်နဲ့ ယူလိုက်ကြပြီလေ"ဟု မိန်းမရှာအသောင်းကပြောရာ ရှေ့နေမောင်ရွှေထွန်းက . . .

"သူလဲ အရွယ်ရောက်ပြီပဲ အန်တီသောင်းရယ်၊ ဘာဖြစ်လို့ ဒေါပွနေရတာလဲ"ဟု ပြောလေ၏။

"အရွယ်ရောက်လို့ လင်ယူတာကို စိတ်ဆိုးတာမဟုတ်ဘူး တိုင်ပင်ဖော် တိုင်ပင်ဖက်ဆိုလို့ ကိုယ့်အဒေါ်တစ်ယောက်လုံး ရှိသေး



www.burmeseclassic.com

www.burmeseclassic.com

တယ်မဟုတ်လား"ဟု မိန်းမရှာအသောင်းက လှဲလက်စ တံမြက်စည်းကိုချ၍ ရွှေနေမောင်ရွှေထွန်းကို ပြောလေ၏။

"မြနှင်းနွယ်ရဲ့အဒေါ် ရှိသေးတယ် ဟုတ်လား"ဟု ရွှေနေမောင်ရွှေထွန်းက ပြန်၍မေးလေ၏။

"အေးလေ . . အန်တီသောင်းတစ်ယောက်လုံး ရှိသေးတာပဲ"ဟု မိန်းမရှာအသောင်းက ပြန်ပြော၏။

"အော် . . . အန်တီသောင်းက အဒေါ်မှမဟုတ်ဘဲ၊ ဦးလေးပဲဥစ္စာ"ဟု ရွှေနေမောင်ရွှေထွန်းကပြောရာ မိန်းမရှာအသောင်းက. .

"သေချင်းဆိုးလေး၊ ဒါ နောက်စရာလား၊ သေရင်တောင် လျှာထွက်သေမယ့် ရွှေနေစုတ်"ဟု ဆဲဆိုလေတော့၏။

"စိတ်မဆိုးပါနဲ့ အန်တီသောင်းရယ်၊ ကျွန်တော် ချစ်လို့ကျီစားတာပါ။ အန်တီသောင်းပြောတာ နည်းလမ်းကျတာပေါ့။ တကယ်ဆိုရင်ဒီကိစ္စဟာ အန်တီသောင်းနဲ့ တိုင်ပင်ရမယ့်ကိစ္စပဲ၊ အနွယ်က သိပ်ပြီးငါတကော့ကောတာပဲ"ဟု မောင်ရွှေထွန်းက ပြောလိုက်မှပင် မိန်းမရှာအသောင်းလည်း စိတ်ဆိုးပြေ၍ သွားလေတော့၏။ ထိုသို့ စိတ်ဆိုးပြေသွားပြီးနောက် မိန်းမရှာအသောင်းသည် ရွှေနေမောင်ရွှေထွန်းအနီးသို့ကပ်၍ သွားလေ၏။ ရွှေနေမောင်ရွှေထွန်းလည်း မိန်းမရှာအသောင်းက ၎င်းအနီးသို့ ကပ်၍လာသည်ကို "ငါ့ကို ဘာများလုပ်ဦးမလို့လဲ"ဟု အဓိပ္ပာယ်ရသောမျက်နှာနှင့် မိန်းမရှာအသောင်းကို ပြန်ကြည့်လေ၏။

"ဟဲ့ . . မောင်ရွှေထွန်းရဲ့၊ နင်ကလဲ သရဲပူးတာ ကျနေတာပဲ၊ ပြူးတူးပြဲတဲနဲ့ ဘာဖြစ်နေတာလဲ၊ ငါက နင့်နဲ့တိုင်ပင်မလို့ပါ"ဟု မိန်းမရှာအသောင်းက ပြောလေ၏။





"အန်တီသောင်းက ဘာများတိုင်ပင်မှာလဲ"ဟု ရွှေနေမောင်ရွှေန်းက မေးလေ၏။

"ဒီကောင့်ကို တရားစွဲလို့ မရဘူးလားဟဲ့"ဟု မိန်းမရှာအသောင်း မေးလေ၏။

"အန်တီသောင်းကလဲ အရင်းမရှိ အဖျားမရှိ၊ ဘယ်ကောင့်ကိုရားစွဲဖို့မေးတာလဲ"ဟု ရွှေနေမောင်ရွှေထွန်းက ပြန်၍မေးလေ၏။

"ပက်ထရစ်ကိုပြောတာဟဲ့၊ နင်ကလဲ ရွှေနေလုပ်နေပြီး နုံလိုက်"ဟု မိန်းမရှာအသောင်းက ပြောလေ၏။

"ပက်ထရစ်ကို ဘာပုဒ်မနဲ့ တရားစွဲမှာလဲ၊ ခင်ဗျားတူမ အသက်ေ့တာလဲ မဟုတ်၊ ပြီးတော့ ခင်ဗျားတူမကို ပက်ထရစ်က ခိုးသွားာလဲမဟုတ်၊ စွဲခြင်းစွဲရင် ခင်ဗျားတူမကိုတောင် မသိနားမလည်တဲ့ယောကျ်ားကလေးကို ခိုးယူပေါင်းသင်းမှုနဲ့ . . . "

"တော် . . တော် . . ရွှေနေဆောင်ကာမှ ထောင်လုံးလုံးကျယ်ဆိုတာမျိုးပေါ့"ဟု မိန်းမရှာအသောင်းက ပြောလေ၏။

"ရွှေနေဆောင်မှ ထောင်ကျတာမဟုတ်ဘူး၊ အန်တီသောင်းရဲ့အကြံဉာဏ်ကိုက မိန်းမ,မကျ ယောကျ်ားမကျ မောင်မဥ္စကဉာဏ်မျိုးနဲ့"ဟု ရွှေနေမောင်ရွှေထွန်းက ပြောလိုက်ရာ မိန်းမရှာအသောင်း . . .

"ဟဲ့ . . ငါမသိလို့ မေးပါရစေဦး၊ သောက်မြင်ကပ်တဲ့ပုဒ်မဆိုတာရှိတယ်မဟုတ်လား"ဟု ပြောလေ၏။

"တော် တော် . . . အန်တီသောင်း၊ ဘယ်ကလာ သောက်မြင်ကပ်တဲ့ပုဒ်မ ရှိရမှာလဲ"ဟု ရွှေနေမောင်ရွှေထွန်းက ပြောလေ၏။

"ပွဲထဲမှာပြောတာ ကြားဖူးတာပဲဟယ်"ဟု မိန်းမရှာအသောင်း ပြောလေ၏။


www.burmeseclassic.com

www.burmeseclassic.com

"အဲဒီပုဒ်မသာရှိရင် ခင်ဗျားကို ကျုပ် တရားစွဲတာကြာလှ
ယောက်ျားကနေ မိန်းမဖြစ်ချင်တဲ့ အန်တီသောင်းတို့ကို သောက်
ကပ်နေတာ ကြာပြီ"ဟု ရွှေနေမောင်ရွှေထွန်းကပြော၍ နေရာ
ထလျှင် မိန်းမရှာအသောင်းက မောင်ရွှေထွန်း၏ကျောပြင်
တဘုံးဘုံး ထုလေ၏။

"ခွေးမျိုးလေး သွားတော့"ဟုလည်း မိန်းမရှာအသောင်း
ရွှေနေမောင်ရွှေထွန်းကို မောင်းထုတ်လေ၏။

"ဟဲ . . ဟဲ . . စိတ်မဆိုးပါနဲ့ အန်တီသောင်းရယ်၊ ကျွန်တော်
လာတာ အန်တီသောင်းဆီမှာ ပိုက်ဆံချေးမလို့ လာတာပါ၊ ကျွန်တော်
ရန်ကုန်သွားမလို့ပါ၊ ငွေတစ်ဆယ်လောက် ချေးစမ်းပါဦး"ဟု ရွှေ
မောင်ရွှေထွန်းက ပြောလေ၏။

"အမျိုးယုတ်ကလေး၊ ပိုက်ဆံချေးတာ ကောင်းကောင်းမချေးဘူး
ဟုဆိုကာ မိန်းမရှာအသောင်းက အောက်ခံအကျီအတွင်းမှ
တစ်ဆယ်ကိုထုတ်၍ မောင်ရွှေထွန်းကို ပေးလေ၏။

"အဲဒါကြောင့် အန်တီသောင်းကို ချစ်တာ"ဟု ရွှေနေမောင်ရွှေ
ထွန်းကပြောလျှင် မိန်းမရှာအသောင်းက . . .

"နင် ရန်ကုန်သွားရင် မှာရဦးမယ်၊ မိနွယ်တို့ဆီကို ဝင်ဖြစ်အောင်
ဝင်ပါ၊ သူတို့ကိစ္စကိုလဲ ငါက ဂယနဏ သိချင်ပါတယ်လို့ ပြောလိုက်ပါ
ပြီးတော့ မိနွယ် အိမ်ထောင်ကျရင် ပေးဖို့ဆိုပြီး သူ့အမေအပ်ထားတဲ့
လက်ဝတ်ပစ္စည်းတွေ လာယူပါလို့လဲ ပြောဖြစ်အောင်ပြောလိုက်ပါ
ပြီးတော့ ရန်ကုန်မှာ နေမယ်ဆိုရင်လဲပဲ ဒီကဆင်းတုတော်တစ်ဆူ
ပင့်ဖို့လဲပဲ ပြောလိုက်ပါ၊ ပြီးတော့ . . ."

"တော်တော့ အန်တီသောင်းရယ်၊ ခင်ဗျားဟာက ဒီလောက်များ





နေတော့ ကျုပ်မှတ်မိမှာမဟုတ်ဘူး၊ အနွယ်ကို မော်လမြိုင်လာခဲ့ဖို့ပဲ
ပြောလိုက်မယ်၊ ခင်ဗျားတို့ တူအရီးတွေ့ကြမှပဲ ပြည့်ပြည့်စုံစုံ ပြောကြ
ပေတော့"ဟုဆိုကာ ရွှေနေမောင်ရွှေထွန်းလည်း ထွက်သွား
လေတော့၏။

* * *

ရွှေနေမောင်ရွှေထွန်းသည် ရန်ကုန်သို့ရောက်လျှင် ကြို့ကုန်းရှိ
ဘိုအိမ်ကြီးသို့ဝင်ကာ မြနှင်းနွယ်နှင့်တွေ့ဆုံ၍ မြနှင်းနွယ်အား
မိန်းမရှာအသောင်း မှာလိုက်သည်များကို ပြောပြလေ၏။

ထိုအခါ၌ မြနှင်းနွယ်သည် ပက်ထရစ်အား . . .

"ပက်ထရစ်ရေ နက်ဖြန် မော်လမြိုင်ကိုသွားရအောင်ကွယ်၊
အန်တီသောင်းက မှာနေပြီ၊ ဟဲ . . ဟဲ . . ပြီးတော့ တို့နှစ်ယောက်
အတွက်လည်း ဟန်းနီးမွန်းပေါ့ကွယ်"ဟု ပြောလေ၏။

ပက်ထရစ်ကလည်း . . .

"ကောင်းသားပဲ မမ"ဟု ပြန်၍ပြောလေ၏။

"မင်းနဲ့တိုင်ပင်လိုက်ရင် ကောင်းသားပဲဆိုတဲ့ အဖြေပဲရပါလား
ပက်ထရစ်ရယ်"ဟု မြနှင်းနွယ်ကပြောလျှင် ပက်ထရစ်က . . .

"မမလုပ်သမျှ ကျွန်တော့်အဖို့ ဘာမဆို အကောင်းချည်းပဲ
မှတ်နေတာကိုး မမရဲ့"ဟု ပြန်၍ပြောလေ၏။

မြနှင်းနွယ်နှင့် ပက်ထရစ်တို့သည် ဤသို့ အပြန်အလှန် အချီ
အချ ပြောနေကြသည်ကို နားထောင်လျက်ရှိသော ရွှေနေမောင်
ရွှေထွန်းက . . .



www.burmeseclassic.com

www.burmeseclassic.com

"အနွယ် . . နင်တို့စကားပြောနေကြတာ ပျော်စရာကြီးပဲဟ
ငါတောင် အားကျလာပြီ"ဟု ပြောလေ၏။

"အားကျလာရင် ကိုရွှေထွန်းလည်း မိန်းမယူလိုက်ပေါ့"
မြနှင်းနွယ်က ပြောလေ၏။

"အေး . . . ယူရမှာပဲဟ၊ ဒါပေမယ့် မိန်းမမရှိပဲ တစ်ယောက်
နေတာတောင် ကြွေးတွေကတင်နေတော့ မဖြစ်သေးဘူးဟဲ့၊ အေး
ဘာပဲဖြစ်ဖြစ် အခုလို ပျော်ပျော်ရွှင်ရွှင်နေကြတဲ့ လင်မယားတွေ
တွေ့ရတာ စိတ်ချမ်းသာပါတယ်ဟယ်၊ အေး အေး ငါသွားမ
ပက်ထရစ် သွားမယ်ဗျို့"ဟုဆိုကာ ရှေ့နေမောင်ရွှေထွန်းလည်
ထွက်သွားလေတော့၏။

မြနှင်းနွယ်တို့သည် နောက်နေ့နံနက်တွင် မော်လမြိုင်သို့သွား
ပြင်ဆင်ကြတော့၏။ နောက်နေ့နံနက်စောစောလောက်တွင် ဘူတာ
သို့ ဆင်းဖြစ်ခဲ့လေ၏။

မြနှင်းနွယ်တို့စုံတွဲသည် ပျော်ရွှင်စွာ ခရီးထွက်၍လာခဲ့ရင်
လမ်း၌ တစ်ဦးကိုတစ်ဦး ရယ်စရာ မောစရာများပြော၍ လာကြ
လေ၏။

ပဲခူးဘူတာသို့ရောက်လျှင် ဘဲဥပြုတ်ရောင်းသော ကလေး
တစ်ယောက်ထံမှ မြနှင်းနွယ်က ဘဲဥပြုတ်များဝယ်လေ၏။ ပက်ထရစ်
က ဘဲဥပြုတ်ကို အခွံများ နွှာပေးလေ၏။

"အမလေး . . . ဒီက လက်မပါတာ ကျနေတာပဲ"ဟု မြနှင်းနွယ်
ကပြောလျှင် ပက်ထရစ်က . . .

"ကျွန်တော်နွှာပေးတာကို မစားချင်ရင် သွား ရော့"ဟုဆိုကာ
ဘဲဥပြုတ်အား ပြတင်းပေါက်မှလွှင့်ပစ်သကဲ့သို့ လုပ်လိုက်ရာ





မြနှင်းနွယ်က . . .

"မောင်လေး . . . "ဟု ယောင်၍ အော်လိုက်လေ၏။

"ဟား . . ဒီမှာပါ မမရဲ့၊ တကယ်မပစ်ပါဘူး၊ ခုနက ခေါ်သလို
မြန်ခေါ်ပါဦး"ဟု ပက်ထရစ်ကပြောပြန်ရာ မြနှင်းနွယ်က . . .

"တော်တော် မောင်လေးအခေါ်ခံချင်တယ်၊ ကဲပါ မောင်လေး
. . မောင်လေး. . "ဟု ခေါ်လိုက်လေ၏။ ထိုအချိန်၌ တဘက်သော
ထိုင်ခုံမှ ကုလားကြီးတစ်ဦးက ဆေးလိပ်မီးတို့လိုသည်ဖြစ်၍
ပက်ထရစ်အား . . .

"ကိုမောင်လေး . . မီးတတို့ပေးပါ"ဟု တောင်းလိုက်ရာ
မြနှင်းနွယ်ရော ပက်ထရစ်ပါ ဝါးကနဲ ရယ်မောလိုက်ကြလေ၏။

ဤသို့လျှင် မြနှင်းနွယ်နှင့် ပက်ထရစ်တို့ ရယ်လိုက်မောလိုက်
တတွတ်တွတ် ပြောဆိုလိုက် ရှိနေသည်ကို မျက်မှန်ကိုင်း၍နေသော
မိန်းမကြီးက သူ၏ယောက်ျားအား . . .

"ကြည့်ပါဦး မီးရထားပေါ်မှာ သူတို့နှစ်ယောက်ထဲ ရှိတယ်များ
အောက်မေ့နေတယ် မှတ်တယ်"ဟု ပြောလိုက်လေ၏။

ထိုအခါ ယောက်ျားကြီးက . . .

"သိပ်ခက်တဲ့မိန်းမပဲ၊ ဘာဖြစ်လို့ အပြစ်တင်နေတာလဲ၊ မင်းနဲ့
ငါနဲ့ ငယ်ငယ်တုန်းကလဲ ရန်ကုန်ကိုခိုးပြေးကြတော့ ရထားပေါ်မှာ
ဒီလိုပါပဲကွာ၊ ဟောဒီနေရာကို မှတ်မိပါသေးတယ်၊ မင်းက ဘဲဥပြုတ်
ကလေးနွှာပြီးကျွေးခဲ့တာလေ၊ ဆားမပါလို့တောင် ငါက ပြောလိုက်
သေးတယ်၊ မင်းသာမရှိရင် ငါ့ရဲ့အဖြစ်ဟာ ဆားမပါတဲ့ဘဲဥပြုတ်ကို
စားရသလိုပါပဲ၊ ပေါ့ရွှတ်ရွှတ်ကြီးပါလို့"ဟု ပြောလိုက်လေ၏။

မိန်းမကြီးကမူ . . .



www.burmeseclassic.com

www.burmeseclassic.com



"ဟွန်း . . . သေကာနီးမှ အီးတစ်ချက် ပါချင်သေးတယ်"ဟု ပြော၍ မျက်စောင်းထိုးလိုက်လေ၏။

"အေး . . ဟိုတုန်းကလဲ ဒီလိုပဲ မျက်စောင်းထိုးခဲ့တာပဲ၊ ဒါပေ မယ့် အမှန်အတိုင်းပြောရရင် ဟိုတုန်းက မျက်စောင်းထိုးခဲ့တာ ငါ့မျက်စိထဲမှာ တော်တော်ကလေး ကြည့်လို့ကောင်းတယ်"ဟု ယောက်ျားကြီးကပြောလိုက်ရာ မိန်းမကြီးက . . .

"ရှင် တော်တော်ကဲနေပါလား"ဟု ပြောပြန်လေ၏။

"အေး ငါတို့လို အဘိုးကြီး အဘွားကြီးတွေတောင်မှ အကြောင်း ဆုံလာရင် တစ်ဦးကိုတစ်ဦး မျက်စောင်းထိုးလိုက်၊ နောက်လိုက် ပြောင်လိုက် စလိုက်နဲ့ အကြည်ဆိုက်နေကြရင် ဟိုက လူငယ်တွေပဲ ကွာ၊ ကိုယ်ချင်းစာစမ်းပါ၊ ကိုယ်ချင်းစာစမ်းပါ"ဟု ယောက်ျားကြီးက ပြောလိုက်လေ၏။

မြနှင်းနွယ်တို့စုံတွဲသည် ပျော်ရွှင်ချမ်းမြေ့စွာနှင့်ပင် မော်လမြိုင် အိမ်သို့ ရောက်ခဲ့ကြလေ၏။

မိန်းမရှာအသောင်းသည် မြနှင်းနွယ်အား အပြစ်တင်မည်ဟု ကြိမ်းထားသော်လည်း တကယ်တွေ့ရသောအခါ၌ အပြစ်မတင် ဖြစ်တော့ပဲ ဝမ်းသာ၍နေလေ၏။

"ကဲ . . မိနွယ် . . ညနေစာအတွက် ဈေးသွားရမယ်၊ ညည်း ဘာစားချင်သလဲ"ဟုပင် မိန်းမရှာအသောင်းက မေးလေ၏။

မြနှင်းနွယ်လည်း ပက်ထရစ်ဘက်သို့လှည့်ကာ "မောင်လေး ဘာစားမလဲ"ဟု မေးပြန်လေ၏။

"မမစားချင်တာ ချက်ပါ"ဟု ပက်ထရစ်က ပြောလေ၏။

"မဟုတ်တာကွယ်၊ မင်းစားချင်တာ ပြောပါ"ဟု မြနှင်းနွယ်က





ပြန်၏။

"ကျွန်တော်စားချင်တာက မမစားချင်တာနဲ့ အတူတူပဲ"ဟု ပက်ထရစ်က ပြောလေ၏။ မိန်းမရှာအသောင်းလည်း ၎င်းတို့နှစ်ဦး ပြုံးမဲ့ရွှဲ၍နေလေ၏။

"ကဲပါ အသောင်းရယ် . . . ဒီလိုလုပ်ပါ၊ ဒီနေ့ည နွယ်တို့ နှစ်ယောက် ဘိုစာကလေး စားရအောင်၊ ရောဘတ်ကိုသွားခေါ်ပြီး ချက်ခိုင်းပေးပါလား"ဟု မြနှင်းနွယ်ကပြောလျှင် . . .

မိန်းမရှာအသောင်းသည် ဈေးခြင်းတောင်းကိုကိုင်၍ ထွက်သွား လေတော့၏။

မိန်းမရှာအသောင်းလည်း ဘိုအိမ်မှထမင်းချက်ဟောင်းတစ်ဦး ဖြစ်သော ရောဘတ်ဆိုသည့် ကုလားအား ဈေးအနီး၌ရှာဖွေ၍ ခေါ်ယူကာ ဟင်းချက်စရာများကို စီမံလေ၏။

ရောဘတ်က မိန်းမရှာအသောင်းအား . . .

"ဘယ်က ဘိုညှော်သည်ရောက်လို့လဲ စွေတာကြီး"ဟုမေးလေ၏။

"ငါ့တူမ ယောက်ျားလေ"ဟု အသောင်းက ပြန်၍ဖြေလေ၏။

"အို . . ဟိုချွတ်ကရိုး ယောက်ျားရပြီလား၊ သူ့ယောက်ျားက ဘယ်သူလဲ အင်္ဂလိပ်လား"ဟု ရောဘတ်က မေးလေ၏။

"အေး . . ဟုတ်တယ်၊ ပက်ထလစ်တဲ့၊ သူတို့နှစ်ယောက်က လက်ထပ်ပြီး ရက်ပိုင်းလောက်ပဲ ရှိသေးတယ်၊ ရန်ကုန်က လာကြတာ . . .

"အော် . . . ဟန်နီးမွန်း . . . ပေါ့"

"ဟန်နီးမွန်းလား၊ ဟန်းနီးမက်လား၊ ငါနားမလည်ဘူး၊ ဘိုစာ ကောင်းကောင်းချက်ပေးစမ်းပါ"ဟု မိန်းမရှာအသောင်းကပြောလျှင် ရောဘတ်က . . .



www.burmeseclassic.com

www.burmeseclassic.com

"စိတ်ချပါ ကောင်းကောင်းရပါတယ်"ဟုပြော၍ မိန်း
အသောင်းကို ၎င်းအလိုရှိသော ဟင်းချက်ဖွယ်ရာများကို စုံစေ
ဝယ်ခိုင်းလေတော့၏။

အိမ်သို့ရောက်သည့်အခါ၌လည်း ရောဘတ်သည် မီး
ပန်းကန်ခွက်ယောက်များကို ထုတ်ပြခိုင်းလေ၏။ အသောင်းက
စိတ်ရှည်လက်ရှည် ပြလေ၏။

ရောဘတ်သည် တိုက်ပန်းကန်ပြားကြီးများ၊ ဘဲဥပုံပန်းကန်
များ၊ ဇွန်းခက်ရင်းများ၊ ဖလ်ခွက်များပါသည့် ရိုးကုမ္ပဏီမှရော
သော ဒင်နာဆက်ခေါ် ညစာစားပွဲ၌အသုံးပြုသော ပန်းကန်များ
ရွေးချယ်ထုတ်ယူ၍ တိုက်ချွတ်ဆေးကြောကာ ထမင်းစား
ပေါ်၌ အကျအန ပြင်လေ၏။

လက်သုတ်ပဝါများကိုလည်း ဖန်ခွက်များ၌ စိုက်လေ၏။
ခက်ရင်းများကိုလည်း စနစ်တကျ ချလေ၏။ မိန်းမရှာအသော
လည်း ရောဘတ်လုပ်သမျှကို ကြည့်ရှုမှတ်သားလေတော့၏။

"ဟဲ့ . . ရောဘတ် နင်ပြင်တဲ့ ထမင်းစားပွဲက တယ်ပြီး
လား"ဟု မိန်းမရှာအသောင်းက ချီးမွမ်းလေ၏။

"အဲဒါ အားကြီး အရေးကြီးတယ်၊ ဟင်းကောင်းဖို့ထက် အ
ကြီးတယ်၊ ကျွန်တော့်ဆရာ အဲလဇက်က ကောင်းကောင်းသင်
တာ"ဟု ရောဘတ်က ပြောလေ၏။

ထမင်းစားပွဲကို အကျအန ပြင်ပြီးနောက် ရောဘတ်သည်
သို့ဝင်၍ ချက်လေတော့၏။ ချက်ပြုတ်သည့်အခါ၌လည်း
ကောင်လုံးပေါင်းထားသည့် ပန်းကန်ကြီးကို ထမင်းစားပွဲ၏အလ
ထား၍ ဟင်းများကို နေရာတကျ ပြင်ဆင်လေ၏။





မြနှင်းနွယ်နှင့် ပက်ထရစ်လည်း အပြင်သို့လမ်းလျှောက်ထွက်၍
နေရာမှ ထမင်းစားရန် ပြန်ရောက်လာကြလေ၏။ ထမင်းစားပွဲကို
မြင်လိုက်သည်နှင့်တစ်ပြိုင်နက် မြနှင်းနွယ်နှင့် ပက်ထရစ်တို့သည်
ရောဘတ်၏လက်ရာကို အထူးသဘောကျ၍ သွားလေ၏။

မိန်းမရှာအသောင်းက "ညည်းတို့ စားနှင့်ပါ"ဟု ငြင်း၍နေသဖြင့်
မြနှင်းနွယ်က အသောင်းအား အတင်းထိုင်ခိုင်း၍ စားစေလေ၏။

ရောဘတ်သည် ထမင်းပွဲ၌ လိုအပ်သည်များကို ဆောင်ရွက်
ပေးလေ၏။

မြနှင်းနွယ်၊ ပက်ထရစ်နှင့် မိန်းမရှာအသောင်းတို့သည် ဇွန်းနှင့်
ခက်ရင်းများကို စတင်ကိုင်လိုက်သည့်အချိန်၌ ထမင်းချက်ရောဘတ်
က အောက်ပါအဓိပ္ပာယ်ရသောစကားကို အင်္ဂလိပ်ဘာသာဖြင့်
ပြောလေ၏။

"ခဏကလေး သီးခံပါခင်ဗျာ၊ ဟောဒီ ကလေးကို နည်းနည်း
တော့ သုံးဆောင်ကြပါဦး"

ရောဘတ်သည် မည်သည့်အချိန်က ဝယ်ယူခဲ့သည်မသိသော
ဝီစကီပုလင်းကို ဝမ်းမြောက်ဝမ်းသာ အမူအရာနှင့်ဖွင့်၍ ဖန်ခွက်
များအတွင်းသို့ ငှဲ့ထည့်ပေးလေ၏။

မိန်းမရှာအသောင်း၏ဖန်ခွက်ထဲသို့ ရောဘတ်က ဝီစကီကို
ထည့်သည့်အခါ၌ . . .

"ဟဲ့ . . ဟဲ့ . . ရောဘတ်၊ ငါ့ထဲ မလုပ်ပါနဲ့"ဟု အသောင်းက
ပြောလေ၏။

"မလုပ်ပါနဲ့ စစ်စတာကြီး၊ နည်းနည်းတော့ အားလုံးပျော်သွား
အောင် လုပ်ပါ"ဟု ရောဘတ်က ပြောလေ၏။



www.burmeseclassic.com

www.burmeseclassic.com

"နွယ်လဲ မသောက်ရဲဘူး ရောဘတ်"ဟု မြနှင်းနွယ်ကပါ ပြောလိုက်ရာ ရောဘတ်က . . .

"သိပ်ခက်တယ် ချွတ်ကရီး၊ သူ့ဒွေးပဲ သူ့ဒွေးလိုနေပါ၊ ဘိုလိုနေပါ၊ ဘိုလိုစားပါ၊ ဘိုလိုသောက်ပါ၊ ကောင်းကောင်း နေကောင်းပါတယ်"ဟု ရောဘတ်က ပြောပြန်လေ၏။

ပက်ထရစ်ကလည်း . . .

"တစ်ခါတလေသောက်တာ ကျန်းမာပါတယ်၊ မိန်းမတွေနဲ့လဲ တည့်ပါတယ်မမ"ဟုဆိုကာ ဖန်ခွက်ကိုကောက်ယူ၍ "ချီးယား" (ပျော်လိုက်တာ)ဟုပြော၍ မော့လေ၏။ မြနှင်းနွယ်မှာလည်း ပက်ထရစ်က သောက်လိုက်ပါမမဟု ထပ်၍တိုက်တွန်းသဖြင့် . . .

ဖန်ခွက်ကိုမြှောက်၍ ပက်ထရစ်အတွက်ဟုဆိုကာ မော့ချလိုက်လေ၏။

မိန်းမရှာအသောင်းကိုမူ ထမင်းချက်ရောဘတ်က . . .

"သောက်လိုက်ပါ စစ်စတာကြီး၊ သောက်လိုက်ပါ"ဟု တိုက်တွန်းသဖြင့် အရက်ခွက်ကိုကောက်ယူ၍ ပက်ထရစ်နှင့် မြနှင်းနွယ်တို့ ပြုလုပ်သကဲ့သို့ အပေါ်သို့မြှောက်တင်လိုက်ပြီးလျှင် "တင်ပါတယ်၊ မြှောက်ပါတယ်၊ ကိုကြီးကျော်ရယ်"ဟု ပြောဆိုကာ မော့ချလိုက်လျှင် မြနှင်းနွယ်၊ ပက်ထရစ်နှင့် ရောဘတ်တို့က လက်ခုပ်ဝိုင်း၍ တီးကြလေ၏။

ထို့နောက် ဖွန်းသံ၊ ခက်ရင်းသံ စာညည်ဖြင့် စားကြ သောက်ကြလေတော့၏။ ရောဘတ်က အရက်များ ထပ်၍ထည့်ပေးပြန်၏။ မြနှင်းနွယ်က မသောက်တော့သော်လည်း မိန်းမရှာအသောင်းနှင့် ပက်ထရစ်တို့သည် သောက်ကြလေ၏။





ထမင်းစားပြီးသည့်အခါ၌ မိန်းမရှာအသောင်းသည် အတော်မူးနေပြီးဖြစ်သဖြင့် ပက်ထရစ်အား . . .

"ဟော့ . . . ပက်ထလစ်၊ စန္ဒရားတီးတတ်တယ် မဟုတ်လား"ဟု အာလေးလျှာလေးသံကြီးဖြင့် မေးလေ၏။

ပက်ထရစ်က စန္ဒရားဆီသို့သွား၍ စန္ဒရားအဖုံးကိုဖွင့်ကာ လက်သံစမ်းလိုက်လေ၏။

"အေး တီးတတ်ရင်၊ တီးစမ်းပါ ငါ ကမယ်"ဟုဆိုသဖြင့် ပက်ထရစ်သည် ပန်းဟောဝန်အလိုက်ကို တီး၍ပေးလေ၏။

မိန်းမရှာအသောင်းလည်း ကွေး၍နေအောင် က,လေ၏။ ပက်ထရစ်က အချို့နေရာများတွင် ဝါးလပ်စည်းကလေးများ ညှပ်၍ ညှပ်၍ တီးပေးရာ မိန်းမရှာအသောင်းမှာ က,၍ကောင်းကောင်းနှင့် က,လေတော့၏။

"အေး . . . ပက်ထလစ် စန္ဒရားကောင်းကောင်းတီးတတ်တယ်၊ နတ်သံတီးပေး ငါ နတ်သံနှောမယ်"ဟုပြောကာ မိန်းမရှာအသောင်းက ပြောပြောဆိုဆိုနှင့်ပင် အောက်ပါအတိုင်း နတ်သံနှောလေ၏။ ပက်ထရစ်ကမူ စန္ဒရားနှင့်လိုက်၍ ပေးလေတော့၏။

(အမယ်မင်း . . . အဒေါ်ကြီးရယ်က မှာခဲ့မယ် . . .
အို . . . အမယ်မင်း . . . အသောင်းရယ်က မှာခဲ့မယ် . . .
တူမလေးရယ် . . . မိနွယ်တဲ့ . . . အငြိမ်နေတယ် . . .
ဘိုအိမ်ကြီးကိုတဲ့ သူဝယ် . . .
ဘိုအိမ်ကြီးမှာ . . . အို . . . ဘိုအိမ်ကြီးရယ်မှာ . . .
မာဂရက်ဆိုတဲ့ ဘိုမကြီးရဲ့ . . . သားချစ်ရင်နှစ် . . .
ပက် ထ လစ် ဆို တာ နဲ့ တွေ့ ခဲ့ တယ် . . . တဲ့ မှ
တွေ့ ခဲ့ တယ်


www.burmeseclassic.com

www.burmeseclassic.com



ပက်ထလစ်ရယ် ဘိုကပြားနဲ့ ငါတူမလေး ညားခဲ့တယ်. . . )

"တော်ပါတော့ အသောင်းရယ်"ဟု မြနှင်းနွယ်က ကန့်ကွက်သော်လည်း မိန်းမရှာအသောင်းက မတော်ပေ။ သူ၏နတ်သံကို ဆက်၍ဆိုလေ၏။ သူ၏နတ်သံ၌ ပက်ထရစ်လို အလုပ်မရှိ အကိုင်မရှိ၊ အခြေအနေမဲ့၊ မြန်မာမဟုတ် အင်္ဂလိပ်မဟုတ်၊ ဘိုကပြားကို ယူရခြင်းအတွက် အသည်းနာလှကြောင်း စသောအကြောင်းအရာများ ပါလေ၏။

မိန်းမရှာအသောင်းသည် ရင်ဘတ်ကိုထု၍ထု၍ နတ်သံနှောလေ၏။ ပက်ထရစ်ကလည်း လိုက်၍ တီးပေးလေ၏။

မြနှင်းနွယ်မှာမူ ပက်ထရစ်ကို အားနာလျက်ရှိလေ၏။ ပက်ထရစ်အား ဆက်လက်၍တီးမပေးရန် မြနှင်းနွယ်က မျက်ရိပ်ပြလိုက်လေ၏။

ပက်ထရစ်က အသံကိုပြောင်း၍ တီးလေ၏။ ပက်ထရစ်က နတ်သံမှနေ၍ "ဇော်ဂျီယောင် ဆေးကြိတ်တဲ့တောင်"အလိုက်သို့ ပြောင်းလိုက်သဖြင့် မိန်းမရှာအသောင်းသည် နတ်သံဆက်၍ မနှောနိုင်တော့ဘဲ ဇော်က,ကရရှာလေ၏။ ပက်ထရစ်က ဆက်၍ ဆက်၍ တီးပေးလေ၏။

ဇော်က,ကရင်းနှင့်ပင် မိန်းမရှာအသောင်းသည် မူး၍လဲကျသွားလေတော့၏။ ထိုအခါကျမှပင် ရောဘတ်က အသောင်းအား ပွေ့၍ ၎င်း၏အိပ်ယာသို့ ပို့လိုက်လေတော့၏။

ထို့နောက် ရောဘတ်သည် ပက်ထရစ်ထံသို့ လာရောက်၍ ၎င်းအား အလုပ်ခန့်ပါမည့်အကြောင်း အင်္ဂလိပ်ဘာသာဖြင့်ပြောရ





က်ထရစ်က အင်္ဂလိပ်ဘာသာဖြင့်ပင် မြနှင်းနွယ်အားပြောရန် နှုန်ပြလေ၏။ ရောဘတ်က မြနှင်းနွယ်အားပြောလျှင် မြနှင်းနွယ်က က်ထရစ်ဘက်သို့လှည့်၍ . . .

"သူ့ကို ရန်ကုန်မှာ ထမင်းချက်ဖို့ခေါ်သွားရရင် ကောင်းမယ် ာင်လေး"ဟု တိုင်ပင်လေ၏။

"ကောင်းတာပေါ့ မမ"ဟု ပက်ထရစ်က ထောက်ခံလိုက်လျှင် နှင်းနွယ်က ရောဘတ်အား ထိုနေရာ၌ပင် အလုပ်ခန့်လိုက်၍ ခ တစ်လခအတွက် ငွေလေးဆယ်ကို ကြိုတင်ထုတ်ပေးလိုက်လေ တော့၏။ ထို့နောက် မြနှင်းနွယ်သည် ပက်ထရစ်အနီးသို့ကပ်သွား လျှင် "အားနာလိုက်တာ မောင်လေးရယ်"ဟု ဝမ်းနည်းသော သံနှင့်ပြောလေ၏။ "ဘာကို အားနာရမှာလဲ မမရယ်၊ သူပြော ာ မှန်သားပဲ"ဟု ပက်ထရစ်ကပြော၍ မြနှင်းနွယ်၏ပန်းလေးကို သာအယာကိုင်ကာ နှစ်သိမ့်လိုက်လေ၏။

ထိုအခါ အလိုက်သိတတ်သော ထမင်းချက်ရောဘတ်သည် ွတ်နိုက်"ဟု နှုတ်ဆက်ကာ ပြန်၍သွားလေတော့၏။ မြနှင်းနွယ်နှင့် က်ထရစ်တို့သည် ထိုညက တော်တော်နှင့် မအိပ်ကြသေးပဲ၊ ာ၌ တစ်ဦးကိုတစ်ဦး တင်းကြပ်စွာဖက်၍ ပျားရည်လူးသော ားများကို ပြောဆိုနေကြလေ၏။

နောက်နေ့နံနက်ရောက်သည့်အခါ၌ မိန်းမရှာအသောင်းသည် တာ အရက်မူး၍ကခဲ့သည့်အဖြစ်ကို ရှက်နေလေ၏။ ထိုသို့ရှက်



www.burmeseclassic.com

www.burmeseclassic.com

သည့်အားလျော်စွာ ထမင်းချက်ရောဘတ်ကိုလည်း ကျိန်ဆဲ[illegible] နေလေတော့၏။

နေ့လည်ပိုင်းသို့ရောက်လျှင် မိန်းမရှာအသောင်းက မြနှင်းနွ[illegible] အား လက်ဝတ်ရတနာများ အပ်နှံလေတော့၏။

"ညည်းအမေ မယဉ်မေ လက်ထပ်တုန်းက ဝတ်ခဲ့တဲ့ပစ္စည်း[illegible] လည်း မိန်းမရှာအသောင်းက ရှင်းပြလေတော့၏။

မြနှင်းနွယ်နှင့် ပက်ထရစ်သည် မော်လမြိုင်၌ တစ်ရက်နှစ်[illegible] နေ၍ ကျိုက္ကမီ၊ ကျိုက်မရော၊ တောင်ပိုင်း၊ မုဒုံ စသည့်နေရာ[illegible] သို့ သွားရောက်လည်ပတ်ကာ ရန်ကုန်သို့ ပြန်ခဲ့ကြလေတော့[illegible]

# ငြိုးယှဉ်ဝင်ပြီ

မြနှင်းနွယ်နှင့် ပက်ထရစ်တို့သည် ရန်ကုန်ရောက်ပြီး များမကြာမီ၌ပင် မော်တော်ကားတစ်စီး ဝယ်ယူကြပြီးလျှင် နှစ်ယောက်သား ကားကလေးစီး၍ အင်းလျားကန်သို့သွားလိုက်၊ ကန်တော်ကြီးသို့ သွားလိုက်နှင့် ပျော်ပါးလျက် ရှိကြလေ၏။

တစ်နေ့သ၌ မြနှင်းနွယ်က ပက်ထရစ်အား အောက်ပါအတိုင်း တိုင်ပင်လေ၏။

"ပက်ထရစ်ရေ၊ မော်လမြိုင်မှာက အသောင်းတစ်ယောက်ထဲ အိမ်ကြီးတစ်လုံးနဲ့ဖြစ်နေတယ်၊ မမတို့လဲ ဒီမှာပဲနေကြမှာဆိုတော့ ဘာပဲဖြစ်ဖြစ် အသောင်းကို ဒီကိုခေါ်လိုက်ပြီး မော်လမြိုင်အိမ်ကြီးကို ရောင်းပစ်ချင်ပြီကွာ"ဟု မြနှင်းနွယ်ကပြောလျှင် ပက်ထရစ်က သူ့ထုံးစံအတိုင်း . . .

"ကောင်းသားပဲ"ဟုသာ အဖြေပေးလေ၏။

ထို့ကြောင့် မြနှင်းနွယ်သည် မိန်းမရှာအသောင်းအား ဘိုအိမ်ကြီးသို့ လာ၍နေရန် စာရေး၍အကြောင်းကြားလိုက်လေ၏။ မိန်းမရှာအသောင်း ရောက်သည့်အခါ၌ မြနှင်းနွယ်နှင့် ပက်ထရစ်တို့သည် မော်လမြိုင်အိမ်ကြီးကိုရောင်းရန်အတွက် မော်လမြိုင်သို့ သွားကြရပြန်သည်၏။


မရမ်းတလင်းစာပေတိုက်
www.burmeseclassic.com

www.burmeseclassic.com



မော်လမြိုင်သို့ရောက်လျှင် ရွှေနေမောင်ရွှေထွန်းက မြနှင်းနွယ်ထံသို့လာ၍ . . .

"အနွယ် . . . အန်တီသောင်းကို ရန်ကုန်ခေါ်ထားတာတော့ ဟုတ်ပါပြီ၊ ဒီအိမ်ကြီးက ဒီအတိုင်း ပစ်ထားလို့ဖြစ်ပါ့မလား၊ အဲ . . အဲ . . ရော့ ငွေတစ်ဆယ်၊ အန်တီသောင်းဆီက ငါ ချေးထားတာ" ဟု ပြောလေ၏။

"ဆပ်မနေပါနဲ့ ကိုရွှေထွန်းရယ်၊ ရပြီးပြီလို့ နွယ်ပြောလိုက်ပါ့မယ်"

"မလုပ်နဲ့ . . မလုပ်နဲ့ . . သူ့အကြွေးရှိရင် နောက်ဘဝ သူ့အိမ်မှာ နွားကြီးသွားဖြစ်နေရင် မလွယ်ဘူး အနွယ်၊ အန်တီသောင်းက မတရားခိုင်းမှာ" ဟု ရွှေနေမောင်ရွှေထွန်းက ပြောလေ၏။

"ဒီလိုစဉ်းစားတယ် ကိုရွှေထွန်း၊ နွယ်တို့လဲ နေတာမှမဟုတ်ဘဲ၊ ဒီအိမ်ကြီးကို ရောင်းပစ်လိုက်မယ် အောက်မေ့တာပဲ" ဟု မြနှင်းနွယ်က ပြောလေ၏။

"အေး . . . ကောင်းတယ်၊ ဒါပေမယ့် ဝယ်တဲ့လူမတွေ့သေးခင်မှာ ဒီမှာ တစ်ယောက်ယောက်တော့ နေရမယ်ဟဲ့၊ ပြီးတော့ အိမ်ရှင်နဲ့ တွေ့ချင်ပါတယ်လို့ ဝယ်တဲ့လူကပြောရင်လဲ နင်တို့က ရန်ကုန်မှာဆိုတော့ ခက်တယ်" ဟု ရွှေနေမောင်ရွှေထွန်းက ပြောလေ၏။

"အေးဟယ် . . . အသောင်းကိုမခေါ်ဘဲ ဆက်ပြီးထားရင် ကောင်းသား၊ အခုမှ တစ်ခါ မော်လမြိုင်ပြန်ပါဦးဆိုရင် အသောင်းက စိတ်ကောက်တော့မယ်" ဟု မြနှင်းနွယ်က ပြောပြန်လေ၏။

"အန်တီသောင်းရှိလို့လဲ အပိုပဲဟဲ့၊ တကယ့် အရေးအကြောင်းမှာ နင့်ဆီကအဖြေမရဘဲနဲ့ အန်တီသောင်းက ဘာမှလုပ်ရဲတာ မဟုတ်ဘူး၊ ငါ့အကြိုက်ကတော့ အိမ်မရောင်းရခင်မှာ ပက်ထရစ် ဒီအိမ်မှာ





နေခဲ့ပေါ့၊ မယားပစ္စည်း လင်ပိုင်တယ်ဟ၊ ဝယ်မယ့်လူက ပိုင်ရှင်ရဲ့ အခေါ်နဲ့ တွေ့ချင်မှာမဟုတ်ဘူး။ ပိုင်ရှင်နဲ့ တွေ့ချင်မှာ၊ နင်ကလဲ ရန်ကုန်မှာအလုပ်ရှိတော့ လာနေလို့မဖြစ်ဘူး ပက်ထရစ်နေခဲ့တာ အကောင်းဆုံးပဲ" ဟု ပြောလေ၏။

"ဘယ့်နဲ့လဲ ပက်ထရစ်" ဟု မြနှင်းနွယ်က မေးလိုက်ရာ ပက်ထရစ်က . . .

"ကောင်းသားပဲ" ဟုသာ ပြောလိုက်လေ၏။

"ကိုယ့်လူကတော့ ကောင်းသားပဲ တစ်လုံးကို အလွတ်ကျက်ထားတဲ့လူပဲ" ဟု မောင်ရွှေထွန်းက ပြောလေ၏။

ထိုအချိန်၌ ခြံအတွင်းသို့ တစ်စုံတစ်ယောက်ဝင်၍ လာသဖြင့် ရွှေနေမောင်ရွှေထွန်းက လှမ်း၍ကြည့်လိုက်ရာ မင်းမောင်ဖြစ်ကြောင်း တွေ့ရလေ၏။

"ဟော . . မင်းမောင် လာဟေ့" ဟု ရွှေနေမောင်ရွှေထွန်းက ခေါ်လိုက်လေ၏။

မင်းမောင်လည်း အိမ်တွင်းသို့ဝင်၍လာရာ နှစ်ယောက်ထိုင်ခုံ၌ ယှဉ်တွဲထိုင်လျက်ရှိသော မြနှင်းနွယ်နှင့် ပက်ထရစ်ကိုတွေ့လျှင် စိတ်တွင်း၌ အနည်းငယ် ထူးဆန်းသလို ဖြစ်၍သွားလေ၏။

"အနွယ်ရယ် . . . နင် ဟိုတစ်ခေါက်လာတာ ငါ့ဆီတောင် မဝင်ဘူး၊ အခုလဲ နင်ရောက်နေတယ်ဆိုတာ အပုလေးပြောလို့ ငါ လာခဲ့တာ" ဟု မင်းမောင်က ပြောလေ၏။

"အရင်တစ်ခေါက် မဟုတ်ဘူးဟဲ့ နှစ်ခေါက်၊ ပထမတစ်ခေါက် ငါတစ်ယောက်ထဲ လာသေးတယ်၊ နောက်တစ်ခေါက်က တို့လင်မယား နှစ်ယောက်"



www.burmeseclassic.com

www.burmeseclassic.com



"လင်မယား ဟုတ်လား"ဟု ပြောကာ မင်းမောင်သည် ပါး အဟောင်းသား ဖြစ်၍သွားလေ၏။

"ဟုတ်တယ် မင်းမောင်၊ ငါနဲ့ ပက်ထရစ်နဲ့ ယူလိုက်ကြ ပက်ထရစ် ဟောဒါ မမရဲ့ ငယ်သူငယ်ချင်း မင်းမောင်တဲ့" မြနှင်းနွယ်က ပြောလိုက်လျှင် ပက်ထရစ်က တွေ့ရခြင်းအတွ ဝမ်းသာကြောင်းပြော၍ မင်းမောင်ကို လက်ဆွဲနှုတ်ဆက်လေ

မင်းမောင်လည်း အူကြောင်ကြောင်နှင့်ပင် . . .

"ဟုတ် . . . ဟုတ်ကဲ့၊ ဝမ်းသာပါရဲ့ဗျာ"ဟုပြော၍ ပက်ထရစ် နှုတ်ဆက်သော်လည်း အမှန်စင်စစ်အားဖြင့် လွန်စွာ ဝမ်းနည်း သွားလေ၏။ သူ၏ နှလုံးသားသဲပုံပေါ်တွင် တည်ဆောက်ထားသေ အချစ်ရဲတိုက်ကြီးသည် လုံးဝပြိုလဲသွားပြီဖြစ်ကြောင်း မင်းမော နားလည်၍သွားလေ၏။ ထို့ကြောင့် မင်းမောင်သည် ဆွေးမြေ့ သွားလေ၏။

"ဩော် . . . နင်အိမ်ထောင်ပြုလိုက်ပြီကိုး"ဟု တိုးတိုးညင်ည ကလေး ပြောလိုက်လေ၏။

"ဟော့ကောင် မင်းမောင်၊ မင်းကလဲကွာ၊ အနွယ်အိမ်ထောင်ကျ တာကို ဘကြီးဘုန်းကြီး ပျံလွန်တော်မူတာ ကျနေတာပဲ"ဟု ရှေ့နေ မောင်ရွှေထွန်းက ပြောလိုက်မှပင် မင်းမောင်သည် မိမိ၏ ခံစား နေရသောအဖြစ်ကို သတိရမိ၍ မျက်နှာကိုပြင်လိုက်ပြီးလျှ ရယ်မောပစ်လိုက်လေ၏။

"ဟား . . ဟား . . မဟုတ်ပါဘူးကွာ၊ ငါ စိတ်မကောင်းတာက ဒီလိုပါ၊ ဘာပဲဖြစ်ဖြစ် ငါတို့သူငယ်ချင်းတွေကိုတော့ အသိပေးသင့် တာပေါ့၊ အနွယ်မင်္ဂလာဆောင်ရင် ငါက သတို့သားအရံနေရမှာက





ပြီး ကူညီရမယ့်လူမဟုတ်လား"ဟု မင်းမောင်ကပြော၍ မိမိ၏ အားချက်များကို ဖုံးဖိလိုက်လေ၏။

"မင်္ဂလာမဆောင်ဘူးဟဲ့၊ ချက်ချင်းယူလိုက်ကြတာ၊ အဲဒါကြောင့် ကို အသိမပေးနိုင်တာပေါ့ မင်းမောင်ရယ်"ဟု ပြောလိုက်လေ၏။

ပက်ထရစ်ကမူ မြနှင်းနွယ်အိမ်ထောင်ကျသွားပြီ ဆိုလိုက်ရုံနှင့် င်းမောင်တစ်ယောက် မျက်နှာပျက်သွားပုံ၊ စိတ်မကောင်းဖြစ်သွားပုံ က်နှာ၌ ဆွေးရိပ်များ ယှက်သန်းသွားပုံတို့ကို သတိပြုမိလေ၏။ င်း၏စိတ်၌လည်း . . .

မင်းမောင်နှင့် မြနှင်းနွယ်တို့သည် မည်သို့မည်ပုံ ဖြစ်ခဲ့ကြ နည်း။ မင်းမောင်၏ ဆက်ဆံပြောဆိုပုံမှာ ရင်းနှီးလွန်းလှပေသည် ၍လည်း စဉ်းစားမိ၏။ တဖန် "မမနွယ်ဟာ ပွင့်ပွင့်လင်းလင်း တဲ့ မိန်းမတစ်ယောက်ပဲ၊ တကယ်လို့ မင်းမောင်ဆိုသူနှင့် ချစ်ကြိုက် ပါလျှင်လည်း မြို့ထားမည့် မိန်းမစားမျိုးမှမဟုတ်ဘဲ"ဟူ၍လည်း င်း၏စိတ်၌ ဖြစ်ပေါ်လာပြန်လေ၏။

ထို့နောက် မင်းမောင်သည် မြနှင်းနွယ်တို့ကို နှုတ်ဆက်၍ က်သွားလေ၏။ မင်းမောင်သည် ပြန်၍ထွက်သွားသည်ကို မြနှင်းနွယ် ာ ပက်ထရစ်ပါ လှမ်း၍ကြည့်လိုက်ကြ၏။ ခြံဝဆီသို့ ခေါင်း က်စိုက်ချလျက် လျှောက်သွားနေသော မင်းမောင်ကို မြင်ရလေ၏။

ထို့နောက် မြနှင်းနွယ်က ပက်ထရစ်အား . . .

"ဘယ်လိုလဲ ပက်ထရစ်၊ အိမ်ကြီးရောင်းဖို့ မောင်လေး နေခဲ့မ မယ်"ဟု ပြောလိုက်ရာ ရှေ့နေမောင်ရွှေထွန်းက . . .

"ကောင်းသားပဲ မမ"ဟု ဝင်၍ပြောလိုက်လေ၏။

"ဟဲ . . ဟဲ . . ကိုရွှေထွန်းပြောတဲ့အတိုင်းပါပဲ"ဟု ပက်ထရစ် ာ ပြောလိုက်လေ၏။



www.burmeseclassic.com

www.burmeseclassic.com

"ကျုပ်သိပါတယ်၊ ခင်ဗျားက အနွယ်ပြောသမျှ ကောင်းသ
လို့ ပြောမယ့်စက်ရုပ်ဆိုတာ ကျုပ်သိပါတယ်"ဟု မောင်ရွှေထွ
ပြောလေ၏။

ထို့နောက် ရှေ့နေမောင်ရွှေထွန်းအား အိမ်ရောင်းရန်အတ
ပွဲစားများနှင့်တိုင်ပင်ရန်၊ ဝယ်လိုသူနှင့်တွေ့လျှင် ပက်ထရစ်ထ
ခေါ်လာခဲ့ရန် မြနှင်းနွယ်က မှာကြားလေ၏။

"ငါပြောမလို့ မေ့နေတယ်၊ ပက်ထရစ်ကို ထားခဲ့
ကောင်းတယ်ဟဲ့၊ နင်တို့အိမ်ကြီးကို ဝယ်မယ့်လူဟာ မြန်မာထဲက
ဘူးဟဲ့၊ ဘိုထဲက ဖြစ်မှာ၊ အသောင်းဆိုရင် ဘိုတွေခေါ်လာလို့
မဖြစ်ဘူး၊ ပက်ထရစ်ဆိုတော့ နေရာကျတာပေါ့ဟယ်။ အဲဒီအချ
ဟာ ဒီအိမ်ကြီးမှာ ပက်ထရစ်နေခဲ့ဖို့ကောင်းတဲ့အချက်ပဲ၊
ခင်ခ ကြင်နာစ လင်မယားကို တစ်ကွဲတစ်ပြားစီနေကြဖို့ အကြံ
တဲ့အတွက် ငါကတော့ ငရဲကြီးမှာအမှန်ပဲ အနွယ်"ဟု ရှေ့
မောင်ရွှေထွန်းက ပြောလေ၏။

ဤသို့နှင့်ပင် မြနှင်းနွယ်တို့သုံးဦး တိုင်ပင်ပြီးနောက် ပက်ထ
အား မော်လမြိုင်အိမ်၌ထားခဲ့၍ မြနှင်းနွယ်သည် ရန်ကုန်သို့ ပြ
ရလေတော့၏။

ပက်ထရစ်လည်း မော်လမြိုင်အိမ်ကြီး၌ ပျင်းရိငြီးငွေ့စွာ
ဒရဝမ်လုပ်၍ နေရလေ၏။

တစ်နေ့သ၌ ပက်ထရစ်သည် ပျင်းပျင်းရှိသည်နှင့် ရွှေပြ
တော်သည် သီချင်းကြီးတပုဒ်ကို စန္ဒရားတီး၍ နေလေ၏။ ထို
တီးနေစဉ်၌ပင် မိန်းမတစ်ဦး၏သီချင်းသံကို ကြားရလေ၏။
မိန်းမသည် ပက်ထရစ်၏အတီး၌ ဝင်၍သီဆိုလိုက်ခြင်းဖြစ်ပေသည်





"လွမ်းသလေမောင်ကြီး . . ရိုးလာရိုး . . . လွမ်းလှပါသလေ
ဖို့မောင်ကြီး"

မိန်းမသည် ပီပီပြင်ပြင် ဝင်၍ဆိုလေ၏။

ပက်ထရစ်သည် တီးလက်စ စန္ဒရားကိုရပ်လိုက်၍ အသံလာရာ
ဆီသို့ လှမ်း၍ကြည့်လိုက်မိလေ၏။

ထိုမိန်းမကို မြင်ဖူးသလိုလိုရှိသော်လည်း မည်သည့်နေရာ၌
မြင်ဖူးခဲ့သည်၊ မည်သူမည်ဝါဖြစ်သည်ကိုမူ စဉ်းစား၍မရအောင်
ရှိလေ၏။

"ဘာလဲ ပက်ထရစ်၊ ခင်မမကို ဥစ္စာစောင့်မကလေးတစ်ယောက်
ဘွားကနဲပေါ်လာတယ်လို့များ ထင်နေလို့လား၊ ခြံတံခါးပိတ်ထားလို့
ခွေးတိုးပေါက်ကနေပြီး ဝင်ခဲ့ရတာပါ။ ပက်ထရစ်ကလဲကွယ်၊ ခင်မမ
ကို မမှတ်မိတော့ဘူးလား၊ ပီတာသန်းဖေတို့ရဲ့ တီးပါတီမှာ
တစ်စားပွဲထဲ အတူထိုင်ခဲ့တဲ့ဥစ္စာ၊ ရာဇဝတ်ဝန်ထောက် အန်ကယ်
ဦးဘာဘာရဲ့ တူမလေ"ဟု ခင်မမက ချွဲချွဲပြစ်ပြစ်အသံနှင့်
ပြောလေ၏။

"အော် . . . မှတ်မိပါပြီ၊ အားနာစရာဗျာ၊ ခွေးတိုးပေါက်က
ဝင်ခဲ့ရတယ်လို့၊ ဒါနဲ့ နေပါဦး ကိစ္စက"ဟု ပက်ထရစ်က ပြောလေ၏။

"ကိစ္စက ဒီလိုပါတဲ့ရှင်၊ ပက်ထရစ်ဆိုတဲ့ လူတစ်ယောက်
အိမ်ကြီးတစ်လုံးကို ဒရဝမ်လုပ်နေတယ်တဲ့၊ သူ့ခမျာ သိပ်ပြီးပျင်းနေ
ရှာတယ်ဆိုပဲ၊ ပြီးတော့ တစ်ယောက်ထဲဆိုတော့ စားရသောက်ရ
တာလဲ မကောင်းရှာဘူးဆိုပဲ၊ ဒါကြောင့် ခင်က ကြက်သားကြော်
ရယ်၊ ပေါင်မုန့်ထောပတ်သုတ်ရယ်၊ ကော်ဖီရယ် ထည့်ပြီး လာခဲ့
တာပါရှင်"ဟု ခင်မမက ပြောလေ၏။



www.burmeseclassic.com

www.burmeseclassic.com

"ကျေးဇူးတော့တင်ပါတယ် ခင်မမရယ်၊ ဒါပေမယ့် ကျွန်တော်နဲ့ ခင်ဗျားနဲ့ ဒီအိမ်ကြီးမှာ နှစ်ယောက်ထဲဆိုတော့ မသင့်တော်ဘူး ပေါ့လေ"ဟု ပက်ထရစ်ကပြောလိုက်ရာ ခင်မမက . . .

"ဟီ . . ဟီ . . ကိုယ့်စိတ်က ရိုးသားရင်ပြီးတာပဲ၊ မရိုးသားရင်တော့ ပတ်ဝန်းကျင်ကို တွေးပြီးကြောက်ရမှာပေါ့၊ ခင်တို့ကတော့ ရိုးရိုးသားသားဆိုတော့ ဘယ်သူက ဘာပဲပြောပြော မဖြုပေါင်"ဟု ဆိုလေ၏။

"ကဲပါ . . ခင်ယူလာတာကလေးတွေ စားလိုက်ပါဦး"ဟုဆိုကာ ကြက်သားကြော် ထည့်၍ယူလာသောချိုင့်ကိုဖွင့်၍ ကြက်သားကြော်များကို ဖဲ့လေ၏။ ဖဲ့ရုံမျှမက ပက်ထရစ်ကို ကျွေးလေ၏။ ကျွေးရုံမျှမက ပက်ထရစ်ပါးစပ်အတွင်းသို့ အတင်းလိုက်၍ ခွံ့လေ၏။

"အို . . နေပါစေ ခင်မမ၊ ကျွန်တော် စားပါ့မယ်"ဟု ပက်ထရစ်က ငြင်းဆန်၍ ခင်မမ၏အခွံ့ကိုမခံဘဲ မိမိဘာသာ ယူ၍စားလေ၏။

"တစ်ခုတော့ တောင်းပန်ပါရစေဗျာ၊ အားလဲ နာပါရဲ့၊ မခင်မမ အခုလို လာတာကို ကျွန်တော့်မိန်းမသိသွားရင် ကျွန်တော်တို့ အိမ်ထောင်ရေးမှာ တစ်မျိုးတမည်ဖြစ်သွားနိုင်ပါတယ်"ဟု ပက်ထရစ်က ခပ်ပြောင်ပြောင်ပင် ပြောလိုက်ရာ ခင်မမက . . .

"ပက်ထရစ်ရေ၊ ခင်တို့မိန်းမတွေက ရှင်တို့ယောကျ်ားတွေလို သဘောထား မနုပါဘူးရှင်၊ ခင်နဲ့ ပက်ထရစ်နဲ့ ဘာမှဖြစ်ကြတာ မဟုတ်ကြောင်း ခင်ကိုယ်တိုင်က ရီကော်မန်းလုပ်လိုက်ရင် ပက်ထရစ်ရဲ့ဇနီးမျက်ချယ် မြနှင်းနွယ်က ကျေနပ်သွားမှာပါ"ဟု ခင်မမက ပြောလေ၏။





ပက်ထရစ်သည် ခင်မမကို အမျိုးမျိုးနှင်၏။ သို့ရာတွင် ခင်မမ မသွားဘဲ ပေကပ်၍နေ၏။ သီချင်းတပုဒ်ဆိုပြမှ သွားမည်ဟု ကြပ်ကိုင်သဖြင့် ပက်ထရစ်သည် စန္ဒရားတီး၍ အောက်ပါ တ်တမ်းသီချင်းတပုဒ်ကို ဆိုပြလေ၏။

မြန်သင့်တာကြာပါပြီ × မြန်သင့်တာကြာပါပြီ ×
ခင်ဗျား မြန်သင့်တာကြာပါပြီ × ခင်ဗျားလာတာ
ကျွန်တော် စိတ်ညစ်သည် × မြန်စေချင်ပါပြီ . . .

ထိုအခါ၌ ခင်မမက ပက်ထရစ်အနီးသို့ကပ်ကာ "ပက်ထရစ် ယ်၊ ခင်နဲ့ မြနှင်းနွယ်နဲ့ ဘာများကွာလို့လဲ"ဟု မခို့တရို့မျက်နှာ းနှင့် မေး၍ထွက်သွားလေတော့၏။

ခင်မမ ထွက်သွားသည့်အခါ၌ ပက်ထရစ်၏စိတ်တွင် ဒီမိန်းမ ကို ကျွေးတဲ့အစာမှာ မဟုတ်ကဟုတ်က ညစ်တီးညစ်ပတ်ဆေးတွေ ထားချင် ခပ်ထားမှာဟု တွေးမိသည့်အလျောက် အာခေါင် တွင်းသို့ လက်ထိုး၍ အန်ထုတ်ပစ်လေ၏။

ပက်ထရစ် အစာများအန်ထုတ်နေသည့်အချိန်၌ ပက်ထရစ်၏ တွင်းမှထွက်သွားသော ခင်မမသည် လမ်းမှစောင့်၍နေသော ာကျ်ားတစ်ဦးနှင့် တွေ့ဆုံလေ၏။

"ဘယ်လိုလဲ ခင်၊ နေရာကျခဲ့ရဲ့လား"ဟု ထိုယောကျ်ားက လေ၏။

နေရာ မကျတကျပါပဲ၊ ဒါပေမယ့် ခင်နူးရင် ရမှာပါ"ဟု ခင်မမ ပြန်၍ပြောလေ၏။

"နေရာကျလိုက်တာ . . . ထောင်ချောက်ထဲကို ဝင်တော့မယ် "ဟု ယောကျ်ားလုပ်သူက ပြောပြန်လေ၏။



www.burmeseclassic.com

www.burmeseclassic.com

ထိုယောက်ျားမှာ သူဌေးသား လူရှုပ်မောင်မောင်ဦးပင် ဖြစ် သည်။ မောင်မောင်ဦးနှင့် ခင်မမတို့သည် မောင်လမြိုင်သို့ အလ အပတ် ရောက်ရှိကြစဉ်၌ မြနှင်းနွယ်၏အိမ်ကို ရောင်းမည့်သတ နှင့်တကွ၊ ပက်ထရစ်တစ်ဦးတည်း အိမ်စောင့်ကျနေသည့်သတ ကိုပါ ကြားရသဖြင့် မောင်မောင်ဦးက ခင်မမအား ပက်ထရစ် စေလွှတ်ခဲ့ခြင်း ဖြစ်ပေသည်။

မောင်မောင်ဦးသည် ၄င်းဆင်ထားသည့်ထောင်ချောက်အတွ ပက်ထရစ်တစ်ယောက် သက်ဆင်းလာမည်ကိုတွေး၍ ပီတိဖြစ် လေတော့၏။

ထိုအချိန်၌ ပက်ထရစ်မှာမူကား ခြံတွင်းရှိသစ်သားအတိုအ များကို ရှာဖွေလျက် ခင်မမဝင်ခဲ့သော ခွေးတိုးပေါက်ကို ပိတ် ကာရံလျက်ရှိလေတော့၏။

ရွှေနေမောင်ရွှေထွန်းသည် ပက်ထရစ်ထံသို့ အိမ်ကြည့်သူမျ မကြာခဏ ခေါ်၍လာလေ၏။ သို့ရာတွင် ၄င်းခေါ်လာခဲ့သေ သူများမှာ ဝယ်မည့်သူများမဟုတ်ဘဲ အိမ်ပွဲစားများသာ ဖြစ်ကြေ ကိုမူ မောင်ရွှေထွန်းသည် မသိရှာပေ။

ထို့ကြောင့် ပက်ထရစ်သည် ရွှေနေမောင်ရွှေထွန်းအ အောက်ပါအတိုင်း ပြောလေ၏။

"ကိုရွှေထွန်းခေါ်လာတဲ့လူတွေက ဝယ်မယ့်လူတွေမဟုတ် ထင်တယ်၊ ပွဲစားတွေနဲ့ တူပါရဲ့ဗျာ၊ တကယ့်ကို ဝယ်ချင်ပါတ ဆိုတဲ့ လူလောက်ကိုသာ ခေါ်ခဲ့ပါဗျာ၊ ဘာဖြစ်လို့လဲဆိုတော့ ခင်





ခေါ်လာတဲ့လူတွေက နောက်တစ်နေ့မှာ တခြားလူတွေခေါ်လာပြီး အိမ်ကို ပြနေတယ်ဗျ၊ ကျုပ်အထင်တော့ အဲဒီလူတွေဟာ ပွဲစား တွေပဲ ဖြစ်လိမ့်မယ်"

"အေးလေဗျာ . . . ပွဲစားတွေဖြစ်တော့ကော ဘာဖြစ်သလဲ၊ သူတို့ကပါ အိမ်ကိုရောင်းဖို့စပ်လိုက်ရင် မြန်မြန်ရောင်းရတာပေါ့ ဗျာ"ဟု ရွှေနေမောင်ရွှေထွန်းက ပြောပြန်၏။

"ဒါတော့ ဒါပေါ့ဗျာ၊ တကယ်လည်း ဝယ်တာမှမဟုတ်ဘဲနဲ့ အိမ်ကိုလာပြီး ဟိုမေး ဒီမေးနဲ့ အလုပ်ပိုတာပေါ့"ဟု ပက်ထရစ်က ပြောလျှင် ရွှေနေမောင်ရွှေထွန်းက . . .

"အလုပ်ပိုရအောင် ခင်ဗျားမှာ ဘာအလုပ်ရှိလို့လဲ၊ ဒီအလုပ်ပဲ အေးဥစ္စာပဲ ပက်ထရစ်ရယ်၊ စိတ်ရှည်ရှည်ထားမှပေါ့"ဟုပြောလေ၏။

ပက်ထရစ်လည်း မောင်ရွှေထွန်း၏စကားကို ထောက်၍ . . .

"ဒီလူက ငါ့ကို လူပိုတစ်ယောက် အလုပ်မရှိတဲ့လူတစ်ယောက် …ပြီး အထင်သေးနေပြီကော"ဟု တွေးမိသည့်အလျောက် …တ်လက်၍ပြောဆိုခြင်းမပြုတော့ဘဲ အင်္ဂလိပ်သတင်းစာဟောင်း …စ်စောင်ကို ဖတ်၍ နေလေတော့၏။

ညပိုင်းသို့ရောက်လျှင် ပျင်းပျင်းရှိသည်နှင့် စန္ဒရားတီး၍ …နေလေ၏။ ထိုအချိန်၌ ခင်မမသည် လှပစွာဝတ်စားလျက် ခြံ၏ ခွေးတိုးပေါက်မှဝင်ရန် ကြိုးစားနေလေ၏။ ၄င်းခွေးတိုးပေါက်မှာ …ည်း ပက်ထရစ်က ပိတ်ဆို့ထားခဲ့ပြီဖြစ်သဖြင့် ခင်မမအဖို့ အခက် တွေ့နေလေ၏။

"ကိုကို . . ခင် ဝင်လို့မရဘူး၊ အပေါ်ကို ပိတ်ထားလိုက်ပြီ" ဟု ခင်မမက မောင်မောင်ဦးအား လှမ်း၍ပြောလိုက်လေ၏။


www.burmeseclassic.com

www.burmeseclassic.com



"ဒီလိုလုပ်ကွာ၊ ခင့်ကို ကိုကိုက အောက်ကနေ ဖင့်ကိုတွန်း
ပေးမယ်၊ ခင်က အပေါ်ကခြံစည်းရိုးကို လက်နဲ့ဆွဲပြီး ကျော်
ပေတော့"ဟု မောင်မောင်ဦးကပြောသဖြင့် ခင်မမလည်း ခွေး
ပေါက်နေရာမှ ခွာခဲ့ပြီးလျှင် ခြံစည်းရိုးကို တွယ်၍တက်လေ
မောင်မောင်ဦးက အောက်မှနေ၍ ခင်မမ၏တင်ပါးကို လက်
ဖက်ဖြင့် တွန်း၍ပေးလေ၏။ ခင်မမသည် ခြံစည်းရိုး၏အပေါ်တန်
ကိုင်မိလျှင် ခြံအတွင်းဘက်သို့ တွယ်၍ဆင်းလေ၏။ သို့ရာတွ
ကောင်းစွာ မဆင်းတတ်သဖြင့် "ဘုန်း"ကနဲ ခွေးကျ၊ကျ၍ သွား
တော့၏။

"နာလိုက်တာ ကိုကိုရယ်"ဟု ခြံအတွင်းဘက်မှ ခင်မမ
ညည်းလေ၏။

"အနာခံမှ အသာစံရမယ် . . . ခင်ရဲ့"ဟု ခြံအပြင်ဘက်
မောင်မောင်ဦးက အားပေးလေ၏။

ခင်မမလည်း ဖုတ်ဖက်ခါ၍ အိမ်ဘက်ဆီသို့ လျှောက်သ
လေ၏။ အိမ်ဝသို့ရောက်သည့်အခါ၌ တံခါးများပိတ်ထားသည်
တွေ့ရသဖြင့် အိမ်၏နောက်ဖက်သို့ မှောင်ကြီးမည်းမည်းထဲ
စမ်းတဝါးဝါးနှင့် သွားလေ၏။ အိမ်နောက်သို့ရောက်လ
နောက်ဘက်လှေကားမှာ အပေါ်သို့တက်၍သွားလေ၏။ အပေါ်
ရောက်သည့်အခါ၌ တံခါးပိတ်ထားသည်ကိုတွေ့ရသဖြင့် အောက်
ဆင်း၍ ခြံဝသို့ပြန်လာပြီးလျှင် မောင်မောင်ဦးကိုခေါ်၍ . .

"ကိုကို . . တံခါးတွေကို အတွင်းဘက်က ဂျက်ချပြီး ပိတ်
တယ်၊ ခင် ဝင်လို့မရဘူး"ဟု တီးတိုးလေသံဖြင့် ပြောလေ
မောင်မောင်ဦးလည်း ခေါင်းကုပ်၍ အကြံထုတ်ရလေ၏။ တအေ





အကြံထုတ်ပြီးနောက် . . .

"ဒီလိုလုပ် . . ခင်က ဟိုအိမ်ဘေးမှာ သွားပုန်းနေချေ၊ ကိုကိုက
တ ပက်ထရစ်ထွက်လာအောင် အသံပေးမယ်၊ သူက တံခါးဖွင့်ပြီး
ထဲကိုဆင်းလာရင် ခင်က အဲဒီတံခါးပေါက်ကနေ အသာကလေး
င်သွားရုံပဲ"ဟု ပြောလျှင် ခင်မမသည် အိမ်ဘေးဆီသို့ ပြေး၍
န်းနေလေ၏။

ထိုအခါ မောင်မောင်ဦးက အိမ်ပေါ်ထပ်သို့မော့ကာ အသံဖျက်
အောက်ပါအတိုင်း အော်ခေါ်လိုက်လေတော့၏။

"ပက်ထရစ် . . . ဟေ့ ပက်ထရစ်၊ တံခါးဖွင့်ပါ၊ မြနှင်းနွယ်ပွဲရုံ
လူပါ၊ မြနှင်းနွယ်ရဲ့စာ ပါလာတယ်"

ပက်ထရစ်လည်း ခေါ်သံကြား၍ ဝရံတာသို့ထွက်ကာ အပြင်သို့
ကြည့်သော်လည်း မှောင်မည်း၍နေသဖြင့် တစ်စုံတစ်ရာမျှ မမြင်
တွေ့ရပေ။ ခေါ်သံကိုမူ ဆက်၍ကြားနေရသဖြင့် "လာပြီ"ဟု
အော်ဟစ်ကာ အောက်ထပ်သို့ဆင်း၍ တံခါးဖွင့်ပြီးလျှင် ခြံတံခါး
သို့ လျှောက်သွားလေတော့၏။

ထိုအချိန်၌ အိမ်ဘေးတွင် ပုန်း၍နေသော ခင်မမသည်
က်ထရစ်ထွက်သွားသော အိမ်တံခါးပေါက်မှ ခြေသံမကြားအောင်
င်၍ သွားပြီးလျှင် အိမ်ပေါ်ထပ်သို့တက်ကာ အိပ်ခန်းအတွင်းသို့
င်ရောက်၍ ပက်ထရစ်အိပ်မည့်အိပ်ရာ၌ ပက်လက်လှန်လျက်
စန့်သား အိပ်၍နေလေတော့၏။

ပက်ထရစ်မှာမူ ခြံတံခါးသို့ရောက်သည့်အခါ၌ တစ်စုံတစ်
ယာက်မှ မတွေ့ရသဖြင့် အံ့သြ၍နေလေ၏။ မောင်မောင်ဦးမှာမူ
င်းထိပ်ဆီသို့ သုတ်ခြေတင်၍ ပြေးလေတော့၏။



www.burmeseclassic.com

www.burmeseclassic.com



ပက်ထရစ်လည်း အိမ်ဘက်သို့ပြန်လာပြီးလျှင် အိမ်တွင်း
ဝင်၍ တံခါးကိုပိတ်ကာ အပေါ်ထပ်သို့ တက်သွားလေ၏။ အပေါ်
ထပ်သို့ရောက်လျှင် ကော်ဖီသောက်၍အိပ်မည်ဟု စဉ်းစား
ကော်ဖီကိုဖျော်လေ၏။ ကော်ဖီဖျော်၍ပြီးလျှင် ကော်ဖီပန်းကန်
ယူခဲ့၍ အိပ်ခန်းအနီးရှိ စားပွဲပေါ်၌တင်ကာ ပြတင်းပေါက်တံ
များကို လျှောက်၍ပိတ်လေ၏။ ထိုအချိန်၌ ခင်မမသည် အိပ်
နေရာမှ ကပျာကရာထ၍ အသင့်ယူလာသော အိပ်ဆေးမှုန့်
ပက်ထရစ်၏ကော်ဖီခွက်အတွင်းသို့ ထည့်လေတော့၏။

ပက်ထရစ်လည်း ပြတင်းပေါက်တံခါးများပိတ်ပြီးနောက် စား
ပေါ်မှကော်ဖီကို ကောက်၍မော့လေ၏။ ထိုသို့မော့ပြီး တအော
ကြာလျှင် ခေါင်းထဲတွင် ရီဝေ၍လာလေ၏။ ရီဝေရာမှတ
မှူးနောက်၍လာပြန်၏။ နောက်ဆုံးတွင် ၎င်း၏ကိုယ်ကို အနိုင်
ထိန်းလျက် အိပ်ခန်းတွင်းသို့ဝင်ကာ အိပ်မည်အပြုတွင် အိပ်
ပေါ်တွင် စန့်စန့်ကြီးအိပ်လျက်ရှိနေသော ခင်မမကို မြင်ရလေ
သို့ရာတွင် ပက်ထရစ်သည် မျက်လုံးများရီဝေနေပြီဖြစ်သဖြင့် မည်
မည်ဝါဟု မသဲကွဲသဖြင့် အားစိုက်၍ကြည့်နေရင်းနှင့်ပင် ခေါ်
အပေါ်သို့ မှောက်လျက်သားလဲကျကာ သတိလစ်၍ သွားလေတော့

ထိုအခါ၌ ခင်မမသည် ပက်ထရစ်၏အဝတ်အစားများ
ချွတ်ပစ်လေ၏။ ထို့အတူ ၎င်း၏အင်္ကျီနှင့်အထက်ပိုင်းကိုလည်
ဗလာဖြစ်အောင် လုပ်ပစ်လိုက်လေတော့၏။

များမကြာမီ၌ သဒ္ဒေးသားမောင်မောင်ဦးသည် ရာဇဝတ်အု
စိန်မောင်နှင့် ကုလားရှေ့နေတစ်ဦးကို ခေါ်လာပြီးလျှင် ပက်ထရ
မြဲဝင်းတံခါးသော့ကိုဖျက်၍ အတွင်းသို့ဝင်လာခဲ့လေ၏။ ခြံတွင်း





ရောက်လျှင်လည်း အိမ်တံခါးမှန်ချပ်ကို ရိုက်ခွဲ၍ ဂျက်ကိုလက်ဖြင့်
နှိုက်ကာ တံခါးဖွင့်ပြီး အတွင်းသို့ဝင်လေ၏။ အတွင်းသို့ရောက်လျှင်
မောင်မောင်ဦးက . . .

"ရာဇဝတ်အုပ်မင်းရယ်၊ ကျုပ်က ကျုပ်မိန်းမကို မသင်္ကာနေတာ
ကြာပါပြီ၊ အခုတော့ ကျုပ်မျက်စိနဲ့ကို မြင်တာ၊ ကျုပ်မိန်းမက
မောင်စပျိုးလောက်မှာ ဒီကိုရောက်လာတယ်၊ ပက်ထရစ်ဆိုတဲ့
အကောင်က တံခါးဖွင့်ပေးတယ်၊ ဒီကောင်ဟာ တော်တော်ကို
ယုတ်မာတဲ့ ကောင်ပါပဲ"ဟု တီးတိုးလေသံဖြင့် ပြောလေ၏။

ထို့နောက် မောင်မောင်ဦးက ခေါင်းဆောင်၍ အပေါ်ထပ်သို့
တက်လေ၏။ ရာဇဝတ်အုပ်ဦးစိန်မောင်နှင့် ကုလားရှေ့နေကြီးက
နောက်မှလိုက်ကြလေ၏။ အပေါ်ထပ်သို့ရောက်လျှင် အဆင်သင့်
တွေ့ရသော မှန်အိမ်ကိုကောက်ယူ၍ အိပ်ခန်းကို ရှာဖွေလေ၏။
အိပ်ခန်းကိုတွေ့ရလျှင် မှန်အိမ်ကိုမြှောက်၍ ကြည့်လေ၏။

"ရှူး . . . တွေ့ပြီ . . . တွေ့ပြီ . . . ဟိုမှာတွေ့လား၊ နှစ်ယောက်
သား ဝတ်လစ်စလစ် အိပ်ပျော်နေလိုက်ကြတာများ"ဟု မောင်မောင်ဦး
တပြောလျှင် ကုလားရှေ့နေကြီးသည် ရှေ့သို့လှမ်း၍လာပြီးလျှင်
မောင်မောင်ဦး၏လက်တွင်းမှ မှန်အိမ်ကိုဆွဲယူ၍ မီးစာကိုမြှင့်ကာ
အိပ်ခန်းဆီသို့ တိုးကပ်သွားလေ၏။

ရာဇဝတ်အုပ်နှင့် မောင်မောင်ဦးလည်း နောက်မှ လိုက်ကြ
လေ၏။

ခုတင်ပေါ်၌ကား အပေါ်ပိုင်းဗလာကျင်း၍နေသော ခင်မမနှင့်
တကိုယ်လုံး ဗလာကျင်း၍နေသော ပက်ထရစ်တို့ကို ကောင်းစွာ
တွေ့မြင်ကြရပြီဖြစ်ပေသည်။



www.burmeseclassic.com

www.burmeseclassic.com

ရာဇဝတ်အုပ်က ပက်ထရစ်အား နှိုး၍ဖမ်းမည်ဟု ရှေ့သို့တိုး သွားသဖြင့် မောင်မောင်ဦးက လက်ကိုဆွဲ၍ထားရလေ၏။

မောင်မောင်ဦးသည် ရာဇဝတ်အုပ်နှင့် ကုလားရှေ့နေကြီး အပြင်သို့ဆွဲထုတ်ခဲ့ပြီးနောက် တီးတိုးလေသံဖြင့် . . .

"ဒါကြောင့် ကျုပ်ကပြောတာပေါ့၊ အခုအခါမှာ ဖမ်းဖို့လဲ မ ပါဘူး၊ ဒါပေမယ့် တစ်ချိန်ချိန် ကျုပ်မိန်းမနဲ့ ကျုပ်နဲ့ လင်ခ မယားခန်း ဖြတ်ကြရင်တော့ ဒီအချက်ကို ကျုပ်ဘက်က ခင်ဗျာ နှစ်ယောက်က သက်သေလိုက်ကြရမယ်"ဟု ပြောလေ၏။

"သက်သေပဲ လုပ်ရတော့မှာပေါ့ဗျာ၊ နို့မို့ ဒီအမှုမျိုး ကျုပ်သ လိုက်ရရင် သေချာပေါက်ပေါ့"ဟု ကုလားရှေ့နေကြီးက အင်္ဂလိ ဘာသာဖြင့် တဖြစ်တောက်တောက် ပြောလေတော့၏။

ထို့နောက် ၎င်းတို့သုံးဦးသည် လာလမ်းအတိုင်း ပြန်၍ ထွက် လေတော့၏။ မောင်မောင်ဦးသည် ပက်ထရစ်အား ချောက်တွန်း အကွက်ဆင်လိုက်နိုင်ပြီဖြစ်၍ ဝမ်းထဲတွင် တကျိကျိနှင့် ကျေ ဝမ်းသာလျက်ရှိပေ၏။

နံနက်မိုးလင်းသည့်အခါ၌ ပက်ထရစ်သည် အိပ်ရာမှနိုးလေ ပက်ထရစ်၏စိတ်၌ ညကအဖြစ်အပျက်ကို အိပ်မက်ဟု၍ပင် ထင်မှ နေလေ၏။ သို့ရာတွင် အိပ်ရာပေါ်တွင် ကြေမွလျက်ရှိသော နှင်း ပန်းကလေးဆီသို့ မျက်စိရောက်သွားသည့်အခါ၌ ပက်ထရစ်သ လွန်စွာ တုန်လှုပ်၍သွားလေတော့၏။

ထို့ကြောင့် နှင်းဆီပန်းဖတ်ကလေးကို ကောက်ယူ၍ကြည့်က "ညက ဘယ်လိုဖြစ်တာပါလိမ့်၊ ခင်မမနဲ့အတူ အိပ်ခဲ့ရပါလား" တွေးတောရင်း ခေါင်းရှုပ်၍လာသဖြင့် အိပ်ခန်းအပြင်သို့ ထွက်ခဲ့ရ





အပြင်ဘက်ရှိ စားပွဲပေါ်တွင် မှန်အိမ်ဖြင့်ဖိထားသည့် စာရွက်ခေါက် ကလေးကို တွေ့မြင်ရသဖြင့် ကောက်ယူ၍ဖတ်ကြည့်ရာ အောက်ပါ စာကို တွေ့ရလေတော့၏။

**ပက်ထရစ်**

ခင် . . . ပြန်သွားပြီ ညတ ခင့်ရဲ့ အပျိုစင်ဘဝကို ပက်ထရစ်ကို အပ်နှံခဲ့ရပြီလေ၊ ဒါကို ခင့်အနေနဲ့ ဝမ်းမနည်း ပါဘူး . . .။ ခင်က ချစ်နေတာကိုး။

ပက်ထရစ်တလည်း ခင့်ရဲ့အပျိုရည်ကို ပျားပိတုံးလို . . . တင့်အင်း . . . ဟင့်အင်း ပျားပိတုံးလို မတုတ်ဘူး၊ မုန်ယို နေတဲ့ ဆင်ပေါက်ကြီးတစ်ကောင်လို နင်းခြေဝါးမြိုရက်ပါ ပေတယ်ကွယ်၊ ဒါပေမယ့်လေ ပက်ထရစ်ကို အပိုင်မရနိုင်တဲ့ ခင့်အဖြစ်ကိုတော့ ဝမ်းနည်းမိပါရဲ့။

**ပက်ထရစ်ကို အစဉ်ချစ်နေမယ့်**
**ခင်**

ပက်ထရစ်သည် ၎င်းစာကိုဖတ်ပြီးနောက် ခေါင်းရှုပ်၍ လာလေ၏။ "ငါဟာ ညတုန်းက ဆင်ပေါက်ကြီးတစ်ကောင်လို သူ့ရဲ့အပျိုရည်ကို ရမ်းကားဖျက်ဆီးခဲ့တယ်ဆိုပါလား၊ ငါလဲ မသိရပါလား၊ ဘယ်လို ဖြစ်တာပါလိမ့်" ဟူ၍တွေးရင်း ရေချိုးခန်းသို့ ဝင်လေ၏။

ထိုအချိန်၌ မောင်မောင်ဦးနှင့် ခင်မမတို့သည် မော်လမြိုင် အောက်လမ်းမကြီးရှိ ၎င်းတို့တည်းခိုရာ အိမ်ကြီးတစ်အိမ်၏ အပေါ် ထပ်၌ အောက်ပါအတိုင်း ပြောဆိုနေကြလေ၏။



www.burmeseclassic.com

www.burmeseclassic.com

"ကိုကိုတို့ဝင်လာတော့ ခင်ဖြင့် ရှက်လိုက်တာ၊ ဒီကြားထဲ ကုလား ရွှေနေကြီးက မှန်အိမ်ကြီးမြှောက်ပြီး ခင့်အနားကို လာကြည့်သေး တယ်၊ တဏှာရူး ကုလားကြီး"ဟု ခင်မမက ပြောလေ၏။

"ဟိုကောင် သတိပြန်ရသေးလား ခင်"ဟု မောင်မောင်ဦးက မေးလေ၏။

"အောင်မလေး . . . အသေကောင်ကျနေတာပဲ၊ ခင်ပြန်လာ အထိ အိပ်ဆေးက မပျယ်သေးဘူး"ဟု ခင်မမကပြောလျှ မောင်မောင်ဦးက ၎င်း၏ရင်ဘတ်ကို လက်ဝါးဖြင့်ဖိ၍ . . .

"တော်သေးတာပေါ့၊ ဒီကောင် သတိရလာပြီး ခင့်ကို တကယ်မှာ မတော်မတရား ပြုလေမလားလို့ ကိုကိုမှာ နတ်,သိကြားတွေ တိုင်တည်လိုက်ရတာ၊ ဟဲ . . ဟဲ၊ ကိုကိုလေ မလွှဲသာလို့သာ ခင့် နိုင်းရတယ်၊ ရင်ထဲမှာ မချိပါဘူး ခင်ရယ်၊ အခုလို မှဲ့တစ်ပေါက် မစွန်းဘဲ ပြန်ရောက်လာတာကိုက ကိုကိုနဲ့ ခင်တို့လို သူတော်ကောင် တွေကို နတ်ကောင်းတွေက စောင့်ကြတာပဲ ဖြစ်ရမယ်"ဟု ပတ် နှပ်ချွဲလေသံဖြင့် ပြောလေ၏။

"ဒီကလဲ ကိုကိုကလွဲပြီး၊ တခြားယောက်ျားကို စိတ်နဲ့တောင် မဖြစ်မှားတဲ့မိန်းမမြတ်ကလေးပါ ကိုကို"ဟု ခင်မမက တကယ့် ဣန္ဒြေရှင် မိန်းမမြတ်ကလေးတစ်ဦး၏ ဂိုက်မျိုးဖြင့် ပြောလိုက် လေတော့သတည်း။

ဏ ဏ ဏ



# ကြိုပ်မ လာပြန်ပြီ

အထက်ပါ ပြပါ အဖြစ်အပျက်ဖြစ်သွားပြီး တစ်ပတ်ခန့်အကြာ တွင် ရွှေနေမောင်ရွှေထွန်းသည် ပက်ထရစ်ထံသို့ ရောက်လာပြီးလျှင် မိမိ ရန်ကုန်သို့ တစ်ခေါက်ပြန်ခဲ့ပြီဖြစ်ကြောင်း၊ မြနှင်းနွယ်လည်း နက်ဖြန်လာမည်ဖြစ်ကြောင်း ပြောဆိုလေ၏။

ထို့ကြောင့် နောက်နေ့ မော်တော်ဆိုက်ချိန်၌ ပက်ထရစ်သည် မြနှင်းနွယ်ကို ကြိုဆိုရန်အတွက် ကမ်းနားဆိပ်သို့ ထွက်ခဲ့လေ၏။ ကမ်းနားဆိပ်သို့ရောက်လျှင် ခင်မမနှင့် မျက်နှာချင်းဆိုင် တိုးမိ လေ၏။

"ဟေး . . . ပက်ထရစ်၊ ခင့်ကို မမြင်ချင်ဟန်ဆောင်သွားတယ် ပေါ့လေ၊ ဒါကြောင့် ခင်တို့အဘွားက ပြောဖူးတယ်၊ ယောက်ျားတွေ ဟာ သိပ်ပြီးရက်စက်ကြတယ်တဲ့၊ ဘာပဲဖြစ်ဖြစ်လေ၊ ခင်ကတော့ ပက်ထရစ်ကို မေတ္တာရှိနေတာကိုး၊ ပက်ထရစ်က မခေါ်ချင်လဲ ခင်ကပဲ လိုက်ခေါ်ရမှာပဲ၊ ကဲ . . . ဆိုစမ်းပါဦး၊ ဘယ်ကိုလဲ"ဟု ခင်မမက မေးလေ၏။

"ကျုပ်မိန်းမ လာမယ်ဆိုလို့ ဆင်းပြီး ကြိုမလို့ပါ"ဟု ပက်ထရစ်က ဣန္ဒြေကြီးသောမျက်နှာနှင့် ပြန်၍ပြောလေ၏။


www.burmeseclassic.com

"အော် . . . အတော်ပဲ ခင်လဲ ပက်ထရစ်ရဲ့ ရင်နှစ်ပုလဲသွ မြနှင်းနွယ်ကို တစ်ခါမှ မမြင်ဖူးသေးဘူး၊ ခင်ပါ ကြိုမယ်"ဟု ခင်မမ ပြောလျှင် ပက်ထရစ်သည် ထိတ်ထိတ်ပြာပြာဖြင့် . . .

"မ . . . မ . . . မလုပ်ပါနဲ့ဗျာ၊ ရှိကြီးခိုးပါရဲ့၊ ကျုပ်မိန်းမ အထင်လွဲနေပါဦးမယ်"ဟု ပြောလေ၏။

"ဟိ . . . ဟိ၊ မိန်းမမသိအောင် ခိုးကြောင်ခိုးဝှက် လုပ်ထာ တာတွေ ပေါ်ကုန်မှာကြောက်နေပြီလား၊ စိတ်ချပါရှင်၊ အဲဒီကိစ္စ ခင်က ပြောပါ့မလား၊ ခင်တို့က ဣန္ဒြေရှင်မိန်းကလေးပါ၊ ပြီးတော့ ပက်ထရစ်က မိန်းမတွေကို အူတိုမျိုးဆိုပြီး အထင်သေးနေတာကို ခင်တို့မိန်းမတွေက သဘောထားကြီးပါတယ်"ဟု ခင်မမက ပြောလေ၏

ထိုသို့ပြောဆိုနေကြသည့်အချိန်၌ပင် မြနှင်းနွယ် လိုက်ပါလာ သော ကူးတို့မော်တော်ကလေးသည် ဆိုက်ရောက်လာလေတော့၏

ပက်ထရစ်လည်း မြနှင်းနွယ်ကိုမြင်လျှင် ခြေဖျားထောက်၍ လက်ပြရင်း "မမနွယ် . . . မမနွယ်"ဟု ကလေးတစ်ဦးပမာ အော်ဟစ် နှုတ်ဆက်လေတော့၏။

"မောင်လေး"

မြနှင်းနွယ်ကလည်း အားရဝမ်းသာ နှုတ်ဆက်၍ ပက်ထရ ထံသို့ လာလေ၏။ ပက်ထရစ်ကလည်း ပြေးသွားလေ၏။

"မောင်လေးရယ် . . . မမဖြင့် မှတ်တောင် မမှတ်မိဘူး၊ ပိန်သွာ လိုက်တာ၊ ဟုတ်တာပေါ့လေ၊ အစားအသောက်မှ ကောင်းကောင်း မစားရရှာပဲ၊ မဖြစ်ဘူး . . . မဖြစ်ဘူး . . . အိမ်ဝယ်မယ့်လူလာရင် ရန်ကုန်မှာပဲ လာတွေ့ပစေတော့၊ မောင်လေးကိုတော့ ရန်ကုန်ကို ပြန်ပြီးခေါ်သွားရမယ်"ဟု မြနှင်းနွယ်က ဝမ်းနည်းလေသံကြီးဖြင့် ပြောလေ၏။





"အော် . . . ရှင့်မောင်လေး ပိန်သွားတာ အစားအသောက် ကောင်းလို့ မဟုတ်ပါဘူး၊ လွမ်းလို့ဖြစ်မှာပါ၊ အစားအသောက် တော့ ခင်က ပို့ပေးနေတာပဲ"ဟု ခင်မမက ဝင်၍ပြောလိုက်လေ၏။ ထိုအခါကျမှပင် ပက်ထရစ်က . . .

"မမ , ဒါ . . . ခင်မမတဲ့၊ ရာဇဝတ်ဝန်ထောက်ဦးဘာဘာရဲ့ သူမပေါ့"ဟု မိတ်ဆက်ပေးလေ၏။

"အော် . . . ကျေးဇူးတင်လိုက်တာ မခင်မမရယ်၊ နွယ်ဖြင့် က်ထရစ်အတွက် စိတ်ပူနေတာ၊ အခုတော့ မခင်မမက အကူအညီ ပေးတယ်ဆိုတော့ ကျေးဇူးတင်လိုက်တာရှင်၊ ကြို့ကုန်းမှာ . . . အော် . . . အော် . . . ပက်ထရစ်တို့အိမ်ကြီးကို သိမှာပေါ့၊ ရောက်ရင် ဝင်ပါနော်"ဟု မြနှင်းနွယ်က လိုက်လိုက်လှဲလှဲ ပြောလေ၏။

ထို့နောက် မြနှင်းနွယ်နှင့် ပက်ထရစ်တို့သည် ခင်မမကို နှုတ်ဆက် တာ အိမ်သို့သွားကြလေ၏။ အိမ်သို့ရောက်လျှင် ပက်ထရစ်က မြနှင်းနွယ်၏ လက်ဖျားကလေးများကို ကိုင်၍ . . .

"မမကို လွမ်းလိုက်တာ မမရယ်"ဟုပြောလျှင် မြနှင်းနွယ်က. . .

"မမကို လွမ်းလို့ရှိရင် . . . မမဆီကို သတိမရအောင် မခင်မမနဲ့ စိတ်ပြေလက်ပျောက် စကားပြောနေပေါ့ကွယ်"ဟု ပြောလေ၏။ မြနှင်းနွယ်က ရိုးရိုးပြောသော်လည်း ပက်ထရစ်၏ရင်၌ ဒိတ်ကနဲ လန့်သွားလေ၏။

ညနေပိုင်းသို့ရောက်လျှင် လမုတန်းမှ မင်းမောင်၏နှစ်မ မြကျင် ရောက်လာပြီးလျှင် မြနှင်းနွယ်အနီးသို့ ကပ်လျက် . . .

"မမနွယ် . . . အစ်ကိုက တွေ့ချင်တယ်တဲ့၊ မမနွယ် ဒီကနေ ရန်ကုန်ကရောက်လာတာကို တရုတ်ဆိုင်က အပုလေးကပြောတယ်၊



www.burmeseclassic.com

www.burmeseclassic.com

ကိစ္စကတော့ မြရှင်ကိစ္စပဲ၊ မြရှင်ကိစ္စအတွက် အစ်ကိုဟာ တော်တော် စိတ်ဆင်းရဲနေရတယ် မမနွယ်"ဟု ပြောလေ၏။

ထို့ကြောင့် မြနှင်းနွယ်သည် လမ်းမတန်းရှိ မင်းမောင်တို့၏အိမ် မြကျင်နှင့်အတူ လိုက်ပါသွားလေ၏။ မင်းမောင်တို့၏ အိမ်တွင်း ကိစ္စဖြစ်သဖြင့် ပက်ထရစ်ကို မခေါ်သင့်ဟု ယူဆသဖြင့် မခေါ်ခဲ့

မင်းမောင်သည် အားကိုးကြီးစွာဖြင့် မြနှင်းနွယ်ကို မျှော်လင့် နေသည်ဖြစ်ရာ မြနှင်းနွယ်လာသည်ကို မြင်တွေ့လျှင် ၎င်း၏ မျက်နှာသည် ပြုံးရွှင်၍သွားလေ၏။

"အနွယ်ရယ်၊ ဒုက္ခရောက်နေတုန်း နင်ရောက်လာတာနဲ့ အတော် ပဲဟယ်၊ ခရီးရောက်မဆိုက် ပြောရဦးမယ်၊ မြရှင်ကို ပဲခူးမှာ တွေ့ တယ်လို့ ဈေးထဲကမိန်းမတစ်ယောက်က ပြောတယ်၊ သူတစ်ပါးနဲ့ မယားငယ် ဖြစ်နေတယ်ဆိုပဲ၊ သူ့ယောကျ်ားကလဲ သူ့ကို တော်တော် နှိပ်စက်တယ်လို့ ပြောတယ်၊ အိမ်ကိုလဲ မပြန်ဝံ့ဘဲ စိတ်ဆင်းရဲ ကိုယ် ဆင်းရဲ ဖြစ်နေရှာတယ်တဲ့၊ အဲဒီကိစ္စ အမေ့ကိုတော့ အသိမပေးရ သေးဘူး၊ ဘယ်လိုလုပ်ရမယ်ဆိုတာ အကြံပေးပါဦးဟယ်"ဟု မင်းမောင်က ဆီး၍ ပြောလေ၏။

"အေးဟယ် . . . ငါလဲ စုံစမ်းပါဦးမယ်၊ တွေ့ရင် ငါပဲ ခေါ်ထား လိုက်ပါ့မယ်၊ ပြီးတော့ နင်တို့ဆီကို ပို့ပေးပါ့မယ်၊ နင်တို့က သတင်း အတိအကျရရင်လဲ ငါ့ဆီကို အကြောင်းကြားပေါ့"ဟု ပြောလေ၏။

ထို့နောက် မင်းမောင်နှင့် မြနှင်းနွယ်တို့သည် မြရှင်အကြောင်းကို ဆက်လက် တိုင်ပင်ဆွေးနွေးကြလေ၏။ အတော်အတန် မိုးချုပ်သည့် အခါကျမှပင် မြနှင်းနွယ်သည် မြင်းလှည်းငှား၍ ပြန်ခဲ့လေတော့၏။

မြနှင်းနွယ်နှင့် ပက်ထရစ်သည် မော်လမြိုင်၌ နှစ်ရက်မျှ နေထိုင်





လျှင် အိမ်အရောင်းအဝယ်ကိစ္စကို ရွှေနေမောင်ရွှေထွန်းနှင့် စ်နှံခဲ့ပြီးနောက် နှစ်ယောက်စလုံး ရန်ကုန်သို့ ပြန်ခဲ့ကြလေ တော့၏။

ရန်ကုန်သို့ ရောက်သည့်အခါ၌ မြနှင်းနွယ်သည် နံနက်တိုင်း သို့သွား၍ အလုပ်ကိစ္စများ စီစဉ်ရလေ၏။ ပက်ထရစ်မှာမူ ထုံးစံ တိုင်း အိမ်၌ပင် ကျန်ရစ်ခဲ့လေသည်။

ထမင်းစားချိန်သို့ ရောက်သည့်အခါ၌ စိန်ကြည်က ထမင်းပွဲ ဆင်၍ ပေးလေ၏။

ထိုအချိန်၌ မိန်းမရှာအသောင်းက စိန်ကြည်ကိုခေါ်၍ . . .

"ဟဲ့ . . . စိန်ကြည်၊ စားပွဲခင်းတွေ လျှော်ခိုင်းထားတာ ခုထိ လျှော်သေးဘူးလား"ဟု မေးလျှင် စိန်ကြည်က . . .

"ပြီးရင် လျှော်ပါ့မယ် သောင်းသောင်းရဲ့"ဟု ပြန်၍ပြောလေ၏။

"ပြီးရင် လျှော်မယ်ဆိုရအောင် ညည်းက အခု ဘာလုပ်နေလို့လဲ" ဟု မိန်းမရှာအသောင်းက မေးလေ၏။

"ကိုပက်ထရစ်ကို ထမင်းကျွေးနေရတယ်လေ"ဟု စိန်ကြည်က ပြန်၍ ပြောလိုက်သည့်အခါ မိန်းမရှာအသောင်းက . . .

"အောင်မယ်လေးတော်၊ လက်နဲ့ခြေနဲ့ ရှိရဲ့သား၊ သူများခွံကျွေးမှ စားနိုင်သတဲ့လား . . . ၊ မိနွယ်ကလဲ မော်လမြိုင်ကနေ တကူးတက သွားပြီး ခေါ်ခဲ့ပြန်သတဲ့၊ အံ့ရော . . . "ဟု ပြောလေ၏။

"ကြားသွားပါ့မယ် သောင်းသောင်း"ဟု စိန်ကြည်ကပြောလျှင် မိန်းမရှာအသောင်းက . . .

"ကြားကြား"ဟု ပြန်၍ အော်လိုက်လေ၏။

ပက်ထရစ်သည် ပါးစပ်တွင်းသို့ သွင်းမည့်ဆဲဆဲဖြစ်သော ထမင်း



www.burmeseclassic.com

www.burmeseclassic.com

လုပ်ကို မသွင်းဖြစ်ဘဲ ရှိလေ၏။ မိန်းမရှာအသောင်းနှင့် စိန်ကြည်တို့ ပြောဆိုနေကြသော စကားများကို ကောင်းစွာကြားရသဖြင့် စိတ်ထဲတွင် ခိုးလိုးခုလု ဖြစ်၍သွားလေ၏။

ထိုကိစ္စနှင့်ပတ်သက်၍ မြနှင်းနွယ်အား ပြောရန် သင့်မသင့် စဉ်းစားမိသည့်အလျောက် ပက်ထရစ်သည် တစ်လုံးတစ်ပါဒမျှ မပြောဘဲ ရေငုံ၍နေလေ၏။

မိန်းမရှာအသောင်းမှလည်း အချိန်ရတိုင်း ပက်ထရစ်အား စောင်းမြောင်း ပြောဆို၍ နေလေ၏။

ထို့ကြောင့် မြနှင်းနွယ်မရှိသည့်အခါ၌ ပက်ထရစ်သည် ငရဲအသေးစား ခံ၍နေရသကဲ့သို့ ရှိလေ၏။

"မမနွယ် . . . ကျွန်တော် အလုပ်လုပ်ပါရစေ"ဟု ပက်ထရစ်က မကြာခဏ ပူဆာသော်လည်း မြနှင်းနွယ်က . . .

"အေးအေးနေပါ မောင်လေးရယ်"ဟုသာ ပြောလေ့ရှိသဖြင့် ပက်ထရစ်အဖို့ အခက်ကြီးခက်၍ နေလေတော့၏။

တစ်နေ့သ၌ ပက်ထရစ်သည် ရေမိုးချိုး၍ အကျီဘောင်းဘီ အသစ်များကို လဲလှယ်ဝတ်ဆင်ကာ ဝတ်ပြီးသားအဟောင်းများကို အဝတ်ခြင်းအတွင်းသို့ ထည့်လေ၏။

ထိုအချိန်၌ မိန်းမရှာအသောင်း ရောက်လာပြီးလျှင် . . .

"ဒီမှာ ဒီမှာ၊ တဆိတ်ကလေး နားထောင်ပါဦး၊ အဝတ်လျှော်တဲ့လူတစ်ယောက်ထဲ ရှိတယ်၊ မိနွယ်ရဲ့အဝတ်အစားလဲ လျှော်ရ၊ မင်းရဲ့အဝတ်အစားလဲ လျှော်ရဆိုတော့ တဆိတ်ကလေး ညှာတာရင် ကောင်းတယ်၊ တစ်နေ့တစ်ထည်လဲနေတော့ လျှော်တဲ့လူက မတတ်နိုင်ဘူးကွယ့်"ဟု ပြောလေ၏။





ထိုနေ့မှစ၍ ပက်ထရစ်သည် အဝတ်အစား လဲခါနီးတိုင်း မိန်းမရှာအသောင်း၏ အရိပ်အခြေကိုကြည့်၍ လဲရရှာလေ၏။ အဝတ်အစားများကိုလည်း ခါတိုင်း၌ ချွေးစော်နံလျှင် လဲလှယ်ခဲ့သော်လည်း ယခုအခါ၌မူ ချွေးနံ့နံစေတတ်သော ချိုင်းနေရာနှင့် လည်ဂုတ်နေရာများ၌ ပေါင်ဒါမှုန့်ဖြူး၍ ဝတ်ရှာလေတော့၏။

တစ်ညတွင် မြနှင်းနွယ်က ပက်ထရစ်အား မောင်လေးဟုဆိုကာ ချိုင်း၍ဖက်လိုက်သည်တွင် ပက်ထရစ်၏ကိုယ်မှ ချွေးစော်နံသဖြင့် . . .

"မောင်လေး . . . ဒီနေ့ ရေမချိုးဘူးလား၊ မကြည့်နေတာကြာတော်ကြာပြီ၊ အရင်နဲ့ မတူဘူး၊ အားကြီးညစ်ပတ်တယ်၊ ချွေးစော်ကို ဟောင်နေတာပဲ၊ သွားပြီး ရေချိုးချည်၊ ဒီအကျီဝတ်ထားတာ နှစ်ရက်ရှိပြီ၊ လဲလိုက်တော့၊ ပြီးတော့ တစ်နေ့တစ်ခါ အကျီလဲရမယ်"ဟု အမိန့်ချလိုက်လေတော့၏။

ပက်ထရစ်သည် မြနှင်းနွယ်နှင့် မိန်းမရှာအသောင်း၏ကြားတွင် ညှပ်ပူးညပ်ပိတ် ဖြစ်၍နေလေတော့၏။ မြနှင်းနွယ်ပြောသည့်အတိုင်း အကျီကို တစ်နေ့တစ်ထည်လဲလျှင် မိန်းမရှာကြီးက ဆူပူ၏။ တစ်နေ့တစ်ထည် မလဲပြန်လျှင်လည်း မြနှင်းနွယ်က နှာခေါင်းရှုံ့လေ၏။

နောက်ပိုင်းတွင် ပက်ထရစ်အဖို့ ထမင်းစားရသည်ပင် မလွယ်တော့ပေ။ မိန်းမရှာအသောင်းက "ဟင်းချည်းပဲ စားတယ်၊ အလုပ်သာမလုပ်တယ်၊ ထမင်းက တယ်စားတာကိုး" စသည်ဖြင့် မြည်တွန်လေတော့၏။

ပက်ထရစ်သည် စိတ်ဆင်းရဲစွာဖြင့် နေထိုင်ခဲ့ရလေတော့၏။ ထို့ကြောင့် ညစာကို မြနှင်းနွယ်ပြန်လာသည့်အခါမှပင် မြနှင်းနွယ်နှင့်အတူ စားလေ၏။ ထိုအခါ၌ ဝနင့်အောင်စား၍ မြနှင်းနွယ်ကျန်သည့် နံနက်စာကိုမူ လျှော၍စားရလေ၏။



www.burmeseclassic.com

www.burmeseclassic.com



**ဝတ်ထရစ်အား** အပြင်ဘန်းမှကြည့်လျှင် မြနှင်းနွယ်ကဲ့သို့သော **သူဌေးတစ်ဦးကို** အရယူ၍ အလုပ်မလုပ်ရဘဲ ဇိမ်ကျနေသည် **ထင်မှတ်ဖွယ်ရှိသော်လည်း** အမှန်စင်စစ်အားဖြင့် ဘိုအိမ်ကြီးပေါ် ငရဲအသေးစားကလေးကို ခံ၍နေရရှာသူ ဖြစ်ပေသည်။

တစ်နေ့သ၌ မြနှင်းနွယ်သည် ပွဲရုံသို့သွားရန် ကိစ္စမရှိသဖြင့် ပက်ထရစ်ကိုခေါ်ကာ ခြံအတွင်း၌ထိုင်လျက် စကားပြောစဉ်၌ ခြံတွင်းသို့ မိန်းမတစ်ဦး သားရေသေတ္တာကလေးတစ်လုံးဆွဲ ဝင်၍လာသဖြင့် နှစ်ယောက်သား လှမ်း၍ကြည့်လိုက်ရာ ခင်မ ဖြစ်ကြောင်း တွေ့ရလေ၏။

"အော် . . . မခင်မမပါလား၊ လာပါရှင် လာပါ"ဟု မြနှင်းနွယ် ခရီးဦးကြို ပြုလေ၏။ ပက်ထရစ်ကမူ မသိကျိုးကျွန်ပြု၍ နေလေ၏ ခင်မမလည်း မြနှင်းနွယ်အနီးသို့ လျှောက်၍လာရင်း . . .

"ကြည့်စမ်း . . . ကြည့်စမ်း၊ ပက်ထရစ်က ခင့်ကို မသိသ လုပ်နေတယ်၊ ဒီကဖြင့် မော်လမြိုင်ကအိမ်ကြီးထဲမှာ တစ်ယောက် ဒရဝမ်လုပ်နေရတုန်းက ချက်ချက်ပြီး ပို့လိုက်ရတဲ့ ဟင်းတွေ" နှုတ်ခမ်းကလေးစူ၍ပြောလျှင် ပက်ထရစ်သည် ခင်မမကိုကြည့် မချိပြုံးကလေး ပြုံးလေ၏။

မြနှင်းနွယ်သည် စိန်ကြည်အား လှမ်း၍ခေါ်ပြီးလျှင် ခင် အတွက် ကော်ဖီယူခဲ့ခိုင်းလေ၏။ ခင်မမှာလည်း မြနှင်းနွယ် ငယ်ပေါင်းကြီးဖော်ကဲ့သို့ ရင်းနှီးစွာ ပြောဆိုနေလေ၏။



ပက်ထရစ်သည် ရေချိုးဦးမည်ဟုအကြောင်းပြကာ အိမ်တွင်းသို့ င်သွားလေ၏။ မျှားမကြာမီ၌ မြနှင်းနွယ်လည်း အပေါ့သွားလို ဖြင့် အိမ်တွင်းသို့ ဝင်၍လာရာ ပက်ထရစ်က . . .

"မမ . . . ဒီမိန်းမက ခပ်ရှုပ်ရှုပ် မမရဲ့၊ တကယ်လို့ သူက အိမ်မှာ ခဏတည်းပါရစေဆိုရင် တည်းဖို့ ခွင့်မပြုလိုက်နဲ့နော်"ဟု ပြောလေ၏။

"မင်းပြောတာ နောက်ကျသွားပြီ၊ မခင်မမက ဘဏ်မှာ ငွေချေး ားတဲ့ကိစ္စအတွက် လာတာ၊ ဒီမှာတည်းမလို့ဆိုတာနဲ့ပ မမက ခင်မမရယ် ပြောနေရမယ့်လူတွေမှ မဟုတ်ဘဲလို့တောင် ပြောလိုက် ကွယ့်"ဟု မြနှင်းနွယ်ကပြောလိုက်ရာ ပက်ထရစ်က . . .

"ဒုက္ခပါပဲ"ဟု ညည်းညူလိုက်လေ၏။

"ဘာဒုက္ခလဲ မောင်လေးရယ်၊ ခင်မမက မင်းရဲ့မိတ်ဆွေပဲ ဟုတ်လား"ဟု မြနှင်းနွယ်က ပြောပြန်၏။

"ဟုတ်ပါတယ် . . . ဒါပေမယ့် ဒီမိန်းမက သိတ်ရှုပ်တာမမရဲ့" ပက်ထရစ်က ပြောပြန်ရာ မြနှင်းနွယ်က . . .

"သူလဲ အခြေအနေနဲ့ မိန်းမတစ်ယောက်ပါကွယ်၊ မင်းပြော လိုတော့ ရှုပ်မယ်မထင်ပါဘူး၊ တချို့က ခင်မင်ရင် ပရောပရည် နေတတ်တယ်ကွယ်၊ အဲဒါကို အကဲခတ် မှားတတ်တယ်ကွယ့်"ဟု ပြောလေ၏။

ဤသို့နှင့်ပင် ခင်မမသည် မြနှင်းနွယ်တို့၏ ဘိုအိမ်ကြီး၌ စတင်၍ ည်းခိုနေလေတော့၏။ မြနှင်းနွယ်က ခင်မမအတွက် သီးသန့် ခန်းတစ်ခန်း၌ အိပ်ရာနေရာများ စီစဉ်ပေးလေ၏။

"မခင်မမ လွတ်လွတ်လပ်လပ် နေပါနော်၊ သောင်းသော



www.burmeseclassic.com

www.burmeseclassic.com

ကတော့ နားငြီးဖို့ကောင်းတယ်၊ ဟဲ . . . ဟဲ"ဟု မြနှင်းနွယ်
ပြောလေ၏။

"ရပါတယ်၊ ခင်က တည့်အောင် ပေါင်းတတ်ပါတယ် အနွယ်
ဟု ခင်မမက ပြောလေ၏။

ထို့နောက် မြနှင်းနွယ်က အောက်ထပ်သို့ ဆင်းခဲ့လေ၏။ ခင်
လည်း ၎င်း၏ပစ္စည်းများကို နေရာချပြီးနောက် အောက်ထပ်
ထဘီရင်လျှားနှင့်ဆင်းခဲ့ရာ ပက်ထရစ်နှင့် လှေကား၌ ဆုံမိကြလေ၏

"ပက်ထရစ်ရေ၊ ညကျရင် ခင့်ဆီကို ဆောင်တော်မကူးလာ
တောင်းပန်ပါတယ်"ဟု ကြာမှုပါသော မျက်နှာပေးနှင့်ပြောလိုက်
ပက်ထရစ်သည် လွန်စွာ ဒေါသဖြစ်၍ သွားလေ၏။ ဒေါသဖြစ်
မက ပက်ထရစ်၏စိတ်၌ ခင်မမရောက်လာခြင်းသည် တစ်စုံတစ်
ဖြစ်ပွားတော့မည်ဟု တွေးထင်မိလေတော့၏။

ခင်မမမှာမူကား ရေချိုးခန်းဆီသို့ လေကလေးတချွန်ချွန်
သွားနေလေတော့သည်။

မြနှင်းနွယ်မှာမူ မိမိကိုယ်တိုင်က ရိုးသားသူဖြစ်သည့်အလျော
ခင်မမကိုလည်း မိမိကဲ့သို့ပင် ဖြစ်လိမ့်မည်ဟု ယုံကြည်သည့်အတိုင်
အိမ်၌ စိတ်ချစွာထားခဲ့၍ ပွဲရုံသို့သွားလေတော့၏။

ခင်မမသည် ရေချိုးခန်းမှထွက်လာပြီးလျှင် တစ်ကိုယ်လုံး
အမွေးနံ့သာများ လိမ်းကျံလျက် ဘိုမများ ဝတ်လေ့ရှိသေ
ဘလောက်စ်ခေါ် ခါးတိုအကျႌကလေးကိုဝတ်လျက် ပက်ထရစ်အနီး
လာလေ၏။

"ဘယ်လိုလဲ ပက်ထရစ်၊ အနွယ်မရှိလို့ ပျင်းနေပြီလား၊ အနွ
မရှိလဲ ခင်ရှိသားပဲကွယ်"ဟု ကန့်ကယ မျက်နှာထားဖြင့် ပြောလေ၏





တ်ထရစ်ကမူ တစ်စုံတစ်ရာ ပြန်၍မပြောဘဲ ခင်မမကို မျက်စောင်း
ထိုး၍ ကြည့်လေ၏။

"ခက်တယ် . . . ခက်တယ်၊ ခင့်စိတ်ဟာ သိပ်ပြီးခက်တယ်၊
ရနိုင်တာကိုမှ လိုချင်မိတာကိုး၊ ခင်လေ ပက်ထရစ်ကို မရနိုင်မှန်း
သိပါတယ်၊ ဒါပေမယ့် သိတာကတခြား၊ ခံစားနေရတာကတခြား
ဖြစ်နေတယ်"ဟု ခင်မမက ထပ်၍ပြောလျှင် ပက်ထရစ်က စိတ်ဆိုး
ာန်ဆိုးဖြင့် . . .

"ဒီမှာ ခင်မမ၊ ကျုပ်မိန်းမမရှိတုန်း ကျုပ်ကို ဒီလိုစကားမျိုးတွေ
ာမပြောပါနဲ့၊ ဒီတစ်သက်မှာ ကျုပ်ဟာ ကျုပ်မိန်းမအပေါ် သစ္စာ
ောက်ပြီး တခြားမိန်းမကို စိတ်ရောက်မယ့် လူစားမျိုးမဟုတ်ဘူးဗျ"
ဟု ပြောလိုက်လေ၏။

ခင်မမသည် ပက်ထရစ်အား ကရုဏာသက်သော မျက်နှာထား
နှင့် ကြည့်ရင်း စုတ်တသပ်သပ်ဖြင့် . . .

"ကျွတ် . . . ကျွတ် . . . ကျွတ် . . . သနားစရာ ကောင်းပါဘိ
ာတော့တယ်၊ ပက်ထရစ် တယ်လဲ သစ္စာကြီးပါလား၊ တကယ်ကတော့
ပက်ထရစ်ဟာ ဘာမှ မသိရှာပါလား"ဟု ပြန်ပြောလေ၏။

"ကျုပ်က ဘာကိုသိရမှာလဲ"ဟု ပက်ထရစ်က ဒေါနှင့်မောနှင့်
မေးလိုက်ရာ ခင်မမက . . .

"မသိဘူးဆိုရင်တော့ ပြောရတော့မှာပေါ့၊ အနွယ်ဟာ အစစ
အရာရာ ကောင်းတဲ့ မိန်းကလေးပါ၊ တစ်ခုပဲ ရှိတယ်၊ မော်လမြိုင်
လမုတန်းက မင်းမောင်ဆိုတဲ့ လူတစ်ယောက်နဲ့ ကိစ္စသာမရှိခဲ့ရင်
ချောက်ပြစ်ကင်း မဟုတ်ဘူး၊ ခုနစ်ပြစ်တောင် ကင်းတဲ့မိန်းကလေး
ပါပဲ၊ ဒါပေမယ့် မင်းမောင်ဆိုတဲ့လူနဲ့ ဖြစ်ပျက်ခဲ့ ဖြစ်ပျက်နေဆဲ



www.burmeseclassic.com

www.burmeseclassic.com

ဖြစ်တဲ့ နောက်လဲ ဖြစ်ပျက်ဦးမယ့်ကိစ္စကတော့ အနွယ်ရဲ့ ဖြူစင် အသည်းနှလုံးပေါ်က အမည်းကွက်ပဲ ပက်ထရစ်"ဟု ဟန်ပါပါ ပြောလေ၏။

ထိုအခါ ပက်ထရစ်သည် မိမိအား မော်လမြိုင်အိမ်၌ တစ်ယော တည်း ထားခဲ့၍ မြနှင်းနွယ်တစ်ယောက် လမုတန်းဘက်ဆီ သွားခဲ့ပုံ၊ မိုးချုပ်သန်းခေါင်မှ ပြန်လာခဲ့ပုံတို့ကိုပါ ပြန်၍တွေးမိသ ဖြစ်ရာ ခပ်ငိုင်ငိုင် ဖြစ်၍သွားလေ၏။

ပက်ထရစ် အမူအရာ ပျက်သွားသည်ကို မြင်လိုက်ရသော ခင်မမသည် မိမိမြှားချက် စူးဝင်သွားပြီဖြစ်ကြောင်း ရိပ်မိသ ဝမ်းထဲတွင် ကျိတ်၍ပြုံးမိလေတော့၏။

ပက်ထရစ်သည် ခင်မမနှင့် ဆက်လက်၍ ပြောဆိုခြင်း မ တော့ဘဲ အခန်းတွင်းသို့ဝင်ကာ ခုတင်ထက်၌ ပက်လက်လှန်လျ ခင်မမပြောသည်မှာ 'ဟုတ်၍နေပြီလော'ဟု ထပ်တလဲလဲ စဉ်း နေမိလေတော့၏။

ညနေပိုင်းသို့ရောက်လျှင် မြနှင်းနွယ် ပြန်၍လာလေ၏။ မြနှင်းနွ သည် ခရီးရောက်မဆိုက်ပင် ခရီးသွားရန်အတွက် သားရေသေတ္တာ ပြင်ဆင်နေသဖြင့် ခင်မမက "နွယ် . . . ရေကြီးသုတ်ပြာနဲ့ ဘယ် ခရီးထွက်ဦးမလို့လဲ"ဟု မေးလေ၏။

"မော်လမြိုင်ကို သွားရဦးမယ် မခင်မမရေ"ဟု ပြောလေ၏

"ကျွန်တော် လိုက်ရမှာလား"ဟု ပက်ထရစ်က ဝင်၍မေး မြနှင်းနွယ်က . . .

"ပက်ထရစ် မလိုက်ပါနဲ့ကွယ်၊ မမ တစ်ယောက်တည်း သွား မယ်"ဟု ပြောလေ၏။





ထိုအခါ၌ ခင်မမက ပက်ထရစ်ကို မေးငေါ့ပြလေ၏။

"မမတစ်ယောက်တည်း ဘယ်ဖြစ်မလဲ၊ ကျွန်တော်ပါ လိုက်မှ ပေါ့"ဟု ပက်ထရစ်က ထပ်၍ပြောပြန်ရာ မြနှင်းနွယ်က . . .

"အိုကွယ် . . . မမတစ်ယောက်တည်း သွားရမယ့်ကိစ္စမို့ မောင်လေးကို မခေါ်တာပေါ့"ဟု ပြန်၍ပြောလိုက်ရာ ပက်ထရစ် သည် လုံးဝနှုတ်ပိတ်၍သွားလေ၏။

များမကြာမီ၌ မြနှင်းနွယ်လည်း သားရေသေတ္တာကိုဆွဲ၍ ခင်မမနှင့် ပက်ထရစ်ကိုနှုတ်ဆက်ကာ ဘူတာသို့ ထွက်သွားလေ၏။ မြနှင်းနွယ်ထွက်သွားသည့်အခါ၌ ခင်မမက ပက်ထရစ်အား လက်ညှိုးကလေး ကွေး၍ဆန့်၍လှုပ်၍ . . .

"ကရော် ကရော် ရှက်ပါတယ်၊ ကောင်လေးတစ်ယောက် မလိုက် ရတော့ဘူး၊ ဟီ . . . ဟီ . . . ဟီ"ဟု ရယ်မော၍ နောက်ပြောင်လေ တော့၏။

"ကဲ . . . တွေ့ပြီလား မောင်ပက်ထရစ်ရေ့ မင်းရဲ့ အချော်တစ် အချစ်တော် သဲမြမျက်ချယ် မြနှင်းနွယ်တစ်ယောက် မင်းမောင်ဆီကို သွားပြီ၊ မင်း မသေမချင်းမှတ်ထား၊ ငယ်ကအချစ် အနှစ်တစ်ရာ မေ့သာတဲ့ကွ၊ ကဲ နားလည်ပြီလား၊ ကိုယ့်ကို တဘက်သတ်ချစ်နေတဲ့ ခင့်ကိုတော့ ဖုတ်လေတဲ့ငပိ ရှိတယ်လို့တောင် မအောင့်မေ့ဘူး၊ မင်းနဲ့တလှည့် မင်းမောင်နဲ့တလှည့် ပျော်တော်ဆက်နေတဲ့ မြနှင်းနွယ် ကိုတော့ မင်းက တန်းတန်းစွဲဖြစ်နေတာကိုး၊ ပက်ထရစ်သာ လိုက်ကြည့်မယ်ဆိုရင် ခင်က လိုက်တောင်ပြလိုက်ချင်သေးရဲ့"ဟု ခင်မမက ပြောလိုက်ရာ ပက်ထရစ်က စားပွဲခုံကို လက်သီးနှင့် ထုလိုက်ပြီးနောက် . . .


www.burmeseclassic.com

www.burmeseclassic.com

"သူ့ဟာသူ ဘာဖြစ်ဖြစ် ခင်ဗျားအပူ တစ်ပြားသားမှ မပါ ခင်ဗျား အနေသာချည်းပါ"ဟု ဒေါ်နှင့်မောနှင့် ပြောလိုက်လေ၏။

"စေတနာကို ဝေဒနာလို့ အောင့်မေ့ရင် မှားမှာပေါ့ ပက်ထ ရယ်"ဟု ပြောကာ ခင်မမ၏ မျက်လုံးအစုံမှ မျက်ရည်များ တဖြိုင်ဖြိုင် စီးကျလာလေတော့၏။

꩜ ꩜ ꩜

ပက်ထရစ်သည် နောက်တစ်နေ့ နံနက်စောစော၌ ကီလီလမ်း သွားကာ မော်လမြိုင်ဘက်ဆီသို့ထွက်မည့် ကုန်ကားကိုစုံစမ်း လိုက်ပါသွားလေတော့၏။ ပက်ထရစ်၏အကြံမှာ ခင်မမပြောသည့် အတိုင်း မြနှင်းနွယ်သည် မင်းမောင်နှင့်ငြိစွန်းနေခြင်း ရှိ,မ တိတ်တဆိတ် စုံစမ်းရန်ဖြစ်လေသည်။ မြနှင်းနွယ်မှာလည်း မော်လမြိုင် သို့ ရောက်လျှင်ရောက်ခြင်း လမုတန်းရှိ မင်းမောင်တို့အိမ်သို့ သွားရောက်လေ၏။ မင်းမောင်သည် မြနှင်းနွယ်ကို မြင်လျှင်မြင်ခြင်း လွန်စွာ ဝမ်းမြောက်ဝမ်းသာဖြစ်လျက် အသံသြသြကြီးဖြင့် ...

"ဝမ်းသာလိုက်တာဟယ်၊ အမေလဲ ကမ်းနားဘက်ကို သွားနေ တုန်း နင်ရောက်လာတာဆိုတော့ လွတ်လွတ်လပ်လပ် ပြောရတာပေါ့ မြရှင်ကို ပြန်တွေ့ပြီ"ဟု ပြောလေ၏။

"အေး ... အဲဒါ ဘယ်လိုဖြစ်သလဲ၊ ပြောစမ်းပါဦး"ဟု မြနှင်းနွယ်က ပြောလေ၏။

"အေး ... အဲဒီကိစ္စပြောဖို့ခေါ်တာပဲ၊ မြရှင်ဟာ ဇာတ်အဖွဲ့နဲ့ ပါသွားတယ်ဆိုတာလဲ မှန်တယ်၊ ဒါပေမယ့် သူလိုက်သွားတဲ့ ဇာတ် အဖွဲ့က ပဲခူးမှာ ဇာတ်ခေါင်းကွဲတယ်"





"ဇာတ်ခေါင်းကွဲတယ်ဆိုတာ ဘာဖြစ်တာလဲဟဲ့"ဟု မြနှင်းနွယ်က ...၍ မေးလေ၏။

"ဇာတ်ခေါင်းကွဲတယ်ဆိုတာ ဇာတ်အဖွဲ့ကြီး ပြုတ်သွားတာပေါ့ ...ယ်၊ ဇာတ်ထဲမှာပါတဲ့ ဇာတ်သမားတွေလဲ ကိုယ့်ရပ်ရွာကို ပြန်ကြ ...ာပေါ့၊ မြရှင်ကတော့ အိမ်ကထွက်ပြေးသွားတာဆိုတော့ ဘယ်ကို ...သွားလို့ သွားရမှန်းလဲမသိ ဖြစ်နေတုန်း မိန်းမကြီးတစ်ယောက်က ...ခေါ်သွားပြီး သူဌေးသားတစ်ယောက် ခြေတော်တင်ဖို့ အခန်းပိတ် ...ပေးလိုက်တယ် ဆိုပါတော့ဟယ်"ဟု မင်းမောင်ကပြောလျှင် မြနှင်းနွယ်က မျက်နှာကလေး ရှုံ့မဲ့လျက် ...

"ကျွတ်ကျွတ် သနားစရာဟယ်၊ မြရှင်တစ်ယောက် ရေတိမ်နစ် တော့တာပဲ"ဟု ပြောလေ၏။

"အေး အဲဒီထက်ဆိုးတဲ့ကိစ္စ ရှိသေးတယ်၊ မြရှင်ကို သူဌေးသားက ...ယားငယ်အဖြစ်နဲ့ အဲဒီမိန်းမကြီးအိမ်မှာပဲ ထားတယ်၊ တစ်ပတ် ...တစ်ခါ တစ်လတစ်ခါ ဆိုသလိုတော့ သူ့ယောကျ်ားက လာတယ် ...ဆိုလား ပြောတာပါပဲဟယ်"ဟု မင်းမောင်ကပြောလေ၏။ မင်းမောင် ...သည် ပြောပင်ပြောရသော်လည်း ရှက်လွန်းသဖြင့် မျက်နှာကြီး ...တစ်ခုံး နီမြန်းလျက်ရှိလေ၏။

"အေး ပြောဦး၊ အဲဒီတော့ ဘာဖြစ်သလဲ"ဟု မြနှင်းနွယ်က ...မေးလျှင် မင်းမောင်က မြရှင်ယောကျ်ားလာတဲ့နေ့တစ်နေ့မှာ သူ့ ...ယောကျ်ားက အရက်ဝယ်ပေးရမယ်ဆိုလို့ မြရှင်က ပဲခူးဘူတာနားမှာ ...အရက်သွားဝယ်ခဲ့တယ်၊ အိမ်လဲရောက်ရော သူ့ယောကျ်ားလဲ မရှိဘူး၊ ...မိန်းမကြီး လဲသေနေတာတွေ့တာနဲ့ သူလဲ ကြောက်ပြီး အိမ်က ...တစ်ခါတည်း ထွက်ပြေးတော့တာပဲ၊ ပုလိပ်ကလဲ မိန်းမကြီးကိုသတ်တာ


www.burmeseclassic.com

www.burmeseclassic.com

သူ့ပဲဆိုပြီး လိုက်တော့တာပဲ၊ အမှန်ကတော့ မြရှင်ဟာ သူ့ယောကျ်ား
နေရပ်လိပ်စာကိုလဲ သိတာမဟုတ်ဘူး၊ ငါ့အထင်တော့ သူ့ယောကျ်ား
သူ့ကိုပြောထားတဲ့ နာမည်ကလဲ နာမည်အရင်း ဟုတ်မှာမဟုတ်
ဘာပဲဖြစ်ဖြစ် ပုလိပ်က မြရှင်ကိုတွေ့ရင်တော့ မြရှင်ဟာ လူသတ်မှု
စက်တိုင်တက်ရမှာ သေချာနေပါပြီဟယ်"ဟု ဆို့နင့်ဝမ်းနည်း
ကြီးနှင့် မင်းမောင်က ပြောလေ၏။

"အခု မြရှင်ဘယ်မှာလဲ"ဟု မြနှင်းနွယ်ကမေးလိုက်ရာ . . .

"အခု လောလောဆည်မှာ တရုတ်အပုလေးတို့အိမ်မှာ ဖွက်ထား
တယ်၊ နင်နဲ့တိုင်ပင်ပြီးမှ တစ်ခုခု ဆက်လုပ်ရမှာပဲ"

"အမှန်ကတော့ဟယ်၊ မြရှင်ရဲ့ယောကျ်ားကိုတွေ့ရင် ဒီကိစ္စ
ပြီးသွားတာပဲ"ဟု မြနှင်းနွယ်ကပြောရာ မင်းမောင်က . . .

"ဒါတော့ ဒါပေါ့ဟယ်၊ မြရှင်ကိုယ်တိုင်က သူ့ယောကျ်ား
ကိုသိန်းအောင်ဆိုတာကလွဲပြီး ဘာတစ်ခုမှ မယ်မယ်ရရ ပြော
တာမှမဟုတ်ဘဲ၊ သေသွားတဲ့မိန်းမကြီး ဆိုတာကလဲ အဲဒီလိုမိန်းက
တွေကို ဖျားယောင်းဖျက်ဆီးနေတဲ့ မိန်းမလည် မိန်းမရှုပ်ကြီး၊ မြရှင်
ယောကျ်ားဆိုတာကလဲ ခပ်ရိုင်းရိုင်းပြောရရင် တစ်လတစ်ခါ
ညဘက်ရောက်လာပြီး မြရှင်နဲ့အိပ်တာ မဟုတ်လားဟယ်၊ အိမ်
နားချင်းကတောင် ဒီကောင်ကို မြင်ဖူးကြတာမဟုတ်ဘူး"ဟုပြော
မင်းမောင်သည် ငူငူကြီး ဖြစ်၍သွားလေသည်။

အစ်ကိုတစ်ယောက်ဖြစ်၍ ရှက်ခြင်း၊ နှမငယ်အတွက် ယူကြုံး
မရဖြစ်ခြင်း၊ မိမိနှမငယ်အား စော်ကား၍ လူသတ်မှု၌ ထားခဲ့ခြင်း
တို့ကြောင့် ဒေါသဖြစ်ခြင်း စသော အရာတို့သည် ရောမွှေလျက်
မင်းမောင်၏မျက်နှာ၌ လိမ်းချယ်ထားဘိသကဲ့သို့ ရှိလေတော့၏။





"အားမငယ်ပါနဲ့ မင်းမောင်ရယ်၊ ငါတစ်ယောက်လုံး ရှိသားပဲ"
ဟု မြနှင်းနွယ်က အားပေးစကား ပြောလေ၏။ ထိုနေ့မှစ၍
မြနှင်းနွယ်နှင့် မင်းမောင်တို့သည် မြရှင်အတွက် ခေါင်းချင်းဆိုင်၍
တိုင်ပင်လိုက်၊ တပူးတွဲတွဲ သွားလိုက်နှင့် ခြေရှုပ်လျက်ရှိလေတော့၏။

□ □ □

ပက်ထရစ်မှာလည်း မော်လမြိုင်သို့ ရောက်ရှိပြီ ဖြစ်လေ၏။
ခပ်ညံ့ညံ့ ကုလားထမင်းဆိုင်တွင် တည်းခို၍ မြနှင်းနွယ်၏ အရိပ်
အခြေကို ချောင်းမြောင်းကြည့်ရှုလေ၏။ တစ်ညသ၌ မော်လမြိုင်
အိမ်ကြီးအနီးရှိ ချုံပုတ်တစ်ခုအတွင်း၌ ခြင်ကိုက်ခြင်း၏ဒဏ်ကို
ခံလျက် မြနှင်းနွယ်၏ မြနှင်းနွယ်၏ အရိပ်အခြေကို ချောင်းမြောင်း
ကြည့်ရှုနေစဉ်အတွင်း မင်းမောင်သည် ခြံအနီးသို့ မရောင်မလည်နှင့်
ရောက်ရှိလာပြီးလျှင် လက်နှိပ်ဓာတ်မီးကို ဖွင့်ချည်ပိတ်ချည်လုပ်လျက်
မြနှင်းနွယ်ကို အချက်ပြရာ မြနှင်းနွယ်က ဆင်း၍ ခြံတံခါးဖွင့်ပေး
လေ၏။ ထို့နောက် မင်းမောင်နှင့် မြနှင်းနွယ်တို့သည် အိမ်ကြီး
အတွင်းသို့ ခပ်သုတ်သုတ် ဝင်သွားကြသည်ကို တွေ့မြင်ရလျှင်
ပက်ထရစ်သည် အသွားများ တဆတ်ဆတ်တုန်လျက် . . .

"တောက် . . . ရိုင်းလိုက်တဲ့ မိန်းမ"ဟု ပြောဆိုကာ ပြန်ခဲ့
လေသည်။ အမှန်စင်စစ် မြနှင်းနွယ်နှင့် မင်းမောင်တို့သည် မြရှင်၏
နောက်သို့ လိုက်လံစုံစမ်းလျက်ရှိသော ပုလိပ်များအနေနှင့် မသိရှိ
စေရန်အတွက် ဤကဲ့သို့ လျှို့ဝှက်တွေ့ဆုံကြခြင်း ဖြစ်ပေသည်။
ပက်ထရစ်မှာမူကား မြနှင်းနွယ်နှင့် မင်းမောင်ကို လုံးဝအထင်လွဲ
သွားပြီဖြစ်သဖြင့် ရန်ကုန်သို့ ပြန်၍လာလေတော့၏။



www.burmeseclassic.com

www.burmeseclassic.com



ရန်ကုန်သို့ရောက်လျှင် ဘိုအိမ်ကြီး၌ ခင်မမကို တွေ့ရလေ၏ ခင်မမက ပက်ထရစ်ကို မြင်လျှင်မြင်ခြင်း . . .

"ဘယ်လိုလဲ ကိုရွှေပက်ထရစ်၊ ခင်ပြောတဲ့အတိုင်း မြင်ရ မဟုတ်လား"ဟု မေးလေ၏။

ပက်ထရစ်သည် မသိကျိုးကျွန်ပြု၍ အိမ်ပေါ်ထပ်သို့ တက်လေ၏ ထိုသို့တက်ရာတွင် လှေကား၌ မိန်းမရှာအသောင်းနှင့် ဆုံမိလေတော့၏။

"အောင်မယ်လေးတော် . . . သားရေအိတ်တစ်လုံးနဲ့ ဘယ်နိုင် လှည့်ပြီး ပြန်လာတာလဲ ဘိုကြီးရဲ့၊ မိန္မယ်မရှိရင် မင်းကလဲ တစ် တည်း ပျောက်သွားတာချည်းပဲ၊ အိမ်မှာက မိန်းမသားချည်းပဲ၊ နဲ ကလေးမှ မသိတတ်ဘူး၊ အိမ်တန်းလျား၊ လူကပြားတဲ့ အသုံး မဝင်ဘူး"ဟု မိန်းမရှာအသောင်းက ပြောလေ၏။

"ဘာလဲ မိန်းမသား၊ ခင်းဗျားဟာခင်ဗျား မိန်းမဖြစ်အောင် လုပ်နေတာပဲ၊ ခင်ဗျား ယောကျ်ားမဟုတ်ဘူးလား၊ ဒီမှာ ကျုပ် ပြောမယ်၊ ကျုပ်ဟာကျုပ် ဘယ်ကိုသွားသွား၊ ခင်ဗျား ဘာမှ ပြောပိုင် ခွင့်မရှိဘူး"ဟု ပက်ထရစ်သည် ပြန်၍ပြောလိုက်ရာ မိန်းမရှာ အသောင်းသည် အသားများတဆတ်ဆတ် တုန်၍လာသည်အထိ ဒေါသထွက်လေတော့၏။

"သူများနဲ့နေတယ်ဆိုတာ အလိုက်သိရတယ်ဟဲ့"ဟု မိန်းမရှာ အသောင်းကပြောလျှင် ပက်ထရစ်က . . .

"ဟား . . . ဟား . . . ဟား . . . အဲဒါက ကျုပ်က ပြောရမှာ မိန်းမရှာကြီးရဲ့၊ ဒီအိမ်ဟာ ကျုပ်အိမ်ဗျ၊ ခင်ဗျားက ကျုပ်အိမ်မှာ လာပြီး နေရတာဆိုတာကို မေ့သွားပြီထင်တယ်၊ ဒီမှာ မိန်းမရှာကြီး မျက်နှာကို လက်သီးနဲ့ အထိုးမခံချင်ရင် ဆက်ပြီးမပြောနဲ့တော့"ဟု





ပြောကာ အပေါ်ထပ်သို့ တက်၍သွားလေတော့၏။

အပေါ်ထပ်သို့ရောက်လျှင် အခန်းတွင်းသို့ဝင်၍ ခုတင်ပေါ်၌ ပစ်လက်ပစ် ထိုင်လိုက်လေ၏။ ခင်မမလည်း အပေါ်ထပ်သို့ တက်၍လာပြီးလျှင် ပက်ထရစ်၏အခန်းအတွင်းသို့ဝင်၍ ပက်ထရစ် အနီးတွင် ခပ်ရှိုရှို့ကလေး ဝင်၍ထိုင်လေ၏။

"ပက်ထရစ် အဲဒီလိုပြန်ပြောလိုက်တာ ခင်တော့ သိပ်သဘော တာပဲ၊ သူက ပက်ထရစ်ကို သိပ်ပြီးနှိမ်တာ၊ ပက်ထရစ်ကွယ်ရာ များ ပြောလိုက်တာဆိုတာ ထဘီနားခ ခိုစားတဲ့အကောင်၊ ဝတ် နေတဲ့အကောင်၊ မျိုးမစစ်တဲ့ အကောင်နဲ့ စုံနေတာပဲ၊ ခင်လေ က်ထရစ်အတွက် သိပ်ပြီး မခံချင်ဖြစ်မိတာပဲ၊ ခင့်ကို ချစ်လိုက် ပါ ပက်ထရစ်ရယ်၊ သူတို့ထက်သာအောင် ထားပြစမ်းချင်ပါတယ်" ဟု ခင်မမက တတွတ်တွတ် ပြောလေ၏။

ထိုအချိန်၌ မော်လမြိုင်မြို့ရှိ ကုလားရွှေနေကြီးအိမ်၌လည်း ကုလားရွှေနေကြီးနှင့် ရာဇဝတ်အုပ်ကိုစိန်မောင်တို့သည် မြနှင်းနွယ် အား အောက်ပါအတိုင်း ပြောဆိုနေကြလေ၏။

"ဒီမှာ မြနှင်းနွယ်၊ ကျုပ်ရော ဟောဒီ ရာဇဝတ်အုပ်မင်းရောက ျက်စိနဲ့ မြင်ခဲ့တာပါ၊ မြနှင်းနွယ်ရဲ့ယောကျ်ားဟာ တော်တော်ကို သစ္စာမရှိတဲ့လူပါ"ဟု ကုလားရွှေနေကြီးက ပက်ထရစ်နှင့် ခင်မမတို့ မော်လမြိုင်အိမ်ကြီးပေါ်၌ တွေ့ခဲ့ရသော အဖြစ်အပျက်ကို ပြောပြ နေလေ၏။

"ရွှေနေကြီးပြောတာ အမှန်ပဲလား . . . ရာဇဝတ်အုပ်မင်း"ဟု မြနှင်းနွယ်က ရာဇဝတ်အုပ်ကိုစိန်မောင်ဘက်သို့လှည့်၍ မေးလိုက် လေ၏။



www.burmeseclassic.com

"မှန်တာပေါ့ဗျာ . . . ကျုပ်ပါ ပါတာပဲ"ဟု ရာဇဝတ်အုပ်က ပြောလေ၏။

မြနှင်းနွယ်သည် ပက်ထရစ်ကို စိတ်အပျက်ကြီး ပျက်၍သွားလေ၏။ မိမိကကောင်းပါလျက် မိမိအပေါ်၌ ယခုကဲ့သို့ သဘောဖောက်ရက်လေခြင်းဟု တွေးမိကာ နှုတ်ခမ်းကိုချ၍ ငိုချလိုက်မိလေတော့၏။

"ဒီကိစ္စကို ဒီလိုနဲ့ ပြီးလို့မဖြစ်ဘူး၊ ပက်ထရစ်နဲ့ ပြတ်ပြတ်သားသား ပြောမှဖြစ်မယ်"ဟုလည်း မြနှင်းနွယ်က စိတ်၌ တေး၍ထားလိုက်လေ၏။

🕮 🕮 🕮

ရန်ကုန် ဘိုအိမ်ကြီး၌လည်း ခင်မမသည် ပက်ထရစ်အား အမျိုးမျိုး အဖုံဖုံ နှုန်းနှပ်နေလေတော့၏။

"ဘာပဲဖြစ်ဖြစ်လေ၊ ခင်ကတော့ ပက်ထရစ်ဘက်က ရှိနေမှာပါပဲ၊ ကမ္ဘာလောကကြီးက တစ်ဘက်၊ ပက်ထရစ်က တစ်ဘက် ရန်ဖြစ်ရင်လဲ ခင်က ပက်ထရစ်ဘက်က လိုက်မှာပါ"ဟု ပြောလေ၏။

"တကယ်ပဲလား"ဟု ပက်ထရစ်ကမေးရာ ခင်မမက ဝမ်းသာအားရနှင့် . . .

"တကယ်ပြောနေတာပါ ပက်ထရစ်ရယ်၊ အခုပဲ ခင်တို့ ထွက်သွားကြရအောင်လေ"ဟု ပက်ထရစ်ကို ပြောလေ၏။

"အခု မသွားသေးဘူး၊ သူ့ကို စောင့်ရဦးမယ်"ဟု ပက်ထရစ်က ပြောလေ၏။ ပက်ထရစ်သည် မြနှင်းနွယ်အား 'မမနွယ်'ဟု ခေါ်ခဲ့ရာမှ 'သူ'ဟူသော နာမ်စား ပြောင်းလွဲလိုက်ခြင်းကို ခင်မမက သတိပြုလိုက်မိလေ၏။ ထို့ကြောင့် ပက်ထရစ်၏ရင်၌ မြနှင်းနွယ်ကို

စိမ်းပြင်ပြင် သဘောထားလိုက်ပြီဟု သိလိုက်ရလေတော့၏။

"ဒီလိုလုပ်လေ၊ ကျုပ်ကတော့ သူ့ကိုစောင့်ဦးမယ်၊ သူနဲ့တွေ့ပြီး ပြောပြီးဆိုပြီးမှ ထွက်ချင်တယ်"ဟု ပက်ထရစ်က ထပ်ပြောလိုက်ရာ ခင်မမက . . .

"ခင် မျက်နှာပူပါတယ် ပက်ထရစ်ရယ် . . . ခင်က ဒီကနေပဲ ထွက်နှင့်မယ်၊ ပက်ထရစ်က အနွယ်နဲ့ပြောဆိုပြီးရင် လိုက်ခဲ့ပေါ့"ဟု ခင်မမက ပြောလေ၏။

"သူက ဘယ်တော့ ပြန်လာမှာမို့လဲ"ဟု ပက်ထရစ်ကမေးရာ ခင်မမက . . .

"နက်ဖြန်ညနေ ပြန်ရောက်မယ့်အကြောင်း ပွဲရုံကို အကြောင်းကြားတဲ့ လူကြုံတစ်ယောက် ဒီကိုဝင်လာတယ်လေ၊ အဲဒီတော့ ပက်ထရစ်နဲ့နွယ်တို့ နက်ဖြန်ညနေမှာ ရှင်းကြလင်းကြရုံပေါ့"ဟု ပြောလေ၏။

"ဘယ်မှာ တွေ့ကြမှာလဲ"ဟု ပက်ထရစ်ကမေးရာ ခင်မမက "ဆူးလေဘုရားနားက စောင့်နေ ခင်လာခဲ့မယ်"ဟု ပြောဆိုလျက် "တစ်"ဟုဆိုကာ ပက်ထရစ်၏ပါးကို ခင်မမက ရွှတ်ကနဲနမ်းရှုံ့၍ အခန်းတွင်းမှ ထွက်သွားလေတော့၏။

မျှားမကြာမီ၌ပင် ခင်မမသည် ၎င်း၏သေတ္တာကလေးကိုဆွဲ၍ နေ့မရှာအသောင်းကို နှုတ်ဆက်ကာ ထွက်သွားလေတော့၏။

ပက်ထရစ်မှာမူ ခုတင်ပေါ်၌ ပက်လက်လှန်၍ နဖူးပေါ် လက်တင်ကာ ရှေ့ရေးကိုတွေးတော၍ နေလေတော့၏။

🕮 🕮 🕮



www.burmeseclassic.com

www.burmeseclassic.com

နောက်တစ်နေ့ ညနေပိုင်းသို့ရောက်လျှင် မော်လမြိုင်ရထား ဆိုက်ချိန်၌ မိန်းမရှာအသောင်းက ပက်ထရစ်အား ...

"ဟဲ့ ... ဘူတာကို သွားပြီးကြိုလေ၊ မိန္ဒယ် ပါလာလိမ့်မယ်" ပြောလေ၏။

ပက်ထရစ်က မကြားချင်ဟန်ပြု၍ စီးကရက်မီးခိုးများ အပေါ်သို့ မှုတ်၍ နေလေ၏။

"ဟဲ့ ... ငါပြောနေတာ ကြားရဲ့လား"ဟု မိန်းမရှာအသောင်း ပြန်ပြောလျှင် ပက်ထရစ်က ...

"ဒီမှာ ဟေ့လူ၊ ခပ်ဝေးဝေးသွားနေစမ်း"ဟု မောင်းထုတ်လိုက် လေ၏။

"အလိုလေးတော် ... သူ့ကို ကြောက်ရဦးတော့မလိုဘဲ" မိန်းမရှာအသောင်းက ပြောကာ မီးဖိုဘက်သို့ ဝင်၍သွားလေ၏ အမှန်စင်စစ်အားဖြင့် မိန်းမရှာအသောင်းသည် ပက်ထရစ် ကြောက်ရွံ့၍ သွားလေတော့၏။

ညနေ မီးထွန်းချိန်လောက်တွင် ခြံရှေ့၌ မော်တော်ကားတစ် ရပ်သံကို ကြားရပြီးလျှင် ခြံဝမှ ခေါင်းလောင်းကလေး မြည်၍လာလေ၏

"ဂလောင် ဂလောင် ဂလောင်" ခေါင်းလောင်းကလေးမှာ အဆက်မပြတ် မြည်၍နေလေတော့၏။ ပက်ထရစ်သည် ခေါင်းလောင်းသံကိုကြားလျက် မထွက်ပဲ ပေ၍ ထိုင်နေလေ၏။

မိန်းမရှာအသောင်းနှင့် စိန်ကြည်သည် မီးဖိုအတွင်းမှ ပြေးထွက် လာကြပြီးလျှင် မိန်းမရှာအသောင်းက ပက်ထရစ်အား ...

"ကြည့်စမ်း ... ကြည့်စမ်း၊ ထိုင်နေလိုက်တာ မိန့်မိန့်ကြီး၊ ဟိုမှာ ခေါင်းလောင်းခေါက်နေတာ မကြားဘူးလား၊ မိန္ဒယ် ပြန်လာပြီ"ဟု





သော်လည်း ပက်ထရစ်က တုပ်တုပ်မျှမလှုပ်ပဲ ကျောက်ရုပ်ကဲ့သို့ ၍ နေလေ၏။ စိန်ကြည်မှာမူ ခြံဝသို့ပြေးသွား၍ တံခါးဖွင့်ကာ င်းနွယ်၏ အထုပ်အပိုးများကို သယ်ယူလေ၏။

မြနှင်းနွယ်သည် စိန်ကြည်အား ...

"ပက်ထရစ်ကော"ဟု မေးလေ၏။

"ရှိပါတယ် မမ"ဟု စိန်ကြည်က ပြန်၍ပြောလျှင် "ဘူတာကို ပြီး မကြိုတာတော့ ထားလိုက်ပါတော့၊ ခြံဝကိုတောင် ထွက်ပြီး ကြိုပါလား"ဟု စိတ်ထဲ၌အောက်မေ့လျက် ဝမ်းနည်းစွာဖြင့် ခြံဝမှ ၍ ဘိုအိမ်ကြီးဆီသို့ ခြေပစ်လက်ပစ်နှင့် လျှောက်လာလေတော့၏။

အိမ်ကြီးသို့ရောက်လျှင် ဆိုဖာပေါ်၌ ထိုင်လျက်သားရှိသော က်ထရစ်ကိုတွေ့လျှင် မြနှင်းနွယ်သည် စိတ်ဆိုး၍ သွားလေတော့၏။

"ကြည့်စမ်း၊ မင်းက ဒီမှာထိုင်နေတာကိုး၊ လာကြိုဖော်တောင် ပါလား"ဟု မြနှင်းနွယ်ကပြောလျှင် မိန်းမရှာအသောင်းက...

"ကျုပ်လဲ ပြောပါသတော်၊ အနွယ် ရထားနဲ့ပါလာပြီ၊ ဘူတာကို ားနဲ့ သွားကြိုပါလို့၊ ကျုပ်ကိုတောင် ရိုက်မလို ထိုးမလို လုပ်သေး ယ်တော့၊ အခုလဲ အနွယ် ခြံဝမှာရောက်နေတာကို သိရဲ့သားနဲ့ ခါးသွားမဖွင့်ဘဲ ထိုင်နေတယ်"ဟု ပြောလေ၏။

"တော်တော် ခြေပျက်နေတယ်ပေါ့ ပက်ထရစ်"ဟု မြနှင်းနွယ်က းလိုက်လေ၏။

"ကျုပ် ခြေပျက်တာ အိမ်မှာထိုင်နေတာ၊ ခင်ဗျား ခြေပျက်တာက င်းမောင်က ည,လူခြေတိတ်မှာ လာပြီး လက်နှိပ်ဓာတ်မီးကလေး တယ်၊ ခင်ဗျားက ဆင်းပြီး တံခါးဖွင့်ပေးတယ်၊ လင်ငယ်ဖြစ်တဲ့ င်းမောင်နဲ့ နှစ်ပါးသွားကြတယ်၊ အာပြောချင်သေးသလဲ ဒေါ်



www.burmeseclassic.com

www.burmeseclassic.com

နှင်းနွယ်"ဟု ပက်ထရစ်က မတ်တပ်ရပ်ကာ ခါးထောက်လျ မြနှင်းနွယ်၏မျက်နှာကို စေ့စေ့ကြည့်ပြီး ပြောလိုက်လေ၏။ မြနှင်း သည် ပက်ထရစ်ထံမှ မမျှော်လင့်သော စကားသံကို ကြား အတုန်လှုပ်ကြီး တုန်လှုပ်၍ သွားလေတော့၏။

"ပက်ထရစ် ငါတို့မှာ ဒီလိုမျိုးရိုး မရှိဘူး"ဟု တုန်ယင်သော အသံနှင့် ပြန်၍ပြောလေ၏။

"မျိုးရိုးရှိ့မရှိ ကျုပ် မသိဘူး၊ ခင်ဗျား လင်ငယ်နေတာကို ကျုပ်မျက်စိနဲ့ မြင်တယ်"ဟု ပက်ထရစ်က ဒေါနှင့်မောနှင့် ပြောလို လေ၏။

"နင်သာ ငါ့ကို သစ္စာဖောက်ပြီး ခင်မမနဲ့ မော်လမြိုင် ပေါ်မှာ အိပ်ခဲ့ကြတာ၊ ကုလားရှေ့နေကြီးနဲ့ ရာဇဝတ်အုပ်က ငါ့ ပြောလိုက်တယ်၊ နင် ဘာငြင်းချင်သေးသလဲ"ဟု အံကိုကြိတ်လျ ပြောလေ၏။

ထို့နောက် မြနှင်းနွယ်သည် အိမ်အတွင်းဘက်ဆီသို့ကြည့်၍ . . .

"ခင်မမဆိုတဲ့ကောင်မ ဘယ်ရောက်သွားပြီလဲ"ဟု မိန်းမ အသောင်းအား မေးလိုက်လေ၏။

"မသိပါဘူးတော်၊ ညည်းမရှိတဲ့နောက် သူတို့နှစ်ယောက် ထ တွဲတွဲနဲ့ တွတ်တွတ်ထိုးနေတော့တာပဲ၊ မနေ့ကပဲ သားရေသေတ္တာ ကလေးဆွဲပြီး ထွက်သွားလေရဲ့"ဟု မိန်းမရှာအသောင်းက မဲ့ ရွဲ့ကာဖြင့် ပြောလေ၏။ မြနှင်းနွယ်လည်း ပက်ထရစ်ဘက် မျက်နှာမူလိုက်ပြီးနောက် . . .

"ငါက ကောင်းပါလျက် ဖောက်လဲ ဖောက်ပြန်သေးတယ်၊ ငါ့ကို လင်ငယ်နေသလေး ဘာလေးနဲ့ မှိုချိုးမှစ်ချိုး ပြောသေးတယ်၊ နင်





ကောင်နဲ့ ဒီတစ်သက်မပတ်ဘူး။ သံသရာမှာ မတွေ့ချင်ဘူး၊ နင့် မျက်နှာ မမြင်ချင်ဘူး၊ နင် အခု ငါ့အိမ်ကထွက်သွားပါ"ဟု ပြော၍ မျက်နှာကို လက်ဝါးဖြင့်အုပ်ကာ ငိုချလိုက်လေတော့၏။

ပက်ထရစ်ကလည်း မဲ့ပြုံးကလေးပြုံး၍ . . .

"သစ္စာမရှိတဲ့မိန်းမနဲ့ ကျုပ်ကလဲ တစ်စက္ကန့်တောင် မနေချင်ဘူး" ဟု ပြန်၍ပြောလေ၏။

"နင် ငါ့အိမ်က အခုထွက်သွားပါ၊ နင့်မှာ အစွမ်းအစရှိရင် ငါ့အိမ်ရိပ်ကိုတောင် မနင်းပါနဲ့"ဟု မြနှင်းနွယ်က ငိုသံပါကြီးနှင့် ကျားမတစ်ကောင် ဟိန်းသကဲ့သို့ ဟိန်းလိုက်လေတော့၏။

"သွားမှာပါ၊ ခင်ဗျားနဲ့ တွေ့တွေ့ဆိုင်ဆိုင် ပြောချင်သေးလို့ စောင့်နေတာ"ဟု ပက်ထရစ်ကပြော၍ အိမ်ကြီးအတွင်းမှ ထွက်၍ သွားလေတော့၏။

ခြံဝသို့ရောက်လျှင် ပက်ထရစ်သည် ဘိုအိမ်ကြီးကို တချက် ပြန်၍ ကြည့်လိုက်မိလေ၏။

"နင် ငါ့အိမ်က အခုထွက်သွားပါ"ဆိုသော မြနှင်းနွယ်၏စကားကို ကြားယောင်မိလေ၏။

"ဒီအိမ်ကြီးဟာ သူ့အိမ်ဆိုပါလား၊ အမှန်ကတော့ ငါ့အဖေ မစ္စတာဖော်စတာ ဆောက်ခဲ့တဲ့အိမ်ကြီးပဲ၊ ပြီးတော့ ငါ့အမေ ဒေါ်မာဂရက်ကြီးက ဆက်ပြီးပိုင်ခဲ့တယ်၊ ငါ့လက်ထက်ကျမှပဲ ဒီအိမ်ကြီးဟာ သူတို့အိမ် ဖြစ်သွားရပါလား၊ တယ်ညံ့တဲ့ ငါပါလား၊ မြနှင်းနွယ် ပြောလိုက်ပုံကလည်း မခံချင်းစရာ ကောင်းလိုက်တာ၊ သူကလည်း လင်ငယ်နေသေးရဲ့ **နင် ငါ့အိမ်က အခုထွက်သွားတဲ့** နှင်လိုက်သေးတယ်"ဟု တွေးမိရင်း ပက်ထရစ်သည် ဘိုအိမ်ကြီးအား



www.burmeseclassic.com

www.burmeseclassic.com

ယခင်က မက်မောတွယ်တာခြင်း မရှိသော်လည်း ယခုကဲ့သို့ နှင်ချ ခံရသည့်အခါ၌ နှမြောသလိုလိုဖြစ်၍ လာမိလေ၏။

သို့ရာတွင် ဦးခေါင်းကို ဆတ်ကနဲလှည့်၍ ခြံတံခါးကို တွန်း ကာ ထွက်ခဲ့လေ၏။ ခြံတံခါးကို တွန်းဖွင့်လိုက်စဉ်၌ လူခေါ် ခေါ် လောင်းကြီးကို တိုက်မိသဖြင့် ခေါင်းလောင်းက "ဂလောင် ဂလော ဟု မြည်၍သွားလေ၏။

ထိုအခါ၌ ပက်ထရစ်သည် မိခင်ဒေါ်မာဂရက်ကြီး အပြင် ပြန်လာသည့်အခါတိုင်း၌ ထိုကဲ့သို့ ခေါင်းလောင်းနှစ်ချက်လှုပ်ပုံ သတိရပြန်၏။ ထို့ပြင် ထိုခေါင်းလောင်းကိုလည်း မိခင်ကြီး စေခိုင်း ချက်အရ မိမိကိုယ်တိုင် တပ်ဆင်ခဲ့ရပုံကို သတိရမိသဖြင့် . . .

"အိမ်ကြီးဟာ ငါ့အိမ်ပဲ၊ ခေါင်းလောင်းကလဲ ငါတပ်ထား ခေါင်းလောင်းပဲ၊ အခုတော့ သူတို့အိမ်ကြီး ဖြစ်သွားပြီ၊ ငါ့ကိုတော နှင်ချနေပါလား"ဟုလည်း စိတ်တွင်း၌တွေးမိရင်း ခေါင်းလောင်း ကိုကိုင်၍ အဆက်မပြတ် လှုပ်ယမ်းလိုက်လေ၏။

"ဂလောင် ဂလောင် ဂလောင်"ဟူသော အသံတို့မှာ အဆ မပြတ် မြည်၍လာလေတော့၏။

ပက်ထရစ်သည် ခြံတွင်းမှထွက်၍ ဘိုအိမ်ကြီးကို အပြီးအပို ကျောခိုင်းကာ လမ်းတွင်တွေ့သော ဘတ်စ်ကားကို တားစီးလျှ ရန်ကုန်ဘက်သို့ လိုက်ပါခဲ့လေတော့၏။

ဘိုအိမ်ကြီးအတွင်း၌ကား မြနှင်းနွယ်သည် ရှက်ခြင်း၊ ဒေါ ဖြစ်ခြင်း၊ ကြေကွဲ ဝမ်းနည်းခြင်းတို့ကြောင့် လူးလိမ့်၍ ငိုကြွေး လေတော့သတည်း။

📖 📖 📖





ပက်ထရစ်သည် ဘတ်စ်ကားနှင့် လိုက်ပါလာခဲ့ရာ ဘတ်စ်ကား သည် လတ္တာလမ်း၌ ဂိတ်ဆုံးပြီဖြစ်သဖြင့် ဆင်းခဲ့ပြီးလျှင် ဆူးလေ ဘုရားဘက်သို့ ခြေလျှင်လျှောက်ခဲ့လေ၏။ ဆူးလေဘုရားသို့ ရောက် သည့်အခါ၌ ဘုရားဖူးပြီးလျှင် ဆူးလေဘုရားလမ်း မုခ်ဘက်သို့ ဆင်းကာ မုခ်ဝ၌ပင် ခင်မမကို စောင့်မျှော်၍ နေမိလေတော့၏။

ည(၈)နာရီ ကျော်ကျော်လောက်တွင် ၎င်း၏ရှေ့သို့ အော်စတင် ကားနက်ကလေးတစ်စီး လာ၍ရပ်သဖြင့် ကြည့်လိုက်ရာ ကားမောင်း သူမှာ ခင်မမဖြစ်ကြောင်း တွေ့ရသဖြင့် ပက်ထရစ်သည် အားရ ဝမ်းသာ ပြေး၍သွားပြီးလျှင် . . .

"ခင်"ဟု ခေါ်လိုက်လေ၏။

"ဆိုစမ်းပါဦး ပက်ထရစ်၊ နွယ်နဲ့ ပြတ်ပြတ်သားသား ဖြစ်ခဲ့ ပြီလား"ဟု ခင်မမက မေးလိုက်လေ၏။

"ဖြစ်ခဲ့ပါပြီ၊ ကျုပ်လဲ မညှာမတာကို ပြောပစ်ခဲ့တယ်၊ ပြီးတော့ ဆင်းလာခဲ့တာပဲ"ဟု ပက်ထရစ်က ပြောလေ၏။

ခင်မမသည် စီးကရက်တစ်လိပ်ကို ထုတ်၍သောက်ပြီးနောက် ပက်ထရစ်ဘက်သို့လှည့်ကာ . . .

"ဒီလိုဆိုတော့လဲ ကောင်းတာပေါ့"ဟု ပြောလေ၏။

ပက်ထရစ်က ခင်မမ၏ ဘေးထိုင်ခုံတွင် ဝင်၍ထိုင်ရန်အတွက် ကားရှေ့မှ ကွေ့ပတ်၍ သွားမည်အလုပ်တွင် ခင်မမက . . .

"ပက်ထရစ်၊ ဒါက ဘယ်ကိုလဲ"ဟု မေးလိုက်လေ၏။

"ကားပေါ် တက်မလို့လေ"

"ရှင့်ကို ဘယ်သူက ကားပေါ် တက်ခိုင်းသေးလို့လဲ"ဟု ခင်မမက ပြောလေ၏။


www.burmeseclassic.com

www.burmeseclassic.com


"ဟာ . . . ခင်ကလဲ အရေးထဲ နောက်မနေပါနဲ့"ဟု ပက်ထရစ် ပြန်၍ပြောလေ၏။

"နောက်နေတာ မဟုတ်ဘူး၊ အတည်ပြောနေတာ"

"ခင်ကလဲ ဘယ်လိုဖြစ်တာလဲ"ဟု ပက်ထရစ်က အားငယ် မျက်နှာနှင့် ပြန်၍မေးလေ၏။

"ဘယ်လိုဖြစ်ရမှာလဲ၊ ခင့်လိုမိန်းမကို စိတ်မဝင်စားလို့ တ တကာ ချိုးတာ၊ ရှင့်လို အလုပ်မရှိ အကိုင်မရှိ ဘိုမဟုတ် မြန် မဟုတ် လူစားမျိုးကို မြနှင်းနွယ်သာ နွားကျခံပြီး လင်လုပ် မိခင်ခင်တို့က ဝေးသေး၊ ကဲ . . . အခု ရှင်ဟာ လမ်းပေါ်ရော သွားပြီ၊ တော်တော်ပြတ်ပြတ်နဲ့ လမ်းပေါ်မှာ လျှောက်သွားနေပေတော့" ဟုဆိုကာ ကားကို "ဝူး"ကနဲ မောင်းထွက်သွားလေ၏။

ခင်မမ၏ကားကလေးသည် ဗန္ဓုလပန်းခြံအနီး၌ သွား၍ရ လေ၏။ ထိုအခါ၌ လူတစ်ယောက်သည် ကားတံခါးကိုဖွင့်၍ ခင်မ အနီးတွင် ဝင်၍ထိုင်လေ၏။

"ဘယ်လိုလဲ"ဟု ထိုသူက မေးလိုက်လေ၏။

"ထားခဲ့ပြီလေ ကိုကိုရဲ့၊ သနားတော့ သနားစရာပါပဲ ကိုကိုရယ်" ဟု ခင်မမကပြောလျှင် ထိုသူက . . .

"မြနှင်းနွယ်လဲ တစ်ခုလပ်ဖြစ်သွားပြီ၊ ဒီကောင်လဲ လမ်းပေါ် ရောက်ပြီ၊ သိပ်ပြီးတော်တဲ့ ခင်ပဲ"ဟုဆိုကာ ထိုသူက ခင်မမ နမ်းရှုပ်လိုက်လေ၏။ ခင်မမ၏ရယ်သံကလေးသည် ပျံ့လွင့်၍ သွာ လေ၏။ ထို့နောက် ခင်မမက ကားကိုဖြေးညင်းစွာ မောင်းလေ ထိုသူကား သူဌေးသားမောင်မောင်ဦး ဖြစ်ပေသည်။

"ပက်ထရစ်မှာမူ ငူငူကြီး ရပ်နေပြီးနောက် စိတ်ပျက်လက်ပျက်နှ ပန်းခြံဘက်ဆီသို့တစ်လှမ်းခြင်းလျှောက်၍ လာလေတော့၏။ ပက်ထ သည် လူတွေကို အရွံ့မုန်းကြီး ရွံ့မုန်း၍ လာလေတော့၏။ လောကကြီး ကိုလည်း စိတ်ကုန်၍ လာလေတော့၏။ ထို့ကြောင့် ခပ်လှမ်းလှမ်းမှ မောင်း၍လာသော လော်ရီကားကြီးအောက်သို့ ဝင်ပြီး ကားကြိတ် ၍သေရန် ဆုံးဖြတ်လိုက်သည့်အလျောက် ပက်လက်ဖောင်းပေါ်မှ အောက်သို့ ဆင်းလိုက်လေတော့၏။ ကားကြီးမှာလည်း အရှိန်ပြင်းစွာနှင့် အနီးသို့ ရောက်လာလေတော့၏။ ကားမီးလုံးများသည် မျက်လုံး များကို ထိုးထားသဖြင့် ပက်ထရစ်၏မျက်လုံးများသည် ပြာဝေလျက် ရှိလေ၏။ ကားကြီးသည် ပက်ထရစ်နှင့် တစ်လံကျော်ကျော်မျှသို့ ရောက်လာသောအခါ၌ ပက်ထရစ်သည် "ကိုင်းကွာ"ဟု လောကကြီးကို အော်သောလေသံဖြင့် ကားအောက်သို့ဝမ်းလျားမှောက်၍ လိုက်လေတော့၏။

လော်ရီကားကြီးမှာ ပက်ထရစ်ရှေ့မှပင် ဝေါကနဲမြည်ဟီး၍ ဖြတ်ကျော် မောင်းသွားလေ၏။ ပက်ထရစ်သည် လော်ရီကားကြီး အောက်သို့ မရောက်ဘဲရှိနေ၏။ လူတစ်ယောက်က သူ၏အကျႌ လည်ဂုတ်ကို နောက်မှဆွဲလျက် သူ၏ ဒူးခေါက်ကွေးကိုလည်း နောက်မှ နင်းချကာ ချုပ်နှောင်ထားလိုက်ခြင်းကို ခံနေရလေတော့၏။

နောက်မှ ချုပ်ထားသောသူက လျှော့ပေးလိုက်လျှင် ပက်ထရစ် သည် ခွေခွေကလေး လမ်းပေါ်သို့ လဲကျသွားလေ၏။

"ဟား . . . ဟား၊ ကားအောက်ထဲဝင်ပြီး သေမလို့လား မောင် ပက်ထရစ်၊ မလုပ်စမ်းပါနဲ့ကွာ၊ အဲဒီစိတ်ကူးက မြန်မာစိတ်ကူးမျိုး မဟုတ်ဘူးကွ၊ နိုင်ငံခြားစိတ်ကူးကွ၊ မြန်မာစစ်စစ်ရဲ့ စိတ်ကူးက လောကကြီးကို အရွဲ့တိုက်တာ၊ လာစမ်းပါကွာ၊ မင်းကို လောကကြီး တစ်ခုလုံးက ဝိုင်းပယ်ထားစမ်းပါစေ၊ ငါတစ်ယောက်လုံး ရှိပါသေး တယ်ကွာ"ဟု ဆိုကာ ထိုသူက လက်ကိုဆန့်တန်းလိုက်လေ၏။



www.burmeseclassic.com

www.burmeseclassic.com

ပက်ထရစ်ကလည်း လဲ၍နေရာမှ . . .

"ကိုပုံ"ဟု ခေါ်လိုက်ပြီးနောက် လက်ကို ပြန်၍လှမ်းလိုက်လျှ

ကိုပုံခေါ် ကိုပုညက ဆွဲ၍ ထူပေးလိုက်လေ၏။

"ကျုပ်တော့ လောကကြီးကို စိတ်ကုန်ပြီး သေပစ်လိုက်မလို့ပဲ"

ဟု ပက်ထရစ်က ပြောလေ၏။

"လောကကြီးက သူ့ဖာသာ နေတာပါကွာ၊ လူတွေကိုက စိတ်တို

တာ ဖြစ်ပါလိမ့်မယ်"ဟု ကိုပုညက ပြောလေ၏။

"ဟုတ်ပါတယ် . . . ကျုပ်တော့ ဘယ်လိုလုပ်ရမှန်းတောင် မသိ

တော့ပါဘူး ကိုပုံရယ်"

"စောစောက ကားပေါ်ကမိန်းမနဲ့ မင်းနဲ့ စကားပြောနေတာ

တွေ့ပါရဲ့၊ အဲဒီမိန်းမ မင်းကိုထားခဲ့ပြီး ပန်းခြံထောင့်မှာစောင့်နေတဲ့

လူတစ်ယောက်ကို တင်ပြီးခေါ်သွားတာလဲ တွေ့ရရဲ့"

"တောက် . . . လိမ်တဲ့ မိန်းမတွေ"

"မင်းက မိန်းမတွေ မလိမ့်တပတ် အလုပ်ခံရလို့ သေချင်စိတ်

ပေါက်သွားတာလား"

"ဒါပေ့ါဗျာ"

"ဒီလိုကွ . . . မင်းက မလိမ်တတ်တော့ သူတို့က လိမ်ကြတာပေါ့

အခုအတိုင်း ဆက်ပြီးနေသွားရင်လဲ လိမ်တဲ့လူတွေ၊ မလိမ့်တပတ်

လုပ်တဲ့လူတွေနဲ့ ထပ်ပြီးတွေ့ဦးမှာပဲကွ၊ မင်းက လောကကြီးမှာ

နေနည်းထိုင်နည်းမှ မတတ်ဘဲကိုကွ"

"လောကကြီးမှာ ဘယ်လိုနေရမှာလဲ ကိုပုံ"ဟု ပက်ထရစ်က

ပြန်၍ မေးလိုက်လေ၏။

"လာစမ်းပါကွာ၊ မင်းနဲ့ငါ ပြန်လည်တွေ့ဆုံခြင်း အထိမ်းအမှတ်နဲ့





ထိုနားက လက်ဖက်ရည်ဆိုင်မှာ လက်ဖက်ရည်သောက်ရင်း ပြောကြ

ရအောင်"ဟု ဆိုသဖြင့် ပက်ထရစ်လည်း ကိုပုည၏နောက်သို့ လိုက်ပါ

သွားလေတော့၏။

လက်ဖက်ရည်ဆိုင်၌ လက်ဖက်ရည်နှစ်ခွက် မှာပြီးလျှင် ကိုပုညက

အောက်ပါအတိုင်း ပြောပြန်လေ၏။

"ဒီနေ့ကစပြီး စိတ်သစ်လူသစ် ပေါ့ကွာ . . . ရာဇဝတ်ဝန် မစ္စတာ

ဖော်စတာနဲ့ ဒေါ်မာဂရက်တို့ရဲ့သား ပက်ထရစ်ဆိုတဲ့ ကပြား

တစ်ကောင် လော်ရီကားကြိတ်လို့ သေသွားပြီလို့ မှတ်ပေတော့"

ပက်ထရစ်သည် ကိုပုညစကားကြောင့် ကြက်သီးမွေးညှင်းများ

ထ၍သွားလေတော့၏။ ပက်ထရစ်သည် ၄င်း၏အသုဘ အခမ်း

အနား၌ ထုလိုက်သော ကြေးစည်သံကို ၄င်းကိုယ်တိုင် ပြန်၍ ကြားရ

ဘိသကဲ့သို့ တုန်လှုပ်သွားလေ၏။

ကိုပုညက ဆက်၍ ပြောပြန်သည်မှာ . . .

"ဒီလိုကွ . . . လူပဲဖြစ်ဖြစ်၊ နွားပဲဖြစ်ဖြစ်၊ သမင်ပဲဖြစ်ဖြစ်

ပေါ့ကွာ၊ မြွေဟောက်ပေါက်ခံပြီး သေမယ်ဆိုရင် သေနိုင်တယ်ကွ၊

မြွေဟောက်ကို တစ်နည်းမဟုတ်တစ်နည်း ကြောက်ရသေးတာပဲ၊

အေး . . . မြွေဟောက်ကိုယ်တိုင်ကတော့ သူ့တစ်သက်မှာ မြွေပေါက်လို့

သေမှာကို တွေးပြီး ကြောက်စရာမလိုတော့ဘူးကွ၊ ဘာဖြစ်လို့လဲ

ဆိုတော့ သူကိုယ်တိုင်က မြွေဖြစ်နေတာကိုး . . .။ သူဌေးဖြစ်နေသမျှ

ဓားပြကို ကြောက်ရမှာချည်းပဲကွ၊ ဓားပြကတော့ သူဌေးလို ဓားပြ

တိုက်ခံရမှာ မကြောက်တော့ဘူး၊ သူက ဓားပြဖြစ်နေတာကိုး။ အေး . . .

ဒီလိုပဲကွ လောကကြီးမှာ လူတွေဟာ တစ်နည်းနည်းနဲ့ လိမ်နေကြတာ

ချည်းပဲကွ"



www.burmeseclassic.com

"ဘယ်လိုဗျ"ဟု ပက်ထရစ်က မေးလိုက်လေ၏။

"လူတိုင်းဟာ လူမသတ်ကြပါဘူးကွာ၊ ဒါကြောင့်လဲ **လူတိုင်းဟာ လူသတ်သမား မဖြစ်နိုင်ဘူး၊** အေး အဲဒီလိုပဲ **လူတိုင်းဟာ မရိုး ကြပါဘူးကွာ၊** ဒါကြောင့် **လူတိုင်းဟာ သူခိုးလဲ မဖြစ်နိုင်ကြပါဘူးကွာ၊ လူတိုင်းဟာ သူများသားမယားတို့ ကြာမခိုကြပါဘူးကွ၊** ဒါကြောင့် လူတိုင်းဟာ ဒု-သ-န-သော **စတွေ မဖြစ်နိုင်ဘူးကွ၊** ဒါပေမယ့် အနည်းနှင့်အများဆိုသလို လူတိုင်းဟာ လိမ်ပြောနေကြတာချည်းပဲ ဒါကြောင့် **လူတိုင်းဟာ လူလိမ်ချည်းပဲကွ၊** အသက်မွေးဝမ်းကျောင်း အဖြစ် လိမ်ရတာနဲ့ ရိုးရိုးလိမ်ရတာ နှစ်မျိုးပဲရှိတယ်၊ **လိမ်တော့ လိမ်နေတာချည်းပဲ၊** အဲဒီအထဲမှာ ကိုယ်က မလိမ်တတ်ဘူးဆိုရင် အလိမ်ခံရဖို့ သေချာနေပြီပေါ့ကွာ"

"ကျုပ်က အမှန်တရားကို တန်ဖိုးထားတယ်ဗျ"ဟု ပက်ထရစ်က ပြောလျှင် ကိုပုညက . . .

"တန်ဖိုးထားရမှာပေါ့ကွာ၊ အမှန်တရားဆိုတာ အဖိုးလဲတန်တယ် မြတ်နိုးဖို့လဲ ကောင်းတယ်"ဟု ပြောလေ၏။

"ဒါဖြင့်ယင် ခင်ဗျားက ဘာကြောင့် လိမ်လည်ခြင်းကို ကောင်းတယ်လို့ ပြောရတာလဲ"ဟု ပက်ထရစ်က ပြန်၍မေးလေ၏။

"လိမ်လည်ခြင်းကို ကောင်းပါတယ်လို့ မပြောပါဘူး၊ လူလိမ် လုပ်သင့်တယ်လို့သာ ငါက ပြောတာပါ"

"အေးလေ ခင်ဗျားစကားက အတူတူပဲမဟုတ်လား"

"မတူဘူးကွာ၊ မင်း သေသေချာချာ နားထောင် ပက်ထရစ်၊ လူတွေ ဘာကြောင့် လိမ်နေကြတယ် မှတ်သလဲ"

"အမှန်တရားကို တန်ဖိုးမထားလို့ပေါ့ဗျာ"





"မဟုတ်ဘူးကွ၊ အမှန်တရားကို တန်ဖိုးထားလို့ လိမ်နေကြတာ"

ပက်ထရစ်သည် ခေါင်းကို ကုတ်လိုက်လေ၏။ ထို့နောက် ပက်ထရစ်က . . .

"စောစောက လော်ရိကားကြိတ်ပြီး သေသွားရင် ဒီလိုခေါင်းရှုပ်မှာ မဟုတ်ဘူးဗျာ"ဟု ပြောလျှင် ကိုပုညက အော်၍ရယ်လေ၏။

"ဟား . . . ဟား . . . ဟား . . ."

"ဒီလိုပါကွ၊ အမှန်တရားဆိုတာ အဖိုးတန်တယ် မဟုတ်လား၊ ဒါကြောင့် လူတွေဟာ အဖိုးတန်တဲ့ပစ္စည်းကို ချွေတာတဲ့အနေနဲ့ မသုံးဘဲနဲ့ လိမ်နေကြရတာကွ"

"ဟုတ်ရဲ့လားဗျာ"ဟု ပက်ထရစ်က မေးပြန်လေ၏။

"ဟုတ်တာပေါ့ကွ၊ မင်းတို့ငါတို့ဟာလဲ အဖိုးတန်တဲ့အမှန်တရားကို ချွေချွေတာတာ သုံးစွဲရမယ်ကွ၊ အဲဒီလို သုံးစွဲတဲ့အနေနဲ့ **(မှန်တရား)** လိမ်လည်ခြင်းကို အသုံးပြုရမယ်၊ ငါဟာ အဲဒီအတွေးအခေါ်နဲ့ လူလိမ်ဖြစ်လာရတာပဲ၊ အင်္ဂလိပ်လိုပြောရင် မင်း ပိုပြီး သဘောပေါက်မှာပါ"ဟုဆိုကာ အောက်ပါ အင်္ဂလိပ်စကားကို ပြောလေ၏။

**"TRUTH IS THE VALUABLE THING HAVE, SO I MUST ECONOMIZE IT."**

၎င်း၏အဓိပ္ပာယ်မှာ အောက်ပါအတိုင်းဖြစ်ပေသည်။

**ကျွန်ုပ်၌ရှိသော အရာများအနက် အမှန်တရားသည် အဖိုးတန်ဆုံးဖြစ်ပေသည်၊ ထို့ကြောင့် ကျွန်ုပ်သည် ထိုအရာကို ချွေချွေတာတာ သုံးစွဲရပေမည် ဟူ၍ ဖြစ်ပေသည်။**



www.burmeseclassic.com

www.burmeseclassic.com



ပက်ထရစ်လည်း လက်ဖက်ရည်ကို ကောက်၍မော့လိုက်လေ၏

"ကျုပ် တော်တော် မခံချင်ဖြစ်နေတယ်ဗျာ"ဟု အစဆိုကာ ပက်ထရစ်သည် ၎င်း၏ဖြစ်ကြောင်းကုန်စင်ကို ကိုပုညအား ခရေစေ့တွင်းကျ ပြောပြလေတော့၏။

ကိုပုညလည်း ပက်ထရစ်ပြောပြသည်ကို စိတ်ဝင်စားစွာ နားထောင်ပြီးနောက် အောက်ပါအတိုင်း ပြောလေ၏။

"မင်းဟာ ဒီကနေ့ကစပြီး လောကကြီးကို အရွဲ့တိုက်ရမယ်၊ လောကကြီးဆိုတာ လူတွေကိုပြောတာ၊ မင်းကို တစ်ပတ်ရိုက်တဲ့ လူတွေကို နှစ်ပတ်သုံးပတ်၊ ဆယ်ပတ် တစ်ဆယ့်ငါးပတ် အိုကွာ. . . အပတ်တစ်ရာတစ်ထောင်တစ်သောင်း ပြန်ပြီးရိုက်ရမယ်"

"အပတ်တစ်သောင်း မဟုတ်ဘူး၊ အပတ် တစ်သိန်းတစ်သန်း ကုဋေကုဋာ ပြန်ပြီးရိုက်မယ်"ဟု ပက်ထရစ်ကပြောလျှင် ကိုပုညက. . .

"ဒါပေါ့ကွ၊ အဲဒါ လောကကြီးမှာ အကောင်းဆုံး နေနည်းထိုင်နည်းပဲ၊ မင်းကို မောင်းချတဲ့အိမ်ကြီးကို မင်း ပြန်ဝယ်ရမယ်၊ ပြန်ဝယ်တဲ့အခါမှာလဲ လိမ်လို့ရတဲ့ပိုက်ဆံ၊ မဟုတ်တာ လုပ်လို့ရတဲ့ ပိုက်ဆံနဲ့ ဝယ်ရမယ်၊ မင်းကို ဒုက္ခပေးလိုက်တဲ့ ခင်မမကိုလဲ မလိမ့် တပတ်နည်းနဲ့ ပြန်ပြီး ဒုက္ခပေးရမယ်၊ ဒါမှ လောကကြီးမှာနေရတာ တန်တာကွ"ဟု ပြောလျှင် . . .

ပက်ထရစ်က . . .

"ဟုတ်တယ်၊ ကျုပ် အဲဒီအတိုင်းလုပ်မယ်၊ လူတွေကို လိမ်မယ် ညာမယ်"ဟု ပြောလေ၏။

"အေး . . . မင်းဟာ မြွေဖြစ်သွားပြီ၊ မြွေပေါက်ခံရမှာ မကြောက် ရတော့ဘူး၊ မင်းဟာ ကပ္ပလီဖြစ်သွားပြီ၊ မျက်နှာကို အိုးမဲသုတ်ခံရမှာ





မကြောက်ရတော့ဘူး"ဟု ကိုပုညက အားရဝမ်းသာ ပြောလိုက်လေ၏။

"ကျုပ် အခု ဘယ်ကိုသွားလို့ ဘယ်မှာနေရမယ်ဆိုတာ မသိသေးဘူး"ဟု ပြောလျှင် ကိုပုညက . . .

"နိုး နိုး နိုး ဒီလိုမပြောနဲ့လေ၊ မင်းမှာ တစ်ကောင်ကြွက် မဟုတ်တော့ဘူး၊ မိတ်ဆွေကောင်းဖြစ်တဲ့ ငါတစ်ယောက်လုံး ရှိနေပြီပဲ၊ ငါနဲ့လိုက်နေပေါ့၊ လိမ်တဲ့နည်းတွေ၊ မဟုတ်တာ လုပ်တဲ့နည်းတွေ၊ ညစ်တဲ့နည်းတွေကို ငါက ဆရာစားမချန်ဘဲနဲ့ သင်ပေးရမှာပေါ့"ဟု ဗျာဗျာသလဲ ပြောလေ၏။

ထို့ကြောင့် ပက်ထရစ်သည် ကိုပုညနှင့် လိုက်ပါသွားခဲ့လေ၏။ များမကြာမီ၌ပင် ကိုပုညနေထိုင်ရာ မောင်ဂိုမာရီလမ်းပေါ်ရှိ တိုက်ခန်းဆီသို့ ရောက်ခဲ့လေတော့၏။

ကိုပုည၏အခန်းမှာ လွန်စွာသပ်ရပ်လှသော အခန်းကလေးဖြစ်ပေသည်။ အတွင်းခန်း၌လည်း တစ်ယောက်အိပ်ခုတင်ကလေး နှစ်လုံး ချထားသည်ကို တွေ့ရလေသည်။

"ခုတင်တစ်လုံးက ဘယ်သူအိပ်တာလဲဗျ"ဟု ပက်ထရစ်က မေးလျှင် ကိုပုညက . . .

"မင်းလို မိတ်ကောင်းဆွေကောင်းတစ်ယောက် ရောက်လာမှာကို မျှော်လင့်ပြီး အဆင်သင့်လုပ်ထားတာလေကွာ"ဟု ပြောလေ၏။

"ကျောင်းသားဘဝတုန်းက ခင်ဗျားနဲ့ကျွန်တော် ရထားပေါ်မှာ တွေ့ကြတုန်းက ခင်ဗျားဟာ သူတောင်းစားကြီးလိုပဲ၊ စုတ်စုတ်ပြတ်ပြတ်နဲ့ပါလား၊ အခုတော့ အတော်ကလေး ပြောင်းလဲနေမှုပဲ"ဟု ပက်ထရစ်က ပြောပေလေ၏။



www.burmeseclassic.com

www.burmeseclassic.com

"အဲဒီတုန်းက စောစောကငါပြောတဲ့ အတွေးအခေါ်မျိုး ကို ဦးနှောက်ထဲကို မရောက်သေးဘူးလေ၊ ဒါကြောင့် ငါလဲ မွဲပြီးနေတာ ပေါ့၊ အဲဒီအတွေးအခေါ်လဲ ငါ့ခေါင်းထဲရောက်လာရော ငါလဲ ပြောင်လက်လာတာပဲဟေ့"ဟု ကိုပုညက ရွှင်လန်းသောမျက်နှာနှင့် ပြောလေ၏။

ပက်ထရစ်သည် ခုတင်လွတ်တစ်လုံးပေါ်တွင် အညောင်းအညာ ပြေရန် ပက်လက်လှန်ရင်း . . .

"အေး . . . အဲဒီလို စိတ်ပေါ့လက်ပေါ့ နေစမ်းပါကွာ၊ လောကကြီး ဟာ ပျော်ဖို့ကောင်းပါတယ်ကွ၊ မနက်ဖြန် ဆိုရင် ငါနဲ့လိုက်ခဲ့၊ ပဲခူးက ဆန်စက်တစ်လုံးကို သွားရလိမ့်မယ်"ဟု ကိုပုညက ပြောလေ၏။ ပက်ထရစ်က ငေါက်ကနဲ ထိုင်လိုက်ပြီးနောက် . . .

"လိမ်တာကတော့ ဟုတ်ပါပြီဗျာ၊ ကိုယ်လိမ်တာကို လူတွေက ငံ့ပြီး အလိမ်ခံမတဲ့လား"ဟု မေးလိုက်လေ၏။

"သက်စ်ရိုက် ဒါမှန်တယ်၊ ဒီမေးခွန်းက မေးသင့်တဲ့မေးခွန်းပဲ၊ လူလိမ်ဆိုပေမယ့် လူတိုင်းကိုတော့ လိမ်လို့မရဘူးကွ၊ လောဘရှိတဲ့ လူကိုမှ လိမ်လို့ရတယ်"ဟု ကိုပုညကပြောလေ၏။

"လောဘဆိုတာ လူတိုင်းမှာရှိတာပေါ့ ကိုပုံရယ်"ဟု ပက်ထရစ်က စောဒက တက်လေ၏။

ထိုအခါ၌ ကိုပုညက . . .

"ဒါလဲ မှန်တာပဲ၊ လူဆိုတာ လောဘရှိကြတာချည်းပဲ"ဟု ပြောလေ၏။

"ဒါပေမယ့် နည်းတာနဲ့ များတာ ကွာတယ်၊ လောဘနည်းတဲ့ လူကို လိမ်လို့မရဘူး၊ လောဘများတဲ့လူ၊ လောဘကြီးတဲ့လူကိုတော့





လိမ်လို့ရတယ်၊ ဉပမာကွာ ငွေတစ်ကျပ် အရင်းထုတ်ပြီး အမြတ် တစ်မတ်လိုချင်တဲ့လူမျိုးကို လိမ်ရတာမလွယ်ဘူးကွ၊ ဘာဖြစ်လို့လဲ ဆိုတော့ သူက လောဘနည်းတယ်၊ သူ့လောဘက အစွန်းမထွက်ဘူး၊ အေး ငွေတစ်ကျပ်ရင်းပြီး ငွေတစ်ထောင်လိုချင်တဲ့လူ ဆိုရင်တော့ လိမ်လို့လွယ်ပြီကွ၊ သူက လောဘအစွန်းထွက်လာပြီ၊ ဘယ်လောက် ထွက်လာပြီလဲဆိုတော့ ကိုးရာကိုးဆယ့်ကိုးကျပ် အစွန်းထွက်လာပြီ၊ လူလိမ်ဆိုတာ အစွန်းထွက်လောဘကို ဖြတ်စားတဲ့ သချ်ာသမား တစ်မျိုးပဲကွ၊ လူလိမ်တစ်ယောက်အဖို့ အရေးကြီးတဲ့အရည်အချင်း တာ အစွန်းထွက်လောဘရဲ့ တန်ဖိုးကို တွက်ချက်တတ်ဖို့ပဲ၊ ဟဲ. . . ဟဲ. . . မနက်ဖြန် လိမ်နည်းတွေ စသိရမှာပေါ့ကွာ"ဟု ပြောလေ၏။

ထို့နောက် ပက်ထရစ်နှင့် ကိုပုညတို့သည် အိပ်စက်ကြလေ၏။ နံနက်မိုးလင်းသည့်အခါ၌ ပက်ထရစ်က အိပ်ရာက မထသေး သော်လည်း ကိုပုညမှာမူ ရေမိုးချိုး အဝတ်အစားလဲကာ အပြင်သို့ ထွက်သွားပြီဖြစ်လေ၏။ နံနက် ခြောက်နာရီကျော်ကျော်လောက်တွင် မော်တော်ကားတစ်စီးနှင့် ပြန်၍ ရောက်လာလေတော့၏။ ထိုသို့ ရောက်လာပြီးနောက် ပက်ထရစ်ကို နှိုး၍ ရေမိုးချိုးစေလေ၏။

"စောလှချည်လားဗျ"ဟု ပက်ထရစ်ကပြောလျှင် ကိုပုညက. . .

"ညကတည်းက ငါက အိပ်တာမှမဟုတ်ဘဲ၊ လိမ်ဖို့ ဉာဏ်နီ ဉာဏ်ဝါ ဉာဏ်ပြာတွေထုတ်ပြီး စဉ်းစားနေတာ"ဟု ပြောလေ၏။ ပက်ထရစ် ရေမိုးချိုးပြီးလျှင် မော်တော်ကားနှင့် ပဲခူးဘက်သို့ ထွက်ခဲ့ ကြလေ၏။ ၎င်းတို့ စီးနင်းလာသော မော်တော်ကားသည် လှည်းကူးသို့ အဝင်လောက်တွင် စက်ပျက်၍ သွားလေတော့၏။ ကာဒရိုင်ဘာသည်



www.burmeseclassic.com

www.burmeseclassic.com

ကားပေါ်မှဆင်း၍ စက်ဖုံးကိုဖွင့်လေ၏။ ထို့နောက် ဒရိုင်ဘာ
"နာရီဝက်လောက်တော့ ကြာမယ်ဆရာရေ"ဟုပြောလျှင် ကိုပုညက...

"ဘာဖြစ်တာလဲကွ"ဟု မေးလေ၏။

"ကာပရိုက်တာ ချို့ယွင်းသွားတာပါ"ဟု ပြန်၍ဖြေလေ၏။ ကိုပုညလည်း ကားပေါ်မှဆင်း၍ အညောင်းဆန့်လေ၏။ ထို့ အညောင်းဆန့်ရင်း လမ်း၏နံဘေးတွင်ရှိသော လွန်စွာကြီးမားသည့် ကျွန်းဖြင့် ဆောက်လုပ်ထားသည့် အိမ်ကြီးကိုကြည့်ကာ ဆေးပြင်းလိပ် ကိုထုတ်၍ သောက်လေ၏။ ပက်ထရစ်လည်း ၎င်း၏နောက်မှ လိုက်လေ၏။ ကိုပုညလည်း ထိုအခန်းကြီး~ နီးသို့ ရောက်သောအခါ ရပ်၍ မသိမသာ အကဲခပ်ကြည့်ရှုလိုက်လေ၏။ အိမ်ကြီး၏မျက်နှာစာ နဖူးစီးတွင် သစ်သားထွင်းစာလုံးဖြင့် "ဓာတ်ဗိန္ဒော သမားတော်ကြီး ဆရာမှန်၏သား ပရမတ္ထဆရာကံ"ဟု ရေးသားထားသောစာတမ်းကို တွေ့ရလေ၏။ ကိုပုညလည်း အိမ်ကြီးပေါ်သို့ ဣန္ဒြေရရ တက်သွား လေ၏။ ပက်ထရစ်လည်း နောက်မှ ထပ်ချပ်မကွာ လိုက်၍သွားလေ၏။ အိမ်ကြီးပေါ်သို့ တက်မိသောအခါ၌ ကြီးမားကျယ်ပြန့်သော ဘုရားစင် ကြီးရှေ့တွင် ပန်းနုရောင်ပဝါကို ပေါင်း၍ထားသော အသက်(၇၀) ကျော် အရွယ်ခန့်မျှရှိသော အဖိုးကြီးတစ်ဦးသည် စာအုပ်ထူထူကြီး တစ်အုပ်ကိုဖတ်၍ နေလေ၏။ ထိုအဖိုးကြီးမှာ "ပရမတ္ထဆရာကံ" ပင်ဖြစ်ကြောင်း ကိုပုညက သိလိုက်လေ၏။ ကိုပုညက ဘုရားကို ကန်တော့လိုက်ပြီးနောက် ဆေးဆရာကြီးအား ပျဝတ်ညွတ်ကျိုးစွာ ဦးချလေ၏။ ဆေးဆရာကြီးလည်း ကိုပုညကို မျက်မှန်အပေါ်မှနေ၍ ကျော်၍ ကြည့်လိုက်ပြီးနောက် . . .

"ဘာကိစ္စလဲကွယ့်"ဟု မေးလေ၏။





"ပရမတ္ထဆရာကံဆိုတာ ဆရာကြီးလား ခင်ဗျား"ဟု မေးလေ၏။

"ဟုတ်ပါတယ်၊ ပရမတ္ထဆရာကံဆိုတာ ငါပဲကွ၊ မောင်ရင်က ဘာကိစ္စရှိလို့လဲ၊ ရောဂါကုချင်လို့လား"

"ဒီလိုပါ ဆရာကြီး၊ ရန်ကုန်အနောက်ပိုင်းက ပွဲစားကြီးဦးထွန်းဖြူ ဆိုတာ ဆရာကြီး သိမှာပေါ့"ဟု ကိုပုညကပြောလေရာ ဆေးဆရာကြီး မှာ ဇဝေဇဝါဖြစ်၍ နေလေ၏။

"ဒီလိုပါ ဆရာကြီး၊ အဲဒီ ပွဲစားကြီးဦးထွန်းဖြူဆိုတာ ကျွန်တော့် အဖေပါပဲ၊ အခုတော့ မရှိတော့ပါဘူး၊ ကျွန်တော့်အဖေဆုံးတာ တစ်နှစ် လောက်တော့ ရှိသွားပြီ၊ အဖေက မသေခင်တုန်းက ကျွန်တော့်ကို မှာသွားတယ်၊ ကျွန်းတောရွာမှာ ဆေးဆရာကြီး ပရမတ္ထဆရာကံ ဆိုတာ ရှိတယ်၊ မြန်မာဆေးပညာနဲ့ပတ်သက်လို့တော့ တော်တော် တလေးကို ထူးချွန်တယ်လို့ ပြောဖူးတယ်၊ နောက်ပြီး စေတနာ မေတ္တာ တရားလဲ ရှိတယ်လို့ မကြာခဏ ပြောဖူးတယ်၊ ဒါပေမယ့် ကျွန်တော် တို့က ခေတ်ပညာတတ်ဆိုတော့ မြန်မာ့ဆေးပညာတွေကို စိတ်မဝင်စား မိခဲ့ဘူး၊ ဒါကြောင့်လဲ ကျွန်တော့်အဖေ ဆုံးသွားရတာပါပဲ၊ ဒီအတွက် ကျွန်တော် နေ့တိုင်း ယူကြုံးမရဖြစ်နေ ရတာပဲ"ဟု ကိုပုညသည် စကားကို တိုးလျှိုတန်းလန်း ဖြတ်၍ ထားလိုက်လေ၏။

ထို့နောက် ဆေးပြင်းလိပ်ထုတ်ကာ ဖွာရှိုက်နေလေ၏။ ထိုအခါ ဆရာကြီးက . . .

"အဲဒီတော့ မောင်ရင်က ကျုပ်ဆီကိုလာတော့လဲ အပိုပဲ၊ မောင်ရင့်စကားအတိုင်းဆိုရင် မောင်ရင့်ရောဂါကို အင်္ဂလိပ်ဆရာဝန် ဆီ သွားပြပေါ့ကွ"ဟု ဆေးဆရာကြီးက ဒေါသသံဖြင့် ပြောလိုက်လေ၏။

"ဒီလိုပါဆရာကြီး၊ ကျွန်တော် အခု ဒီကိုလာတာ ဆေး



www.burmeseclassic.com

မဟုတ်ပါဘူး။ ခုနကစကားကို ကျွန်တော် ပြန်ဆက်ပါရစေ ဆရာကြီး ... ကျွန်တော့်အဖေဟာ ဆရာကြီးရဲ့ဆေးပညာကို သိပ်အားကိုးတယ် ... သူ မကျန်းမာတိုင်း ဆရာကြီးဆီကိုလာပြီး ကုလေ့ရှိတယ်မဟုတ်လား ... ဟု ကိုပုညကပြောလိုက်ရာ ဆေးဆရာကြီးလည်း ထိုစကားကို ဝန်း ... သကဲ့သို့ ခေါင်းတညိတ်ညိတ်ဖြင့်သာ နေလေ၏။ ပါးစပ်က ... ဟုတ်ပါတယ်ဟု မပြောချေ။ ထိုအခါ ကိုပုညလည်း မိမိ၏စည်းထဲ ... ဆရာကြီး ခြေလှမ်းဝင်ရောက်လာပြီဖြစ်ကြောင်း သတိပြုလိုက် ... လေ၏။

"နောက်ဆုံးတော့ ကျွန်တော့်အဖေဟာ ဆီးချိုရောဂါနဲ့ အိပ်ရာထဲ ... မှာ လဲနေတော့ ဆရာကြီးကို အိမ်ဖိတ်ပင့်ပြီးကုဖို့ ပြောတယ် ... ဒါပေမယ့် ကျွန်တော်တို့က အင်္ဂလိပ်ဆေးကိုပဲ အထင်ကြီးနေ ... တော့ အဖေ့ရဲ့စကားကို ကန့်ကွက်ပြီး အင်္ဂလိပ်ဆရာဝန်နဲ့ပဲ ကုတယ် ... ရှင်းရှင်းပြောရရင်တော့ ဆရာကြီးရယ်၊ ကျွန်တော်တို့ဟာ ကိုယ့် ... ကိုယ် ခေတ်ပညာတတ်ဆိုပြီး မြန်မာ့ဆေးပညာကို မလေ့လာ ... အထင်သေးမိတဲ့အတွက်ကြောင့်ပါပဲ၊ နောက်ဆုံးတော့ အဖေဟာ ... ရောဂါကျွမ်းနေတဲ့အတွက် အင်္ဂလိပ်ဆရာဝန်တွေနဲ့ ကုနေရင်းနဲ့ ... ကွယ်လွန်သွားရပါတယ်၊ ဒါပေမယ့် အဖေကတော့ မသေခင်အချိန် ... ပိုင်းအထိ ဆရာကြီးကို တ,သွားရှာပါတယ်။ ဒီအတွက် ကျွန်တော် ... ယူကြုံးမရ ဖြစ်နေမိတယ်၊ ဆရာကြီးနဲ့သာကုလိုက်ရရင် အဖေဟာ ... ကျန်းမာသွားလိမ့်မယ်၊ တကယ်လို့ ရောဂါကျွမ်းနေလို့ သေသွား ... ရင်လဲ သူ့စိတ်တိုင်းကျပြုစုလိုက်ရလို့ ကျွန်တော်တို့မှာ ယူကြုံးမရ ... ဖြစ်စရာအကြောင်းမရှိပါဘူး၊ အခုတော့ ကျွန်တော့်ရဲ့မိုက်ပြစ်ကြောင့် ... ဒီလိုဖြစ်ရတာပါ၊ နောက်ပိုင်း ကျွန်တော်လဲ မြန်မာဆေးပညာကို ... သူ့လာလိုက်စားမိတော့၊ အတော် ကျယ်ပြန့်နက်ရှိုင်းမှန်းကို သဘော ... ပေါက်လာပါတော့တယ်။ ဆေးပညာလောကမှာလဲ ဆရာကြီးရဲ့ ဆေးကျမ်းတွေကို ဆေးဆရာတိုင်းက လက်မလွှတ်ကြဘူးဆိုတာ ... တွေ့လာရပါတယ်၊ ဒါကြောင့် ဆရာကြီးဆီကို ကျွန်တော့်အမှား ... အတွက် ဝန်ချတောင်းပန်ဖို့ ရောက်လာတာပါ"ဟု ကိုပုညက ပြော ... လိုက်ရာ ဆရာကြီးမှာ လွန်စွာ ပီတိဖြစ်၍ သွားလေတော့၏။

အမှန်တကယ်အားဖြင့် ထိုဆေးဆရာကြီးသည် မည်သည့်ဆေး ... ကျမ်းကိုမျှ ရေးသားခဲ့ခြင်း မရှိပေ။ ကိုပုည၏စကား၌ ချော်လဲ ... ရောထိုင်လိုက်ခြင်းသာ ဖြစ်၏။

"အေးကွယ်၊ ကိုယ့်အမှားကို ကိုယ်ဝန်ခံတာ ပညာရှိပဲ မဟုတ်လားကွယ်၊ ဒါနဲ့ မောင်ရင်က ဘာလုပ်သလဲ ဆိုစမ်းပါဦး"

"ကျွန်တော်က ပဲခူးမှာ ဆန်စက်တစ်လုံး တည်ထားပါတယ်၊ သူဌေး ... တော့ မဟုတ်ပါဘူး၊ စားနိုင်သောက်နိုင် လှူနိုင်တန်းနိုင်ရုံလောက်ပါပဲ"

"အေး ... အဲဒါလဲပဲ ကာမာဝစရကုသိုလ်ကွ၊ စားနိုင်သောက်နိုင် လှူနိုင်တန်းနိုင်တာကလဲ သူဌေးစာရင်းထဲ ထည့်ရမှာပဲဟေ့၊ ခတ္တိယသေဋ္ဌိ ဆိုတာက မင်းမျိုးတဖြစ်တဲ့ သူဌေးတွေ၊ ဿမနသေဋ္ဌိ ဆိုတာက ကုန်သည်မျိုးဖြစ်တဲ့ သူဌေးတွေ၊ မဟာသေဋ္ဌိ ဆိုတာက သူဆင်းရဲမျိုးတဖြစ်တဲ့ သူဌေးတွေ၊ အေး ... စားနိုင်သောက်နိုင်တာကို မဟာသေဋ္ဌိ သူဌေးစာရင်းထဲ ထည့်ရမှာပဲဟေ့"

"ဟုတ်ပါတယ် ဆရာကြီး"ဟု ကိုပုညက ပြောလေ၏။ ထို့နောက် ... တွင်ကား ကိုပုညနှင့် ဆေးဆရာကြီးတို့သည် မြန်မာဆေးပညာ ... အကြောင်းကို ဆွေးနွေး၍ နေလေတော့၏။ ပက်ထရစ်လည်း ကိုပုည ... ပြောသော မြန်မာ့ဆေးပညာအကြောင်းကို နားထောင်ရင်း ...



www.burmeseclassic.com

www.burmeseclassic.com

"လူကတော့ လူတော်တစ်ယောက်ပါပဲ၊ သူမသိတာ ဘာမှ သလောက်ပဲ၊ ဒါပေမယ့် လူကောင်းမဟုတ်တော့ ပတ်ဝန်းကျင်အတွ အန္တရာယ်ကောင်း ဖြစ်နေတယ်"ဟု စိတ်ထဲမှာ ကျိတ်၍တွေးမိလေ

ကားဒရိုင်ဘာက ကားပြင်ပြီး၍ ဟွန်းတီးမှသာလျှင် ကိုပုညသ ဆရာကြီးအားဦးချ၍ သူ၏နာမည်ကိုပြောပြကာ၊ အနွှေဝါသိ တပည့်တစ်ဦးအဖြစ် အသိအမှတ်ပြုပါရန် ပြောကြားပြီး အိမ်ပေါ် ဆင်းသွားလေတော့၏။

ထို့နောက် ပဲခူးမြို့သို့ ခရီးဆက်ပြန်၏။ ပဲခူးသို့ရောက်လျှင် သိဒ္ဓိဆန်စက်သို့ဝင်၍ ဆန်စက်ပိုင်ရှင်နှင့်တွေ့ဆုံကာ ဆန်တန်ချိန်ပေါ် သုံးဆယ်ကျော် ဝယ်ယူလိုကြောင်း စကားပြောလေ၏။ ဆန်စက်ပိုင် သူဌေးလည်း ကိုပုညနှင့်ပက်ထရစ်အား ကောင်းမွန်စွာ ဧည့်ခံကျွေးမွေး အရောင်းအဝယ်စကားပြောလေ၏။ ညနေပိုင်းသို့ရောက်လျှင် ပြန်ခဲ့ လေ၏။ ပြန်သည့်အခါ၌ ပဲခူးဈေးသို့ဝင်ကာ သင်္ဘောသီး၊ ငှက်ပျော သရက်သီး၊ မင်းဂွတ်သီး စသည်တို့ကို လူတစ်ယောက်ထမ်း မရနိုင်လောက်အောင် ခြင်းတစ်လုံးနှင့် ဝယ်ယူခဲ့လေ၏။

အပြန်တွင် လှည်းကူးမြို့မှအထွက် ပရမတ္ထဆရာကံ၏ အိမ် တွင် ကားကိုရပ်စေပြီး ပက်ထရစ်နှင့် ကားဒရိုင်ဘာကို ငှက်ပျော တောင်းကို ထမ်းစေလျက်၊ ကိုပုညက အိမ်ပေါ်သို့တက်သွားလေ ဆရာကြီးလည်း ကိုပုညကိုမြင်လျှင် . . .

"ဘာတောင်းကြီးလဲ မောင်ပုည"ဟု မေးလေ၏။

"စုံနေတာပဲ ဆရာကြီး၊ သရက်သီးရော၊ သင်္ဘောသီးရော မင်းဂွတ်သီးရော"ဟုဆိုကာ ဆရာကြီးအားပေးလေ၏။

"ဟ . . . မောင်ပုညရေ ငါ့မှာက တစ်ယောက်ထဲကွယ့်၊ မင်းဥစ္စာ များလှချည်လား"





"အော် . . . ဆရာကြီးက တစ်ယောက်တည်းကိုး"ဟု ကိုပုညက ပြောလေရာ ဆရာကြီးက . . .

"အေးကွယ့်၊ တစ်ယောက်တည်းလို့ ဆိုရမှာပဲ၊ ဆရာကြီးရဲ့ဇနီးဟာ လွန်ခဲ့တဲ့ သုံးနှစ်လောက်က ဆုံးသွားရှာတယ်၊ သားတစ်ယောက် ကတာလဲ မန္တလေးမှာ သူ့အိမ်ထောင်နဲ့သူဆိုတော့ တစ်နှစ်မှ တစ်ခါ နှစ်ခါလောက် လာနိုင်ရှာတယ်၊ စားရေးသောက်ရေးနဲ့ ခိုင်းဖို့ပြုဖို့ ဆတော့ ရွာထဲက တပည့်တပန်းတွေက လာရောက်ကူညီရှာတယ်" ဟု ပြောလေ၏။

ထိုအချိန်၌ ယောက်ျားကြီးနှစ်ယောက်နှင့် မိန်းမကြီးတစ်ယောက် တို့သည် အိမ်ပေါ်သို့ တက်၍လာရာ . . .

"လာကြဟေ့ လာကြ၊ ဟောဒီမှာ ငါ့တပည့် စက်သူဌေးနဲ့ မင်းတို့ကို မိတ်ဆက်ပေးရဦးမယ်"ဟု ပြောလေ၏။

ထိုသူသုံးယောက်လည်း ကိုပုညကို သေချာစွာ အကဲခတ်လိုက် ပြီးနောက် ဆရာကြီးရှေ့၌ ကြုံ့ကြုံ့ကလေး ထိုင်ကြလေ၏။

"ဟောဒါက ဒီရွာမှာနေကြတဲ့ လူတွေပဲ။ သူက ဘိုးစိန်လို့ ခေါ်တယ်၊ ဒီဘက်ကတော့ မြကြီးလို့ခေါ်တယ်၊ သူကတော့ မြကြီးရဲ့ ဇနီး မငွေမြိုင်ပဲ၊ ဆရာကြီးကို သူတို့ပဲ ဝိုင်းပြုစုပေးနေတာပဲ မောင်ပုညရဲ့"ဟု မိတ်ဆက်ပေးလေ၏။

ထို့နောက် ကိုပုညသည် ထိုရွာသားသုံးယောက်နှင့် စပါးဈေး၊ ဆန်ဈေးများအကြောင်းကိုပြောရင်း စကားလက်ဆုံ ကျသွားလေ တော့၏။ ထိုနေ့မှစ၍ ပဲခူးမြို့သို့ သွားသည့်အခါတိုင်း ကျွန်းတောရွာရှိ ပရမတ္ထဆရာကံ၏အိမ်သို့ ဝင်မြဲဖြစ်လေ၏။ ဝင်သည့်အခါ၌လည်း လက်ချည်းသက်သက်မဟုတ်ဘဲ မာတ်ဗူး၊ ရေနွေးကရား၊ အောက်ဆေး



www.burmeseclassic.com

www.burmeseclassic.com



ခာတ်မီး စသည်များကို ဝယ်၍သွားလေ၏။ အနိမ့်ဆုံးအား
မည်သည့်ပစ္စည်းမှမပါလျှင် ဆေးပြင်းလိပ်တစ်ထုပ်ကိုတော့ ပါတ
ဖြစ်လေ၏။

ဤသို့နှင့်ပင် ကိုပုညသည် ဆေးဆရာကြီးနှင့်လည်းကော
ရွာထဲမှ ဆရာကြီး၏တပည့်များနှင့်လည်းကောင်း ရင်းနှီးခင်မ
သွားလေတော့၏။

တစ်နေ့သ၌ ပဲခူးသို့သွားရန် အဆင်သင့်လုပ်ထားဟု ပက်ထ
ကို မှာပြီးလျှင် ကိုပုညသည် အပြင်သို့ မော်တော်ကားနှင့် ထွက်သွ
လေ၏။ ပြန်လာသည့်အခါ၌ ၎င်းနှင့်ရွယ်တူ ဝတ်ကောင်းစားလှ
ဝတ်ထားသည့် မိန်းမတစ်ဦးအပြင် ကလေးနှစ်ဦးလည်း ပါလာလေ

"ဘယ်က မိန်းမနဲ့ ကလေးတွေလဲဗျာ"ဟု ကိုပုညအနီးသို့ ကပ်
မေးလျှင် ကိုပုညက . . .

"အဲဒီကောင်မက စက်သူဌေးကတော် ဒေါ်စိန်သော်၊ က
နှစ်ယောက်က စက်သူဌေးရဲ့ သားနဲ့သမီးကလေးတွေအဖြစ် အသ
တော်ခံကြမယ့် လိမ်ဖော်လိမ်ဘက် ကရိယာကလေးတွေလို့ တွဲသ
ပက်ထရစ်သည် ဂဏှာဟိ မှတ်လော့"ဟု ပြောလိုက်မှပင် ပက်ထ
လည်း အနည်းငယ် ရိပ်မိလေတော့၏။

ထိုနေ့က ကျွန်းတောရွာသို့ ရောက်ကြပြန်လေ၏။ ကိုပုည
ဆေးဆရာကြီးအား . . .

"ဒါက ကျွန်တော့မိန်းမ မစိန်သော်ပါ ဆရာကြီး၊ သူ့ကိုသ
မေးကြည့်ပါတော့ ဆရာကြီးရယ်၊ ကျွန်တော့်အဖေဟာ သေကာ
တောင် ဆရာကြီးကို တ,သွားတယ်ဆိုတာ သူအသိဆုံးပါပဲ"

ထိုအခါ မစိန်သော်က . . .





"ဟုတ်ပါတယ် ဆရာကြီး၊ ကိုပုညတို့ ကျွန်မတို့ ယူကြီးမရဖြစ်နေ
တာ အဲဒီကိစ္စပဲ၊ ကျွန်မက ပြုစုခဲ့ရတဲ့လူဆိုတော့ ပိုပြီးသိတာပေါ့။
အခုတောင် အဖေ့ရဲ့စကားကို ကြားနေတုန်းပါပဲ"ဟု ပြောကာ
ငိုလေတော့၏။ ထိုအခါ ဆေးဆရာကြီးက . . .

"အိုကွယ် . . . သမီးကလဲ တရားနဲ့ဖြေမှပေါ့။ အင်္ဂလိပ်ဆေး
ဆရာတွေလဲ အစွမ်းထက်ကြပါတယ်၊ ဒါပေမယ့် ရောဂါကကျွမ်းနေ
တော့ ဘယ်တတ်နိုင်ကြမလဲ၊ မီးစာကုန် ဆီခမ်းဆိုတဲ့စကားလို
သက်စေ့ကံကုန် ဖြစ်ရတာပါ"ဟု ဖြေသိမ့်စကား ပြောလေ၏။

"အဖေရေ . . . အဖေ မြင်လှည့်စမ်းပါဦး၊ အဖေ မကြာခဏ
ပြောနေတဲ့ ဆရာကြီးဆီကို ကျွန်မတို့ ရောက်နေကြပြီလေ၊ ဆရာကံ
ကိုသာ ခေါ်ခဲ့ပါ၊ ငါ့ရောဂါ ပျောက်ပါလိမ့်မယ်ဆိုတဲ့ စကားကို ကျွန်မ
နားထဲမှာ ကြားနေတုန်းပါပဲ အဖေရဲ့"ဟု မစိန်သော်က အော်၍
ငိုလေရာ ကိုပုညက တတောင်နှင့်တွက်လိုက်ပြီး . . .

"မင်းကလဲကွာ မင်းကလဲ၊ ဆရာကြီး စိတ်မကောင်းအောင်
ဘာဖြစ်လို့ ငိုနေရာတာလဲ"ဟု မာန်လိုက်မှ ဟန်ဆောင်ဇနီး
မစိန်သော်လည်း လက်ကိုင်ပဝါဖြင့် မျက်ရည်ကိုသုတ်ကာ အငိုရပ်
လေတော့၏။

ထို့နောက် မစိန်သော်သည် ကိုပုညအနီးသို့ကပ်ကာ . . .

"ဆရာကြီးကို အိမ်မှာပင့်ပြီး အဖေအရင်းလို ပြုစုရမှ ကျွန်မတို့
စိတ်ကျေနပ်မယ်"ဟု မကြားတကြား ပြောလေ၏။

ထိုအခါ ကိုပုညက "အဲဒါကြောင့် မင်းတို့ကို နေရာတကာ
မခေါ်သွားချင်တာပေါ့၊ တို့အိမ်ခေါ်လို့ ဆရာကြီးက လိုက်မှာလား
သူ့သားရှိတဲ့ မန္တလေးတောင်မှ မနေဘဲ၊ ရွှေလူကြီးဆိုတာ ကိုးမှုရပ်



www.burmeseclassic.com

www.burmeseclassic.com

ကိုယ့်ရွာကို သိပ်ခင်တယ်၊ ရန်ကုန်လိုနေရာမျိုးက လူစုံတော့ ဆရာကြီးတို့လိုလူမျိုးအဖို့ မျက်စိနောက်မှာပေါ့၊ မင်း စေတနာရှိရင် ထိုက်ထိုက်တန်တန် ကန်တော့ပေါ့"ဟု ပြောလေ၏။

ထို့နောက် ကိုပုညသည် အိမ်ကြီးတစ်ဆောင်လုံးကို မျက်စိဖြေကစားလိုက်ပြီးလျှင် ဆရာကြီးဘက်သို့လှည့်၍ . . .

"သစ်သားအိမ်ဆိုတာ ကောင်းတော့ ကောင်းပါတယ် ဆရာကြီး မီးထင်းကိစ္စတော့ စိတ်မချရဘူး"ဟု စကားခေါ်လိုက်လေ၏။

"အိုကွယ် . . . ရွာမှာနေတယ်ဆိုတာ သစ်သားအိမ်ပဲ ကောင်းပါတယ်၊ ရွာထဲက လယ်ပိုင်သူဌေး ညီမောင်ကြီးတို့တောင် ပျဉ်ထောင်အိမ်နဲ့ နေတာပဲ"ဟု ဆရာကြီးက ပြောလေ၏။

ထိုအခါ ကိုပုညက "ဒီလိုပါဆရာကြီး၊ ကျွန်တော်ဟာ ဆန်စက်အလုပ်အပြင် ကံထရိုက်အလုပ်လဲ လုပ်လေတော့ အုတ်မရှား သဲမရှားပေါ့၊ သူများတွေအတွက် တိုက်ဆောက်ရတာ ငွေကုန်ကြေးကျများပေမယ့် ကျွန်တော့်အတွက်တော့ တိုက်နှစ်လုံး ကံထရိုက်ရရင် ကိုယ့်အတွက် တိုက်တစ်လုံးပေါ့၊ ဒီနှစ်ထဲ ကံထရိုက်လုပ်ငန်းမှာ တော်တော်လေးတွင်ကျယ်တော့ အုတ်ပို သဲပိုတွေကို ခြံထဲမှာတောင် ပစ်ထားရသေးတယ်"ဟုဆိုကာ စကားကို ဖြတ်ထားလိုက်လေ၏။

ထို့နောက် ဆရာကြီးအားနှုတ်ဆက်ကာ ကိုပုညနှင့် ဇနီး အယောင်ဆောင် မစိန်သော်တို့သည် အယောင်ဆောင်ကလေးများကို ခေါ်ကာ ပြန်၍ သွားလေတော့၏။ နောက်တစ်ပတ်ကြာသောအခါ ပက်ထရစ်နှင့် ကိုပုညတို့သည် ဆရာကြီးအိမ်သို့ သွားရောက်ကြပြန်လေ၏။





ထိုအချိန်၌ ဆေးဆရာကြီးသာမက တစ်ရွာလုံးကပါ ကိုပုညအား စက်သူဌေးကြီးတစ်ယောက်ဟုထင်မှတ်ကာ လွန်စွာအထင်ကြီးကြလေတော့၏။ ဆေးဆရာကြီးက ပြောပြထားသောကြောင့်လည်း ကိုပုညမှာ ဆေးဆရာကြီးအား မပင့်မိ၍ သူ့အဖေဆုံးရသည့်အတွက် ယူကြုံးမရဖြစ်နေကြောင်းကို သိထားကြလေ၏။

"ဆရာကြီးရေ၊ ကျွန်တော့်မန်နေဂျာကိုပါ မေးကြည့်ပေတော့၊ တိုတစ်ပတ် ဆရာကြီးဆီက ပြန်သွားပြီးတဲ့နောက်ပိုင်း အစိုးရဆီက တန်ထရိုက်ရလို့ ကျွန်တော့်ဇနီးနဲ့တိုင်ပင်ကြည့်တယ်၊ ဆရာကြီးကိုလဲ ကျေးဇူးပြုရာရောက်အောင် ဆရာကြီးရဲ့ သားစဉ်မြေးဆက်လဲ နေထိုင်သွားရအောင် ခြံထဲက အုတ်ပိုသဲပိုတွေနဲ့ တိုက်တစ်လုံးလောက် ဆောက်ပေးချင်တယ်၊ အခုရတဲ့ အစိုးရဆီက ကန်ထရိုက်လုပ်ငန်းတာလဲ အကြမ်းဖျင်း ကျွန်တော့်အတွက် တိုက်လေးလုံးစာလောက် ထွက်လာဦးမယ်"ဟု ကိုပုညက ပြောလေ၏။

"အိုကွယ် ...ရွာဆိုတာက ပျဉ်ထောင်အိမ်လောက်နဲ့ပဲ သင့်တော်ပါတယ်"ဟု ငြင်းဆန်လိုက်ပြန်ရာ . . .

"မဟုတ်တာပဲ ဆရာကြီးရာ၊ တိုက်နဲ့ မနေနိုင်လို့သာပေါ့၊ နေနိုင်ရင် ပိုကောင်းတာပဲ၊ ကျွန်တော့်အတွက်လဲ အပိုပစ္စည်းတွေနဲ့ ဆောက်ရတယ်ဆိုတော့ အပန်းမကြီးလှပါဘူး၊ အလုပ်သမားစရိတ်တာလဲ ပြောပလောက်အောင် မများလှပါဘူး"ဟုပြောရာ ဆေးဆရာကြီးသည်း မည်သို့မျှ ပြန်မပြောဘဲ ငြိမ်၍သာ နေလေ၏။

"ဆရာကြီးလိုချင်တဲ့ အိမ်ပုံစံကိုတော့ မနက်ဖြန် ကျွန်တော့် အင်ဂျင်နီယာပါလာရင် ပြောပေါ့၊ ခြံထဲမှာရှိတဲ့ပစ္စည်းတွေနဲ့ မိုးမကျခင် အကောင်အထည် ဖော်လိုက်ချင်ပါတယ်"


www.burmeseclassic.com

www.burmeseclassic.com



ထိုအခါ ဆရာကြီးက . . .

"သာဓုကွယ်၊ သာဓု သာဓု၊ မင်းအဖေ ဦးထွန်းဖြူလိုပါပဲလ
စေတနာ တယ်ပြီး ထက်သန်ကြတာကိုး။ ဒါကြောင့်လဲ မတော
မတ မကြောင့်မကျ နေနိုင်စားနိုင်ကြတာ"ဟု သွယ်ဝိုက်၍ပြော
သဘောတူလိုက်လေ၏။

နောက်တစ်နေ့တွင် ကိုပုညနှင့် ပက်ထရစ်သည် ဆရာ
အိမ်သို့ တစ်ခေါက်ရောက်လာကြပြန်လေ၏။ အိမ်ပုံစံဆွဲရန်အတွ
အင်ဂျင်နီယာတစ်ယောက်ကိုပါ ခေါ်ခဲ့လေ၏။ ထို့အတူ သစ်ဆို
ကုလားတစ်ယောက်ကိုလည်း ခေါ်ခဲ့လေ၏။

အင်ဂျင်နီယာကား မြေအကျယ်ကို တိုင်းထွာ၍ နေလေ
ဆရာကြီး ခေါ်၍ထားသော ရွာလူကြီးနှင့် တပည့်တပန်းများလည်
စုတ်တသပ်သပ်နှင့် ဆရာကြီး၏ ကုသိုလ်ကံထူးပုံကိုပြောဆို
ဝမ်းပန်းတသာ ဖြစ်၍နေကြလေ၏။

ကိုပုညလည်း အင်ဂျင်နီယာအား "နှစ်ထပ်ဆင်ဝင်နှင့် ရို
ရှင်းရှင်းပုံစံမျိုးပဲ ဆရာကြီးကကြိုက်မှာ၊ သူ့မှာ မန္တလေးကသာ
ရှိတယ်ဆိုတော့ ဒီအိမ်ကို ဆရာကြီးမရှိတဲ့နောက်ပိုင်း သူတို့နေ
မှာပဲ၊ အဲဒီတော့ မိသားစုများလာလိမ့်မယ်၊ အိမ်ခန်းတွေကို
ပိုပိုရှုံ့ရှုံ့ ဖွဲ့ပေးပါ။ အဓိကမွမ်းမံရမှာကတော့ ဘုရားခန်းပဲ"ဟု အ
ကြားအောင် ပြောလိုက်လေ၏။

ထိုအခါ အင်ဂျင်နီယာက "ရပါစေ့မယ်"ဟုပြော၍ ဖြေလေ
ရပ်ထဲရွာထဲမှလူများက အင်ဂျင်နီယာကြီး တိုင်းထွာနေသည်
ကြည့်ရှုကြပြီးလျှင် "ဟိုနေရာ ဒီလိုလုပ်ရင် ပိုကောင်းမယ်၊ ဒီနေ
ဒီလိုလုပ်ရင် ပိုကောင်းမယ်"ဟု အကြံပေးကြလေ၏။





အင်ဂျင်နီယာလည်း စိတ်ပျက်၍ နေလေ၏။ ကလေးများကလည်း အင်ဂျင်နီယာကြီး၏ ပေကြိုးများကိုယူကာ ဆော့၍ ကစားနေသောကြောင့် ပက်ထရစ်က လိုက်၍တောင်းရလေ၏။ ပရိသတ်အတွင်းမှ မိန်းမကြီးတစ်ဦးကမူ "ဆရာကံတို့ကတော့ သေခါမှ ရွှေထီးဆောင်းရတာပဲ"ဟု ပြောသံကြားလိုက်ရာ ပက်ထရစ်လည်း ပြုံးမိသေးတော့၏။

ထို့နောက် ကိုပုညတို့သည် ဆရာကြီးနှင့်တကွ ရပ်ထဲရွာထဲမှ လူအပေါင်းအား နှုတ်ဆက်ကာ ပြန်၍သွားလေတော့၏။

ကိုပုညသည် ပဲခူးသို့ဆက်၍သွားပြီးလျှင် မနသိဒ္ဓိဆန်စက်သို့ သွားကာ ဆန်အရောင်းအဝယ်ကိစ္စ စကားပြောလေ၏။ အရောင်းအဝယ်ကိစ္စ တည့်သွားပြီဖြစ်၍ ဆန်များကို ရထားတွဲများနှင့်တင်ရန် စီစဉ်ပြန်၏။

နောက်တစ်နေ့သည်၌ ကိုပုညသည် သဲကားတစ်စီး၊ အုတ်ကားတစ်စီးမှာ၍ ဆရာကြီးအိမ်ရှေ့၌ ပုံခိုင်းလေ၏။ ဆေးဆရာကြီးနှင့် သူ၏တပည့်တပန်းများသည် သဲတစ်ပုံနှင့် အုတ်တစ်ပုံကို တွေ့ရှုံမျှနှင့်ပင် ဝမ်းသာကြလေ၏။ ထိုအခါ ကိုပုညသည် ဆရာကြီးအား . . .

"မနက်ဖြန်ကို အိမ်စဖျက်မယ်၊ ဒီအတောအတွင်း ဆရာကြီးနေဖို့တော့ ရပ်ထဲရွာထဲမှာပဲ စီမံရမှာပေါ့၊ ဆရာကြီးကိုလက်ခံတဲ့ အိမ်အတွက်ကိုလဲ ငွေရေးကြေးရေးကိစ္စ ကျွန်တော်ပဲကူညီမယ်"ဟု ပြောလိုက်ရာ ရွာသားများသည် 'သူလက်ခံမယ်၊ ငါလက်ခံမယ်'ဟု ငြင်းခုံကြလေတော့၏။

နောက်တစ်နေ့တွင်ကား သစ်ကုလားသည် ၎င်း၏အလုပ်သမားများနှင့် လာရောက်၍ ဆေးဆရာကြီး၏ ကျွန်းအိမ်ကြီးအား ကားနှင့် တိုက်၍ ယူသွားလေတော့၏။



www.burmeseclassic.com

www.burmeseclassic.com

ဆေးဆရာကြီးလည်း သူကြီးအိမ်၌ သောင်တင်၍ နေလေ၏။ တစ်လမျှကြာသည့်တိုင်အောင်ပင် သူ၏အိမ်နေရာ ကွက်လပ်ရှိ သဲတစ်ပုံနှင့် အုတ်ခဲတစ်ပုံမှာ ငြိမ်ချက်သားကောင်းလျက်ပင် ရှိလေ၏။

ထိုနေ့မှစ၍ ကိုပုညလည်း ခြေရာပျောက် ဖြစ်သွားလေတော့၏။ ဆရာကြီးမှာကား သူကြီးအိမ်ပေါ်မှာနေရင်း ကားသံကြားလျှင် လမ်းမသို့ ထွက်ကြည့်တတ်သော အကျင့်တစ်ခု စွဲကျန်လေတော့၏။

**ဉပဒေသ-**

(၁-က) စော်မြစ်မသိသူတို့ မထုံကြည်ရာ၊

(၁-ခ) လောဘကြီးသူတို့သည်သာ အလိမ်ခံတတ်၏၊



## ငွေဂေါင်းကို ဖွားမြင်ခြင်း

ကိုပုညသည် မနေ့သိဒ္ဓိဆန်စက်မှ လိမ်လည်ရရှိခဲ့သော ငွေနှစ်သောင်းနှင့် ပရမတ္ထဆရာကြီး၏ အိမ်ကြီးကိုဖျက်၍ သစ်ကုလားအား ရောင်းစားခဲ့သော ငွေခြောက်ထောင် စုစုပေါင်း နှစ်သောင်းခြောက်ထောင်ကိုကိုင်လျက် ပက်ထရစ်အား . . .

"ကဲ တွေ့ပြီလား၊ အစွန်းထွက်လောဘတွေကို ဖြတ်လို့ရတဲ့ တန်ဖိုး၊ ဒီနည်းတွေကို ကျင့်သုံးမယ်ဆိုရင် မင်းအဖေ မစ္စတာ ဖော်စတာ ဆောက်ခဲ့တဲ့ ဘိုအိမ်ကြီးကိုလဲ ပြန်ရမယ်၊ မင်းကို တစ်ပတ်ရိုက်ခဲ့တဲ့ ခင်မမကိုလဲ အပတ်ကုဋေကုဋာ ပြန်ရိုက်နိုင်တယ်" ဟု ပြောလေ၏။

ပက်ထရစ်သည် ကိုပုည၏မျက်နှာကို စေ့စေ့စပ်စပ် ကြည့်လိုက်မိ၏။ ထိုအခါ၌ ကိုပုညက . . .

"လောကမှာ ဓားပြကိုလဲ အထင်ကြီးဖို့ မရှိဖူးကွ၊ ဓားပြဆိုတာ လက်နက်ရှိမှဖြစ်တာ၊ သူ့အစွမ်း မဟုတ်ဘူး၊ လက်နက်ရဲ့ အစွမ်း၊ သူခိုးကလဲ ဒီလိုပဲ၊ လူအိပ်နေမှ ခိုးလို့ရတာ၊ အဲ လူလိမ်ကတော့ ဒီလိုမဟုတ်ဘူးကွ၊ အလိမ်ခံရတဲ့လူက ကျေကျေနပ်နပ်ကြီးကို ပေးလိုက်ရတာ၊ အဲဒီတော့ သူခိုးဓားပြထက် လူလိမ်က ပညာရှိဖို့


www.burmeseclassic.com

www.burmeseclassic.com

လိုတယ်ကွ၊ မင်းကို ငါက အဲဒါတွေ အသေးစိပ် သင်ပေးမှာပါကွာ" ဟု ပြောပြန်လေ၏။

"ကျုပ်ကလဲ ခင်ဗျားလို လူလိမ်တစ်ယောက်ဖြစ်ဖို့ သဘောတူပြီးသားပဲ၊ ကျုပ်စဉ်းစားနေတာက အဲဒီလိုလိမ်ဖို့ မဝံ့မရဲဖြစ်နေလို့ပါ" ဟု ပက်ထရစ်က ပြန်၍ ပြောလိုက်လေ၏။

"ဒီလိုဆိုရင်တော့ မင်းကို သတ္တိမွေးပေးရဦးတော့မှာပေါ့"ဟုဆိုကာ ကိုပုညသည် အပြင်သို့ ထွက်သွားလေတော့၏။ တစ်နာရီကျော်ကျော်ခန့်ကြာလျှင် ကိုပုည ပြန်၍ရောက်လာလေ၏။ ၎င်း၏လက်ထဲ၌လည်း ဆေးမင်ကြောင်ထိုးသော ကြေးစုတ်တံ ချွန်ချွန်ကြီးတစ်ချောင်းနှင့် ဆေးမင်ခွက်တစ်ခုလည်း ပါလာလေ၏။ ထို့နောက် ပက်ထရစ်ကိုခေါ်၍ "ကျွန်ုပ်၌ရှိသော အရာများအနက် အမှန်တရားသည် အဖိုးအတန်ဆုံးဖြစ်သည်၊ ထို့ကြောင့် ကျွန်ုပ်သည် အဖိုးတန်သော အမှန်တရားကို ချွေချွေတာတာ သုံးစွဲပါမည်"ဟု အဓိပ္ပာယ်ရသော အောက်ပါအင်္ဂလိပ်စာကို ပက်ထရစ်၏ ရင်ဘတ်ပေါ်၌ ပြောင်းပြန်ထိုး၍ ပေးလိုက်လေ၏။ ထို့ကြောင့် ပက်ထရစ်ရင်ဘတ်ပေါ်မှစာများသည် အောက်ပါအတိုင်းဖြစ်ပေသည်။

TRUTH IS THE VALUABLE THING I HAVE
SO I MUST ECONOMISE IT

ထို့နောက် ပက်ထရစ်က . . .

"ကိုပုည ဘာတွေလဲဗျ"ဟု မေးသောအခါ၌ ကိုပုညက မှန်တစ်ချပ်ကိုယူ၍ ပက်ထရစ်ရှေ့တွင် ထောင်၍ပြလေ၏။ ပက်ထရစ်ကစာကိုဖတ်ပြီး ပြုံးလိုက်လေ၏။





"ဒီစာက သူများဖတ်ဖို့မဟုတ်ဘူး၊ မင်းဖတ်ဖို့၊ မှန်ကြည့်တော့မှ မှန်ထဲမှာ အတည့်ထင်မှာ"ဟုလည်း ကိုပုညက ပြောလိုက်လေ၏။ ပက်ထရစ်သည် ထိုစာများကို ငုံ့ကြည့်ပြီးနောက် ရင်ဘတ်ပေါ်တွင် မင်နှင့်သွေးများ ရောနှော၍ စီးကျနေသည့်အဖြစ်ကိုကြည့်ကာ သဘောကျ၍သွားသဖြင့် ဟက်ဟက်ပက်ပက် ရယ်မောလိုက်လေ၏။

"ဟား . . . ဟား . . . ဟား . . . သိပ်ကောင်းတာပဲ ဆရာပုံရေ" ဟုလည်း ပြောလိုက်လေ၏။

"မျှော်လင့်ချက်ရှိတဲ့လူရယ်၊ မျှော်လင့်ချက် လုံးဝမရှိတဲ့လူရယ်၊ အဲဒီလူနှစ်မျိုးပဲ စွန့်စားဝံ့တယ်ကွ၊ အခု မင်းမှာ မျှော်လင့်ချက်တွေ ရှိလာပြီ၊ ရှေ့မှာ စွန့်စားဝံ့ပြီ၊ ငါနဲ့တွေ့တဲ့ညတုန်းက မင်းမှာ မျှော်လင့်ချက်ဆိုလို့ ဆံချည်မျှင် တစ်မျှင်စာတောင် မရှိဘူး၊ အဲဒီတုန်းကလဲ ရဲရင့်တာပဲ၊ လော်ရီကားအောက်မှာတောင် မှောက်ဝံ့သေးတယ်မဟုတ်လား"ဟု ကိုပုညက ပြန်ပြော၏။ ပက်ထရစ်သည် စီးကရက်တစ်လိပ်ကိုထုတ်၍ မီးညှိလိုက်လေ၏။ ထိုအချိန်၌ ပရမတ္ထဆရာကံ၏အိမ်ကို လိမ်ခဲ့စဉ်က ကိုပုည၏မိန်းမအဖြစ် ဟန်ဆောင်ခဲ့သော မစိန်သော်နှင့် ကလေးနှစ်ယောက် ရောက်ရှိလာလေ၏။

"ကိုပုည ကျွန်မတို့ကို ဟန်ပူဇော်ခ ပေးမယ်ဆိုလို့ လာခဲ့တာပဲ" ဟု မစိန်သော်က ပြောလေ၏။

"ဉာဏ်ပူဇော်ခ လုပ်စမ်းပါဗျာ"ဟု ပက်ထရစ်က စကားကိုဖြင့်၍ပေးလိုက်လေ၏။

"ဘယ်ကလာ ဉာဏ်ပူဇော်ခ ရမှာလဲ၊ ငါက ဉာဏ်ထုတ်ရတာမှုတ်ဘဲ၊ ကိုပုညရဲ့ဉာဏ်တွေပဲ၊ ငါက ဟန်လုပ်ရုံ လုပ်ရတာ၊ ဒါကြောင့် ဟန်ပူဇော်ခလို့ ပြောတာဟဲ့"ဟု မစိန်သော်က ပြန်၍ ပြောလျှင် ကိုပုညက ပက်ထရစ်ဘက်သို့လှည့်ကာ . . .


www.burmeseclassic.com

www.burmeseclassic.com

"သူပြောတာ မှန်တယ်မဟုတ်လား"ဟု မေးလေ၏။ ပက်ထရစ်က မှန်ကန်ကြောင်း ခေါင်းညိတ်ဝန်ခံလိုက်လျှင် ကိုပုညက . . .

"အဲဒါပြောတာပေါ့ကွ၊ ပညာရှိဖို့ဆိုတာ ဝေးတွေဆီက သင်ယူရတာမျိုးကွ၊ သူ့ဝေါဟာရလေး ဘယ်လောက်ကောင်းသလဲ၊ တ ပူဇော်ခတဲ့"ဟု ပြောလိုက်လေ၏။ ထို့နောက် ကိုပုညသည် မစိန်သော် အား ဟန်ပူဇော်ခအဖြစ် ငွေတစ်ထောင်ကိုပေးလျှင် မစိန်သော်က...

"ကလေးတွေအတွက်ကော"ဟု မေးလေ၏။

"သူတို့အတွက်လဲ ရရမှာပေါ့"ဟုဆိုကာ ကလေးတစ်ယောက် ငါးရာစီ ပေးလိုက်လေ၏။ မစိန်သော်နှင့် ကလေးများသည် ထွက်သွား ကြလေ၏။ သွားခါနီးတွင် မစိန်သော်က အောက်ပါအတိုင်း ပြော သွားလေ၏။

"ရှင်ဟာ ခေါင်းကြီးသလောက် တော်တော်လိမ်တတ်တဲ့လူကြီး ရှင့်ခေါင်းထဲကဉာဏ်တွေဟာ လိမ်ဖို့အလုပ်လုပ်နေကြတာနဲ့ တူ ရဲ့နော်"

ပက်ထရစ်သည် မစိန်သော်၏စကားကြောင့် ခွက်ထိုးခွက်လျ ရယ်မောလေသည်။ ထို့နောက် ကိုပုညဘက်သို့လှည့်ကာ . . .

"အာစရိ ပရမတ္ထဆရာကံ အိမ်ကိစ္စတော့ ထားလိုက်ပါတော့ ဆန်စက်ကိစ္စ ပြောစမ်းပါဦး"ဟု စကားစလိုက်လေ၏။

"ဒါက ဘာခက်သလဲကွာ၊ သူတို့ဟာသူတို့ရောင်းရင် သုံးထော လောက် မြတ်မယ့်ကိစ္စကို ငါးသောင်းပေးမယ်ဆိုပြီး အရောင်းအဝ လုပ်တာပေါ့ကွာ၊ ပြီးတော့ ငွေတစ်သောင်း စရံပေးပြီး ဆန်တွေ တင်ခိုင်းတာပေါ့၊ ကျန်တဲ့ငွေကို ဘဏ်မှာထုတ်ဖို့ဆိုပြီး ချက်တစ်စော ရေးပေးခဲ့တယ်၊ အဲဒီချက်က ဒီကမ္ဘာမှာ ထုတ်လို့မရတဲ့ချက် ဆို





တော့ကွာ"ဟု ကိုပုညက ပြောလေ၏။

"ခင်ဗျားပြောတော့လဲ တယ်လွယ်ပါလားဗျ"ဟု ပက်ထရစ်က ပြောလေ၏။

"အေး . . . အခုနေကစပြီး လွယ်လွယ်ကလေးနဲ့ လိမ်စားနိုင်တဲ့ ည်း မင်းကို စပြီးသင်မယ်၊ သင်ခန်းစာပေါင်း (၅၀)ရှိတယ်၊ ပထမ သင်ခန်းစာက လက်ဆောင်လို့မှတ်ထား"ဟုပြောလျှင် ပက်ထရစ်က...

"ဘာလဲဗျ လက်ဆောင်"ဟု ပြန်၍ မေးလေ၏။

"ကိုယ်လိမ်တော့မယ့်လူကို ခင်မင်လာအောင် လက်ဆောင် းရမယ်၊ တခြားလက်ဆောင် ဘာမှပေးစရာမရှိရင် အဲဒီလူနဲ့ တွေ့တဲ့ အခါတိုင်း နှစ်လိုဖွယ်ရာ ပြုံးပြရမယ်၊ အဲဒါကို အပြုံး က်ဆောင်လို့ ခေါ်တယ်၊ ပြီးတော့ ခင်ဗျားနဲ့ တွေ့ချင်နေတာ ာပြီ၊ ခင်ဗျား သမီးလေးရော စာမေးပွဲအောင်တယ်မဟုတ်လား၊ င်ဗျားကတော့ ဝလို့လှလို့ဗျာ၊ ခင်ဗျားနဲ့ တွေ့လိုက်ရတာ ကျုပ်တော့ တ်ချမ်းသာ သွားတာပဲ၊ ဘာညာနဲ့ပေါ့ကွာ၊ ကာရံသင့်မယ့် စကား တွကို ပြောရမယ်၊ ပြောတဲ့အခါမှာ လှိုက်လှိုက်လှဲလှဲ လေသံနဲ့ ပြာရမယ်၊ အဲဒါ စကားလက်ဆောင်လို့ ခေါ်တယ်၊ အဲဒီနေရာမှာက ပြီး ပိပိရိရိရှိဖို့ လိုတယ်၊ မလုပ်တတ်ရင် မှန်ထဲကြည့်ပြီး လေ့ကျင့်ထား၊ အဲဒါ လိမ်စားမယ့်လူရဲ့ တစ်နည်းပြောရရင် ူလိမ်တစ်ယောက်မှာ ရှိရမယ့် အရည်အချင်းပဲ၊ ပြောတဲ့အခါမှာ စ်ဘက်လူ နှလုံးခိုက်အောင် ပြောရမယ်ကွ"ဟု ကိုပုညက ပြောလျှင် က်ထရစ်က . . .

"ခင်ဗျားပြောတဲ့ဥစ္စာ စဉ်းစားတတ်တဲ့လူဆိုရင် ရပ့်မလား ိုပုည"ဟု စောဒက တက်လေ၏။



www.burmeseclassic.com

www.burmeseclassic.com

"မထင်စမ်းပါနဲ့ကွာ၊ စဉ်းစားတတ်တဲ့လူဟာ ငါ့အဖို့ကတော့ အလိမ်ခံရဖို့ စဉ်းစားနေတယ် ထင်တယ်ဟေ့၊ အင်္ဂလိပ်စကားပုံတစ်ခု ရှိတယ်ကွ၊ အဓိပ္ပာယ်ရတော့ **ဦးခေါင်းဆိုတာ အသည်းနှလုံးရဲ့ လိမ်လည်ခြင်းတို့ အမြဲခံနေရတယ်** ဆိုပဲကွ၊ ဒါကြောင့် လိမ်တော့မယ် ဆိုရင် နှလုံးခိုက်အောင် ပြောတတ်ဖို့ အရေးကြီးတယ်ကွ"ဟု ကိုပုည က ပြောလေ၏။

ပက်ထရစ်က . . .

"ကောင်းပါပြီဗျာ၊ မှတ်မိပါတယ်"ဟု ပြောလျှင် ကိုပုညက . . .

"သင်ခန်းစာ (၂)ကို တက်မယ်၊ သင်ခန်းစာ (၂)ရဲ့ ခေါင်းစဉ် ကတော့ ကိုယ်လိမ်မဲ့လူကို ခေါင်းတဆတ်ဆတ်ညိတ်စေဖို့ပဲ"ဟု ကိုပုည ကပြောလျှင် ပက်ထရစ်က . . .

"လွယ်ပါ့မလား အာစရိရယ်"ဟု ပြန်၍ပြောလေ၏။

ကိုပုညက . . .

"ဒီမှာ ပက်ထရစ် ငါတို့ဟာ လှည်းကူးမြို့နားက ဆေးဆရာကြီး အိမ်ကို လိမ်ခဲ့တယ် မဟုတ်လား"ဟု မေးလေ၏။

"ဟုတ်တယ်လေ"ဟု ပက်ထရစ်က ဖြေလေ၏။

"ဆေးဆရာကြီးအိမ်ကို လိမ်တုန်းက မစိန်သော်ဆိုတဲ့ မိန်းမ ပါတယ် မဟုတ်လား"

"အင်းလေ"

"မလိမ်ခင်မှာ မရမတ္တဆရာကံအိမ်ကို ငါက ပစ္စည်းတွေ အများကြီး ပေးခဲ့သေးတယ် မဟုတ်လား"

"ဟုတ်သားပဲ ကိုပုည"

"ငါက အင်ဂျင်နီယာကိုလဲ ခေါ်သွားတယ် မဟုတ်လား"





"အင်း"

"ကဲ . . . အခုပဲ မင်းဟာ ငါ့ကို လေးကြိမ်တိတိ ခေါင်းညိတ် ဝန်ခံပြီးပြီပဲ"ဟု ကိုပုညကပြောလျှင် ပက်ထရစ်က . . .

"အမှန်တွေပြောလို့ ခေါင်းညိတ်ရတာပဲဗျာ"ဟု ဆိုလေ၏။

"အေး . . . လိမ်မယ့်လူဟာ တွေ့တွေ့ချင်း မလိမ်ရသေးဘူးကွ၊ တစ်ဘက်လူယုံအောင် အမှန်တွေ ပြောရသေးတယ်၊ အမှန်တွေ လုပ်ရသေးတယ်၊ ပြီးတော့မှ လိမ်ရတာ၊ အဲဒါ မြဲမြဲမှတ်ထားပေတော့ တိုယ့်လူ၊ အဲဒါ သင်ခန်းစာ (၂)ပဲ၊ နက်ဖြန်မှာ သင်ခန်းစာ (၃)ကို ဆက်သင်မယ်၊ ရော့ မင်းသုံးဖို့ငွေတစ်ထောင်"ဟုဆိုကာ ပက်ထရစ် အား ငွေတစ်ထောင်အုပ်တစ်အုပ်ကို ပေးလိုက်လေ၏။

ဤသို့နှင့်ပင် ပက်ထရစ်သည် ကိုပုညထံမှ အခြေခံလိမ်နည်း သင်ခန်းစာပေါင်း ငါးဆယ်ကျော်ကို သင်ယူခဲ့ပြီး ဖြစ်ပေသည်။ ကိုပုညနှင့် နေထိုင်လာခဲ့သည်မှာလည်း သုံးလကျော်ကျော်ခန့် ရှိခဲ့ပြီ ဖြစ်ပေသည်။

"ကဲ ...ပက်ထရစ်ရေ စာတွေ့တော့ ပြီးပြီ လက်တွေ့ လေ့ကျင့်ခန်း သင်ရမယ်"ဟုဆိုကာ ရန်ကုန်ဆေးရုံကြီးအနီးသို့ ခေါ်သွားလေ၏။ အချိန်မှာ နံနက် (၈)နာရီခန့် ရှိပေ၏။

"ဆေးရုံမှာ ဘယ်သူ့ကို လိမ်စရာရှိလို့လဲဗျ"

ပက်ထရစ်က မေးလေ၏။

"ဒီလိုကွ ၊ ဒီအချိန်ဟာ ရန်ကုန်ဆေးရုံကြီးမှာ ညက တာဝန်ကျတဲ့ ဆရာဝန်နဲ့ မနက်ပိုင်းဝင်ရမယ့် ဆရာဝန်တွေ ဂျူတီချိန်းကြတဲ့ အချိန် ပဲကွ၊ ပြီးတော့ ဆေးကောလိပ်က ဆရာဝန်လောင်းတွေလဲ လက်တွေ့ လေ့လာဖို့ ရောက်တတ်တဲ့အချိန်မျိုးပဲ၊ အခုနေ မင်းရဲ့ပခုံးပေါ်မှာ



www.burmeseclassic.com

www.burmeseclassic.com



နားကြပ်ကလေးတင်ထားပြီး ဆေးရုံပေါ်ကို တက်သွားမယ်ဆိုရင် ညကဆရာဝန်တွေကလဲ မနက်ပိုင်းတာဝန်ကျတဲ့ဆရာဝန်လို့ ထင်မယ်၊ ဒီလို မထင်ဘူးပဲ ထားဦး၊ ဆေးကောလိပ်က ဆေးကျောင်းသားလို့ ထင်မယ်၊ အဲဒီတော့ ဆေးရုံပေါ်ကိုတက်ပြီး သွားပါ၊ ဟောဒီမှာ နားကြပ်၊ လူနာတွေကို လျှောက်ပြီးကြည့်ပါ၊ လူနာတွေရဲ့ ခုတင်ခြေရင်းမှာချိတ်ထားတဲ့ ရောဂါအခြေအနေနဲ့ ကုသမှု မှတ်တမ်းစာရွက်တွေကိုလဲ ယူပြီးကြည့်ပါ"ဟု ကိုပုညက ဆေးပြင်းလိပ်ကို ပါးစောင်၌ခဲရင်း ပါမောက္ခတစ်ဦး၏လေသံဖြင့် လက်ချာပေးလေ၏။

"အဲဒီတော့ ဘယ်လို အကျိုးရှိမှာလဲ"ဟု ပက်ထရစ်က ပြန်၍ မေးလျှင် . . .

"လိမ်ဖို့ မျက်နှာရဲအောင် လက်တွေ့လေ့ကျင့်ခန်း လုပ်ခိုင်းတာကွ" ဟု ကိုပုညက ပြောလေ၏။

"ဒီလိုဆိုလဲ လုပ်ရတာပေါ့ဗျာ"ဟုဆိုကာ နားကြပ်ကလေးကို ပခုံးပေါ်မှာတင်၍ ဆရာဝန်တစ်ဦး၏ဟန်ပန်ဖြင့် ဆေးရုံကြီးပေါ်သို့ တက်သွားလေ၏။ ကိုပုညသည် မြင်လောက်သောနေရာမှ လိုက်၍ ကြည့်၏။ ပက်ထရစ်သည် လူနာများကို စကားပြော၏။ ခုတင်ခြေရင်းရှိ လူနာမှတ်တမ်းများကို ကြည့်၏။ နားကြပ်ဖြင့် လူနာ၏ ရင်ဘတ်ကိုထောက်၍ စမ်းသပ်ကြည့်၏။ ပက်ထရစ် အပြုအမူကို ကြည့်၍ ကိုပုညသည် ပြုံး၍နေလေ၏။ ပက်ထရစ် ပြန်ရောက်လာသည့်အခါ၌ ကိုပုညက . . .

"စာမေးပွဲ အောင်ပြီ"ဟု ပြောလေ၏။

ထို့နောက် တရုတ်တန်းသို့သွားရောက်ကာ နံနက်စာကို စားကြလေ၏။





"တကယ့် ဒေါက်တာကြီး ကျနေတာပဲကွာ၊ ဟုတ်တယ်ဟေ့၊ မင်းက ငါထင်တာထက်အောင် မျက်နှာပိုး သေသေးတယ်"ဟု ကိုပုညက ချီးမွမ်းလေ၏။ ၎င်းတို့နှစ်ယောက်သည် နံနက်စာကို မြိန်ယှက်စွာ စားသောက်ကြလေ၏။ စားသောက်ပြီးသည့်အခါ၌ ကိုပုညက . . .

"မင်းရုပ်က ဘိုကပြားသာ ဆိုတယ်၊ ဘိုရုပ်လဲ မပေါက်ဘူး၊ တပြားရုပ်လဲ မပေါက်ဘူး၊ ပက်ထရစ်ဆိုတဲ့ နာမည်နဲ့ မလိုက်ဘူးကွ၊ နာမည်ပြောင်းမှ ဖြစ်မယ်ကွ၊ မြန်မာနာမည် တစ်ခုပြောင်းကွ"ဟု ပြောလေ၏။

"နာမည်ပြောင်းတာက အရေးမကြီးပါဘူး၊ ပြောင်းထားတဲ့ နာမည်ကို ကိုယ့်ဘာသာကိုယ် မှတ်မိအောင် ကြိုးစားဖို့ ခက်တယ်ဗျ" ဟု ပက်ထရစ်ကပြောလျှင် ကိုပုညက . . .

"မှတ်မိအောင် ဒီလိုလုပ်ရတယ်ကွ၊ ကိုယ့်အသိထဲ မိတ်ဆွေထဲက နာမည်ကို ပြောင်းရတယ်၊ မင်းရဲ့မိတ်ဆွေထဲမှာ လှမောင်လို့ရှိရင် လှမောင်လို့ ပြောင်းလိုက်၊ အုန်းမြင့်လို့ရှိရင် အုန်းမြင့်လို့ ပြောင်းလိုက်" ဟု ပြောလေ၏။

"ကျုပ် အမှတ်မိဆုံးကတော့ ကျုပ်အဘိုးနာမည်ပဲ"

"မင်းအဘိုးနာမည်က ဘယ်သူတဲ့တုန်း"

"ဦးရွှေဂေါင်း"

"ဒီလိုဆိုလဲ မင်းနာမည် ရွှေဂေါင်းပေါ့ကွာ၊ ဒီကနေ့ကစပြီး ငါကလဲ ရွှေဂေါင်းလို့ ခေါ်မယ်၊ ကဲ ရွှေဂေါင်း သွားကြဦးစို့"ဟု ကိုပုညက ပြောလေ၏။

ပက်ထရစ်သည် ရွှေဂေါင်းဟု အခေါ်ခံလိုက်ရလျှင် မည်သို့



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်သည်မသိ၊ ကြက်သီးမွေးညှင်းများ ထ၍သွားသည့်အဖြ
ရင်တွင်း၌လည်း . . .

"ရွှေဂေါင်း . . . ရွှေဂေါင်း . . . ရွှေဂေါင်း ဟူသော အသံသည်
ပဲ့တင်ထပ်၍ လှုပ်ရှားသွားသည်ဟု ထင်လိုက်လေ၏။

"ကျုပ် ရွှေဂေါင်းဖြစ်သွားပြီပေါ့ . . . ဟား . . . ဟား . . .
ဟား . . . ရွှေဂေါင်း၊ ငွေဂေါင်း၊ စိန်ဂေါင်း . . . ဟား . . . ဟား. . .
ဟား . . . ကျုပ် သိပ်သဘောကျတာပဲ"ဟုပြော၍ ပက်ထရစ်သည်
ကျေနပ်ဝမ်းမြောက်စွာ ရယ်မောနေလေ၏။ အသက် (၂၀)ကျော်
အရွယ်အထိ ပက်ထရစ်ဟူသောအမည်ဖြင့် အသက်ရှင်လာခဲ့ပြီး
နောက် ယခုတဖန် ရွှေဂေါင်းဟူသောအမည်ဖြင့် လောကကြီး
အရှဲ့တိုက်ရတော့မည့်အဖြစ်သည် ထိုနေ့မှ စတင်ခဲ့ပေသည်။
တစ်နည်းဆိုရပါမူ လူအ အနုံကလေး ပက်ထရစ်သည် လုံး
စုတေစိတ်ကျ၍ ရွှေဂေါင်းဟူသော လူလယ် လူရှုပ်တစ်ဦး ဖွားမြင်
ခဲ့သည်ဟု ဆိုနိုင်ပေသည်။

📖 📖 📖



## မီးနေစောင့် ယောက်ျား

ဘိုအိမ်ကြီးပေါ်၌ ကျန်ရစ်ခဲ့သော မြနှင်းနွယ်မှာကား ပျို့လိုက်
အန်လိုက်နှင့် ရှိနေလေ၏။ စိန်ကြည်က ထွေးခံယူပေးပြီး မြနှင်းနွယ်၏
ကျောကုန်းကို လက်ကလေးဖြင့်ဖိ၍ ပေးနေလေ၏။ မိန်းမရှာ
အသောင်းသည် မြနှင်းနွယ်အား ကြည့်၍ . . .

"မိနွယ် . . . ခွေးကောင်နဲ့ ကိုယ်ဝန်ရပြီ ထင်တယ်၊ ဘာပဲဖြစ်ဖြစ်
မော်လမြိုင်က အနှိပ်သည် ဒေါ်ကြိုင်ကို သွားခေါ်ပြီး နှိပ်ပစ်ရမှာပဲ"
ဟု ပြောလေ၏။

"ဘာဖြစ်လို့ နှိပ်ရမှာလဲ"ဟု မြနှင်းနွယ်က ပြောလေ၏။

"ခွေးမျိုးရဲ့ သန္ဓေကို ဘာလုပ်ဖို့လဲအေ့"ဟု မိန်းမရှာအသောင်း
က ပြန်၍ ပြောလေ၏။

"အို . . . မဟုတ်တာပဲ၊ သူမကောင်းတာနဲ့ ဘာဆိုင်လဲ အသောင်း
ရယ်၊ နွယ့်ရဲ့ရင်သွေးပဲ၊ နွယ်မွေးရမှာပေါ့"ဟု ထိတ်ထိတ်ပျာပျာနှင့်
ပြန်၍ ပြောလေ၏။

"မဟုတ်ဘူးလေ၊ ညည်းမှာက အရွယ်ရှိသေးတယ်လေ၊ ဒီတော့
နောက်အိမ်ထောင် ပြုခဲ့ရင်လဲ ရှင်းရှင်းလင်းလင်း ဖြစ်တာပေါ့အေ"

"အသောင်းကလဲ ဘာတွေလာပြောနေတာလဲ၊ ကိုယ်ဝန်ဖျက်ချ
တယ်ဆိုတာ မိန်းမကောင်းတွေရဲ့ အလုပ်မဟုတ်ဘူး၊ သွားစမ်းပါ၊



www.burmeseclassic.com

www.burmeseclassic.com

နွယ် နားရှက်တယ်”ဟု မြနှင်းနွယ်က မိန်းမရှာအသောင်းအ အခန်းတွင်းမှ မောင်းထုတ်လိုက်လေတော့၏။

မြနှင်းနွယ်သည် ပက်ထရစ်နှင့် ရရှိသောကိုယ်ဝန်ကို ကောင်း စောင့်ရှောက်လေ၏။

မြနှင်းနွယ်သည် နေ့စေ့လစေ့ ဖြစ်လာသည့်အခါ၌ ပွဲရုံ မသွားနိုင်သဖြင့် ပွဲရုံလုပ်ငန်းကိုနားလည်သော မင်းမောင် လာရောက်ကူညီရလေ၏။ မင်းမောင်သည် ရန်ကုန်သို့ ရောက်သ အခါ၌ ပွဲရုံ၌ပင်,အိပ်၊ ပွဲရုံ၌ပင်,နေကာ မြနှင်းနွယ်၏အလုပ်များ ဖိဖိစီးစီး လုပ်ကိုင်ပေးရှာလေ၏။

ကုန်များ မှာခြင်း၊ နယ်များသို့ ကုန်များပို့ခြင်း၊ ကြွေးလက်ကျန်များ လိုက်၍တောင်းခြင်း စသောလုပ်ငန်းများနှင့် မင်းမောင်သည် အလု ရှုပ်လျှက် ရှိလေတော့၏။ မြနှင်းနွယ်က လစာအဖြစ် တစ်လလျှ ငွေတစ်ရာပေးသော်လည်း မင်းမောင်က များပါသည်ဟုဆိုက ငွေ၅၀သာလျှင် ယူလေ၏။

လကုန်သည့်နေ့တိုင်း၌လည်း မိခင်နှင့်ညီမကလေးများ သုံးစွဲရ အတွက် ၎င်း၏လခကို သွား၍ပို့တတ်လေ၏။ ထိုသို့ မပို့မီ၌လည်း မင်းမောင်သည် စာရင်းစာအုပ်နှင့် ငွေလက်ကျန်များကိုယူကာ မြနှင်းနွယ်ရှိရာ ဘိုအိမ်ကြီးသို့ ရောက်လာပြီးလျှင် လချုပ်စာရင်းနှင့် ငွေလက်ကျန်ကို ပို့တတ်လေ၏။

တစ်နေ့သ၌ မင်းမောင်သည် လချုပ်စာရင်းနှင့် ငွေလက်ကျန်ကို ယူ၍ မြနှင်းနွယ်ထံသို့ ရောက်လာလေ၏။ မြနှင်းနွယ်၏ကိုယ်ဝန်မှာ နေ့စေ့လစေ့ကြီး ဖြစ်၍နေသဖြင့် မြနှင်းနွယ်သည် မအီမသာ ဖြစ်၍ နေလေ၏။





“အနွယ်ရေ . . . ဟောဒီမှာ လချုပ်စာရင်း”ဟု မင်းမောင်က ပြော၍ စာရင်းစာအုပ်ကိုအပ်လျှင် မြနှင်းနွယ်က . . .

“မင်းမောင်ရယ် နင့်စာရင်းတွေ အသာထားလိုက်စမ်းပါဦး”ဟု ဆိုလေ၏။

“စာရင်းတွေထားလိုက်ရင် ဟောဒီမှာ လက်ကျန်ငွေ”ဟုဆိုကာ လွယ်အိတ်ကို ပေးပြန်၏။

“ငွေလဲ ထားလိုက်စမ်းပါဟယ်”ဟု ပြောလေ၏။

“ငါလဲ မွေးကာနီး ဖွားကာနီးမှာ ဘုရားကလေး ဘာလေး သွားချင်တယ်ဟယ်၊ အိမ်မှာက အသောင်းလဲမရှိဘူး၊ မော်လမြိုင်အိမ်ကို ဝယ်မယ့်သူက ကြည့်ချင်တယ်ဆိုလို့ လိုက်ပြဖို့ မော်လမြိုင်ကိုသွားပြီ”ဟု မြနှင်းနွယ်က ပြောလေ၏။

“အေးလေ၊ ဒီလိုဆိုရင်လဲ ငါလိုက်ပို့မှာပေါ့ဟယ်၊ ငါက ညရထားနဲ့ သွားမှာပဲ”ဟု မင်းမောင်က ပြောလေ၏။

ထို့နောက်တွင်ကား မင်းမောင်နှင့် မြနှင်းနွယ်တို့သည် ရွှေတိဂုံဘုရားသို့ သွားကြလေတော့၏။ ဘုရားစောင်းတန်းသို့ရောက်လျှင် မြနှင်းနွယ်က ကောင်းစွာ မတက်နိုင်သောကြောင့် မင်းမောင်က ယုယစွာ တွဲ၍ခေါ်ရလေ၏။

စောင်းတန်းတစ်ဝက်သို့ရောက်လျှင် တစ်စုံတစ်ယောက်က မြနှင်းနွယ်အား . . .

“အော် ...အနွယ်ပါလား”ဟု နှုတ်ဆက်လိုက်လျှင် အနွယ်က မော့၍ ကြည့်လိုက်ရာ တစ်ခါက ကုန်အရောင်းအဝယ်ကိစ္စနှင့် သိကျွမ်းခဲ့ဖူးသော ဒေါ်သန်းကြည်ဆိုသည့် မိန်းမကြီးဖြစ်ကြောင်း သိရလေတော့၏။



www.burmeseclassic.com

www.burmeseclassic.com



"အော် . . . ဒေါ်ဒေါ်ပါလား"ဟု မြနှင်းနွယ်က ပြန်၍ နှုတ်ဆက်လိုက်လေ၏။

"အဒေါ်လဲ အမြဲသတိရပါတယ်၊ အနွယ် မင်္ဂလာဆောင်တုန်းက အဒေါ့်ကို ဘာဖြစ်လို့ မဖိတ်သလဲ"ဟု ဒေါ်သန်းကြည်က အပြစ်တင်လေ၏။ ထိုသို့ အပြစ်တင်ပြီးနောက် ဒေါ်သန်းကြည်က . . .

"အနွယ် ညည်းက ကံကောင်းတယ်၊ ညည်းယောကျ်ားက ညည်းကိုတွဲပြီ ဘုရားပို့ဖော်ရတယ်၊ အဒေါ်တို့တုန်းကတော့ အဒေါ်လဲ ကိုယ်ဝန်ရရော အိမ်ကလူ ရှက်လို့ဆိုပြီး တွဲလို့တောင် မလျှောက်ဘူး ဟော့ မောင်ရင် မင်းကတော့ မိန်းမကိုချစ်တတ်တဲ့လူစားမျိုးပဲကွ"ဟု စွတ်ရွတ်၍ပြောလိုက်ရာ မင်းမောင်၏မျက်နှာသည် ရှက်သွေးများ မွှန်၍ နီမြန်သွားလေ၏။ မြနှင်းနွယ်မှာလည်း မင်းမောင်ကို အားနာ လွန်း၍ ခြေဖျားလက်ဖျားများပင် အေး၍သွားလေ၏။

အကယ်၍ မြနှင်းနွယ်က မိမိယောကျ်ားမဟုတ်ကြောင်း ပြောဖြေလျှင်လည်း "ညည်းယောကျ်ားက ဘယ်မှာလဲ၊ ဘာလုပ်သလဲ" စသည် ဖြင့် အစစ်အဆေး အမေးအမြန်းထူ၍နေမည်ဖြစ်သဖြင့် မြနှင်းနွယ် က ဖြေရှင်းမနေတော့ပဲ "သွားမယ် ဒေါ်ဒေါ်"ဟုဆိုကာ ဆက်၍ တက်လာလေ၏။

ဘုရားရင်ပြင်တော်ပေါ်သို့ ရောက်လျှင် နှစ်ယောက်သား ထိုင်လျက် အမောဖြေကြလေ၏။

"ငါတော့ နင့်ကို သိပ်ပြီး အားနာသွားတာပဲ"ဟု မြနှင်းနွယ်က ပြောလိုက်ရာ မင်းမောင်က . . .

"ကိစ္စမရှိပါဘူးဟယ်"ဟု ပြန်၍ပြောလေ၏။

ထို့နောက် မင်းမောင်သည် ပန်းများဝယ်ယူ၍ မြနှင်းနွယ်ကို





ပေးလေ၏။ မြနှင်းနွယ်က မင်းမောင်ပေးသော ပန်းများကို တဝက် ခွဲ၍ မင်းမောင်အား ပြန်ပေးလေ၏။ ထို့နောက် မြနှင်းနွယ်သည် ဘုရားကန်တော့လေ၏။ မင်းမောင်လည်း မြနှင်းနွယ်၏အနီး၌ပင် ကန်တော့လေ၏။

ထို့နောက် ဘုရားကိုလှည့်ပတ်၍ ဖူးမြော်ပြီးနောက် ပြန်ခဲ့ကြလေ၏။ လမ်းတွင် မြနှင်းနွယ်က . . .

"ဘုရားဖူးရပြီ၊ နင့်ကို ကျေးဇူးသိပ်တင်တာပဲဟယ်"ဟု ပြောလေ၏။

"နောက်ကိုလဲ နင်သွားချင်တဲ့နေ့မှာ ငါ့ကို မှာလိုက်လေဟယ်၊ ငါ လိုက်ပို့မှာပေါ့"ဟု မင်းမောင်က ပြန်၍ပြောလျှင် မြနှင်းနွယ်သည် လွန်စွာ ပီတိဖြစ်၍ သွားလေတော့၏။

မြနှင်းနွယ်သည် တလမ်းလုံး စကားကို ဖောင်လောက်အောင် ပြောဆိုလာလေ၏။

အိမ်သို့ရောက်လျှင် ခြံတံခါး၏အတွင်းဘက်မှ ကလန့်ပြုတ်၍ နေသဖြင့် မင်းမောင်၏စိတ်တွင် အနည်းငယ် စနိုးစနောင့် ဖြစ်၍ သွားလေ၏။

အိမ်တွင်းသို့ရောက်သည့်အခါ၌လည်း စိန်ကြည်ကို မတွေ့ရ သဖြင့် မင်းမောင်က မီးဖိုခန်းတွင်းသို့ဝင်၍ ကြည့်ရှုလေ၏။ မီးဖိုခန်း ၌လည်း မတွေ့သဖြင့် . . .

"ဒီကောင်မကလေး ဘယ်ကိုများ သွားပါလိမ့်"ဟု ပြော၍ အိမ်ရှေ့သို့ ပြန်ထွက်လာရာ အိမ်ရှေ့စားပွဲပေါ်၌ ဖလ်တုံးကလေးနှင့် ဖိ၍ထားသော စာရွက်ကလေးကိုတွေ့၍ ဖတ်ကြည့်ရာ အောက်ပါ အတိုင်း ဖြစ်ပေတော့၏။



www.burmeseclassic.com

မမ

ကျွန်မကို ခွင့်လွှတ်ပါ၊ ကျွန်မ တိုနေ့ကတည်းက သွားဖို့ ပါပဲ၊ အန်တီသောင်းက မော်လမြိုင်ကို သွားနေတာနဲ့ မမတစ်ယောက်ထဲဆိုပြီး မသွားဖြစ်ခဲ့တာပါ၊ အခုတော့ အစ်ကိုမင်းမောင် ရှိနေပြီမို့ မမအတွက် စိတ်ချပြီး ကျွန်မ သွားပါပြီ၊ ကျွန်မရဲ့ချစ်သူကလဲ ဒီတစ်ခါခေါ်လို့မလိုက်ရင် နောက်ကို မခေါ်တော့ဘူးလို့ ပြောပါတယ်၊

စိန်ကြည်

မင်းမောင်သည် စာကိုဖတ်ပြီးနောက် မြနှင်းနွယ်အား စိန်ကြည့် စာကို ပေးလိုက်လေ၏။ မြနှင်းနွယ်လည်း စာကိုဖတ်ပြီးလျှင် . . .

"ခက်တော့တာပဲ မင်းမောင်ရယ်၊ အသောင်းလဲ မရှိ စိန်ကြည်လဲ မရှိ၊ ငါ့မှာလဲ နေ့စေ့လစေ့ကြီးနဲ့"ဟု ပြော၍ မျက်ရည်များ စီးကျ လာလေတော့၏။

"မခက်ပါဘူးဟယ်၊ ငါ မပြန်ပါဘူး၊ အသောင်းရောက်လာမှ ပြန်မယ်၊ အားမငယ်စမ်းပါနဲ့"ဟု အားပေးလေ၏။ မြနှင်းနွယ်လည်း မင်းမောင်ရှိနေမည်ဆိုသဖြင့် စိတ်သက်သာရာ ရလေ၏။ ထို့ကြောင့် မောသည်ဟုဆိုကာ ဆိုဖာပေါ်၌ပင် ခွေခွေကလေးလှဲ၍ အိပ်လေ၏။ မင်းမောင်က အပေါ်ထပ်သို့တက်ကာ မြနှင်းနွယ်အခန်းမှ ခေါင်းအုံး တစ်လုံးကို ယူ၍ပေးလေ၏။ မြနှင်းနွယ်၏ ခေါင်းအောက်တွင် ထိုး၍ ပေးလေ၏။ မြနှင်းနွယ်သည် မင်းမောင်၏ ကြင်နာတတ်ပုံကို သတိပြု လိုက်မိလေ၏။

မြနှင်းနွယ်အိပ်နေသည့်အခါ၌ မင်းမောင်သည် စာအုပ်တစ်အုပ် ကို ဖတ်၍နေလေ၏။ ယင်ကောင် တစ်ကောင်,နှစ်ကောင်လောက်





သည် အိပ်နေသော မြနှင်းနွယ်၏ပါးပေါ်သို့ မကြာခဏ သွား၍ နားနေသဖြင့် မင်းမောင်က မြနှင်းနွယ်အနီးသို့ ရွှေ့ထိုင်ပြီးလျှင် စာဖတ်ရင်း ယပ်ခပ်ပေးလေ၏။

မြနှင်းနွယ်ကလည်း တအောင့်မျှ အိပ်ပျော်ပြီးနောက် နိုး၍ လာသည်ဖြစ်ရာ မိမိအား ယပ်ခပ်ပေးနေသော မင်းမောင်ကို အသာကလေး ခိုး၍ကြည့်ကာ 'အင်း . . . ငါ့အပေါ်မှာ အတော့်ကို ကြင်နာတာပဲ"ဟု တွေးမိကာ စိတ်မကောင်းဖြစ်၍ သွားလေ၏။

တအောင့်မျှကြာလျှင် မြနှင်းနွယ်ဝမ်းဗိုက်မှ သန္ဓေသားသည် မွေးဖွားရန်အတွက် အချက်ပြလိုက်ပြီဖြစ်ရာ မြနှင်းနွယ်သည် မခံစား ရဘူးသေးသော အဝေဒနာကို စတင်ခံစားရလေတော့၏။

"အောင်မယ်လေး . . . နာလိုက်တာ . . . နာလိုက်တာ. . .၊ မင်းမောင်ရယ်၊ လုပ်စမ်းပါဦး၊ အို . . . ကျွတ် ကျွတ် ကျွတ်"ဟု ညည်းညူလေ၏။ မင်းမောင်လည်း ခြေမကိုင်မိ လက်မကိုင်မိ ဆိုသလို ဖြစ်လေတော့၏။

"နင် နင် နင် မွေးတော့မယ် ထင်တယ်၊ ငါလဲ ဘာမှ မလုပ်တတ်ဘူး၊ ခဏလေးနေဦးနော်၊ ငါ ငါ ငါ လက်သယ် သွားရှာဦးမယ်" ဟု ပြောလေ၏။

"မြန်မြန်လုပ်ပါ နာလှပြီ၊ ကျွတ်ကျွတ်ကျွတ်"ဟု မြနှင်းနွယ်က ညည်းညူ၍ မျက်နှာမှာလည်း ဝေဒနာကြောင့် ရှုံ့မဲ့၍ နေလေ၏။ ချွေးစီးချွေးပေါက်များလည်း ကျလာလေ၏။

မင်းမောင်သည် ခြံဝသို့ ပြေးထွက်လာခဲ့လေ၏။ ခြံဝသို့ ရောက်လျှင် အင်းစိန်ဘက်သို့မောင်းနှင်လာသော ဆိုက်ကားကို ခေါ်လေ၏။ ဆိုက်ကားပေါ်သို့ ထိုင်လိုက်သည့်အခါ၌ . . .

www.burmeseclassic.com

"ဘယ်ပို့ရမလဲ"ဟု ဆိုက်ကားဆရာက မေးလေ၏။

"လက်သယ် ကောင်းကောင်းနဲ့ တွေ့ချင်တယ်ဗျာ"ဟု မင်းမောင်ကပြောလျှင် ဆိုက်ကားဆရာက . . .

"အောင်မယ်လေးဗျာ၊ စောစောကသိရင် ကောင်းသား၊ အခုပဲ ပဲခူးဘက်ကို ပြန်သွားတယ်၊ ညက လက်သယ်ကတော့ မပြောနဲ့ တစ်ဝိုင်းလုံးကို သူ့ပိုက်ဆံချည်းပဲ၊ ရော်လိုက်တဲ့ဖြစ်ခြင်း"ဟု ဆိုလေ၏။

"ခင်ဗျား ဘာတွေပြောနေတာလဲ"ဟု မင်းမောင်က မေးလေ၏။

"လက်သယ်လေ"

"လက်သယ်နဲ့ တစ်ဝိုင်းလုံး သူ့ပိုက်ဆံချည်းပဲနဲ့ ဘာဆိုင်လို့လဲဗျ"

"ဖဲဒိုင်ကိုင်တဲ့ လက်သယ်လေ"

"ဟာဗျာ၊ အရေးထဲ၊ မဟုတ်ဘူး မဟုတ်ဘူး၊ ကျုပ်ပြောတာက ကလေးမွေးပေးတဲ့ လက်သယ်ကို ပြောတာ၊ လုပ်စမ်းပါ လုပ်စမ်းပါ ဟိုမှာ မွေးတော့မယ်"

"ဝမ်းဆွဲလို့ ရှင်းရှင်းပြောစမ်းပါဗျာ၊ ရှိပါတယ်၊ ကမ်းနားဘက်မှာ အဒေါ်ကြီး ဒေါ်နက်တဲ့၊ ကန့်လန့်ဖြစ်နေတာကိုတောင် ရအောင်ဆွဲထုတ်တယ်"

"လုပ်စမ်းပါဗျ၊ အဲဒီဒေါ်မဲဆီကို ပို့စမ်းပါ"

"ဒေါ်နက်ပါဗျ"

"ဒေါ်နက်နဲ့ ဒေါ်မဲ အတူတူပေါ့ဗျာ၊ အရေးကြီးနေပြီ မြန်မြန်လုပ်စမ်း"

"ရေမွှာပေါက်ပြီးမှ မွေးတာပါဗျ၊ ရေမွှာပေါက်ပြီလား"





"ဟာဗျာ . . . ရေမွှာတွေ လေမွှာတွေ ကျုပ်မသိပါဘူး၊ မြန်မြန်နင်းစမ်းပါဗျ"

"မိတ်ဆွေက အတွေ့အကြုံ နည်းသေးတာကိုး၊ သားဦးနဲ့တူတယ်၊ ကျုပ်တို့ကတော့ ခြောက်ယောက်ရှိပြီဆိုတော့ မိန်းမ ရေမွှာပေါက်မှပဲ သောက်လက်စ ဆေးပေါ့လိပ်ကိုချပြီး ဒေါ်နက်ဆီကို ပြေးတယ်"ဟု ဆိုကာ ဆိုက်ကားဆရာလည်း ခြေကုန်သုတ်၍ နင်းပေးလေ၏။

ကမ်းနားပိုင်းသို့ရောက်လျှင် တဲအိမ်စုကလေး အတွင်းဆီသို့ သွားရောက်ကာ ဆိုက်ကားဆရာက ဒေါ်နက်ကို ခေါ်ပေးလေ၏။

ဒေါ်နက်ကို ဆိုက်ကားဖြင့်တင်၍ ခေါ်ခဲ့လေ၏။ အိမ်သို့ရောက်သည့်အခါ၌ မြနှင်းနွယ်မှာ အော်ဟစ်၍ နေလေ၏။

"ဟော့ သူငယ် . . . အခန်းထဲကို ပို့ပေး"ဟု ဆိုသဖြင့် မင်းမောင်က မြနှင်းနွယ်အား ဆိုက်ကားဆရာ၏ အကူအညီနှင့် အိမ်ခန်းတွင်းသို့ ပွေ့ချီ၍ ပို့ပေးလေ၏။

ဆိုက်ကားဆရာကို မင်းမောင်က ဆိုက်ကားခပေးလျှင် ဆိုက်ကားဆရာလည်း မင်းမောင်ကို နှုတ်ဆက်၍ ပြန်သွားလေ၏။ ပြန်ကာနီး၌လည်း . . .

"ကျုပ်မပြောဘူးလား၊ ရေမွှာမပေါက်သေးရင် မမွေးသေးပါဘူးလို့"ဟု ပြောသွားလိုက်သေး၏။ မြနှင်းနွယ်မှာကား အအင်းအင်းတအဲအဲနှင့် ညည်းညူအော်ဟစ်၍ နေလေ၏။ ဝမ်းဆွဲသည်အဒေါ်ကြီးက အခန်းတွင်းမှထွက်လာပြီး မင်းမောင်အား . . .

"ဟော့ သူငယ် . . . အင်္ဂလိမာလသုတ်ကလေး ဘာလေးရရင် ရေမန်းကလေး ဘာလေး မန်းစမ်းပါကွယ့်"ဟု ဆိုသဖြင့် မင်းမောင်လည်း "ပရိတ္တံယံ ဘဏာန္တသ" အစရှိသော အင်္ဂလိမာလသုတ်တော်ကို ရေခွက်တစ်ခွက်နှင့် ရွတ်လေ၏။


www.burmeseclassic.com

www.burmeseclassic.com

ဝမ်းဆွဲသည် အဒေါ်ကြီးသည် မင်းမောင်ထံမှရေခွက်ကိုယူ၍ မြနှင်းနွယ်အား တိုက်လေ၏။ ဆံပင်များကိုလည်း ဆွတ်ဖျန်းပေးလေ၏။

"ရေနွေးအိုး တယ်စမ်းပါဦး"ဟု ဆိုသဖြင့် မင်းမောင်လည်း မီးဖိုအတွင်းသို့ဝင်ကာ ရေနွေးအိုး တည်လေ၏။

တအောင့်လောက်ကြာလျှင် မင်းမောင် အပြင်သို့ထွက်လာ၍ အရိပ်အခြေကို အကဲခပ်ရာ မြနှင်းနွယ်၏အော်ဟစ်သံကို ကြားရသဖြင့် လွန်စွာ စိတ်ညစ်၍သွားလေ၏။

ဒေါ်နက်လည်း အခန်းထဲမှထွက်လာပြီးလျှင် မင်းမောင်အား "သူ့ငယ်မက ယောကျ်ားကို ဆဲလားဆိုလား လုပ်ဖူးတယ်နဲ့ တူပါရဲ့၊ မမွေးနိုင်ပဲ ဖြစ်နေတယ်၊ အဲဒါ ယောကျ်ားလုပ်သူရဲ့ ခြေဆေးရေကို တိုက်မှဖြစ်မယ်၊ ကဲ . . . ကဲ . . . မောင်ရင် ခြေဆေးစမ်းပါ"ဟု ပြောလေ၏။

"မဟုတ်ဘူး အဒေါ်"ဟု မင်းမောင်ကပြောလျှင် ဒေါ်နက်က . . .

"မောင်ရင်တို့ ခုကာလလူငယ်တွေဟာ ဒါမျိုးတွေကို မယုံသလိုပဲ၊ အဒေါ်တို့က တွေ့ဖူးပေါင်း များပြီကွယ့်၊ ခြေထောက် ဆေးစမ်းပါကွယ်"

"မဟုတ်ဘူး . . . အဒေါ်ရဲ့"

"ဟုတ်ဟုတ် မဟုတ်ဟုတ် ဆေးမှာ ဆေးစမ်းပါကွယ်၊ မင်းရဲ့ ခြေဆေးရေကို တိုက်လိုက်မှ ချောချောရှုရှု မွေးမှာကွယ့်"

"မဟုတ်ဘူးဆိုတာက ကျွန်တော်က သူ့ယောကျ်ားမဟုတ်ဘူး ပြောတာပါ"

"ဟေ . . . "ဟုဆိုကာ





ဒေါ်နက်လည်း အခန်းတွင်းသို့ပြန်၍ ဝင်သွားလေ၏။ ဒေါ်နက် ဝင်သွားပြီ များမကြာမီ၌ပင် အခန်းတွင်းမှ ကလေးငိုသံကြားရသဖြင့် မင်းမောင်သည် ထ၍ ခုန်လေတော့၏။

"ဒေါ်မဲ . . . ဒေါ်မဲ . . . ဘာလေးလဲဗျ"ဟု မင်းမောင်က မေးပြန်ရာ ဝမ်းဆွဲသည်ကြီးက . . .

"ဒေါ်နက်ပါဟဲ့ . . . ယောကျ်ားကလေး . . . ယောကျ်ားကလေး၊ နာရီမှတ်ထားလိုက်ဦး၊ ပြီးရင် ဈေးကိုသွားပြီး စမုံနက် ဝယ်ဦး၊ စမုံနက်ထုပ် ရှုရမယ်၊ မီးတွင်းထဲမှာ ခေါင်းမကိုက်ဖို့က အရေးကြီးတယ်၊ ခေါင်းကိုက်မိရင်တော့ တစ်သက်လုံး မီးယပ်ခေါင်းကိုက်ရွဲသွားရော"ဟု ပြောလေ၏။

မင်းမောင်လည်း စမုံနက်ဝယ်ရန် ထွက်ခဲ့လေ၏။ လမ်းတွင် ယခင် ဆိုက်ကားဆရာနှင့်ပင် တွေ့သဖြင့် ထိုဆိုက်ကားနှင့်ပင် ဈေးသို့ သွားရလေ၏။

"ဘယ်လိုလဲ ရွှေမှာပေါက်ပြီလား"ဟု ဆိုက်ကားဆရာကမေးရာ မင်းမောင်က . . .

"ရွှေမှာပေါက်ရုံ မကတော့ဘူး၊ လူပါ ပေါက်ပြီဗျ၊ ယောကျ်ားကလေး . . . ယောကျ်ားကလေး"ဟု ပြောလေ၏။

"အခု ဘယ်ကိုသွားမှာလဲ"

"ဈေးကို သွားမယ်လေဗျာ၊ မီးနေသယ်ရှုဖို့ နှမ်းဝယ်ရမယ်"

"နှမ်း မဟုတ်ပါဘူး မိတ်ဆွေရ"

"စမုံနက်ပါ"

"အင်း . . . အင်း . . . စမုံနက် စမုံနက်"

မင်းမောင်လည်း ဈေးသို့ရောက်လျှင် စမုံနက်ဝယ်၍ ၎င်း ဆိုက်ကားနှင့်ပင် ပြန်၍လာလေ၏။ ထို့နောက် ဝမ်းဆွဲသည်အဒေါ်



www.burmeseclassic.com

www.burmeseclassic.com

ကြီးက စမုံနက်ကိုလှော်၍ အ၀တ်ကလေးနှင့်ထုပ်ရမည် ဆိုသ
မင်းမောင်သည် စမုံနက်ကိုလှော်၍ အထုပ်ကလေး ထုပ်ပေးလေ

"ကဲ . . . သူငယ်၊ ကလေးမတော့ အိပ်သွားပြီ၊ ကလေ
ရေနွေးကြက်သီးနွေးကလေးနဲ့ ရေချိုးပေးပြီးပြီ မင်းလဲ ဝင်ကြည့်ချ
ကြည့်ပါဦး"ဟု ဒေါ်နက်ကပြောသဖြင့် မင်းမောင်သည် မြနှင်းနွယ
မီးနေခန်းသို့ ဝင်ခဲ့လေ၏။

ခုတင်ပေါ်တွင် ခွေခွေကလေး အိပ်စက်လျက်ရှိသော မြနှင်း
ကို တွေ့ရလေ၏။ ပြင်းထန်သောဝေဒနာကို ခံစားပြီး ဝေဒနာ
ချုပ်ငြိမ်းသွားသည့်အခါ ချမ်းမြေ့သောစိတ်နှလုံးနှင့် အိပ်
နေသော သားဖွားပြီးစ မိန်းမတစ်ဦးအလှသည် သာမန်အလှ
မဟုတ်ပေ။ သွေးများ ကုန်ခမ်းရသဖြင့် ဖြူဖျော့ဖျော့ဖြစ်နေ
မျက်နှာ၊ သေမင်းနှင့် စစ်ခင်းပြီးစဖြစ်၍ နွမ်းလျဖြေလျှော့နေ
ကိုယ်ခန္ဓာ၊ ကဘိုကယိုဖြစ်နေသော ဆံစကလေးများ၊ နာကြ
ဝေဒနာ ပျောက်လွင့်သွားပြီဖြစ်သဖြင့် ငြိမ်းအေးသောခံစ
စသည်တို့ဖြင့် ပေါင်းစပ်ထားသည်ဖြစ်ရာ ထိုအချိန်တွင် လှနေ
အလှမှာ မိန်းမတို့၏ အလှဆုံးအချိန်ဟုပင် ဆိုနိုင်ပေသည်။

တစ်နည်းဆိုရပါမူ မိုးသက်မုန်တိုင်း ကျပြီးစအခါ၌ တော
တစ်တောလုံးရှိ သစ်ပင်ဝါးပင်များ လဲပြိုကျိုးကျနေသည့်အ
မိုးသက်လေပြင်းဒဏ်ကို ကြံ့ကြံ့ခံ၍ မကျိုးမကျေဘဲ မိုးရေစက်
တွဲလွဲခိုနေသည့် နှင်းဆီပန်း ဖြူဖြူဖွေးဖွေးကလေးအား တွေ့
သကဲ့သို့ ရှိပေသည်။ သားဖွားပြီးစ မိန်းမငယ်တစ်ဦး၏အလှ
သေမင်းကို အံတုသောအလှ၊ မိန်းမတစ်ဦး၏ လောကတာဝန် ကျေ
သောအလှ စသည့် ခမ်းနားသောအလှနှင့် ပေါင်းစပ်ထားခြင်း





ဖြစ်ပေသည်။ မင်းမောင်သည် ကလေးငယ်၏မျက်နှာကို ငုံ့ကြည့်မိ
လေ၏။ လူ့လောက၏ ဧည့်သည်သစ်ကလေးသည် နှစ်ခြိုက်စွာ
အိပ်မောကျနေလေ၏။ ထိုအချိန်၌ မြနှင်းနွယ်သည် အိပ်ရာမှ
မြတ်ကနဲ လန့်၍နိုးလာလေ၏။ သားဖွားပြီးစ မိန်းမတစ်ဦး၏ ပထမ
ဦးဆုံး တောင့်တမှုကား မိမိ၏သားငယ်ကို ကြည့်လိုစိတ်ပင်ဖြစ်၏။
ထို့ကြောင့် ဖြည်းညင်းစွာထ၍ သားငယ်ကို ကြည့်လိုက်လေ၏။
ထိုသို့ ကြည့်လိုက်ပြီးနောက် ကျေနပ်စွာပြုံးလိုက်လေ၏။

သားဖွားပြီးစ မိန်းမငယ်၏ ဒုတိယဆန္ဒကား မိမိလင်သားကို
ကြည့်လိုမှုပင်ဖြစ်သည်။ မြနှင်းနွယ်သည် မျက်နှာကို မော့လိုက်လေ၏။
ကလေးငယ်ပေါ်၌ ငုံ့၍ကြည့်နေသော မင်းမောင်နှင့် မျက်နှာချင်း
ဆုံ၍ သွားလေ၏။ မင်းမောင်ကား နှစ်လိုဖွယ်ရာ ပြုံးပြလိုက်လေ၏။
မြနှင်းနွယ်၏စိတ်၌ မင်းမောင်နေရာ၌ မိမိ၏ယောကျ်ား ပက်ထရစ်
ရှိရမည့်အဖြစ်ကို တွေး၍ မျက်ရည်များ ကျလာလေ၏။

"မငိုပါနဲ့ဟယ်၊ ငါတစ်ယောက်လုံး ရှိသားပဲ"ဟု မင်းမောင်က
နှစ်သိမ့်လိုက်လေ၏။

"နင်က တစ်သက်လုံး ဒီလိုရှိနေမှာလား မင်းမောင်"ဟု
ပြောလိုက်ချင်သည်။ သို့သော် မပြောဖြစ်ခဲ့ပေ။ ထိုအခါ၌ ဝမ်းဆွဲသည်
ဒေါ်နက်က. . .

"ဟိုသူငယ် လာဦး"ဟု ခေါ်သဖြင့် မင်းမောင်သည် အခန်းအပြင်
ဘက်သို့ ထွက်သွားရလေ၏။ ဒေါ်နက်ကတွေ့လျှင် ဒေါ်နက်က. . .

"မီးနေသည် စားဖို့ ထမင်းချက်ရမယ်၊ ငါးကျီးကလေးကို
ကျွတ်ကျွတ်ကျော်၊ ဒန့်ဒလွန်ရွက် ဟင်းခါးချက်၊ ဒါမှ နို့ထွက်မှာဟဲ့"
ဟု ပြောသဖြင့် မင်းမောင်သည် ဈေးသို့ သွားရပြန်၏။ ဈေး၌



www.burmeseclassic.com

www.burmeseclassic.com



ငါးကြိုး၊ ဒန့်စလွန်ရွက်၊ ပြုပ်ကောင်း စသည်တို့ဝယ်ယူကာ ပြန်လာ လျှင် ချက်ပြုတ်လေတော့၏။ ချက်ပြုတ်ပြီးစီးသည့်အခါ၌ မြနှင်းနွယ် အခန်းတွင်းသို့ သွားရောက်ပို့လေ၏။ မြနှင်းနွယ်က . . .

"အားနာစရာကြီးဟယ်၊ လူပျိုကြီးက မီးနေစောင့်ဖြစ်နေရတယ်

"အားမနာပါနဲ့ နွယ်ရယ်၊ ငါပဲရှိတဲ့ဥစ္စာ၊ ငါမှမလုပ်ရင် ဘယ် လုပ်ပေးမှာလဲ"ဟု မင်းမောင်က ပြောလေ၏။

ညနေပိုင်းသို့ရောက်လျှင် ဝမ်းဆွဲသည်ကြီးဒေါ်နက် ပြန်မ ဖြစ်သဖြင့် မင်းမောင်က ငွေ ၂၅ကျပ် ကန်တော့လေ၏။ ဒေါ်န ပြန်သွားပြီးနောက် မင်းမောင်က မြနှင်းနွယ်ထံသို့သွား၍ "ကလေး နို့တိုက်ဦးလေဟယ်"ဟု ပြောလေ၏။

"အေး . . . ဟုတ်တယ်၊ နင် အပြင်ထွက်"ဟု မြနှင်းနွယ် ပြောသဖြင့် အပြင်သို့ ထွက်ပေးရလေ၏။ နို့တိုက်ပြီးသလောက်တွ မင်းမောင်က ပြန်၍ ဝင်သွားပြန်၏။

"ဘယ်လိုလဲ ကလေးက နို့စို့ရဲ့လား"ဟု မေးလေ၏။ မြနှင်းနွယ် ခေါင်းကိုခါ၍ . . .

"နို့မထွက်ဘူးဟဲ့"ဟု အားငယ်စွာ ပြောလေ၏။

"နို့မထွက်ရင်တော့ လောလောဆည် နို့ဖျော်မယ်၊ နောက် နို့ထွက်အောင်လုပ်မယ်"ဟုဆိုကာ မီးဖိုတွင်းသို့ဝင်၍ နို့တစ်ခွ ဖျော်ကာ ယူခဲ့လေ၏။

"ကလေးက ခွက်နဲ့ မသောက်တတ်ဘူးလေဟယ်၊ နို့ဗူးနဲ့ သောက်တတ်တာ၊ နို့ဗူးနဲ့ နို့သီးခေါင်းတော့ ဝယ်မှဖြစ်မယ်" မြနှင်းနွယ်ကပြောသဖြင့် မင်းမောင်လည်း ဈေးသို့ပြေးရပြန် လမ်းတွင် မင်းမောင်သည် မြနှင်းနွယ် နို့ထွက်ရာထွက်ကြောင်း





စဉ်းစားလေ၏။ ထိုသို့စဉ်းစားရာ၌ စလေ့ဦးပုည၏ နွားတစ်ကောင်လုံး အသုံးချနည်းမှ လင်္ကာပိုဒ်အချို့ကို သတိရမိလေ၏။

"နွားမြီးကို မီးဖုတ်၊ နုတ်နုတ်ချက်ချင်း တောက်တောက်စင်း၍ ကြောင်ပန်းရွက်နှင့် ဟင်းချိုချက်၍ သောက်လိုက်ရလျှင် နို့လုံး ရှင်သည်၊ သူလင်စို့တော့ မကုန်တည်း"

မင်းမောင်သည် အထက်ပါလင်္ကာကို ရွတ်ဆိုပြီးနောက်၊ ဟုတ်ပြီ ဟုတ်ပြီ၊ နွားမြီးကို မီးဖုတ်ပြီး ကြောင်ပန်းရွက်နဲ့ ဟင်းချိုချက်ရမယ်ဟု တစ်ကိုယ်တည်းရေရွတ်ကာ ဈေးသို့ရောက်လျှင် နို့သီးခေါင်းနှင့် နို့ဗူးသာမက နွားမြီးနှင့်ကြောင်ပန်းရွက်ကိုပါ ဝယ်ယူခဲ့လေ၏။

အိမ်သို့ပြန်ရောက်လျှင် နွားမြီးကိုမီးဖုတ်၍ စတင်ချက်လေ တော့၏။ ထို့နောက် မြနှင်းနွယ်ကိုတိုက်ရာ မြနှင်းနွယ်က ညှီလွန်း သည်ဟုဆိုကာ မသောက်သဖြင့် ချော့၍တိုက်ရလေ၏။ ညပိုင်းသို့ ရောက်လျှင် မြနှင်းနွယ်အား မီးတွင်း၌ မလန့်စေရန်အတွက် မင်းမောင်က ဘရန်ဒီတစ်ခွက်လည်း တိုက်ထားလေ၏။ နနွင်းလူးရန် အတွက်ဟုဆိုကာ နနွင်းများဖျော်၍ ယူလာလေ၏။ မြနှင်းနွယ် မှာလည်း နို့ထွက်နေပြီဖြစ်သဖြင့် ကလေးကို နို့တိုက်လေ၏။ နို့ အားကောင်းလွန်းသဖြင့် ကလေးစို့ပြီးသည့်တိုင်အောင် နို့များ စိမ့်၍ ထွက်နေ၍ အင်္ကျီရင်ဘတ်တစ်ခုလုံး ရွှဲ၍နေလေတော့၏။ မင်းမောင်က မြနှင်းနွယ်အား . . .

"နို့ထွက်ရဲ့လား မြနှင်းနွယ်"ဟု မေးရာ မြနှင်းနွယ်က . . .

"အို . . . နင်ကလဲ"ဟုပြောကာ ရှက်၍ ခေါင်းငုံ့လိုက်လေ၏။ မင်းမောင်က ရင်ဘတ်တွင် နို့များရွှဲစိုနေသည်ကိုမြင်လျှင် သဘောကျ စွာ ပြုံးလျက် . . .



www.burmeseclassic.com

www.burmeseclassic.com

"အေး . . . အေး၊ ငါမှားသွားတယ်"ဟု ပြောလေ၏။

ထိုညက မင်းမောင်သည် မြနှင်းနွယ်၏မီးနေခန်းကို စောင့်၍ လေတော့၏။

📖 📖 📖



# ကြွသီးမြင်းသား

ပက်ထရစ်ခေါ် ရွှေဂေါင်းသည် ကိုပုညနှင့်တွဲဘက်၍ လိမ်လည်မှု မြောက်အမြား ကျူးလွန်ခဲ့ပြီ ဖြစ်ပေသည်။ ကိုပုည၏အခန်းမှာ ည်း ပိုင်ရှင်သို့ ပြန်၍အပ်နှံခဲ့ပြီးဖြစ်၏။ ကိုပုညနှင့် ရွှေဂေါင်း တို့သည် စက်ဆန်းဘက်၌ ပျဉ်ထောင်အိမ်တစ်လုံးကို ငှားရမ်း၍ နေထိုင်ကြပြန်၏။

တစ်နေ့သ၌ ရွှေဂေါင်းသည် မီးရထားလမ်းဘက်သို့ ထွက်သွား ပြီးလျှင် တစ်နာရီခန့်အကြာ၌ ပြန်၍လာလေ၏။ ၎င်း၏လက်ထဲ လည်း မီးရထားလမ်းဘေး သံကြိုးတိုင်များတွင် တပ်ဆင်လေ့ရှိသည့် ကြွသီးတစ်လုံး ပါလာလေ၏။ ကိုပုညက ရွှေဂေါင်း၏လက်တွင်းမှ ကြွသီးကိုကြည့်၍ . . .

"ဘာလုပ်ဖို့လဲကွ"ဟု မေးလေ၏။

"ပြီးတော့ သိလိမ့်မယ်ပေါ့ဗျာ"ဟု ရွှေဂေါင်းက ပြောပြီးလျှင် ကြွသီးကို သံဆုံအတွင်းသို့ထည့်ကာ ထောင်းလေ၏။ ထောင်းပြီး သည့်အခါ၌ ကြွေမှုန့်များကို ပိတ်စိမ်းပါးနှင့် စစ်လေ၏။ ကိုပုည အနီးသို့ ရောက်လာပြီးလျှင် . . .

"ဘာလုပ်တာလဲကွ"ဟု မေးပြန်၏။

"ပြီးတော့ သိရမှာပေါ့ဗျာ"ဟု ရွှေဂေါင်းက ပြောပြန်၏။



www.burmeseclassic.com

www.burmeseclassic.com

ရွှေဂေါင်းသည် ကြွေမှုန့်များကို ပျားရည်နှင့်နယ်လေ၏။ ထို
နယ်ပြီးနောက် သစ်သားအံခွက်ကလေးနှစ်ခုအတွင်းသို့ ထည့်
မျက်နှာပြင်ကို ညီညာစေရန် မှန်ဝိုင်းကလေးဖြင့် ပွတ်လေ၏။

"ဆန်းတော့ ဆန်းတယ်ဟေ့၊ ဘာလုပ်တာမှန်း မသိဘူး"
ကိုပုညက ပြောလေ၏။ သစ်သားအံခွက်အတွင်းမှ ကြွေစေးမျ
မျက်နှာပြင်ညီညာလျှင် ရွှေဂေါင်းသည် သူ၏ဘောင်းဘီအတွင်း
ကြေးပြားတစ်ပြားကိုထုတ်၍ ကြွေစေးမျက်နှာပြင်ပေါ်၌ ထိုကြေးပြ
ကိုတင်ကာ အံပုံနှစ်ခုဖြင့် ဖိလိုက်လေ၏။ ထိုအခါ၌ ကိုပုည
"ဟား . . . ဟား . . . သိပြီ၊ ငွေတုလုပ်မလို့ ဆိုပါတော့"ဟုဆို
ကြေးပြားကို ကောက်ယူကြည့်ရှုလေ၏။

ထိုသို့ကြည့်ရှုပြီးနောက် ရွှေဂေါင်း၏မျက်နှာကို စိမ်းစိမ်းကြည့်
ပြန်လေ၏။

"ပိုက်ဆံလဲ မဟုတ်ပါလား"ဟု ပြောပြန်လေ၏။ ရွှေဂေါင်း အံ
သွင်းသောကြေးပြားမှာ တစ်ဘက်တွင် ပတ်ပဝါ ခေါင်းပေါ်
ပေါင်းထားသော ရွှေဂေါင်းပုံဖြစ်ပြီး၊ အခြားတစ်ဘက်၌ စကြာပုံတ
ပါ၍ စကြာ၏ပတ်ပတ်လည်၌လည်း ကောင်းသူကိုကယ်တင်မ
စကြာမင်းနိုင်ငံတော်ဟူသော စာတန်းပါရှိလေ၏။

ထိုကြေးပြား ရရန်အတွက် ရွှေဂေါင်းသည် လက်ထိုးခဲဘလော
လုပ်သူတစ်ဦးထံ ငွေနှစ်ရာပေး၍ ပြုလုပ်စေခဲ့ခြင်း ဖြစ်ပေသည်
အံပုံခြောက်သည့်အခါ၌ ငွေစအနည်းငယ်ကိုကြို၍ အံပုံသွင်းလိုက်
ရွှေဂေါင်း၏ပုံနှင့် စကြာတံဆိပ်ပါသော ထူးဆန်းသော ငွေပိုက်ဆံမျ
ဖြစ်လာလေ၏။ ထို့နောက် ထိုအံပုံနှင့်ပင် ရွှေဒင်္ဂါးအချို့ ပြုလု
ပြန်၏။ အလုံးစုံ ပြုလုပ်ပြီးသည်အခါ၌ ရွှေဂေါင်းက . . .





www.burmeseclassic.com

"သုဒဿနစကြာသခင် နတ်ရှင်တို့သား၊ သိန်းထိုက်ရာသား၊
မဟာအမရပူရီနှိုက် နတ်ပြတာထောင်၊ စာစောင်ကဗျည်း မနည်း
တိုက်ညီ၊ တောလီပင်မ၊ ပါပစုယ်ညွှန်း၊ စကြာဖြိုးစေ စိုးရစ်စေ"
ဟု ရွတ်ဆိုလိုက်လျှင် ကိုပုညက . . .

"ဟကောင်ရ၊ အဲဒါ စကြာမင်း ချေင်းပဲကွ"ဟု ပြောလေ၏။

"ရဇတငွေ၊ ရွှေပေရွတ်ဘတ်နှင့် ချွေသတ်ခါ၊ စကြာဝဠာ
နရန်းတွင်မှ၊ စာတမ်းစဉ်မွတာထားခဲ့၊ စိန်သွားချည်တညွှတ်ဖူး
ရယ်နှင့်"ဟု ရွှေဂေါင်းက ဆိုလိုက်ပြန်ရာ ကိုပုညက . . .

"ဟ . . . အဲဒါက မောင်းထောင်ရဲ့ သံချိုပဲကွ"ဟု ပြောပြန်၏။

"အင်းကို ဟသ်ာဆင်းလတ္တံ့၊ တသ်ာတို မုဆိုး လေးနှင့်
ခွင်းလတ္တံ့၊ မုဆိုးကို ထီးရိုးရိုက်လတ္တံ့၊ ထီးရိုးကို မိုးကြိုးပစ် လတ္တံ့"ဟု
ရွှေဂေါင်းက ရွတ်ပြန်၏။

"ဟကောင်ရ၊ အဲဒါက အင်းဝသိုက်ထွက် မုဆိုးဆက် စကားပဲကွ"
ဟု ပြောပြန်၏။ ရွှေဂေါင်းသည် စီးကရက်တစ်လိပ်ကို မီးညှိပြီးနောက်
ရှိုက်ဖွာ၍ . . .

"သက္ကရာဇ် ၁၀၇၄ ခု သီတင်းကျွတ် လပြည့်ကျော် (၇)ရက်
အင်္ဂါနေ့ သန်းခေါင်မှာ စင်နက္ခတ်ဝလုံးဝပါဒ်ဝယာဦ၊ သိလ်လင်၊
ကြင့်စန်း၊ သီရိသုမာယာ စန္ဒာဒေဝီနဲ့ စစ်ကိုင်းမင်းတို့မှ ဖွားမြင်တဲ့
မောင်ဖေခင်မင်းကလေး၊ ညောင်ရမ်းမင်း၊ မဟာသီတသူရမ္မ
ရာဇာမင်း၊ စကြာမင်း၊ အခု ကျုပ်ပြောတာတွေက ဇာတာတော်ပုံ
ရာဇဝင်နဲ့အညီ ပြောတာ၊ ငမှတ်၊ ငရေး၊ မြေတ်ရာ၊ ငရွှဲ၊ ငရန်း၊
ငပူး၊ ရွှေလဝန်းဆိုတဲ့ ဖွားဘက်တော်ခုနစ်ဦးနဲ့ မွေးလာတဲ့ စကြာမင်း
ဆိုတာ ကျုပ်ပဲရှိုပြီး အနယ်နယ်အရပ်ရပ်ကို လှည့်ပြီး လိမ်မယ်
ကိုပုည"ဟု ပြောလေ၏။



www.burmeseclassic.com

www.burmeseclassic.com

"လုပ်လိုက်လေ၊ မင်းက လူလိမ်ပါမောက္ခကြီး ဖြစ်နေမှပဲ"ဟု ကိုပုညက ပြောလေ၏။ မျှားမကြာမီရက်ပိုင်းအတွင်း၌ သံလျင်မြို့ရှိ ထမလုံးဟူသော ရွာကလေးတစ်ရွာအနီး စေတီတစ်ဆူပေါ်၌ ကလေးအချို့နှင့် ဘုရားဖူးအချို့သည် စကြာတံဆိပ်ပါသော ငွေဒင်္ဂါးအချို့ကို ကောက်ယူရရှိကြလေ၏။ တဖန် ထိုဒင်္ဂါးမျိုးကို ထိုသချိုင်းအနီး၌လည်း လူအချို့က ကောက်ရကြပြန်၏။ ထို့ကြောင့် ထိုဒေသရှိ အိမ်တိုင်းလိုလို၌ပင် စကြာမင်းအကြောင်းကို စိတ်ဝင်စားစွာ ပြောဆိုကြလေ၏။ သက်ကြီးဝါကြီး အဘိုးကြီးများကဆိုလျှင် . . .

"နဝရတ်စီတဲ့ ရွှေလင်ဗန်းနဲ့ တနင်္သာဒဏ်ထီးရှစ်ချက်မိုးမှ မီးရှူး သန့်စင်ခဲ့တဲ့ စကြာမင်းကလေးဆိုတာ နှယ်နှယ်ရရမှ မဟုတ်ဘဲ၊ ပြန်လာရမှာပေါ့၊ ကတ္တီပါအိတ်စွပ်ပြီး ရေနှစ်သတ်ခဲ့ပေမယ့် မသေပါဘူး၊ ဦးအောင်က ကယ်သွားတယ်ဆိုပဲ" စသည်ဖြင့် အာဘောင်အာရင်းသန်သန် ပြောဆိုနေကြလေ၏။

ဝါဆိုလ အဖိတ်နေ့ညတွင် သန်လျင် ကျိုက်ခေါက်ဘုရားပေါ်၌ မိမိတို့အုပ်စုနှင့် မိမိတို့စုရုံးကာ စကြာမင်းသား လာလိုလာငြား စောင့်မျှော်နေကြလေ၏။ ညသန်းခေါင်ချိန်လောက်တွင် ယောဂီရောင် ပိုးလုံချည်၊ ယောဂီရောင် အင်္ကျီ၊ ယောဂီရောင် ခေါင်းပေါင်းတို့ကို အကျအနဝတ်ဆင်ထားသည့် လူချောလူလှကလေးရွှေဂေါင်းသည် စကြာမင်းအဖြစ်ဖြင့် ဘုရားရင်ပြင်တော်ပေါ်သို့ အမှတ်တမဲ့ ရောက်ရှိလာလေ၏။ စေတီတော်ကြီးကို သုံးပတ်မျှ လက်ယာရစ် လှည့်၍ ဖူးမြော်ကန်တော့ပြီးနောက် ပြန်၍ဆင်းမည်အလုပ်တွင် ရပ်ရွာလူကြီးလူကောင်းအချို့သည် အပြေးအလွှား ရောက်ရှိလာပြီးလျှင် . . .





"ဆိုင်းငံ့တော်မူပါဦး ကိုယ်တော်လေး၊ ကျေးတော်မျိုး ကျွန်တော်မျိုးတို့ အိမ်ဆီကို ချီးမြှင့်သောအားဖြင့် လိုက်ပါကြွချီတော်မူပါ၊ စကြာသခင် ရေမြေ့ရှင် ကိုယ်တော်လေးဘုရား"ဟု တောင်းပန်ကြလေ၏။

ထိုအခါ၌ ဦးပြည်းပြောင်ပြောင်နှင့် ထမ်းပိုးဆိုင်းတန်း၊ ကြေးစည်စသည်တို့ဖြင့် တန်ဆာဆင်ထားသော ဘိုးသူတော်ကြီးက ကြားမှ ဝင်၍ ကန့်ကွက်လေ၏။

"အို . . . ဘယ်ဖြစ်မလဲ၊ အချိန်နဲ့သွားရ အချိန်နဲ့လာရတာ၊ ဘယ်ဖြစ်မလဲ"

ထိုအခါ၌ ရပ်ရွာလူကြီးလူကောင်းများက . . .

"တောင်းပန်ပါရစေ ဦးသူတော်ကြီးရယ်"ဟု ဘိုးသူတော်ကြီးကို ဝိုင်း၍ တောင်းပန်ကြလေ၏။ ဘိုးသူတော်ကြီးကလည်း လိုက်၍ မဖြစ်ကြောင်း ငြင်းဆိုလေ၏။ ရပ်ရွာလူကြီးများကလည်း အတင်းတာရော တောင်းပန်ကြ၏။ နောက်ဆုံးတွင် ဘိုးသူတော်ကြီးက. . .

"ရပ်ရွာလူကြီးများ၊ ကဲ . . . ဒီလိုဆိုရင် ခင်ဗျားတို့ မင်္ဂလသုတ်ဆိုပြကြစမ်း၊ အထစ်အငေါ့မရှိဘဲ ဆိုနိုင်ရင် လိုက်မယ်"ဟု ပြောလိုက်ရာ ရပ်ရွာလူကြီးများကလည်း "ယံမင်္ဂလံ ဒွါဒဿဟိ" အစချီသော မင်္ဂလသုတ်ကို ဘုန်းကြီးကျောင်းသားကလေးများကဲ့သို့ သံပြိုင်ဆိုကြရရှာလေ၏။ တစ်နေရာ၌ ရပ်ရွာလူကြီးများသည် မေ့လျော့ထစ်ငေါ့နေသဖြင့် ဘိုးသူတော်ကြီးက လွန်စွာစိတ်ဆိုးသဖြင့် ရပ်ရွာလူကြီးတို့ထံမှ သူဌေးဝါဒတံဆိပ် ဆေးပေါ့လိပ်မီးရှို့ကြီးများကိုယူ၍ ၎င်း၏လက်ဝါးပေါ်တွင် မီးများကိုထိုးခြေ၏။ ဆေးလိပ်များကို ချိုးပစ်လေ၏။

ရပ်ရွာလူကြီးများလည်း . . .



www.burmeseclassic.com

www.burmeseclassic.com

"ဟာ . . . တယ်စွမ်းပါလား၊ လက်ပေါ်မှာ မီးတွေထိုးချေနေလိုက်တာ" ဟူ၍လည်းကောင်း . . .

"အာဂ ဘိုးသူတော်ပဲဟေ့"ဟူ၍ လည်းကောင်း၊ ရင်သတ်ရှုမောအံ့သြကြကုန်၏။ မယုံတစ်ဝက် ယုံတစ်ဝက်နှင့် လိုက်လာကြကုန်သော လူငယ်ကာလသားများသည်လည်း ဘိုးသူတော်ကြီး အစွမ်းပြလိုက်သဖြင့် လုံးဝယုံကြည်သွားကြကုန်၏။ ထိုအခါ၌ ဘိုးသူတော်ကြီးက . . .

"ခင်ဗျားတို့ ဒါလေးတောင် မရဘဲနဲ့ ကိုယ်တော်လေးကို ဖူးမြော်ချင်ကြသေးတယ် ဟင်၊ တပေါ်စ ဖြဟ္မစရိယဥ့်ဆိုတဲ့ အပိုဒ်ကဆက်ပြီးဆို"ဟု ပြောသဖြင့် လူကြီးများလည်း ဆိုကြကုန်၏။ လူငယ်လူရွယ်ကာလသားများမှာမူ လိုက်၍မဆိုသဖြင့် ဘိုးသူတော်ကြီးက . . .

"မင်းတို့လဲ လိုက်ဆို"ဟုဆိုကာ အနီးရှိ လူငယ်တစ်ဦးအားကြေးစည်ဘုဖြင့် ခေါင်းကို ထုလိုက်လေ၏။ ထိုအခါ၌ လူငယ်လူရွယ်ကာလသားများသည် ဘိုးသူတော်ကြီးကို ကြောက်၍ လိုက်ဆိုကြရကုန်၏။ ဦးပြည်းပြောင်ပြောင်နှင့် ဘိုးသူတော်ကြီးကား လူလိမ်ရွှေဂေါင်း၏မိတ်ဆွေ ကိုပုညပင် ဖြစ်ပေ၏။ လက်ဝါးပေါ်၌ ဆေးလိပ်မီးများကို ထိုးခြေနိုင်ခြင်းမှာ ကိုပုညသည် နဂိုကပင် ဆပ်ပြာနှင့်ကျောက်ချဉ်ကို ဆတူရော၍ လက်ဝါးကို သုတ်လိမ်းထားခြင်းကြောင့်ဖြစ်ပေသည်။

ထို့နောက် စကြာမင်းအတူနှင့် ဘိုးတော်အတုတို့သည် ရပ်ရွာလူကြီးများခြံရံလျက် လိုက်ပါသွားကြလေတော့သည်။ ရပ်ရွာလူကြီးများသည် ၄င်းတို့ရွာသို့ရောက်လျှင် ထိုရွာမှအချမ်းသာဆုံးအိမ်သို့ခေါ်သွားလေ၏။ စကြာမင်းသားရွှေဂေါင်းလည်း ထိုအိမ်သို့ရောက်လျှင် ဘုရားခန်းဆီသို့ တန်းတန်းမတ်မတ်သွား၍ ဘုရားရှိခိုးလေ၏။





ဘုရားရှိခိုးပြီးလျှင် ဘုရားစင်အနီးတွင် အိမ်ရှင်ကချိတ်ဆွဲထားသော စက္ကူအင်းချပ်များ၊ စမပုံများကို ဆွဲဖြုတ်၍ အစိတ်စိတ်အမွှာမွှာ ဆုတ်ပြီးလျှင် အောက်သို့ချလေ၏။ ထိုသို့ချလိုက်ပြီးနောက် သောက်ရေအိုးစင်မှ ရေတစ်ခွက်ကို ခပ်ယူကာ ပါးစပ်တွင်း၌ ငုံလိုက်လေ၏။ ထို့နောက် ရေကို စက္ကူများပေါ်သို့ ထွီကနဲ ထွေးချလိုက်လေ၏။ ထိုသို့ ထွေးချပြီးနောက် စက္ကူစုတ်ပုံကို လက်ညှိုးနှင့်ညွှန်၍ . . .

"ဆိုင်ရာကနေ မီးရှို့ပစ်လိုက်စမ်း၊ ရေမြေသနင်း စကြာမင်းအမိန့်တော်"ဟု ဆိုလိုက်သည့်ခဏတွင်ပင် စက္ကူပေါ်မှ မီးထတောက်လေတော့၏။ ရပ်ရွာလူကြီးများမှာလည်း 'ဟင်ကနဲ' 'ဟာကနဲ' အံ့သြကြ၍ စကြာမင်းသားရွှေဂေါင်းကို ရှိခိုးကြလေ၏။ အမှန်စင်စစ်ရွှေဂေါင်းသည် ရွှေစေ့တစ်ဝက်ခန့်ရှိသော ဖော့စ်ဖေါရပ်စ်ကို ရပ်ရွာလူကြီးများ မမြင်အောင် ပါးစပ်ထဲသို့ထည့်လိုက်ပြီး ရေနှင့်ရောကာငုံထွေးလိုက်ခြင်း ဖြစ်ပေသည်။ ဤသို့နှင့်ပင် စကြာမင်းသည် ထိုအိမ်၌ မင်းမူလေတော့၏။

ထို့နောက် "မြန်မာ့တန်ခိုးဟာ နှစ်ဆတိုးတာ ကြားဖူးရဲ့ မဟုတ်လား"ဟု ရွှေဂေါင်းက ရပ်ရွာလူကြီးများကို မေးလိုက်ရာ ရပ်ရွာလူကြီးများက . . .

"ကြားဖူးကြောင်းပါ ကိုယ်တော်လေးဘုရား"ဟု သံပြိုင် ဖြေကြလေ၏။

"အဲဒါ ဘဘအောင်ရဲ့ ပညာပေါ့ဗျာ"ဟု ရွှေဂေါင်းက ထပ်၍ပြောလေ၏။ ထိုသို့ ပြောဆိုပြီးနောက် အချိန်များစွာ မကြာမီအတွင်း၌ပင် နှစ်ဆတိုးချင်သော ကျေးရွာလူကြီးများနှင့် ကျေးရွာမှလူများသည် ၄င်းတို့ချွေးနည်းစာနှင့် ရှာဖွေထားကြသော ရွှေငွေလက်ဝတ်



www.burmeseclassic.com

www.burmeseclassic.com

ရတနာများကို ရွှေဂေါင်း၏ရှေ့၌ လာရောက်စုပုံကြကုန်၏။ ရွှေဂေါ် လည်း ထိုရတနာပုံကိုကြည့်၍ မန်းမှုတ်ဟန် ပြုလေ၏။ ထိုအချိန် ဘိုးသူတော်ကြီး ကိုပုညက . . .

"လာကြ လာကြ ဒီဘက်ကို လာကြ၊ ကိုယ်တော်လေးဘုရား မနှောက်ယှက်ကြနဲ့"ဟု ဆိုကာ စုရုံးခေါ်သွားလေ၏။ လူများ လည်း ဦးသူတော်ကြီးခေါ်ရာသို့ လိုက်ကာ သွားလေ၏။ တစ် တစ်ယောက်သောသူက ဦးသူတော်ကြီးအား . . .

"ဦးသူတော်ကြီး မီးကိုကိုင်ရင် မပူတဲ့ အဂ္ဂိသိဒ္ဓိလဲ ကျုပ်တို့ ပေးခဲ့ပါဦး"ဟု တောင်းဆိုလေ၏။

"တစ်ယောက်ထဲ ပေးလို့မရဘူးဗျ၊ ပေးတယ်ဆိုရင် အားလုံး ပေးမှ"ဟု ဆိုလေ၏။

"အားလုံးရလဲ ပိုကောင်းတာပေါ့ ဦးသူတော်ကြီးရယ်"ဟု ဝိုင်း၍ ပြောကြလျှင် ဘိုးသူတော်ကြီး ကိုပုညက . . .

"ရေအိုးယူခဲ့"ဟု ဆိုလေ၏။ ကာလသားတစ်ယောက်က သောက်ရေအိုးကို မ,ယူလာလေ၏။ ဘိုးသူတော်ကြီးလည်း ၄င်း ခါးကြားတွင် လိန်၍ထည့်ထားသည့် ငွေထုံးဗူးကလေးကိုထုတ်ကာ အတွင်းမှ အမှုန့်များကို ရေအိုးအတွင်းသို့ထည့်လေ၏။ ထို့နောက် ရေအိုးကို ကြိမ်လုံးတစ်ချောင်းနှင့် မွှေလေ၏။

"ဒါ ဘာမှတ်လို့လဲ၊ ပြဒါးပြာတွေ၊ အဂ္ဂိသိဒ္ဓိတင် မဟုတ်ဘူး ဥဒကသိဒ္ဓိ၊ အာဟာရသိဒ္ဓိ၊ လာဘသိဒ္ဓိဆိုတဲ့ သိဒ္ဓိလေးပါး ပါတယ်"ဟု ပြောလျှင် လူများသည် သူထက်ငါ အလုအယက် သောက်ကြကုန်၏။ ထိုသို့သောက်ပြီး မျှားမကြာမီ၌ပင် ဟိုနားတချို့ ဒီနားတချို့ ခေါင်းချင်း ဆိုင်၍ အိပ်ပျော်သွားကြကုန်လေ၏။ အမှန်စင်စစ်အားဖြင့် ဘိုးသူတော် ကြီးကိုပုည၏ ပြဒါးပြာမှာ ပြဒါးပြာအစစ်မဟုတ်ဘဲ အိပ်ဆေးများ ဖြစ်နေသောကြောင့်ပင် ဖြစ်၏။ လူအများ အိပ်ပျော်သွားသည့်အခါ "ရွှေဂေါင်းရေ ပြေးကြစို့"ဟု ဆိုကာ ထိုအိမ်မှ ပြေးခဲ့ကြလေ၏။

နံနက်မိုးလင်း၍ အိပ်ဆေးပြေသည့်အခါ၌ အဘိုးကြီးတစ်ဦး သည် စကြာမင်းသားနှင့် ဘိုးသူတော်ကြီးကို မတွေ့လျှင် . . .

"စကြာကိုယ်တော်လေးတို့က တယ်စွမ်းတာကိုး၊ ကိုယ်ရောင် ဖျောက်ပြီး သွားကြရှာပြီကော"ဟု ပြောလေ၏။ သို့ရာတွင် ရတနာ ထုပ်ကို ကြည့်လိုက်သည့်အခါ၌ ရတနာထုပ်ပါ ကိုယ်ရောင်ပျောက် နေသည်ကို တွေ့မှပင် အနီးအပါးမှလူများကို နှိုးလေတော့၏။

ရွှေဂေါင်းနှင့်ကိုပုညတို့မှာကား လိုက်၍မမီနိုင်လောက်သော နေရာသို့ ရောက်ရှိသွားကြပြီဖြစ်၍ ရယ်မောကာ စကားပြောသွား ကြလေ၏။

"ဒီတစ်ခါတော့ မင်းထွင်တဲ့အကွက်က တယ်ပြီး ပိရိပါကလား ရွှေဂေါင်းရယ်"ဟု ကိုပုညက ချီးကျူးလိုက်လေ၏။

"လိမ်တယ်ဆိုတာ ပိရိဖို့ အရေးကြီးဆုံးမဟုတ်လား ကိုပုညရယ်" ဟု ရွှေဂေါင်းက ပြောပြလေ၏။ ကိုပုညက . . .

"မှန်တာပေါ့ကွာ၊ မင်းလဲပဲ လူလိမ်ပါမောက္ခကြီး ဖြစ်မှပဲ လိမ်နည်း နိယာမတွေ ထုတ်ပေတော့ပေါ့ကွာ"ဟု ပြောလိုက်လေ သတည်း။







www.burmeseclassic.com

www.burmeseclassic.com

မှတ်ချက် . . .

လူလိမ်များသည် ဓာတုဗေဒပစ္စည်းများဖြင့် မသိနားမလည်သူများကို အထင်ကြီးအောင် လှည့်စား၍လည်းကောင်း၊ ယုံကြည်ကိုးကွယ်မှုများကို အရေခြုံ၍လည်းကောင်း၊ လိမ်လည်လှည့်ဖျားတတ်သောကြောင့် ဤနည်းဖြင့် အလိမ်ခံရခြင်း မဖြစ်နိုင်စေရန် စေတနာရှေ့ထား၍ ဖော်ပြခြင်းသာ ဖြစ်ပေသည်။

စက္ကူဖြူပေါ်တွင် မန်းမှုတ်လိုက်ရုံနှင့် အင်းပုံများ ပေါ်လာခြင်း၊ မှောင်ထဲတွင် ကိုယ်ရောင်ကိုယ်ဝါ တောက်ပစေခြင်း၊ မှောင်မိုက်သောအခန်းတွင် အလိုအလျောက် မီးများ ပန်းထွက်လာခြင်း၊ စက္ကူဖြူကို ရေနှင့်စိမ်လိုက်ရုံနှင့် ငါးတချပ်တန်၊ ဆယ်တန်၊ ရာတန် စသည်တို့ဖြစ်ပေါ်ခြင်း စသည်တို့ ဖြစ်ပေါ်ခြင်း စသည့်ပြုတွက်မျိုးကို ဓာတုဗေဒပစ္စည်းများဖြင့် ပြသလှည့်စား၍ ရပါသည်၊ ထို့ကြောင့် သတိရှိကြပါကုန်၊ တတ်သိနားလည်ပြီးပုဂ္ဂိုလ်တလည်း မသိနားမလည်သူများအား ပြောပြထားခြင်းဖြင့် လူလိမ်တို့၏အန္တရာယ်မှ တားဆီးပေးကြပါကုန်။

စာရေးသူ



## သူတို့အကြောင်းသိရပြီ

လူလိမ်ရွှေဂေါင်းနှင့် ကိုပုညတို့သည် လိမ်လည်မှုအမျိုးမျိုးကို ကျူးလွန်ခဲ့ကြပြီးဖြစ်၏။ တစ်နေ့သ၌ ကိုပုညက အပြင်မှပြန်လာပြီးလျှင် ရွှေဂေါင်းအား . . .

"ရွှေဂေါင်းရေ . . . ဒီနေ့ ဘယ်မှမသွားဘူးလားကွ"ဟု ပြောလေ၏။

"ဘယ်ကို သွားရမှာလဲ အာစရိရ"ဟု ရွှေဂေါင်းက ပြန်၍ မေးလေ၏။

"ဈေးစကိုး . . . ကိုလေကွာ"

"ကျုပ်လဲ အဲဒါကိုပဲ တွက်နေတာ၊ ရွှေနှင်းဆီဆိုတဲ့မြင်းဟာ အရင်အပတ်ကထက် ပိုပြီးခဲများနေတယ်၊ စီးမှာကလဲ အညာသား ဂျော်ကီဗျ၊ ကျုပ်က ဝင်ထိုးမလို့ဗျ"

"မလုပ်ပါနဲ့ကိုယ့်လူရာ၊ အပျင်းပြေသဘောနဲ့ ပလေးပဲလောင်းပါ၊ မြင်းလောင်းလို့ ချမ်းသာတဲ့လူရယ်လို့ မရှိပါဘူးကွာ၊ ဒါပေမယ့် ချစ်တီးကုလားတွေဟာ ဘယ်တော့မှ မြင်းရှုံးတယ်လို့ မရှိပါဘူး၊ သူတို့က လောဘကို သတ်နိုင်တယ်ကွ၊ အလျော်နဲ့ချင် နေပါစေ၊



www.burmeseclassic.com

www.burmeseclassic.com

ပလေးပဲ လောင်းတယ်၊ ငါတို့ မြန်မာနဲ့ တရုတ်ကတော့ မရသူ မရချင်နေရော၊ ရချင် များများဆိုပြီး "ဝင်း"ကိုပဲ လောင်းကြတယ်" ဟု ကိုပုညက ဖျောင်းဖျလေ၏။

"ရှုံးသွားလဲ ဘာဖြစ်သေးလဲဗျာ၊ ကျုပ်တို့ရထားတဲ့ငွေတွေက အလကားရထားတဲ့ ငွေတွေပဲဥစ္စာ"ဟု ရွှေဂေါင်းက ပြောလေ၏။

"ဘယ်ကလာ အလကားရတာ ဟုတ်ရမှာလဲကွ၊ ကျကျနန ကြိုးစားပြီး လိမ်ယူထားရတဲ့ ငွေတွေပဲ"ဟု ကိုပုညက ပြောလေ၏။

"တွဲပွဲတော့ ထိုးမယ်ဗျာ"ဟု ရွှေဂေါင်းက ပြောပြန်လေ၏။

"တွဲပွဲလဲထိုးကွာ ...ဖိုးကတ်စ်ပွဲလဲ ထိုးချင်တော့ ထိုးဦး၊ ဒါပေမယ့် နဲနဲပဲလုပ်ပါကွ၊ တအားကုန် ပုံအောပြီးတော့ မလုပ်ရင်ပြီးတာပဲ"ဟု ကိုပုညက ပြောလေ၏။

ထို့နောက် ၎င်းတို့နှစ်ယောက်သည် မြင်းကွင်းသို့ သွားကြလေ၏။ မြင်းကွင်းသို့ရောက်လျှင် ဂျော်ကီကလပ်အနီး လမ်းတစ်ဘက်တွင် ဖွင့်ထားသော ချောင်ကျကျ လက်ဖက်ရည်ဆိုင်၌ဝင်၍ လက်ဖက်ရည် သောက်ကြလေ၏။

ထိုဆိုင်တွင်း၌ကား မြင်းသမားများသည် အောင်ချမ်းသာ ကြတိုင်းအောင်၊ ချမ်းသာပါစေ အစရှိသည့် မြင်းတစ်စာအုပ်များကို ကိုင်လျက် ဘယ်ကောင်ဝယ်မည် ဘယ်ကောင်ကျန်မည် ဘယ်ဂျော်ကီ ကဆွဲသည် ခဲသည် ဘယ့်နှယ့် စသည်ဖြင့် မြင်းစကားပြော၍ နေကြလေ၏။

လက်ဖက်ရည်နှစ်ခွက်စီ မှာပြီးနောက် ရွှေဂေါင်းက ကိုပုညအား...

"နည်းနည်းပါးပါးတွက်စမ်းပါ အာစရိရဲ့၊ ကျုပ်ကတော့ ရွှေနှင်းဆီ ကို တော်တော်ကြိုက်နေပြီ၊ ညကလဲ အိပ်မက်ထဲမှာ မြနှင်းနွယ်ထ





ကျုပ်ကို နှင်းဆီပန်းကလေးတစ်ပွင့် လာပေးတယ်လို့ မက်တယ်ဗျ"ဟု ပြောလိုက်ရာ ကိုပုညက ...

"ဟေ့ကောင် ... စိတ်စွဲလို့ မက်တာပါကွာ၊ ဒါတွေကို အသိအမှတ် မပြုစမ်းပါနဲ့"ဟု ပြောလေ၏။

"အိပ်မက်ကို အသိအမှတ်မပြုရင်လဲ နေပါ၊ မြင်းခြေလေး ဘာလေး တွက်စမ်းဗျာ"

"တွက်မနေပါနဲ့ကွာ၊ မှန်တာမှမဟုတ်ဘဲ၊ ထိုးချင်ရင် ထိုးလိုက်ပါကွာ" ထိုစဉ်၌ ကလေးငယ်တစ်ယောက်သည် ရွှေဂေါင်းတို့အနီးသို့ ရောက်လာပြီးလျှင် "ဦးလေး သေချာပေါက် တစ်ကောင်ပြောမယ်၊ ငါးကျပ်ပေးမလား"ဟု တိုးတိုးပြောလေ၏။

"မင်းက ဘယ်ကရတာလဲ"ဟု ကိုပုညက မေးလေ၏။

"ဇောင်းတွေကရတဲ့ တစ်ဗျ"

"ကဲ ရော့ကွာ၊ ငါးကျပ် ပြော"ဟု ဆိုကာ ကိုပုညသည် မြင်းဇောင်း သားကလေးအား ပေးလိုက်လေ၏။

ထိုအခါ၌ ဂျပိုးကလေးက ကိုပုညအနီးသို့ကပ်ကာ "ရွှေနှင်းဆီ" ဟု ပြောလေ၏။ "မဟုတ်ရင်ရောကွာ"ဟု ကိုပုညက ပြန်၍မေးလေ၏။

"ကျွန်တော် ဒီနားမှာ အမြဲရှိတာပဲ၊ ကျွန်တော်ပြောတာ မဟုတ်ရင် ကျွန်တော့်ကို ပါးပိတ်ရိုက်ပေတော့"ဟု အာမခံလေ၏။ ထိုအခါ၌ ကိုပုညက ရွှေဂေါင်းဘက်သို့လှည့်ကာ ...

"ကဲ မစ္စတာရွှေဂေါင်း ...ကောင်လေးပေးသွားတဲ့ တစ်ကတော့ မင်းအိပ်မက်ထဲက တစ်ပဲကွ၊ လောင်းချင်လဲ လောင်းပေတော့"ဟု ပြောလေ၏။ ရွှေဂေါင်း၏မျက်နှာသည် ဝင်းလက်၍ သွားလေ၏။

"ဒီလိုဆိုရင် နှစ်ရာဖိုး လောင်းမယ်ဗျာ"ဟု အားရဝမ်းသာ ပြောလေ၏။



www.burmeseclassic.com

www.burmeseclassic.com



"ဘာလုပ်မှာလဲကွာ နှစ်ရာဖိုး မြင်းလောင်းတယ်ဆိုတာ နိုင်
ထင်လို့လောင်းတာပဲ၊ ရှိစုမဲ့စုတွေ အကုန်ပုံပြီး အောလိုက်ရုံပေါ့
ကိုပုညကပြောလျှင် ရွှေဂေါင်းသည် မျက်လုံးပြူးကာ ပါးစပ်
သွားလေတော့၏။

"ဒါနဲ့ ခင်ဗျားက အိမ်မှာတုန်းကတော့ သိပ်ပြီးမလုပ်နဲ့
အာစရိရဲ့"ဟု ရွှေဂေါင်းက ပြောလိုက်လေ၏။

"မြင်းသမားဆိုတာ အိမ်မှာပြောတဲ့စကားနဲ့ မြင်းကွင်းမှာပြော
စကား မတူဘူးကွ၊ အိမ်မှာစိတ်ကူးခဲ့တာနဲ့ မြင်းကွင်းမှာ စိတ်
တာခြင်း မတူဘူးကွ၊ လုပ်သာ လုပ်လိုက်ပါကွာ၊ ငါ့မှာ အပေါ
ကောင်းတစ်ခု တွေ့ထားပါတယ်ကွ"ဟု ကိုပုညက ပြောလေ

"မြင်းနိုင်ရင်တော့ အပေါက်ကောင်းဆီ မသွားတော့ဘူးပေ
ဟု ရွှေဂေါင်းက ပြန်၍ မေးလေ၏။

"နိုင်နိုင်ရှုံးရှုံး အပေါက်ကောင်းဆိုတာက လက်လွှတ်လို့ ဘယ်
မလဲကွာ"

"ခင်ဗျား အပေါက်ကောင်းက ဘယ်မှာလဲဗျ"

"မြိတ်မှာဟ၊ မြိတ်မှာ"

"ကဲပါဗျာ၊ အပေါက်ကောင်းကို အသာထားလိုက်ပါဦး၊ မြင်း
မှာ မြင်းအကြောင်းပြောစမ်းပါ"

"မြင်းအကြောင်း ဘာပြောစရာရှိသလဲကွ၊ အိမ်မှာရှိတဲ့ ပိုက
တွေ အကုန်ပြန်ယူပြီး ရွှေနှင်းဆီကို ပုံအောပစ်ဖို့ပဲရှိတော့တာ
ဟု ကိုပုညက ပြောလိုက်ပြီး ဆေးပြင်းလိပ်ကို ဖွာလိုက်လေ
ထို့နောက် မများမကြာမီအချိန်မှာ ရွှေဂေါင်းသည် တက္ကစီကားတ
ဖြင့် အိမ်သို့ပြန်ကာ လိမ်ခဲ့သမျှသောငွေတို့ကိုယူ၍ ရွှေနှင်း





သောမြင်းကို တစ်ကောင်တည်း စိတ်ကြိုက် ဝင်း,ထိုးပစ်လိုက်လေ
တော့၏။ အမှန်တကယ် မြင်းပွဲစသောအခါ၌ ရွှေနှင်းဆီဆိုသော
င်းသည် အခြားမြင်းများ၏နောက်ဆုံးမှ ပန်းဝင်၍ လာလေ
တော့၏။ ထိုမြင်း၏ အဖြစ်ကိုကြည့်ကာ ရွှေဂေါင်း၏မျက်နှာသည်
သက်ရှစ်ဆယ် အရွယ်လောက် အိုမင်းရင့်ရော်သွားသည်ဟု
င်မှတ်ရလေတော့၏။ ကိုပုညမှာမူ ဆေးပြင်းလိပ်ခဲ၍ အပြုံးမပျက်
လေ၏။

"ဟေ့ကောင် ကုန်ပြီမို့လား၊ ကုန်ရင် ငါတို့ အလုပ်စမယ်၊
တ်ဖြန်ကို ငါးပိလှေနဲ့ မြိတ်ကိုလိုက်မယ်၊ မြိတ်မှာ လိမ်မယ်"ဟု
ကာ ရွှေဂေါင်းအား ရန်ကုန်မြို့လယ်ခေါင်ရှိ ဟော်တယ်တစ်ခုစီသို့
ခေါ်၍ အရက်တိုက်လေ၏။ ရွှေဂေါင်းသည် အရက်သောက်ရင်း...

"တောက် . . . ဒီကောင်မ အခုထက်ထိ ကျုပ်ကို ဒုက္ခပေးနေ
န်းပဲ"ဟု ပြောလေ၏။ ကိုပုညက . . .

"ဘယ်ကောင်မလဲကွ"ဟု မေးလေ၏။

"မြနှင်းနွယ်လေဗျာ၊ ကျုပ်မိန်းမ မြနှင်းနွယ်၊ အိပ်မက်ထဲမှာ
က နှင်းဆီပန်းကလေး လာပေးတော့ အတိတ်စိမ်းကလေးဆိုပြီး
ပ်က ထိုးလိုက်တာ ခုတော့ မွဲပြီ"ဟု ရွှေဂေါင်းက ပြောလေ၏။

"မင်းက မွဲရအောင် နဂိုတုန်းက ဘယ်နှစ်ပြားများ ရှိလို့တုန်းကွ၊
န်နာတာတွေ၊ ဆုံးရှုံးတာတွေ၊ ကိုယ်ကခံလိုက်ရတာတွေကို တွေး
နေစမ်းပါနဲ့ကွာ"ဟု ကိုပုညက နှစ်သိမ့်လေ၏။ ထိုညက ရွှေဂေါင်း
သည် အရက်များမူး၍ ဟော်တယ်မယ်များနှင့် ပျော်ပါးကာ
ဟော်တယ်၌ပင် အိပ်စက်ခဲ့လေတော့၏။ နောက်တစ်နေ့ မိုးလင်း
သည့်အခါ၌ အခြားအခန်းတွင် အိပ်စက်လျက်ရှိသော ကိုပုည



www.burmeseclassic.com

www.burmeseclassic.com

ရွှေဂေါင်းအား လာရောက်နှိုးလေ၏။

"ဟေ့ . . . ရွှေဂေါင်း၊ ထကွာ၊ ညကအရှိန်လေးပြေပြီး ရ

မများရအောင် တစ်ခွက်တစ်ဖလားလောက် လုပ်လိုက်ကြဦးစို့ရဲ့

ဆိုလေ၏။ ထို့ကြောင့် ၎င်းတို့နှစ်ယောက်သည် စားပွဲတစ်လုံ

ဝက်အူချောင်းကြော်နှင့် ဝီစကီတစ်လုံးကို နံနက်စောစော

သောက်မျိုနေကြလေ၏။ ထိုအချိန်တွင် ရာဇဝတ်အုပ်တစ်ယော

သည် ဟော်တယ်တွင်းသို့ဝင်လာကာ တစ်စုံတစ်ယောက်ကို ရှာ

လေ၏။ မတွေ့သည့်အဆုံး၌ ထိုရာဇဝတ်အုပ်သည် ပြန်၍ ထွ

သွားမည်ပြုပြီးနောက် ရွှေဂေါင်းတို့နှစ်ယောက်ကို ငဲ့စောင်းကြည့်

လေ၏။ ထိုသို့ ကြည့်ရှုပြီးလျှင် ရာဇဝတ်အုပ်က ရွှေဂေါင်းအ

မှတ်မိသွားပုံရလေ၏။

"အော် . . . ကိုပက်ထရစ်ကိုး"ဟု ပြောလေ၏။

"ကျုပ်နာမည် ပက်ထရစ်မဟုတ်ဘူး၊ ခင်ဗျား လူမှားနေပြီ"

ပက်ထရစ်က ပြန်၍ ပြောလိုက်ရာ . . .

"မမှားပါဘူးဗျာ၊ ကျုပ်က သေသေချာချာ မှတ်မိပါတယ်"

ရာဇဝတ်အုပ်က ဆိုပြန်၏။

"မဟုတ်ဘူး ရာဇဝတ်အုပ်မင်း၊ သူ့နာမည် ကိုရွှေဂေါင်း

ခေါ်တယ်"ဟု ကိုပုညက ဝင်၍ပြောလေ၏။

"မဟုတ်ပါဘူးဗျာ၊ တခြားလူကို အကြောင်းရိုက်လို့ရမယ်၊ ကျု

ကိုတော့ မရဘူး၊ ကျုပ်မေးတာလဲ ကိုပက်ထရစ်ရဲ့ အကျိုးအတွ

ပါဗျ၊ ခင်ဗျားကလဲ မြနှင်းနွယ်နဲ့ကွဲတာနဲ့ လောကကြီးကိုစိတ်န

နာမည်တွေဘာတွေ ပြောင်းထားမှကိုး၊ အမှန်ကတော့ ခင်ဗျား

လင်မယား ကွဲရတာဟာ မောင်မောင်ဦးဆိုတဲ့ကောင်ရဲ့ လက်





ပေါ့ဗျာ၊ ကျုပ်လဲ နောက်မှသိတယ်ဗျ၊ ကျုပ်ကတောင် ခင်ဗျားကို အထင်လွဲမိသေးတယ်"ဟု ရာဇဝတ်အုပ်ကပြောလျှင် ရွှေဂေါင်းက...

"အင်း . . . ဟုတ်တယ်၊ ဆိုစမ်းပါဦး"

"ရွှေဂေါင်းတွေဘာတွေ လုပ်မနေစမ်းပါနဲ့ ကိုပက်ထရစ်ရယ်၊ ကဲ . . . ကျုပ် ဆက်ပြီးပြောမယ်၊ သူဌေးသားမောင်မောင်ဦးက သူ့မယားငယ် ခင်မမဆိုတဲ့ကောင်မကို ခင်ဗျားဆီလွှတ်ပြီး ခင်ဗျားကို အိပ်ဆေးတိုက်ပြီးတော့ သူပါ ဝင်အိပ်ပြီး အကွက်ဆင်တာပေါ့ဗျာ၊ အဲဒါကို ကျုပ်ရယ် ကုလားရှေ့နေကြီးရယ်ကို ခေါ်ပြီးပြတာ၊ တကယ်တော့ ကျုပ်တို့လဲ မသိကြပါဘူးဗျာ၊ အဲဒီတုန်းကတော့ ခင်ဗျားကို လူယုတ်မာလို့ ထင်ခဲ့တာပဲ၊ ဒါကြောင့်လဲ မြနှင်းနွယ်ကို ကုလားရှေ့နေကြီးနဲ့ ကျုပ်က ခေါ်ပြီးပြောခဲ့တာပဲ၊ ခင်ဗျားတို့ လင်မယားကွဲတဲ့ကိစ္စမှာ ကျုပ်ပါ တရားခံဖြစ်နေတော့တာပေါ့ဗျာ၊ အဲဒီကိစ္စကလဲ အဖြစ်မှန်ကိုသိရတာ သိပ်တော့မကြာသေးဘူးဗျ၊ မောင်မောင်ဦးနဲ့ခင်မမတို့ ဟောဟိုအခန်းမှာ လာပြီးတည်းကြဖူးသေးတယ်၊ ကျုပ်ကလဲ အဲဒီအခန်းဘေးက အခန်းမှာ တရားခံတစ်ယောက်ဖမ်းဖို့ ရုပ်ဖျက်ပြီး ရောက်နေတာဗျ၊ သူတို့နှစ်ယောက် စကားပြောတော့မှ အဲဒါတွေ ပေါ်တော့တာပေါ့ဗျာ"ဟု ရာဇဝတ်အုပ်က ပြောလေ၏။

"မဟုတ်ဘူး ရာဇဝတ်အုပ်မင်း၊ ကျုပ်တို့လင်မယားကွဲကြတာဟာ အဲဒီအချက် ပါတော့ပါတယ်၊ တကယ်တော့ မြနှင်းနွယ်နဲ့ မင်းမောင်နဲ့ ဖြစ်တဲ့ကိစ္စပဲ"ဟု ရွှေဂေါင်းကပြောလိုက်ရာ . . .

"အဲဒါက ခင်ဗျားက သက်သက်အထင်လွဲတာ၊ အထင်လွဲ အောင်လဲ ခင်မမက ချောက်တွန်းလိုက်တယ် မဟုတ်လား"ဟု



www.burmeseclassic.com

www.burmeseclassic.com

ရာဇဝတ်အုပ်ကပြောလိုက်လျှင် ရွှေဂေါင်းသည် ငိုင်၍သွားလေ၏။ မိမိအား မြနှင်းနွယ်နောက်သို့ လိုက်ကြည့်ဖြစ်စေရန် ခင်မမကာ သွေးထိုးစကား ပြောခဲ့ပုံများကိုလည်း စဉ်းစားမိလေ၏။

"မဟုတ်ဘူးလေ ရာဇဝတ်အုပ်မင်းရဲ့၊ မြနှင်းနွယ်နဲ့ မင်းမောင် တို့ ချိန်းတွေ့တာကို ကျုပ် မျက်စိနဲ့မြင်ခဲ့တာပဲ"ဟု ရွှေဂေါင်းက ပြောလေ၏။

"အဲဒါ ခက်ကုန်တာပေါ့ဗျာ၊ အမှန်ကတော့ မြနှင်းနွယ်နဲ့ မင်းမောင်ဟာ ရိုးရိုးသားသား ခင်မင်ကြတဲ့ သူငယ်ချင်းတွေဗျ ချိန်းတွေ့တာက တခြားကြောင့်မဟုတ်ဘူး၊ မင်းမောင်ရဲ့နှမ မြရှင် ဟာ လူသတ်မှုနဲ့ ဝရမ်းပြေးဖြစ်ပြီး မော်လမြိုင်ကို ပြန်ရောက် နေတယ်လေဗျာ၊ အဲဒီကိစ္စအတွက် မင်းမောင်နဲ့ မြနှင်းနွယ်ဟာ ကျုပ်တို့ ပုလိပ်ဘက်ကမသိအောင် ပုန်းလျှိုးကွက်လျှိုး တွေ့ကြတာ ပါဗျာ၊ မြရှင်ကိုလဲ ကျုပ်တို့ ဖမ်းထားလိုက်ပြီ၊ မြရှင်ကလဲ အိမ်ရှင် မိန်းမကြီးကို သူ့မသတ်ရကြောင်း ငြင်းနေတာကြောင့် ကျုပ်တို့လဲ လူသတ်သမားကို စုံစမ်းလိုက်ရတာဗျာ၊ အမှန်သတ်တာကတော့ မြရှင်ကို မယားငယ်အဖြစ်နဲ့ တစ်လတစ်ခါ လာပြီးအိပ်နေတဲ့ သိန်းအောင်ဆိုတဲ့ကောင်ပေါ့၊ သိန်းအောင်ကိုမိတာနဲ့ မြရှင်ကို လွှတ်ရ မှာပဲ၊ အခုလဲ သိန်းအောင်ဆိုတဲ့ကောင် ဒီဟော်တယ်ကို ရောက်နေ တယ်ဆိုလို့ လာရှာတာပဲ"ဟု ပြောလေ၏။

ရွှေဂေါင်းသည် ခေါင်းငိုက်စိုက်ကျ၍ . . .

"ကျုပ်မှားပြီ"ဟု ကြေကွဲဆို့နင့်စွာ ပြောလေ၏။ ထို့နောက် ကိုပုညဘက်သို့လှည့်ကာ . . .

"ဘာပဲဖြစ်ဖြစ် မြနှင်းနွယ်ဆီကို ပြန်မယ်၊ ကျုပ်အမှားတွေကို





ကျုပ် ဝန်ချတောင်းပန်မယ်"ဟုပြောလျှင် ရာဇဝတ်အုပ်ကိုစိန်မောင် က ထိတ်ထိတ်ပျာပျာဖြင့် . . .

"မပြန်ပါနဲ့ ကိုပက်ထရစ်ရယ်၊ ခုမှပြန်ရင် ရှုပ်ကုန်လိမ့်မယ်၊ သူတို့ အရင်လကပဲ ယူလိုက်ကြပြီ"ဟု ပြောလေ၏။

"ဘယ်သူနဲ့ ဘယ်သူနဲ့ ယူတာလဲဗျ"ဟု ရွှေဂေါင်းကမေးလျှင် ရာဇဝတ်အုပ်က အားနာသောမျက်နှာထားနှင့် . . .

"မြနှင်းနွယ်နဲ့ မင်းမောင်လေ"ဟု ပြောလိုက်လေ၏။

"ဒါနဲ့ ခင်ဗျားက သူတို့နှစ်ယောက်ဟာ ဘာမှမဖြစ်ကြဘူး ဆိုဗျ" ဟုဆိုကာ စကားပွဲခုံကို လက်သီးနှင့် ဒိုင်းကနဲထုကာ ရွှေဂေါင်းက ပြောလေ၏။

"စိတ်မဆိုးပါနဲ့ ပက်ထရစ်ရယ်၊ ခင်ဗျားထင်တဲ့အချိန်တုန်း ကတော့ ဘာမှမဖြစ်ကြတာ အမှန်ပါပဲ၊ အခု ခင်ဗျားတို့ချင်း ကွဲသွား ကြတာ သုံးနှစ်တောင်ရှိမှပဲ၊ ပြီးတော့ ခင်ဗျားသားကလေးကလဲ မစွမ်းမသန်"

"ဘာ . . . ကျုပ် သားလေး ဟုတ်လား"

"ဟုတ်တယ်၊ မြနှင်းနွယ်မှာ ခင်ဗျားနဲ့ ကိုယ်ဝန်ကျန်ခဲ့တယ်၊ အဲဒီကလေးဟာ မွေးကတည်းက မစွမ်းမသန် မွေးလာရှာတယ်၊ မြနှင်းနွယ် ကလေးမွေးတဲ့နေ့ကဆိုရင် သူ့ဦးလေး မိန်းမရှာကြီးလဲ မရှိဘူး၊ မော်လမြိုင်အိမ်ကို ရောက်နေတယ်၊ ခိုင်းတဲ့ကောင်မလေးလဲ မရှိဘူး၊ ဖြုန်းကနဲ ဒိုင်းကနဲဆိုတော့ မင်းမောင်ကပဲ လက်သည် လုပ်ပြီး မမွေးရုံတမယ် ပြုစုခဲ့ရတယ်၊ ဒီနောက်မှာလဲ ကလေးကို မင်းမောင်ပဲ စောင့်ရှောက်လာတာ၊ သူတို့ချင်းယူဖြစ်အောင် ကျုပ်တို့ပဲ ဘေးက တိုက်တွန်းခဲ့ကြတာပါ၊ လွန်ကုန်ပါပြီဗျာ"


www.burmeseclassic.com

www.burmeseclassic.com

ရွှေဂေါင်းသည် မျက်နှာကို လက်ဝါးနှင့်အုပ်က ချုံးပွဲချ ရှိုက်ကြီးတငင် ငိုကြွေးလေတော့သတည်း။

📖 📖 📖



## ရွှေဂေါင်း၏ ပနောင့်တစ်ချက်

ရွှေဂေါင်းနှင့် ကိုပုညတို့သည် မြိတ်မြို့သို့ရောက်ရှိခဲ့ကြပြီးဖြစ်၏။ ၎င်းတို့သည် တရုတ်ခေါက်ဆွဲဆိုင်သို့ဝင်ကာ တရုတ်အစားအစာများ မှာယူစားသောက်ကြလေသည်။ ထိုသို့ မှာယူစားသောက်ရာ၌ ကိုပုည က ခေါက်ဆွဲဆိုင်ရှင်တရုတ်အား မည်သို့မည်ပုံ ပြောဆိုလိုက်သည် မသိပေ။ ၎င်းတို့အိပ်စက်ရန် ခုတင်နှစ်လုံး ချပေး၏။ ရေချိုးရန် လည်း စီစဉ်ပေး၏။

"တယ်ပြီးပိုင်ပါလား အာစရိ တရုတ်ကို ဘယ်လို သွားပြီးပြော သလဲ"ဟု ရွှေဂေါင်းကမေးရာ ကိုပုညက . . .

"လွယ်ပါတယ်ကွာ၊ မင်းဆိုင်မှာ အရပ်မြင့်မြင့် ကျောက်ပေါက် မာသက်သက်နဲ့လူ လာလေ့ရှိသလားလို့ သွားပြီးမေးတာပေါ့ကွာ"ဟု ပြောလေ၏။

"အဲဒီလို မေးတော့"

"အဲဒီလိုမေးတော့ တရုတ်က မလာဘူး ဆရာကြီး၊ အဲဒီလူက ဘာဖြစ်လို့လဲတဲ့လို့ ပြန်မေးတာပေါ့ကွ"

"အဲဒီတော့ အာစရိက ဘာပြောသလဲ"

"ဘာပြောမလဲကွ၊ မသင်္ကာစရာရှိလို့ပါလို့ ပြောလိုက်ရုံပေါ့ကွ"

"အဲဒီတော့ ဘာဖြစ်သလဲ"



www.burmeseclassic.com

www.burmeseclassic.com

"ဘာဖြစ်ရမှာလဲကွ၊ ငါတို့ကို စုံထောက်တွေလို့ တရုတ်က ထင်သွားတာပေါ့"

"အဲဒီတော့"

"အဲဒီတော့ ငါတို့ဟာ အရပ်မြင့်မြင့် ကျောက်ပေါက်မာသက်သက် နဲ့လူကို အလိုရှိနေကြောင်း၊ တခြားမှာတည်းရင် ရသော်လည်း ငါတို့ ဒီမြို့ကိုရောက်နေတယ်ဆိုတာ လူတွေမသိလိုကြောင်း ပြောလိုက်ရုံ ပေါ့ကွာ၊ အဲဒီတော့ တရုတ်က ဒီမှာပဲတည်းပါဆိုပြီး စီစဉ်ပေးတာ ပေါ့ကွာ"

"မလိမ့်တစ်ပတ်နည်းပေါ့"

"ဒါပေါ့ကွ"

ဤသို့နှင့်ပင် ၎င်းတို့နှစ်ဦးသည် တရုတ်ခေါက်ဆွဲဆိုင်၌ တည်းခို နေကြလေတော့၏။

၎င်းတို့ရောက်ရှိပြီး သုံးလေးရက်လောက်အကြာတွင် မြိတ်မြို့၌ လက်ဝှေ့ဝါသနာရှင် သူဌေးတစ်ဦးက အနယ်နယ်အရပ်ရပ်မှ လက်ဝှေ့သမားများကို ခေါ်ယူ၍ လက်ဝှေ့ပွဲ ကျင်းပလေတော့၏။

၎င်းတို့တည်းခိုသောခေါက်ဆွဲဆိုင်၌လည်း လက်ဝှေ့ပွဲအကြောင်း ကို ပြောဆိုနေကြသံကို ကြားရလေ၏။

"ရွှေဂေါင်းရေ လက်ဝှေ့ပွဲ ဆိုပါလားကွ၊ သွားကြည့်ရအောင်ကွာ" ဟု ကိုပုညက ပြောလေ၏။

"ကောင်းသားပဲဗျ"

"အေး . . . တစ်ခုတော့ရှိတယ်၊ ဟိုရောက်ရင် စိတ်ကြွပြီး လက်ဝှေ့တော့ တက်ပြီးမထိုးဖို့ မှာထားမယ်၊ လက်ဝှေ့ပွဲဆိုတာ သိပ်ပြီး စိတ်ကြွတယ်ကွ"





"မဟုတ်တာဘဲဗျာ၊ အာစရိကလဲ လုပ်ပါ့မလား" ဟု ရွှေဂေါင်းက ပြန်၍ပြောလိုက်လေ၏။

ထို့နောက် ၎င်းတို့နှစ်ယောက်သည် ဘောလုံးကွင်းအတွင်း လက်ဝှေ့ပွဲကျင်းပရာသို့ သွားကြလေတော့၏။ လက်ဝှေ့ပွဲ၌ကား အလောင်းအစားသမားများလည်း အလောင်းအစား ပြုလုပ်နေကြပြီ ဖြစ်၏။

ဒိုင်လုပ်သူသည် တစ်ဆိုင်းပြီးတစ်ဆိုင်း ထိုး၍ခိုင်းလေ၏။ လက်ဝှေ့သမားများမှာ ရေး၊ မြိတ်၊ ထားဝယ်၊ မော်လမြိုင်၊ သထုံ၊ ကော့သောင်၊ တနင်္သာရီ စသည့်မြို့များမှ ဖြစ်ကြပေသည်။ ထိုအထဲ တွင် လွန်စွာအသားမည်းသော လက်ဝှေ့သမားခြောက်ယောက်သည် သူ့အတွဲနှင့်သူ ဝင်ရောက်ထိုးသတ်သည်ကို တွေ့ရလေ၏။ ထိုအသား မည်းများသည် ထိုးရဲသောသတ္တိလည်းရှိကြ၏။ ကြံ့ခိုင်မှုလည်း ရှိ၏။ သို့ရာတွင် ထိုးနည်းထိုးကွက်များ မဟန်သဖြင့် တစ်ယောက်ပြီး တစ်ယောက် အကွဲအအပြဲနှင့်ချည်း ရှုံးခဲ့ကြလေ၏။

နောက်ဆုံးကျန်သော အသားမည်း လက်ဝှေ့သမားနှင့် မြိတ်သား တစ်ယောက်သာလျှင် တော်တော်နှင့် အရှုံးအနိုင်မပေါ်ဘဲ အကြိတ် အနယ် ထိုးသတ်နေလေ၏။

"ဟော့ကောင် သူတို့နှစ်ယောက် ဘယ်သူနိုင်မလဲကွ" ဟု ကိုပုည ကမေးရာ ရွှေဂေါင်းက . . .

"မြိတ်သား နိုင်ရမှာပေါ့ဗျာ၊ ဟိုငမည်းက လက်ဝှေ့ကောင်းကောင်း ထိုးတတ်တာမှ မဟုတ်ဘဲ၊ မြိတ်သားက မလုပ်ချင်သေးလို့ပေါ့ဗျာ" ဟု ပြောလိုက်လေ၏။

"ဟုတ်ပါ့မလားကွ"


www.burmeseclassic.com

www.burmeseclassic.com

"ဟုတ်တာကို ဟိုဘက်တောင် လွန်သေးတယ်၊ အသားမည်းဟာ ရှုံးရင် ကွဲရုံပြဲရုံမဟုတ်ဘူး၊ မြိတ်သားရဲ့ဒူးစာကိုမိပြီး သတိကိုမေ့ဦးမှာ"

"မင်းမဆိုးဘူး၊ မင်း တော်တော်နားလည်မှုပဲ၊ ဒူးကတော့ မိမယ်ကွ၊ ဒါပေမယ့် တမင်တကာတိုက်တဲ့ ဒူးမျိုးမဟုတ်ဘူး၊ လူမည်းကအင်္ဂ မြိတ်သားက ဒူးအပင့် အဲဒါနှစ်ခုဆုံသွားချိန်မှာကွ"ဟု ပြောဆိုလိုက်သောအချိန်၌ပင် အသားမည်းကအင်္ဂ မြိတ်သားက ဒူးကို အပင့်နှင့်ဆုံဆည်းမိလိုက်သည်ဖြစ်ရာ အသားမည်းသည် 'အင့်'ကနဲ မြည်၍ လဲကျသွားလေတော့၏။ ထိုအချိန်၌ လွန်စွာအရပ်မြင့်သော လက်ဝှေ့သမားကြီးတစ်ဦး စင်ပေါ်သို့တက်လာပြီးလျှင် တဖြောင်းဖြောင်း လက်ခမောင်းခတ်လေ၏။ ထိုသို့ လက်ခမောင်းခတ်ပြီးနောက်. . .

"ကျုပ်မှာဗျာ လက်ဝှေ့ပွဲရှိတယ်ဆိုရင် ဘယ်လောက်ပဲဝေးဝေး ရောက်အောင်သွားတာချည့်ပဲ၊ ဒါပေမယ့် ကျုပ်နဲ့ထိုးဖို့ ဘက်မရှိလို့ ကျုပ်မှာ ဒီအတိုင်းနေရတယ်ဗျာ၊ ထိုးဝံ့တဲ့သတ္တိကလေးရှိရင် စင်ပေါ် တက်လာဖို့ ကျုပ်က ဖိတ်ခေါ်ပါတယ်၊ စင်ပေါ်မတက်ခင် သတိပေးချင်တာက ကြောက်မွေးပါလာရင် ဇာကနာနဲ့နှုတ်ပြီး တက်ခဲ့ပါ" ဟု ကွမ်းတမြုံ့မြုံ့ဝါးရင်း အေးချမ်းစွာ စိန်ခေါ်လေတော့၏။

"တောက် . . . ငါတော့ အဲဒီကောင်ကြီးကို တက်ပြီး မေးစေ့ကို ဒူးနဲ့တိုက်ချင်လာပြီကွာ၊ ဒီကောင်ကြီး ဒီတစ်ခါ ထပ်ပြီးစိန်ခေါ်ရင် ငါတက်မယ်"ဟု ကိုပုညကပြောလျှင် ရွှေဂေါင်းက . . .

"အာစရိ မတက်နဲ့ဗျာ၊ ကျုပ်တက်မယ်၊ ကျုပ်ခံရမှ အာစရိ တက်ပေတော့"ဟုဆိုကာ ရွှေဂေါင်းသည် အင်္ကျီကိုချွတ်လေ၏။ ရွှေဂေါင်း အင်္ကျီချွတ်နေသည့်အခါ၌ ကိုပုညက မတ်တပ်ရပ်၍ စင်ပေါ်မှလူသန်ကြီးအား အောက်ပါအတိုင်း ကြိမ်းဝါးလေ၏။





"ဟေ့ကောင်ကြီး၊ ဆန်ပေါလို့ဖြိုးနေတဲ့ ဖြိုးကြီး၊ မင်းရဲ့သေမင်းတို့ အခုလွှတ်လိုက်မယ်၊ ကူးတို့ခလုပ်ဖို့ ပိုက်ဆံတမတ် ငုံထားဦး"

ကိုပုည၏စကားကြောင့် ပရိသတ်သည် ဝေါကနဲ ရယ်မောကြလေ၏။ ရွှေဂေါင်းကိုလည်း လက်ခုပ်သြဘာ ပေးကြလေ၏။ ရွှေဂေါင်းသည် ဘောင်းဘီတိုအပေါ်၌ လုံချည်ကို ကြက်လျှာစွန်းခေါက်၍ ချည်လိုက်ပြီးလျှင် အောက်မှနေ၍ လက်ခမောင်းခတ်ပြလိုက်လေ၏။ ပရိတ်သတ်က ထပ်၍ သြဘာပေးပြန်၏။ လူသန်ကြီးက ရွှေဂေါင်းတို ငုံ့ကြည့်ပြီးလျှင် . . .

"ဆွေမျိုးတွေကို မှာခဲ့ရဲ့လား၊ ရေပါတစ်ခါတည်း ချိုးလာခဲ့၊ မသာဖြစ်ပြီးမှ ရေချိုးရရင် ခက်တယ်ကွ"ဟု ပြန်၍ ပြောလိုက်ရာ ပရိသတ်က သဘောကျ၍ သွားလေတော့၏။ ရွှေဂေါင်းသည် စင်ပေါ်သို့ရောက်ပြီးလျှင် လက်ခမောင်းကိုခတ်လေ၏။ လူသန်ကြီးလည်း လက်ခမောင်းကို ခတ်လေ၏။

"လက်ဝှေ့ကျွန်းဘိုဆိုတာ ကျုပ်ပဲ"ဟု ပြောလိုက်လေ၏။ ပရိသတ်က . . .

"ကျွန်းဘို . . . ကျွန်းဘို"ဟု အော်ဟစ်ကြလေ၏။

ထို့နောက် ရွှေဂေါင်းကိုလည်း . . .

"ဂံသား . . . ဂံသား၊ နာမည်ပြောပါ"ဟု အော်ဟစ်ကြကုန်၏။ (မြိတ်သား၊ ထားဝယ်သားများသည် မြန်မာများအား "ဂံသား" ဟု၍ ခေါ်ဝေါ်ကြလေ၏၊ ပုဂံသားဟူသော ဝေါဟာရမှ ဆင်းသက်လာပုံ ရလေသည်။)

ရွှေဂေါင်းက ပရိသတ်ဘက်သို့လှည့်ကာ . . .

"ကျွန်းဘိုကို ခန္ဓာပြောင်းပစ်မယ့် ရွှေဂေါင်းဆိုတာ ကျုပ်ပါပဲ၊


www.burmeseclassic.com

www.burmeseclassic.com



နေမစောင်းခင် မသာပို့ရအောင် ရွာစားရေ"ဟုဆိုကာ လက်ခမော
ခတ်လိုက်လျှင် ပရိသတ်ကလည်း ဩဘာပေးလေ၏။ ဆိုင်း
ကလည်း ဗိန်းဗောင်းတီးပေးလေ၏။ ထိုအချိန်၌ ဒိုင်နှစ်ဦးက ဩ
စကားများပြောပြီးလျှင် ရွှေဂေါင်းနှင့် ကျွန်းဘိုတို့အား စတင် ထိုးသ
စေလေတော့၏။ ပထမအချီတွင် ကျွန်းဘိုက ရွှေဂေါင်းအား ၄င်
ခွန်အားဗလကြီးနှင့် အတင်းလိုက်၍ ဖိလေ၏။ ရွှေဂေါင်းမှာ ရှော
ပြေးနေရလေ၏။ တစ်ချီပြီးသွားသည့်အခါ၌ ကျွန်းဘို
လူနှစ်ယောက်က ပြုစု၏။ ရွှေဂေါင်းကိုမူ ကိုပုညနှင့် စောစော
ရှုံးသွားသော အသားမည်းလက်ဝှေ့သမားခြောက်ဦးက လာ၍
ကြလေ၏။ ကိုပုညက ရွှေဂေါင်းအားပြုစုရင်း . . .

"နိုင်တာလောက်ကို မလိုချင်ဘူးကွ၊ ဒီကောင်ကြီးကို တစ်ခါတ
မှတ်လောက်သားလောက်အောင် လုပ်ပစ်ရမယ်၊ ငါ့အကြိုက်က
နောက်ကို မယှဉ်နဲ့ဆိုပြီး မျက်နှာကို ဖနောင့်နဲ့ပေါက်ပြီး လှဲပစ်ခဲ့
ချင်တယ်"ဟု မှာကြားလေ၏။

ဒုတိယအချီ၌လည်း ကျွန်းဘိုကပင် ရွှေဂေါင်းကို လိုက်ဖိလေ
တတိယအချီ မစမီ၌မူ ကိုပုညက . . .

"ဒီကောင်ကြီးက မင်းကို ဖမ်းချုပ်ချင်နေတယ်ကွ၊ အဖမ်
လိုက်ကွာ၊ အဖမ်းခံပြီးတော့မှ သူ့ရဲ့အရှိုက်နေရာလောက်ကို မင်
တတောင်နဲ့ မိအောင်တွတ်ပေတော့၊ တွတ်လို့မိရင် သူ့လက်
မင်းလွတ်ပြီ၊ လွတ်တဲ့အခါမှာ လက်ခုပ်တီးလိုက်၊ အဲဒီလို လက်
တီးလိုက်ရင် ဒီကောင်ကြီး ကြောင်သွားလိမ့်မယ်၊ အဲဒီလို အကြော
မှာ ခြေထောက်နဲ့ ဗိုက်ကိုလှမ်းကန်လိုက်၊ မင်းခြေထောက်ကို သူ
လှမ်းဆွဲလိမ့်မယ်၊ သူ့လက်နှစ်ဘက်ဟာ မင်းခြေထောက်ကို ကိုင်

ရလို့ မအားလပ်ပဲဖြစ်နေမယ်၊ အဲဒီအခါမှာ ကြောင်လိန်လှည့်ပြီး
ကျန်တဲ့ မင်းခြေထောက်နဲ့ သူ့မျက်နှာကို ဖနောင့်နဲ့ပေါက်ပေတော့"
ဟု ပြောလေ၏။

"ဒီလိုဆိုရင်လဲဗျာ ဘာကြောင့် ဒီကောင်ရဲ့အချုပ်ကို ခံရမှာတုန်း၊
သူ့ဗိုက်ကို လှမ်းကန်လိုက်ရင် ဒီအကွက်ကို ရနေမှပဲ"ဟု ရွှေဂေါင်းက
ပြောလေ၏။

"မဟုတ်ဘူးကွ၊ အရှိုက်ကို မိမထားရင် ဒီကောင်ကြီးကို မင်းက
လဲအောင် ကန်နိုင်မှာမဟုတ်ဘူး၊ အဲဒီလို ကန်နိုင်ဖို့က နံပါတ်(၁)
အရှိုက်ကို တတောင်နဲ့တွတ်ထားဖို့က အရေးအကြီးဆုံးကွ"

ရွှေဂေါင်းသည် ကိုပုည မှာလိုက်သည့်အတိုင်း ကျွန်းဘိုကြီးက
ဖမ်းချုပ်သည်ကို အချုပ်ခံလိုက်လေ၏။ အလွယ်တကူ အချုပ်ခံလိုက်
ပြီးနောက် ကျွန်းဘိုကြီး၏အရှိုက်ကို တတောင်ဖြင့် တအား ဆောင့်
တွတ်လိုက်လေ၏။ ထိုသို့ တွတ်လိုက်ရာ ကျွန်းဘိုကြီးသည် အတော်
တလေး နာ၍သွားလေ၏။ ရွှေဂေါင်းကလည်း ရုန်း၍ထွက်လေ၏။
ထွက်ပြီးလျှင် "ဖြောင်း ဖြောင်း"ဟု လက်ခုပ်တီးလိုက်လေ၏။
ကျွန်းဘိုကြီးသည် နာလည်းနာ ကြောင်လည်းကြောင်၍ သွားကာ
ရွှေဂေါင်းကို ကြည့်လိုက်လေ၏။ ထိုအချိန်၌ ရွှေဂေါင်းက ကျွန်းဘို
ကြီး၏ဗိုက်ဆီသို့ ခြေထောက်ဖြင့် လှမ်း၍ကန်လိုက်လေ၏။ ကျွန်းဘို
ကြီးက ရွှေဂေါင်း၏ခြေထောက်ကို လှမ်း၍ဆွဲလိုက်လေ၏။ ရွှေဂေါင်း
က ကျွန်းဘိုကြီး၏မျက်နှာကို စေ့စေ့ကြည့်လျက် . . .

"နောက်ကို ဒီလိုမကျယ်နဲ့"ဟု ဆိုကာ . . .

ကြောင်လိန်လှည့်၍ ကျွန်းဘိုကြီး၏မျက်နှာသို့ ဖနောင့်ဖြင့်
ထိစေလိုက်ရာ ကျွန်းဘိုကြီးသည် ယိုင်၍ လဲကျသွားလေတော့၏။





www.burmeseclassic.com

www.burmeseclassic.com

"ကျွန်းဘိုကြီး မြို့ကျသွားပါပြီ"ဟု ရွှေဂေါင်းက ကြွေးကြော်လိုက်လျှင် ပရိသတ်သည် ဆူညံအော်ဟစ်၍ ဩဘာပေးကြကုန်၏။ ကိုပုညလည်း ရွှေဂေါင်းဆီသို့ ရောက်လာလေ၏။

"ကွက်တိပဲကွာ"ဟု ကိုပုညက ပြောလေ၏။ အသားမည်းလက်ဝှေ့သမားများသည် လာရောက်၍ ရွှေဂေါင်းကို ပန်းဖြင့် ထမ်းကြလေ၏။ ဒိုင်လုပ်သူက ရွှေဂေါင်းအား ငွေတစ်ရာ ဆုချီးမြှင့်လေ၏။ အသားမည်းများက "မယူနဲ့ ...ကျုပ်တို့ပေးမယ်"ဟုဆိုကာ ဒိုင်လူကြီးထံမှ ဆွဲယူ၍ ငွေတစ်ရာကို ပရိသတ်များဘက်သို့ ကြဲဖြန့်လိုက်၏။ ပရိသတ်များကလည်း ငွေများကို လုကြလေ၏။ အသားမည်းများသည် ရွှေဂေါင်းအား ၎င်းတို့၏ရွက်လှေပေါ်သို့ တစ်ခါတည်း ခေါ်ဆောင်သွားကြလေတော့၏။

ရွက်လှေပေါ်သို့ရောက်လျှင် ရွှေဂေါင်းနှင့် ကိုပုညအား ဆိတ်သားကင်၊ ကြက်သားကင် စသော အမည်းများဖြင့် အရက်များ တိုက်ကျွေးကာ အသားမည်းလက်ဝှေ့သမားများက ညှော်ခံလေတော့၏။ ရွှေဂေါင်းနှင့် ကိုပုညတို့သည် ပျော်ရွှင်ဝမ်းမြောက်စွာ စားသောက်ကြလေ၏။ ထိုအချိန်၌ ရွက်လှေသမားတစ်ယောက်က . . .

"ကိုရွှေဂေါင်း ဧည့်သည်တစ်ယောက်က တွေ့ချင်လို့တဲ့ လွှတ်လိုက်ရမလား"ဟု မေးလေ၏။ ရွှေဂေါင်းက လွှတ်လိုက်ရန် ပြောလျှင် ကုလားတစ်ယောက် ရောက်လာလေ၏။

ထိုကုလားက ရွှေဂေါင်းအား အင်္ဂလိပ်ဘာသာဖြင့် . . .

"လက်ဝှေ့သမားကြီး ကိုရွှေဂေါင်း၊ ကျွန်တော့်ကို မမှတ်မိတော့ဘူးလား"ဟု မေးလေ၏။ ရွှေဂေါင်းက "မင်းဘယ်သူလဲ"ဟုပင် အင်္ဂလိပ်ဘာသာဖြင့် မေးလေ၏။





"ကျွန်တော် ထမင်းချက်ရောဘတ်လေ၊ ကျွန်တော် ခင်ဗျားတို့ဆီက ငွေ ၄၀/- လက်ခံပြီးပျောက်သွားတဲ့ ရောဘတ်လေ"ဟု ပြောလိုက်မှပင် မြနှင်းနွယ်နှင့် မိမိတို့၏မင်္ဂလာညဦး မော်လမြိုင်အိမ်တွင် ဘိုစာချက်ကျွေးခဲ့သော ရောဘတ်ဖြစ်ကြောင်း မှတ်မိလေ၏။

"အော် မှတ်မိပြီ မှတ်မိပြီ၊ ဒါပေမယ့် အခုမှာတော့ ငါတို့မှာ ထမင်းချက် မလိုတော့ဘူးကွ"ဟု ရွှေဂေါင်းက ပြောလေ၏။

"ကျွန်တော် နားလည်ပါတယ်၊ ကျွန်တော်လာတာ ဒီအတွက် မဟုတ်ပါဘူး၊ လက်ဝှေ့ပွဲကို ကျွန်တော်ရောက်တယ်၊ ခင်ဗျားကို အဲဒီမှာတွေ့တယ်၊ ခင်ဗျား နာမည် ပြောင်းထားတာကိုး"

"အေး ဟုတ်တယ်၊ မင်းသွားတော့"

"ကျွန်တော် မသွားနိုင်သေးဘူး၊ ခင်ဗျားအတွက် အရေးကြီးတဲ့ သတင်းတစ်ခု ပေးစရာရှိတယ်၊ လူတစ်ယောက် ခင်ဗျားအကြောင်းကို ပြောနေတာကြားရတယ်၊ အဲဒီလူဟာ ခင်ဗျားကို ဒုက္ခပေးခဲ့ဖူးတဲ့လူ ဖြစ်လိမ့်မယ်၊ သူပြောတဲ့စကားထဲမှာ ခင်ဗျားနာမည်လဲ ပါတယ်၊ ခင်ဗျားမိန်းမနာမည်လဲ ပါတယ်၊ ပြီးတော့ ဒီလူက ကြည့်ရတာ ကောက်ကျစ်ပုံရတယ်၊ ကျွန်တော့်အထင်ပြောရရင် ဒီလူဟာ အမှုတစ်ခု ကျူးလွန်ထားတယ်နဲ့တူတယ်"

"နေစမ်းပါဦး ဘယ်မှာလဲ ဒီလူက"ဟု ရွှေဂေါင်းက မေးလေ၏။

"သိမ်တော်ကြီးဘုရားနားက ဘိုတဲကြီးမှာပါ၊ ကျွန်တော်က အဲဒီမှာ ထမင်းချက်လေဗျာ၊ ခင်ဗျား အသာလိုက်ကြည့်ပါလား"

"အေး . . . လိုက်ကြည့်မယ်"ဟုဆိုကာ ရွှေဂေါင်းက နေရာမှ ထလျှင် ကိုပုညလည်း လိုက်၍ထလေ၏။ ထို့နောက် ရောဘတ်နှင့်အတူ လိုက်ပါသွားလေ၏။ လမ်းတစ်ဝက်သို့ရောက်လျှင် ကိုပုညက . . .



www.burmeseclassic.com

www.burmeseclassic.com

"မင်းဘာသာ ရောဘတ်နဲ့ လိုက်သွားပေတော့"ဟုဆိုကာ လမ်းခွဲ၍ သွားလေ၏။ ရွှေဂေါင်းလည်း ရောဘတ်နှင့် ဆက်၍ လိုက်ပါသွားခဲ့လေ၏။ များမကြာမီမှာပင် တောင်ကုန်းကလေးပေါ်မှ ဘိုတဲတစ်လုံး၏မီးဖိုချောင်သို့ ရောက်ရှိခဲ့လေ၏။ ထို့နောက် ရောဘတ်က ရွှေဂေါင်းအား ဘိုတဲအပေါ်ထပ်ဆီသို့ ခေါ်ဆောင်သွားလေ၏။ ဘိုတဲပေါ်သို့ရောက်လျှင် . . .

"ခင်ဗျား ဒီမှာစောင့်ဦး၊ ကျွန်တော် အရင်သွားကြည့်ဦးမယ်" ဟုဆိုကာ ရောဘတ်သည် ဧည့်ခန်းဘက်ဆီသို့ သွားလေ၏။ တအောင့်ကြာမျှ ကြာလျှင် ရောဘတ် ပြန်လာပြီး . . .

"ရှိတယ်ဗျို့၊ အရက်သောက်နေတယ်၊ ခြေသံမကြားအောင် ဟိုနားက သွားပြီးကြည့်ပေတော့"ဟု ဆိုလေ၏။ ရွှေဂေါင်းလည်း ရောဘတ်ပြောသည့်အတိုင်း ခြေကိုဖော့နင်း၍ အခန်းဆီသို့ သွားရောက်ကြည့်ရှုရာ မိမိတွေ့လို မြင်လိုလှသူသည် နောက်မှီကုလားထိုင်ကြီး၌ထိုင်ကာ အရက်ကို တစိမ့်စိမ့် သောက်နေလေ၏။ ၎င်း၏အနီး၌လည်း မိန်းမငယ်တစ်ဦးသည် ထိုလူအား ကြက်သားကြော်ဖတ်ကလေးများကို တူဖြင့်ညှပ်ကာ ထိုသူအား ခွံ့ကျွေးနေသည်ကို တွေ့ရလေ၏။ ထို့နောက် မိန်းမငယ်က . . .

"နုနု ရေသွားချိုးဦးမယ်"ဟုဆိုကာ ထွက်သွားလေ၏။ ထိုမိန်းမငယ်လည်း ဘိုတဲအောက်ထပ်ရှိ ရေချိုးခန်းဆီသို့ သွားလေ၏။

ရွှေဂေါင်းသည် ထိုသူ၏ရှေ့ဘက်ရှိ ကုလားထိုင်တွင် သွားရောက်ထိုင်လိုက်လေ၏။ ထိုသူလည်း ရွှေဂေါင်းကို မော့ကြည့်လိုက်ပြီးလျှင်...

"အော် . . . ပက်ထရစ်ပါလား"

"ဟုတ်တယ်၊ ခင်ဗျားရဲ့ သေမင်း ပက်ထရစ်ပဲ"



www.burmeseclassic.com


"ဟား . . . ဟား . . . ဟား"

"ငါ့မှာ ဘာအပြစ်ရှိလို့လဲ ပက်ထရစ်"

"ခင်ဗျားအပြစ်ကို ခင်ဗျားမသိဘူးလား ကိုမောင်မောင်ဦး၊ မြနှင်းနွယ်နဲ့ ကျုပ်နဲ့ကွဲအောင် ခင်မမနဲ့ပူးပေါင်းပြီး ကြံစည်ခဲ့တယ် မဟုတ်ဘူးလား"

"ဒါကတော့ကွာ၊ သူ့မယားလိုချင်ရင် သူ့လင် လှံနဲ့ထိုးဆိုတဲ့ စကားပုံ ရှိသားပဲမဟုတ်လား၊ မြနှင်းနွယ်ကို ငါကလိုချင်တော့ ဒီလို မလုပ်ရင် ဘယ်လိုလုပ်ရမလဲ ပက်ထရစ်ရ"

"အဲဒါကြောင့် ခင်ဗျားကို သတ်ဖို့လာခဲ့တာပဲ"

"ငါ့ကိုသတ်ဖို့လာတာကလဲ ဘာလက်နက်မှ မပါပါလားကွာ"ဟု ဆိုကာ မောင်မောင်ဦးက ခါးတွင်ချိတ်ဆွဲထားသော ၎င်း၏သေနတ်ကို ဆွဲထုတ်မည်အလုပ်၌ ရွှေဂေါင်းက မောင်မောင်ဦး၏အပေါ်သို့ ကျားတစ်ကောင်ကဲ့သို့ ခုန်၍အုပ်လိုက်လေ၏။ သေနတ်ကိုင်ထားသောလက်ကိုလည်း ရွှေဂေါင်းက တအားညှစ်လိုက်လေ၏။ အရှိုက်ကိုလည်း တတောင်ဖြင့် ကြိတ်လိုက်လေ၏။ မောင်မောင်ဦး၏လက်မှ သေနတ်လည်း လွတ်ကျသွားလေ၏။ ထိုအခါ၌ ရွှေဂေါင်းက သေနတ်ကိုကောက်ယူလိုက်လေ၏။ ထိုသို့ ကောက်ယူပြီးလျှင် . . .

"ထိုင်စမ်းပါ ကိုမောင်မောင်ဦး"ဟုဆိုကာ မောင်မောင်ဦးအား ထိုင်ခိုင်းပြီးလျှင် အောက်ပါအတိုင်း ပြောလေ၏။

"ခင်ဗျားရဲ့ ယုတ်မာမှုတွေ ဇာတ်သိမ်းဖို့ အချိန်ရောက်လာပြီ၊ ခင်မမဆိုတဲ့ကောင်မကိုလဲ သတ်ရဦးမယ်၊ နောက် ဖြစ်လေရာဘဝတိုင်းမှာ လူယုတ်မာမဖြစ်အောင် သရဏဂုံ တင်ပေးလိုက်ဦးမယ်၊ တဲ . . . ဆိုပေတော့"ဟုဆိုကာ ရွှေဂေါင်းက . . .



www.burmeseclassic.com

www.burmeseclassic.com

"ဗုဒ္ဓသရဏံ ဂစ္ဆာမိ" အစချီသော သရဏဂုံသုံးပါးထို မောင်မောင်ဦးအား အဆိုခိုင်းလေ၏။ ထိုသို့ ဆိုခိုင်းပြီးနောက် ပါး ဟစေ၍ သေနတ်ပြောင်းကို ငုံစေပြီးမှာ မောင်းဖြုတ်ချလိုက်လေ၏ ရွှေဂေါင်းလည်း ဘိုတဲဘေးဘက်လှေကားမှ ဆင်းခဲ့လေ၏။ ထို့နောက် လာလမ်းအတိုင်း ဘိုတဲဝင်းအပြင်ဘက်သို့ ထွက်လေ၏။ အပြင်ဘက် ၌ကား အတော်အတန် မှောင်ရီပျိုးနေပြီဖြစ်သဖြင့် ရွှေဂေါင်းအ ကံကောင်းပေသည်ဟု ဆိုရပေမည်။ ရွှေဂေါင်းသည် ခပ်သုတ်သုတ် လျှောက်၍ လာလေ၏။ မှောင်ရိပ်တစ်ခုသို့ရောက်လျှင် တစ်ဦး တစ်ယောက်က ၎င်းရှေ့မှ ရပ်လိုက်လေ၏။ ရွှေဂေါင်းလည်း ထိုသူ အား သေနတ်ဖြင့်ချိန်လိုက်ပြီဖြစ်သဖြင့် . . .

"ငါပါကွ ရွှေဂေါင်းရ၊ ဘိုတဲပေါ်မှာက မောင်မောင်ဦး မဟုတ် လား"ဟု ကိုပုညက မေးလေ၏။

"ဟုတ်တယ်ဗျ၊ ဒီကောင်မှ ဒီကောင်အစစ်ပဲ"ဟု ရွှေဂေါင်းက ပြန်၍ဖြေလေ၏။

"ဒါဖြင့်ရင် သတ်ခဲ့ရဲ့လား"

"သတ်ခဲ့ပါတယ်ဗျာ၊ သူ့သေနတ်နဲ့ပဲ သူ့ကို ပစ်သတ်ခဲ့တယ်"

"ဒီလိုဆိုရင်တော့ ဒီမှာ ကြာကြာနေလို့မဖြစ်ဘူး၊ ပင်လယ်ဓားပြ တွေနဲ့ လိုက်သွားပေတော့"ဟု ကိုပုညက ပြောလေ၏။

"ပင်လယ်ဓားပြတွေက ဘယ်မှာလဲဗျ"

"လက်ဝှေ့သမား လူမည်းတွေဟာ ပင်လယ်ဓားပြတွေပေါ့ကွ သူတို့လဲ မင်းလို ဝရမ်းပြေးတွေပါပဲ"

"ဒီလိုဆို နေရာကျတာပဲ၊ ဒီကောင်တွေကိုပြောပြီး သူတို့နဲ့ လိုက်သွားမှပဲ၊ သူတို့ကကော ခေါ်ပါ့မလားမသိဘူး"





"မင်းကိုခေါ်ဖို့ အဆင်သင့် စောင့်နေကြပါတယ်ကွာ၊ မင်းနဲ့ လမ်းခွဲပြီး ငါက သူတို့ရွက်လှေကြီးဆီကို တစ်ခေါက်ပြန်ရောက် သွားသေးတယ်ကွ၊ သူတို့က ငါ့ကို ဆီးမေးကြတယ်၊ ရွှေဂေါင်း ဘယ်မလဲ ဘယ်မလဲနဲ့ ဆီးမေးကြတယ်၊ ငါက လူတစ်ယောက်ကို သတ်ဖို့သွားတဲ့အကြောင်း၊ မကြာခင် ပြန်လာပြီး ကိုယ့်လူတို့နဲ့ ပင်လယ်ဓားပြ လုပ်မယ့်အကြောင်းပါ ပြောထားလို့ သူတို့လဲ တော်တော်ပျော်နေကြတယ်"

"တယ်ဟုတ်ပါလား အာစရိရယ်၊ ခင်ဗျား ဒီကောင်တွေကို ပင်လယ်ဓားပြမှန်း ဘယ်လိုလုပ်ပြီး သိသလဲ"

"သိတာပေါ့ကွာ၊ ဒီကောင်တွေ လက်ဝှေ့တက်ထိုးကတည်းက ပင်လယ်ဓားပြတွေမှန်း ရိပ်မိပါတယ်၊ သိတဲ့နည်းကို ပြောရရင်တော့ ရှည်နေမယ်ကွာ၊ သူတို့ လှေပေါ်ကိုရောက်သွားတော့ ငါ့အတွေးဟာ ပိုပြီးမှန်ကြောင်း တွေ့ရတယ်ကွ၊ ဒီကောင်တွေရဲ့ လှေကြီးဟာ ဘယ်လိုပစ္စည်းမျိုးမှ တင်ခဲ့တဲ့လက္ခဏာ မတွေ့ဘူးကွ၊ ကဲပါကွာ ဒါတွေ အရေးမကြီးပါဘူး၊ သွားကြရအောင်ပါ"ဟု ဆိုကာ ရွှေဂေါင်းနှင့် ကိုပုညတို့သည် ပင်လယ်ဓားပြ ရွက်လှေကြီးဆီသို့ သွားကြလေတော့၏။

များမကြာမီ အချိန်အတွင်း၌ပင် မြိတ်မြို့ဆိပ်ကမ်းမှ ရွက်လှေ ကြီးတစ်စင်းသည် ကမ်းမှခွာ၍ သွားလေတော့၏။

ရွက်လှေပေါ်၌ကား ပင်လယ်ဓားပြများနှင့် ရွှေဂေါင်းတို့သည် အရက်များသောက်၍ မြူးတူးအော်ဟစ်သွားကြလေ၏။

နံနက်မိုးလင်းသည့်အခါ၌ ကိုပုညက ရွှေဂေါင်းအား . . .

"ထားဝယ်ကျယင် ငါဆင်းမယ်ကွ" ဟု ပြောလိုက်လျှင် ရွှေဂေါင်းက ထိတ်ထိတ်ပျာပျာနှင့် . . .



www.burmeseclassic.com

www.burmeseclassic.com



"ခင်ဗျား ကျုပ်နဲ့မလိုက်ဘူးပေါ့"ဟု ပြန်၍မေးလိုက်လေ

"မလိုက်ဘူး၊ မင်းဟာမင်း စခန်းသွားပေတော့၊ ငါ လူသတ်
ဖြစ်လာတဲ့အခါမှပဲ ပြန်ဆုံမယ်၊ အခုတော့ လိမ်ပြီးစားဦးမယ်ကွ
ဓားပြ မလုပ်ချင်သေးဘူး"ဟု ပြောလေ၏။

"ကျုပ်ဗျာ ခင်ဗျားနဲ့ခွဲရမှာ သိပ်ပြီး ဝမ်းနည်းတာပဲဗျာ"
ရွှေဂေါင်းက ပြောလေ၏။

"မိန်းမနဲ့တောင် ခွဲနိုင်သေးတာကွာ၊ ငါနဲ့ခွဲဖို့က ဘာများ
သလဲ၊ လူ့ဘဝဆိုတာ ရေနွေးအိုးတည်သလိုပဲ၊ ရေဆူမှတ်ရောက်
အခါမှာ ရေဆူတာပဲကွ၊ အခုကြည့်စမ်း၊ မင်းဘဝဟာ ပင်လယ်
ဓားပြအမှတ်ကို ရောက်သွားပြီ၊ မင်းဟာ ပင်လယ်ဓားပြ ဖြစ်သွား
ငါက လူလိမ်အမှတ်မှာ ကျန်နေသေးတယ်၊ စက်သူဌေးသား
မောင်ဦးကတော့ သေတဲ့အမှတ်ကိုရောက်လို့ သေသွားပြီ၊ မြနှင်းနွယ်
လင်နဲ့ကွဲတဲ့အမှတ် ရောက်သွားပြီး လင်နဲ့ကွဲသွားပြီ၊ မင်းမောင်
မိန်းမရတဲ့အမှတ်ကို ရောက်လို့ မိန်းမရသွားပြီ၊ သဘောပေါ
စမ်းပါကွာ"ဟု ကိုပုညက ပြောလေ၏။

ထားဝယ်မြို့သို့ ပင်လယ်ဓားပြရွက်လှေကြီး ရောက်သည့်အခါ
ကိုပုညသည် အမှန်ပင် ရွှေဂေါင်းနှင့် ခွဲခွာ၍သွားလေတော့
ရွှေဂေါင်းမှာကား ထိုအချိန်မှစ၍ ကမ်းရိုးတန်းတလျှောက်
လည်းကောင်း၊ မြန်မာ့ပင်လယ်ပြင်တလျှောက်တွင်လည်းကော
အင်ဒိုနီးရှား၊ ဘော်နီယို၊ စုမတြာ၊ ဂျားဗားသို့တိုင်အောင် လှည့်လည်
ပင်လယ်ဓားပြကြီး လုပ်၍နေလေတော့သတည်း။

📖 📖 📖



## လူသတ်သမားသိန်းအောင်ကို သိပြီ

အထက်ပါအဖြစ်အပျက်များ ဖြစ်ပျက်နေသည့်အချိန်ကာလ အတွင်း၌ပင် မင်းမောင်၏နှမဖြစ်သူ မြရှင်ကိုလည်း ပုလိပ်ကဖမ်းမိ၍ ဂါတ်အတွင်း၌ အကျယ်ချုပ်ထား၍ မေးမြန်းစစ်ဆေးနေလေ၏။ တစ်နေ့သ၌ မြရှင်အား ပုလိပ်အရာရှိက ခေါ်ယူ၍ မေးမြန်းစစ်ဆေးပြန်၏။

"ဒီမှာ မြရှင်၊ ငါတို့ကလဲ နင်မသတ်ဘူးဆိုတာ ယုံကြည်ပါတယ်၊ ဒါပေမယ့် နင်က နင့်ရဲ့ယောကျ်ားဆိုတဲ့ကောင်ကို ဂယနဏ မပြောနိုင်တော့ ခက်နေတယ်၊ နင့်ယောကျ်ားသိန်းအောင်ရဲ့ ပုံပန်းသဏ္ဍာန်ကို သေသေချာချာ ပြောစမ်းပါဟယ်"ဟု ရာဇဝတ်အုပ်က ချော့၍ မေးလေ၏။

"ကျွန်မလဲ ပြောပြီးပြီပဲ ပုလိပ်ကြီးရယ်"ဟု မြရှင်က ပြောလေ၏။

"သူ့ကို မမိရင်တော့ နင့်ကို လွှတ်လို့မဖြစ်ဘူးဟဲ့"ဟု ရာဇဝတ်အုပ်က ပြောလေ၏။

မြရှင်သည် တရှုံ့ရှုံ့ငိုကြွေးလေတော့၏။ ထိုသို့ငိုကြွေးပြီးနောက်...

"ကျွန်မ သူ့ကိုယူရတာကလဲ ဇာတ်ခေါင်းကွဲသွားလို့ ကျွန်မမှာ သွားစရာမရှိ နေစရာမရှိ ဖြစ်နေတုန်းမှာ မိန်းမကြီးတစ်ယောက်က ကျွန်မကို ခေါ်ထားပါတယ်၊ ပြီးတော့ အဲဒီမိန်းမကြီး ကိုသိန်းအောင်နဲ့



www.burmeseclassic.com

www.burmeseclassic.com

လွှတ်ပေးလို့ သူ့ရဲ့မယားငယ် ဖြစ်ခဲ့ရတာပါရှင်၊ သူက ဘာလုပ်တယ်၊ ဘယ်မှာနေတယ်၊ သူ့မိဘတွေက ဘယ်သူဖြစ်တယ်ဆိုတာကိုတောင် ကျွန်မက သိရတာမဟုတ်ပါဘူး၊ ကျွန်မက မေးပြန်တော့လဲ သူက တစ်ခါမေးရင် တစ်မျိုးပြောနေတာပါပဲရှင်"ဟု ပြောလေ၏။

"ကောင်းပြီ၊ နင့်ကိုခေါ်ထားတဲ့ မိန်းမကြီးနာမည်က ဘယ်သူလဲ"

"ဒေါ်လှကြင်လို့ ခေါ်ပါတယ်"

"သူ့အိမ်မှာ သူက တစ်ယောက်တည်းလား"

"ဟုတ်ပါတယ် တစ်ယောက်တည်းပါ၊ ရပ်ကွက်ကလူတွေကလဲ သူ့ကို မိန်းမရှုပ်ကြီးဆိုပြီး ဘယ်သူကမှ အပေါင်းအသင်း မလုပ်ကြပါဘူး"

"အေး . . . ဟုတ်ပြီ၊ ဒေါ်လှကြင်မှာ သားသမီးမရှိဘူးလား"

"သားတစ်ယောက်ရှိတယ်လို့ ကြားဖူးပါတယ်၊ ကျွန်မ အဲဒီအိမ်ကိုမရောက်ခင် ဆယ့်ငါးရက်လောက်မှာ ခရီးထွက်သွားပါတယ်၊ တစ်ခါမှ ပြန်လာတာကိုတော့ မတွေ့ရဖူးပါဘူး"

"အေး . . . ဟုတ်ပြီ၊ သူ့သားနာမည်က ဘယ်သူတဲ့လဲကွယ်"

"ဖေကြိုင်လို့ ခေါ်ပါတယ်၊ အဲ . . . အဲ၊ ပြောရဦးမယ်၊ ကိုသိန်းအောင်နဲ့ ဒေါ်လှကြင်ဟာ အဲဒီ ဖေကြိုင်နဲ့ပတ်သက်ပြီး မကြာခဏ စကားများပါတယ်၊ ဖေကြိုင်က ကိုသိန်းအောင်လာတုန်းမှာ ပိုက်ဆံအိတ်ကို ခိုးသွားတယ်လို့ သိရပါတယ်"

"ဟုတ်ပြီ . . . ဟုတ်ပြီ၊ လူသတ်မှုဟာ ဖေကြိုင်နဲ့ပတ်သက်ပြီး သိန်းအောင်နဲ့အဘွားကြီး စကားများကြရာက စ,လိမ့်မယ်ထင်တယ်"ဟု ရာဇဝတ်အုပ်က ပြောလေ၏။

ထိုအချိန်၌ ပုလိပ်စာသင်တစ်ဦး ရောက်လာပြီးလျှင် ရာဇဝတ်အုပ်အား "ဆရာ . . . ဆရာ လူတစ်ယောက် ဆရာ့ဆီမှာ အရေးကြီးတဲ့သတင်း ပေးချင်လို့တဲ့ဆရာ"ဟု ပြောသဖြင့် ရာဇဝတ်အုပ်က "ခေါ်ခဲ့လေကွာ"ဟု ပြောလိုက်လေ၏။





ပုလိပ်စာသင်သည် အသက်နှစ်ဆယ်အရွယ် ညစ်တီးညစ်ပတ်နိုင်လှသော လူတစ်ယောက်ကို ခေါ်၍လာလေ၏။

"ဆိုစမ်းပါဦး"ဟု ရာဇဝတ်အုပ်က ပြောလိုက်လေ၏။

"ကျွန်တော် ဖေကြိုင်လို့ခေါ်တယ်"

"ဟေ . . . ဒေါ်လှကြင်ရဲ့သားပေါ့"

"ဟုတ်ပါတယ် ဆရာ"

"သူ့ကို သိသလား"ဟု မြရှင်ကို ညွှန်ပြ၍ မေးလိုက်လေ၏။

"စက်သူဌေးသား ကိုသိန်းအောင်ရဲ့မိန်းမပါ၊ ကျွန်တော့်အမေအိမ်မှာ နေပါတယ်၊ သူကတော့ ကျွန်တော့်ကို မသိပါဘူး"ဟု ဖေကြိုင်က ပြောလေ၏။

"အေး . . . ဟုတ်ပြီ၊ ပြောစမ်းပါဦး"

"ကျုပ်အမေက သူ့အတွက် မိန်းမရှာပေးတယ်လေ၊ ကျုပ်ကလဲ သူ့ရဲ့လက်ပါးစေတပည့်ပေါ့၊ တစ်နေ့တော့ ကျုပ်က သူ့ဆီမှာ ငွေအစိတ်တောင်းတယ်၊ သူက မပေးဘူး၊ ဒါနဲ့ ကျုပ်က ငွေတစ်ထောင်ကျော်ပါတဲ့ သူ့ရဲ့ပိုက်ဆံအိတ်ကိုခိုးပြီး ရှောင်နေတာပေါ့"

"ဒါတွေထားတော့၊ မင်းအမေကို သိန်းအောင်က သတ်တာဟုတ်သလား"

"သူပဲ သတ်မှာပေါ့ဗျာ"

"အေး . . . ကောင်းပြီ၊ သူဌေးသားသိန်းအောင်က မင်းအမေကိုသတ်တာတောင် မင်းက အခုမှပဲ ဂါတ်ကို လာရသလားကွ"ဟု ရာဇဝတ်အုပ်က ငေါက်လိုက်လေ၏။



www.burmeseclassic.com

www.burmeseclassic.com

"ဒီလိုပါ သိန်းအောင်ဆိုတဲ့ကောင်ကို ကျုပ်ကိုယ်တိုင် လက်စား ချေမလို့ပါ၊ ဒါပေမယ့် ဟောဒီမိန်းကလေးကို လူသတ်မှုနဲ့ ရုံးတင် တော့မယ်ကြားရလို့ ကျုပ်က လာခဲ့ရတာပါ ရာဇဝတ်အုပ်မင်း ခင်ဗျား"ဟု ဖေကြိုင်က ပြောလေ၏။

ထို့နောက် မြရှင်ကို အာမခံပေး၍ မြရှင်၏ယောက်ျား တော်ခဲ့ ဖူးသည်ဆိုသော သိန်းအောင်အား ပုလိပ်ဘက်က ဖေကြိုင်၏ အတူ အညီနှင့် စုံစမ်းလေ၏။ သို့ရာတွင် သုံးနှစ်နီးပါးတိုင်အောင် သိန်းအောင် အား ခြေရာခံမိခဲ့ခြင်း မရှိပေ။

📖 📖 📖

မင်းမောင်၏နှမအငယ် မြကျင်မှာလည်း ဗင်နကူလာ(၁၀)တန်း စာမေးပွဲအောင်မြင်သဖြင့် ဆရာဖြစ်သင်တန်းသို့တက်ရောက်ကာ ကျောင်းဆရာမအဖြစ်ဖြင့် မကွေးမြို့သို့ ပြောင်းရွှေ့သွားရလေ၏။

မြရှင်မှာမူ အဖမ်းခံနေရစဉ်က ၄င်းအား အစစအရာရာ အတူ အညီပေးခဲ့သော ပုလိပ်ကလေးမောင်သန်းဖေနှင့် လက်ထပ်လိုက်ရ ဖြစ်ရာ ပုလိပ်ကလေးမောင်သန်းဖေနှင့်အတူ ဟသ်ာတဂါတ်သို့ ပြောင်းရွှေ့ရာတွင် ပါသွားခဲ့ရလေတော့၏။

တစ်နေ့သ၌ မြိတ်မြို့ဘိုတဲပေါ်တွင် အသတ်ခံရသော စက်သူဌေး သား မောင်မောင်ဦး၏ အသတ်ခံရကြောင်းသတင်းကို သတင်းစာ၌ ပါ၍လာလေတော့၏။ မောင်မောင်ဦးသေဆုံးနေပုံ ဓာတ်ပုံနှင့်တကွ မောင်မောင်ဦး ဂျပန်သို့ အလည်အပတ်သွားခါနီးတွင် ရိုက်ကူး ခဲ့ဖူးသော ဥရောပဝတ်စုံနှင့်ဓာတ်ပုံတို့ကိုပါ သတင်းစာက ပြည့်ပြည့်





စုံစုံဖော်ပြ၍ ဂျပန်ပြည်သို့ မိမိစရိတ်ဖြင့်သွားရောက်၍ စက်ယက္ကန်း အတတ်နှင့် ချည်ဆိုးဆေးအတတ်များ လေ့လာခဲ့ဖူးသော မြန်မာ အမျိုးသားတစ်ဦး မြိတ်မြို့ဘိုတဲပေါ်၌ အသတ်ခံလိုက်ရပုံကို ဝမ်းနည်းပမ်းနည်း ဖွဲ့နွဲ့ရေးသားထားလေ၏။

"ဟသ်ာတဂါတ်ဝင်းအတွင်း ရောက်ရှိနေသော မြရှင်က ၄င်း၏ ယောက်ျားဖြစ်သူ မောင်သန်းဖေအား မောင်မောင်ဦး၏ပုံကိုပြ၍ "သူပဲ ကိုသန်းဖေ၊ ကိုသိန်းအောင်ဆိုတာ၊ အခု ဒီမှာပါတော့ စက်သူဌေးသား မောင်မောင်ဦး ဆိုပါလား"ဟု ပြောပြလျှင် မောင်သန်းဖေက. . .

"ဟုတ်လား မမြရှင်၊ ဒီလူက တရားခံပြေးပဲ၊ မော်လမြိုင်ဂါတ်ကို သွားပြီး ပြောပြရမယ်"ဟုဆိုကာ ဟသ်ာတဂါတ်မှလူကြီးများကို ခွင့်ပန်၍ မြရှင်အား မော်လမြိုင်ဂါတ်သို့ ခေါ်ခဲ့လေ၏။

မြရှင်တို့ မော်လမြိုင်ဂါတ်သို့ ရောက်သည့်အခါ၌ ဖေကြိုင်လည်း သတင်းစာတစ်စောင်ကို ကိုင်၍ ရောက်ရှိလာပြီးလျှင် သတင်းစာ၌ ပါသော မောင်မောင်ဦးဆိုသူမှာ မိမိတို့သိကျွမ်းသော သိန်းအောင် ဆိုသူဖြစ်ကြောင်း ထွက်ဆိုလေ၏။

ထိုအချိန်မှစ၍ မြရှင်အပေါ်သို့ အမှုပတ်ခဲ့သော ဒေါ်လှကြင် အသတ်ခံရမှုသည် လုံးဝ ပိတ်လိုက်ပြီးဖြစ်ပေ၏။

ပုလိပ်အဖွဲ့ကမူ စက်သူဌေးသား မောင်မောင်ဦးအား သတ်ဖြတ်သည့်တရားခံအား အပူတပြင်း စုံစမ်းလျက်ရှိလေတော့၏။

📖 📖 📖



www.burmeseclassic.com

www.burmeseclassic.com

## ဘိုကကောင်းသော မိန်းမရာကြီး

အင်းစိန်ကြို့ကုန်းဘက် ကားအသွားအလာရှင်းသော တစ်နေ့သ၌ မင်းမောင်သည် မစွမ်းမသန် ကလေးငယ်တစ်ဦးအား တွဲ၍ လမ်းလျှောက်လေ့ကျင့်ပေးရင်း လျှောက်၍လာလေ၏။

မစွမ်းမသန်ကလေးမှာ ကြိုးစား၍လျှောက်နေရရှာလေ၏။

"ကြိုးစားလိုက်ပါကွ မင်းနွယ်ကြီးရဲ့ ဟုတ်ပြီ . . . ဟုတ်ပြီး ဒါမှ ဖေ့သားကြီးကွ၊ ဟောဟို ဓာတ်မီးတိုင်ရောက်အောင် လျှောက်လိုက်ပါဦး၊ အဲဒီကိုရောက်ရင် အဖေကြီးချီမယ်ကွာ"ဟု မင်းမောင်က အားပေးလျှင် ကလေးသည် ကြိုးစား၍လျှောက်၏။ မကြာခဏလည်း လဲ၍လဲ၍ သွားလေ၏။ သို့ရာတွင် မင်းမောင်ညွှန်ပြထားသော နေရာသို့ရောက်သည်အထိ ကလေးက လျှောက်လေ၏။ ထိုနေရာသို့ အရောက်တွင် မင်းမောင်က ပွေ့ချီ၍ ဘိုအိမ်ကြီးဆီသို့ ပြန်၍ လာလေတော့၏။

ခြံဝတွင် မြနှင်းနွယ်သည် မင်းမောင်တို့ကို စောင့်မျှော်၍ နေလေ၏။

"ဟော . . . သားအဖ ပြန်လာကြပြီ၊ နွယ်ကဖြင့် မျှော်လိုက်ရတာ"ဟု မြနှင်းနွယ်က ပြောလေ၏။

"နွယ်ရေ . . . သားကြီးက တော်တော်ကလေး ဟုတ်လာပြီကွ၊ ဒီအတိုင်းဆိုရင် အကောင်းပကတိ ဖြစ်သွားမှာပါကွယ်"ဟု မင်းမောင်က အားပေးလေ၏။

**မရမ်းတလင်းစာပေတိုက်**

www.burmeseclassic.com

www.burmeseclassic.com

မြနှင်းနွယ်မှာလည်း မိမိ၏ရင်သွေးအား မင်းမောင်က ဖခင်ရင်းနှင့်မခြား ဂရုစိုက်သဖြင့် ဝမ်းမြောက်ဝမ်းသာ ဖြစ်ရလေ၏။

"ကဲ . . . ကဲ . . . ရေချိုးလိုက်ကြဦး၊ ပြီးရင် ထမင်းစားကြရအောင်"ဟု မြနှင်းနွယ်က ပြောလေ၏။

မင်းမောင်တို့လည်း ရေချိုးကြလေ၏။ ထိုသို့ ရေချိုးနေစဉ် မိန်းမရှာအသောင်း ရောက်လာပြီးလျှင် ရေချိုးခန်းအပြင်ဘက်မှနေ၍ . . .

"ဟဲ့ . . . မင်းမောင်၊ ရေမြန်မြန်ချိုးပြီး ပွဲရုံကိုသွားဖို့ လုပ်တော့လေ၊ နင်ဟာလေ ဘာကိုလုပ်လုပ် ဝီရိယကို မရှိဘူး"ဟု ပြောဆို ဆူပူလေ၏။

မင်းမောင်မှာလည်း ရေချိုးခန်းမှထွက်လာပြီးလျှင် ကပျာကယာ အဝတ်အစားလဲ၍ ပွဲရုံသို့သွားရန် ထွက်လာရာ အိမ်ရှေ့၌ မြနှင်းနွယ်နှင့် တွေ့လေ၏။

"ဘယ်လိုလဲ မောင်၊ ထမင်းမစားတော့ပဲ ပွဲရုံကို သွားတော့မလို့လား"ဟု မြနှင်းနွယ်က မေးလေ၏။

"အေး . . . ဟုတ်တယ် အနွယ်၊ မောင် ထမင်းမစားတော့ဘူး ပွဲရုံမှာ ကုန်တွေ ရောက်ချင်ရောက်နေမှာ"ဟု ပြန်၍ပြောပြီးလျှင် ပွဲရုံသို့ ထွက်ခဲ့လေ၏။ ပွဲရုံသို့ရောက်သည့်အခါကျမှပင် ပွဲရုံအနီးရှိ ထမင်းကြော်ဆိုင်မှ ထမင်းကြော်ကိုသာ ဝယ်ယူစားသောက်လေ၏။

များမကြာမီ၌ပင် နယ်မှပွဲစားများ ရောက်ရှိလာပြီးလျှင် မင်းမောင်အား အောက်ပါအတိုင်း ပြောဆိုကြလေ၏။

"ကိုမင်းမောင် ခင်ဗျားပို့လိုက်တဲ့ကုန်တွေ ကျုပ်တို့ဆီမှာ ဈေးမကိုက်လို့ ပုံနေပြီဗျ" ဟူ၍လည်းကောင်း၊ အချို့ကလည်း ဈေးမကိုက်၍ လျှော့ရောင်းလိုက်ရပြီဟု လည်းကောင်း စိတ်မကောင်းဖွယ်ရာ ပြောဆိုကြလေ၏။





မင်းမောင်ပို့သောကုန်များသာမဟုတ်၊ မင်းမောင်က မြတ်မည်အထင်နှင့် ဝယ်၍လှောင်ခဲ့သော ကုန်များသည်လည်း အရှုံးနှင့် ရင်ဆိုင်ရလေ၏။

ထို့ကြောင့် ပွဲရုံလုပ်ငန်းကို မြနှင်းနွယ်ကပါ ပါဝင်၍ကူညီလုပ်ကိုင်ရလေတော့၏။ မြနှင်းနွယ် ဝင်လာသည့်အခါ၌လည်း ပို၍ပင် အရှုံးနှင့် ရင်ဆိုင်ရလေ၏။

သို့ရာတွင် ငယ်စဉ်ကပင် ကုန်သည်ကြီးဖြစ်ခဲ့သော မြနှင်းနွယ်က . . .

"မကြောက်ပါနဲ့ မောင်ရယ်၊ ကုန်သည်ဆိုတာ ဒီလိုပေါ့ ရှုံးတဲ့အခါ ရှုံး၊ မြတ်တဲ့အခါ မြတ်ပေါ့"ဟုဆိုကာ လက်ဝတ်လက်စား စိန်ထည် ပတ္တမြားထည်များကို ရောင်းချ၍ လုပ်ပြန်လေ၏။ သို့ရာတွင် လှုပ်လေမြုပ်လေဟူသော စကားအတိုင်း အရှုံးများ ပေါ်နေ၏။

ထို့ကြောင့် မြနှင်းနွယ်က ပွဲရုံကို ရောင်းပစ်လိုက်ပြီးလျှင် ရောင်းရသောငွေနှင့် ခြေစောင့်လက်စောင့်အဖြစ် ထားရှိသောငွေ အနည်းငယ်ကိုပါ မင်းမောင်လက်သို့အပ်၍ ရေး၊ မြိတ်၊ ထားဝယ်ဘက်သို့လွှတ်ကာ ကုန်ကူး၍ခိုင်းပြန်၏။ ထိုသို့ ကုန်ကူး၍ခိုင်းရာတွင် မိန်းမရှာအသောင်းက . . .

"ဒီကောင် လုပ်ပုံကိုင်ပုံ ဟန်မကျပါဘူး၊ ငါပါလိုက်မှ ဖြစ်မှာပါ" ဟု ဇွတ်ပြော၍နေသဖြင့် မင်းမောင်က လိုက်ချင်လိုက်ခဲ့ဟုဆိုကာ ခေါ်၍သွားလေ၏။

မိန်းမရှာအသောင်းက ပိုက်ဆံထည့်ထားသော လွယ်အိတ်ကို ချိုင်း၌ညှပ်၍ လိုက်ပါခဲ့လေ၏။

မင်းမောင်တို့လိုက်ပါခဲ့သော စက်လှေကြီးသည် ထားဝယ်သို့ ရောက်ခါနီး၌ ကျွန်းတစ်ကျွန်းကို ကွယ်၍နေသော ရွက်လှေကြီး


www.burmeseclassic.com

www.burmeseclassic.com



တစ်စီးသည် ရုတ်တရက် ပေါ်ထွက်လာလေ၏။ ထိုရွက်လှေကြီးသည် မင်းမောင်တို့၏လှေကို မီသည့်အခါ၌ လှေချင်းယှဉ်၍ရပ်ပြီးလျှ ပင်လယ်ဓားပြများ တက်၍လာလေ၏။ ထို့နောက် ပင်လယ်ဓားပြဗိုလ် သည် မျက်နှာကို အနက်ရောင်ပဝါတစ်ခုဖြင့် စည်း၍ထားလေသည်

ဓားပြဗိုလ်သည် မင်းမောင်တို့၏လှေပေါ်သို့ တက်၍လာပြီးလျှ ကုလားရာဇဝတ်အုပ်တစ်ယောက်နှင့် မြန်မာပုလိပ်သားတစ်ဦး တွေ့လျှင် ကုလားရာဇဝတ်အုပ်အား အင်္ဂလိပ်စကားဖြင့် ခြောက်လှ ပြူးကို တောင်းယူလေ၏။ ကုလားရာဇဝတ်အုပ်က မပေးသ ငြင်းဆန်လေ၏။ ဓားပြဗိုလ်က အင်္ဂလိပ်ဘာသာဖြင့်ပင် . . .

"ဟော့ကောင် မင်းမှာ သေနတ်ပါရဲ့သားနဲ့ အခုလို ဓားပြတို့ တာကို ဘာဖြစ်လို့ မခုခံသလဲ၊ ခရီးသည်တွေဘက်က ခုခံပေ မင်းမှာ တာဝန်ရှိတယ်မဟုတ်လား"ဟုမေးကာ ၎င်း၏သေနတ် ဆွဲယူပြီးနောက် ခရီးသည်များဘက်သို့လှည့်ကာ မြန်မာဘာသာဖြင့်

"ချစ်လှစွာသော ခရီးသည်များခင်ဗျား၊ ဟောဒီမှာ ရာဇဝတ်အု တစ်ယောက် ပါလာပါတယ်၊ သူ့မှာ သေနတ်လဲ ပါပါတယ်၊ သူ တကယ်တော့ ကျုပ်တို့လို ဓားပြတွေနဲ့တွေ့တဲ့အခါမှာ မိတ် တို့ကို အကာအကွယ်ပေးရမှာဖြစ်ပါတယ်၊ အခုတော့ သူက ဒီ ထဲမှာလာပြီး ဝပ်နေတယ်၊ သူဟာ တာဝန်ကျေပြွန်မှုမရှိပါ ဒါကြောင့် သူ့ကို အပြစ်ပေးလိုက်ပါပြီ"ဟုဆိုကာ သေနတ် နားထင်ကိုပစ်၍ ပင်လယ်တွင်းသို့ ကန်ချလိုက်လေတော့၏။

ခရီးသည်များလည်း ဓားပြဗိုလ်၏အပြုအမူကိုကြည့်၍ 'တယ် ရက်စက်ပါလား'ဟု ပြောဆို၍ ထိတ်လန့်ကြကုန်၏။

ထိုစဉ် ကလေးငိုသံကြားသဖြင့် ဓားပြဗိုလ်က ကြည့်လိုက် ဓားပြတစ်ဦးသည် (၆)နှစ်အရွယ် ကလေးတစ်ဦး၏ နားဆွဲ ဖြုတ်နေကြောင်း တွေ့ရသဖြင့် ၎င်းဓားပြအနီးသို့ သွားပြီးလျှင် . . .



"ခွေးမျိုး ကလေးပစ္စည်းကို မလုပ်ပါနဲ့လို့ မင်းတို့ကို မှာထား တယ်မဟုတ်လား"ဟုဆိုကာ ဓားပြအား သေနတ်ဖြင့် ပစ်သတ်၍ ရေထဲသို့ ပစ်ချလိုက်လေ၏။

ခရီးသည်များလည်း ထိတ်ထိတ်ပျာပျာဖြင့် ၎င်းတို့၏ လက်ဝတ် လက်စားများနှင့် ငွေများကိုထုတ်၍ ၎င်းတို့ရှေ့တွင်ချ၍ ပုံထား သည်ဖြစ်ရာ ပင်လယ်ဓားပြများသည် အလွယ်တကူ တောင်းများ ဖြင့် ကောက်၍ထည့်ရလေတော့၏။

မိန်းမရှာအသောင်းလည်း ဓားပြဗိုလ်က ကလေးများ၏ပစ္စည်း ကို မယူဟုဆိုသဖြင့် ၎င်း၏ငွေထုတ်ကို အနီးရှိကလေးငယ်တစ်ဦး၏ ရင်ခွင်တွင်းသို့ထည့်လိုက်လေ၏။ သို့ရာတွင် ကလေးမအေက . . .

"ရှင် ဒါဘာလုပ်တာလဲ၊ ရှင့်အထုပ် ရှင်ပြန်ယူပါ"ဟု ပြောလေ၏။ မိန်းမရှာအသောင်းက ပြန်၍မယူသဖြင့် ကလေးမအေက . . .

"ဟောဒီမှာရှင့် သူ့ရဲ့ငွေထုပ်ကို ကျွန်မရဲ့ကလေးဆီမှာ လာပြီး ထားနေပါတယ်၊ ယူလှည့်ကြပါ"ဟု အော်ဟစ်လေ၏။ ဓားပြဗိုလ် သည် အခြားသောဓားပြနှစ်ဦးနှင့်အတူ ရောက်ရှိလာပြီးလျှင် ကလေးထံမှငွေထုပ်ကို ယူလိုက်လေ၏။ ထိုအခါ မိန်းမရှာ အသောင်းက. . .

"မလုပ်ပါနဲ့ ဓားပြကြီးရယ်၊ အဲဒါလေးကုန်သွားရင် ကျွန်မတို့ ပါပြီ၊ ခွေးဖြစ်ပါပြီ"ဟု ငိုယိုတောင်းပန်လေ၏။ ထို့ကြောင့် ဓားပြ ဗိုလ်ကြီးက မိန်းမရှာအသောင်းအား ငုံ့၍ကြည့်လိုက်လေ၏။

ဓားပြဗိုလ်သည် မိန်းမရှာအသောင်းကိုမြင်လျှင် မျက်လုံးပြူး၍ သွားလေ၏။ ထို့နောက် အသောင်း၏အနီးတွင် စိတ်ပျက်လက်ပျက် ဖြင့် ထိုင်၍နေသော မင်းမောင်ကိုပါ တွေ့ရပြန်သဖြင့် ဓားပြဗိုလ် သည် ဟက်ဟက်ပက်ပက် ရယ်မောလိုက်မိလေ၏။ ထို့နောက် ဓားပြနှစ်ဦးအား ကုလားစကားဖြင့် . . .



www.burmeseclassic.com

www.burmeseclassic.com

"ဒီမိန်းမကြီးကို နည်းနည်းပါးပါး ကခိုင်းပြီး သူ့ပိုက်ဆံ ပြန်
လိုက်ပါကွာ"ဟုပြော လျှင် ဓားပြနှစ်ယောက်သည် မိန်းမရှာအသော
အား ထခိုင်းပြီးလျှင် . . .

"ကပြစမ်း . . . မကရင် သတ်ပစ်မယ်၊ ကပြရင် ဟောဒီပိုက်
တွေ ပြန်ပေးမယ်"ဟုဆိုကာ လက်ခုပ်တီး၍ ပေးလေ၏။ မိန်း
အသောင်းမှာလည်း . . .

"ဒုက္ခပါပဲတော်"ဟု ညည်းညူကာ ကြောက်ကြောက်နှင့် က
လေတော့၏။ ဓားပြနှစ်ယောက်က လက်ခုပ်တီး၍ ပေးလေ
ဓားပြဗိုလ်က သူ၏ဓားပြများအား မိန်းမရှာကြီးကို သီချင်းဆို
စေခိုင်းပြန်၏။ ဓားပြများက သူတို့၏ဓားကြီးများဖြင့်ရွယ်ကာ

"သီချင်းဆိုပြီး ကပါ"ဟု ပြောသဖြင့် မိန်းမရှာအသောင်းသည်

"ကြောက်အားရယ် ပိုပါသရှင် . . . ကြောက်အားရယ်
သရှင် . . . အို . . . လင် . . . လင် . . . လင် . . . ရိုက်တော်မူ
ဟူသောသီချင်းကို သီဆို၍ က,ရပြန်လေ၏။

ဓားပြတိုက်ခံရသော ခရီးသည်များမှာလည်း ငိုအားထက်
အားသန် ဆိုသကဲ့သို့ ရှိလေ၏။ မိန်းမရှာကြီးကိုကြည့်၍ ရယ်
ကြလေ၏။

ဓားပြဗိုလ်သည် ခြောက်လုံးပြူးကို ခါးကြားမှထုတ်၍ မင်းမေ
၏နား‌ထင်သို့ ထောက်လိုက်လေ၏။ မင်းမောင်က မလှုပ်မ
ငြိမ်၍နေရလေ၏။ ထို့နောက် သေနတ်ကို မိုးပေါ်သို့ထော
ဒိုင်းကနဲ ပစ်ဖောက်လိုက်လေ၏။ မိန်းမရှာကြီးကိုလည်း ငွေထု
ပြန်၍ပေးပြီးလျှင် ဓားပြတို့သည် ၎င်းတို့၏ရွက်လှေကြီးပေါ်
ပျော်ရွှင်မြူးတူးစွာ တက်၍သွားကြလေတော့၏။

ဓားပြများ ထွက်၍သွားလျှင် လူတစ်ယောက် မိန်းမရှာအသော
အား . . .





"ခင်ဗျား အကကောင်းတဲ့အတွက် ငွေတွေ ပြန်ပေးသွားတယ်၊
ငွေက ဘယ်လောက်ပါသလဲ"ဟု မေးလေ၏။

"သုံးထောင် တော်ရေ . . . သုံးထောင်၊ ဒါကြောင့် ကျုပ်မှာ
,ရတာ" ဟု မိန်းမရှာအသောင်းက ပြောလေ၏။

"ဟဲ . . . ဟဲ . . . သီချင်းကလေးတစ်ပိုဒ် ဆိုပြီးကပြရတာနဲ့
ငွေသုံးထောင် ရတယ်ဆိုတာ မြန်မာပြည်မှာ ဘယ်မင်းသမီးမှ မရှိ
သးဘူး၊ မယ်အောင်ဗလလို ယောကျ်ားမင်းသမီး လုပ်ပါလား"ဟု
ပြောလျှင် ခရီးသည်များက ဝါးကနဲ ရယ်မောကြလေ၏။

ထားဝယ်သို့ရောက်လျှင် ဓားပြတိုက်ခံရသော လှေပေါ်မှ ခရီး
သည်များအား ပုလိပ်များက ခေါ်ယူစစ်ဆေး မေးမြန်းလေ၏၊
သီချင်းဆို၍ ကပြသဖြင့် ငွေများ ပြန်ပေးခြင်းခံရသော မိန်းမရှာ
အသောင်းကိုလည်း ပုလိပ်များက ခေါ်ယူ၍ စစ်ချက်ရေးမှတ်ကြလေ၏။

ထို့နောက် မိန်းမရှာအသောင်းနှင့် မင်းမောင်တို့သည် ကုန်များ
ယ်ယူ၍ ရန်ကုန်သို့ ပြန်ခဲ့ကြရလေ၏။ ရန်ကုန်သို့ရောက်လျှင်
နှင်းနွယ်က . . .

"မောင်တို့လှေ ဓားပြတိုက်ခံရတယ်ဆို"ဟု စိုးရိမ်ကြီးစွာ
းမြန်းလေ၏။

"ဟုတ်ပါတယ် အနွယ်၊ ဒါပေမယ့် မောင်တို့ငွေ ပါမသွားပါဘူး၊
းပြတွေက ပြန်ပေးခဲ့ပါတယ်"ဟု မင်းမောင်က ပြောလျှင် . . .

"မောင်က သိပ်ပြီး ကံကောင်းတာပဲ"ဟု မြနှင်းနွယ်ကပြောရာ
န်းမရှာအသောင်းက . . .

"အောင်မာ . . . ညည်းမောင် ကံကောင်းလို့မဟုတ်ဘူးတော်ရေ့၊
ျုပ် အကကောင်းလို့ ပြန်ရခဲ့တာ၊ ကျုပ်မှာ ဓားပြဗိုလ်က အက
င်းလို့ ကလိုက်ရတာ မပြောနဲ့တော့၊ အဲဒီတော့မှ ငွေထုပ်ကိုပြန်ပေး
ာ"ဟု ပြောလျှင် မြနှင်းနွယ်က . . .


www.burmeseclassic.com

www.burmeseclassic.com

"ဘယ်လို ဓားပြဗိုလ်ပါလိမ့် မောင်ရယ်"ဟု ပြောလေ၏။

"အောင်မယ်လေး . . . ဓားပြဗိုလ်က မောင့်ရဲ့နားထင်[illegible] သေနတ်နဲ့ထောက်ပြီး ပစ်မယ်လုပ်သေးတယ်၊ ပြီးတော့မှ မိုးပေါ်[illegible] ထောင်ပြီး ပစ်သွားတာ နွယ်ရေ"ဟု မင်းမောင်ကပြောလျှင် မြနွ[illegible] နွယ်က . . .

"ဒုက္ခပါပဲ၊ မောင့်ကို လွှတ်လိုက်ရတာလဲ စိတ်ပူစရာပါလား"[illegible] ပြောလေ၏။

"အော် . . . ညည်းက ညည်းလင်အတွက်တော့ စိတ်ပူတတ်တ[illegible] ကျုပ်ကိုတော့ မပူဘူးပေါ့လေ"ဟု မိန်းမရှာအသောင်းက ပြောလေ[illegible]

"အသောင်းအတွက်လဲ ပူပါတယ် အသောင်းရယ်"ဟု မြနှင်းနွ[illegible] ကပြောလျှင် မိန်းမရှာအသောင်းသည် မဲ့ရွဲ့၍ မေးငေါ်ကာ အခ[illegible] တွင်းသို့ ဝင်သွားလေတော့သတည်း။

□ □ □



## တက်ပုံရခြင်း

ရွှေဂေါင်းသည် ပင်လယ်ဓားပြကြီး ဇွန်းဒတ် မရှိတော့သည့် နောက်ပိုင်း၌ ၎င်းကဲ့သို့ပင် ထိုဗိုလ်ကြီး၏နေရာကိုယူ၍ ခိုးဆိုး တိုက်ခိုက်နေလေ၏။ တစ်နေ့သ၌ လေပြင်းမုန်တိုင်း တိုက်ခိုက်မည့် အရိပ်လက္ခဏာများကို မြင်သဖြင့် ဘုရင်အမည်ရှိသော ကျွန်း တစ်ကျွန်းသို့ကပ်၍ မုန်တိုင်းဒဏ်ကို ကာကွယ်ရန်အတွက် ခိုအောင်း ခဲ့လေသည်။

အစိုးရဘက်မှလည်း ရွှေဂေါင်းတို့အဖွဲ့ကို ထိုကျွန်း၌ ခိုအောင်း လိမ့်မည်ဟု ကြိုတင်တွက်ဆထားသည့်အလျောက် ဂေါ်ရာပုလိပ် တပ်တစ်တပ်ကို ထိုကျွန်းသို့ကြိုတင်၍ ပို့ထားကာ တပ်ဖျောက်၍ နေစေခဲ့လေသည်။

ရွှေဂေါင်းတို့သည် ထောင်ချောက်အတွင်းသို့ ဝင်မိကြလေတော့ ၏။ ရွက်လှေကြီးကို ကျွန်း၌ကပ်ကာ ရွက်များဖြုတ်၍ အဝေးမှ မမြင်နိုင်စေရန်အတွက် သစ်ရွက်သစ်ခက်များ အုပ်မိုးပေးထားကြ ပြီးလျှင် ကျွန်းပေါ်၌ ယာယီရွက်ဖျင်တဲများထိုးကာ နေကြလေ၏။

ထိုအချိန်၌ ဂေါ်ရာပုလိပ်များက အကာအကွယ်များယူ၍ ရွှေဂေါင်းတို့အား စတင်ပစ်ခတ်လေတော့၏။ ရွှေဂေါင်းတို့အဖွဲ့ သည် ခေါင်းမထောင်နိုင်အောင် ရှိလေတော့၏။

"ဘယ်လိုလုပ်ကြမလဲ ဆရာ"ဟု လက်ထောက် ဓားပြဗိုလ်က ရွှေဂေါင်းအား အကြံဉာဏ်တောင်းလေ၏။


www.burmeseclassic.com

www.burmeseclassic.com

"မြင်တဲ့အတိုင်းပဲလေ၊ ဘယ်လိုမှ မလုပ်တတ်အောင် ဖြစ်နေပြီကွ၊ လှေကြီးဆီကိုဆင်းလို့လဲ အပိုပဲ၊ တို့လူတွေကို အထိအခိုက်မရှိအောင် ပုန်းနေကြဖို့ပဲ အမိန့်ပေးထားပေါ့ကွာ" ဟုပြောရာ လက်ထောက်ဓားပြဗိုလ်က အောက်လက်ငယ်သားများအား ပုန်းအောင်းနေရန်သာ အမိန့်ပေးရလေတော့၏။

ဂေါ်ရာပုလိပ်များဘက်ကလည်း သေနတ်ဖြင့် တရစပ် ပစ်ခတ်ရုံမျှမက အောက်ပါအတိုင်း အော်ဟစ်၍ပြောသေး၏။

"ဟေ့ကောင်တွေ မင်းတို့ရဲ့ဗိုလ်ကိုဖမ်းပေးရင် မင်းတို့အသက်ကိုချမ်းသာခွင့်ပေးမယ်၊ မင်းတို့ဗိုလ်ကိုဖမ်းပြီး သစ်ပင်မှာ ချည်ထားခဲ့ပြီးရင် မင်းတို့လှေကြီး ယူပြီးသွားနိုင်တယ်၊ ငါတို့ မပစ်ဘူး"

ငယ်သားများသည် ယောက်ယက်ခတ်၍ နေကြလေ၏။

"ဒါ သက်သက်ရန်တိုက်ပေးတာပဲ ဆရာ"ဟု လက်ထောက်ဓားပြဗိုလ်က ရွှေဂေါင်းကို ပြောလေ၏။

ရွှေဂေါင်းသည် စီးကရက်တစ်လိပ်ကို မီးညှိလိုက်ပြီး ဖွာ၍ အကြံထုတ်လေ၏။ ထိုသို့ အကြံထုတ်ပြီးနောက် . . .

"ဒီကောင်တွေပြောတာ ယုံဖို့တော့မရှိဘူးကွ၊ ငါ့လူတွေကို မဖမ်းဘူးဆိုပေမယ်လို့ မုန်တိုင်းကျလာရင် သေကုန်ကြမှာပဲဥစ္စာ၊ ဘာထူးမှာလဲကွာ၊ ပြီးတော့ ဒီနားကကျွန်းတွေမှာလဲ သူတို့လူတွေ ရှိနေကြမှာပဲ"ဟု ပြောလေ၏။

"အဲဒီတော့ ဆရာက ဘယ်လိုလုပ်ချင်သလဲ"

"ငါက အဖမ်းခံမယ်ကွာ၊ မင်းတို့က ရွက်လှေနဲ့ ကမ်းကခွာခွင့်ရရင် ခွာသွားကြ၊ ပြီးတော့မှ အသက်ကယ်လှေနှစ်စီး ပါတယ်မဟုတ်လား၊ အဲဒီလှေကလေးနှစ်စီးနဲ့ ညဘက်မှာ ကျွန်းကို ထိတ်တဆိတ်ပြန်ပြီး ကပ်လာကြ၊ အဲဒီလိုကပ်ပြီး မုန်တိုင်းကျလာရင် ဒီကောင်တွေဟာ ပင်လယ်ပြင်ရဲ့ ဗဟုသုတမရှိတဲ့အတွက် တုန်လှုပ်





နေကြမှာ အမှန်ပဲကွ၊ ဒီကောင်တွေ ငါ့ကိုရွေးပြီး လိုချင်တာကတော့ လူသတ်မှုအတွက် ဖြစ်လိမ့်မယ် ထင်တယ်"ဟု ရွှေဂေါင်းက ပြောနေစဉ်မှာပင် ဂေါ်ရာပုလိပ်များဘက်မှ သေနတ်များဖြင့် ပတ်ခတ်ကြပြန်၏။

"ဟေ့ကောင်တွေ မင်းတို့ရဲ့ဗိုလ်ကိုအပ်ရင် မင်းတို့အားလုံးကို လွှတ်ပေးမယ်"ဟုလည်း ထပ်မံ ကြွေးကြော်ပြန်၏။

"ကဲ . . . လုပ်ကွာ၊ ဟိုကြိုးနဲ့ ငါ့ကို တုပ်ပေတော့"ဟု ရွှေဂေါင်းက အမိန့်ပေးလျှင် လက်ထောက်ဗိုလ်က ကြိုးဖြင့်တုပ်ရလေ၏။

"တို့လူတွေ ကမ်းကခွာဖို့ အဆင်သင့်ဖြစ်မှာ ငါ့ကို အပ်ခဲ့ပေတော့"ဟု ရွှေဂေါင်းက မှာလေ၏။

"ဆရာ၊ ကျွန်တော်တို့ ပြန်ပြီးကယ်ဖို့ အခွင့်မသာရင်"

"အခွင့်မသာရင် ငါက မသာဖြစ်ရုံပေါ့ကွာ၊ လုပ်စမ်း၊ သေတစ်နေ့ မွေးတစ်နေ့ပါကွာ"ဟု ရွှေဂေါင်းက ပြောလေ၏။ ကြိုးဖြင့်တုပ်ပြီးသည့်အခါ၌ ရွှေဂေါင်းကပင် သူ၏လက်ထောက်အား . . .

"ကဲ . . . ဟေ့ကောင်၊ အော်ပြီး အကြောင်းကြားပေတော့"ဟု ပြောလိုက်လေ၏။ လက်ထောက်ဓားပြဗိုလ်က ဂေါ်ရာပုလိပ်များအား . . .

"ဟေ့ကောင်တွေ ငါတို့ဗိုလ်ကို ဟောဒီမှာ ဖမ်းထားပြီးပြီ၊ ငါတို့ကို လှေပေါ်တက်ခွင့်ပေးရန် တို့ဗိုလ်ကို အပ်မယ်"ဟု အော်ဟစ်ကာ လက်ပြန်ကြိုးတုပ်ထားသော ရွှေဂေါင်းကို ပြလေ၏။

"အေး . . . မင်းတို့ကို မင်းတို့လှေကြီးပေါ် တက်ခွင့်ပေးမယ်၊ တက်ကြ"ဟု ဂေါ်ရာပုလိပ်ဘက်မှ ပြန်၍ အော်ပြောလေ၏။

လက်ထောက်ဓားပြဗိုလ်က သူ၏လူများကို လှေကြီးပေါ်သို့ တက်ရန် အချက်ပြလိုက်လေ၏။ ဓားပြများလည်း ၎င်းတို့ဝှက်ထားသော ရွက်လှေကြီးပေါ်သို့တက်၍ ရွက်များ ပြင်ဆင်ကြလေ၏။



www.burmeseclassic.com

"ကဲ . . . ဟောကောင် မင်းသွားပေတော့"ဟု ရွှေဂေါင်းက ပြောလိုက်ရာ လက်ထောက်ဓားပြဗိုလ်က . . .

"ကျွန်တော် စိတ်မကောင်းပါဘူး ဆရာ"ဟု ပြောလေ၏။

"မင်းတို့အတွက် အသက်စွန့်ဖို့ ငါ့မှာ တာဝန်ရှိပါတယ်ကွ၊ ဘာကြောင့်လဲဆိုတော့ ငါက ခေါင်းဆောင်ဖြစ်နေတာကိုးကွ၊ ကဲ . . . သွားပေတော့"ဟု ရွှေဂေါင်းက အမိန့်ပေးလိုက်လျှင် လက်ထောက်ဓားပြဗိုလ်သည် လှေကြီးရှိရာသို့ ပြေးလေတော့၏။

"ဟောကောင် . . . ထွက်ခဲ့"ဟု ဂေါ်ရာပုလိပ်ဘက်မှ အော်ဟစ်လျှင် ရွှေဂေါင်းသည် ပုန်းအောင်းနေရာမှ လက်ပြန်ကြိုးချည်လျက် ထွက်ခဲ့လေ၏။

ရွှေဂေါင်းအား ဂေါ်ရာပုလိပ်များက ဖမ်းဆီး၍ ရိုက်နှက် ကန်ကြောက်ကြလေတော့၏။

တစ်ယောက်သော အရပ်ဝတ် အရပ်စားဖြင့် ပုလိပ်တစ်ဦး (စုံထောက်တစ်ဦး)က ရွှေဂေါင်းအား . . .

"ကိုယ့်လူဟာ မြိတ်ကဘိုတဲပေါ်မှာ မောင်မောင်ဦးကို သတ်ခဲ့တယ်မဟုတ်လား၊ အဲဒီတစ်ချက် ဝန်ခံရင် ကိုယ့်လူ သက်သာမယ်"ဟု ပြောလေ၏။

"ဟုတ်တယ်၊ ကျုပ်သတ်ခဲ့တယ်"ဟု ရွှေဂေါင်းက ပြောလိုက်လျှင် စုံထောက်သည် ရွှေဂေါင်း၏ကြိုးများကို ဖြေပေးပြီးနောက် ဓာတ်ပုံရိုက်လေ၏။ ရွှေဂေါင်းသည် ရင်ကိုကော့၍ မခို့တရို့လေး ပြုံးကာ ဓာတ်ပုံအရိုက်ခံလေ၏။

"ပင်လယ်နောက်ခံနဲ့ ကိုယ့်လူရဲ့ ပြုံးပုံနေပုံ ရုပ်ရည်နဲ့ကတော့ ဓာတ်ပုံထဲမှာ ဘိုင်စကုတ်မင်းသားလို ပေါ်လာမှာပဲ"ဟု စုံထောက်က ပြောလေ၏။ ထို့နောက် စုံထောက်က ရွှေဂေါင်းအား စီးကရက်တစ်လိပ် တိုက်လေ၏။





"ခင်ဗျားနာမည် ရွှေဂေါင်းမဟုတ်လား"ဟု စုံထောက်က မေးလေ၏။

"ဟုတ်တယ်၊ ရွှေဂေါင်းပါ"

"ခင်ဗျားကို ဘောနီယို၊ စက်ဘူ၊ ဟောင်ကောင်၊ ယိုးဒယား ပုလိပ်အဖွဲ့ကလဲ အလိုရှိနေကြပြီ"

"ဒါပေမယ့် မြန်မာပုလိပ်ကပဲ ဖမ်းဆီးနိုင်တယ်လို့ ခင်ဗျားက ဂုဏ်ယူချင်လို့လား"

"ထားဝယ်နားမှာ လှေတစ်စီးကိုဓားပြတိုက်တော့ ကစ်စနားဆိုတဲ့ ရာဇဝတ်အုပ်ကို သေနတ်နဲ့ပစ်သတ်တာ ခင်ဗျားပဲ မဟုတ်လား"

"ဟုတ်ပါတယ်"

"ခင်ဗျားရဲ့ ဇာတိ"

"ကျုပ်ကို ရွှေဘိုမှာမွေးတယ်လို့ သိရတယ်"

"မိဘတွေကော"

"ဒါတော့ မပြောနိုင်ဘူး"

"ဘယ်လိုကနေ ဓားပြဖြစ်လာတာလဲ"

"ငတ်လို့ ဓားပြဖြစ်လာတာပေါ့ဗျာ"

"ဒါနဲ့ သူဌေးသားမောင်မောင်ဦးကို ဘာကြောင့် သတ်တာလဲ ဗိုလ်ရွှေဂေါင်း"

"ကျုပ်က ဓားပြပဲ၊ ဓားပြတိုက်ရင်း သတ်ပစ်လိုက်တာပေါ့"

"မဟုတ်ဘူး . . . မဟုတ်ဘူး၊ ရန်ငြိုးနဲ့ သတ်ခဲ့တယ်ဆိုတာ ကျုပ်တို့သိတယ်၊ ဘာဖြစ်လို့လဲဆိုတော့ မောင်မောင်ဦးလက်မှာ ပတ်ထားတဲ့ ရိုးလက်ရွှေနာရီကိုလဲ ဖြုတ်မသွားဘူး၊ မောင်မောင်ဦး အင်္ကျီမှာတပ်ထားတဲ့ စိန်ကြယ်သီးကိုလဲ ဖြုတ်မသွားဘူး၊ ငွေလဲ ယူမသွားဘူးလေဗျာ"ဟု စုံထောက်က ပြောလေ၏။



www.burmeseclassic.com

www.burmeseclassic.com

"ဒါတွေ ဘာဖြစ်လို့ မေးနေတာလဲ၊ ကျုပ်ကိုလဲ ဖမ်းမိပြီး လူသတ်မှုကိုလဲ ကျုပ်က ဖြောင့်ချက်ပေးပြီးပဲ စုံထောက်ကြီးရယ်၊ အပိုတွေ လုပ်မနေပါနဲ့"ဟု ရွှေဂေါင်းကပြောရာ စုံထောက်က "ဟုတ်ပါတယ်လေ၊ ဒါပေမယ့် မနက်ဖြန်မှ ကျုပ်တို့ကို မော်တော်နဲ့လာခေါ်မှာ ဆိုတော့ ခင်ဗျားကို ဒီတစ်ညတော့ ကြိုးနဲ့ချည်ထားရမှာပဲ"ဟု ပြောလေ၏။

"လုပ်ပါလေ၊ ခင်ဗျားအလုပ် ခင်ဗျားလုပ်ပါ"ဟု ရွှေဂေါင်းက ပြန်၍ပြောလေ၏။

စုံထောက်က ဂေါ်ရာစာသင်တစ်ဦးအား ရွှေဂေါင်းအား ကြိုးဖြင့် တုပ်ထားရန် အမိန့်ပေး၍ ရွက်ဖျဉ်တဲအတွင်းသို့ ဝင်သွားလေတော့၏။

ဂေါ်ရာစာသင်လည်း ရွှေဂေါင်းအား ကြိုးဖြင့်တုပ်နှောင်ရင်း ကုလားစကားဖြင့် ဆဲဆိုလေ၏။

"ဟေ့ကောင်၊ မင်းအလုပ်က ငါ့ကို ကြိုးနဲ့တုပ်ဖို့ပဲရှိတယ်၊ ဆဲဖို့ မရှိဘူး"ဟု ရွှေဂေါင်းက ကုလားစကားဖြင့်ပင် ပြန်၍ပြောလေ၏။

"မင်းကို ဆဲရုံမဟုတ်ဘူး၊ ရိုက်လဲ ရိုက်မယ်၊ ကန်လဲ ကန်မယ်၊ ပြီးတော့ မော်တော်ပေါ်မှာ ငါတို့ကို ခုခံတယ်ဆိုပြီး သေနတ်နဲ့လဲ ပစ်သတ်မယ်"ဟု ဂေါ်ရာစာသင်က ပြောလိုက်ရာ ရွှေဂေါင်းက . . .

"ဟား . . . ဟား . . . ဟား . . . ဟေ့ ဂေါ်ရာ မင်းမိန်းမမှာ ကလေး ဘယ်နှစ်ယောက်ရှိသလဲ"ဟု ပြန်၍ မေးလေ၏။

"ငါးယောက်ရှိတယ်၊ နင် ဘာလုပ်မလို့လဲ"

"မင်းကလေးတွေ ပထွေးလက်ထဲ ရောက်တော့မယ်၊ မင်းကို ငါကိုယ်တိုင် ခေါင်းဖြတ်ပစ်မယ်"

"ရပါတယ်၊ နင် နိုင်တယ်နော်၊ နင်က ငါ့ခေါင်းကို ဖြတ်ပေါ့"

"ဟား . . . ဟား . . . ဟား . . . ငါက ဒီလိုသတ္တိမျိုးမှ ကြိုက်တယ်"ဟု ရွှေဂေါင်းကပြောလျှင် ဂေါ်ရာစာသင်သည် ရွှေဂေါင်းအား





အုန်းပင်၌ ချည်နှောင်၍ မျက်နှာကိုတံတွေးဖြင့်ထွေးကာ ထွက်သွားလေတော့၏။

ရွှေဂေါင်းအနီးသို့ ဂေါ်ရာပုလိပ်သားတစ်ဦး အစောင့်လာ၍ ချထားလေ၏။ ရွှေဂေါင်းသည် သေမင်းပါးစပ်အတွင်းသို့ ဝင်ခဲ့ပြီး ဖြစ်ရာကား သေမည့်အရေးကို တွေးတောခြင်းမပြုတော့ပဲ မြနှင်းနွယ်နှင့် ချစ်ခင်ခဲ့စဉ်က ကြည်နူးခဲ့ရပုံများကို တွေး၍ ပင်လယ်ပြင်ကို ငေးစိုက်ကြည့်နေလေ၏။ ဤသို့နှင့်ပင် ညဉ့်နက်ပိုင်းသို့ ရောက်ရှိခဲ့လေတော့၏။ ပင်လယ်လှိုင်းများလည်း ကြမ်းတမ်းသည်ထက် ကြမ်းတမ်း၍ လာလေတော့၏။ လေမှာလည်း အနည်းငယ် ပြင်းထန်စွာ တိုက်ခတ်လာလေတော့၏။

စုံထောက်က ရွက်ဖျဉ်တဲမှထွက်၍ အစစအရာရာ သတိဝီရိယ ရှိကြရန် ဂေါ်ရာပုလိပ်များကို မှာကြားလေ၏။

လေမှာ ပြင်းထန်သည်ထက် ပြင်းထန်လာလေ၏။ နောက်ပိုင်းတွင် လေသာလျှင်မဟုတ်ဘဲ မိုးလည်း သည်းထန်စွာ ရွာလေ၏။

သန်းခေါင်အချိန်လောက်တွင် လေပြင်းမုန်တိုင်းသည် တရကြမ်း တိုက်ခတ်လာလေသည်။ လှိုင်းများလည်း တဝုန်းဝုန်းနှင့် ကျွန်းပေါ်သို့ တက်၍တက်၍လာ၏။ ကျွန်းပေါ်မှသစ်ပင်များလည်း တဖြောင်းဖြောင်း တဒိုင်းဒိုင်း ကျိုးလေ၏။ မိုးကြိုးများမှာလည်း တချွင်ချွင် တဒုန်းဒုန်းနှင့် ပစ်ခတ်လေ၏။

ဂေါ်ရာပုလိပ်များသည် ပင်လယ်ပြင်၏ အတွေ့အကြုံ မရှိကြသည့်အားလျော်စွာ ထိတ်လန့်ခြင်းဖြစ်၍ မိုးသက်မုန်တိုင်းဒဏ်ကို ကြောက်လန့်၍ ဝပ်ကြပုန်းကြလေ၏။ ကျင်းများ ချိုင့်များတွင် ဝင်၍ ခိုအောင်းကြလေ၏။

ထိုအချိန်၌ တစ်စုံတစ်ယောက်သည် ရွှေဂေါင်းအား တုပ်နှောင်ထားသည့်ကြိုးများကို ဓားဖြင့်ဖြတ်ပေးလေ၏။ ထို့နောက် ရွှေဂေါင်း



www.burmeseclassic.com

www.burmeseclassic.com

အနီးတွင်ဝပ်၍နေသော ဂေါ်ရာပုလိပ်အား ကြိုးဖြတ်ပေးသူက မည်သို့ ပြုလုပ်လိုက်သည်မသိ ဂေါ်ရာပုလိပ်သည် အင့်ကနဲ တစ်ချက်မည်၍ ငြိမ်ကျသွားလေတော့၏။

"ဆရာ . . . ရော့ သေနတ်"ဟု ရွှေဂေါင်းအား ပင်လယ်ဓားပြတစ်ဦးက သေနတ်ကို ပေးလေ၏။

"ဓားပေးစမ်းပါကွ"ဟု ရွှေဂေါင်းက ပြန်၍ပြောလေ၏။

ပင်လယ်ဓားပြက ဓားကောက်ကြီးတစ်ချောင်း ခါးမှဖြုတ်၍ ပေးလိုက်လေ၏။

"တို့လူတွေကောကွ"ဟု ရွှေဂေါင်းကမေးရာ ပင်လယ်ဓားပြက. . .

"ရောက်နေတာ ကြာပြီ ဆရာ၊ မုန်တိုင်းကျတဲ့အထိ စောင့်နေရတာ၊ ဂေါ်ရာကောင်တွေကို ဝင်ပြီးသတ်တဲ့ကောင် သတ်နေကြပြီ၊ အားလုံးငြိမ်ပြီး ဝပ်နေကြတာ ဆရာ၊ နောက်ကဝင်ပြီး ဓားနဲ့ထိုးရုံပဲ"ဟု ပင်လယ်ဓားပြကပြောလျှင် ရွှေဂေါင်းက . . .

"ဟေ့ . . . ဟေ့ . . . မြန်မာစုံထောက်တစ်ယောက် ပါတယ်ကွ၊ သူကလူကြီးလူကောင်း ပီသတယ်၊ ငါ့ကို ရည်ရည်မွန်မွန် ဆက်ဆံတယ်၊ သူ့ကိုတော့ ဖမ်းရုံဖမ်းပါကွာ၊ အသေမလုပ်ပါနဲ့"ဟုပြောလျှင် . . .

"ကောင်းပါပြီ ဆရာ၊ ကျွန်တော်ကိုယ်တိုင် ရှာပါ့မယ်"ဟု ပင်လယ်ဓားပြက ပြန်၍ဖြေလေ၏။

"ဟေ့ ပြီးတော့ မုတ်ဆိတ်မွေးနဲ့ ဂေါ်ရာစာသင်ကိုလဲ မသတ်နဲ့နော်"ဟု ရွှေဂေါင်းကပြောရာ ပင်လယ်ဓားပြက . . .

"ဘာဖြစ်လို့လဲ ဆရာ"ဟု ပြန်၍မေးလေ၏။

"ငါကိုယ်တိုင် ခေါင်းဖြတ်ချင်လို့ပါ"ဟု ရွှေဂေါင်းကပြောလျှင် ပင်လယ်ဓားပြလည်း "ကောင်းပါပြီ"ဟုဆိုကာ ပျောက်ကွယ်သွားလေတော့၏။ လေမုန်တိုင်းက တရကြမ်းတိုက်ခတ်ဆဲ ဖြစ်လေ၏။





ရွှေဂေါင်း၏တပည့် ပင်လယ်ဓားပြများသည် ဂေါ်ရာများကို တစ်ယောက်ချင်းဝင်၍ သတ်ဖြတ်နေ၏။

သုံးနာရီနီးပါး တိုက်ခတ်သောင်းကျန်းပြီးနောက် မိုးသက်မုန်တိုင်းသည် ငြိမ်၍သွားလေ၏။ ကြမ်းတမ်းခဲ့သော မုန်တိုင်းသည် ငြိမ်သက်သွားသည့်အခါ၌ လုံးဝငြိမ်သက်၍ သွားလေတော့၏။

ပင်လယ်ဓားပြများသည် လဲပြိုသွားသော ဂေါ်ရာပုလိပ်များ၏ ရှက်ဖျင်တဲကိုပင် ပြန်လည်၍ဆောက်လုပ်ပြီးနောက် ရေနံဆီမှန်အိမ်ကလေးကိုပင် ချိတ်ဆွဲထားလိုက်သေး၏။

ထို့နောက် ထင်းအစိုများကို ရေနံဆီလောင်းကာ မရမက မီးမွှေး၍ မီးလှုံကြ၏။ အဝတ်စိုများ လှမ်းကြ၏။ ဂေါ်ရာပုလိပ်များ၏ စည်သွတ်ဗူးများကို ဖောက်၍စားကြ၏။ အရက်ပုလင်းများကို ဖောက်၍ သောက်ကြ၏။

ရွှေဂေါင်းလည်း အရက်ပုလင်းကိုမော့ရင်း မီးလှုံလေ၏။

"စုံထောက်ကြီး အရက်သောက်လိုက်ပါဗျ၊ ဒါမှ အချမ်းပြေသွားမှာ"ဟုဆိုကာ ဖမ်းမိထားသောစုံထောက်အား အရက်တိုက်လေ၏။ စုံထောက်လည်း အရက်ကိုသောက်၍ . . .

"ဗိုလ်ရွှေဂေါင်း ဂေါ်ရာတွေအားလုံးကို ခင်ဗျားတို့ သတ်လိုက်ကြပြီလား"ဟု မေးလေ၏။

"ဟုတ်တယ်၊ ဟောဟို သစ်ပင်မှာချည်ထားတဲ့ စာသင်ကလွဲပြီး ခင်ဗျားလူတွေအားလုံး အသက်မရှိတော့ဘူး၊ ဟဲ . . . ဟဲ . . . ကျေးဇူးတင်တယ်ဗျာ၊ အခုမှပဲ ကျုပ်ရဲ့အဖွဲ့မှာ သေနတ် ပြည့်ပြည့်စုံစုံ ဖြစ်တော့တယ်"ဟု ရွှေဂေါင်းကပြော၍ တဟဲဟဲ ရယ်လေ၏။

"စာသင်ကိုတော့ ဘာလို့မသတ်တာလဲ"ဟု စုံထောက်က မေးလေ၏။

"သူ့ကိုတော့ ကျုပ်ကိုယ်တိုင် ခေါင်းဖြတ်ဖို့ ချန်ထားတာပါ"



www.burmeseclassic.com

www.burmeseclassic.com

"မလုပ်ဖို့ ကျွန်တော် တောင်းပန်ပါတယ် ဗိုလ်ရွှေဂေါင်း"

"မဖြစ်ဘူးဗျ၊ ကျုပ်နဲ့ သူနဲ့က ကတိရှိထားတယ်၊ ဘုတ်တယ် မဟုတ်လား စာသင်"ဟု သစ်ပင်တွင်ချည်ထားသော ကုလားစာသင်ကို လှမ်း၍မေးလိုက်၏။ ကုလားစာသင်က ပြန်၍မပြောပေ၊ ရွှေဂေါင်းသည် ဓားကောက်ကိုကိုင်၍ ကုလားစာသင်အနီးသို့ ကပ်၍ သွားလေ၏။

"ကျုပ်မှာ ကလေးငါးယောက်တောင် ရှိပါတယ် ဘရားဆပ်"ဟု ကုလားစာသင်က ပြန်၍ပြောလျှင် ရွှေဂေါင်းက ကုလားစာသင်၏ မျက်နှာကို ထွီကနဲ တံတွေးဖြင့်ထွေးလိုက်ပြီးနောက် . . .

"ဟား . . . ဟား . . . နင်နိုင်တယ်နော်၊ နင်က ခေါင်းဖြတ်ပေါ့လို့ ပြောထားတာကို မေ့သွားပြီလား"ဟုဆိုကာ ကုလားစာသင်၏ လည်ပင်းဆီသို့ ဓားဖြင့် ဝှီးကနဲ ဝှေ့ယမ်းလိုက်ရာ ကုလားစာသင်၏ ခေါင်းသည် အုန်းသီးကြွေ၍ ကျသကဲ့သို့ ဝုန်းကနဲ မြေပေါ်သို့ ကျ၍ သွားလေ၏။ ရွှေဂေါင်းသည် ဓားကောက်ကိုပစ်ချပြီးနောက် မူလနေရာသို့ပြန်လာကာ သောက်လက်စအရက်ကို ဆက်၍သောက်လေ၏။

"ရက်စက်လှချည်လားဗျာ"ဟု စုံထောက်ကပြောရာ ရွှေဂေါင်းက . . .

"ရက်စက်မုန်းတီးခြင်းရယ်၊ ချစ်ခင်ကြင်နာခြင်းရယ်ဟာ အသည်းနှလုံးက ပေါက်ဖွားပေးလိုက်တဲ့ ညီအစ်ကိုအရင်းတွေပါဗျာ . . . ဟား . . . ဟား . . . ဟား . . ."ဟု ပြောဆိုရယ်မော၍ စုံထောက်ထံမှ ကင်မရာကိုယူ၍ ဖလင်ကို ထုတ်ပစ်လိုက်လေ၏။

"နေစမ်းပါဦးဗျ၊ ကျုပ်တို့ကို နိုင်အောင်မတိုက်ဘဲနဲ့ ဘာဖြစ်လို့ ကျုပ်တစ်ယောက်တည်းကိုဖမ်းပြီး ကျုပ်လူတွေကို ပြန်လွှတ်ပေးတာလဲ"ဟု ရွှေဂေါင်းက စုံထောက်အား မေးလိုက်သေး၏။





"တစ်ဘက်နဲ့တစ်ဘက်တိုက်နေရင် ကျုပ်တို့ဘက်က အကျအဆုံး ရှိနိုင်သေးတယ်ဗျ၊ မတိုက်ဘဲ ခင်ဗျားကို အရှင်ဖမ်းချင်တယ်၊ ပြီးတော့ ခင်ဗျားလူတွေကို လွှတ်ပေးတယ်ဆိုတာကလဲ မလွှတ်နိုင်ဘူးဆိုတာ သိလို့ လွှတ်ပေးလိုက်တာပါ၊ ဒီကျွန်းမှာရှိတဲ့အဖွဲ့နဲ့ ခင်ဗျားအဖွဲ့က မျှနေတယ်၊ ဒီကနေ ခင်ဗျားလူတွေ ထွက်သွားပြီး ဘယ်ကျွန်းကိုပဲ ကပ်ကပ် ဒီထက်နှစ်ဆများတဲ့အဖွဲ့ စီအိုင်ဒီတစ်ယောက်ဟာ ခင်ဗျားတို့ကို တိုက်ဖို့စောင့်နေလေရဲ့"ဟု စုံထောက်ကပြောလိုက်ရာ ရွှေဂေါင်းက . . .

"ကျားထိုးသလိုပေါ့၊ တစ်ကောင်ကျွေး နှစ်ကောင်စား၊ ကင်းပေါက်အောင် လုပ်လိုက်တာပေါ့၊ ဟား . . . ဟား . . . ဟား . . . ကျုပ်လူတွေက ဘယ်မှမသွားဘဲ မှောင်မှ လှေကလေးတွေနဲ့ ဒီကျွန်းကို ပြန်ပြီးတက်လာကြတယ်၊ မုန်တိုင်းကျအောင် စောင့်နေကြတယ်"ဟု ရွှေဂေါင်းက ပြောလိုက်ရာ စုံထောက်က . . .

"မုန်တိုင်းကျမှာ ခင်ဗျားတို့က ကြိုပြီး သိနေသလား"ဟု မေးလေ၏။

"ကျုပ်တို့ဆီမှာ မုန်တိုင်းကို အနည်းဆုံး တစ်ရက်ကျော်က ခန့်မှန်းနိုင်တဲ့လူတွေ ပါတယ်ဗျ၊ ထားပါတော့လေ၊ ခင်ဗျားကိုတော့ မြန်မာချင်းလဲ ဖြစ်နေတာက တစ်ကြောင်း၊ ကျုပ်ကို ကောင်းကောင်း မွန်မွန် ဆက်ဆံတာက တစ်ကြောင်းကြောင့် မသတ်ပါဘူး၊ ဒီအတိုင်း ထားခဲ့မှာပါ"ဟုဆိုကာ ရွှေဂေါင်းသည် သူ၏လူများအား ကျွန်းမှ ခွာရန် အမိန့်ပေးလိုက်လေတော့၏။



www.burmeseclassic.com

www.burmeseclassic.com

ရွှေဂေါင်းတို့ထွက်သွားပြီး မျှားမကြာမီ၌ပင် ပုလိပ်မင်းကြီး ကိုယ်တိုင် လိုက်ပါလာသော မော်တော်တစ်စင်းသည် ထိုကျွန်းသို့ ရောက်ရှိလာပြီးလျှင် အောက်လင်းဓာတ်မီးများ ထွန်းညှိ၍ ဂေါ်ရာ ပုလိပ်များ၏အလောင်းကို လိုက်လံကြည့်ရှုကာ စုံထောက်အား ဆူပူ ကြိမ်းမောင်းလေ၏။ စုံထောက်ကလည်း . . .

ပုလိပ်မင်းကြီးမှာထားသည့်အတိုင်း အင်အားချင်းမျှနေ၍ မတိုက်ဘဲ ရွှေဂေါင်းကိုသာ ဖမ်းဆီးထားပုံမှအစ မုန်တိုင်းကျလာပုံ ရွှေဂေါင်း၏လူများ ပြန်လည်ရောက်ရှိလာပုံတို့ကို တင်ပြပြောဆို လေ၏။

ထိုအခါ ပုလိပ်မင်းကြီးက . . .

"ကင်မရာလဲ ယူသွားတယ်၊ ဖလင်ကိုလဲ ဆွဲထုတ်သွားတယ် ဆိုတော့ ဓားပြဗိုလ်ရွှေဂေါင်းကို မိဖို့ထားဦး၊ သူ့ရဲ့ဓာတ်ပုံကိုတောင် မရလိုက်ဘူးပေါ့ လူကလေး"ဟု ပြောလေ၏။

ထိုအခါ စုံထောက်က . . .

"ကင်မရာ ပါသွားတာလဲ မှန်ပါတယ်၊ ဖလင်ထုတ်ပစ်ခဲ့တာလဲ မှန်ပါတယ်၊ ဒါပေမယ့် ဖျက်ဆီးပစ်ခဲ့တဲ့ဖလင်မှာ ရွှေဂေါင်းပုံ မပါ ပါဘူး၊ ရွှေဂေါင်းကိုရိုက်ခဲ့တဲ့ဖလင်ကို ကျွန်တော်မျိုးထုတ်ယူပြီး သိမ်းထားပါတယ်၊ ဒါကြောင့် ဓားပြဗိုလ်ရွှေဂေါင်းရဲ့ဓာတ်ပုံကတော့ ရပါတယ် သခင်"ဟု အစီရင်ခံလျှင် ပုလိပ်မင်းကြီးက . . .

"ဒီအချက်ကြောင့် မောင်မင်းဟာ သက်သာဖို့ ရှိတော့တယ် နို့မဟုတ်ရင် တစ်ခါတည်းကို အလုပ်ကဖြုတ်ပစ်ဖို့ကောင်းတယ်"ဟု ပြောလိုက်လေတော့၏။





## ပုံမှန်အတိုင်း ပြန်၍ဖြစ်ခြင်း

မြနှင်းနွယ်တို့မှာလည်း လှော်ရင်းနစ်ဆိုသကဲ့သို့ စီးပွားရေးမှာ ကျဆင်းသည်ထက် ကျဆင်း၍ လာလေတော့၏။ ထိုအချိန်၌ပင် မိန်းမရှာအသောင်းကလည်း မည်သည့်နေရာတွင် သိကျွမ်းခဲ့ရသည် မသိသော ကွမ်းယာရောင်းသည့် ခေါ်တောကုလားတစ်ဦးကို အိမ်သို့ မကြာခဏ ခေါ်၍လာလေတော့၏၊ မိန်းမရှာအသောင်းလည်း ၎င်း၏ ခေါ်တောကုလားအား မကြာခဏ ခေါ်၍လာရုံမျှမက ထိုခေါ်တောကုလားနှင့်ပင် မကြာခဏ ထွက်သွားလေ့ရှိလေ၏။

"ဘယ်က ခေါ်တောကုလားနဲ့ ဘယ်ကို သွားနေတာလဲ အသောင်း"ဟု မြနှင်းနွယ်ကမေးရာ မိန်းမရှာအသောင်းက . . .

"ညည်း နားမလည်ပါဘူး၊ စီးပွားရေးကို တရုတ် ကုလားမှ နားလည်တာ တော်ရှေ့၊ ဒါကြောင့် သူ့ဆီမှာ စီးပွားရေးပညာကို ကုတ်ကပ်ပြီး သင်နေရာတာ"ဟု ပြန်ပြောလေ၏။

"သူ့နာမည်က ဘယ်သူတဲ့တုန်း"ဟု မြနှင်းနွယ်က မေးလေ၏။

"ဒူလာမြား"လို့ ခေါ်တယ်၊ တစ်ပြားမှမရှိဘဲ မြန်မာပြည်ကို ရောက်လာတယ်၊ ကွမ်းယာဆိုင်ဖြစ်အောင် လုပ်တယ်၊ ဟော အခု နယ်လှည့်ပြီး သံတိုသံစတွေ ဝယ်တယ်၊ လက်ထဲမှာကို ငွေလေးငါး ထောင်လောက် ချမ်းသာနေပြီ တော့"ဟု မိန်းမရှာအသောင်းက ပြောလေ၏။



www.burmeseclassic.com

www.burmeseclassic.com

ထိုနောက်တွင်ကား ဒုလာမြားနှင့်အတူ သံတိုသံစလုပ်ငန်းကို လုပ်မည် ငွေထုတ်ပေးပါဟုဆိုသဖြင့် မြနှင်းနွယ်က ရှိစုမဲ့ စုငွေကလေးများကို ခြစ်ချုပ်၍ ထုတ်ပေးလိုက်လေ၏။

ထိုနေ့မှစ၍ ဒုလာမြားတုလားနှင့် သံတိုသံစကုန်ကူးရန် လိုက်ပါသွားသော မိန်းမရှာအသောင်းလည်း လုံးဝ ပြန်ရောက်လာခြင်း မရှိတော့ပေ။

မြနှင်းနွယ်သည် နောက်ဆုံး၌ မဂိုလမ်းမှ စိန်ဘာဘူတစ်ဦးထံတွင် အိမ်ကို ပေါင်နှံရလေတော့၏။ အပေါင်ခံသော စိန်ဘာဘူကလည်း အိမ်ပေါ်မှဆင်းပေးလျှင် အပေါင်ခံမည်ဟု ဆိုသဖြင့် မြနှင်းနွယ်တို့သည် အိမ်ပေါ်မှ ဆင်းပေးကာ မော်လမြိုင်လမုတန်းသို့ ပြောင်းရွှေ့နေထိုင်ခဲ့လေ၏။ လမုတန်းမှ မင်းမောင်နေထိုင်သော အိမ်ကိုလည်း ရောင်းချပြီး မင်းမောင်၏ညီမများဖြစ်သော မြကျင်နှင့် မြရှင်တို့ ခွဲဝေပေးလိုက်ပြီးဖြစ်သဖြင့် မြနှင်းနွယ်တို့သည် လွန်စွာကျဉ်းမြောင်း၍ စုတ်ချာလှသော အိမ်ကလေးတစ်လုံးကို ဝယ်ယူလိုက်လေ၏။

မင်းမောင်က . . .

"အနွယ်ရယ်၊ တို့သားလေးလဲ ကျယ်ကျယ်ဝန်းဝန်း နေရအောင် ဘိုအိမ်ကြီးကို ပေါင်လို့ရတဲ့ငွေထဲက အိမ်ကျယ်ကျယ်ကလေးတစ်လုံး တော့ဝယ်ပါ"ဟု တိုက်တွန်းခဲ့သော်လည်း မြနှင်းနွယ်က . . .

"မဟုတ်ဘူးလေ မောင်ရဲ့၊ အဲဒီငွေကို သိပ်ပြီး အပွန်းမခံနိုင်ဘူး အဲဒီငွေနဲ့ ရင်းရ နှီးရမှာ မဟုတ်လား"ဟု ပြောဆို ကန့်ကွက်ခဲ့လေ၏။

ထိုအချိန်၌ ရှမ်းပြည်နယ်တွင် ဆားလွန်စွာရှားနေကြောင်း သိရသဖြင့် မင်းမောင်အား ရှိသမျှသောငွေကို ဆားများဝယ်၍ ရှမ်းပြည်နယ်သို့တက်ရန် မြနှင်းနွယ်က စေလွှတ်လိုက်လေ၏။ မြနှင်းနွယ်၏ ကံတွက်ကိန်းမှာ လွန်စွာမှန်ကန်လှပေသည်၊ ဆားကားများဖြင့် မင်းမောင် ရှမ်းပြည်နယ်သို့ ရောက်သည့်အချိန်၌ ရှမ်းပြည်နယ်မှ တုန်သည် များသည် မင်းမောင်၏ဆားများကို ကြိုက်ဈေးပေး၍ ဝယ်ယူကြသည်ဖြစ်ရာ တစ်ချီထဲနှင့်ပင် ဆုံးရှုံးပျက်ဆီးခဲ့သော စီးပွားရေးကို ပြန်လည် အဖတ်ဆယ်နိုင်သည့် ငွေကြေးပမာဏကို မြတ်စွန်းခဲ့လေ၏။





မင်းမောင်သည် အောင်မြင်မှုအတွက် အပျော်ကြီး ပျော်၍နေလေတော့၏။ အနွယ်နှင့်သားလေးကို ချမ်းချမ်းသာသာထားနိုင်ပြီဟုလည်း တွေးတောယင်း ပီတိဖြစ်ခဲ့ရှာလေ၏။ သို့ရာတွင် ကံဆိုးမသွားရာ မိုးလိုက်လို့ရွာ ဟူသော စကားပုံကဲ့သို့ပင်ဖြစ်၏။ မင်းမောင်သည် ကြာရှည်စွာ မပျော်နိုင်ရှာတော့ပေ။ ဆားများရောင်း၍ရသော ငွေကိုလည်း နွေးအောင်ပင် မကိုင်လိုက်ရတော့ပေ။ မင်းမောင်ပြန်မည့် ညပိုင်းလောက်တွင် ၄င်းတည်းခိုသော ပွဲစားအိမ်သို့ ဓားပြများ ရောက်ရှိလာပြီးလျှင် အိမ်ရှင်ကိုရော၊ မင်းမောင်ကိုပါ သေနတ်ဖြင့် ချိန်၍ ငွေကိုတောင်းလေ၏။ မင်းမောင်သည် ငွေထုပ်ကို မပေးပဲ ငြင်းဆန်နေသဖြင့် ဓားပြများသည် မင်းမောင်းအား ခုတ်ထစ်သတ်ပစ်လိုက်ကြလေတော့၏။ မင်းမောင်သည် အချစ်ကြီးချစ်ခဲ့ရသော ဇနီးဖြစ်သူ မြနှင်းနွယ်ကိုလည်းကောင်း၊ အသနားကြီး သနားခဲ့ရသော သားကြီး မင်းနွယ်ကိုလည်းကောင်း လုံးဝ ကျောခိုင်းသွားရရှာလေတော့၏။

ထိုအချိန်မှစ၍ တစ်ခါက သူဌေးမကလေး ဖြစ်ခဲ့သော မြနှင်းနွယ်သည် အဆင်းရဲကြီး ဆင်းရဲ၍ အမွဲကြီး မွဲရရှာလေတော့သတည်း။



www.burmeseclassic.com

www.burmeseclassic.com

တစ်နေ့သ၌ ရန်ကုန်မြို့ တမ်းနားပိုင်းရှိ အထက်တန်းကျသော ဟော်တယ်ကြီးတစ်ခုတွင် အရပ်အမောင်းတောင်း၍ ကိုယ်လုံးကိုယ်ထည် ဖြောင့်စင်းသော အက်စ်ကျီဆင်းဟူသော ပန်ချာပီလူမျိုးတစ်ယောက်သည် သီးသန့်ခန်းတစ်ခုကိုယူ၍ တည်းခိုနေလေ၏။ ၎င်းပန်ချာပီ အက်စ်ကျီဆင်းအား ပန်းနုရောင်ခေါင်းပေါင်း၊ နုံသာရောင်ပိုးရင်ဖုံးအင်္ကျီ၊ ကတ္တီပါ ပုံတော်ဖိနပ်စီး မြန်မာအမျိုးသားကြီးတစ်ဦးက လာရောက်တွေ့ဆုံလေ၏။အထက်တန်းကျသော ထိုမြန်မာအမျိုးသားကြီးက ပန်ချာပီလူမျိုး အက်စ်ကျီဆင်းအား . . .

"ဘယ်လိုလဲ မစ္စတာ အက်စ်ကျီဆင်း"ဟု ပြောလေ၏။

"ခင်ဗျားသင်ပေးထားတဲ့ နည်းတွေပေါ့ဗျာ၊ ပန်ချာပီဆိုတော့ ဆင်းဆိုတဲ့နာမည်တော့ ထည့်ရတာပေါ့၊ ရှေ့က အက်စ်ကျီကတော့ ရွှေဂေါင်းပေါ့ အာစရိရယ်"ဟု ပန်ချာပီက ပြောလေ၏။

"ဟား . . . ဟား . . . ဟား၊ ငုတ်မိသဲတိုင် တက်နိုင်ဖျားရောက်ဆိုတဲ့ စကားပုံဟာ မင်းလိုကောင်မျိုးအတွက် လုပ်ထားတဲ့စကားပုံပဲ ရွှေဂေါင်း၊ အခုကြည့်စမ်း မင်းဟာ ငုတ်လိုက်တာ သဲကိုရောက်နေပြီ" ဟု မြန်မာအမျိုးသားကြီးက ပြောလျှင် ပန်ချာပီ ရွှေဂေါင်းက . . .

"တတ်နိုင်ဘူး ဆရာကိုပုညရယ်၊ မိုက်စရှိယင် မိုက်ချင်ချင် ဆထက်တိုးလို့ မိုက်ဦးမယ်ဆိုတာ ရှိသေးတယ် မဟုတ်လားဗျ"ဟု ပြောလျှင် ကိုပုညက . . .

"နေစမ်းပါဦးကွ၊ ရန်ကုန်ကို မင်းက ဘာကိစ္စနဲ့ လာတာလဲ" ဟု မေးလေ၏။

"ကျုပ်လာတဲ့ကိစ္စက သုံးခုရှိတယ်ဗျ၊ ပထမတစ်ခုကတော့ မြနှင်းနွယ်နဲ့ ကျုပ်သားကလေး သိပ်ပြီး ဆင်းရဲနေတယ်၊ သူတို့တို့





ကျကျနန ထောက်ပံ့ချင်တယ်၊ ပြီးတော့ ဘာဘူကုလားလက်ထဲ ရောက်သွားတဲ့ ကြို့ကုန်းကဘိုအိမ်ကြီးကိုလဲ ပြန်ပြီးရွေးပေးချင်တယ်၊ အဲဒီအတွက် ခင်ဗျားနဲ့တွေ့တာပဲ"ဟု ရွှေဂေါင်းက ပြောလေ၏။

"အင်း နောက်ကိစ္စတစ်ခု ပြောပါဦး"ဟု ကိုပုညက မေးပြန်ရာ ရွှေဂေါင်းက . . .

"နောက်ကိစ္စတစ်ခုကတော့ မြင်းသစ်ကရောက်နေတဲ့ ရတနာကုန်သည် မွန်စီယာမော်ရေးနဲ့တွေ့ပြီး ရတနာပစ္စည်း အရောင်းအဝယ် လုပ်ဖို့ပဲ"ဟု ပြောလေ၏။

"အင်း နောက်တစ်ခု ဆိုပါဦး"ဟု ကိုပုညက မေးပြန်လေ၏။

"နောက်တစ်ခုကတော့ ခင်မမကို တမလွန်ဘဝကို ခရီးသွားခိုင်းဖို့ပါပဲ"

"ကြောက်စရာပါလား ရွှေဂေါင်းရယ်"ဟု ကိုပုညက ပြောလိုက်လေ၏။ ထို့နောက် ကိုပုညနှင့် ရွှေဂေါင်းတို့သည် အကောင်းစား အရက်များနှင့် အကောင်းစား အစားအသောက်များကို မှာယူစားသောက်ကြလေ၏။ ကိုပုညသည် အရက်ခွက်ကို မော့၍ သောက်လိုက်ပြီးနောက် . . .

"နေစမ်းပါဦး ရွှေဂေါင်းရဲ့ မြနှင်းနွယ်တစ်ယောက် ဆင်းဆင်းရဲရဲဖြစ်နေတယ်ဆိုတာ မင်းဘယ်လိုသိသလဲ၊ အိမ်ကြီးကို ပေါင်လိုက်တဲ့ကိစ္စကိုရော မင်းက ဘယ်လိုလုပ် သိနေသလဲ"ဟု မေးလျှင် ရွှေဂေါင်းသည် ဟက်ဟက်ပက်ပက် ရယ်မော၍ . . .

"ဟား . . . ဟား . . . ဟား၊ အာစရိ ဒီတစ်ခါတော့ ညံ့သွားပြီ၊ ကျုပ်က ပင်လယ်ထဲမှာနေပေမယ့် ကျုပ်လူတွေက ကုန်းပေါ်မှာ ရှိတယ်လေဗျာ"ဟု ပြောလေ၏။


www.burmeseclassic.com

www.burmeseclassic.com

"ဒါနဲ့ နေပါဦးကွ၊ ပြင်သစ်ကြီးနဲ့ ရတနာအရောင်းအဝယ်တွေ လုပ်ပြီးပြီလား"ဟု ကိုပုညက မေးလေ၏။

"ပြီးပါပြီဗျာ ပြီးလို့ ခင်ဗျားကို ခေါ်တွေ့တာပေါ့၊ ခင်ဗျား ပြန်ရင် ဟောဒီအိတ်ကိုယူသွား အထဲမှာ ငွေတွေပါတယ်၊ မမနွယ် အတွက် ပတ္တမြားတစ်ဆင်စာ၊ စိန်တစ်ဆင်စာလဲ ပါတယ်၊ ဘိုအိမ်ကြီး ကို ပြန်ရွေးပေးလိုက်ပါ၊ တစ်ခုပဲ မှာပါရစေ၊ ဒါတွေကို ပေးတဲ့သူဟာ ကျုပ်ဆိုတာ မသိပါစေနဲ့၊ အဲဒါတစ်ခုကိုတော့ လိုက်နာစေချင်ပါတယ် ကိုပုည"ဟု ရွှေဂေါင်းက မှာလေ၏။

ကိုပုည အတော်အတန် ညဉ့်နက်သောအခါမှ ရွှေဂေါင်းထံမှ ပြန်ခဲ့လေ၏။ ရွှေဂေါင်းပေးလိုက်သော လွန်စွာလေးလံသည့် အိတ်ကြီးတစ်လုံးကိုလည်း လက်မှ ဆွဲခဲ့လေ၏။

📖 📖 📖

အထက်ပါအတိုင်း ကိုပုညနှင့်တွေ့ပြီး သုံးရက်ခန့်ကြာသော နေ့တစ်နေ့တွင် ရွှေဂေါင်းတည်းခိုလျက်ရှိသော အခန်းနှင့်ကပ်လျက် ရှိသည့်အခန်းသို့ စုံတွဲတစ်တွဲ လာရောက်တည်းခိုလေ၏။ ထိုစုံတွဲမှာ ပျားရည်ဆမ်းခရီးထွက်လာသော ဥာဏပြီးခါစ အထက်တန်းစား လင်မယားဟု ယူဆဖွယ်ရာ ရှိလေသည်။

ထိုလင်မယားသည် စားလိုက်ကြ၊ သောက်လိုက်ကြ၊ လျှောက်လည် လိုက်ကြနှင့် လောကကြီးကို မေ့လျော့နေဟန် ရှိလေသည်။ ငါးရက်မျှ ကြာသောအခါ၌ ယောကျ်ားလုပ်သူက မိန်းမအားထားခဲ့ပြီးလျှင် ရထားလက်မှတ်ဝယ်ယူရန်ဟုဆိုကာ ထွက်သွားလေ၏။ မိန်းမလုပ်သူ က ယောကျ်ားအား . . .





"ဒါလင် မြန်မြန်ပြန်ခဲ့ပါ၊ ချစ်ချစ်တစ်ယောက်တည်းနေရတာ ကြောက်တယ်"ဟု အခန်းဝကိုထွက်ကာ မှာကြားလေ၏။

"နာရီဝက်ပဲ ကြာမယ်၊ နာရီဝက်ထက် တစ်မိနစ်ပိုပြီးကြာယင် ဒါလင်ကို ချစ်ချစ်ကြိုက်သလို အပြစ်ပေး"ဟု ဆိုကာ ယောကျ်ား သည် လေကလေးချွန်၍ ထွက်သွားလေ၏။

ထိုယောကျ်ားထွက်သွားပြီး များမကြာမီ၌ပင် ပန်ချာပီပုံ ဖမ်း ထားသော ရွှေဂေါင်းသည် လေကလေးချွန်၍ ထိုမိန်းမ၏ အခန်းတံခါး ကို တဒေါက်ဒေါက် ခေါက်လေ၏။ အခန်းတွင်းမှ မိန်းမက . . .

"ဒါလင်လား"ဟု ပြန်၍ မေးလေ၏။

ရွှေဂေါင်းက"နှိ. . . နှိ"ဟု ပြန်၍ အသံပြုလိုက်လေ၏။

အတွင်းမှ မိန်းမက . . .

"ပိုက်ဆံအိတ် မေ့ကျန်ခဲ့ပြီ မဟုတ်လား"ဟု မေးပြန်၏။

ရွှေဂေါင်းက . . .

"နှိ. . . နှိ. . . နှိ"ဟု လေချွန်မြလိုက်၏။

"ကြည့်စမ်း . . . ကြည့်စမ်း၊ ခုထိ မသွားရသေးဘူးဆိုတော့ နာရီဝက်ထက် ပိုမှာပဲ၊ ဒါလင်ကို ကောင်းကောင်းအပြစ်ပေးရမယ်" ဟု အတွင်းမှ ပြောလေ၏။

ရွှေဂေါင်းက "နှိ -နှိ -နှိ -နှိ"ဟု ပြန်၍ လေချွန်ပြန်၏။

"တဲ . . . လာခဲ့၊ နားရွက်ဆွဲပြီး ထိုင်ထ လုပ်ခိုင်းမယ်"ဟု အတွင်းမှ မိန်းမက ပြောကာ တံခါးကို ဖွင့်လိုက်လေ၏။

ထိုသို့ ဖွင့်လိုက်သည့်အခါ၌ ၎င်း၏ဒါလင်မဟုတ်ဘဲ သေနတ် ဖြင့် ချိန်ရွယ်ထားသော ပန်ချာပီကြီးကို တွေ့လျှင် ထိုမိန်းမသည် 'အို'ဟု ယောင်၍ အော်လိုက်မိလေ၏။ ထို့နောက် ထိုမိန်းမအား



www.burmeseclassic.com

www.burmeseclassic.com

ပါးစပ်ကို ဟခိုင်း၍ အဝတ်စတစ်စကို ပါးစပ်အတွင်းသို့ ထည့်လိုက်လေ၏။

"ကျုပ်လဲ ဒါလင်ပါပဲဗျာ"ဟု အဓိပ္ပာယ်ရသော အင်္ဂလိပ်စကားဖြင့် နှုတ်ဆက်လိုက်လေ၏။ ထို့နောက် ပန်ချာပီကြီးက ထိုမိန်းမအား မြန်မာသံပီပီသသကြီးဖြင့် . . .

"ခင်မမ ထိုင်ပါ"ဟု ပြောလိုက်ရာ ထိုမိန်းမသည် မျက်လုံးပြူး၍ သွားလေတော့၏။

"ဟား. . . ဟား. . . ဟား. . . ပက်ထရစ်လေ၊ မမှတ်မိတော့ဘူးလား ခင်မမ၊ ခင်မမ ဒုက္ခပေးလို့ လူ့လောကအပြင်ဘက်ကို ရောက်နေတဲ့ ပက်ထရစ်လေ"ဟုဆိုကာ အတုပြုလုပ်ထားသော နှုတ်ခမ်းမွေး၊ မုတ်ဆိတ်မွေးများကို လည်းကောင်း၊ ပန်ချာပီခေါင်းပေါင်းကိုလည်းကောင်း ဖြုတ်ပြ၍ ခင်မမကို တစိမ့်စိမ့်ကြည့်ကာ တဟားဟား ရယ်မောလေတော့၏။ ခင်မမက လက်အုပ်ချီ၍ ပက်ထရစ်ကို ရှိခိုးလေ၏။ ထိုသို့ ရှိခိုးပြီးနောက် ပါးစပ်အတွင်းမှ အဝတ်စကို ဆွဲထုတ်၍ . . .

"ပြီးတာတွေလဲ ပြီးပါပြီ ပက်ထရစ်ရယ်၊ ခင့်ကို သနားပါ။ ခင့်အမှားတွေကို ခင် တောင်းပန်ပါတယ်"ဟု အသနားခံရှာလေ၏။

"သနားရမှာပေါ့ ခင်မမရယ်၊ အဲ. . . ပြောရဦးမယ်၊ သနားတာရယ်၊ ရက်စက်တာရယ်ဟာ ညီအစ်ကိုအရင်း တော်တယ်တဲ့၊ နှစ်ခုစလုံးဟာ အသည်းနှလုံးက မွေးပေးလိုက်တာတွေချည်းပဲ ခင်မမ ဒါကြောင့်"ဟု ဆိုကာ အသင့်ယူလာသော ဓားမြှောင်ဖြင့် ခင်မမအား လက်စတုံးလိုက်လေတော့၏။





ထို့နောက် ရွှေဝေါင်းသည် ထိုဖော်တယ်မှ အပြီးအပိုင် ထွက်ခွာသွားလေတော့သတည်း။

တစ်နေ့သ၌ မော်လမြိုင်မြို့ လမုတန်းရှိ မြနှင်းနွယ်၏ အိမ်စုတ်ကလေးသို့ လူတစ်ယောက် ရောက်ရှိလာပြီးလျှင် မြနှင်းနွယ် တည်ခင်းရောင်းချလျက်ရှိသော အိမ်ဆိုင်ကလေး အတွင်းမှ ကုလားပဲဆံကို လက်ဖြင့်ကိုင်ကြည့်ယင်း . . .

"ဒီမှာ အစ်မကြီး၊ ကုလားပဲနှစ်ပြားဖိုး လိုချင်တယ်"ဟု ထိုသူက ပြောလေ၏။ မြနှင်းနွယ်လည်း ရောင်းချင်ရှာလွန်းသဖြင့် ထမင်းစားနေရာမှ ကမန်းကတန်း ထ၍ ပြေးလာရာ လမ်းတွင် ခလုတ်တိုက်လေ၏။ ထို့နောက် ဈေးဝယ်သူအား ကြည့်လိုက်ပြီးနောက်. . .

"ကြည့်စမ်း. . . ကြည့်စမ်း၊ ကိုရွှေထွန်းကြီး တော်တော်နောက်တယ်၊ နွယ်က အဟုတ်အောက်မေ့လို့ ပြေးလာတာ ခလုတ်တိုက်လို့ အခု ခြေထောက်တောင် ကွဲသွားပြီ"ဟု ပြောလေ၏။

"ဟော့. . . အနွယ်၊ နင့်ဆိုင်ရော နင့်အိမ်စုတ်ကိုရော ထားခဲ့တော့၊ ရန်ကုန်ကို သွားမယ်"ဟု ရွှေနေ မောင်ရွှေထွန်းက ပြောလေ၏။

"ထိုင်စမ်းပါဦး ကိုရွှေထွန်းရဲ့၊ ရန်ကုန်ကို ဘာလုပ်ဖို့သွားရမှာလဲ၊ သွားဖို့စရိတ်လဲ မရှိပါဘူး၊ သွားလဲ မသွားချင်ပါဘူး"

"နင်ဘာမှမသိဘူး၊ နင်အခု ဇာတာစန်းလင်္ဂတွေ ထလာပြီ၊ နင် သူဌေးဖြစ်ပြီ"ဟု ရွှေနေမောင်ရွှေထွန်းက ပြောလေ၏။

"ကိုရွှေထွန်းရယ်၊ နောက်စရာမရှိ နောက်မနေစမ်းပါနဲ့၊ စိတ်ညစ်ရတဲ့အထဲ"ဟု မြနှင်းနွယ်က ပြန်၍ပြောလေ၏။



www.burmeseclassic.com

www.burmeseclassic.com

"နောက်တာ မဟုတ်ဘူးဟဲ့၊ တကယ်ပြောနေတာ၊ ရန်ကုန် ကြို့ကုန်းက ဘိုအိမ်ကြီးမှာ နင်တို့သားအမိ ပြန်ပြီး နေကြပေတော့၊ ဟောဒီမှာ စာ"ဟုဆိုကာ အောက်ပါစာကို ထုတ်ပြလေ၏။

**တူမကြီးမြနှင်းနွယ်**

တူမကြီးတစေ့ ဦးလေးကို သိမှာမဟုတ်ပါဘူး၊ ဦးလေးနဲ့ တူမကြီးရဲ့ဖခင်ဟာ အလွန်ရင်းနှီးတဲ့ မိတ်ဆွေတွေ ဖြစ်ကြပါတယ်၊ တူမကြီးရဲ့ဖခင်က ဦးလေးထံမှာ တူမကြီး အတိဒုက္ခရောက်ရင် ပေးဖို့ဆိုပြီး ငွေတွေအပ်ခဲ့ပါတယ်၊ ဒါကြောင့် တူမကြီးအပေါင်ဆုံးခဲ့ရတဲ့ ကြို့ကုန်းက ဘိုအိမ်ကြီးကိုလဲ ဦးလေး ပြန်ပြီးရွေးပေးလိုက်ပါပြီ လောလော ဆယ် တူမကြီးသုံးစွဲဖို့လဲ ငွေငါးထောင် ပေးလိုက်ပါတယ်၊ ဘိုအိမ်ကြီးနဲ့ပတ်သတ်တဲ့ စာချုပ်စာတမ်းအားလုံးကိုလဲ ဝတ်လုံတော်ရဦးရွှေထွန်းမှ တဆင့် တူမကြီးဆီ ပေးပို့ လိုက်ပါတယ်၊

ဦးဖုညာ

မြနှင်းနွယ်သည် ထိုစာကိုဖတ်ယင်း လက်များ တဆတ်ဆတ် တုန်၍လာလေ၏၊ ဝမ်းသာလွန်း၍ မျက်ရည်များပင် ကျလာလေ၏

"နွယ့် သားလေး မဆင်းရဲတော့ဘူး"ဟုလည်း တတွတ်တွတ် ပြောဆိုနေလေ၏၊ ထိုအချိန်၌ အကြောင်းများမသန်ရှာသော မြနှင်းနွယ်၏ သားကလေးသည် တုတ်တလေးကိုထောက်၍ မြနှင်းနွယ်အနီး ချဉ်းကပ် လျှောက်လာပြီးလျှင် . . .

"မေမေ၊ ဘာဖြစ်လို့ ငိုနေတာလဲ"ဟု မေးရှာလေ၏။





"ဝမ်းသာလို့ သားရေ့ ဝမ်းသာလို့၊ ငါ့သားလေး ချမ်းချမ်းသာသာ နေရတော့မယ်"ဟု မြနှင်းနွယ်က ပြောလိုက်ရာ ကလေးငယ်က. . .

"ဖေဖေကြီး ပြန်လာလို့လား"ဟု မေးလေ၏။ ကလေးငယ် မေးသော ဖေဖေကြီးဆိုသူမှာ ဓားပြများသတ်၍ သေရှာပြီဖြစ်သော လူရိုးလူအေးကြီး မင်းမောင်ဖြစ်ပေသည်။ မြနှင်းနွယ်သည် ရှိုက်၍ ရှိုက်၍ ငိုနေလေ၏။ ဝတ်လုံတော်ရ မောင်ရွှေထွန်းသည် မြနှင်းနွယ် အား အမျိုးမျိုးအဖုံဖုံ ချော့မော့နေလေ၏။

ထို့နောက်တွင်ကား မြနှင်းနွယ်တို့သားအမိသည် ဝတ်လုံတော်ရ မောင်ရွှေထွန်းနှင့်အတူ ရန်ကုန်မြို့ရှိ ဘိုအိမ်ကြီးဆီသို့ ရောက်ခဲ့ကြ လေတော့၏။ ဘိုအိမ်ကြီးမှာ ဆေးများ ပြန်၍သုတ်ထားခြင်း၊ မြက်များ ရှင်းထားခြင်း၊ ပျက်စီးယိုယွင်းနေသည်များကို ပြန်လည်ပြုပြင် ထားခြင်းကြောင့် အသစ်နှင့်မခြား တွေ့ရလေတော့၏။

ကလေးမှာ ကျယ်ဝန်းသောအိမ်ကြီးအတွင်း၌ ပျော်ရွှင်ဝမ်းမြောက်စွာဖြင့် သူ၏တုတ်တလေးကို ထောက်၍ ဟိုမှသည်မှ လျှောက်၍ နေလေ၏။ မြနှင်းနွယ်မှာလည်း အိမ်ကြီးအတွင်း ဟိုမှ သည်မှ သွားရောက်၍ ကြည့်ရှုလေ၏။

"နွယ်တို့သားအမိနှစ်ယောက်တည်း အိမ်ကြီးတစ်လုံးနဲ့ဆိုတော့" ဟု မြနှင်းနွယ်ကပြောလျှင် ဝတ်လုံတော်ရမောင်ရွှေထွန်းက . . .

"မဟုတ်ဘူးဗျ မဟုတ်ဘူး၊ နွယ့်အဖေရဲ့မိတ်ဆွေကြီး ဦးပုညဆိုတဲ့ အဘိုးကြီးက ဒါတွေကို ကြိုပြီးတွက်ထားပြီးသား၊ နွယ်တို့နဲ့ အရင်နေတဲ့ စိန်ကြည်ဆိုတဲ့ ကောင်မလေးကို ရှာပြီးထားပေရမယ် ဆိုလို့ ငါလဲ စုံစမ်းပြီး ရှာလိုက်ရတာ၊ တွေ့ပြီ တမာရွာက်မှာ ကြာဝန်းဆိုင် ရောင်းနေတယ်"ဟု ပြောလျှင် မြနှင်းနွယ်က . . .



www.burmeseclassic.com

www.burmeseclassic.com

"စိန်ကြည်မှာ ယောကျ်ားရှိတယ် မဟုတ်လား၊ သူ့ယောကျ်ား ရော"ဟု မေးလေ၏။

"အေး၊ သူ့ယောကျ်ား မရှိတော့ဘူး၊ သေပြီ။ စိန်ကြည်မှာ ကလေးလဲ မရှိဘူး၊ ငါခေါ်ထားတယ်၊ သူ တော်တော်ကြာ ရောက် လိမ့်မယ်"

"ဝမ်းသာလိုက်တာဟယ်"ဟု မြနှင်းနွယ်က ပြောလျှင် ဝတ်လုံ တော်ရ မောင်ရွှေထွန်းက . . .

"ဒီထက် ဝမ်းသာစရာ ရှိသေးတယ်၊ သဘက်ခါလောက်ဆိုယင် အန်တီသောင်းပါ ပြန်ရောက်လာလိမ့်မယ်"

"ဟင် သောင်းသောင်း ဟုတ်လား၊ အသောင်းက ဘယ်က ပြန်ရောက်မှာလဲ"ဟု မြနှင်းနွယ်ကမေး၍ မျက်ရည်များကျလာ လေ၏။

"အောင်မယ်လေး၊ မပြောပါနဲ့တော့ နွယ်ရေ၊ စရိတ်ကို တစ်ထောင် လောက်ကုန်တယ်၊ ရေနံချောင်းသဘော်ာဆိပ်နားမှာ ကွမ်းယာ ရောင်းနေတာဟေ့၊ ဒူလာမြားဆိုတဲ့ ကုလားကလဲ သူ့ဆီကငွေတွေ လိမ်ပြီး အန်တီသောင်းကို တစ်ပတ်ရိုက်ပြီး လစ်သွားပြီ၊ အန်တီ သောင်းက နင့်ကိုလန့်ပြီး အိမ်မပြန်ရဲတာ၊ အခု ငါသွားခေါ်တာ တောင် သူက ပြောလိုက်သေးတယ်၊ ငါ့တူမလေး မိနွယ်ကို ဒုက္ခ ရောက်နေတုန်း ငါကရက်စက်ပြီး ထွက်သွားခဲ့တာ၊ ငါ့အနေနဲ့ ဘယ် လိုလုပ် မျက်နှာပြဝံ့မှာလဲလို့ လုပ်နေသေးတယ်၊ ငါက အနွယ်က ဘယ်လိုမှ သဘောမထားပါဘူး၊ ဘာညာနဲ့ ချော့ပြီး ခေါ်ခဲ့တာ ကွမ်းယာဆိုင်ကို ပြန်ရောင်းနေလို့ ကြာနေတာပါ၊ နို့မို့ယင် မနေ့ ကတည်းက အန်တီသောင်းရောက်ရမှာ"ဟု မောင်ရွှေထွန်းက ပြောလျှင် . . .





"ဘယ်လိုတွေ ဖြစ်နေတာလဲ၊ အိပ်မက် မက်နေတာလား ကိုရွှေ ထွန်းရယ်"ဟု မြနှင်းနွယ်က သနားစဖွယ် မျက်နှာနှင့်မေးလေ၏။

"အေး၊ ပြောရဦးမယ်၊ နက်ဖြန်ကစပြီး နင့်ပွဲရုံကို နင်အလုပ်ဝင် ရမယ်၊ ပွဲရုံလဲ ပြန်ဝယ်ပြီးပြီ"ဟု ဆိုကာ စာချုပ်တစ်စောင်ကို ထုတ်၍ ပေးပြန်၏။ ထိုစာချုပ်နှင့်အတူ စာတစ်စောင်လည်း ပါပြန်လေ၏။ စာမှာ အောက်ပါအတိုင်း ဖြစ်ပေသည်။

**တူမကြီးမြနှင်းနွယ်**

အိမ်ကိုအပ်ပြီးတဲ့နောက် ပွဲရုံတိုပါ အပ်ဖို့ ဝတ်လုံ တော်ရ ဦးထွန်းရွှေကို ဦးလေးမှာထားပါတယ်၊ တူမကြီး ငယ်ငယ်ကတည်းက ပွဲရုံလုပ်ငန်းကို လုပ်လာတာဆိုတော့ ဦးလေးအနေနဲ့ အဲဒီလုပ်ငန်းကို ပြန်ပြီး လုပ်စေချင်ပါတယ်၊

**ဦးပုည**

မြနှင်းနွယ်သည် အထက်ပါစာကို ဖတ်ပြီးနောက် . . .

"ကိုရွှေထွန်းရယ် အဲဒီ ဦးပုညဆိုတဲ့ ဦးလေးကြီးကို နွယ်မြင်ချင် လိုက်တာ၊ သိပ်ပြီး သစ္စာရှိတဲ့လူကြီးပဲနော်၊ နွယ့်ဖေဖေက သူ့ဆီမှာ ငွေတွေ အပ်ခဲ့တယ်ဆိုပေမယ့် သူကမပေးယင် နွယ်ဘာတတ်နိုင်မှာ လဲ၊ အို . . . နွယ်ဖြင့် သိတောင် သိမှာ မဟုတ်ပါဘူး၊ ဒီလို သစ္စာရှိတဲ့ လူတွေလဲ နွယ်တို့နေတဲ့ လောကကြီးမှာ ရှိနေသေးတာကိုး"ဟု မြနှင်းနွယ်က ပြောလေ၏။ ညနေပိုင်းသို့ရောက်လျှင် စိန်ကြည် ရောက်လာလေ၏။ စိန်ကြည်က မြနှင်းနွယ်ကို ကန်တော့၍ သူ့အ ပြစ်များကို ခွင့်လွှတ်ရန် တောင်းပန်ရှာလေ၏။ မြနှင်းနွယ်က . . .

"ခွင့်လွှတ်ပြီးသားပါ စိန်ကြည်ရယ်"ဟု ပြောလျှင် စိန်ကြည် သည် မြနှင်းနွယ်၏ ခြေထောက်ကို ဖက်၍ ငိုလေ၏။



www.burmeseclassic.com

www.burmeseclassic.com

နောက်တစ်နေ့တွင်ကား ဝတ်လုံတော်ရ မောင်ရွှေထွန်းက မိန်းမရှာအသောင်းအား ဘူတာသို့သွားရောက်ကာ ကြိုဆို၍ ဘိုအိမ်ကြီးဆီသို့ ခေါ်လာခဲ့လေ၏။

မိန်းမရှာအသောင်းသည် မြနှင်းနွယ်ကိုတွေ့လျှင် ဖက်၍ငိုယင်း "တူမကြီးရယ်၊ သောင်းသောင်းကို ခွင့်လွှတ်ပါ"ဟု ပြောလေ၏။ မြနှင်းနွယ်ကလည်း ငိုကြွေးလေ၏။

ထို့နောက်တွင်ကား မြနှင်းနွယ်တို့နေထိုင်ရာ ဘိုအိမ်ကြီးသည် ယခင်နှစ်ပေါင်း များစွာကကဲ့သို့ ပုံမှန်အတိုင်း ပြန်၍ဖြစ်သွားခဲ့လေ၏။ နံနက်မိုးလင်းသည့်အခါ၌ မြနှင်းနွယ်သည် ပွဲရုံသို့သွားလေ၏။ စိန်ကြည်က ထမင်းချက်လေ၏။ မိန်းမရှာအသောင်းက . . .

"ဟဲ့ စိန်ကြည်၊ ဟင်းကျက်ယင် အဝတ်တွေလျှော်၊ အဝတ်တွေလျှော်ပြီးယင် ကြမ်းတွေတိုက်၊ ကြမ်းတိုက်ပြီးယင် ကလေးကို ထမင်းကျွေး၊ ကလေး ထမင်းကျွေးပြီးယင် မွေ့ယာတွေလှန်း"စသည်ဖြင့် ဆေးပေါ့လိပ်ကြီး တငေါ့ငေါ့နှင့် ညွှန်ကြားပေးနေလေတော့သတည်း။





## ရွှေဂေါင်း အငြိုးအပိုင် ခံရိုးထွက်ခြင်း

တစ်နေ့သ၌ တနင်္သာရီမြို့ကလေးတွင် ဂေါ်ရာစစ်တပ်တစ်တပ်သည် လူဖမ်းပွဲကြီးတစ်ခု ပြုလုပ်နေလေ၏။ မြို့ကို စစ်တပ်က လေးဘက်လေးတန်မှ ဝိုင်း၍ထားလေ၏။ အင်းစိန် စီအိုင်ဒီမှ စုံထောက်များလည်း ဂေါ်ရာစစ်တပ်နှင့်အတူ ရောက်ရှိနေကြလေ၏။

ပင်လယ်ဓားပြဗိုလ်ကြီး ရွှေဂေါင်းဆိုသူ ရုပ်ဖျက်၍ ရောက်ရှိနေကြောင်း သတင်းရရှိသဖြင့် လာရောက်၍ ဝိုင်းကြခြင်းဖြစ်၏။ နာရီအတော်ကြာ ဝိုင်းထား၍ရှာဖွေခဲ့ရာ နောက်ဆုံးတွင် ပခုံးသို့တိုင်အောင် ရှည်လျားသည့် ဆံပင်နှင့် မုတ်ဆိတ်မွေး ပါးသိုင်းမွေးများ ထူထပ်သည့် တံငါသည်ကြီးတစ်ဦးအား ဖမ်းဆီးလိုက်ကြလေ၏။

ထို တံငါသည်ကြီးအား စုံထောက်တစ်ဦးက ဓါတ်ပုံနှင့် တိုက်ဆိုင်ကြည့်ရှုပြီးလျှင် . . .

"ဗိုလ်ရွှေဂေါင်း ဒီတစ်ခါတော့ မလွတ်နိုင်တော့ပါဘူးဗျာ"ဟု ပြောလိုက်လေ၏။

"မလွတ်တော့လဲ သေလိုက်ရုံ ရှိတာပေါ့ စုံထောက်ကြီးရယ်"ဟု တံငါသည် ဟန်ဆောင်လာသည့် ရွှေဂေါင်းက ပြောလေ၏။

စုံထောက်များသည် ရွှေဂေါင်းအား ညှင်းပန်းနှိပ်စက်ခြင်း မပြုကြပေ။ လူကြီးလူကောင်းတစ်ဦး၏ အခွင့်အရေးများကို အပြည့်အဝပေး၍ ခေါ်ဆောင်ခဲ့ကြပေတော့၏။



www.burmeseclassic.com

www.burmeseclassic.com



နောက်ရက်များတွင်ကား သတင်းစာများ၌ ဆံပင်ရှည်ရှည်၊ မုတ်ဆိတ်မွေး ပါးသိုင်းမွေး ဗလပြစ်နှင့် ကြောက်မက်ဖွယ်ရာ ပင်လယ်ဓားပြဗိုလ်ကြီး ရွှေဂေါင်းအား ဖမ်းဆီးရမိခြင်း ဟူသော ခေါင်းစဉ်အောက်တွင် ရွှေဂေါင်း၏ဆိုးသွမ်းပုံများကို ဗာရာဏသီ ဖွဲ့၍ ရေးသားဖော်ပြထားသည်ကို ဖတ်ရှုကြရမည် ဖြစ်ပေ၏။

---

ရွှေဂေါင်းအား ရုံးတင်၍ အမှုစစ်ဆေးပြီးနောက် အင်းစိန် ကြိုးတိုက်သို့ ပို့လိုက်ပြီးဖြစ်ပေသည်။ ရွှေဂေါင်း၏ အစွမ်းကုန် ဆိုးသွမ်းခဲ့သော အရည်အချင်းကို အသိအမှတ်ပြုသောအားဖြင့် အကျဉ်းထောင် အာဏာပိုင်များက အခြားသော ကြိုးတိုက်ဝင် ကြိုးသမားများကဲ့သို့ ကတုံးရိတ်ခြင်း၊ ထောင်အဝတ်အစား ဝတ်ခိုင်း ခြင်း စသည်တို့ကို မပြုလုပ်ခဲ့ကြပေ။

ဆံပင်ကိုလည်း ကြည့်ပျော်ရှုပျော်မျှ ညှပ်ရန်နှင့် မုတ်ဆိတ်နှင့် ပါးသိုင်းမွေးများကိုလည်း ရိတ်ပစ်ရန်ကိုသာ ထောင်ပိုင်ကမေတ္တာ ရပ်ခံသဖြင့် ရွှေဂေါင်းက မုတ်ဆိတ်မွေး ပါးသိုင်းမွေးများကို အရိတ် ခံ၏။ ဆံပင်လည်း အညှပ်ခံလေ၏။ ထို့နောက် အဖြူရောင် ဥရောပ ဝတ်စုံကိုပင် ဝတ်ဆင်၍ ကြိုးတိုက်တွင်း၌ သားနားသန့်ပြန့်စွာ နေလေ၏။

ထောင်မှူး ထောင်ပိုင်များကလည်း ရွှေဂေါင်းအလိုရှိသောအရာ များကို ဆောင်ရွက်ပေးကြလေ၏။ ရွှေဂေါင်းက ကုလားအုပ်တံဆိပ် စီးကရက်သောက်ချင်သည်ဆိုလျှင်လည်းကောင်း၊ ဗျားအုံတံဆိပ်





အရက်သောက်ချင်သည်ဆိုလျှင်လည်းကောင်း၊ ထောင်မှူးထောင် ပိုင်များက ဝယ်၍ပင်ပေးကြလေ၏။

တစ်နေ့သ၌ ရွှေဂေါင်းအား မြန်မာပီပီသသ ဝတ်စားထားသော လူကြီးတစ်ယောက်က ထောင်ဝင်စာ လာ၍တွေ့လေ၏။

"ဟော့. . . ရွှေဂေါင်း ထောင်ထဲကျမှ ပိုပြီးလှနေပါလား"ဟု ထို လူကြီးက စတင်၍ နှုတ်ဆက်လေ၏။

"သေပန်းပွင့်တာနဲ့ တူပါရဲ့အာစရိရယ်၊ ဒါနဲ့ နေပါဦး၊ မမနွယ် တို့ကို ပေးဖို့ခိုင်းတာတွေ ပေးပြီးပြီလား ကိုပုံ"ဟု ရွှေဂေါင်းက မေး လေ၏။

"ပေးပြီးပြီကွ၊ ပေးတာမှ ရိုးရိုးမဟုတ်ဘူး၊ ဟိုးအရင်က အခြေ အနေအတိုင်း ပြန်ပြီးရောက်အောင် သူ့အိမ်မှာခိုင်းတဲ့ ကောင်မလေး ကအစ အကုန်လုံး ပြန်ရှာပြီးထားပေးလိုက်တာ၊ ပွဲရုံလဲ ပြန်ဝယ်ပေး ခဲ့ပြီးပြီ၊ အေး နောက်ထပ်ပေးဖို့ ကျန်တာတွေ ရှိသေးတယ်၊ ဒါတွေလဲ မကြာခင်မှာပဲ ပေးလိုက်မှာပါ၊ တစ်ခုပြောချင်တာကတော့ မင်းမရှိ တော့တဲ့ နောက်ပိုင်းမှာ ဒီပစ္စည်းတွေကို ပေးတဲ့လူဟာ ပင်လယ် ဓားပြဗိုလ်ကြီး ရွှေဂေါင်းခေါ် ပက်ထရစ်ဖြစ်ကြောင်းတော့ မြနှင်း နွယ်ကို ပြောပြချင်တယ်"ဟု ကိုပုညကပြောလျှင် ရွှေဂေါင်းက. . .

"ဘာဖြစ်လို့ မမနွယ်ကို နှိပ်စက်တော့မှာလဲ ကိုပုံရယ်၊ သူ့ခမျာ သနားစရာပါ၊ ကျုပ်ဟာ သူထင်သလို သူ့အပေါ်မှာ မရက်စက်ခဲ့ပဲနဲ့ သူနဲ့ကွဲခဲ့ရပြီး လူဆိုးကြီး ဖြစ်သွားရရှာတာကို သိသွားယင် မမနွယ် ဟာ ရင်ကွဲနာကျသွားတော့မှာပေါ့ဗျာ"ဟု ပြန်၍ပြောလေ၏။

"ဒါကတော့ မပြောပါဘူးလို့ ကတိမပေးနိုင်ဘူး ရွှေဂေါင်း"

"ဒါကတော့ ခင်ဗျားသဘောပဲ၊ ဟိုမှာ ကျုပ်ကိုဖမ်းခဲ့တဲ့ စုံထောက် .



www.burmeseclassic.com

www.burmeseclassic.com

လဲ နှုတ်ဆက်ဖို့လာနေပြီ၊ ပြောစရာရှိတာတွေ မြန်မြန်ပြောပေတော့” ဟု ရွှေဂေါင်းက ပြောလေ၏။

“မင်းက ဘယ်နေ့မှာ သေရမှာလဲကွ”ဟု ကိုပုညက မေးလေ၏။

“မနက်ဖြန်မနက် ငါးနာရီမှာလေ”

“မဟုတ်ပါဘူးကွာ၊ နောက်ထပ် တစ်လလောက်များ နေရရင် မင်းကို ပညာကလေးတစ်ခု သင်ပေးလိုက်ချင်လို့ပါ”ဟု ကိုပုညက ပြောလေ၏။

“သေပဲ သေတော့မှာ ဘာပညာများ သင်ပေးချင်တာလဲဗျာ”

“ကောင်းမွန်စွာသေနည်းကလေး သင်ပေးလိုက်ချင်လို့ပါကွ”

“ဟား . . . ဟား . . . ဟား . . . အာစရိကတော့ ရယ်ဖို့ တော်တော်ကောင်းတယ်၊ ကျုပ်ကို လူလိမ်ဖြစ်အောင်လဲ သင်ပေးခဲ့ပြီးပြီ လောကကြီးကို အရွဲ့တိုက်မှဆိုလို့ အရွဲ့တိုက်လိုက်တာ ကြိုးစင်တိုင် ရောက်နေပြီ၊ ဘာမှ ထပ်ပြီး သင်မနေပါနဲ့တော့ဗျာ”ဟု ရွှေဂေါင်းက ပြောလေ၏။

BURMESE CLASSIC .com

“အေး . . . သေခါနီးပြီဖြစ်တဲ့ မင်းကိုတော့ အမှန်အတိုင်း ဖွင့်ပြောရတော့မှာပေါ့ကွာ၊ အမှန်က မင်းအခုလိုဖြစ်အောင် လုပ်ခဲ့ တာ ငါပါကွာ၊ ငါ့ရဲ့ရည်ရွယ်ချက်ကတော့ မင်းကို လူလိမ်ပုဒ်မနဲ့ မျက်နှာဖြူအစိုးရက ထောင်ချလိုက်တာကို ငါကိုယ်တိုင် မြင်ချင် လို့ပဲဟေ့”ဟု ကိုပုညက ပြောလိုက်ရာ ရွှေဂေါင်းက မျက်လုံးပြူး၍ သွားလေ၏။

“ဘယ်လိုကြောင့်လဲ ဆရာသမားရယ်၊ ကျုပ်နဲ့ ခင်ဗျားနဲ့ ရန်ငြိုး ရန်စလဲ မရှိဘဲနဲ့ ဘယ်လိုကြောင့် ကျုပ် ဒုက္ခဖြစ်တာကို မြင်ချင် ရတာလဲ”ဟု ရွှေဂေါင်းက ပြန်၍ မေးလေ၏။





“ဒီလိုကွ တစ်ခါက အမှုတစ်မှုနဲ့ ရုံးကို ရောက်ခဲ့ဖူးတယ်၊ အဲဒီ တုန်းက ငါဟာ လူရိုးလူကောင်းပဲ၊ လိမ်တဲ့လူက လူဂုဏ်တန်ကွ၊ အလိမ်ခံရတဲ့ငါက လူမွဲဆိုပါတော့ကွာ၊ ငါက ဘာမှ မသိပါဘူး၊ လူဂုဏ်တန်က လူမွဲကို လိမ်လိုက်ပါရော၊ ရုံးရောက်တော့ ငါ့ကို လိမ်မှုနဲ့ တရားစွဲတယ်၊ ငါက မလိမ်ကြောင်း၊ အမှန်တကယ် လိမ်လည်သူမှာ သူဖြစ်ကြောင်း လူဂုဏ်တန်ကို လက်ညှိုးထိုးပြတယ်၊ ဒါပေမယ့် မျက်နှာဖြူတရားသူကြီးက ငါ့ရဲ့စကားကို အယုံအကြည် မရှိဘူးကွ၊ “တိတ်” မပြောနဲ့ လူလိမ်၊ ထောင်ငါးနှစ် ကျခံစေ”လို့ တစ်ချက်လွှတ်အမိန့် ချလိုက်တယ်၊ အဲဒီကတည်းက ငါဟာ မျက်နှာဖြူ တရားသူကြီးကို ငြိုးထားခဲ့တယ်၊ ဒင်းရဲ့ သားသမီးကို လူလိမ် ဖြစ်အောင် လုပ်ပစ်မယ်လို့ ဆုံးဖြတ်ခဲ့တယ်၊ ထောင်ကထွက်တဲ့အခါ မှာ ငါကိုယ်တိုင်လဲ လူလိမ်တစ်ယောက်ဖြစ်အောင် ကြိုးစားခဲ့ရတယ်၊ အဲဒီ မျက်နှာဖြူတရားသူကြီးဟာ မင်းရဲ့အဖေ မစ္စတာဖော်စတာ ပဲကွ”ဟု ကိုပုညက ပြောပြလျှင် ရွှေဂေါင်းက . . .

“တော်တော်ရက်စက်တဲ့ အာစရိပဲ”ဟုသာ မြူး၍ ပြန်ပြောလေ၏။ စိတ်ဆိုးသော အမူအရာကို မတွေ့ရပေ။ စုံထောက်လည်း အနီးသို့ ရောက်လာပြီးလျှင် . . .

“ဗိုလ်ရွှေဂေါင်း မနက်ဖြန် ခရီးထွက်မယ်ဆိုတာသိလို့ လာပြီး နှုတ်ဆက်တာပဲ၊ ကျုပ်ကို ခွင့်လွှတ်ပါဗျ”ဟု ပြောလေ၏။

စုံထောက်သည် အင်္ကျီအိတ်အတွင်းမှ ခေါင်ပုံကိုထုတ်၍ ရွှေဂေါင်းအား ပြလေ၏။

“ပင်လယ်ပြင်နောက်ခံနဲ့ ကျုပ်ရိုက်ပေးခဲ့တဲ့ ဓာတ်ပုံပဲ ဗိုလ် ရွှေဂေါင်း၊ ခင်ဗျားဖျက်ဆီးပစ်ခဲ့တဲ့ဖလင်ဟာ ဘာမှမရိုက်ရသေးတဲ့



www.burmeseclassic.com

www.burmeseclassic.com

ဖလင်ဗျ၊ ကျုပ်ဆီမှာက ခင်ဗျားရဲ့ပုံပါတဲ့ဖလင်က ကျန်ခဲ့တယ်၊ ဖြစ်နိုင်ရင် ခင်ဗျားရင်ဘတ်မှာထိုးထားတဲ့ စာတွေရဲ့အဓိပ္ပာယ်ကို ရှင်းပြပါလားဗျာ"ဟု စုံထောက်ကပြောလျှင် ရွှေဂေါင်းက ...

"ဟောဒီ ကျုပ်ဆရာကြီးကို ရှင်းပြခိုင်းပါဗျ၊ သူက ပြောပြပါလိမ့်မယ်"ဟု ကိုပုညကို ညွှန်ပြ၍ ပြောလိုက်လေ၏။ ထိုအခါ၌ စုံထောက်က ကိုပုညဘက်သို့လှည့်ကာ "ပြောပြပါ မိတ်ဆွေကြီး"ဟု ဆိုလေ၏။

"ပြောပြပါ့မယ်၊ ဒါပေမယ့် ပြောပြခအဖြစ် ကျုပ်ကိုတော့ ရွှေဂေါင်းဓာတ်ပုံ ပေးရမယ်"ဟု ကိုပုညက ပြောလေ၏။

"ရပါတယ်ဗျ၊ စီအိုင်ဒီမှာ အကြီးချဲ့ထားတဲ့ဓာတ်ပုံကြီးကို ပေးမှာပေါ့"ဟု စုံထောက်က ကတိပေးလိုက်လေ၏။

များမကြာမီ၌ ရွှေဂေါင်းသည် ချစ်လှစွာသောမိတ်ဆွေကြီး ကိုပုညနှင့် စုံထောက်အား ...

"အာစရိ သွားပြီ ... စုံထောက်ကြီး သွားပြီ"ဟု အပြီးအပိုင် နှုတ်ဆက်၍ ကြိုးတိုက်ဆီသို့ ထွက်ခွာသွားလေတော့၏။



## အိမ်ဝယ်ရန်လာသော မိန်းကလေးတစ်ဦး

နောက် တစ်နေ့တွင်ကား ကြို့ကုန်း ဘိုအိမ်ကြီး အတွင်း၌ မြနှင်းနွယ်နှင့် ဝတ်လုံတော်ရ မောင်ရွှေထွန်းတို့သည် စကားပြောလျက် ရှိကြလေ၏။ မိန်းမရှာအသောင်းမှာမူ ဆေးပေါ့လိပ်ကြီး တငေါ့ငေါ့နှင့် အနီး၌ နားထောင်၍နေလေ၏။

"ကိုရွှေထွန်းရယ်၊ အခုဆိုရင် ပွဲရုံကလဲ အတော်ကို အောင်မြင်လာပြီ၊ နွယ်ဖြင့် ကျေးဇူးရှင် ဦးပုညကြီးကို တွေ့ချင်လိုက်တာ၊ ဘယ်မှာသွားပြီး တွေ့ရမလဲ"ဟု မြနှင်းနွယ်က မေးလေ၏။

ထိုအချိန်၌ အိမ်ရှေ့မှာ လူခေါ်ခေါင်းလောင်းက ဂလောင် ဂလောင်ဟု မြည်၍လာလေ၏။ စိန်ကြည်က ခြံဝဆီသို့ ပြေး၍ တံခါးဖွင့်ပေးလေ၏။

"နှင်တို့ခြံက ခေါင်းလောင်းကြီးကလဲ ဟောင်းလှပါပြီဟယ်၊ အသစ် လဲပစ်လိုက်ပါလား"ဟု မောင်ရွှေထွန်းကပြောလျှင် မြနှင်းနွယ်က ...

"အဲဒါတော့ မလဲပါရစေနဲ့ဟယ်၊ အိမ်ကြီးဝယ်ကတည်းက ပါလာတဲ့ပစ္စည်းပဲ"ဟု ပြန်၍ပြောလေ၏။



www.burmeseclassic.com

www.burmeseclassic.com

ခြံတွင်းသို့ လူတစ်ယောက်ဝင်လာသဖြင့် ဝတ်လုံတော်ရ မောင်ရွှေထွန်းသည် လှမ်း၍ကြည့်ပြီးလျှင် . . .

"အန္တယ်၊ နင်က တယ်ပြီး ကံကောင်းတာပဲ၊ နင်တောင့်တလိုက်တာနဲ့ ဟိုမှာလာနေပြီ၊ ဦးပုညဆိုတာ သူပဲ"ဟု ပြောလျှင် မြနှင်းနွယ်သည် ထိုလူကြီးထံသို့ပြေးသွား၍ "လာပါ လာပါ ဦးလေး၊ နွယ်လေ ဦးလေးကို တွေ့ချင်နေတာ"ဟု ပြောလေ၏။

"ရော့ တူမကြီး"ဟုဆိုကာ ကိုပုညက လက်တွင်းမှ စာရွက်လိပ်ကြီးကို မြနှင်းနွယ်အား ပေးလိုက်လေ၏။ မြနှင်းနွယ်က စာရွက်လိပ်ကြီးကို တရိုတသေ လှမ်း၍ယူလိုက်လေ၏။

အိမ်တွင်းသို့ရောက်သည့်အခါ၌ မြနှင်းနွယ်က စာရွက်လိပ်ကြီးကို ဖြန့်၍ကြည့်လိုက်ရာ လောကကြီးကို ပမာမခန့် ပြုံးပြလျက်ရှိသော မိမိယောကျ်ား ပက်ထရစ်ဖြစ်ကြောင်း တွေ့ရလျှင် . . .

"ဟင် ပက်ထရစ်ပါလား၊ ဦးလေး ဘယ်ကယူလာတာလဲ၊ သူ့အခု ဘယ်မှာလဲဟင်"ဟု မြနှင်းနွယ်ကမေးလျှင် မိန်းမရှာအသောင်းက မဲ့ရွဲ့၍ "သူ့ဟာသူ ဘယ်မှာနေနေပေါ့"ဟု ဝင်၍ပြောလေ၏။

"ဒီမနက် ငါးနာရီမှာ သူ့ကို ကြိုးပေးပြီး သတ်လိုက်ပြီ"ဟု ကိုပုညက ပြောလိုက်လျှင် မြနှင်းနွယ်မှာ "ဟင် ...သူသေပြီ"ဟုဆိုကာ ငိုလေတော့၏။

"ဘယ်လိုအဖြစ်မျိုးနဲ့များ ကြိုးပေးပြီး သတ်ပစ်လိုက်တာလဲ ဦးလေးရယ်"ဟုလည်း မြနှင်းနွယ်က ငိုရင်း မေးလေ၏။





ထိုအခါ၌ ကိုပုညက ရွှေဂေါင်း၏သတင်းပါသော သတင်းစာဟောင်းများကို ထုတ်၍ပြပြီးလျှင် . . .

"ပင်လယ်ဓားပြကြီး ဗိုလ်ရွှေဂေါင်းအဖြစ်နဲ့ ကြိုးပေးခံရတာပဲ၊ ကျုပ်နေနဲ့ပြောချင်တာကတော့ ရွှေဂေါင်း အဲ. . . အဲ ပက်ထရစ်ဟာ ခင်မမနဲ့ ရှုပ်ရှုပ်ရှက်ရှက် ဖြစ်ခဲ့တယ်ဆိုတာ မဟုတ်ပါဘူး၊ ခင်မမနဲ့ သူ့ဌေးသားမောင်မောင်ဦးတို့ရဲ့ ဆင်ထားတဲ့အကွက်တွေပါ၊ အဲဒီနှစ်ယောက်ကိုလဲ ပက်ထရစ်က လက်စတုံးပစ်လိုက်ပါပြီ၊ အဲဒါကိုတော့ ကျုပ်တူမကြီး မြနှင်းနွယ်က ပက်ထရစ်အပေါ်မှာ သံသယရှင်းစမ်းပါ"ဟု ပြောလေ၏။

"နွယ့်အပေါ်မှာ ပက်ထရစ်က သံသယမရှင်းပဲနဲ့ အသက် ဆုံးရှုံးသွားပြီပေါ့"ဟု မြနှင်းနွယ်က ပြောလိုက်ရာ ကိုပုညက . . .

"မဟုတ်ပါဘူး၊ အဖြစ်မှန်တွေအားလုံး သိသွားပါပြီ၊ တူမကြီးအပေါ်မှာလဲ သံသယရှင်းသွားပြီ၊ ဒါကြောင့်လဲ သူက တူမကြီးတို့သားအမိအတွက် နေရေးထိုင်ရေး စီးပွားရေးကအစ စီစဉ်ပေးခဲ့တာပေါ့၊ ဟောဒီမှာ ပတ္တမြားတစ်ဆင်စာနဲ့ စိန်တစ်ဆင်စာ"ဟုဆိုကာ ထုတ်ပေးလေ၏။

"ဟင် . . . နွယ်တို့ အခုလို အခြေအနေဖြစ်အောင် လုပ်ပေးတာ ပက်ထရစ်ပေါ့နော်"ဟု မြနှင်းနွယ်က မေးလေ၏။

"ပက်ထရစ် . . . ပက်ထရစ်ရဲ့ စေတနာ မေတ္တာတွေပေါ့ တူမကြီးရယ်"ဟု ကိုပုညကပြောလိုက်လျှင် မိန်းမရှာအသောင်း၏ ပါးစပ်တွင်ခဲ၍ထားသော ဆေးပေါ့လိပ်ကြီးသည် ဘုတ်ကနဲ အောက်သို့

www.burmeseclassic.com

www.burmeseclassic.com

လွှတ်ကျ၍ ၎င်းပါးစပ်မှ "ဟောတော့"ဟု ယောင်ရမ်း မြည်တမ်းလိုက်လေတော့၏။

"ကဲ . . . ကဲ၊ တူမကြီးရေ ပက်ထရစ်ရဲ့အလောင်းကို ဒီနေ့ နေ့လယ်မှာ ထောင်က ထုတ်ပေးလိမ့်မယ်၊ သင်္ဂြိုဟ်ဖို့ စီမံကြဦးစို့ရဲ့" ဟု ကိုပုညကပြောလျှင် မြနှင်းနွယ်က "သူ့ရဲ့အလောင်း ရမယ် ဟုတ်လား"ဟုဆိုကာ နေရာမှာ ဝုန်းကနဲထ၍ အင်းစိန်ထောင်သို့ သွားရန် အိမ်မှထွက်လေတော့၏။

အင်းစိန်ထောင်မှာ အလောင်းကို ထုတ်ပေးခဲ့လေ၏။ မြနှင်းနွယ်သည် ပက်ထရစ်၏အလောင်းကိုဖက်၍ "ပက်ထရစ်ရယ်၊ မမနွယ်ကို တစ်သက်လုံး ယူကြုံးမရဖြစ်အောင် လုပ်ခဲ့တာလား"ဟု ပြောဆို၍ ငိုကြွေးလေတော့၏။

ပက်ထရစ်၏အလောင်းကို အင်းစိန် ပေါက်တောသုဿန်၌ပင် ဂူသွင်း၍ သင်္ဂြိုဟ်ခဲ့လေ၏။ ၎င်း၏အုတ်ဂူ၌ကား 'ပက်ထရစ် ရွှေဂေါင်း' ဟု ကဗျည်းထိုး၍ ထားလိုက်လေတော့၏။

အထက်ပါအဖြစ်အပျက်များ ဖြစ်ပွားခဲ့ပြီး နှစ်အတော်အတန် ကြာသောအခါ၌ ဒေါ်မြနှင်းနွယ်သည် ခြံတွင်း သရက်ပင်အောက်ရှိ ဒေါ်မာဂရက်ကြီးထိုင်ခဲ့သောနေရာ၌ ထိုင်လျက် ဇိနတ္ထပကာသနီ စာအုပ်ကို ဖတ်၍နေလေ၏။





ထိုစဉ် ခြံဝမှ လူခေါ်ခေါင်းလောင်းသံကလေး မြည်၍လာပြီးနောက် ဖြူဖြူသွယ်သွယ် မိန်းကလေးတစ်ဦးက . . .

"ကျွန်မနာမည် မြနှင်းရည်လို့ ခေါ်ပါတယ်၊ ဝင်ခွင့်ပြုပါ ဒေါ်ဒေါ်"ဟု ခွင့်တောင်းသံကို ကြားရလေ၏။ စိန်ကြည်က ထွက်လာပြီး ခြံတံခါးဖွင့်ပေးလေ၏။

မိန်းကလေးက မြနှင်းနွယ်၏အနီးသို့ ဝင်၍လာလေ၏။

"ထိုင်ပါကွယ်"ဟုဆိုကာ ဒေါ်မြနှင်းနွယ်က ကြိမ်ကုလားထိုင်ကလေး ထိုးပေးလိုက်လေ၏။ မိန်းကလေးက ကျုံ့ကျုံ့ယုံ့ယုံ့ကလေး ဝင်၍ ထိုင်လိုက်၏။

"ဆိုစမ်းပါကွယ်"ဟု ဒေါ်မြနှင်းနွယ်က မေးလိုက်လေ၏။

"စိတ်တော့ မဆိုးပါနဲ့ ဒေါ်ဒေါ်ရယ်၊ ဒီ ဘိုအိမ်ကြီးကို ရောင်းမယ်လို့ သတင်းကြားလို့ 'ရည်' လာခဲ့တာပါ"ဟု မိန်းကလေးက ပြောလေ၏။

ဒေါ်မြနှင်းနွယ်သည် နှစ်ပေါင်းများစွာက မိမိကိုယ်တိုင် ယခုကဲ့သို့ အိမ်ဝယ်ရန် ဒေါ်မာဂရက်ကြီးထံသို့ ရောက်ရှိခဲ့ပုံကို တွေးမိ၍ မျက်ရည်များစို့၍ လာလေ၏။ ယခုမူ မိမိသည် အိမ်ဝယ်ရန်လာခဲ့သော မိန်ကလေးနေရာတွင် မဟုတ်တော့ပဲ အိမ်ရှင် ဒေါ်မာဂရက်ကြီး၏နေရာတွင် ရောက်ရှိနေပေပြီ။

"မဟုတ်ပါဘူးကွယ်၊ ဒေါ်ဒေါ်တို့ မရောင်းသေးပါဘူး၊ သမီးမှာ နေစရာ အခက်အခဲများရှိလို့ . . . စိတ်တော့ မဆိုးပါနဲ့နော်၊ ဒေါ်ဒေါ်က ရိုးရိုးမေးတာပါ၊ နေစရာ အခက်အခဲရှိရင် အိမ်လဲ


www.burmeseclassic.com

www.burmeseclassic.com

မဝယ်ပါနဲ့၊ အိမ်လခလဲ မပေးပါနဲ့၊ လာပြီး နေလှည့်ပါ၊ ဒေါ်ဒေါ်လေ မင်းကို တွေ့ကတည်းက သမီးလေးလိုပဲ အောင့်မေ့ပါတယ်”ဟု မြနှင်းနွယ်က ပြောလေ၏။

“ဒီလိုပါ ဒေါ်ဒေါ်၊ ရည့်မှာက မိဘလဲ မရှိတော့ပါဘူး၊ ရည်က ရန်ကုန်မှာ ကျောင်းဆရာမ လုပ်တယ်၊ အခုတော့ ဝိုင်အမ်ဒဗလျူ မှာ နေပါတယ်၊ ရည့်ဖေဖေဆုံးတော့ ရည် အမွေရထားတဲ့ ငွေတွေ ရှိတာနဲ့ ခြံပါတဲ့အိမ်တစ်လုံးဝယ်ဖို့ စိတ်ကူးမိလို့ပါ၊ အဲဒီလို စိတ်ကူး မိတုန်း ဖေဖေ့ရဲ့မိတ်ဆွေ ကုလားရှေ့နေကြီးက ဒီအိမ်ကို ညွှန်ပြ လိုက်လို့ပါ၊ သူကလဲ ပြောပါတယ်၊ ဟိုတုန်းကတော့ ဘာဘူကုလား တစ်ယောက်က ရောင်းမယ်လို့ ပြောဖူးတယ်တဲ့”ဟု မြနှင်းရည် ဆိုသော မိန်းကလေးက ပြောလေ၏။

“အဲဒါက ကြာမှပဲကွယ်၊ သမီး အခုနေရတဲ့နေရာမှာ မနေချင် ရင် လာခဲ့ပါ၊ ဒေါ်ဒေါ်တို့အိမ်မှာက ဒေါ်ဒေါ့်ဦးလေးကလဲ ဆုံးသွား ပြီဆိုတော့ အိမ်အလုပ် ဝိုင်းလုပ်ပေးတဲ့ စိန်ကြည်ဆိုတဲ့ မိန်းမ တစ်ယောက်ရယ်၊ ဒေါ်ဒေါ်ရယ်၊ ဒေါ်ဒေါ့်သားကလေး ‘မင်းနွယ်’ ရယ်ပဲ ရှိတာပါ၊ ဒေါ်ဒေါ့်သားကလေးကလဲ သမီးနဲ့ ရွယ်တူလောက် ပါပဲ”ဟု ဒေါ်မြနှင်းနွယ်က ပြောလိုက်ရာ မိန်းကလေးက . . .

“အို . . . ဒေါ်ဒေါ်ရယ်၊ ရွယ်တူယောကျာ်းလေးရှိတဲ့အိမ်မှာ ရည် နေလို့ ဘယ်ဖြစ်ပါ့မလဲ”ဟုပြောကာ မျက်နှာကလေးတစ်ခုလုံး ရှက်သွေးဖြန်း၍ ပန်းနုရောင် သန်းသွားလေ၏။

ထိုအချိန်၌ ချိုင်းထောက်တုတ်ကို ထောက်၍ ယိုင်တိယိုင်တိုင်





လျှောက်၍လာနေသော လူငယ်ကလေးတစ်ဦးသည် အနီးသို့ ရောက်လာလေ၏။

“သား ထိုင်လေ”ဟု ဒေါ်မြနှင်းနွယ်က ပြောလိုက်လျှင် လူငယ် က ချိုင်းထောက်တုတ်ကို ဘေးသို့ချ၍ ထိုင်ရန်ကြိုးစားရာ မိန်းကလေး ဘက်သို့ လဲကျမည်ကဲ့သို့ ဖြစ်သွားသဖြင့် မိန်းကလေးက . . .

“အမလေး”ဟု ယောင်၍ အောင်လိုက်လေ၏။

ဒေါ်မြနှင်းနွယ်၏ စိတ်အာရုံသည် နှစ်ပေါင်းများစွာဆီသို့ ပြန်၍ ရောက်သွားပြန်၏။

ဒေါ်မာဂရက်ကြီးအိမ်သို့ မိမိရောက်ရှိခဲ့ပုံ၊ ဒေါ်မာဂရက်ကြီး၏ သား ပက်ထရစ်နှင့် မျက်လုံးချင်း ဆုံဆည်းခဲ့ပုံ၊ ပက်ထရစ်၏ ချောမောလှပသော ရုပ်ရည်၊ သွက်လက် လန်းဆန်းသော အမူအရာ တို့ကို ပြန်၍ မြင်ယောင်လာမိလေ၏။

BURMESE CLASSIC .com

“ငါဟာ ဒေါ်မာဂရက်ကြီးရဲ့အိမ်ကို ဝယ်ဖို့ လာခဲ့ရာကစပြီး ဒေါ်မာဂရက်ကြီးရဲ့သားနဲ့ မေတ္တာမျှခဲ့ကြတယ်၊ အခု ငါ့အိမ်ကို ဝယ်ဖို့လာနေတဲ့ မြနှင်းရည်ကလေးဟာ ငါ့သားကလေးကို ဘယ်လို သဘောထားပါ့မလဲ”ဟု ဒေါ်မြနှင်းနွယ်က စဉ်းစားနေမိလေ၏။

“ဒေါ်ဒေါ် ရည် ပြန်တော့မယ်”ဟု မိန်းကလေးက နှုတ်ဆက် မှပင် ဒေါ်မြနှင်းနွယ်သည် ပြန်လည်၍ အသက်ဝင်လာပြီးလျှင် . . .

“ကောင်း . . . ကောင်းပါပြီ သမီးရယ်”ဟု ပြောလိုက်နိုင်ရှာ လေတော့၏။


www.burmeseclassic.com

www.burmeseclassic.com

များမကြာမီအချိန်၌ ကိုပုညတစ်ယောက် လိမ်လည်မှုပေါင်း များစွာနှင့် ထောင်ဒဏ်ကျခံသွားရရှာပြီဖြစ်သော သတင်းကို မြနှင်းနွယ် ဖတ်ရှုရလေတော့၏။

မြနှင်းနွယ်မှာ ကိုပုညနှင့် ခင်မင်နေပြီ ဖြစ်သည့်အလျောက် ကိုပုည၏သတင်းကိုဖတ်ပြီးနောက် စိတ်မကောင်း ဖြစ်ရသေးတော့၏။ နောက်နှစ် အနည်းငယ်အတွင်း၌ကား အကြောသေရောဂါနှင့်ပင် ဒေါ်မြနှင်းနွယ်၏ သားကလေးသည် ကွယ်လွန်သွားရှာလေ၏။ တစ်ခါက ချောချင်တိုင်းချော၍ လှချင်တိုင်းလှခဲ့သည့် မော်လမြိုင်သူ အပျိုချော မြနှင်းနွယ်သည် ဒေါ်မြနှင်းနွယ်အဖြစ်သို့ ရောက်ရှိခဲ့ပြီ ဖြစ်၏။

၄င်း ဒေါ်မြနှင်းနွယ်သည် ညေ့ခန်းရှိ နောက်မီကုလားထိုင်၌ ထိုင်ကာ မျက်နှာချင်းဆိုင်နံရံ၌ ချိတ်ဆွဲထားသည့် လောကကြီးကို ပမာမခန့် ပြုံးပြနေသော ပင်လယ်ဓားပြဗိုလ်ကြီး ပက်ထရစ်ရွှေဂေါင်း၏ ဓာတ်ပုံကြီးကို အချိန်ရှိသရွေ့ ကမ္ဘာ့ဌာန်းရှုသကဲ့သို့ တစိမ့်စိမ့် ကြည့်ရှုနေရရှာလေတော့သတည်း။





BURMESE CLASSIC .com

www.burmeseclassic.com